မန္တလေးမဟာစည်ရတနာပုံသာသနာ့ရိပ်သာ
မဟာနာယက
ဟံလင်းဆရာတော် ၏



# ခေတ်ဒီပိုဝိပဿနာ
# တရားတော်

အမှတ် (၂)



မန္တလေး မဟာစည်
ရတနာပုံ သာသနာ့ရိပ်သာ မဟာနာယက
ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်

၁၄၂၃၆

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်

မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ

ကမ္မဋ္ဌာနာစရိယ မဟာနာယက

ဟံလင်းဆရာတော်

ဟောကြားတော်မူသော

# ခေတ်မှီဝိပဿနာ

## တရားတော် အမှတ်-၂

ဒီဃနိကာယကောဝိဒ အရှင်ကေလာသ

ကြီးကြပ်ပုံနှိပ်သည်။

---

[ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် - ၆၇၁၈]

[ပထမအကြိမ်-၃၀၀၀]

၁၉၇၇-ခု၊ ဇူလိုင်လ

ပန်းချီ

**စံတိုး**

ဘလောက်

**သောင်းလှ**

မျက်နှာဖုံးရိုက်

**ဇွဲစာပုံနှိပ်တိုက် ကာလာလေစက်**

စာအုပ်ချုပ်

**စုစုလှိုင်**

**ပုံနှိပ်သူ + ထုတ်ဝေသူ**

ဦးလာဘ (ကင်းလွတ်ခွင့်အမှတ်-၀၃၈၄) သာသနာ့ရိပ်သာ၊
ဟာမစ်တစ်လမ်း၊ ရွှေဂုံတိုင်၊ ရန်ကုန်မြို့က ထုတ်ဝေ၍
ဦးထွန်းရှိန် (၀၂၁၃၈ မြဲ) ဇွဲစာပုံနှိပ်တိုက်၊ အမှတ်-၁၇၂၊ ၃၃-လမ်း၊
ရန်ကုန်မြို့က ရိုက်နှိပ်သည်။



ဗိမ္ဗိသာရမင်းကြီးက ဗုဒ္ဓမြတ်စွာဘုရားကို ဖောင်ပေါ်တင်လျက်
ပူဇော်ပြီးနောက်

ဝိပဿနာ သာသနာ ရောင်ဝါနေသို့

လင်းစေသော်



သေရည်ခွက်ကိုမော့ရင်း ပျော်မြူးနေသော
သန္တတိအမတ်ကြီးနှင့် ကခြေသည်မကလေးတို့၏ ဇာတ်လမ်း
နိဂုံးတွင်....

အနှစ်တရား ဟောသူများ
ပေါများကြပါစေ၊
အနှစ်တရား နာသူများ
ပေါများကြပါစေ။

---

* ကြိုးစားပါသော်လည်း အနည်းအကျဉ်း အမှားအယွင်း မကင်းသည်ကို ခွင့်လွှတ်ကြပါရန်။



ရာဇဝတ်သားများကို ရက်ရက်စက်စက်သတ်ခဲ့သော
အာဏာသားပါးကွက်သား သူသတ်သမားကြီး၏
နောက်ဆုံးအချိန်၌...



လင်ကိုမြွေပေါက်၊ သားကို စွန်ချီ၊ ဒုက္ခပင်လယ်ဝေခဲ့သော
မယ်ပဋာ၏ ဇာတ်လမ်းပုံပြင်နှင့် တရားသံဝေဂရခဲ့ပုံက....

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **ဘေးရန်ကင်းပြုတ် ရတနာ့သုတ်တရားတော်** | | |
| ကပ်ကြီးသုံးပါး ဆိုက်ပြီ | .... | ၂ |
| ဒုက္ခရောက်မှ ဘုရားတ | .... | ၅ |
| ဘုရားရှင်ကို အစိုးမရသူ | .... | ၈ |
| ပန်းခင်းတဲ့ လမ်း | .... | ၁၁ |
| ဝေသာလီပြည်သို့ ကြွတော်မူခြင်း | .... | ၁၂ |
| ပေါက္ခရဝဿ မိုးကြီး | .... | ၁၅ |
| ပရိတ်ရွတ်သူ ပြည့်စုံရမည့်အင်္ဂါ | .... | ၁၇ |
| ပရိတ်နာသူ ပြည့်စုံရမည့်အင်္ဂါ | .... | ၁၉ |
| ဗလိနတ်စာ ကျွေးတယ်ဆိုတာ | .... | ၂၂ |
| ပရိတ်ရေ၏ အစွမ်း | .... | ၂၇ |
| အထင်လွဲနေကြလို့ | .... | ၃၁ |
| မသိလျှင် ပတ်၊ သိလျှင် ပြတ် | .... | ၃၄ |
| နိရောဓသစ္စာ | .... | ၃၆ |
| မြဲတာ ခိုင်တာ မတွေ့ရ | .... | ၃၇ |
| အရှုခံနဲ့ ရှုဉာဏ် | .... | ၃၈ |
| မြတ်စွာဘုရားကို ပူဇော်ကြပုံ | .... | ၄၀ |
| အကြီးဆုံး ၃-ပွဲ | .... | ၄၁ |
| ပုတ်သင်ညိုတွေလား မေးရမလောက် | .... | ၄၃ |


B

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဗုဒ္ဓ၏ တန်ခိုးတော် | .... | ၄၄ |
| ဒါန တန်ခိုး၊ ဒါန အကျိုး | .... | ၄၅ |
| သုသိမဝတ္ထု | .... | ၄၆ |
| ငါတတ်သမျှ ကုန်ပြီ | .... | ၄၇ |
| ရှင်ပစ္စေက ဗုဒ္ဓါ ဟောတဲ့တရား | .... | ၄၈ |
| သုသိမ ပစ္စေက ဗုဒ္ဓါကလေး | .... | ၅၀ |
| ပုဏ္ဏားကြီး၏ စိုးရိမ်စိတ် | .... | ၅၂ |
| ရင်ဝကို စုံကန်လိုက်သလို | .... | ၅၃ |
| အလောင်းတော်ကြီး၏ သောက | .... | ၅၄ |
| ပုဆိုးဟောင်းနဲ့ ထီးစုတ်အလှူ | — | ၅၅ |
| အကြောင်းနဲ့ အကျိုး | — | ၅၇ |
| ဘုရားတန်ခိုး မဟုတ် | .... | ၆၂ |

—သတိပဋ္ဌာန် တရားတော်

| | | |
|---|---|---|
| ပဓါနီ ယင်္ဂတရား ငါးပါး | .... | ၆၈ |
| ကိုယ့်ကိုယ်ကို အထင်မသေးနဲ့ | .... | ၇၀ |
| တန်ခိုးကြီးချင်တဲ့ ဘုန်းကြီးလို | .... | ၇၃ |
| မာယာသဘော | .... | ၇၄ |
| အလုံရှူးနဲ့ လိမ်တာကတမျိုး | .... | ၇၅ |
| တရား မပျက်ကြနဲ့ | .... | ၇၇ |
| နာမ်နဲ့ ရုပ်သာ ရှိတယ် | .... | ၇၉ |
| တရား သိတာလား၊ မတရားသိတာလား | .... | ၈၀ |
| ငါတို့အသိ ပြောင်းပြီ | .... | ၈၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တိဿသူဌေးသား | .... | ၈၆ |
| ခယ်မ အကြံ | .... | ၈၇ |
| သိပ်ချမ်းသာတယ် | .... | ၈၉ |
| သေခြင်းက နီးကပ်နေပြီ | .... | ၉၁ |
| မနက်လင်းယင် သေမင်းခေါ်မယ် | .... | ၉၃ |
| ဇွဲ လုံ့လ မလျော့နဲ့ | .... | ၉၅ |
| လမ်းဆုံးမရောက် လက်မမြှောက် | .... | ၉၆ |
| ရုပ်နာမ်ကို အယင်ရှာပါ | .... | ၉၇ |
| ရဟန်းတော် သုံးကျိပ် | .... | ၁၀၁ |
| ကျွားစားရင်းနဲ့ မဂ်ဖိုလ်ဆိုက် | .... | ၁၀၄ |
| ခုလို သေခါနီးမှာ | .... | ၁၀၅ |
| လက်နက်ကောင်း ကိုယ်စီ | .... | ၁၀၅ |
| နေတတ်အောင် သေတတ်အောင် | .... | ၁၀၅ |

—ရှုနည်း မှတ်နည်း တရားတော်

| | | |
|---|---|---|
| ထိုင်ပုံထိုင်နည်း | .... | ၁၁၀ |
| အသုဘ နှစ်မျိုး | .... | ၁၂၀ |
| အဖုံး ခွာကြစို့ | .... | ၁၂၂ |
| အတ္တကိုလမထ ဖြစ်-မဖြစ် | .... | ၁၂၈ |
| ဂျိုကို နို့ညှစ်လို့မရ | .... | ၁၂၉ |
| သမ္ဗုဒ္ဓခါန်လေးပါး အကျုံးဝင်ပြီ | .... | ၁၃၂ |
| မဂ္ဂင်တွေ ပါနေတယ် | .... | ၁၃၄ |
| ဇာတိက စ တော့ | .... | ၁၃၆ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| လူသတ်သမား ကိုစွယ်နီ | .... | ၁၃၇ |
| ရှင်သာရိ ပုတ္တရာ၏ ဂရုဏာ | .... | ၁၃၉ |

—အမြို့မြို့ အနယ်နယ်မှ ကြွရောက် တရားအားထုတ်ကြသည့် ယောဂီ၊သံဃာတော် အရှင်မြတ်တို့အား ရှုနည်း မှတ်နည်းနှင့် ဖတ်သက်၍ ဟောကြားသော

သတိပဋ္ဌာန်တရားတော်ကြီး

| | | |
| --- | --- | --- |
| သတိပဋ္ဌာန် သုတ်တော်ကြီးဆိုတာ | .... | ၁၄၇ |
| ဘုရားအလောင်း တိုင်းခန်းလှည့်စဉ်က | .... | ၁၅၀ |
| စကြာမင်းကြီး၏ ဥပဒေ ၆-ရပ် | .... | ၁၅၁ |
| နိဝရဏတရားတွေ မလာအောင် | .... | ၁၅၆ |
| ရှေးတုန်းက နှုတ်ဆက်ပုံ | .... | ၁၆၀ |
| အသက်ရှင်လျက် သေနေသူ | .... | ၁၆၁ |
| တိရစ္ဆာန်နဲ့ လူ ခြားနားပုံ | .... | ၁၆၂ |
| ဒွါရခြောက်ပါး ရှုရမယ် | .... | ၁၆၄ |
| ပေါ်ရာကို ရှုပါတဲ့ | .... | ၁၆၅ |
| ဘုရားပွင့်တာ ညီမအတွက် | .... | ၁၆၇ |
| သတိပဋ္ဌာန် အားထုတ်ခြင်း အကျိုး ၇-ပါး | .... | ၁၇၂ |
| ကြိုက်မဲ့သူမရှိတဲ့ မောင်လှအောင် | .... | ၁၇၅ |

—မဟာသတိပဋ္ဌာန်သုတ်လာ ယောဂီတိုက်တွန်း တရားတော်

| | | |
| --- | --- | --- |
| မနက် အားထုတ်၊ ညနေရနိုင် | .... | ၁၈၂ |
| ဘုရားရှင် ပြုံးတော်မူလျှင် | .... | ၁၈၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပရိဒေဝမီးတွေ ဝိုင်းနေပြီ | .... | ၁၉၀ |
| အတိတ်ကို ပြန်မတွေးနဲ့ | .... | ၁၉၂ |
| မရှုမှတ်ယင် ကိလေသာတွေဝင် | .... | ၁၉၄ |
| —ပရိဒေဝလွန်မြောက်ပုံ | | |
| မဟာသတိပဋ္ဌာန် တရားတော် | | |
| အရေးကြီးတော့ သွေးနိုးမှ | .... | ၂၀၇ |
| အကုသိုလ် ဝင်လာပြီဆိုယင် | .... | ၂၀၈ |
| ဇွတ်တိုးရတော့မှာဘဲ | .... | ၂၀၉ |
| လင် မြွေကိုက်၊ သားငယ်စွန်ချီ၊ သားကြီးရေနစ် | | ၂၁၀ |
| မပဋ္ဌာ ပလာကျင်းပြီ | .... | ၂၁၁ |
| ကြားနာရရုံနဲ့ အပူစင်တဲ့တရား | .... | ၂၁၂ |
| ဝိပ္ပလ္လာသ သုံးပါး | .... | ၂၁၅ |
| ဒီသား ဒီသမီး ဒီပစ္စည်း | .... | ၂၁၆ |
| တကယ်တော့ မလိုက်နိုင် | .... | ၂၂၉ |
| အသက်ကြီးလေ တိုးချစ်လေ | .... | ၂၂၀ |
| သေမင်းပြည်ကို ပိုနီးလာပြီ | .... | ၂၂၁ |
| သေမင်းနဲ့ ယင်ဆိုင်လာယင် | .... | ၂၂၇ |
| အားကိုးစရာ အစစ် | .... | ၂၂၈ |
| သေရမှာ ကြောက်ယင် | .... | ၂၂၉ |
| စိတ္တာနုပဿနာ သတိပဋ္ဌာန် | .... | ၂၃၀ |
| ဟန်ခိုးရှင်ဖန်ဆင်းတာ မဟုတ် | .... | ၂၃၄ |
| တရား အရသာ | .... | ၂၃၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သစ္စာလေးပါး ပြည့်စုံတယ် | .... | ၂၃၇ |
| မရှုဘဲနဲ့ မင်္ဂဖိုလ်မရနိုင် | .... | ၂၃၉ |
| တရား ပုန်ကန်တဲ့သူ | .... | ၂၄၃ |

—ဆန္ဒေ၁ဝါဒသုတ် တရားတော်

| | | |
|---|---|---|
| သင်္ဂါယနာ တင်စဉ်က | .... | ၂၄၇ |
| ဒုက္ခဟူသမျှ ဒုက္ခချည်းသာ | .... | ၂၅၀ |
| အသင်နဲ့ အမြင် | .... | ၂၅၂ |
| ရဟန္တာနဲ့ တူတယ် | .... | ၂၅၄ |
| နားရယ်၊ အသံရယ်၊ ကြားသိစိတ်ရယ် | .... | ၂၅၉ |
| ငါကောင်၊ အသက်ကောင်၊ လိပ်ပြာကောင် | | ၂၆၁ |
| ပေါ်ရာက စ,ရှုရမယ် | .... | ၂၆၂ |
| မှတ်စရာနဲ့ မှတ်တာ | .... | ၂၆၄ |
| ပိုသာတာက အမှား | .... | ၂၆၅ |
| ဒိဋ္ဌိကြီး တန်းလန်းနဲ့ | .... | ၂၆၆ |
| နာမ်နဲ့ရုပ်ကို မြင်အောင်ကြည့်ပါ | .... | ၂၆၇ |
| ဘယ်သူက ဖန်ဆင်းသလဲ | .... | ၂၆၈ |
| ဖောက်ပြန်မှုနဲ့ သိမှု | .... | ၂၆၉ |
| တနေ့လုံး တဖောင်းဘဲ | .... | ၂၇၂ |
| အသက်ရှည်တာ တစက္ကန့် | .... | ၂၇၄ |
| ဖြစ်ဆဲစိတ်နဲ့ အသက်ရှင်ဟာ | .... | ၂၇၆ |
| ပေါ်ပျောက် အစဉ် | .... | ၂၇၉ |
| လောကနှစ်ခုကြားထဲ သင် မရှိပြီ | — | ၂၈၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မိုးမှ လုပ်တယ် | .... | ၂၀၂ |
| အမှဲ့နဲ့ အပြုံး | .... | ၂၀၄ |
| ငြိမ်နေတာကို မရှိဘူး | .... | ၂၀၅ |
| ဘုန်းကြီးလူထွက်သား သေတော့ | .... | ၂၀၇ |
| အမှိုက်ရပ် ကြိုးကိုဖြတ် | .... | ၂၀၈ |
| ရဟန္တာသစ်တွေ | .... | ၂၉၀ |
| ကြိုးမချည်ဘဲ မနေနိုင် | .... | ၂၉၁ |
| နိဗ္ဗာန်ဆိုတာ | .... | ၂၉၃ |
| အဖန်ငါးရာဆိုတာ တကယ်လား | .... | ၂၉၆ |
| လှူဘွယ်ဝတ္ထုတွေက ဘာနိမိတ်လဲ | .... | ၂၉၈ |
| ကုသိုလ်ရ ပြုတတ်အောင် | .... | ၂၉၉ |
| သေခါနီးကျတော့ | .... | ၃၀၅ |
| မိတ်ကောင်း ဆွေကောင်း လိုသည် | .... | ၃၀၇ |
| ဇိကုတ် နတ်ပြည်တင် | .... | ၃၁၁ |
| ကျန်းမာခိုက်မှာ ကြိုးစားပါ | .... | ၃၁၃ |
| အချိန်တွေ ဆွဲမနေကြနဲ့ | .... | ၃၁၄ |

—အနှစ်အကာ တရားတော်

| | | |
|---|---|---|
| အနှစ်လား၊ အကာလား | .... | ၃၁၇ |
| အသံကောင်း ရုပ်ချော | .... | ၃၁၈ |
| တကျော့နဲ့ ပေါင်းနေပြီ | .... | ၃၁၉ |
| အပေါင်း မှန်ရအောင် | .... | ၃၂၁ |
| တရားလေး တခါနာရတာနဲ့ | .... | ၃၂၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပစ္စည်းဥစ္စာရဲ့ အနှစ်ဆိုတာ | .... | ၃၂၆ |
| ခန္ဓာကြွေတော့ မြေကြီးဇာ | .... | ၃၂၈ |
| ခန္ဓာကိုယ်ရဲ့အနှစ်က ကိုယ်ကျင့်တရား | .... | ၃၂၉ |
| ခန္ဓာကိုယ် အိမ်သာကြီး | .... | ၃၃၀ |
| အသက်ထဲက အနှစ် | .... | ၃၃၃ |
| သာသနာထဲက အနှစ် | .... | ၃၃၄ |
| သာသနာရဲ့အနှစ်ကို ရောက်,မရောက် | .... | ၃၃၄ |
| သစ်ပင်ပမာ သာသနာ | .... | ၃၃၆ |
| သီလလောက်ပြည့်စုံရုံနဲ့ အနှစ်မတွေ့ | .... | ၃၃၈ |
| အဘိညာဉ်ရရုံနဲ့ အနှစ်မတွေ့ | .... | ၃၃၉ |
| ပါရမီအဆင့်ဆင့် ဖြည့်ဆည်းကျင့် | .... | ၃၄၁ |
| အိုတာရှိယင် မအိုတာရှိရမယ် | .... | ၃၄၁ |
| ငါတတ်သမျှ ကုန်ပြီ | .... | ၃၄၄ |
| အကန်းလို၊ အပင်းလို | .... | ၃၄၅ |
| နာရခဲ့တဲ့ တရား | .... | ၃၅၁ |
| မအို၊ မနာ၊ မသေသူ မရှိ | .... | ၃၅၄ |
| အထင်လွဲနေကြလို့ | .... | ၃၅၇ |
| ဒုက္ခကို ဒုက္ခမှန်း မသိကြ | .... | ၃၅၈ |
| မျက်ခုန်းကို ပြင်မနေနဲ့ | | ၃၆၀ |



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၃၃၈–ခု၊ ဝါခေါင် လပြည့်ကျော် (၈)ရက်

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယာဉ် ဓမ္မာရုံကြီး၌

ကမ္မဋ္ဌာန စရိယ ဟံလင်း ဆရာတော်

ဟော ကြား တော် မူ သော

# ဘေးရန်ကင်းပြုတ် ရတနသုတ်တရားတော်

ယနေ့ဟောမယ့်တရားတော်ကဘေးရန်ကင်းပြုတ် ရတနသုတ်တရားတော်ကြီးပါဘဲ၊ သိစရာ မှတ်စရာတွေ စိတ်ဝင်စားစရာတွေ အများကြီးပါတယ်။

ဗုဒ္ဓေါ သောဘဂဝါ ဗောဓါယ ဓမ္မံ ဒေသေသိ။

သောဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထား ကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူပြီး

သည်ဖြစ်၍။ ပေါဓါယ၊ သတ္တဝါအများ ကျွန်ုပ်တို့ အား လည်း အလားတူပင် သိမြင်ပါစေခြင်းအကျိုးငှါ။ ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။ ဒေသေသိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။တံဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒာမိ၊ ဘယ လာဘ ကုလကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့သဖြင့် အသင့်နှလုံး လွန်ပီတိဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်စွာသဒ္ဓါ ရှိခိုးလိုက်ပါ၏ဘုရား။

သာဓု....သာဓု....သာဓု....။

---

ကပ်ကြီးသုံးပါး ဆိုက်ပြီ

ဒို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ အားလုံးသော သတ္တဝါတွေကို သိကြပါစေလို့ ဟောကြားတော်မူတယ်။ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ လိုက်ပါ၏....လို့ မြတ်စွာဘုရား ရှိခိုးပြီးတော့ ဘေးရန် ကင်းပြုတ် ရတနသုတ်တရားတော်ကို စ-ကြစို့ရဲ့။ သူက နံ့နံ့တော့ရှည်တယ်၊ တနာရီခွဲနဲ့ပြီးအောင် ဟောဘို့စိတ်ကူးထားပါတယ်၊ မပြီးလဲ နံ့နံ့ရှည်သွားမှာပေါ့။

ဒို့မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီး ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးပြီး မနေတော်မူတဲ့

အခါ အလွန်တရာ သာယာစည်ပင်ဝပြောတဲ့ ဝေသာလီပြည်ကြီးဆိုတာရှိတယ်၊ အဲဒီ ဝေသာလီပြည်ကြီးမှာ ရောင်းဝယ်ဖောက်ကား သွားလာလုပ်ကိုင် နေကြတဲ့သူတွေကတော့ လူမျိုးစုံပါဘဲ၊ ရောင်းပန်း ဝယ်ပန်းပွင့်တဲ့ မြို့ကြီးဆိုတော့ ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့ နိုင်ငံတွေက လာရောက်ပြီး မှီခိုကြတယ်၊ ရောင်းဝယ်ကြတယ်၊ ဒို့မြန်မာပြည်မှာလိုပေါ့။ ဗမာပြည်ကြီးမှာ လူမျိုးစုံတွေ စုနေသလို အဲဒီမှာလဲ လူမျိုးစုံရောပြွမ်းပြီးတော့ အလွန်တရာ သာယာစည်ပင်ဝပြောတဲ့ ဝေသာလီပြည်ကြီးဖြစ်တယ်။

တနေ့သ၌ကျတော့ ငတ်မွတ်ခေါင်းပါးခြင်းဘေးကြီး ဆိုက်ရောက်တယ်၊ အစာရေစာတွေ ပြတ်ပြီးတော့ သတ္တဝါတွေ ငတ်ပြီးသေကြတယ်၊ များစွာသောသတ္တဝါရဲ့ အလောင်းတွေကို မြို့ပြင်သို့ ကုန်စင်အောင်ထုတ်ပြီး မပစ်နိုင်တော့ဘူး၊ ဟိုနားသေနေ့ ဒီနားသေနေ လူသေကောင်တွေဟာ ဘယ်နေ့ရာမှ မလွတ်ဘူး။ ဒီလိုငတ်မွတ်ခေါင်းပါးပြီး သေကြရတဲ့ အခါမှာ ဆင်းရဲတဲ့လူတွေ၊ ဆင်းရဲသားတွေက အရင်သေကြရ ရှာတယ်၊ ဒီလိုအလောင်းတွေ ကုန်စင်အောင် ထုတ်ပြီး မပစ်နိုင်တော့ လူသေကောင်တွေရဲ့ အနံ့တွေကြောင့် ဘီလူးတွေက မြို့တွင်းဝင်လာပြီးစားကြပြန်ရော၊ စားတော့ ဘီလူးစားတဲ့ ဘေးကြောင့် များစွာသော သတ္တဝါတွေသေကြေ ပျက်စီးရပြန် တယ်တဲ့။ နောက် ဘီလူးတွေကစား၊ ငတ်မွတ်ခေါင်းပါးပြီးသေနဲ့၊ ဒီလူသေကောင်ပုပ်တွေရဲ့ အနံ့တွေက ဘယ်လောက် ဆိုးဝါး လာသလဲဆိုရင် အဲဒီအပုပ်နံ့ နံလိုက်တယ်ဆိုယင် နှလုံးသွေးပျက်ပြီး တခါထဲ လဲသေတော့တာဘဲ။ နှလုံးသွေးပျက်တယ်ဆိုဘာ မြွေ

ဆိပ်ကဲ့သို့တက်ပြီး ရိပ်ရိပ်ဆိုလဲပြီး သေတော့တာဘဲ၊ အဲဒီတော့ တိုင်းသူပြည်သားတွေက စုဝေးတိုင်ပင်ကြတယ်။

'အမောင်တို့...ဒို့ဝေသာလီပြည်ကြီးမှာ ဝတ်မှတ်ခေါင်းပါး ခြင်းဘေး၊ ဘီလူးဖမ်းစားတဲ့ဘေး၊ အနာရောဂါဖြစ်ပွါးတဲ့ဘေး ဟောဒီဘေးကြီး သုံးပါးငြိမ်းအေး သွားအောင် ဒို့ဘယ့်နှယ် လုပ်ကြမထုန်း'လို့ ဒုက္ခရောက်တော့ စည်းဝေးတိုင်ပင်ကြတယ်။

ဒီတော့ တချို့က ဘာပြောသလဲဆိုတော့ 'ဒို့မင်္ဂလာတွေ ယူပြီးတော့ နတ်တွေ ပူဇော်ပသရယင်ဖြင့် ဟောဒီ ဘေးကြီး သုံးပါးငြိမ်းအေးသွားလိမ့်မယ်'လို့ ဒီလိုပြောကြတယ်။ ဒါနဲ့ မင်္ဂလာတွေယူကြပြီး နတ်တွေပူဇော်ကြတယ်၊ ဒါပေမယ့် ဘေး ကြီးသုံးပါးက မငြိမ်းဘူး၊ မငြိမ်းတော့ထပ်ပြီး စည်းဝေးကြ ပြန်တယ်။

'အမောင်တို့...ဒို့ဝေသာလီပြည်ကြီး ဘေးကြီးသုံးပါး ငြိမ်း အောင် ဘယ့်နှယ်လုပ်မတုန်း'လို့ ဒီလိုစည်းဝေးတော့ တချို့ မိစ္ဆာဒိဋ္ဌိဂိုဏ်းသားတွေက ဘာပြောသလဲဆိုတော့ 'အမောင်တို့- လောကကြီးမှာ ဂိုဏ်းဆရာကြီး ခြောက်ယောက်ဆိုတာ ရှိတယ်၊ အလွန်တရာတန်ခိုးတော် အာနုဘော်တော်နှင့် ပြည့်စုံတယ်၊ ပုရာဏကဿပ-ကတယောက်၊ မက္ခလိဂေါသာလ-ကတယောက်၊ အဇိတကေသကမ္ဗလ ဆိုတာကတယောက်၊ ပကုဓကစ္စာယန-က တယောက်၊ နိဂဏ္ဌနာဋပုတ္တ ဆိုတာကတယောက်၊ ဗေလဋ္ဌသဉ္စယ ဆိုတာကတယောက်၊ ပေါင်းခြောက်ယောက်ရှိတယ်၊ အဲဒီဂိုဏ်း ဆရာကြီး ခြောက်ယောက်သွားပြီးပင့်ယင်ဖြင့် ဒို့ဝေသာလီပြည် ရောက်ခါမျှနဲ့ဘဲ ဘေးကြီးသုံးပါး ငြိမ်းသွားလိမ့်မယ်တဲ့၊ တန်

ခိုးတော်လဲအင်မတန် ကြီးတယ်လို့မိစ္ဆာဒိဋ္ဌိ ဂိုဏ်းသားတွေက အဲဒီအဆိုသွင်းကြတယ်။

ဆောင်ပုဒ်။ ။ပုရာမကွ၊ အဇိတနှင့်၊ ပကုဓဘဒေထွ၊ နိဂဏ္ဌော၊ ယူလေ-ရှင်သိဉ္စည်း။)

ဒီအဆိုလဲလက်မခံကြဘူး၊ ဘယ်သူမှမကြိုက်ကြဘူး၊ ဒီတော့ တချို့က ဘာပြောသလဲဆိုတော့ “အမောင်တို့.... လောကမှာ ဘုရားအလုံးစုံ အကုန်သိမြင်တော်မူတဲ့ ဂေါတမမြတ်စွာဘုရား ဆိုတာပွင့်တော်မူနေတယ်၊ အတုလံ-အတုမရှိဘူး၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ဆရာဘဆူ ဖြစ်တော်မူတဲ့ဘုရား.... သစ္စာလေးပါး ကို ပိုင်းခြားပြီးသိတော်မူတဲ့ ဘုရား....အဲဒီဂေါတမဘုရားဆိုတာ ပွင့်တော်မူနေပြီ၊ အတုလံ-အတုမရှိတဲ့ မြတ်စွာဘုရားကို သွားပြီး ပင့်ရယင်ဖြင့် ဒို့ဝေသာလီပြည်ကြီး ရောက်ရုံမျှနှင့်ဘဲ ဘေးကြီး သုံးပါး ငြိမ်းအေး သွားလိမ့်မယ်’လို့ ဒီအဆို သွင်းကြတယ်၊ ဒီအဆိုတော့ အားလုံး နှစ်သက်ကြလက်ခံကြတယ်၊ ဘုရားပင့်ဘို့ စီမံကြတယ်။

## ဒုက္ခရောက်မှ ဘုရားတ

ဒီတော့ တချို့က ဘယ့်နှယ်ပြောသလဲဆိုတော့ ‘အမောင်တို့ အဲဒီအတုမရှိတဲ့ ဂေါတမမြတ်စွာဘုရား ဆိုတာ အခုဘယ်မှာ နေတုန်း၊ ဘယ်မတုန်း’လို့မေးကြတယ်။ ဒီနေရာလေးမှာ စဉ်းစား ကြည့်ဘို့ရာ မြတ်စွာဘုရားဆိုတာ လောကသုံးပါးမှာ အလွန် ထင်ရှားအောင် ပွင့်တော်မူတယ်၊ လူ့လောက နတ်လောက ဗြဟ္မာ့လောကမှာရှိကြတဲ့ လူနတ်ဗြဟ္မာတွေ ကျွတ်တန်း ဝင်

ပြီးတော့ အင်မတန် ကျော်ကြားနေတဲ့ ဘုရားပွင့်နေတာ မသိကြဘူး၊ အခု ဘေးဒုက္ခရောက်လာတော့မှ မြတ်စွာဘုရားက ဘယ်မတုန်းတဲ့၊ ဘယ်မှာသီတင်းသုံးနေတုန်းလို့ မေးကြတယ်၊ ဒါဘာကြောင့်တုန်းဆိုတော့ သတ္တဝါတွေဟာ ချမ်းသာနေတဲ့အခိုက်မှာ ဘုရား တရား သံဃာကို သိပ်သတိရကြတာ မဟုတ်ဘူး၊ ဆင်းရဲဒုက္ခတွေကြုံမှသာ ဘုရား တရား သံဃာ သဒ္ဓါရစ ပြုလာကြတယ်။

> ဣမေ နာမ သတ္တာ သုခိတကာလေ ဘိက္ခုနံ့ အတ္ထိဘာဝံ အဇာနိတွာ ဒုက္ခာဘိဘူတာဝ ဝိဟာရံ ဂန္တုကာမာ ဟောန္တိ။

ဣမေနာမသတ္တာ၊ ဤသတ္တဝါတို့မည်သည်ကား။ သုခိတကာလေ၊ ချမ်းသာသုခ ပြည့်စုံသောအခါကာလ၌။ ဘိက္ခုနံ၊ ရဟန်းတို့၏။ အတ္ထိဘာဝံ၊ ရှိသည်၏အဖြစ်ကို။ အဇာနိတွာ၊ မသိမူ၍။ ဒုက္ခာဘိဘူတာဝ၊ ဆင်းရဲဒုက္ခဖိစီးမှသာလျှင်။ ဝိဟာရံ၊ ကျောင်းတော်သို့။ ဂန္တုကာမာ၊ သွားခြင်းငှာ အလိုရှိကြကုန်သည်။ ဟောန္တိ၊ စင်စစ်မသွေ ဖြစ်ကြလေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

သတ္တဝါတွေဟာတဲ့ ကိုယ့်သားကိုယ့်သမီးလေးနဲ့ စီးပွားရေးတွေဖြောင့်ပြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနေရတဲ့ အခါကျတော့ ဘယ်ဘုန်းကြီးမှ သတိမရဘူး၊ ဘယ်ကျောင်းမှ သတိမရဘူး၊ ဆင်းရဲဒုက္ခတွေလာတဲ့အခါကျတော့မှ ကျောင်းရိပ် ကန်ရိပ်ကို သတိရပါတယ်တဲ့၊ ကျောင်းကန်ဘုရား ဘုန်းကြီး

များကို သတိရလာကြတယ်။ ဒါကြောင့်မို့ ဒါလေး လင်္ကာ စပ်ထားတယ်။

တခေါက်တော့ လိုက်ဆိုရမယ်။

ချမ်းသာသေး၍ မေ့တဲ့သံဃာ၊
ဆင်းရဲ ဘေးတွေ့ နေ၍မှန်စွာ၊
အားကိုး တွေ့မှု စေ့ငုကြံရှာ၊
ကျောင်းကန်ရိပ် ခိုအိပ်မြန်မကြာ။

မေ့နေတာက ချမ်းသာတုန်းမို့ပါတဲ့၊ ဆင်းရဲ တွေ့လာတဲ့ အခါကျတော့ အားကိုးရှာလာလိမ့်မယ်၊ အဲဒီကျတော့ ဘုရား အားကိုးတယ်၊ တရားအားကိုးတယ်၊ သံဃာအားကိုးတယ်၊ အဲဒီကျမှ ကျောင်းကန်ဘုရား သတိရတတ်ပါတယ်တဲ့။

ဒါကြောင့် ဒီနေရာမှာ အခု 'အမောင်တို့...အတုမရှိတဲ့ အဲဒီ ဂေါတမမြတ်စွာဘုရားဆိုတာ ဘယ်မှာသီတင်းသုံးပြီးနေသတုန်း' လို့ ဒီလိုမေးတော့ ဒီအစည်းအဝေးထဲမှာ ဟိုဗိမ္ဗိသာရမင်းကြီးနဲ့ အတူ တရားနာပြီးတော့ သောတာပန်ဖြစ်လာခဲ့တဲ့ မဟာလိ လိစ္ဆဝီမင်းသားဆိုတဲ့ သောတာပန်တယောက် ပါလာတယ်၊ သူက 'အမောင်တို့....အဲဒီ ဂေါတမမြတ်စွာဘုရားဆိုတာ အခု ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီးမှာ ရဟန်းသံဃာတွေ ခြံရံပြီး သီတင်းသုံးနေတယ်'လို့ ပြောတယ်။

ဒီတော့ အဲဒီ ရာဇဂြိုဟ်ပြည်သွားပြီးတော့ ပင့်ရမယ်လို့ စီစဉ် ကြတယ်၊ တချို့က ဘာပြောသလဲဆိုတော့ 'အမောင်တို့.... ဒို့ဝေသာလီပြည်ကြီးက ဘေးရောဂါတွေကလဲ များပါဘိသနဲ့၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ သတ္တဝါတွေကို

သနားလို့ မဟာကရုဏာတော်သခင် ရှင်တော်မြတ်ဘုရားကြီးမို့ ကြွတော်မူမှာပါဘဲတဲ့၊ ဒါပေမယ်လို့ သူ့ကျောင်းဒကာဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးက ဒီလောက်ဘေးရောဂါတွေများတဲ့ တိုင်းပြည်ကြီးကို လိုက်ရပါ့မလားလို့ လွှတ်မှလွှတ်ပါ့မလား'တဲ့။

အဲဒီတော့ စဉ်းစားကြအုံးစို့ရဲ့၊ ဒီလိုပြောထော့ တချို့က ဘာပြောကြတုန်း 'အမောင်တို့....ရာဇဂြိုဟ်ပြည် ရောက်တဲ့အခါ ကျောင်းတော်ကို အရင်မသွားနဲ့တဲ့၊ ကျောင်းဒကာဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော်အရင်သွား၊ သွားပြီးတော့ ဗိမ္ဗိသာရမင်းကြီးထံ ခွင့်ပန်ပြီးမှ ပင့်ခဲ့ကြ'လို့ ဒီလိုစီမံပြီး များစွာသော လက်ဆောင် ပဏ္ဏာတော်တွေနဲ့ ပုရောဟိတ် ပုဏ္ဏားသားက တယောက်၊မဟာလိလိစ္ဆဝီမင်းသားကတယောက် ခေါင်းဆောင်ပြီးတော့ များစွာသော ပရိသတ်တွေနဲ့ ရာဇဂြိုဟ်ပြည် သွားပြီးတော့ ဘုရားပင့်ကြတယ်။

## ဘုရားရှင်ကို အစိုးရသူမရှိ

ဘုရားပင့်တော့ ရာဇဂြိုဟ်ပြည် ရောက်တဲ့အခါ ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော် အရင်သွားပြီး ဗိမ္ဗိသာရမင်းကြီးအား များစွာသော လက်ဆောင်တွေ ဆက်သလို့ သံတော်ဦးတင်ကြတယ်။

'အရှင်မင်းကြီး၊ အကျွန်ုပ်တို့ရဲ့ ဝေသာလီပြည်ကြီးမှာ ဝတ်မှတ် ခေါင်းပါးတဲ့ဘေး၊ ဘီလူးဖမ်းစားတဲ့ဘေး၊ အနာရောဂါဖြစ်ပွားတဲ့ဘေး၊ အဲဒီဘေးကြီး သုံးပါးဖြစ်ပွားပြီး များစွာသော သတ္တဝါတွေ သေကြေပျက်စီးကြရပါတယ်၊ ဒီဘေးကြီး သုံး

ပါးဟာ ရှင်တော်ဘုရားကြွလာယင် ငြိမ်းအေးသွားပါလိမ့်မယ်၊ ဒါကြောင့်မို့ အရှင်မင်းကြီးက မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးကို အကျွန်ုပ်တို့ ဝေသာလီပြည်သို့ စေလွှတ်တော်မူပါ ဘုရား....'လို့ ဒီလို မင်းကြီးကို သံတော်ဦးတင်ကြတယ်။

ဒီတော့ ဘုရင်မင်းမြတ်ကြီးက ပြန်ပြောတာလဲ နည်းယူစရာ ဘဲ၊ ဘာပြန်ပြောလဲ 'အမောင်တို့ မြတ်စွာဘုရားသခင် ကိုယ် တော်မြတ်ကြီးကို ငါမပိုင်ဘူးတဲ့၊ ငါအစိုးမရဘူး'တဲ့၊ ဒီနေရာမှာ ရှင်ဘုရင်က ပြောတဲ့စကား။

လူတွေက ဘုန်းကြီးတွေထံဝင်ပြီး ဘာဘာညာညာ မပြော ရဘူးဆိုတဲ့ အဓိပ္ပါယ်ပါဘဲ၊ ဒါကြောင့်မို့ ငါမပိုင်ဘူး၊ ငါ မဆိုင်ဘူးတဲ့၊ အမောင်တို့ဘာသာ သွားပြီး ပင့်ချည်ကြတဲ့။

ဒီလို ဗိမ္ဗိသာရမင်းကြီးက ခွင့်ပြုလိုက်တော့ မဟာလိလိစ္ဆဝီ မင်းသားနဲ့ ပုရောဟိတ်ပုဏ္ဏားသားက ဝမ်းမြောက် ဝမ်းသာနဲ့ မြတ်စွာဘုရားကျောင်းသွားပြီး မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးကို ရိုသေစွာရှိခိုးလို့ 'ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား–တပည့်တော်တို့ ဝေသာလီပြည်ကြီးမှာ ငတ်မွတ်ခေါင်း ပါးတဲ့ဘေး၊ ဘီလူးဖမ်းစားတဲ့ဘေး၊ အနာရောဂါဖြစ်ပွားတဲ့ ဘေးဆိုတဲ့၊ ဘေးကြီးသုံးပါးဖြစ်ပွားပြီး များစွာသော သတ္တဝါ တွေ သေကြေပျက်စီးကြရပါတယ်ဘုရား၊ ဘေးကြီးသုံးပါး ဟာ ရှင်တော်ဘုရား ကြွလာလို့ရှိရင် ငြိမ်းအေးသွားပါ လိမ့်မယ်ဘုရား၊ ဒါကြောင့်မို့ သတ္တဝါများကို သနားငဲ့ညှာသော အားဖြင့် ဒကာတော်တို့ ဝေသာလီပြည်သို့ ကြွတော်မူပါ' လို့ ဒီလို ပင့်လျှောက်ကြတယ်။

## အကြောင်း(၃)ချက်

ဒီတော့ မြတ်စွာဘုရားက ဆင်ခြင်တော်မူဘယ်၊ ဝေသာလီပြည် ကြွပြီးတော့ ရတနသုတ်ကိုဟောရယင်ဖြင့် ဘေးကြီး သုံးပါးလဲ ငြိမ်းအေးသွားလိမ့်မယ်၊ ဒါက အကြောင်းတချက်။ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေလဲ အကျွတ်တရားရလိမ့်မယ်၊ ဒါလဲ အကြောင်းတချက်၊ ဒေသနာတော်ရဲ့ အဆုံးမှာ ရတနသုတ်ရဲ့တန်ခိုးအာနုဘော်တော်လဲစကြာဝဠာကုဋေတသိန်း ပြန့်နှံ့သွားလိမ့်မယ်တဲ့၊ ဒီလိုအကြောင်းသုံးချက် မြင်တော်မူတော့ မြတ်စွာဘုရားက ဝေသာလီပြည်ကိုကြွရန် ဝန်ခံတော် မူလိုက်တယ်၊ လာပင့်တဲ့ ပုရောဟိတ်ပုဏ္ဏားသားနဲ့ မဟာလိ လိစ္ဆဝီမင်းသားလဲ ဝမ်းမြောက်ဝမ်းသာနဲ့ ပြန်သွားကြတယ်။

မြတ်စွာဘုရား ဝေသာလီပြည်ကြွရန် ဝန်ခံတော်မူကြောင်း ကျောင်းဒကာ ဗိမ္ဗိသာရမင်းကြီးကြားတော့ ဗိမ္ဗိသာရမင်းကြီးက များစွာသော အခြံအရံတွေနဲ့ ကျောင်းတော်လာပြီး မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလို့ လျှောက်ထားတယ်၊ 'ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ကြီးဘုရား....ဝေသာလီပြည်က လာပြီးတော့ ပင့်တာကို ဝန်ခံတော် မူလိုက်ပါသလားဘုရား' လို့ ဒီလိုလျှောက်တယ်။ ဒီတော့ မြတ်စွာဘုရားက ဝန်ခံတော် မူလိုက်တယ်လို့ မိန့်တော်မူတယ်၊ ဗိမ္ဗိသာရမင်းကြီးက ဘာလျှောက်သလဲဆိုတော့ 'ဒီလိုဆိုရင် ဒကာတော်တို့ လမ်းခရီးပြင်ဆင်ပြီးရုံ ဆိုင်းငံ့တော်မူပါအုံးဘုရား' တဲ့၊ လမ်းပြင်ပါရစေအုံး၊ လမ်းရှင်းပါရစေအုံးတဲ့။

## ပန်းခင်းတဲ့လမ်း

ဒီတော့ ဝေသာလီပြည်နဲ့ ရာဇဂြိုဟ်ပြည်ရဲ့အကြားမှာ ဂင်္ဂါမြစ်ကြီးဆိုတာဆီးနေတာရှိတယ်၊ရာဇဂြိုဟ်နဲ့ဂင်္ဂါမြစ်က ၅ယူဇနာဝေးတယ်၊ ဝေသာလီပြည်နဲ့ ဂင်္ဂါမြစ်က သုံးယူဇနာဝေးတယ်၊ နှစ်ဖက်ပေါင်းတော့ ရှစ်ယူဇနာ။ ဒီဘက်က ဗိမ္ဗိသာရမင်းကြီးက ၅-ယူဇနာရှိတဲ့ ရာဇဂြိုဟ်ပြည်နဲ့ ဂင်္ဂါမြစ်ကြီးခရီးကို တိုင်းသူပြည်သားတွေနဲ့ ပြင်ဆင်လိုက်ကြတာ တကာထဲ လူတွေဆင့်ခေါ်လုပ်အားပေးခေါ်တာပေါ့၊ဒါတွေနဲ့ ပြင်လိုက်တဲ့ လမ်းကြီးဟာ ဆူးတွေခြောင့်တွေ ခလုတ်တွေ ဘာမှမရှိရဘူး၊ ချိုင့်တွေ ကျင်းတွေ မရှိရဘူး၊ ဒီဘက်က ၅-ယူဇနာရှိတဲ့ ခရီး မြေဖို့မြေညှိပြီး သုတ်သင်လိုက်တာ မြေတလင်းကြီး သန့်ရှင်းသွားတယ်၊ အနုသမံတလင်းခင်းထားသလိုနေမှာဘဲ။အဲဒီလို ၅-ယူဇနာလမ်းကြီး သမံတလင်းခင်းထားသလို ကျံပြီးတော့မှ တယူဇနာမှာ ကျောင်းကြီးတဆောင် တဆောင်တဲ၊ ဆောက်လုပ်စေတယ်၊ အပန်းဖြေ နားဘို့ရာ ၅-ယူဇနာဆိုတော့ ကျောင်းကြီး ငါးဆောင်ဆောက်ပြီးတော့မှ အဲဒီ သန့်ရှင်းစွာလိမ်းကျံထားတဲ့ မြေတလင်းပေါ်မှာ ငွေအဆင်းနဲ့တူတဲ့ သဲဖြူတွေခင်း၊သဲဖြူထုကြီးခင်းထားတဲ့လမ်းက ၅-ယူဇနာရှိတယ်။ ဒါလေးတွေကို မှတ်ထားခဲ့၊ အပြီးသတ်တော့ကို အကြောင်းအကျိုးတွေ ဆက်ပြမယ်။ ဒါလေးတွေက နားထောင်ကောင်းအောင် မဟုတ်ဘူး၊ ဒိဗ္ဗဘာသာ တရားတွေကိုဖုံးကွယ်ပြီးတော့ လုပ်နေတဲ့အလုပ်တွေရှိတယ်၊အကြောင်းဒီလိုရှိယင် အကျိုးဒီလိုရှိတယ်ဆိုတာ သိအောင်လို့ ထုတ်ဖော်ရမယ်၊ ဒီတော့ အခု ငွေအဆင်းနဲ့တူတဲ့ သဲဖြူတွေ အပေါ်မှာ

တခါ အဆင်းအမျိုးမျိုး အနံ့အမျိုးမျိုးရှိတဲ့ ပန်းတွေခင်းထား လိုက်တာ ပန်းတွေက ၅-ယူဇနာရှည်လျားသတဲ့။

ဟိုတုန်းက တယူဇနာဆိုရင် အခုခေတ် ၁၃ -မိုင်နဲ့ တွက်တယ်၊ အခု သုတေသနပြုသူတွေက ၈-မိုင်တဲ့၊ ၈-မိုင်ထားပါ အုံးဘော့ ၅-ယူဇနာဆိုရင် မိုင်(၄၀) အဲဒီမိုင် (၄၀)အပြည့် ဒီပန်းတွေခင်းထားတာတဲ့၊ အဆင်းအမျိုးမျိုး အနံ့အမျိုးမျိုးရှိတဲ့ ပန်းတွေဟာ ဒုဘယ်လောက် ရှိတုန်းဘုရားဆိုရင် ဒူးမြုပ်သွားတယ်တဲ့၊ တထောင့်ထွာလောက် နေမှာပေါ့၊ အဲဒါလောက် ပန်းထုကြီး ခင်းထားတယ်။ ခင်းပြီးတော့မှ ဘေးက ငှက်ပျောပင် အုန်းပင် ကြံပင်တွေစိုက်သို့ ရာဇမတ်တွေကာလို့ ကြာပန်းတွေ ကြာအိုးတွေနဲ့ နတ်လမ်းမကြီးလို ပြင်ဆင်ပြီး မြတ်စွာဘုရားကို သွားပြီးတော့လျှောက်တယ်။

'ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ကြီးဘုရား... ဝေသာလီ ပြည်သို့ ကြွရန် အချိန်တန်ပါပြီဘုရား'လို့ လျှောက်တယ်။

## ဝေသာလီပြည်သို့ ကြွတော်မူခြင်း

ဒီတော့ မြတ်စွာဘုရာ က နောက်ပါ သံဃာတော် အပါး (၅၀၀)နှင့် ကြွတော်မူတယ်၊ သံဃာတော် (၅၀၀)နဲ့ ကြွလာတော့ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ထီးဖြူနှစ်စင်း၊နောက်ပါသံဃာတော်တို့အား ထီးဖြူ တစင်းစီ ဆောင်းမိုးပြီးလိုက်ပို့ကြတယ်။ မိဖုရားမောင်းမပရိသတ် အခြွေအရံတွေရော မှူးကြီးမတ်ရာ သေနာပတိတွေရော တိုင်းသူ ပြည်သားတွေရောတဲ့ စည်စည်ကားကားကြီး လိုက်ပို့ကြတယ်၊ သမ်းမှာ ပန်းကုံး ပန်းဆိုင်းတွေနဲ့ ဆွဲကြသေးတယ်၊ရေမွှေးနံ့ သာ

တွေ့ ပက်ဖြန်းလို့ အလွန်စည်ကားတဲ့ပွဲကြီးပေါ့။ မြတ်စွာဘုရား ဝေသာလီပြည်ကြွတဲ့လမ်းမှာ တယူဇနာရောက်တဲ့အခါကျတော့ ခုနှင်က အပန်းဖြေရိပ်သာဆောက်ထားတဲ့ ကျောင်းကြီးတွေမှာ တည သီတင်းသုံးတော်မူတယ်၊ မနက်မိုးလင်းတဲ့ အခါကျတော့ ကြီးကျယ်လှသော အလှူကြီးတွေပေးလို့ ကျွေးလို့ မွေးလို့ ဆက် ပြီးတော့ ကြွကြတယ်၊ တယူဇနာမှာ တညတည သီတင်းသုံးပြီး တော့ လိုက်ပို့တယ်။ ဒါကြောင့်မို့-

မြတ်စွာဗုဒ္ဓ မြန်းကြွလေလျှင်၊
လမ်းတွေကိုရှင်း ပန်းခင်းပြင်ဆင်၊
ထီးဖြူတွေဆောင်း အပေါင်းလှူရှင်၊
နောက်တော်မှ လိုက်ကြထာဝစဉ်။

## နှစ်ဆတက် ပူဇော်မည်

အဲဒီလို မြတ်စွာဘုရားကို များစွာသော ပရိသတ်တွေနဲ့ လိုက် ပြီးတော့ ပို့ကြတယ်၊ ငါးရက်မြောက်တော့ ဂင်္ဂါမြစ်ဆိပ်သို့ ရောက်တော်မူပြီတဲ့၊ ဂင်္ဂါမြစ်ဆိပ်ရောက်တော့ ဒီဘက်က ဗိမ္ဗိ သာရမင်းကြီးက ဝေသာလီပြည်ဘက် သတင်းပေးပို့လိုက်တယ်။

'အမောင်တို့.... မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဂင်္ဂါမြစ်ဆိပ်သို့ ရောက်တော်မူပြီတဲ့၊ လမ်းခရီးများ ပြင်ဆင် ပြီးတော့ လာပြီး ကြိုလှဲ့ကြ' လို့ ဒီလိုသတင်းပေးပို့လိုက်တယ်။

ဒီတော့ ဝေသာလီမင်းသားတွေက ဗိမ္ဗိသာရမင်းကြီး ဘယ် လို ပူဇော်သလဲ၊ ငါတို့က ဗိမ္ဗိသာရမင်းကြီးထက် နှစ်ဆ သာ

အောင် ပူဇော်မယ် ဆိုပြီးတော့ ဟိုဘက်က လမ်းတွေပြင်၊ လမ်းတွေပြင်ပြီးတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အား ထီးဖြူလေးစင်း၊ နောက်ပါ သံဃာတွေကို ထီးဖြူ နှစ်စင်းစီ ဆောင်းမိုးရန် စီစဉ်ပြီး ဟိုဘက်ကမ်းက လာစောင့်ကြိုနေကြတယ်။ ဝေသာလီမင်းသားတွေ ဒီဘက်ကမ်းက စောင့်ကြိုနေချိန်မှာ ဗိမ္ဗိသာရမင်းကြီးက လှေနှစ်စင်းကို တွဲပြီးတော့ ဖေါင်ဖွဲ့လာတယ်။ လှေနှစ်စင်းကို ဖွဲ့ထားတဲ့ အဲဒီဖေါင်ပေါ်မှာ မဏ္ဍာပ်ကြီးထိုး၊ အဲဒီ မဏ္ဍာပ်ကြီး အလယ်ခေါင်မှာ ရတနာပလ္လင်ခင်း၊ ရတနာပလ္လင်ကြီးပေါ်မှာ ပန်းကုံး ပန်းဆိုင်း မျက်နှာကျက်တွေနဲ့၊ အဲဒီလို စီမံပြီးတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို သီတင်းသုံးစေတော်မူတယ်။ မြတ်စွာဘုရားက ပလ္လင်ပေါ် သီတင်းသုံးပြီးတော့ နောက်ပါ သံဃာတွေက လှေပေါ်မှာ အသီးသီးစီးပြီးတော့ ကြွသွားကြတယ်၊ ဒီလိုပြင်ဆင်ပြီးတော့ ကျောင်းဒကာ ဗိမ္ဗိသာရမင်းကြီးက လှေကိုကိုင် ရေထဲဆင်းပြီး တွန်းလိုက်သွားတာ ရေတွေ လည်ပင်းထိလာတော့မှ ရပ်ပြီးတော့ လျှောက်ထားတယ်။

'ရှေဘုန်းတော်သခင် ရှင်တော်မြတ်ကြီးဘုရား—အရှင်ဘုရား ပြန်ကြွမလာမချင်း ဒကာတော် ဟောဒီ ဂင်္ဂါမြစ်ဆိပ်ကမ်းက ဘယ်မှ မသွားဘူးဘုရား၊ ဟောဒီဂင်္ဂါမြစ်ဆိပ်က စောင့်မျှော်ပြီး နေပါမယ်ဘုရား' လို့ ဒီလိုလျှောက်လိုက်တယ်။ မြတ်စွာဘုရားမို့ ဒီလိုလျှောက်ဘာပါတဲ့၊ အမှန်ကတော့ အရှင်ဘုရား မြန်မြန်ကြွခဲ့ပါလို့ စိတ်မချပါဘုရား လျှောက်ပြီး မှာတာတဲ့၊ ရေတွေ လည်ပင်းထိတော့မှ လှေကို လွှတ်ပြီးရပ်နေတယ်။

## ပေါက္ခရဝဿမိုးကြီး

မြတ်စွာဘုရားလဲ ကြွတော်မူလို့ ဟိုဘက်ကမ်းရောက်တော့ ဝေသာလီမင်းသားတွေက ရေတွေ လည်ပင်းထိအောင်ဆင်းပြီး ကြိုကြတယ်၊ ကြိုလို့ ရေတွေ လည်ပင်းထိတော့မှ ရပ်ပြီးတော့ မြတ်စွာဘုရား သိတင်းသုံးတဲ့လှေကို လက်နဲ့ဆွဲယူသွားတာ ကမ်းကို ရောက်ရော၊ ကမ်းလဲ ကပ်လိုက်ကရော သူတို့က လျှောက်တယ်....

'ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ကြီးဘုရား၊ လှေပေါ်မှ ဆင်းသက်လို့ ကုန်းတော်ပေါ်သို့ တက်တော်မူရန် အချိန်တန်ပါပြီဘုရား၊ ရှင်တော်ဘုရား....၊ ရောက်ပါပြီဘုရား....' တဲ့။ ဟောဒီလှေပေါ်မှ ဆင်းသက်ပြီး ကုန်းတော်ပေါ်သို့တက်တော်မူပါလို့ ဒီလိုလျှောက်လိုက်တယ်၊ ဒီလို လျှောက်လို့ မြတ်စွာဘုရား လှေပေါ်က နေပြီးတော့ ဝေသာလီပြည်ဘက် ကုန်းတော်ပေါ် ခြေတဘက်ချလိုက်တယ် ဆိုယင်ဘဲ ပေါက္ခရဝဿမိုးကြီး ရွာချလိုက်တာတဲ့၊ ဘယ်လောက်ကြီးတဲ့ မိုးလဲ ဆိုယင် တချို့တလေနေရာ ဒူးလောက်၊ တချို့တလေနေရာ ပေါင်လယ်လောက်၊ တချို့တလေနေရာ ခါးလောက်၊ ချိုင့်ဝှမ်းတဲ့နေရာကျတော့ ခါးလောက် ပေါင်လယ်လောက် ဖြစ်သွားတာပေါ့။

အဲဒီရေတွေထဲမှာ မကောင်းတဲ့ အညစ်အကြေးတွေ အကုန်လုံး မျောသွားတယ်၊ ဝေသာလီပြည်မှာရှိတဲ့ လူသေကောင်ပုပ်တွေ ခွေးသေကောင်ပုပ် နွားသေကောင်ပုပ်တွေ မျောပါသွားလို့ မြေတလင်းကြီး သန့်ရှင်းပြီး ကျန်ခဲ့ရစ်တယ်။

ဒီတော့မှ ဝေသာလီမင်းသားတွေက မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ထီးဖြူလေးစင်း၊ နောက်ပါ သံဃာ

တော်တို့အား ထီးဖြူနှစ်စင်းစီ ဆောင်းမိုးပြီးတော့ ပင့်သွားကြတယ်၊ သုံးယူဇနာဝေးတယ်၊ တယူဇနာမှာ တခါ အနားယူသီတင်းသုံးတော်မူတယ်၊ မနက်လင်းတဲ့အခါ ကြီးကျယ်ခမ်းနားသော အလှူတွေ ပေးလို့ ကျွေးလို့ မွေးလို့ သုံးရက်မြောက်တော့ ဝေသာလီပြည်သို့ ရောက်တော်မူတယ်တဲ့၊ ဝေသာလီပြည် ရောက်တဲ့အခါကျတော့ သိကြားမင်းက နတ်အပေါင်း ခြံရံပြီးတော့ ဘုရားဖူးလာတယ်၊ အဲဒီအခါ တန်ခိုးကြီးတဲ့နတ်တွေ လာတယ်ဆိုယင်ဘဲ ခုတင်က ဘီလူးတွေ ပြေးကြရော၊ တချို့ အကုန်မပြေးဘူး၊ တချို့ ကပ်နေတာရှိတယ်။

ဒီတော့မှ မြတ်စွာဘုရားက အာနန္ဒာကို မိန့်တော်မူတယ်။ 'ချစ်သား အာနန္ဒာ....တဲ့၊ ငါဘုရားထံမှ ရတနသုတ်ကို သင်ယူပြီးတော့ ဝေသာလီမင်းသားတွေနဲ့ ဟောဒီ တံတိုင်းသုံးထပ်တို့ရဲ့အကြားမှာ သွားပြီး ပရိတ်ရွတ်ချေ' လို့ ဒီလိုမိန့်တော်မူတယ်။ ဒီလိုမိန့်တော်မူတော့ အာနန္ဒာကလဲ မြတ်စွာဘုရားရဲ့အမိန့်တော်ကို ဦးထိပ်ထက်တင်ရွက်ပြီး ရတနသုတ်ကို သင်ယူပါတယ်၊ ရတနသုတ်ကိုသင်ယူတယ်လို့ဆိုယင် အာနန္ဒာကအခေါက်ခေါက်အခါခါ သင်မနေရဘူး၊ တခေါက်သင်ပေးလိုက်ရင် အကုန်လုံးရတယ်၊ ပြီးတော့ ဘယ်တော့မှ မမေ့ဘူး၊ ဒါနဲ့ တခေါက်သင်ပေးလိုက်တယ်၊ ရတနသုတ် သင်ယူပြီးတော့မှ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ သပိတ်တော်ထဲမှာ ရေအပြည့်ထဲ့ပြီးတော့ ဝေသာလီပြည် တံခါးပေါက်မှာ နောက်ကဝေသာလီမင်းသားတွေနဲ့ ပရိတ်ရွတ်မလို့ တံတိုင်းအကြား သွားပြီးတော့ တံခါးပေါက်ကို စုံရပ်ပြီး ပရိတ်မရွတ်ခင် ဘာလုပ်

သလဲဆိုတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို သူကဆင်ခြင်တာကိုး၊ဂုဏ်တော် ကျေးဇူးတော်တွေကို ဆင်ခြင်တယ်။

ပဏိဓာနတော ပစ္စယ တထာဂတဿ
ဒသပါရမီယော ဒသဥပ ပါရမီယော၊

ဒါက ရတနသုတ်မဟုတ်သေးဘူး၊ မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေဆင်ခြင်တာပေါ့လေ၊ ခုကာလတော့ ပရိတ်မှန်းဂါဲ ခေါ်တယ်၊ ကြာနေမှာစိုးလို့ မြန်မာလို ပြောကြစို့၊ ဘုရား ဆုကို တောင်းတော်မူသည်မှစပြီးတော့ ဖြည့်ကျင့်တော်မူခဲ့တဲ့ ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယသုံးပါး၊ ကိုယ်တော်မြတ်ရဲ့အဆုံးစွန်သော ဘ၀၌ပဋိသန္ဓေနေတော်မူခြင်း၊ ဖွားတော်မူခြင်း၊ မြတ်သော တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊ဗောဓိပင်နဲ့ ရွှေပလ္လင်၌ မာရ်ငါးပါးကို အောင်မြင်တော်မူခြင်း၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရခြင်းဓမ္မစကြာတရားကို ဟောတော်မူခြင်း၊ လောကုတ္တရာတရားကိုးပါး ဒါတွေဆင်ခြင်တယ်၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေပေါ့။ မြတ်စွာဘုရား ဂုဏ်တော်တွေ ပါရမီတော်တွေ ဖြည့်ကျင့်ခဲ့ရတာတွေ ဆင်ခြင်ပြီးတော့ သတ္တ၀ါတွေကို သနားသောစိတ်နဲ့ ယှဉ်ပြီးတော့ အရှင်အာနန္ဒာက ရတနသုတ်ကို ရွတ်မှာပါဘဲ၊ အခုမရွတ်သေးဘူး။

## ပရိတ်ရွတ်သူ ပြည့်စုံရမည့်အင်္ဂါ

ဒီတော့ ဒို့ဒကာ ဒကာမတွေ ပရိတ်ရွတ်တယ်ဆိုတာ အကျိုးအာနိသင်တကယ်လိုချင်လို့ တကယ်ရချင်တယ်ဆိုယင်လဲ ရွတ်သူ

ဘက်ကအင်္ဂါ ၄ ပါးတဲ့၊ နာသူဘက်က ၄ ပါးတဲ့၊ အဲဒီအင်္ဂါနဲ့ ညီညွတ်ယင်ဖြင့် တန်ခိုးတော် အာနုဘော် အတိုင်းမသိ အကျိုးပေးပါတယ်တဲ့၊ ဒါလေးလဲ လင်္ကာလေး စပ်ထားတာ ရှိတယ်၊ ရွတ်တဲ့ပုဂ္ဂိုလ်များဘက်ကသုံးပါးက–ကိုင်း....လိုက်ဆိုကြ။

သဒ္ဒါလည်းစင်၊ အနက်ထင်၊၊ သက်ဝင်မေတ္တာထား။
ရွတ်ပွါးသူမှာ၊ အင်သုံးဖြာ၊ မှတ်ပါကျမ်းစကား။

ကဲ....ဒါလေး ပြန်ရှင်းကြအုံးစို့၊ သဒ္ဒါလည်း စင်- ဆိုတာ ပရိတ်ရွတ်တော်မူတဲ့ ပုဂ္ဂိုလ်များက သဒ္ဒါမှာ ပုဒ်ပါဒ်အက္ခရာတွေမှန်ကန်စွာပီပြင်စွာရွတ်နိုင်ရမယ်တဲ့၊ အင်္ဂါတပါး၊ ပြီးတော့ ရွတ်လိုက်တဲ့ ပရိတ်တော်တွေ ပါဠိတော်တွေ အနက်အဓိပ္ပါယ်တွေကိုလဲ ကောင်းကောင်းကြီး ရှင်းရှင်းလင်းလင်း နားလည်ရမယ်တဲ့၊ တချက်။ အားလုံးသော သတ္တဝါတွေ အပေါ်မှာလဲ မေတ္တာ ကရုဏာတွေထားရမယ်တဲ့။ ဒီအင်္ဂါတချက်၊ ပေါင်း သုံးချက်ပေါ့။ နောက်တခုတောင် ရှိသေးတယ်။

လာဘ်မငဲ့ကွက်၊ ထည့်ကာစွက်၊မှတ်ချက်အင်လေးပါး။

ရွတ်တဲ့ပုဂ္ဂိုလ်က လာဘ်လာဘမငဲ့ဘဲနဲ့ တကယ့်ကို အန္တရာယ်ကင်းကြပါစေ၊ သတ္တဝါတွေချမ်းသာကြပါစေလို့ စေတနာနဲ့ ရွတ်ရမှာတဲ့၊ ရွတ်တဲ့ဖက်က သဒ္ဒါမှာလဲ ပုဒ်ပါဒ်အက္ခရာတွေ ပီပြင်စွာ ရွတ်ဖတ်တတ်ရမယ်၊ အနက်အဓိပ္ပာယ်တွေလဲ သိရမယ်၊ သတ္တဝါတွေအပေါ်မှာလဲ မေတ္တာကရုဏာထားရမယ်၊ လာဘ် လာဘလဲ မငဲ့ရဘူးလို့ အင်္ဂါလေးပါးရှိပါတယ်တဲ့။

## ပရိတ်နာသူ ပြည့်စုံရမည့်အင်္ဂါ

ပရိတ်နာသူတွေဘက်က အင်္ဂါလဲ ရှိသေးတယ်၊ အဲဒါလေး လိုက်ဆိုရမယ်။

အနန္တရိယ၊ ကံပဉ္စ၊ မရှိတာ အင်္ဂါ။
နိယတဒိဋ္ဌိ၊ ကိလေသိ၊ မရှိ တအင်္ဂါ။
သဒ္ဓါတရား၊ ပြည့်စုံငြား၊ မှတ်သား တအင်္ဂါ။
ရိုသေလေးစား၊ နာယူငြား၊ မှတ်သား တအင်္ဂါ။

ဒါက ဒို့ပရိတ်နာသူရဲ့ဘက်က အင်္ဂါလေးပါး၊ ဒီလိုပြောကြစို့၊ ပရိတ်နာသူဟာ ကံကြီးငါးပါး လွတ်ကင်းရမယ်တဲ့၊ ပဉ္စာနန္တရိယကံ-ဆိုတာရှိတယ်၊ အဲဒီကံကြီးငါးပါးက အမေကိုသတ်တာ တပါး၊ အဖေကိုသတ်တာတပါး၊ ရဟန္တာကိုသတ်တာ၊ မြတ်စွာဘုရားကို သွေးထွက်အောင် လုပ်တာ၊ သွေးစိမ်းတည်အောင်လုပ်တာတဲ့၊ သံဃာသင်းခွဲတာ....အဲဒီကံကြီး ငါးပါးထဲက တပါးပါးကိုပြုလုပ်လို့ ကံကြီးထိုက်ထားတဲ့သူကို ပရိတ်ရွတ်ပေမယ်လို့ သူ့မှာအကျိုးအာနိသင် မရောက်ဖူးတဲ့။ ခုကာလတော့ဒီငါးပါးလဲ လွတ်နေကြတဲ့ လူတွေလို့ချည်းပါဘဲ၊အမေလဲ ဘယ်သူမှ မသတ်ဖူးဘူး၊ အဖေလဲ မသတ်ဖူးဘူး။ ရဟန္တာလဲ မသတ်ဖူးဘူး၊ မြတ်စွာဘုရားလဲ သွေးစိမ်းတည်အောင် မလုပ်ဖူးဘူး၊ သံဃာလဲ သင်းမခွဲဘူးတဲ့။ နောက်တခုက "နိယတဒိဋ္ဌိ ကိလေသိ၊ မရှိဘအင်္ဂါ" လို့ဆိုတာက နိယတဒိဋ္ဌိဆိုတာ မိစ္ဆာဒိဋ္ဌိ အယူကို စွဲစွဲမြဲမြဲယူထားတာပါဘဲ။ ပေးကျိုးလှူကျိုး မရှိဘူး၊ ကံမရှိဘူး၊ ကံရဲ့အကျိုးမရှိဘူး၊ ဟိုဘက်ဘဝမရှိဘူး၊ ငရဲမရှိဘူး၊

နုတ်ပြည်မရှိဘူး၊ အဲဒီလိုယူထားတဲ့အယူ စွဲစွဲမြဲမြဲ ယူထားတာပါဘဲ။ အဲဒီလိုယူထားတဲ့ပုဂ္ဂိုလ်ကို သွားပြီးတော့ ပရိတ်ရွတ်လို့လဲ အကျိုးအာနိသင် မရောက်ဘူးတဲ့။

ဒို့အခု ဒကာဒကာမတွေကတော့ ဒီအယူလဲ ဘယ်သူမှမရှိဘူး၊ ကံ-ကံ၏အကျိုးကို တကယ်ယုံကြည်တဲ့သဒ္ဓါတရား ရှိတယ်တဲ့။ နောက်တခုဒို့ဟာ ပရိတ်ရွတ်လိုက်ယင်ဘုရားရဲ့တန်ခိုးတော်အာနုဘော်တော်၊တရားရဲ့ တန်ခိုးတော် အာနုဘော်တော်၊ သံဃာတော်ရဲ့ တန်ခိုးတော် အာနုဘော်တော်ကြောင့်၊ တကယ့်ကို အိမ်မှာအန္တရာယ်ကင်းပြီးတော့ လာဘ်လာဘတွေတိုးတက်တော့မှာဘဲ၊ချမ်းသာတော့မှာဘဲလို့ ယုံကြည်တယ်၊ သဒ္ဓါတရားပြည့်စုံတာတဲ့၊ဒီအင်္ဂါကတချက်။ နောက်တခုကတော့ နာတဲ့အခါမှာ ရိုရိုသေသေ လေးလေးစားစားနာရမယ်တဲ့။

နာသူဘက်ကလေးပါး- (၁) ကံကြီးငါးပါး မရှိခြင်းတပါး (၂) နိယတမိစ္ဆာဒိဋ္ဌိ အယူမရှိခြင်းတပါး (၃) သဒ္ဓါတရား ယုံကြည်မှုရှိခြင်းတပါး (၄) ရိုရိုသေသေ လေးလေးစားစား နာရခြင်းတပါး၊ ဤအင်္ဂါလေးပါးနဲ့ ပြည့်စုံရမယ်တဲ့။ ဤကဲ့သို့ရွတ်သူ နာသူ ဒီအင်္ဂါနဲ့ပြည့်စုံယင်ဖြင့် အကျိုးအာနိသင်လဲ ပြည့်စုံတော့တာဘဲတဲ့။

အခု အရှင်အာနန္ဒာ ရွတ်တဲ့အခါ ပေါ်လာပါလိမ့်မယ်။ အရှင်အာနန္ဒာက အဲဒီလို မြတ်စွာဘုရားရဲ့ဂုဏ်တော် ကျေးဇူးတော်တွေ ဆင်ခြင်အောက်မေ့ပြီးတော့ "ကာရုညစိတ္တံ ဥပဋ္ဌပေတွာ"အော် ကပ်ဆိုက်နေလို့ ဘေးရောဂါဖြစ်နေတဲ့ သတ္တဝါ

တွေကို သနားပြီးတော့ ရွတ်လိုက်တာ ဘာရွတ်လိုက်သလဲ ဆိုတော့–

"ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝါ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။
တသ္မာဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါစ ရတ္တောစ ဟရန္တိ ယေဗလိံ၊
တသ္မာဟိ နေရက္ခထ အပ္ပမတ္တာ"လို့ ဒါလေး ရွတ်လိုက်တယ်။

ဣဓ၊ ဤပရိတ်ရွတ်ရာအရပ်၌။ ဘုမ္မာနိ၊ မြေ၌ တည်ကုန်သော။ ယာနိ ဘူတာနိဝါ၊ အကြင်နတ်တို့သည်ငှင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ဌိတာနိ၊ တည်ကုန်သော။ ယာနိ ဘူတာနိဝါ၊ အကြင်နတ်တို့သည်ငှင်း။ သမာဂတာနိ၊ အညီအညွတ် လာကြကုန်၏။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ နတ်တို့သည်။ သုမနာ၊ ဝမ်းမြောက်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ အထောပိ၊ ထိုမှတပါးလည်း။ ဘာသိတံ၊ ဟောတော်မူအပ်သော ပရိတ်တော်ကို။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏန္တု၊ နာစေကုန်သတည်း။

ဘူတာ၊ နတ်များတို့။ ယသ္မာ၊ အကြင့်ကြောင့်။ တုမှေ၊ သင်တို့သည်။ မြမ္မသဝနတ္ထာယ၊ ပရိတ်တော်ကို နာအံ့သောငှာ။ သမာဂတာ၊ အညီအညွတ်လာကြကုန်၏။ တသ္မာဟိ၊ ထိုကြောင့်

သာလျှင်။ နိဿာမေတ၊ နာကြကုန်လော့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော နတ်တို့သည်။ မာနုသိယာ၊ လူဖြစ်သော။ ပဇာယ။ သတ္တဝါအား။ မေတ္တံ၊ ချစ်ခြင်းကို။ ကရောထ၊ ပြုကြကုန်လော့။ ယေ၊ အကြင်လူတို့သည်။ ဒိဝါစ၊ နေ့၌ရင်း။ ရတ္တောစ၊ ညဥ့်၌ရင်း။ တုမှေ၊ သင်နတ်တို့ကို။ ဥဒ္ဒိဿ၊ ရည်ရွယ်၍။ ဗလိံ၊ ပူဇော်သက္ကာကို။ ဟရန္တိ၊ ဆောင်ကုန်၏။ တော၊ ထိုသူတို့ကို။ အပ္ပမတ္တာ၊ မမေ့မလျော့ကြကုန်သည်ဖြစ်၍။ ရက္ခထ၊ စောင့်ရှောက်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု....။

ဒါလေးတပုဒ်ထဲရွတ်ထာတဲ့ အဓိပ္ပါယ်ကတော့ အခု ပရိတ်ရွတ်တဲ့နေရာမှာတဲ့ ဘယ်နေရာရွတ်ရွတ် ရွတ်တဲ့နေရာပေါ့၊ အဲဒီပရိတ်ရွတ်တဲ့နေရာမှာ မြေ၌တည်တဲ့ နတ်တွေ၊ ကောင်းကင်၌တည်တဲ့နတ်တွေ၊ ရုက္ခစိုး ဘုမ္မစိုး စတုမဟာရာဇ် တာဝတိံသာနတ်တွေ၊ ဒီနတ်တွေကလဲ ပရိတ်နာလာကြတယ်၊ အထက်မှာ ယာမာ တုသိတာ နိမ္မာနရတိ အစရှိတဲ့နတ်တွေ၊ အဲဒီနတ်တွေကလဲ ပရိတ်တော် တရားတော်နာဘို့ရန် လာကြပါတယ်တဲ့၊ ဒီတော့ အားလုံးသော မြေ၌တည်တဲ့နတ်တွေ ကောင်းကင်၌ တည်တဲ့နတ်တွေ သင်တို့တတွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါစေတဲ့၊ ပြီးတော့ သင်တို့ပရိတ်တရားတော်ကို ရိုရိုသေသေ လေးလေးစားစားနဲ့ နာကြပါတဲ့။

## ဗလိနတ်စာ ကျွေးတယ်ဆိုတာ

နောက်တခု သင်တို့တတွေ ဟောဒီလူတွေကို ချစ်ခြင်းမေတ္တာထားကြပါတဲ့၊ လူတွေကို စောင့်ရှောက်ကြပါတဲ့၊ ဘာ

ပြုလိုတုန်းဆိုတော့ လူတွေကလဲဘဲ သင်တို့ကို နေ့ရောညရော ပူဇော်သက္ကာရကို ပြုကြပါတယ်တဲ့၊ ဗလိ ၊ ပူဇော်သက္ကာကို အဲဒီလိုပူဇော်သက္ကာရကို ပြုကြပါတယ်တဲ့၊ ဒါကြောင့်သင်တို့က ဒီလူတွေကိုစောင့်ရှောက်ကြပါ။မေ့မေ့လျော့လျော့နဲ့ ပစ်မထား ကြပါနဲ့ အမှတ်တမဲ့ မနေပါနဲ့တဲ့။

ဒီအထဲမှာ ဗလိ ၊ ပူဇော်သက္ကာကို။ ဟရန္တိ၊ ဆောင်ကုန်၏။ ဗလိနတ်စာကြွေးတယ်ဆိုတာ ဘာတွေလုပ်ရမှာတုန်း၊ ငှက်ပျော ပွဲတွေ အုန်းပွဲတွေနဲ့လုပ်ရမှာလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ ကုသိုလ်လုပ်တိုင်းလုပ်တိုင်း အားလုံးသော နတ်ကောင်း နတ်မြတ် တို့အား အမျှဝေတာပါဘဲ၊ ဤကဲ့သို့ ဗလိ ၊ ပူဇော်သက္ကာကို။ ဟရန္တိ၊ ဆောင်ကုန်၏....လို့ ဆိုပါတယ်တဲ့။သင်တို့ကိုလဲ လူတွေက ကုသိုလ်ကောင်းမှု ပြုလုပ်တိုင်း ပြုလုပ်တိုင်း အမျှအတမ်းတွေ ဝေပါတယ်တဲ့။

### ပရိတ်ရေ၏ အစွမ်း

ဒါကြောင့်မို့ သင်တို့ကလဲ ဟောဒီ လူတွေပြန်ပြီးတော့ စောင့်ရှောက်ကြပါလို့ ဒီလိုရွတ်ပြီးတော့ သပိတ်ထဲက ပရိတ် ရေကိုယူပြီး ကောင်းကင်ပြင်မှာ လက်ခုပ်နဲ့ပက်လိုက်တာ ရေတွေ ကောင်းကင်ပျံတက်သွားတယ်၊ တက်သွားပြီးတော့ ဒီရေပေါက် တွေက ဘယ်ပြန်ကျတုန်းဆိုတော့ ပြန့်နှံ့ပြီးတော့ ပြန်ကျလာတဲ့ အခါ ဝေသာလီပြည်မှာ ရောဂါဖြစ်နေတဲ့ လူတွေရဲ့အပေါ် သွားကျတယ်၊ ဒီပရိတ်ရေပေါက်တွေ ကျလိုက်တယ် ဆိုယင်ဘဲ တခါထဲ လူကောင်းပကတိ ချက်ခြင်းဖြစ်သွားတယ်၊ ပိန်းကြာ ဖက်ပြင် ရေမတင်သို့ တခါထဲရောဂါတွေကင်းစင်ပြီး လူကောင်း

ပကတိဖြစ်သွားတာတဲ့။ ပရိတ်ရေရဲ့တန်ခိုးဟာ ဘယ်လောက် စွမ်းတယ်ဆိုတာ ကြည့်ပေတော့။ ဒို့ခုကာလဆေးတွေစွမ်းတယ် ဆိုတာ ဆေးနှစ်လုံး သုံးလုံး ထိုးရအုံးမှာ၊ သုံးရက် လေးရက် ကုရအုံးမှာ၊ ရေလေးတပေါက်ထဲနဲ့ ချက်ခြင်းပျောက်တယ်၊ ရောဂါအခြေအနေ ဘယ်လောက်ဆိုးတဲ့လူတွေလဲ၊ တချို့လဲ လူးလှိမ့်နေရတယ်၊ တချို့လဲ ကယ်ပါယူပါတစာစာနဲ့၊တချို့လဲ ဆန့်ငင်ဆန့်ငင်နဲ့ တချို့ကလဲဘဲ မေ့နေတယ် တချို့ကလဲ အသက်ကလေးတောင် မှန်မှန်မရှူနိုင်ဘူး၊ ပါးစပ်ကလေး ဟပ်ပက်ဟပ်ပက် ဖြစ်နေတယ်၊ အဲဒီလို ရောဂါသယ်တွေရဲ့ အပေါ် ဒီကနေပြီး တော့ သပိတ်တော်ထဲက ပရိတ်ရေ ယူပက်လိုက်တာ အဲဒီအပေါ်ရေပေါက်လေးတွေ သွားကျပြီး တခါထဲ ရောဂါကင်းပျောက်သွားတယ်၊ သန့်ရှင်းသွားရောတဲ့။ အဲဒီလိုရောဂါကင်းပျောက်သွားတော့မှ ဒီလူတွေကတခါထဲ လူ ကောင်းပကတိ ပြန်ဖြစ်လာတော့ အိပ်ရာထဲကထ-ရှင်အာနန္ဒာ့ရဲ့ နောက်ကလိုက်ပြီးတော့လာကြတယ်၊ လိုက်လာတော့ ရွှေတပုဒ် ဆက်ရွတ်တယ်။ သစ္စာဆိုတဲ့ဂါထာပါဘဲ။

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဒီလိုရွတ်လိုက်တယ်။ ခုဘုန်းကြီးတို့ ရွတ်နေတာတွေပါဘဲ။

ဣဓ ဝါ၊ ဤလူ့ပြည်ရှင်း။ ဟုရံ ဝါ၊ နဂါးပြည်တို့၌ရှင်း၊ သဂ္ဂေသု ဝါ၊ နတ်ပြည်တို့၌ရှင်း၊ ယံကိဉ္စိ၊ အလုံးစုံသော၊ ဝိတ္တံ၊

နှစ်သက်ခြင်းကိုဖြစ်စေတတ်သော၊ ပဏီတံ၊ မွန်မြတ်သော၊ ယံရတနံ၊ အကြင်ရတနာသည်၊ အတ္ထိ၊ ရှိ၏။ တထာဂတေန၊ မြတ်စွာဘုရားနှင့်၊ သမံ၊တူသော၊ တံ၊ ထိုရတနာသည်၊ နော အတ္ထိ၊ မရှိ။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၏၊ ဣဒမ္ပိရတနံ၊ ဤရတနာ၏ အဖြစ်သည်လည်း၊ပဏီတံ၊ မြတ်၏၊ ဧတေနသစ္စေန၊ ဤသစ္စာ စကားကြောင့်၊ပါနိနံ၊ သတ္တဝါတို့အား၊ သုဝတ္ထိ၊ ချမ်းသာခြင်း သည်၊ ဟောတု၊ ဖြစ်စေသတည်း။

သာဓု .... သာဓု .... သာဓု ....

ဒါကလူ့ပြည်မှာ အလွန်တရာနှစ်သက်ကြတဲ့ ရတနာတွေဆို တာရှိတယ်တဲ့၊နီလာ စိန်ရွှေ ပုလဲ ပတ္တမြား ရတနာတွေပေါ့၊ ရွှေငွေစိန်ကျောက်တွေကို လူတွေသိပ်နှစ်သက်တာဘဲ၊ ဒါတွေ ဘယ်သူမှမခွာနိုင်ဘူး၊ ဘယ်သူမှမပြစ်နိုင်ဘူး၊ အဲဒါလောက်နှစ် သက်ဘွယ်ကောင်းတဲ့ ရတနာတွေဆိုတာ ရှိပါတယ်တဲ့။ လူ့ပြည် တွင် ရှိတာမဟုတ်ဘူး၊ အလွန်တရာ နှစ်သက်ဖွယ်ကောင်းတဲ့ ရတနာတွေဟာ နဂါးပြည်မှာလဲရှိတယ်၊ ဂဠုန်ပြည်မှာလဲရှိ တယ်၊ နတ်ပြည်မှာလဲရှိတယ်၊ ဗြဟ္မာ့ပြည်မှာလဲရှိတယ်။

နီလာစိန်ရွှေ ပုလဲပတ္တမြား ရွှေငွေစိန်ကျောက်တွေဆိုတဲ့ အဲဒီ ရတနာတွေဟာ လူ့ပြည်မှာရှိတယ်၊ နဂါးပြည် ဂဠုန်ပြည်မှာ ရှိတယ်၊ နတ်ပြည်မှာရှိတယ်၊ ဗြဟ္မာ့ပြည်မှာ ရှိတာအမှန်တဲ့၊ တကယ်နှစ်သက်အပ်တာလဲအမှန်၊ မြတ်နိုးအပ်တာလဲ အမှန်တဲ့၊ ဒါပေမယ့်လို့ အဲဒီရတနာတွေဟာ ဘုရားရတနာနဲ့ စာလိုက်ရင် ဘုရားရတနာကမြတ်တယ်၊ တရားရတနာကမြတ်တယ်၊ သံဃာ ရတနာကမြတ်တယ်၊ ဒီရတနာတွေက မြတ်တယ်၊ ဒီလောက်

ရတနာတွေထက် ဘုရားရတနာက မြတ်တာမှန်ယင် တရား ရတနာက မြတ်တာမှန်ယင် သံဃာရတနာက မြတ်တာမှန်ခဲ့ယင် ဟောဒီသတ္တဝါတွေ ချမ်းသာကြပါစေ၊ ကျမ်းမာကြပါစေလို့ ဒီလိုရွတ်ပြီးတော့ တခါထဲ သပိတ်တော်ထဲကရေကို ကောင်း ကင် မက်လိုက်တယ်။

## ပရိတ်ရေထိမခံနိုင်

လက်ကလေးတွေနဲ့ ယူပြီးတော့ ပက်လိုက်တာနဲ့ ဒီရေတွေ က ကောင်းကင်တက်သွားတယ်၊ တက်သွားပြီးတော့မှ ပြန်ကျ လာတယ်၊ဘယ်ကျသွားတုန်းဆိုတော့ ခုနင်ကတန်ခိုးကြီးတဲ့ နတ် တွေလာတုန်းက မပြေးဘဲနဲ့ကပ်ပြီးကျန်နေတဲ့ ဘီလူးတွေအပေါ် သွားကျတယ်၊ ပြေးလိုက်တဲ့ဘီလူးတွေတဲ့၊ ပရိတ်ရေနဲ့ ဘီလူးနဲ့ လုံးလုံးမတဲ့ဘူး၊ ခေါင်းပေါ်ဗုံးချတာကမှ နောက်လှည့်ကြည့်ဝံ့ လိမ့်အုံးမယ်၊ ပရိတ်ရေလာလိုက်တာ ဘီလူးတွေ နောက်လှည့် မကြည့်ဝံ့ဘူး၊ ခြေဦးတဲ့ရာပြေးလိုက်တာ တကာထဲ ဝေသာလီ ပြည်မှာရှိသမျှ တံခါးပေါက်တွေအကုန်လုံး ဘီလူးတွေနဲ့တစ် နေတယ်၊ နောက်ကျတဲ့ဘီလူးတွေကလဲ မနေဝံ့တော့ မြို့ရိုးကိုတိုး ပြီး ပြေးရတယ်၊ တချို့ တက်ပြေးကြတယ်။ ပရိတ်ရေကို ဒါ လောက်တောင်ကြောက်တယ်။ ဒါကြောင့်မို့—

ဒါလေး လိုက်ဆိုရမယ်။

ပရိတ်ရေပန်း ပက်ဖြန်းသောခါ၊
ဘေးရောဂါများ ပျောက်သွားမြန်စွာ၊
ရန်သူဘီလူး အထူးကြောက်ခါ၊
အုတ်မြို့ရိုး တိုးလျှိုးပြေးရပါ။

## ပရိတ်ရေ ပရိတ်သဲ သုံးပုံ

ဒီထဲမှာ ဒို့တခုမှတ်ထားစရာရှိတယ်၊ ပရိတ်ရွတ်တဲ့အခါမှာ ပရိတ်သဲတွေ တဝန်းလုံး တခြံလုံးပက်ရမယ်၊အဲဒီလိုပရိတ်သဲတွေ၊ တဝန်းလုံး တခြံလုံးပက်လိုက်ယင် ဘယ်နေရာမှ မနေနိုင်ဘူး ပြီးတော့ ထရံကြို့ထရံကြား၊ နံရံမှာ မှီနေမှာစိုးလို့ နံရံကို ပရိတ်ချည်ကလေးနဲ့ ပတ်ထားရတယ်၊ ချည်လေးတွေနဲ့ပတ်၊ ပရိတ်ရေလေးတွေနဲ့ပက်၊ အဲဒီလိုပက်လိုက်ယင် ပြေးတော့တာဘဲ။

အရှင်အာနန္ဒာ ဒီလိုရွတ်တော့ ဘီလူးတွေလဲပြေးပြီ၊ ဘေးကြီးသုံးပါးလဲငြိမ်းအေးသွားတယ်၊ ဒီတော့ မြတ်စွာဘုရားရှင်ကို ဝေသာလီမင်းသားတွေက ဝေသာလီပြည် မြို့လယ်မှာ ဓမ္မာရုံမဏ္ဍပ်ကြီးထိုးလို့ တရားပွဲကြီးစီစဉ်တယ်၊ ရတနာပလ္လင်ကြီးခင်းလို့၊ ရတနာပလ္လင်ကြီးမှာ ရေမွှေးနံ့သာတွေ ပက်ဖြန်းလို့ မြတ်စွာဘုရား တရားဟောဘို့ ဒီအပေါ်မှာ သီတင်းသုံးဘို့ သိကြားမင်းကလဲ နတ်အပေါင်းခြံရံပြီး တရားနာ လာတယ်၊ ရဟန်းသံဃာတွေကလဲ တရားနာဘို့ ရောက်လာပြီး မြတ်စွာဘုရားနား ဆည်းကပ်နေကြတယ်၊ အရှင်အာနန္ဒာကလဲ ဒို့အနာရောဂါပျောက်ကင်းပြီးသား လူတွေ ဝေသာလီမင်းသားတွေနဲ့ လာပြီး တရားနာပါတယ်တဲ့။

အဲဒီတရား ပွဲကြီးမှာ မြတ်စွာဘုရားဘာဟောသလဲ ဆိုတော့ ရတနသုတ်ကိုဟောပါတယ်၊ ရတနသုတ်ထဲမှာလဲဘဲ၊ သစ္စာလေးပါးတရားပါပါတယ်၊ ဒီတော့ ပရိတ်ရွတ်တာကြည့်စမ်း၊ အခုနှစ်ပုဒ်ထဲရယ်၊ ဘုန်းကြီးတို့အခုရွတ်ရတာ နဲတာမဟုတ်ဖူး၊ပရိတ်တွေ သာသာထိုးထိုး ရွတ်နေရတာ၊အဲဒီတုန်းက အရှင်အာနန္ဒာ

က ဒါလေးနှစ်ပုဒ် ရွတ်လိုက်တာနဲ့ ဘီလူးတွေရော ရောဂါတွေရော အကုန်လုံးကင်းသွားဒါဘဲ။ ဒီတော့ ဒို့ရှုနည်း မှတ်နည်းလေး သစ္စာလေးပါးဟောကြစို့ရဲ့။ ရိပ်သာဆိုတော့ လုံးလုံးကင်းသွားလို့လဲ မတော်ဘူး၊ နောက်ပိုင်းမှာလဲ မှတ်စရာတွေ အများကြီးပါပါတယ်။

ကိုင်း- သစ္စာလေးပါးဆိုရမယ်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဒါ သစ္စာလေးပါး အစဉ်လေးပေါ့၊ အဓိပ္ပာယ်ပြောကြအုံးစို့။

ဒုက္ခသစ္စာ၊ ဆင်းရဲအစစ်အမှန်၊
သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်၊
နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ အစစ်အမှန်၊
မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းရာ ဆိုက်ရောက်ကြောင်း
အကျင့်လမ်းကောင်း အစစ်အမှန်၊

## ဒုက္ခ သစ္စာ

ဒုက္ခသစ္စာ၊ ဆင်းရဲအစစ်အမှန်။ ဒုက္ခသစ္စာဆိုတာ ဆင်းရဲအစစ်အမှန်ပါဘဲ၊ ဆင်းရဲ အစစ်၊ တကယ့်ကို ဆင်းရဲတယ်၊ အဟုတ်ကိုဆင်းရဲတယ်။ အဲဒါကို လိုက်ရှာတော့ ဘယ်မတုန်းဆို ဒို့အခုထိုင်နေတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့ ခေါ်တယ်၊ ဒုက္ခသစ္စာ....ဒုက္ခသစ္စာနဲ့ အော်- စာအုပ်ထဲမှာ လေလား၊ သူများပြောတာလေလား၊ ဘယ်သူများ ပြောနေတာပါလိမ့်လို့ တွေးမနေနဲ့တဲ့။ မိမိကိုယ်ကြီးကို ဘာခေါ်ကြမယ် (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာရှာတော့ ဘယ်မှာတွေ့ဘယ် (မိမိကိုယ်မှာပါဘုရား)။ မိမိကိုယ်မတွေ့ဘူးလား(တွေ့ပါ

တယ် ဘုရား)။ အေး- ဒါကြောင့်မို့ ဆရာတော်ဘုရားကြီးက အကျဉ်းချုပ် ရေးထားတယ်၊ ဟိုပါဠိတော်ကတော့ 'ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ'၊ အေး- ဒီခန္ဓာငါးပါးဟာ ဒုက္ခသစ္စာဘဲတဲ့၊ အဲဒါလင်္ကာလေးကို ကဲ- တခေါက်လိုက်ဆိုရမယ်။

စွဲလန်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။

ဒုက္ခသစ္စာရှာလိုက်တော့ အော်-ဒီခန္ဓာငါးပါးတဲ့၊ ခန္ဓာငါးပါးအကျဉ်းချုံးလိုက်တော့ ရုပ်နာမ် နှစ်ပါးပဲ။ ဟောဒီ ခန္ဓာကြီး ဘာ့ကြောင့် ဒုက္ခသစ္စာဆိုရသလဲဆိုယင် သူဘယ်က လာခဲ့တာတုန်း၊ ဇာတိ-ဒုက္ခ။ အော် ဇာတိပိဒုက္ခာ၊ သူ လာစဉ်အခါတုန်းက ပဋိသန္ဓေနေခဲ့ရတယ်၊ အဲဒီစဉ်အခါတုန်းက အမိဝမ်းထဲမှာ ပဌမစစခြင်း ပဋိသန္ဓေနေခဲ့ရတယ်၊ အစာဟောင်း အိမ်ပေါ်မှာထိုင်လို့၊ အစာသင်အိမ်ကိုခေါင်းပေါ်မှာ ရွက်လို့ လက်နှစ်ဖက်ကိုပိုက်လို့ ဒူးနှစ်ဖက်ကို မေးတင်ပြီးတော့(၉)လ (၁၀)လ မစင်ဘင်ပုပ်တွေကြားထဲမှာ နေခဲ့ရတာတဲ့၊ ညောင်းလို့လဲ မလှုပ်သာဘူး၊ အဲဒီလို ဆင်းဆင်းရဲရဲ (၉)လ၊(၁၀)လ နေခဲ့ရတယ်။ ဒါကြောင့်မို့ အော်-ဒီခန္ဓာကြီးဟာ အစကထဲက ဆင်းရဲလာတာ၊ နောက်ထွားလာပြန်တော့ကော အိုရာ နာရာ သေရာ တခါထဲ တန်းသွားနေတာ၊ သူ့အလုပ် သူလုပ်နေတာဘဲတဲ့။

အိုနာသေသို၊ မောင်းနှင့်ပို၊ လူတို့ မမြဲပါတကား။

ဒီပဋိသန္ဓေနေလာလို့ရှိယင်တော့ သေသေချာချာ အိုရတော့မှာဘဲ၊ တောင်းပန်လို့မရဘူး၊ တားဆီးလို့မရဘူး၊ အိုယင်-နာရလိမ့်မယ်၊ နာယင်-သေရလိမ့်မယ်၊ အဲဒီ အိုနာသေတွေနဲ့ တွေ့

လာ ယင်စိုးရိမ်ပူဆွေးရလိမ့်မယ်၊ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ဒီခန္ဓာကိုယ်ကြီးမှိုဖြစ်ရတာတဲ့၊ ဒါကြောင့်မို့ အောဒုက္ခအစစ်တဲ့၊ အဲဒါကိုဘဲ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အတိုချုပ်လေး ရေးထားတယ်၊ ကဲ....လိုက်ဆိုကြရမယ်-

ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးအိုနာကျင်
နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာ ဆင်းရဲပင်။

တခါတလေ စိတ်ဆင်းရဲရ၊ တခါတလေ ကိုယ်ဆင်းရဲရ၊ ချောင်းဆိုးရ၊ ခေါင်းကိုက်ရ၊ ဝမ်းနာရ၊ အမျိုးမျိုး ဒုက္ခတွေနဲ့ တွေ့နေတာ ဒီခန္ဓာကြီးရှိနေလို့ပေါ့။ တခါတလေ စိတ်ထဲမှာ မချမ်းသာဘူး၊ တခါတလေမဟုတ်ဘူး မချမ်းသာတဲ့ အချိန်က များတယ်၊ အဲဒါဒုက္ခတွေတဲ့၊ ဒုက္ခအစစ်တွေတဲ့။ မုန်းသူနဲ့ တွဲလို့လဲ ဆင်းရဲရတယ်၊ ချစ်သူနဲ့ကွဲလို့လဲ ဆင်းရဲရတယ်။ ကဲ.... ဒါလေးလိုက်ဆို-

မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်။

အေး....မုန်းတဲ့သူနဲ့များနေရယင်ဖြင့် နေရတာမပြောနဲ့တော့ လမ်း မရှောင်သာလို့ တွေ့တောင်မှ မျက်နှာပျက်သွားတယ်၊ အော် .... ငါမကြည့်ချင်တာကြီးနဲ့မြင်ရ တွေ့ရ၊ မကြားချင်တာ ကြားရ၊ စိတ်ထဲမကောင်းဘူး၊ မျက်နှာပျက်သွားတယ်၊ ဆင်းရဲ တယ်တဲ့။ ချစ်တဲ့သူနဲ့ကွဲပြန်တော့လဲ တလိန်လိန် တလွန့်လွန့်နဲ့ ပူဆွေးပြီးတော့ တွေးပြီးဆွေးနေရလို့ ဆင်းရဲတယ်။ ဒါကြောင့် 'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော'လို့ ဟောတော်မူတယ်၊ ချစ်သားတို့တဲ့၊ ဒီခန္ဓာကြီး ရှိထားလို့ရှိယင် ဆင်းရဲကြီးပါဘဲတဲ့။

မရတာကို၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်။

အော်း .... ကိုယ်ဖြစ်ချင်တာလေး မဖြစ်ရယင် ဒုက္ခကွ တဲ့။ "ယံပိစ္ဆံ နလဘတိ တံပိဒုက္ခံ" အော်....ဒို့ဖြစ်ချင်တာလေးများ မဖြစ်ရယင် အခုလောကမှာ ကိုယ်တိုင်တွေ့နေကြရတာဘဲ၊ ကိုယ်ဖြစ်ချင်တာလေး မဖြစ်ရ၊ ကိုယ်ကြားချင်တာလေး မကြားရ၊ အော်း....ကိုယ်ကမအိုချင်ဘဲနဲ့ အိုသွားရ၊ မနာချင်ဘဲနဲ့ နာသွားရ၊ မသေချင်ဘဲနဲ့သေရ၊ အဲဒါတွေမဖြစ်ချင်တာတွေ ဖြစ်ချင်တာတွေ ဖြစ်နေရတာလဲ ဒုက္ခတဲ့။ ဟောဒီ ဒုက္ခတွေဖြစ်နေရတာ ဘာ့ကြောင့်တုန်းဆိုတော့-

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။

ကိုင်း- ဒါလေးလိုက်ဆို-

၁။ ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။
၂။ ငါငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။
၃။ ရုပ်ဝေသညာ၊ သင်္ခါရာ၊ ဝိညာ ဏ်ငါးတန်။

အထင်လွဲနေကြလို့

ခပ်တိုတို ဖြတ်ပြောကြစို့နော်။ အဲဒီတော့ ဒို့အခု ဟောဒီ ခန္ဓာငါးပါးကြောင့်တဲ့။ ဒီခန္ဓာငါးပါးကို အထင်လွဲနေလို့ အထင်လွဲပြီး သာယာနေလို့ ဒီနှစ်ချက်မှတ်။ ထင်လွဲသာယာတဲ့။ ထင်လွဲတာကတခု၊သာယာတာကတခု။အထင်လွဲတာဘာ့ကြောင့် အထင်လွဲတုန်းဆိုတော့ လွဲနေတာ မမှန်လို့ပေါ့၊ ဘာ့ကြောင့် အမှန်မသိတုန်း-အမှန်မသိတာ အမှန်ရှိတကယ်ရှိကရုပ်နှင့်နာမ်တဲ့၊ အဲဒီရုပ်နာမ်ကို ရုပ်နာမ်မှန်းမသိတော့ သူကောင် ငါကောင် ထင်တယ်၊ ငါ့သားလို့ထင်တယ်၊ငါ့သမီးလို့ထင်တယ်၊ ငါ့ဇနီးလို့

ထင်တယ်၊ မနက်လင်းလာလို့ မျက်စိကဖွင့်ကြည့်လိုက်ရင် မြင်လာပြီ၊ အမယ်လေး....ငါ့သားဟဲ့၊ ငါ့သမီးလေးဟဲ့လို့ အဲဒီလို ဖြစ်လာတာတဲ့၊ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ ရုပ်နာမ်ကို မမြင်တော့ သားလို့လဲထင်တယ်၊ သမီးလို့လဲထင်တယ်၊ အဲဒီသား သမီး ထင်နေတာအထင်လွဲနေတာဘဲတဲ့။ ဒါကြောင့် အထင်လွဲတာတဲ့။

အဲဒီလိုငါ့သားလေးထင်တော့ အမယ်လေး ငါ့သားလေး ကျန်းကျန်းမာမာနဲ့ ဝဝဖြိုးဖြိုးနဲ့ အလှတိုးနေတယ်....၊ ငါ့သမီးလေး ကျန်းကျန်းမာမာနဲ့ ဝဝဖြိုးဖြိုး အလှတိုးနေတယ်၊ အမယ်လေး ကြီးလာလိုက်တာ၊ စာမေးပွဲကအောင်လို့နဲ့ သာယာနေတာ၊ သားလေးဆိုတော့ချစ်လာ၊သမီးလေးဆိုတော့ချစ်လာ၊ အဲဒီချစ်လာတာဟာ တဏှာတဲ့၊ အထင်လွဲလို့ ရုပ်နာမ်မမြင်လို့ ချစ်တာတဲ့၊ အဲဒါကြောင့်....

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။

ဘယ်လိုစွဲလမ်းသလဲဆိုတော့၊ သားလို့-သမီးလို့-ငါလို့ ငါ့ဥစ္စာလို့ထင်ပြီးစွဲလမ်းတယ်၊ ငါကောင်းသူကောင်းထင်ပြီးတော့လဲ စွဲလမ်းတယ်၊ ဘယ်သူ့အပေါ် စွဲလမ်းတာလဲဆိုတော့ "ရုပ်ဝေ သညာ၊ သင်္ခါရာ၊ ဝိညာဏ်ငါးတန်"တဲ့။ ခန္ဓာငါးပါးကို သွားပြီးတော့ စွဲနေတာတဲ့။ ရုပ်နာမ်နှစ်ပါးကို ယောကျ်ား မိန်းမ သူငါထင်ပြီးတော့ စွဲနေတာတဲ့၊ တကယ်တော့ သားမရှိပါဘူး၊ သမီးမရှိပါဘူးတဲ့၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိဘူးတဲ့၊ ငါကောင်း သူကောင်းဆိုတာမရှိဘူး၊ ရုပ်နာမ်သာရှိတယ်။ အဲဒီရုပ်နာမ် ခန္ဓာငါးပါးက ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါးပါဘဲ။ ဘယ်က လာတာတုန်းဆိုတော့ သမုဒယက လာတာပါတဲ့။

## သမုဒယသစ္စာ

သမုဒယဆိုတာ ဘာတုန်းဆိုတော့ သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်တဲ့။ သမုဒယသစ္စာဆိုတာ ဘာတုန်းဆိုတော့–လောဘတဲ့၊ လောဘ-ဆိုတာ လိုချင်တာတဲ့၊ ဒို့ပရိသတ်ကြီး သမုဒယသစ္စာဆိုတာ ဘာတုန်း (လောဘပါဘုရား)၊ လောဘဆိုတာဘာကိုခေါ်တယ်(လိုချင်တာပါဘုရား)၊ အဲဒီလိုချင်တာလေးက ဘယ်နားမှာရှိတုန်း၊ သူကပုံသဏ္ဌာန်အားဖြင့် ပြောလို့လဲမရဘူး၊ အလုံးလား–အဝိုင်းလား အရှေလားဒီလိုပြောလို့လဲမရဘူး၊ အာရုံလေးက ကောင်းလာယင် ပေါ်လာတာဘဲ၊ ဘယ်က ပေါ်လာမှန်း မသိဘူးတဲ့၊ သဘောတရားကလေးတဲ့၊ အဲဒီလိုချင်တဲ့ သဘောတရားလေး ပေါ်လာတာဟာ သမုဒယသစ္စာတဲ့။ အဲဒီလိုချင်တော့ ရအောင်လုပ်ရတယ်၊ ရအောင်လုပ်လို့ရတာက ဒုက္ခသစ္စာတဲ့။ ဥပမာတခု–ဒီရုပ်နာမ် နှစ်ပါးကို ငါ သင်ထားတယ်၊ ငါသင်ထားတော့ အော်-ငါမော်တော်ကားစီးရအောင်၊ ငါတိုက်နဲ့နေရအောင်၊ ငါစိန်လက်စွပ်ဝတ်နိုင်အောင်၊ ရေဒီယိုပန်ကာနဲ့နေနိုင်အောင်လို့ မြင်လာတယ်၊ အဲဒီမော်တော်ကားစီးချင်တာ၊ တိုက်နဲ့နေချင်တာ ဘာသစ္စာတုန်း ဒို့ပရိသတ်ကြီး (သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် မော်တော်ကားစီးချင်တော့ မော်တော်ကား ဝယ်ရအောင် ပိုက်ဆံမရှာရပေဘူးလား၊ အဲ....ရှာရမယ်၊ ဟိုသွားဒီသွားကုန်းကြောင်းကသွားရ၊ ရေကြောင်းကသွားရ၊ တောလမ်းကသွားရ၊ မှောင်မိုက်ထဲကသွားရ၊ အဲဒါက ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါဘုရား)၊ ဒီသွားလာနေရတဲ့ ဒုက္ခသစ္စာဟာ ဘယ်ဘူ

ကြောင့်ဖြစ်တယ်(သမုဒယကြောင့်ပါဘုရား)၊ အေး....သမုဒယ ကြောင့် ဒုက္ခဖြစ်တယ်ဆိုတာ မှတ်ထားပါတဲ့။ တိုတိုဘဲ ပြော ရမယ် ကနေ့တော့ ဒီပြင် ရှေ့ကဆက်စရာရှိနေတယ်။ အဲဒီ သမု ဒယသစ္စာကြောင့် ဒုက္ခဖြစ်ခဲ့သည်၊ အားလုံးဖြစ်နေတာတွေက သမုဒယကြောင့် ဒုက္ခတွေချည်းဘဲ၊ နေ့တိုင်း ကောင်းကောင်း လေးစားချင်တယ်၊ အဲဒီကောင်းကောင်းလေးစားချင်တာထဲမှာ၊ ဥပမာ–ကြက်သားဟင်းလေး စားချင်တယ်ဆိုပါစို့၊ စားချင် တာက ဘာသစ္စာတုန်း(သမုဒယသစ္စာပါဘုရား)၊ စားချင်တော့ သွားမဝယ်ရဘူးလား(ဝယ်ရပါတယ်ဘုရား)၊ ဝယ်ရတာ ဘာ သစ္စာတုန်း-ဒုက္ခသစ္စာ။ မချက်ရဘူးလား(ချက်ရပါတယ်ဘုရား) ဘာသစ္စာတုန်း(ဒုက္ခသစ္စာပါဘုရား) သမုဒယကြောင့် ဘာဖြစ် နေတုန်း(ဒုက္ခသစ္စာဖြစ်နေပါတယ်ဘုရား)၊ ဒုက္ခသစ္စာတဲ့။ အဲဒါ ဘာဖြစ်လို့ ဖြစ်တာပါလိမ့်ဆိုတော့ မသိလို့ပါတဲ့။

## မသိလျှင်ပတ် သိလျှင်ပြတ်

အော်....ဒုက္ခမှန်းမသိတော့ ဖြစ်ချင်တယ်တဲ့။ ဒါကြောင့် ဒုက္ခကို ဒုက္ခမှန်းမသိ၊ မသိတော့ဖြစ်ချင်၊ ဖြစ်ချင်တော့ ဖြစ် အောင်လုပ်၊ ဖြစ်အောင်လုပ်တော့ဖြစ်၊ ဖြစ်ပြီး ပျက်နေတာက ဒုက္ခ။

ကိုင်း....တခေါက်ဆိုရမယ်။ 'မသိတော့ဖြစ်ချင်၊ ဖြစ် ချင် တော့ ဖြစ်အောင်လုပ်၊ ဖြစ်အောင်လုပ်တော့ဖြစ်၊ ဖြစ်ပြီးပျက် နေတာက ဒုက္ခ - ဒုက္ခ - ဒုက္ခမှန်းမသိ'

ဒီဒုက္ခ ဒုက္ခမှန်းသိကြရဲ့လား(မသိပါဘုရား)အောင်မယ်လေး အခုလဲဒီခန္ဓာကြီး ဒုက္ခသစ္စာလို့ ဘုရားဟောထားလို့သာကိုယ့်ဟာ

ကိုယ်တော့ သာယာနေတတ်တယ်တဲ့၊ အခုနေ အသက်ကြီးတဲ့ လူတွေ ၁၅-နှစ် ၁၆-နှစ်ဖြစ်တဲ့ ဆေးကလေးများ ယူကြမလား လို့ အဟုတ်ကိုဖြစ်တာလို့ဆိုယင် ဒီဆေးလေးစားပါရစေလို့ ထ တောင်လုကောင်းလုလိမ့်မယ်၊ ဘာကြောင့်တုန်းဆိုတော့ ဒုက္ခ ဒုက္ခမှန်းမသိသေးတာပါတဲ့။ တကယ်သိတဲ့လူကတော့ မလိုချင် ပါဘူး၊ ဒီထဲမှာ ယောဂီတွေအနေနဲ့ဆိုယင်တော့ မလိုချင်ကြ ပေဘူး။

ဒီတော့ ဒုက္ခကိုဒုက္ခမှန်းမသိတော့ ဖြစ်ချင်၊ ဖြစ်ချင်တာက သမုဒယသစ္စာ၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်တယ်၊ ဒါနသီလ တွေလုပ်ပြီးတော့ လူဖြစ်ချင်တယ်၊ နတ်ဖြစ်ချင်တယ်၊ လူနတ် ဖြစ်လာတော့ ပဋိသန္ဓေနေရ အိုရ နာရ ဒုက္ခတွေဖြစ်တယ်။ ဒါကြောင့် မသိလို့ဖြစ်ချင်တာ၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊ ဖြစ်အောင်လုပ်တော့ဖြစ်၊ ဖြစ်တော့မြဲရဲ့လား (မမြဲပါဘူးရား)။ ဒီနားထိုင်နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ အမြဲတစေ တည်နေကြမှာလား (မတည်ပါဘူးရား)။ မတည်ပါဘူးတဲ့။ ဖြစ်လာပြီ၊ မွေးလာပြီ၊ မွေးလာပြီးယင် တနေ့ကျတော့ သေ ရမယ်တဲ့၊ ဖြစ်တော့ပျက်၊ ဖြစ်ပျက်နေတာက ဒုက္ခ၊ ဒီတော့ တပည့်တော်တို့ မပျက်ချင်ပါဘူးဆိုယင် ဖြစ်အောင်မလုပ်နဲ့၊ မဖြစ်နဲ့၊ မဖြစ်ယင် မပျက်ဘူး၊ ဘာလို့ မဖြစ်တုန်း၊ ဖြစ်အောင် မလုပ်လို့၊ ဘာလို့ဖြစ်အောင်မလုပ်လဲ၊ ပျက်မှာသိလို့တဲ့၊ ပျက်မှာ သိယင် မဖြစ်ချင်တော့ဘူး၊ မဖြစ်ချင်ယင် ဖြစ်အောင် မလုပ် တော့ဘူး၊ ဖြစ်အောင်မလုပ်တော့ မဖြစ်ဘူး၊ မဖြစ်တော့ မပျက်ဘူး။

ကိုင်း- ဒါလေးလိုက်ဆိုရမယ်။

မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ နှစ်ရပ်ခွဲ၍သိ။

မသိတော့ ဒီတတွေ အိုနာသေတွေပတ်တာဘဲ၊ ဒါကို မသိလျှင်ပတ်၊ သိလျှင်ပြတ်ဆိုတာ သိလာတော့ ဒီရုပ်နာမ်တွေ မလိုချင်တော့ဘူး၊ မလိုချင်တော့ ဖြစ်အောင်မလုပ်၊ ဖြစ်အောင်မလုပ်တော့ မဖြစ်ဘူး၊ မဖြစ်တော့ အို-နာ-သေတွေ ပြတ်ထွက်သွားတယ်၊ အဲဒါကိုဘဲ 'မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ နှစ်ရပ်ခွဲ၍သိ'တဲ့။ ဒါ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ။

## နိရောဓသစ္စာ

ဒါဖြင့် ဘုရားတပည့်တော်တို့ ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခဖြစ်တာကိုတော့သိပါပြီ၊ ဒီဒုက္ခတွေငြိမ်းတဲ့နေရာများ မရှိဘူးလားဆိုတော့ ဒုက္ခငြိမ်းတဲ့နေရာရှိတယ်၊ ဒုက္ခငြိမ်းတဲ့နေရာရောက်တဲ့နေရာ၊ ရောက်ကြောင်းအကျင့်ရှိတယ်၊ ဒါကြောင့် နိရောဓသစ္စာကို ပြောရတော့မယ်၊ ကိုင်း-'နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာအစစ်အမှန်' နိရောဓသစ္စာက ဆင်းရဲငြိမ်းရာတဲ့၊ 'မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းရာ ဆိုက်ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန် ဆင်းရဲငြိမ်းရာ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကြီးသွားချင်ယင် ဘယ်အကျင့်ကျင့်မလဲဆိုတော့ မဂ္ဂသစ္စာကျင့်ပါတဲ့၊ မဂ္ဂသစ္စာကျင့်တယ်ဆိုတာ ဘယ်လိုကျင့်ရသလဲလို့ဆိုတော့ ဒီအခု ယောဂီတွေ ကျင့်နေတာ မဂ္ဂသစ္စာဘဲ။

## မဂ္ဂသစ္စာ

ဖောင်းတယ် ပိန်တယ်၊ ကွေးတယ် ဆန့်တယ်၊ မြင်တယ် ကြားတယ်၊ အဲဒီလိုကျင့်နေတာလေးဟာ မဂ္ဂသစ္စာတဲ့၊ ဒါတွေကျင့် မဂ္ဂသစ္စာ၊ အဲဒီလိုကျင့်နေတော့ ဖောင်းတယ်လို့မှတ်ခိုက်

မှာ ဖောင်းတာလေးက ရုပ်တရား၊ မှတ်နေတာလေးက နာမ်တရား၊ ဒီလိုပိုင်းခြားပြီး သိလာတယ်၊ အဲဒီလိုသိတာ သမ္မာဒိဋ္ဌိတဲ့၊ ဒီလိုလိုက်လိုက်ပြီး အမှန်အတိုင်း သိသိနေတော့ ဖောင်းတာ ပိန်တာက ဘာသဘာဝတုန်းဆိုယင် (ဒုက္ခသဘာဝပါဘုရား)၊ ကွေးတာ ဆန့်တာ ဘာသဘာဝတုန်း (ဒုက္ခသဘာဝပါဘုရား)၊ အော် အဲဒီ ဒုက္ခသဘာဝလေးတွေကို နောက်ကလိုက်ပြီး မှတ်မှတ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ပေါ်လာပြီးပျောက်သွားတာဘဲ၊ မမြဲတဲ့ ရုပ်နာမ်တွေဘဲလို့ ဒီလိုကော မသိဘူးလား (သိပါတယ်ဘုရား)၊ အဲဒီလိုသိယင် ရှေးကပေါ်လာပြီးပျောက် ဖြစ်ပြီး ပျက်သွားတာဘဲလို့သိတယ်၊ ရှေးကဖြစ်ပြီးပျက်နေတာက ဒုက္ခသစ္စာ၊ နောက်ကလိုက်ပြီးတော့ အော်- ပေါ်လာပြီးပျောက်သွားပြီ၊ ဖြစ်ပြီးပျက်သွားပြီလို့ သိတာက မဂ္ဂသစ္စာ၊ ဒီတော့ ရှေးက အရှုခံနေရတဲ့တရားက ဒုက္ခသစ္စာတဲ့။

## မြဲတာ ခိုင်တာ မတွေ့ရ

ကိုင်း- ခြေထောက်ကလေးကြွတယ်လို့ဆိုယင် ကြွတာလေးက ရုပ်တရား၊ ကြွတာလေးက ဘာတရားတုန်း(ရုပ်တရားပါဘုရား) အဲဒီရုပ်တရားလေးဟာတဲ့ ကြွတယ် လှမ်းတယ် ချတယ်လို့ ဒီလို မှတ်လိုက်တဲ့အခါ အော်-ရုပ်တွေရော နာမ်တွေရော မြဲတာ တခုမှမရှိဘူး၊ ရှေ့ကနေပြီးတော့ မှတ်လိုက်ယင်း ပျောက်သွားယင်းဘဲလို့သိတယ်၊ ပူတာလေး ပေါ်လာ-ပျောက်သွား၊ အေးတာလေး ပေါ်လာ- ပျောက်သွား၊ လှုပ်တာလေးပေါ်လာ-ပျောက်သွား၊ ဤကဲ့သို့ ဖြစ်လိုက်ပျက်လိုက်နဲ့ နောက်ကလိုက်မှတ်နေတော့ မြဲတာ ခိုင်တာ မတွေ့ပါဘူးတဲ့၊ ဖြစ်ပျက်နေတာ

တွေ့ပါတယ်၊ ဖြစ်ပျက်နေတာက ဒုက္ခသစ္စာ၊ နောက်ကလိုက် လိုက်ပြီး အမှန်အတိုင်း သိနေတာတွေက ဘာသစ္စာတုန်း (မဂ္ဂသစ္စာပါဘုရား)၊ အဲဒီ ရှုဉာဏ်လေးနဲ့ မှတ်ဉာဏ်လေးနဲ့ လိုက်သိနေတာတွေက ဘာသစ္စာတုန်း(မဂ္ဂသစ္စာပါဘုရား)။

ဒို့ယောဂီတွေ ခုဒီအတိုင်း ဆက်စပ်မိအောင် ပေါ်တဲ့အာရုံ ကလေးတွေကို လိုက်မှတ်နေတော့ ရှေ့ကနေပြီး ပေါ်ပြလိုက်၊ ဖောင်းတယ်လို့ မှတ်လိုက်၊ ပျောက်သွားပြီလို့ သိလိုက်တယ်၊ အဲဒါ မဂ္ဂသစ္စာဘဲ။ အေး- ကွေးတယ်လို့မှတ်လိုက် ပျောက်သွား ပြီ၊ အဲဒါမဂ္ဂသစ္စာဘဲ။ သိလိုက်တာလေးက မဂ္ဂသစ္စာ၊ ကွေး လိုက်တာလေးက ဒုက္ခသစ္စာ၊ အရှုခံနေရတဲ့တရားတွေက ဘာ သစ္စာတုန်း (ဒုက္ခသစ္စာပါဘုရား)၊ နောက်ကလိုက်ပြီးတော့ ရှုနေတဲ့ရှုဉာဏ်လေးက ဘာသစ္စာတုန်း (မဂ္ဂသစ္စာပါဘုရား)၊ ဒီတော့ ဒီနေရာမှာ ပြောစရာအများကြီးဘဲ၊ သို့သော် ချန်ခဲ့ကြ အုံးစို့ရဲ့ ရှေ့မှာပြောစရာက ရှိနေသေးတယ်။

## အရှုခံနဲ့ ရှုဉာဏ်

အဲဒီလို အရှုခံတရားက ဒုက္ခသစ္စာတဲ့၊ ရှုဉာဏ်တရားက မဂ္ဂသစ္စာတဲ့၊ ဒုက္ခကို ဒုက္ခမှန်း သေသေချာချာ သိလိုက်တော့ ဘာဖြစ်သွားသလဲဆိုတော့ အော်–မလိုချင်တော့ဘူး၊ ဒီရုပ်နာမ် တွေ မဖြစ်ချင်တော့ဘူး၊ အဲဒီတော့ သမုဒယသစ္စာ သေတယ် တဲ့။ သမုဒယသစ္စာ သေတယ် ချုပ်တယ်ဆိုယင် နိရောဓသစ္စာ ဆိုက်တော့တာပါဘဲတဲ့။ တခေါက်ဆိုကြအုံးစို့။

အရှုခံတရားက ဒုက္ခသစ္စာ (အရှုခံတရားက ဒုက္ခသစ္စာ)
ရှုဉာဏ်တရားက မဂ္ဂသစ္စာ (ရှုဉာဏ်တရားက မဂ္ဂသစ္စာ)

သေဆုံးသွားတာက သမုဒယသစ္စာ)
(သေဆုံးသွားတာက သမုဒယသစ္စာ)
ချုပ်ငြိမ်းသွားတာက တဒင်္ဂ နိရောဓသစ္စာ
(ချုပ်ငြိမ်းသွားတာက တဒင်္ဂ နိရောဓသစ္စာ)

အရှုခံတရားက ဘာသစ္စာတဲ့၊ (ဒုက္ခသစ္စာပါဘုရား)
ရှုဉာဏ်တရားက ဘာသစ္စာတဲ့-(မဂ္ဂသစ္စာပါဘုရား)
သေဆုံးသွားတာက ဘာသစ္စာတဲ့-(သမုဒယသစ္စာပါဘုရား)
ချုပ်ငြိမ်းသွားတာက ဘာသစ္စာတဲ့-(တဒင်္ဂ နိရောဓသစ္စာ ပါဘုရား)
သစ္စာလေးပါး ဒီလိုမြင်လာတယ်။ ကိုင်း တခေါက်ဆိုရ အောင်-

ရှင်တော်ဘုရား ဟောကြား လေလျှင်၊
ရုပ်နာမ်ဖြစ်ပျက် ရှုလျက်တွင်တွင်၊
သစ္စာလေးပါး တရားသိမြင်
မဂ်စခန်း ဘက်လှမ်းနိုင်ဗွာနှင်ဝင်။

အဲဒီ သစ္စာလေးပါး ပိုင်းခြားသိပြီးတော့၊ ဒေသနာတော် ရဲ့အဆုံးမှာ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေ ကျွတ် တန်းဝင်ကြတယ်တဲ့၊ ဒီဒေသနာတော်ရဲ့အဆုံးမှာ၊ ဒီသစ္စာလေး ပါး ဟောလိုက်တာပါဘဲ။ ဒါကြောင့်မို့ ကိုင်း လိုက်ဆိုကြ၊

ထိုခါကာလ ဗုဒ္ဓမြတ်စွာ၊
ဓာနသုတ် ဟောတော်ခါခါ၊
လူနတ်အများ ကျွတ်ငြားလေတာ၊
ဦးရေပေါင်း ရှစ်သောင်း လေးထောင်သာ။

အဲဒီတရားပွဲကြီးမှာ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေအကျွတ်တရားရသွားကြပြီတဲ့၊ ပြောစရာတွေကများနေတာ ခပ်သုတ်သုတ်ပြောတော့ တခါတလေချော်သွားတယ်၊ ဒီတော့ နောက်ပိုင်းမှာလဲ သုသိမဇာတ်ကို ထုတ်ရလိမ့်အုံးမယ် တိုတိုလေးပါ၊ နာရီလွန်မှာလဲ စိုးရသေးတယ်၊ မနဲဘဲ တက်သုတ်နှင်ပြီး ဟောနေရပါတယ်။

## မြတ်စွာဘုရားကို ပူဇော်ကြပုံ

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေသာလီပြည်မှာ ဘေးကြီးသုံးပါးလဲ ငြိမ်းအေးသွားပြီတဲ့၊ ရှစ်သောင်းလေးထောင်သော သတ္တဝါ တွေလဲ အကျွတ်တရား ရကြပြီ၊ ရတနသုတ်ရဲ့ တန်ခိုးတော် အာနုဘော်တော်လဲ စကြာဝဠာ ကုဋေတသိန်းနှံ့ပြီးလို့ သိတော်မူတော့ ပြန်တော်မူလိုကြောင်း မိန့်တော်မူတယ်၊ ဒီတော့ ဝေသာလီမင်းသားတွေက လိုက်ပို့ကြတယ်၊ အလာတုန်းကထက် နှစ်ဆသာအောင် လိုက်ပို့ကြတယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား ထီးတော်ရှစ်ခင်း! နောက်ပါ သံဃာတော်တို့အား ထီးဖြူ လေးစင်းစီ ဆောင်းမိုးပြီးတော့လိုက်ပို့ကြတယ်၊ သုံးရက်မြောက်တော့ ဂင်္ဂါမြစ်ဆိပ်သို့ရောက်တော်မူပြီတဲ့၊ အဲဒီ ဂင်္ဂါမြစ်ဆိပ်ရောက်တော့ ဂင်္ဂါမြစ်ထဲမှာရှိတဲ့ နဂါးတွေကလဲ မြတ်စွာဘုရားကို ပင့်မလို့ ကြိုဆိုနေကြတယ်၊ လှေတွေ လောင်းတွေနဲ့တဲ့ပေါ့၊ ရွှေလှေ ရွှေလောင်း၊ ငွေလှေ ငွေလောင်းတွေ ခင်းထားတယ်၊ ပူဇော်ထားလိုက်တဲ့ပန်းတွေ၊ ကြာပန်းတွေက ဂင်္ဂါမြစ်ကြီးထဲက ရေတွေ မမြင်ရဘူး၊ ဘယ်လောက်များပူဇော်ထားတုန်းဆို ကြာပန်း

တွေချည်းဘဲမြင်ရတယ်၊ဒါတွေကို ပြန်ပြီး အတော်ကြာတော့ အကြောင်းအကျိုးဆက်မှာ၊ဒို့ပရိတ်သတ်ကြီးက မှတ်ခဲ့ကြပါ။

အဲဒီလို နဂါးတွေကပူဇော်ထားတော့ ရုက္ခစိုး ဘုမ္မစိုး ဟိုစတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာအစရှိတဲ့ နတ်တွေကရော၊ ဟိုအကနိဋ္ဌပြဟ္မာ့ဘုံထိအောင် ပြဟ္မာတွေ နဂါးတွေပူဇော်ကြတာက အရှေ့စကြာဝဠာအဆုံး အနောက်စကြာဝဠာအဆုံး တောင်စကြာဝဠာအဆုံး မြောက်စကြာဝဠာအဆုံးတဲ့။ အဲသလောက်ပရိတ်သတ်တွေဟာ ပြည့်ကြပ်နေအောင် ပူဇော်ကြတာတဲ့။

ဒီနေရာမှာ မြတ်စွာဘုရားက လူနတ်တို့၏ အလိုကိုသိပြီးတော့ လူနတ်ပြဟ္မာတို့၏ အစုအဝေးများတဲ့နေရာမှာ ဘုရားတဆူ ဖန်ဆင်းတယ်၊ သံဃာတော်က ငါးရာနဲ့ပေါ့၊ အဲဒီလို ဖန်ဆင်းဖန်ဆင်းပြီးတော့ အပူဇော်ခံတယ်၊အပူဇော်ခံတဲ့ ရဟန်းတော်တွေရယ် ဘုရား ရဟန္တာတွေရယ်၊ ပူဇော်နေတဲ့ လူနတ်ပြဟ္မာတွေရယ်၊ ဘယ်လောက်များပါလိမ့်ဆိုတော့ စကြာဝဠာကြီးတခုလုံး အပြည့်တဲ့။

## အကြီးဆုံး(၃)ပွဲ

ဒါလေးကြည့်စမ်းပါ၊ ဘယ်လောက်များတုန်း။ အရှေ့စကြာဝဠာအဆုံး အနောက်စကြာဝဠာအဆုံး တောင်စကြာဝဠာအဆုံး မြောက်စကြာဝဠာအဆုံး အထက်မှာ အကနိဋ္ဌပြဟ္မာ့ဘုံအထိ ထိစပ်ပြီးတော့ နေအောင်လို့ သူ့ထက်ငါ အလုအယက် နေကြတယ်၊ ကြားမှာ အကြားအလပ်ရှိယင် ပန်းကုံးလေး ဝင်ဆွဲလိုက်သေးတယ်တဲ့။

ဒီဘုရားလက်ထက်က ဒီသာသနာတော်မှာ အကြီးကျယ်ဆုံး ပွဲကြီး သုံးပွဲထဲ ရသတဲ့။

တယောဝေ ကိရ သမာဂမာ မဟန္တာ အဟေသုံ၊

ယမကပါဋိဟာရိယ သမာဂမော ဒေဝေါ ရောဟန သမါ

ဂမော အယံ ဂင်္ဂါရောဟန သမာဂမောတိ။

ယမကာပါဋိဟာရိယ သမဂမော၊ ယမိုက်ပြာဋိဟာကို ပြ တော်မူရာ၌ ဖြစ်သော အစည်းအဝေးလည်းကောင်း။ ဒေဝေါ ရောဟနသမာဂမော၊ တာဝတိံသာ နတ်ပြည်မှ သင်္ကာသနဂိုရ် ပြည်သို့ ကြွတော်မူသောအခါ၌ဖြစ်သော အစည်းအဝေးလည်း ကောင်း။ အယံဂင်္ဂါရောဟနသမာဂမော၊ဤဂင်္ဂါသို့ ကြွတော် မူသောအခါ၌ဖြစ်သော အစည်းအဝေးလည်းကောင်း။ ဣတိ၊ ဤသို့။ တယောဝေ၊သုံးပါးသာလျှင် ဖြစ်ကုန်သော။ သမာဂ မာ၊ အစည်းအဝေးတို့သည်။ မဟန္တာ၊များကုန်သည်။ အဟေ သုံကိရ၊ ဖြစ်ကုန်သတဲ့။

မြတ်စွာဘုရား တိတ္ထိတွေနဲ့တန်ခိုးပြိုင်တုန်းကလာတဲ့ ပရိသတ် လဲ အများဆုံးဘဲတဲ့၊ အဲဒါကတပွဲ။ နောက် မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ ဝါဆိုပြီးတော့ သင်္ကာသနဂိုရ်ပြည်ကို ပြန်ကြွတော်မူတဲ့အခါမှာ တပွဲတဲ့၊ ပရိသတ်တွေများတာ-အခု ဂင်္ဂါမြစ်မှာတပွဲတဲ့။ ကြည့်စမ်း ဘယ်လောက်များတုန်း။ အဲဒီလို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အပူဇော်ခံပြီးတော့ နေပုံဟာ ကြည်ညိုစရာဘဲ။ ဒီနေရာမှာလဲ လင်္ကာလေးတပုဒ် ရှိသေးတယ်။ ကိုင်း-လိုက်ဆိုရမယ်။

ဗြဟ္မာလူနတ် ပြည့်ကျပ်အောင်သာ၊
ဘုံခွန်ကုက္ကား ထီးများဆောင်းကာ၊

အဆင့်ဆင့်ပွား လှူငြားလေတာ၊
ထက်ဆုံးရောက် မြင့်မောက်ကနိဋ္ဌာ။

ဗြဟ္မာတွေ လူတွေ နတ်တွေ ပူဇော်ကြတာ အထက်ဘယ် ရောက်သွားတုန်း၊ အကနိဋ္ဌဘုံတဲ့။ အဲဒီလို ပူဇော်ခံပြီးတော့မှ ဒို့မြတ်စွာဘုရားက နဂါးတို့ရဲလှေပေါ် စီးပြီး နဂါးပြည် ကြွသွားတယ်။

## ပုတ်သင်ညိုတွေလား မေးရမလောက်

တညလုံး တရားနာတာ နဂါးတွေ မိုးလင်းအောင် တရား နာကြသတဲ့၊ လူတွေဆို တနာရီလောက်ဆိုယင် ငိုက်နေပြီ၊ ပုတ်သင်ညိုတွေလား မေးယူရမယ်နော်၊ နဂါးတွေ တညလုံး တရားနာပြီး မနက်မိုးလင်းတဲ့အခါမှာ နတ်ဒြဖြစ်တဲ့ ခဲဘွယ် ဘောဇဉ်တွေနဲ့ ဆက်ကပ်ပြီး လိုက်ပို့ကြတယ်၊ ပြီးတော့ ဒွိဗိမ္ဗိသာရမင်းကြီး စောင့်နေတဲ့ဆိပ်ကမ်း လိုက်ပို့ကြတယ်။

နဂါးတွေလိုက်ပို့တော့ ဒွိဗိမ္ဗိသာရမင်းကြီးကလဲ ဝေသာလီ မင်းသားတွေထက် နှစ်ဆသာအောင် ပူဇော်မယ်ဆိုပြီး၊ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ထီးဖြူ ဆယ့်ခြောက် စင်းတဲ့၊ နောက်ပါသံဃာတွေကို ထီးဖြူရှစ်စင်းစီ ဆောင်းမိုးလို့ ပင့်ဆောင်တော်မူတယ်၊ ငါးရက်မြောက်တော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဟောင်ကြီးသို့ ရောက်တော်မူတယ်တဲ့၊ ရောက် သွားတော့ နောက်တနေ့ဆွမ်းခံစားပြီးမှ ရဟန်းတွေ စုဝေးလို့ စကားပြောကြတယ်၊ ဆွမ်းစားပြီးယင် ရဟန်းတွေက ရုပြီး ပြောတတ်တယ်၊ ဈေးတန်းက စကားစုပြောကြတယ်။

## ဗုဒ္ဓ၏ တန်ခိုးတော်

ဘာတွေပြောကြတုန်းဆိုတော့ ‘ငါ့ရှင်တို့... မြတ်စွာ ဘုရား၏ တန်ခိုးတော် အာနုဘော်တော်ကြောင့် အံ့ဩလို့ မဆုံးပါဘူး၊ ချီးကျူးလို့မဆုံးပါဘူး၊ ဘာပြုလို့တုန်းဆိုယင် ဝေသာလီပြည်ကြီးတုန်းက မင်းတွေက ရှစ်ယူဇနာရှိတဲ့ခရီး ပြင်ဆင်ထားလိုက်တာ မြေတလင်းကြီး ညီညွတ်လို့ ဆူးတွေငြောင့်တွေ မရှိဘူး၊ ခလုတ်တွေမရှိဘူး၊ ချိုင့်တွေကျင်းတွေမရှိဘူး၊ တညီတညွတ်ထဲ မြေသို့သုတ်သင်ပြီး ထားလိုက်ဘာ သန့်ရှင်း နေတာဘဲ။ အဲဒီအပေါ်မှာ ငွေအဆင်းနဲ့တူတဲ့ သဲဖြူတွေ ခင်းလို့၊ အဲဒီသဲဖြူတွေရဲ့အပေါ်မှာ အဆင်းအမျိုးမျိုး အနံ့အမျိုးမျိုးနဲ့ရှိတဲ့ ပန်းအမျိုးမျိုးတွေခင်းထားလိုက်တာ နင်းသွားလိုက်ရင်ဒူးမြုပ်တယ်၊ တထောင့်ထွာလောက်နှစ်တောင်လောက် မြင့်တယ်၊ ဘေးကလဲ ငှက်ပျောပင် အုန်းပင် ကြံပင်တွေစိုက်လို့ အဲဒါလောက် တန်ခိုးကြီးတာတဲ့၊ ပူဇော်လိုက်ကြတာ ဒါတင်မကသေးဘူး ငါ့ရှင်တို့၊ မြတ်စွာဘုရားက ဝေသာလီပြည်ဘက် ခြေတဖက်ချ လိုက်တယ် ဆိုယင်ဘဲ ပေါက္ခရဝဿမိုးကြီး ရွာချလိုက်တာ တချို့နေရာဒူးလောက်၊ တချို့နေရာပေါင်လယ်လောက်၊ တချို့နေရာ ခါးလောက် ရေတွေစီးသွားတယ်။ အဲဒီအခါ ဝေသာလီပြည်မှာ ရှိတဲ့ အညစ်အကြေးတွေ၊ လူသေကောင်ပုပ်တွေမျောပြီး ဂင်္ဂါမြစ်ထဲပါသွားကြရတယ်၊

ပြီးတော့လေ နဂါးတွေက ကြာပန်းကြီးတွေ ပူဇော်ထားလိုက်တာ ဟောဒီဂင်္ဂါမြစ်ကြီးရဲ့ရေတောင် မမြင်ရဘူးငါ့ရှင်တို့၊ ပြီးတော့ နတ်တွေဗြဟ္မာတွေက ပူဇော်ကြတာ ထီးအဆင့်ဆင့် တံခွန်အဆင့်ဆင့် ကုက္ကားအဆင့်ဆင့် ပန်းကုံး ပန်းဆိုင်းတွေနဲ့

ပူဇော်တာ၊ အထက်အကနိဋ္ဌ ဗြဟ္မာ့ဘုံထိတယ်၊ အရှေ့စကြာဝဠာအဆုံး၊ အနောက်စကြာဝဠာအဆုံး၊ တောင်စကြာဝဠာအဆုံး၊ မြောက်စကြာဝဠာအဆုံးတဲ့၊ အဲဒီလောက် တန်ခိုးကြီးတော်မူတယ်’လို့စုဝေးပြီးပြောနေတုန်း မြတ်စွာဘုရား ကြွလာတယ်။

## ဒါနတန်ခိုး၊ ဒါနအကျိုး

‘ချစ်သားတို့....အခု ငါလာတုန်း ဘာတွေများစုပြီးပြောနေကြတာတုန်း’တဲ့။ ဒီတော့....

‘ရှေ့ဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရားတဲ့၊ ဝေသာလီပြည်ကြွတော်မူစဉ်အခါတုန်းက လူမင်း နတ်မင်း ဗြဟ္မာမင်းတွေပူဇော်ကြတာ၊တန်ခိုးကြီးလွန်းလို့ပါ’လို့ ဆိုတော့ မြတ်စွာဘုရားက ဘာမိန့်တော်မူသလဲဆိုတော့-

‘ချစ်သားတို့.... ဒါဟာ ငါ့တန်ခိုးမဟုတ်ဖူးတဲ့၊ ဒါလေးတချက်လဲမှတ်ထား၊ သူ့တန်ခိုး မဟုတ်ပါဘူးတဲ့၊ နတ်တွေရဲ့တန်ခိုးလဲ မဟုတ်ဘူးတဲ့၊ ဂဠုန်တွေရဲ့တန်ခိုးလဲ မဟုတ်ဘူးတဲ့၊ နဂါးတွေရဲ့ တန်ခိုးလဲ မဟုတ်ဘူးတဲ့၊ ဗြဟ္မာတွေရဲ့ တန်ခိုးလဲ မဟုတ်ဘူးတဲ့၊ ငါဘုရားရဲ့တန်ခိုးလဲ မဟုတ်ဘူးတဲ့၊ ဟိုတုန်းက ငါအနည်းငယ်ဥစ္စာကို လှူခဲ့ဘူးတဲ့ ဒါနရဲ့တန်ခိုး၊ဒါနရဲ့ အကျိုးပါဘဲ’လို့ အရိပ်မြွက်ကို ဟောတော့ ရဟန်းတွေက ‘အရှင်ဘုရား.... အတိတ်ဆောင်ဟောတော်မူပါဘုရား’လို့ တောင်းပန်တယ်။

## သင်္ခ ဝတ္ထု

ဒီတော့မှ မြတ်စွာဘုရားက သင်္ခဇာတ်ကို ဟောတော်မူတယ်၊ခပ်ချုံးချုံးဟောသွားရမယ်၊ အချိန်လဲမရှိဘူးနော်။

'ချစ်သားတို့....ဟိုလွန်လေပြီးသောအခါတုန်းက ငါဘုရားဟာ တက္ကသိုလ်ပြည်မှာ သခ်ပုဏ္ဏား ဖြစ်ခဲ့ဘူးတယ်၊ အဲဒီသခ်ပုဏ္ဏားဖြစ်စဉ်အခါတုန်းက ငါ့မှာ အလွန်တရာ လိမ္မာရေးခြားရှိတဲ့ သားလေး တယောက်ရှိတယ်၊ အမည်နာမယ် ကတော့ သီမတဲ့'

သူ့သားလေးနာမယ်ကဘယ်သူတဲ့ (သုသိမပါဘုရား)၊ ငါးသားလေးကသုသိမတဲ့၊ လိမ္မာရေးခြားလဲရှိတယ်၊ ရုပ်အဆင်းကလဲလှတယ်တဲ့၊ဉာဏ်ပညာကလဲကောင်းတယ်၊ ငါ့သား သုသိမ တဆယ့်ခြောက်နှစ်မြောက် အရွယ်သို့ရောက်တဲ့ အခါကျတော့ ပညာတော်များ သင်လိုကြောင်းနဲ့ ငါ့ထံခွင့်တောင်းခဲ့တယ်၊ ပြီးတော့ ဗာရာဏသီပြည်မှာ ပါမောက္ခဆရာကြီးဆိုတာကလဲ ငါ့သူငယ်ချင်းဘဲ။

များစွာသောလက်ဆောင် ပဏ္ဏာတွေပေးတော့ ဗာရာဏသီပြည်ကို ပညာသင်လွှတ်လိုက်တယ်၊ ကျောင်းသားလေး သွားတယ်၊ ဗရာဏသီပြည် ရောက်တော့ ဆရာကြီးက အော်....တက္ကသိုလ်ပြည်ကသခ်ပုဏ္ဏားရဲ့သားဘဲဆိုယုံဖြင့် ငါ့သူငယ်ချင်းရဲ့သားဘဲလို့ လက်ခံထားတယ်၊ လက်ခံပြီးတော့အပန်းလေးများ ဖြေလို့နေကောင်း ရက်သာတွေ ရွေးပြီးတော့ ပညာတွေသင်ပေးတယ်၊ ပညာတွေသင်လိုက်တယ်ဆိုယင် ဒီကျောင်းသားလေးဟာ တလုံးမှ မေ့သွားတယ်မရှိဘူးတဲ့၊ ဥပမာ-သိင်္ဂီရွှေခွက်ထဲမှာ ထည့်ထားတဲ့ခြင်္သေ့ဆီဟာ ဘယ်တော့မှ အောက်ကို စိမ့်ကျတယ် ယိုကျတယ်မရှိသလို ဒီကောင်လေးသင်လိုက်တဲ့ ပညာတွေကလဲ ဘယ်တော့မှမေ့သွားတယ်လို့မရှိဘူးတဲ့၊ ဒါနဲ့မကြာခင် ကုန်စင်အောင်တတ်သွားတော့သူကဆင်ခြင်တယ်။ ငါတတ်တဲ့ပညာတွေ ဘယ်

လောက်များ ရှိသလဲလို့ဆိုတော့ သူက စဉ်စားတယ်။ ငါတတ်ထားတဲ့ပညာက အစနဲ့အလယ်လောက်ရှိသေးတယ်တဲ့၊ ဆုံးခန်းတိုင်အောင် မရောက်သေးဘူးလို့မြင်တယ်။

ဒီတော့ သူကဆရာကြီးထံသွားတယ်၊ ကျောင်းသားလေးက- 'ဆရာကြီးတဲ့၊ ကျွန်တော် အခုတတ်ထားတဲ ပညာက အစနဲ့ အလယ်ရှိသေးတယ်တဲ့၊ ဒါကြောင့် ကျွန်တော့်ကို ဆုံးခန်းတိုင်အောင်သင်ပေးပါ'တဲ့။

## ငါတတ်သမျှ ကုန်ပြီ

ဒီတော့ ဆရာကြီးက ဘာပြန်ပြောလဲ ဆိုတော့ 'ငါလဲ ဒါလောက်တတ်တာဘဲတဲ့၊ ငါတတ်တာ ဒါအကုန်ဘဲ'တဲ့။ 'ဒါဖြင့်ယင် ဆရာကြီးထက် တတ်တဲ့လူများ မရှိဘူးလား'တဲ့။ 'ဒီဗာရာဏသီပြည်မှာတော့ ငါ့ထက်တတ်တဲ့လူ မရှိဘူးတဲ့၊ ဒါပေမယ်လို့ကွာတဲ့ ဟိုဂ္ဂလိပတန်တောမှာ ရှင်ပစ္စေကဗုဒ္ဓါတွေရှိတယ်၊ သူတို့များဆုံးခန်းတိုင်အောင်သိမလား သွားစုံစမ်း ကြည့်စမ်းပါ' လို့စေလွှတ်တယ်။ ဆရာကြီးက ဘယ်လောက် သဘော ကောင်းသလဲ၊ ခုတော့ကိုယ့်ထက်သာတဲ့နေရာ ရောက်သွားမှာ များသော အားဖြင့်စိုးရိမ်တတ်တယ်၊ အဲဒီသွားစုံစမ်းကြည့်စမ်းပါဆိုတော့ ကျောင်းသားလေးကသွားပြီး ရှင်ပစ္စေကဗုဒ္ဓါတွေကို ရိုသေစွာ ရှိခိုးလို့-

'အရှင်ဘုရားတို့.... တရားအလုံးစုံများ အကုန် သိကြပါသလား'လို့ သုညီမ ကျောင်းသားလေးက လျှောက်တယ်၊ လျှောက်တော့ ရှင်ပစ္စေကဗုဒ္ဓါတွေက ဘာပြောတုန်း- အေး.... ဒို့ အကုန်သိတယ်'....တဲ့။ 'ဒါဖြင့် တပည့်တော် သင်ပေးစမ်း

ပါ။ မင်းတို့လို လူတွေကို ဒို့က မသင်ဘူး’တဲ့။ ဆံပင်ရှည် ဂုတ်ဝဲထားလို့ ဂိုက်နဲ့ ဆိုက်နဲ့ မျက်မှန်နဲ့လူတွေ ဒို့မသင်ဘူး။ ‘ဘယ်လိုလူတွေ သင်တုန်းဘုရား’တဲ့။ ‘ဒို့လိုရဟန်းပြုပါ’တဲ့။ ဒီတော့ ကောင်လေးကလဲ ပညာသင်ချင်တော့ ရဟန်းပြုပါ မယ်လို့ဝန်ခံတယ်၊ ရဟန်းပြုပြီးတော့ ရှင်ပစ္စေကဗုဒ္ဓါတွေဆိုတာ သိပ်ပြီးတော့ နက်နက်နဲနဲ ဟောနေတာ မဟုတ်ဖူးတဲ့၊ ဝတ်ပုံ စားပုံ နေထိုင်ပုံလေး ဟောဘာသာ။ တရားက ခပ်သွက်သွက် ဟောနေရတယ်နော်၊ နဲနဲနဲ မေးလိုက်ဖြေလိုက် ဒါမှပိုနားလည် တယ်၊ သို့သော်လဲ ဒါက သုတ်တရားထဲ ပါနေတော့ ဟောရ မှာပါဘဲ။

ရှင်ပစ္စေကဗုဒ္ဓါ ဟောတဲ့တရား

ဧဝံ တေ နိဝါသေတဗ္ဗံ၊ ဧဝံ ပါရုပိတဗ္ဗန္တိ
အာဒိနာ နယေန အာကပ္ပသမာစာရိကံ အာစိက္ခိံသု
(ဓမ္မပဒအဋ္ဌကထာ-ဒု၊ ၇၉။)

ဧဝံ၊ဤသို့။ တေ၊သင်သည်။ နိဝါသေတဗ္ဗံ၊ ဝတ်အပ်၏။ ဧဝံ၊ ဤသို့။ တေ၊ သင်သည်။ ပါရုပိတဗ္ဗံ၊ ရုံအပ်၏။ ဣတိ အာဒိနာနယေန၊ဤသို့ အစရှိသောနည်းဖြင့်။ အာကပ္ပသမာစာ- ရိကံ၊ အာကပ္ပသမာစာရိက အကျင့်ကို။ အာစိက္ခိံသု၊ ကြားကြ ကုန်၏။

ဒါလေးတော့ မှတ်စရာဘဲ၊ ယောဂီတွေနဲ့လဲ သက်ဆိုင်ပါ တယ်၊ ဒီရဟန်းလေးကိုသင်ပေးတာ။ ဒီလိုဝတ်တဲ့၊ ဝတ်တော့ သင်းပိုင်လေး ဒီလိုဝတ်၊ ကောသိ ဒီလိုရုံ၊ သွားတော့ ဒီလိုသွား၊ စားတော့ ဒီလိုစား၊ ဟောဒီလိုနေ၊ဟောဒီလို ဝတ်ကြီးဝတ်ငယ်

တွေပြု၊ သွားပုံ လာပုံလေးတွေက စ–သင်ပေးတယ်။ ဒို့အခုလဲ ဒီမှာသွားယင် အမှတ်တရားလေးနဲ့သွား၊ တယောက်နဲ့တယောက် ရင်ဘောင်တန်းမသွားကြနဲ့၊ တန်းသွားကြတဲ့၊ အဝတ်ကလေး ဒီလိုသပ်သပ်ယပ်ယပ်ဝတ်၊ စားတဲ့အခါ အမှတ်ကလေးနဲ့ စား၊ လှမ်းပြီးတော့ စကားမပြောနဲ့၊ သူများဝိုင်း မကြည့်နဲ့၊ ကိုယ့်ဝိုင်းလဲ တယောက်နဲ့ တယောက် မကြည့်နဲ့၊ ဒါလေးတွေက အဘိသမာစာရိကဝတ်တဲ့။ ကြည့်ပါလား ဒီမယ် ဒီလိုဝတ် ဒီလိုနေ ဒီလိုထိုင် ဒီလိုသွားဟဲ့လို့ သင်ပေးထားတယ်၊ ဒီမှာ ဒီလိုဝတ်ပုံ စားပုံ သွားပုံ လာပုံ ဒို့အခု ယောဂီတွေ အမှတ်တရားလေးတွေနဲ့ စကြံမှတ်နေသလို သွားသလိုပေါ့။ နေရာတကာ အမှတ်ပါပါစေ။ အဲဒီလို ရဟန်းလေးက လိုက်ပြီးတော့ ကျင့်တယ်။

> သော တတ္ထသိက္ခန္တော ဥပနိဿယသမ္ပန္နတ္တာ နစိရဿေဝ ပစ္စေကသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိတွာ သကလ ဗာရာဏသိနဂရံ ဂဂဏတလေ ပုဏ္ဏစန္ဒောဝိယ လာဘဂ္ဂယသဂ္ဂပတ္တော အဟောသိ။

သော၊ ထိုသုသိမ ရဟန်းကလေးသည်။ တတ္ထ၀၊ ထိုအဘိသမာစာရိက အကျင့်၌သာလျှင်။ သိက္ခန္တော၊ ကျင့်သည်ရှိသော်။ ဥပနိဿယ သမ္ပန္နတ္တာ=ဥပနိဿယနှင့်ပြည့်စုံသည်၏အဖြစ်ကြောင့် နစိရဿေဝ၊ မကြာမြင့်မှီပင်လျှင်။ ပစ္စေကသမ္ဗောဓိံ၊ ပစ္စေကသမ္ဗောဓိဉာဏ်ကို၊ အဘိသမ္ဗုဇ္ဈိတွာ၊ထိုးထွင်းသိ၍။ သကလ ဗာရာဏသိနဂရေ၊ အလုံးစုံသော ဗာရာဏသီပြည်၌။ ဂဂဏ တလေ။ကောင်းကင်ပြင်၌။ ပုဏ္ဏစန္ဒောဝိယ၊လပြည့်ဝန်းကဲ့သို့။ ပါကဋော၊ ထင်ရှားသည်။ လာဘဂ္ဂယသဂ္ဂပတ္တော၊ မြတ်သော

လာဘ် မြတ်သော ကျော်ဇောခြင်းသို့ ရောက်သည်၊ အဟောသိ=
စင်စစ်မသွေ ဖြစ်ရပါလေသတည်း။

သာဓု...သာဓု...သာဓု။

သုသိမပစ္စေကဗုဒ္ဓါကလေး

ရှင်ပစ္စေကဗုဒ္ဓါတွေ သင်ပေးတာက စားတဲ့နေရာ ဝတ်တဲ့နေရာ ရေချိုးတဲ့နေရာ ဝတ်ပုံ စားပုံ သွားပုံ အဘိသမာစာရိက ဝတ်ကို အချိုးကျကျ သင်ပေးတယ်၊ ဒါလေးတွေ လိုက်ပြီးတော့ ကျင့်တာနဲ့ဘဲ ဒီသုသိမရဟန်းလေးက ပါရမီရှိသူမို့ သူလဲ ပစ္စေကဗောဓိဉာဏ်ကို ထိုးထွင်းသိပြီး ရှင်ပစ္စေကဗုဒ္ဓါလေး ဖြစ်သွားတယ်။ ရှင်ပစ္စေကဗုဒ္ဓါဖြစ်သွားတော့ ကျောင်းသားဘဝက လာတဲ့ ရှင်ပစ္စေကဗုဒ္ဓါကလေးမို့ ဗာရာဏသီ ပြည်သူပြည်သားတွေရဲ့ နှုတ်ဖျားမှာ သုသိမပစ္စေကဗုဒ္ဓါကလေး–သုသိမပစ္စေကဗုဒ္ဓါကလေးနဲ့ သိပြီးနေတော့ တကတဲ မသိတဲ့ သူလဲ မရှိဘူး၊ မကြည်ညိုတဲ့သူလဲမရှိဘူးတဲ့၊ မလှူတဲ့သူလဲမရှိဘူးတဲ့၊ ဥပမာပြောရမယ်ဆိုယင်ဖြင့် ကောင်းကင်မှာ လပြည့်ဝန်းကြီး ထင်ရှားနေသလို ဗာရာဏသီပြည်မှာ သုသိမ ပစ္စေကဗုဒ္ဓါလေးဟာ အလွန်ထင်ရှား ကျော်ဇောနေပါတယ်တဲ့။

ဒါကြောင့်မို့ အော်–ဘုန်းကြီးသော်လဲ သက်ရှည်အုံးမှ၊ အသက်ရှည်သော်လဲ ဘုန်းကြီးအုံးမှ၊ ဘုန်းကြီးပြီးသက်မရှည်ဘူး၊ သက်ရှည်ပြီး ဘုန်းမကြီးဘူး၊ ဘုန်းကြီးသက်ရှည် ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတာက နဲတယ်တဲ့၊ ဒီတော့ ဒီသုသိမပစ္စေကဗုဒ္ဓါကလေး အလွန်တရာ ဘုန်းတန်ခိုးတွေ ကြီးနေပြီ၊ ဒါပေမယ်လို့ အသက်မရှည်ဘူး။

သော အပ္ပါယုက သံဝတ္တနိကဿ ကမ္မဿ ကတတ္တာ
နစိရဿေဝ ပရိနိဗ္ဗာယိ။

သော၊ ထိုသုသိမပစ္စေကဗုဒ္ဓါကလေးသည်။ အပ္ပါယုက သံဝတ္တနိကဿ၊ အသက်တိုခြင်းကို ဖြစ်စေတတ်သော။ ကမ္မဿ၊ ကံကို။ ကတတ္တာ၊ ပြုခဲ့ဘူးသောကြောင့်။ နစိရဿေဝ၊ မကြာမြင့်မှီပင်လျှင်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် စံဝင်တော်မူရှာလေ၏။

အော်-ဘုန်းကတော့ ကြီးရှာပါရဲ့တဲ့၊ဒါပေမဲ့ အသက်မရှည်ဘူး၊ ဘာကြောင့်တုန်းဆိုတော့ အသက် တိုစေတတ်တဲ့ ကံကို သူပြုလုပ်ခဲ့ဘူးတယ်တဲ့၊ အသက်တိုတဲ့ကံဆိုတာ ဘာလုပ်တာလဲ ဘုရားဆိုတော့ သူများအသက်သတ်တာဘဲ၊ ကဲ·တခေါက်တော့ ဆိုရအုံးမယ်။

သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။

အဲဒီလို သူများကိုသတ်ယင် ကိုယ့်အသက် တိုတတ်တယ်တဲ့၊ ပရိနိဗ္ဗာန်စံသွားပြီ၊ အဲဒီပရိနိဗ္ဗာန် စံတော်မူတဲ့အခါကျတော့ သူ့အလောင်းလေး သဂြိုဟ်ကြတယ်။

အထဿ ပစ္စေကဗုဒ္ဓါ စ မဟာဇနော စ သရီရကိစ္စံ
ကတွာ ဓာတုယော စ ဂဟေတွာ နဂရဒွါရေ
ထူပံ ကာရေသုံ။

အထ၊ ထိုအခါ၌။ အဿ၊ ထိုသုသိမပစ္စေကဗုဒ္ဓါအား။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့သည်၎င်း။ မဟာဇနော စ၊ လူများအပေါင်းသည်၎င်း။ သရီရကိစ္စံ၊ သဂြိုဟ်ခြင်းကိစ္စကို။ ကတွာ၊ ပြု၍။ ဓာတုယော စ၊ ဓါတ်တော်တို့ကိုလည်း။ ဂဟေတွာ၊ ယူ၍။ နဂရဒွါရေ၊ မြို့တံခါး၌။ ထူပံ၊ စေတီကို။ ကာရေသုံ၊ ပြုလုပ်ကြကုန်၏။

ပရိနိဗ္ဗာန်စံသွားတော့ သူ့အလောင်းလေးကို ရှင်ပစ္စေက ဗုဒ္ဓါတွေရော၊ ဗာရာဏသီ ပြည်သူပြည်သားတွေရော သင်္ဂြိုဟ် ပြီးတော့ ဓါတ်တော်တွေကောက်တယ်၊ အဲဒီဓါတ်တော်တွေကို ဗာရာဏသီပြည် တံခါးပေါက်မှာ စေတီတော်ကြီး တည်ကြ တယ်တဲ့။

## ပုဏ္ဏားကြီး၏ စိုးရိမ်စိတ်

အဲဒီလို ဗာရာဏသီပြည် တံခါးပေါက်မှာ စေတီတော်ကြီး တည်နေတော့ တက္ကသိုလ်မှာရှိတဲ့ သူ့ဘခင် သင်္ခပုဏ္ဏားကြီး ထံမှာ အတိတ်နိမိတ်တွေပြတယ်၊ သူ့သားလေး သူ့သတိရတယ်၊ စိတ်ထဲမှာ တဖျပ်ဖျပ်တလှုပ်လှုပ်နဲ့ လန့်နေတယ်၊ မျက်စိထဲ တရေးရေးနဲ့ ပေါ်နေတယ်၊ အော်....ခါတိုင်းထက် ထူးဆန်း တယ်၊ ငါ့သားလေး မျက်စိထဲ တရေးရေးနဲ့ ပေါ်နေတယ်၊ စိတ်ထဲမှာ တဖျပ်ဖျပ်တလန့်လန့်နဲ့ ငါလန့်နေတယ်၊ငါ့သားလေး အကြောင်းတစုံတရာများ ရှိလေရော့သလား၊ ငါ့သား သုသိမ ဗာရာဏသီပြည် သွားပြီးတော့ ပညာတော်သင်တာ ကြာပြီတဲ့၊ လူကြုံလဲမရှိဘူးတဲ့၊ သတင်းလဲ မကြားဘူး၊ ငါ့စိတ်ထဲဘယ်လိုဖြစ် ပါလိမ့်မတုန်း၊ ဒီပြင်အကြောင်း တစုံတရာများ ရှိလေရော့သ လား၊ ငါဒီလိုနေလို့မဖြစ်ဖူး သားလေးစိတ်မချဘူး၊ လိုက်သွား အုံးမှဘဲလို့ တခါထဲလိုက်သွားတယ်၊ ပုဏ္ဏားကြီး ထီးဟောင်း လေး တလက်ဆောင်း၊ ပုဆိုးလေးက တထည်တဲ့၊ ပုခုံးပေါ်တင် သွားတယ်။လမ်းရေငတ်ယင် သောက်ရအောင် ကရားအိုးလေးက တလုံး ရေထည့်ပြီးတော့ ပုဏ္ဏားကြီးလိုက်သွားတယ်။

ထိုဗာရာဏသီရောက်တော့ စေတီတည်နေတဲ့ လူစုလူဝေးကြီးကို သူမြင်တာကိုး၊ မြင်တော့မေးတယ်၊ အော်....ဒီလူစုလူဝေးကြီးထဲ ဝင်မေးလိုက်ရယင် ငါ့သားလေးကို တယောက်တော့ သိမှာဘဲလို့ လူအုပ်ဆီသွားပြီး - 'အမောင်တို့ - တက္ကသိုလ်ပြည်ကလာပြီး ပညာတော်သင်တဲ့ သုသိမဆိုတဲ့ ကျောင်းသားလေးများ အမောင်တို့သိကြပါသလား'လို့ ဒီလိုဝင်မေးလိုက်တယ်၊ မေးလိုက်တော့ ဟိုက ဘာပြန်ပြောသလဲ ဆိုတော့ 'သုသိမကျောင်းသားလေးကို ကျနော်တို့သိတာပေါ့၊ သုသိမကျောင်းသားလေးဆိုတာ ဉာဏ်လဲကောင်းတယ်ဗျ'

'ဟာဟုတ်လား' ပုဏ္ဏားကြီးက ဝမ်းသာသွားတာ။

'ဟာ ဘယ်မတုန်းတဲ့၊ သိလို့ရှိယင် ပြောစမ်းပါ၊ သူ့ဆရာကျောင်းက ဘယ်မတုန်း၊ သူနေတဲ့အိမ်က ဘယ်မတုန်း၊ ပြကြစမ်းပါ'လို့ဆိုတော့ ဟိုကဘာပြန်ပြောသလဲဆိုတော့—

## ရင်ငကို စုကန်လိုက်သလို

အသုကာယ ဗြဟ္မာဏာ သန္တိကေ တယောဗေဒေ
သဇ္ဈာယိတွာ ပဗ္ဗဇိတွာ ပစ္စေကသမ္ဗောဓိံ သစ္ဆိကတွာ
ပရိနိဗ္ဗုတော၊ အယမဿ ထူပေါ ပတိဋ္ဌာပိတောတိ။

အသုကာယ ဗြဟ္မာဏာ၊ ဤ အမည်ရှိသော ပုဏ္ဏား၏။ သန္တိကေ၊ အထံ၌။ တယောဗေဒေ၊ ဗေဒင်သုံးပုံတို့ကို။ သဇ္ဈာယိတွာ၊ သင်ယူ၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ပစ္စေကသမ္ဗောဓိံ၊ ပစ္စေကသမ္ဗောဓိဉာဏ်ကို။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံဝင်တော်မူရှာလေပြီ။ ပတိဋ္ဌာပိတော၊

တည်ထားအပ်သော။ အယံ၊ ဤစေတီတော်သည်။ အဿ၊ ထို သုသိမပစ္စေကဗုဒ္ဓါ၏။ထူပေါ၊ စေတီတော်တည်း။ ဣတိ၊ဤသို့။ အဟံသု၊ ပြောဆိုကြကုန်၏။

'ပုဏ္ဏားကြီး....အဲဒီ သုသိမဆိုတဲ့ ကျောင်းသားလေးဟာတဲ့ ကျုပ်တို့ဆီက ဆရာကြီးထံ ဗေဒင်တွေသင်လို့ ဗေဒင်သုံးပုံ အကုန် တတ်သွားပါတယ်၊ ဗေဒင်သုံးပုံ အကုန်တတ်သွားတော့မှ ရှင် ပစ္စေကဗုဒ္ဓါထံ သွားပြီးတော့ သူလဲရဟန်းပြု၊ ရဟန်းပြုပြီးတော့ သူလဲ ရှင်ပစ္စေက ဖြစ်သွားတယ်၊ အခုပရိနိဗ္ဗာန်စံဝင်တော်မူပြီ။ အခု ဟောဒီ စေတီတော်ကြီးဟာလေ၊ ကျုပ်တို့တတွေ သူ့ အလောင်း သင်္ဂြိုဟ်လို့ သူ့ရဲ့ဓာတ်တော်တွေကို ကောက်ပြီးတော့ စေတီတည်နေတာပါဘဲ၊ ဒါ သူ့အရိုးတွေပါဘဲ၊ သူ့ဓာတ် တော်တွေပါဘဲ'လို့ ဆိုတော့ အလောင်းတော်ကြီးမှာ တခါထဲ နေပူထဲကလာရာ နေရိပ်ထဲက ဆီးပြီး ခြေထောက်နဲ့ ကန်သလို ဖင်ထိုင်ရက် တခါထဲ ဗိုင်းကနဲ လဲတော့တာဘဲ။ အဲဒီမှာ အလောင်းတော်ကြီး ဖင်ထိုင်ရက် လဲပြီးတော့ ငိုရှာတယ်။ အလောင်းတော်ကြီးက....

အလောင်းတော်ကြီး၏သောက

သော ဘူမိံ ဟတ္ထေန ပဟရိတွာ ရောဒိတွာ ကန္ဒိတွာ။

သော၊ ထိုသင်္ခပုဏ္ဏားကြီးသည်။ ဘူမိံ၊မြေကြီးကို။တတ္ထေန၊ လက်ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ ရောဒိတွာ၊ ငိုကြွေး၍။ ကန္ဒိတွာ၊ မြည်တမ်း၍။ ငိုတာတောင် ရိုးရိုးငိုတာ မဟုတ်ဘူး၊ ပါဠိစပ်က ပြောသေးတာတဲ့၊ သင်္ခပုဏ္ဏားကြီးက အလောင်းတော် ကြီးကလေ မြေကြီးလက်သီးနဲ့ထုထုငိုတာ၊ 'အမလေး ငါ့သားရဲ့

အဖေလိုက်လာပြီ၊ အဖေ့ကိုဆီးနှုတ်ဆက်ပါအုံးလား သားရဲ့၊ အခုတော့ ငါ့သားအဖေ့တောင် နှုတ်ဆက်ဖော်မရဘူး၊ အဖေ တိုင်းပြည် ဘယ်လိုလုပ်ပြီး ပြန်ရမတုန်း၊ အဖေ အပြန်ခက်လှ ချည့်လား သားရဲ့.... အမလေး သားလေးနဲ့ စကားမပြောရ တောင်မှ အလောင်းလေးလောက် မြင်ရယောင် တော်ပါသေးရဲ့၊ အလောင်းလေးမှ မမြင်လိုက်ရလေလား....' လို့ ဆိုပြီးတော့ အလောင်းတော်ကြီး တွတ်တီးတွတ်တာနဲ့ငိုတာ....တဲ့။ ပြီးတော့ မြေကြီးလက်သီးနဲ့ထု ငိုတာ၊ သူများတကာတွေ ငိုတာတော့ ရင်ဘတ်ကို လက်သီးနဲ့ထုငိုတာ၊ အလောင်းတော်ကြီးကတော့ ဒီလိုမဟုတ်ဖူး၊ မြေကြီး လက်သီးနဲ့ထု ငိုတာ....။

သော ဘူမိံ ဟတ္ထေန ပဟရိတွာ ရောဒိတွာ ကန္ဒိတွာ။

သော၊ ထို သင်္ခပုဏ္ဏားကြီးသည်။ ဘူမိံ၊ မြေကြီးကို။ ဟတ္ထေန၊ လက်ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ ရောဒိတွာ၊ ငိုကျွေး၍။ ကန္ဒိတွာ၊ မြည်တမ်း၍ ပါးစပ်ကပြောသေးတယ်တဲ့။ အဲသလို ပြောပြီးတော့မှ မြေကြီးကို လက်သီးနဲ့ထုထု ထုထုပြီး ငိုလိုက်တာ...ချိုင့်ကြီးတွေ ဖြစ်သွားတယ်၊ ဒီတော့မှ အလောင်းတော်ကြီး သတိရလာတယ်၊ ငါဒီလိုငိုနေလို့ ကိစ္စမပြီးသေးဘူး ဆိုပြီးတော့ သူ့သားစေတီလေးဆီ သွားတယ်။

## ပုဆိုးဟောင်းနဲ့ထီးစုတ်အလှူ

တံ စေတီယင်္ဂဏံ ဂန္တွာ တိဏာနိ ဥဒ္ဓရိတွာ ဥတ္တရသာဋ-ကေန ဝါဠုကံ အာဟရိတွာ စေတီယင်္ဂဏေ အာကိ-ရိတွာ ကမဏ္ဍလုတော ဥဒကေန ပရိဖောသိတွာ ဝန-

ပုပ္ဖေဟိ ပူဇံ ကတွာ သာဋ္ဌကေနပဋ္ဌာကံ အာရောပေတွာ
ထူပဿ ဥပရိ အတ္တနော ဆတ္တကံ ဗန္ဓိတွာ ပက္ကာမိ။

တံစေတိယင်္ဂဏံ၊ ထိုစေတီယင်ပြင်သို့။ ဂန္တွာ၊ သွားလေ၍။ တိဏာနိ၊ မြက်တို့ကို။ ဥဒ္ဓရိတွာ၊ နှုတ်၍။ ဥတ္တရသာဋ္ဌကေန၊ အပေါ်ရုံပုဆိုးဖြင့် ဝါဠုကံ၊ သဲကို။ အာဟရိတွာ၊ ဆောင်၍။ စေတိယင်္ဂဏေ၊ စေတီယင်ပြင်၌။ အာကိရိတွာ၊ ကြဲ၍။ ကမဏ္ဍလုတော၊ ရေကရားမှ။ ဥဒကေန၊ ရေဖြင့်။ ပရိဖောသိတွာ၊ ဖြန်း၍။ ဝနပုပ္ဖေဟိ၊ တောပန်းတို့ဖြင့်။ ပူဇံ၊ ပူဇော်ခြင်းကို။ ကတွာ၊ ပြု၍။ သာဋ္ဌကေန၊ အပေါ်ရုံပုဆိုးဖြင့်။ ပဋ္ဌာကံ၊ ကုက္ကားကို။ အာရောပေတွာ၊ စိုက်၍။ ထူပဿ၊ စေတီ၏။ ဥပရိ၊ အထက်၌။ အတ္တနော၊ မိမိ၏။ ဆတ္တကံ၊ ထီးကို၊ ဗန္ဓိတွာ၊ ဖွဲ့၍။ ပက္ကာမိ၊ ဖဲသွားလေ၏။

အော်....ငါဒီလိုငိုနေလို့ ကိစ္စမပြီးသေးဘူးလို့ သတိရပြီးတော့ သူက စေတီယင်ပြင်သွားသတဲ့။ ဒီနေရာမှာ အကြောင်းအကျိုးလေး မှတ်ရမယ်။ စေတီရောက်တော့ သူဘာလုပ်သလဲဆိုတော့ လက်ကလေးနဲ့ စေတီယင်ပြင်မှာ မြက်ကလေးတွေ နှုတ်တယ်တဲ့၊ မြေမညီတာကို လက်ကလေးနဲ့ ညှိရတယ်၊ သူက ဉာဏ်သည်ဆိုတော့ ပေါက်ပြား တူရွင်းလဲ မပါဘူးပေါ့၊ လက်ကလေးနဲ့ညှိ,ညှိပြီးတော့ မြေလေးတွေညီပြီဆိုတော့ အပေါ်က ခြုံထားတဲ့ အဝတ်ကလေး ပုဆိုးကလေးနဲ့သွားပြီး သဲတထုပ်ထမ်းတယ်၊ ထမ်းပြီးတော့ အဲဒီ စေတီယင်ပြင်မှာသဲကလေးတွေဖြူး၊ ဖြူးပြီးတော့ ဒီသဲကလေးတွေ တခြားတပါး မလွင့်ရအောင်၊ သူ့ပါလာတဲ့ ရေကရားအိုးလေးနဲ့ ရေလေးဖြန်းတာ

ကိုး၊ ဖြန်းပြီးတော့ တောထဲမှရရှိတဲ့ ပန်းလေးတွေ ရှာခူးပြီး တောပန်းကလေးတွေတင် တင်ပြီး သူခြုံလို့ သူရုံလို့ သူဝတ်လို့ ဟောင်းနေတဲ့ ပုဆိုးဟောင်းကလေးကိုလဲ ကုက္ကားလုပ်ပြီး လှူခဲ့ဘူးတယ်၊ ပြီးတော့ သူဆောင်းလို့ ဟောင်းနေတဲ့ ထီးဟောင်းကလေးကိုလဲ စေတီပေါ် ထီးတင်ပြီး လှူထားခဲ့တယ်၊ ဒီစေတီကို လှူထားခဲ့တယ်။ ထီးတင်ပြီး အဲဒီလိုလှူပြီးတော့ သူက ရေစက်ချလိုက်တယ်.... 'ငါသည် ဤကုသိုလ်ကောင်းမှု အစုစုကြောင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး ရစေသတည်း....'ဟု ဒို့အလောင်းတော်ကြီးကတော့ တချက်ထဲ တောင်းလိုက်တာပါဘဲတဲ့၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးရပါစေတဲ့။

အခုကာလလို အသက်ရှည်ခြင်း အဆင်းလှခြင်းဆိုတာတွေ မပါဘူး၊ အဲဒီလိုဆုတောင်းပြီးတော့ သူတက္ကသိုလ်ပြည်က ပြန်ရတယ်၊ သူလုပ်ခဲ့တဲ့ အလုပ်လေး ပြန်ပြီး စဉ်းစားကြအုံး၊ မြက်ကလေးတွေ လက်နဲ့နှုတ်ခဲ့တယ်၊ မြေကြီး လက်ကလေးနဲ့ ညှိခဲ့ဘယ်၊ သဲကလေး ပုဆိုးနဲ့ တထုပ်ပူဇော်ခဲ့တယ်၊ ရေကလေး ကရားနဲ့တလုံး ဖြန်းခဲ့တယ်၊တောထဲမှာဖြစ်တဲ့ ပန်းကလေးတွေကို သူလှူခဲ့တယ်၊ သူဝတ်လို့ သူရုံလို့ သူခြုံလို့ သူဆောင်းလို့ ဟောင်းနေတဲ့ ထီးကလေးကိုလဲလှူခဲ့တယ်။ ဟောင်းနေတဲ့ ပုဆိုးဟောင်းကလေးကို ကုက္ကားလုပ်လှူခဲ့တယ်။ အဲဒီလို လှူပြီးတော့မှ ပြန်ခဲ့တယ်။

## အကြောင်းနဲ့ အကျိုးတွေ

သတ္ထာ ဣဒံ အတီတံ အာဟရိတွာ တဒါ ဘိက္ခဝေ အယံ သဒ္ဓေါ ဗြာဟ္မဏော အဟောသိ ။

သတ္တာ၊ မြတ်စွာဘုရားသည်။ ဣဒံ အတီတံ၊ ဤလွန်လေပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ သင်္ခေါ ဗြဟ္မဏော၊ သင်္ခပုဏ္ဏားသည်။ အဟောသိံ၊ ဖြစ်ခဲ့ဘူးပြီ....တဲ့၊'

ချစ်သားတို့၊ အဲဒီတုန်းက ငါဘုရား သင်္ခပုဏ္ဏားဖြစ်ခဲ့ဘူးတယ်၊ အကြောင်းအကျိုးလေးဆက်ပြီးတော့ တရားပွဲသိမ်းရမယ်၊ အကြောင်းအကျိုးလေးဆက်တာလဲ မှတ်စရာ ကောင်းပါတယ်။

မယာ သုသိမဿ ပစ္စေကဗုဒ္ဓဿ စေတိယင်္ဂဏေ တိဏာနိ
ဥဒ္ဓဋာနိ၊ တဿ မေ ကမ္မဿ နိဿန္ဒေန အဋ္ဌယောဇနမဂ္ဂံ
ဝိဟတခါဏုကကဏ္ဋကံ ကတွာ သုဒ္ဓံ သမကလံ ကရိံသု။

မယာ၊ ငါဘုရားသည်။ သုသိမဿ ပစ္စေကဗုဒ္ဓဿ၊ သုသိမ ပစ္စေကဗုဒ္ဓါ၏။ စေတိယင်္ဂဏေ၊ စေတီယင်ပြင်၌။ တိဏာနိ၊ မြက်တို့ကို။ ဥဒ္ဓဋာနိ၊ နုတ်အပ်ကုန်ပြီ။ မေ၊ ငါ့အား။ တဿ ကမ္မဿ၊ ထိုကုသိုလ်ကံ၏။ နိဿန္ဒေန၊ အကျိုးဆက်ကြောင့်။ အဋ္ဌယောဇနမဂ္ဂံ၊ ရှစ်ယူဇနာရှိသောခရီးကို ဝိဟတခါဏုက-ကဏ္ဋကံ၊ ညီညွတ်သောမြေအပြင်ရှိသည်ကို။ ကရိံသု၊ ပြုလုပ်ကြလေကုန်ပြီ။

'ချစ်သားတို့–ငါဘုရား သင်္ခပုဏ္ဏား ဖြစ်ခဲ့စဉ်အခါတုန်းက ငါဟာလေတဲ့ သုသိမ ပစ္စေကဗုဒ္ဓါလေး၏ စေတီတော်ကို သွားပြီးတော့ ငါမြက်ကလေးတွေ နုတ်ခဲ့ဘူးတယ်၊ လက်ကလေးနဲ့ မြေကိုညှိခဲ့ဘူးတယ်တဲ့၊ ငါလုပ်ခဲ့တဲ့ ကုသိုလ်ကံကလေးကတော့ ဒါပါဘဲ'တဲ့။

သူလုပ်တဲ့ ကုသိုလ်နဲ့နဲ့လေးက အကြောင်းတရားဘဲ။ ဝေသာလီပြည်ကြွတဲ့အခါ ရှစ်ယူဇနာရှိတဲ့ခရီးကို မင်းတွေက မြေတလင်းကြီး သန့်ရှင်းအောင် ဆူးတွေ ငြောင့်တွေ ခလုတ်တွေ မရှိရအောင် ဖို့ညှိသုတ်သင်ပြီး ပူဇော်ခြင်းခံရတာက အကျိုးဘဲတဲ့။ ဟိုမှာ စေတီတော်ရှင်းခဲ့တာက အကြောင်းတရား၊ အခု ဝေသာလီ ပြည် ကြွတဲ့အခါ မြေတလင်းကြီး ဖို့ညှိသုတ်သင် ပူဇော်ခြင်းခံရတာက အကျိုးတရားတဲ့။

နောက်တခု–

> မယာ တတ္ထ ဝါဠုကာ သြကိဏ္ဏာ၊ တဿမေ နိဿန္ဒေန
> အဋ္ဌယောဇနမဂ္ဂေ ဝါဠုကံ သြကိရိံသု။

မယာ၊ ငါဘုရားသည်။ တတ္ထ၊ ထိုစေတီယင်ပြင်၌။ ဝါဠုကာ၊ သဲတို့ကို။ သြကိဏ္ဏာ၊ ကြဲခဲ့ကုန်၏။ မေ၊ ငါ့အား။ တဿကမ္မနိဿန္ဒေန၊ ထိုကုသိုလ်၏ အကျိုးဆက်ကြောင့်။ အဋ္ဌယောဇနမဂ္ဂေ၊ ရှစ်ယူဇနာရှိသောခရီး၌။ ဝါဠုကံ၊ သဲကိုး သြကိရိံသု၊ ကြဲကြကုန်၏။

'ချစ်သားတို့....ငါသခ်ပုဏ္ဏား ဖြစ်စဉ်အခါတုန်းက စေတီတော် ယင်ပြင်မှာ သဲကလေး ပုဆိုးနဲ့တထုပ်ဖြူးပြီး ငါပူဇော်ခဲ့ဘူးတယ်တဲ့၊ချစ်သားတို့–အဲဒီကုသိုလ်ကံကလေးက အကြောင်းတရား၊ အခုဝေသာလီပြည်ကို ငါဘုရား ကြွတော်မူဘဲ့အခါ ရှစ်ယူဇနာရှိတဲ့ ခရီးတလျှောက် ငွေအဆင်းနဲ့တူတဲ့ သဲဖြူတွေ ခင်းပြီး ပူဇော်ခြင်း ခံရတာက အကျိုးတရား'တဲ့။

> တတ္ထ ဝနကုသုမေဟိ ပူဇာ ကတာ၊ တဿမေ နိဿန္ဒေန
> အဋ္ဌယောဇနမဂ္ဂေ နာနာဝဏ္ဏာနိပုပ္ဖာနိ သြကိဏ္ဏာနိ၊

ကေ ယောဇနဌာနေ ဂင်္ဂါယ ဥဒကံ ပဉ္စဝဏ္ဏေဟိ
ပဒုမေဟိ သဉ္ဆန္နံ။

မယာ၊ ငါဘုရားသည်။ တတ္ထ၊ ထိုစေတီယင်ပြင်၌။ ဝန–ကုသုမေဟိ၊ တောပန်းတို့ဖြင့်။ ပူဇာ၊ ပူဇော်ခြင်းကို ကထာ၊ ပြုခဲ့၏။ မေ၊ ငါ၏။ တဿ ကမ္မဿ၊ ထိုကုသိုလ်ကံ၏။ နိဿန္ဒေန၊ အကျိုးဆက်ကြောင့်။ အဋ္ဌယောဇနမတ္တေ၊ ရှစ်ယူဇနာရှိသော ခရီး၌။ နာနာဝဏ္ဏာနိ၊ အထူးထူးသော အဆင်းရှိကုန်သော။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဩကိဏ္ဏာနိ၊ ကြဲကြကုန်၏။ ဧကယောဇနဌာနေ၊ တယူဇနာရှိသောအရပ်၌။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ ဥဒကံ၊ ရေသည်။ ပဉ္စဝဏ္ဏေဟိ၊ အဆင်းငါးပါးရှိကုန်သော။ ပဒုမေဟိ၊ ပဒုမ္မာကြာတို့ဖြင့်။ သဉ္ဆန္နံ၊ ဖုံးလွှမ်းအပ်၏။

'ချစ်သားတို့....ငါဘုရား သခင်္ဂဏ္ဏား ဖြစ်စဉ်အခါတုန်းက သုသိမ၊ ပစ္စေကဗုဒ္ဓါရဲ့ စေတီတော်သွားပြီးတော့ တောထဲက ဖြစ်တဲ့ပန်းကလေးတွေခူးပြီး ငါတင်ခဲ့တယ်တဲ့၊ အဲဒီကုသိုလ် ကြောင့်မို့ အခုဝေသာလီပြည်ကြွတဲ့အခါ၊ ရှစ်ယူဇနာရှိတဲ့ခရီးမှာ အဆင်းအမျိုးမျိုး၊အနံ့အမျိုးမျိုးရှိတဲ့ပန်းတွေ ပူဇော်ခြင်း ခံရတယ်၊ နဂါးတွေကလဲဘဲ ဂင်္ဂါမြစ်ထဲမှာ ရေတွေ မမြင် ရအောင် ကြာပန်းတွေနဲ့ ပူဇော်ခြင်းကို ငါဘုရားခံရတယ်၊ ဒါက အကျိုးတရားပေါ်တာ ချစ်သားတို့....'တဲ့။ ဟိုတုန်းက လှူခဲ့တဲ့ပန်းကလေးတွေကတော့ တောထဲက ပန်းကလေးပါဘဲတဲ့၊ အခုအပူဇော်ခံနေရတာ နဲတဲ့ပန်းတွေမဟုတ်ဘူးတဲ့၊ ရှစ်ယူဇနာ ရှိတဲ့ ခရီးမှာ အဆင်းအမျိုးမျိုးအနံ့အမျိုးမျိုးရှိတဲ့ပန်းတွေတဲ့၊

တယူဇနာရှိတဲ့ ဂင်္ဂါမြစ်ထဲမှာလဲ အဆင်းအမျိုးမျိုးရှိတဲ့ ကြာပန်းတွေနဲ့ ပူဇော်ခြင်းခံရတယ်တဲ့။

မယာ တတ္ထ ကမဏ္ဍလု ဥဒကေန ဘူမိံ ပရိပ္ဖေါသိတာ၊
တဿမေ နိဿန္ဒေန ဝေသာလီယံ ပေါက္ခရဝဿံ ဝဿိ။

မယာ၊ ငါဘုရားသည်။ တတ္ထ၊ ထိုစေတီယင်ပြင်၌။ ကမဏ္ဍလု ဥဒကေန၊ ကရားရေဖြင့်။ ဘူမိံ၊ မြေကြီးကို။ ပရိပ္ဖေါသိတာ၊ ဖြန်းခဲ့ကုန်၏။ မေ၊ ငါ့အား။ တဿ ကမ္မဿ၊ ထိုကုသိုလ်ကံ၏။ နိဿန္ဒေန၊ အကျိုးဆက်ကြောင့်။ ဝေသာလီယံ၊ ဝေသာလီပြည်၌။ ပေါက္ခရဝဿံ၊ ပေါက္ခရဝဿမိုးသည်။ ဝဿိ၊ ရွာ၏။

"ချစ်သားတို့.... ဟိုလွန်လေပြီးသော အခါတုန်းက ငါဘုရား သင်္ခပုဏ္ဏားဖြစ်ခဲ့ဘူးတယ်။ သင်္ခပုဏ္ဏားဖြစ်စဉ် အခါတုန်းကတဲ့၊ သုသိမပစ္စေကဗုဒ္ဓါရဲ့ စေတီကလေး သွားပြီးတော့ ငါရေကလေး တကရား လှူခဲ့ဘူးတယ်တဲ့၊ ရေကလေးဖြန်းခဲ့ဘူးတယ်၊ အဲဒီအကျိုးဆက်ကြောင့်မို့ ခုအဲဒီကံကြောင့် ဝေသာလီပြည်ကြတဲ့အခါ ပေါက္ခရဝဿမိုးကြီး ရွာပြီးတော့ ပူဇော်ခြင်းခံရတယ်"

သူလုပ်ခဲ့တာကတော့ လဘက်ရေအိုးလေးနဲ့ တလုံး ပါဘဲ၊ ဒါပေမယ်လို့ အကျိုးလာပေးတာက ပေါက္ခရဝဿမိုးကြီးရွာပြီးတော့ ပူဇော်ခြင်းခံရတယ်။

မယာ တတ္ထ ပဋ္ဌာကာနိ အာရောပိတာ၊ ဆတ္တကဥ္စ ဗန္ဓိ၊
တဿမေ နိဿန္ဒေန ယာဝ အကနိဋ္ဌဘဝနာ ဓဇပဋ္ဌာက
ဆတ္တာတိ ဆတ္တာဒီဟိ သကလစက္ကဝါဠဂဗ္ဘ ကေုဿဝိယ
ဇာတံ။

မယာ၊ ငါဘုရားသည်။ တတ္တ၊ ထိုစေတီ ယင်ပြင်၌။ ပဋ္ဋကာနိ၊ ကုက္ကားတို့ကို။ အာရောပိတာ၊စိုက်ခဲ့ကုန်၏။ဆတ္တကဉ္စ၊ ထီးကိုလည်း။ ဗန္ဓံ၊ ဖွဲ့ခဲ့၏။ မေ၊ ငါ့အား။ တဿကမ္မဿ၊ ထိုကုသိုလ်ကံ၏။ နိဿန္ဒေန၊ အကျိုးဆက်ကြောင့်။ ယာဝ အကနိဋ္ဌဘဝနာ၊ အကနိဋ္ဌဘုံတိုင်အောင်။ ဓဇပဋ္ဋာကဆတ္တာ တိ ဆတ္တာဒီဟိ၊ တံခွန်ကုက္ကား ထီးအဆင့်ဆင့် စသည်တို့ဖြင့်။ သကလစက္ကဝါဠဂဗ္ဘံ၊ အလုံးစုံသော စကြာဝဠာတိုက်သည်။ ဧကုဿဝံဝိယ၊ တခုတည်းသောပွဲသဘင်ကဲ့သို့။ ဇာတံ၊ဖြစ်၏။

"ချစ်သားတို့.... ငါဘုရား သင်္ခပုဏ္ဏား ဖြစ်စဉ်အခါ ဘုန်းက ငါဟာလေ စေတီတော်ကို ငါက ငါဝတ်ဖို့ ရှိလို့ ငါခြုံလို့ဟောင်းတဲ့ ပုဆိုး ဟောင်းလေးကို ငါ ကုက္ကားလုပ်ပြီး လှူခဲ့တယ်တဲ့၊ ငါဆောင်းလို့ဟောင်းလေပြီးတဲ့ ထီးကလေးကိုလဲ ငါလှူခဲ့တယ်၊အဲဒီအကြောင်းကြောင့် အဲဒီကံကလေးက အကျိုး ပေးလိုက်တာတဲ့၊ အခုမြေပြင်ပေါ်ကနေပြီးတော့ ထီးအဆင့်ဆင့် တံခွန်အဆင့်ဆင့် ကုက္ကားအဆင့်ဆင့်တွေနဲ့ အထက် အကနိဋ္ဌ ဗြဟ္မာပြည်ထိအောင် အရှေ့စကြာဝဠာအဆုံး အနောက်စကြာ ဝဠာအဆုံး တောင်စကြာဝဠာအဆုံး မြောက်စကြာဝဠာအဆုံး ပူဇော်ခြင်းကိုခံရတယ်....'

## ဘုရားတန်ခိုးမဟုတ်

ဣတိခေါ ဘိက္ခဝေ သေ ပူဇာသက္ကာရော မယှံ နေဝ ဗုဒ္ဓါနုဘာဝေန နိဗ္ဗတ္တော၊ နနာဂဒေဝ ဗြဟ္မာနုဘာဝေန အတီတေ ပန အပ္ပမတ္တကပရိစာဂါနုဘာဝေနာတိ ဂတွာ၊ ဓမ္မံ ဒေသေန္တော ဣမံ ဂါထာမာဟ။

ဘိက္ခဝေ၊ရဟန်းတို့။ ဣတိခေါ၊ ဤသို့လျှင်။ သေ ပူဇာ သက္ကာရော၊ ဤပူဇော်သက္ကာရသည်။ မယှံ ၊ ငါ၏။ ဗုဒ္ဓါနုဘာဝေန၊ ဘုရား အာနုဘော်ကြောင့်။ နနိဗ္ဗတ္တော၊ ဖြစ်သည် မဟုတ်။ နာဂဒေဝပြဟ္မာနုဘာဝေန၊ နဂါး နတ်ပြဟ္မာတို့၏ အာနုဘော်ကြောင့်။ န နိဗ္ဗတ္တော၊ ဖြစ်သည်မဟုတ်။ အတီတေ ပန၊ လွန်လေပြီးသောအခါ၌ကား။ အပ္ပမတ္တက ပရိစ္စာဂါနုဘာဝေန၊ အနည်းငယ်သော ဥစ္စာကိုစွန့်လွှတ်ခြင်းအာနုဘော် ကြောင့်၊ နိဗ္ဗတ္တော၊ ဖြစ်၏။

'ချစ်သားတို့ .... အခုလို ပူဇော်ခြင်းခံရတာ ငါဘုရားရဲ့ တန်ခိုး မဟုတ်ဘူးတဲ့၊ နတ်တွေရဲ့တန်ခိုးလဲ မဟုတ်ဘူးတဲ့၊ပြဟ္မာ တွေရဲ့ တန်ခိုးလဲ မဟုတ်ဘူး၊ နဂါးတွေရဲ့တန်ခိုးလဲ မဟုတ် ဘူးတဲ့၊ ဘယ်သူ့တန်ခိုးတုန်းဆိုတော့ အနည်းငယ် လှူဒါန်းခဲ့တဲ့ ဒါနရဲ့တန်ခိုးတဲ့၊ ဒါနရဲ့အကျိုးတဲ့' ဒို့ဒကာ ဒကာမတွေ လုပ်နေတဲ့ ဒါနနဲ့နှိုင်းယှဉ်ကြည့်ရမယ်၊ သံပုဏ္ဏားကြီးဟာတဲ့ မြေကြီးညှိရတာက ဘာလေးနဲ့ညှိရသလဲ၊ လက်ကလေးနဲ့ညှိရ တယ်၊ မြက်တွေနှုတ်ရတာ လက်ကလေးနဲ့ နှုတ်ရတယ်တဲ့။

ဒို့အခုရိပ်သာမှာသန့်ရှင်းရေးအဖွဲ့က ကျောင်းပေါ်ကျောင်း အောက် အများသွားလာကြတဲ့ လမ်းတွေ မြက်တွေ ရေညှိတွေ မရှိရအောင် တနင်္ဂနွေ နေ့တိုင်း လာပြီးတော့ သန့်ရှင်းရေး ပြုလုပ်ကြရတဲ့အကျိုးတွေ၊ ဘယ်လောက် အကျိုးပေးမယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်ကြပေါ့၊ ပြီးတော့ သိမ်ဘလင်း တွေ ခင်းလို့၊ လမ်းတွေခင်းလို့၊ ကွန်ကရစ်လမ်းကြီးတွေ.... ဘယ် လောက်အကျိုးပေးမယ်ဆိုတာ ပြန်ပြီးတော့ စဉ်းစားကြည့်၊ တကာထဲ မှာဦးပြာသာဒ်ကြီးတွေ၊ ယောဂီတွေနေဘို့ ကျောင်း

ဆောင်ကြီးတွေ၊ ဒါတွေဆောက်ပြီးတော့ အခုလူဒါန်းကြရ တယ်။ ပြီးတော့ သူလှူခဲ့ရတာကလေးက သဲကလေးမှ ပုဆိုးနဲ့ တထုပ်။ ဒိုဒကာဒကာမတွေ အခုကားကြီးတွေနဲ့တိုက်ပြီး လှူဒါန်းကြရတယ်၊ ဒါကြောင့်မို့ သူလှူဒါန်းတဲ့ ရေလေးက ကရားနဲ့တလုံးတဲ့။ ယခု ဒိုဒကာ ဒကာမတွေက ပိုက်လုံးကြီးတွေ တပ်ဆင်ပြီး အချိန်မရွေးလိုသမျှရအောင် ချိုးမကုန် သုံးမကုန် အောင် လှူဒါန်းကြရတာတဲ့၊ ဘယ်တိုင်အောင် အကျိုးပေးမယ် ဆိုတာ စဉ်းစားကြပေတော့။

သူလှူရတဲ့ ပန်းတွေက တောထဲမှာဖြစ်တဲ့ ပန်းလေးတွေ၊ ဒိုဒီမှာ ပူဇော်ကြတာတွေက အဆင်းက အမျိုးမျိုး၊ အနံ့က အမျိုးမျိုး၊ ဆန်းဆိုတဲ့ပန်းတွေ၊ ကောင်းဆိုတဲ့ ပန်းတွေနဲ့မို့ အကျိုးတွေ အများကြီးရမှာပေါ့၊ ဆရာတော်ကြီး ပူဇော်ပွဲနေ့ ကဆို စုံလို့ ပူဇော်ကြတယ်တဲ့၊ ပြီးတော့ အခု ဒိုလှူရတဲ့ ကုက္ကား တွေ တံခွန်တွေ နေရာထိုင်ခင်းတွေ ကော်ဇောတွေ ဒါတွေဆိုလို့ ရှိယင်တဲ့ သစ်သစ်လွင်လွင်တွေရတာ၊ ဒီပုဏ္ဏားကြီးလှူတဲ့အလှူက သူဝတ်လို့သူခြုံလို့သူရုံလို့ ဟောင်းနေတဲ့ပုဆိုး၊ ဒီပုဆိုးလေးတောင် ဘယ်လောက်အကျိုးပေးတုန်း။ ပြီးတော့ ထီးကလေးကဲဆိုယင်လဲ သူဆောင်းလို့ ဟောင်းနေတဲ့ ထီးကလေးတဲ့၊ အဲဒါတွေ မြတ်စွာ ဘုရားက ဘယ်လိုမိန့်သလဲဆိုယင် 'ချစ်သားတို့–ဒါနရဲ့အကျိုး ဟာ ဒါလောက်တင် မဟုတ်ဘူးတဲ့၊ ဒါ အကျိုးဖျားလေး ပြောနေတာတဲ့၊ အကျိုးရင်းကတော့ သဗ္ဗညုတ ရွှေဉာဏ်တော် ကြီး ငါရပြီတဲ့' ဒါကြောင့် တချို့ကပြောအုံးမှာ၊ အောင်မယ် ဒါနက ဒါလောက်နဲ့ ပြီးရောလားဘုရားလို့။ အဲဒါ ဒါနပါရမီ မြောက်ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ငါရခဲ့ပြီတဲ့။

အခုဝေသာလီပြည် ကြွတော်မူတဲ့အခါ ပူဇော်ခြင်းခံရတာက အကျိုးဖျားလေးတွေဘဲ ချစ်သားတို့-လို့ ဟောပြီးတော့ မြတ်စွာဘုရားက ဟောဒီဂါထာလေး မိန့်တော်မူတယ်။ ဒီဂါထာ ရွတ်ပြီးတော့ သိမ်းကြစို့ရဲ့။

ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ဣမံ-ဂါထံ၊ ဤဂါထာကို၊ အာဟ၊ မိန့်တော်မူ၏။

မတ္တာ သုခ ပရိစ္စာဂါ၊ ပဿေစေဝိပုလံ သုခံ။
စဇေ မတ္တာ သုခံဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။

မတ္တာ သုခ ပရိစ္စာဂါ၊ မကြီးမကျယ် အနည်းငယ်သော ဥစ္စာကို စွန့်လွှတ်လှူဒါန်းခြင်းကြောင့်။ ဝိပုလံ၊ပြန့်ပြောသော။ သုခံ၊ နိဗ္ဗာန်ချမ်းသာကို။ စေပဿေ၊ အကယ်၍မြင်ငြားအံ့။ အထ၊ ထိုသို့မြင်သည်ရှိသော်။ ဝိပုလံ၊ ပြန့်ပြောသော၊ သုခံ၊ နိဗ္ဗာန်ချမ်းသာကို။ သမ္ပဿံ၊ သမ္ပဿန္တော၊ ကောင်းစွာ မြင်သော။ ဓီရော၊ ပညာရှိသည်။ မတ္တာသုခံ၊ မကြီးမကျယ် အနည်းငယ်သော ဥစ္စာကို။ စဇေ-စဇေယျ၊ နည်းများမဟူ စွန့်လှူကြရာတော့သတည်း။

သာဓု...သာဓု...သာဓု....။

ဤကဲ့သို့ ရှုနည်းမှတ်နည်းနှင့်တကွ ရတနသုတ်တရားတော်ကြီးကို နာရတဲ့အကျိုးကြောင့်၊ တရားနာကြတဲ့ ဒကာဒကာမတွေ အလိုရှိအပ်တဲ့ မဂ်တရားဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို လျင်မြန်စွာ ရောက်လွယ်ရလွယ် ကြစေကုန်သတည်း။ ။

သာဓု....သာဓု....သာဓု....။

၁၃၃၈-ခု၊ သီတင်းကျွတ် လဆန်း(၁၀)ရက်နေ့၊

လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်း၊ ဓဇယျဝတီကျောင်းတိုက်

ဓမ္မာရုံကြီး၌

ကမ္မဋ္ဌာန စရိယ ဟံလင်း ဆရာတော်

ဟော ကြား တော် မူ သော

## သတိပဋ္ဌာန်တရားတော်

ယနေ့ဟောကြားမယ့်တရားတော်ကတော့ သတိပဋ္ဌာန်တရားတော်ပါဘဲ။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ သောကပရိဒေဝကိုလဲ လွန်မြောက်နိုင်တယ်။ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဒုက္ခဒေါမနဿတွေကို ချုပ်ငြိမ်း စေနိုင်ပါတယ်တဲ့။ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်က သတိပဋ္ဌာန် တရားကို ကြိုးစား အားထုတ်ခဲ့လို့ရှိယင် ဒီလိုအကျိုးထူးတွေ ရပါလိမ့်မယ်လို့ ဟောကြားတော်မူခဲ့ပါတယ်၊ အဲဒီလိုဟောကြားတော်မူတဲ့အတိုင်း တကယ့်ကို ယုံယုံကြည်ကြည်နဲ့ အားထုတ်မယ်ဆိုယင် တကယ်ပင် ရရှိနိုင်ပါတယ်၊ ဒုက္ခတွေမှ လွန်မြောက်သွားဘူးတဲ့ ပုဂ္ဂိုလ် သောကတွေမှ လွန်မြောက်သွားတဲ့ပုဂ္ဂိုလ် ပရိဒေဝတွေမှ

လွန်မြောက်တဲ့ပုဂ္ဂိုလ် ဒေါ်မနုဿတွေမှ လွန်မြောက်တဲ့ပုဂ္ဂိုလ်တွေ များစွာပင်ရှိပါတယ်။

ဒါကြောင့်မို့ တရားအားထုတ်တဲ့အခါမှာ ပဓာနိယင်္ဂတရား ငါးပါးရှိပါတယ်၊ လိုရင်းအချက်ကတော့ ဒီတရားငါးပါးနဲ့ ပြည့်စုံယင် အထက်ပါအကျိုးတရားတွေ မုချရနိုင်ပါတယ်တဲ့။

## ပဓာနိယင်္ဂတရား ငါးပါး

သဒ္ဓေါ ဟောတိ အပ္ပါဗာဓော အမာယာဝီ ဝီရိယော ဟောတိ
ပညဝါ ဣမေ ပဉ္စပဓာနိယင်္ဂနာမကာ ယေဟိ ဓမ္မေဟိ
သမန္နာဂတာနံ ပဓာနံ ပတိပဇ္ဇတိ–လို့၊

မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဟောတော်မူပါတယ်။ ဒီတော့ သဒ္ဓေါ၊ ထက်သန်သောသဒ္ဓါတရားရှိသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပါဗာဓော၊ ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်း အနာရောဂါကင်းသည်။ ဟောတိ၊ ဖြစ်၏။ အမာယာဝီ၊ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝီရိယော၊ ဝီရိယ ထက်သန်သည်။ ဟောတိ၊ ဖြစ်၏။ ပညဝါ၊ နာမ်ရုပ်နှစ်တန် ခဏတ်ဖြစ်ပျက်ကို အမှန်မြင်သိ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣမေပဉ္စ၊ ဤတရားငါးပါးတို့သည်။ ပဓာနိယင်္ဂနာမကာ၊ ပဓာနိယင်္ဂတရားတို့မည်ကုန်၏။ ယေဟိဓမ္မေဟိ၊ အကြင်တရား ငါးပါးတို့နှင့် သမန္နာဂတာနံ၊ ပြည့်စုံသော ပုဂ္ဂိုလ်တို့အား။ ပဓာနံ၊ ကမ္မဋ္ဌာန်းအလုပ်သည်။ ပတိပဇ္ဇတိ၊ ပြည့်စုံ၏တဲ့။

ယုံကြည်မှုထက်သန်တဲ့ သဒ္ဓါတရားလဲရှိရမယ်တဲ့၊ သူကလိုရင်းပါဘဲ၊ ယုံကြည်မှုမရှိပါဘဲနဲ့ ဟုတ်မှဟုတ်ပါ့မလား၊ ဟိုနည်းကာ

ဟုတ်လေသလား၊ ဒီနည်းက မှန်လေသလားနဲ့ ဒီလိုများ သို့လော သို့လော တွေးတောမှု သံသယတွေ ဝင်နေမယ်ဆိုယင် တရား မတိုးတက်နိုင်ဘူး၊ ယုံကြည်တယ်ဆိုတာကတော့ မြတ်စွာဘုရား ကိုလဲ ယုံကြည်ရမယ်၊ အော်....လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီတော် ဖြည့်ကျင့် တော်မူပြီး ပါရမီတွေ ပြည့်လာမှ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူတယ်၊ တရားအားလုံးကို အကုန်အစင် သိမြင်တော်မူတယ်၊ အကုန်အစင် သိမြင်တော် မူမှ ဟောတော်မူတဲ့ တရားဘဲ၊ သဗ္ဗညုတ ရွှေဉာဏ်တော် ရတော်မူတဲ့ ဘုရားဘဲ၊ ထိုဘုရား ဟောတော်မူတဲ့ ဒီတရားဟာ အစ၏ ကောင်းခြင်း- အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံတဲ့ တ ရား ဘဲ လို့ လဲ ယုံကြည်တယ်၊ ကျင့်ယင် ချမ်းသာတယ်၊ ကြားနာရုံနဲ့ အပူစင်တယ်၊ ကျင့်ပြီး ယင်လဲ အလွန်ငြိမ်းချမ်းတဲ့ နိဗ္ဗာန်နန်းကိုရောက်သွားနိုင်တယ်လို့ တရားတော်ကိုလဲ ယုံကြည်ရမယ်၊ တရားတော်ကို ယုံကြည်တယ် လို့ဆိုတာ သူ့နည်း ကိုယ့်နည်း ဘယ်ဆရာတော်ဘုရား နည်း စသည်ဖြင့် နည်းမျိုးစုံအားထုတ်ကြပါတယ်။

ဒီတော့ ဒီနည်းက မှန်လေသလား၊ ဟိုနည်းက မှန်လေ သလားနဲ့ ဟောဒီလိုစောက်ချပြီး မယုံကြည်ဘဲ ဟိုဟာလိုလို ဒီဟာလိုလို ဒီလိုဖြစ်နေရင်လဲ ကြာတတ်ပါတယ်တဲ့။ ဒါကြောင့် မို့ မဟာစည် ဆရာတော်ဘုရားကြီး ဟောတဲ့ ဒီနည်းဟာဖြင့် ကောင်းမှန်တယ်လို့ ယုံယုံကြည်ကြည်နဲ့ အားထုတ်ရမယ်၊ ကျေးဇူး ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး ဆိုတာ ပိဋကတ်သုံးပုံကို မွေနှောက်နိုင်တဲ့ပုဂ္ဂိုလ်ဘဲ၊ ပရိယတ် ပရိပတ်

စွယ်စုံနဲ့ သူကိုယ်တိုင် ပြတဲ့နည်းဘဲ။ ထိုဆရာတော်ဘုရားကြီးရဲ့ ကိုယ်စားအဖြစ် ဘုန်းကြီးတို့က ပြရပါတယ်။

## ကိုယ့်ကိုယ်ကိုအထင်မသေးနဲ့

ဒီတရားကလဲ ယုံမှားစရာမရှိဘူးလို့ ကမ္မဋ္ဌာန်းနည်းကိုလဲ ယုံကြည်ရမယ်၊ ပြသတဲ့ဆရာကိုလဲ ယုံကြည်ရမယ်၊ ပြတဲ့ဆရာက ပြမှုပြတတ်ပါလေလား၊ သူပြနေတာတခြားတပါးများ ဖြစ်နေလေရော့သလားလို့ ဒီလိုယုံကြည်မှု ပေါ့လျော့နေယင်လဲဘဲ တရား မတိုးတက်နိုင်ဘူးတဲ့။ တရားကို မယုံကြည်သော်၎င်း၊ ကမ္မဋ္ဌာန်းဆရာကို မယုံကြည်သော်၎င်း၊ မိမိကိုယ်ကိုမိမိမယုံကြည်သော်၎င်း၊ ငါတို့ကသာသနာတော်နောက်ပိုင်းမှ လူလာဖြစ်ရတာ အခုနေအားထုတ်လို့ ဖြစ်မှုဖြစ်ပါ့မလား၊ ငါကတော့ အဘဗ္ဗပုဂ္ဂိုလ်ထင်ပါရဲ့၊ ပါရမီက ရင့်သေးမသင်ပါဘူးလို့ မိမိကိုယ်ကို မိမိနှိမ့်ချပြီး မိမိပါရမီကို မိမိအထင်သေးနေလို့ရှိယင် တရားမတိုးတက်တတ်ဘူးတဲ့။

ဒီတော့ ဆိုလိုရင်းက ဘုရားဆိုတာ တကယ်ဟုတ်တယ်၊ ထိုဘုရားဟောတော်မူတဲ့ တရားဆိုတာ တကယ်ရှိတယ်၊ ဒို့အားထုတ်တဲ့နည်းဟာလဲ ထိုဘုရားဟောတော်မူတဲ့တရားအတိုင်း နည်းမှန် လမ်းမှန် တကယ့်အစစ်ဘဲ၊ ကာယနုမဂ္ဂ-တခုတည်းသောလမ်း တကြောင်းတည်းသောလမ်းကောင်း အစစ်ဘဲလို့ ဒီလိုယုံကြည်ရမယ်။ ထိုပြသနေတဲ့ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတမဟာစည်ဆရာတော်ဘုရားဆိုတာလဲ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နဲ့ပြည့်စုံလို့ ယုံကြည်အားထားလောက်တဲ့ ပုဂ္ဂိုလ်ဘဲလို့ အဲဒီလိုကမ္မဋ္ဌာန်းဆရာတွေလဲ ယုံကြည်ရမယ်။ ငါတို့လဲဘဲ

ပါရမီထူးတွေရှိလို့ ရှေးဘုန်းရှေးကံရှိလို့၊ ဘုန်းထူးကံစရှိလို့ ရခဲတဲ့လူ့ဘဝကိုရခဲ့ပြီ၊ လူ့ဘဝဆိုတာ တော်တော်ခဲယဉ်းတာ၊ အဲဒီခဲယဉ်းလှတဲ့ လူ့ဘဝကို ဒို့ရပြီ။ လူ့အဖြစ်ရပြန်တော့လဲ သာသနာတော်နဲ့ တွေ့ကြုံတဲ့ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်လာရပြီ၊ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးကို ယုံကြည်ပါတယ်၊ အားကိုးပါတယ်ဆိုပြီးတော့၊ မိမိကိုယ်တိုင် ဝင်ရောက်ပြီးတော့ အားထုတ်ကြတယ် ရှုမှတ်ကြတယ်။

ဒါကြောင့်ဒို့ဟာ တကယ့်ဘုန်းကံပါရမီတွေနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေလို ကိုယ့်ကိုယ်ကိုလဲဘဲ အားထုတ်ယင်ရမှာဘဲလို့ ဒီလိုယုံကြည်ထားရမယ်။ ဒါကြောင့်မို့ သဒ္ဓေါ ဟောတိတဲ့။ သဒ္ဓေါ၊ ထက်သန်ယုံကြည်သောသဒ္ဓါတရားနဲ့ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ယုံကြည်ချက်နဲ့ ပြည့်စုံရမယ်၊ ယုံကြည်ချက်နဲ့ ပြည့်စုံတော့ လူကကျန်းမာအုံးမှ၊ နေမကောင်းဘူး အိပ်ရာထဲလဲနေမယ် ဆိုယင် ဘယ်လိုအားထုတ်ချင်ချင် အားထုတ်ချင်မဖြစ်ဘူး။ ဒါကြောင့် အပ္ပါဗာဓော၊ ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်း အနာကင်းသည်။ ဟောတိ ဖြစ်၏။ သြ- ရောဂါဘယက ကင်းတဲ့အခါဖြစ်ပါမှတဲ့၊ ဒို့ကျန်းမာ နေတုန်းမို့ အားထုတ် နိုင်တာ၊ ဒို့ရဲ့ခန္ဓာကိုယ်ကြီးတွေကဆို အိုရာ နာရာ သေရာသို့ အချိန်မရွေး အမြဲတစေ ပို့နေတာ၊ သူက ဒီအလုပ်ဘဲ လုပ်နေတာဘဲ။ ဒါကြောင့်မို့ အခု မအိုခင် မနာခင်က ဒို့ကြိုတင်ပြီးတရားအား-ထုတ်မယ်၊ အဲဒီလို ကျန်းကျန်းမာမာ ကဲလဲ့ရှိအုံးမှတဲ့၊ ဒို့အားထုတ်တဲ့အခါမှာ အရေးကြီးပါတယ်။ အမာယာဝီတဲ့၊ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။

တကယ်ရိုးရိုးသားသားနဲ့ မိမိတို့ဆရာက ညွှန်ကြားတဲ့အတိုင်း မိမိခန္ဓာတွင်းမှာ ပေါ်ရာလေးကိုရှုမှတ်၊ ရှုမှတ်ပြီးတော့ ဘာမှ မတွေးနဲ့၊ ဘာတွေမှမကြံနဲ့၊ မှန်တဲ့အတိုင်းပြော၊ အချို့မှာတခါ တလေတွေ့တတ်တယ်၊ တခါတရံမှာ ကိုယ်တိုင် တွေ့တဲ့အတိုင်း မပြောဘဲနဲ့ မိမိကြားဘူးတာလေးတွေနဲ့ ယှဉ်ပြီး ဒီလိုပြောရယင် ကောင်းမှာဘဲလို့ အဲဒီလိုကြားဘူးနားဝနဲ့ ပြောနေခဲ့လို့ ရှိယင် ကြာတတ်တယ်။ မိမိမှာဖြစ်တဲ့အတိုင်း သာပြော။ တပည့်တော် ပူတယ်လို့မှတ်တယ်ဘုရား၊ ပူတယ်လို့မှတ်တော့ ဘယ့်နှယ် ဖြစ် သွားလဲ၊ ဒီပူတာလေးကကြီးသွားတယ်။ (သို့မဟုတ်) ငယ်သွား တယ်။ (သို့မဟုတ်) မပျောက်ဘူးဘုရား၊ ဒီအတိုင်းဘဲ ခံနေ တယ်၊ တိုးတက်လာတယ်ဘုရား။

ဖောင်းတယ်လို့ မှတ်တယ်။ ဖောင်းတာလေးက မှတ်ယင်း မှတ်ယင်းဘဲ သူကသေးသေး သွားတယ်ဘုရား၊ ပျောက်သွား တယ်ဘုရား၊ (သို့မဟုတ်) ကြီးလာတယ်ဘုရား၊ (သို့မဟုတ်) ဒီနေရာမနေတော့ဘူး၊ ရွေ့သွားတယ်ဘုရားစသည်ဖြင့် ဟုတ်တဲ့ အတိုင်း ပြောပါတဲ့၊ မိမိမတွေ့တဲ့တရားကိုလဲဘဲ အတွေ့လုပ်ပြီး တော့ သူများပြောသံကို သံယောင်ဖမ်းပြီး မပြောပါနဲ့တဲ့။

အမာဝိယာဆိုတဲ့ ဒီဟာလေးကအရေးကြီးပါတယ်။ မိမိမသိ လို့ မှားမိယင်လဲဒါလွန်ကြီးမြိပါတယ်၊ မှားမိပါတယ်လို့ ဖြောင့် ဖြောင့်စင်းစင်းဝန်ခံပါ။ စကားများ ပြောကြသလား၊ တပည့် တော်တို့မပြောပါဘူးဘုရား ကြာပါပြီ၊ ပြောမိယင် နဲနဲပါးပါး တော့ပြောမိပါတယ်။ ဒါ အမှတ်တမဲ့ ဖြစ်သွားတယ်လို့ ဝန်ခံ လိုက်ယင်ပြီးတာဘဲ၊ ဤကဲ့သို့ ဖြေရှင်းရမယ်တဲ့၊ ဒါကြောင့်မို့ အမာယာဝီတဲ့။

## တန်ခိုးကြီးချင်တဲ့ ဘုန်းကြီးလို

ရှေးတုန်းက ရဟန်းတပါး တန်ခိုးကြီးချင်လွန်းလို့ ပါပိစ္ဆာတွေနဲ့ တန်ခိုးကြီး ဘုန်းကြီးအောင်လို့ လူလာယင် အိုးစရည်းဆိုတာထဲ ဝင်ဝင်နေတယ်။ ရှေးတုန်းက အိုးကြီးကြီးကို အိုးစရည်းလို့ ခေါ်တယ်။ အဲဒီအိုးကို ကျောင်းခန်းထဲထားပြီးတော့ ဟိုကဘုန်းကြီးပင့်လာလို့ ကိုရင်တို့ဆရာတော် ဘယ်ကြွတုန်းလို့ အသံကြားလိုက်ယင် ဆရာတော် အခန်းထဲမှာ ရှိပါတယ်ဗျာ၊ ခုတင်ကစာကြည့်နေတယ်၊ အဲဒီလိုပြောသံ ကြားလိုက်ယင် သူ့ဆီ ကေန်လာတော့မယ်သိတော့ သူက အိုးထဲဝင်ပုန်းတော့တာဘဲ၊ အိုးထဲဆင်းပုန်းနေတော့ ရှာမတွေ့ဘူး။

ဒကာကကိုရင် အခန်းသဲဝင်ကြည့်ပါတယ်၊ဘုန်းကြီးကိုမတွေ့ဘူး၊ ဆရာတော်မရှိဘူး၊ ဘယ်ကြွတုန်းဆိုတော့၊ရှိပါတယ်ဗျာ့၊ ခုနင်ကမှဒီမှာစာကြည့်နေတာ၊ ခုနက ကျုပ်တောင်မြင်ခဲ့သေးတယ်လို့ ကိုရင်ကအမှန်အတိုင်းပြော။ အဲဒီတော့ သူက ထွက်ပြီး အသာထိုင်နေတယ်။ နောက်တခါဝင်ကြည့်တော့ 'ဟာ အရှင်ဘုရား ခုနဘယ်ကြွနေတုန်း' 'ဒကာ-ရဟန်းဆိုတာဒီလိုပေါ့' ဆိုတော့ သူကဘဲ ဈာန်သမာပတ်နဲ့ ဟိုဟိုဒီဒီ ကြွနေသလိုလိုပေါ့။ သူကဒီလိုလုပ်တော့ အင်း-ဒကာက အထင်ကြီးတယ်။

ဒီဘုန်းကြီးတော့ သာမညမဟုတ်ဘူး၊ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံနေပြီလို့ ဒကာက အထင်ကြီးတယ်၊ အဲဒီလို မာယာနဲ့ မိမိမှာမရှိတဲ့တရားတွေကို ရှိလေဟန် မဆောင်ရပါဘူးတဲ့၊ မာယာ သာထေယျတွေ မလုပ်ရဘူးတဲ့၊ မာယာကလှည့်ပတ်တာ သာထေယျက မရှိတဲ့ဂုဏ်ကို ရှိချင်ဟန်ဆောင်တာ၊ မိမိမတတ်

ဘဲနဲ့ တတ်ချင်ယောင်ဆောင်တာ၊ မိမိတရားမတွေ့ဘဲနဲ့ တွေ့ချင်ယောင်ဆောင်တာကို သာထေယျလို့ ခေါ်ပါတယ်။

## မာယာသဘော

ဒကာမတယောက်က မိမိတို့အိမ်မှာ ခိုင်းစေထားတဲ့ အလုပ်သမားလေးတယောက်ကို ခင်နေတာကိုး၊ ခင်နေတာကို အိမ်မှရှင်ယောကျ်ားကတော့ မသိဘူး၊ ဒါနဲ့ တနေ့ကျတော့ သူက အဲဒီကလေးကိုနမ်းတယ်၊ နမ်းနေတုန်း ဟိုကယောကျ်ားကြီးက မြင်လိုက်ကရော၊ မြင်လိုက်တော့ ဘယ်လောက်ဖြတ်ထိုးဉာဏ်ကောင်းသလဲ....

'မောင်ရယ်....တဲ့၊ ဟောဒီကောင်လေး မရိုးသားဘူးတဲ့၊ မောင့်ဖိုထားတဲ့မုံ့ ခိုးစားတယ်တဲ့၊ ဒါကြောင့် သူ့ပါးစပ် နမ်းကြည့်ရသေးတယ်တဲ့'

အခြေ၊ အခြေ။ အဲဒါ လှည့်ပတ်တဲ့ မာယာပေါ့၊ ခုနင်က မရှိတဲ့ဂုဏ်နဲ့ ရဟန္တာယောင် ဆောင်နေတာက သာထေယျတဲ့။

တပါးက ရှိသေးတယ်၊ သူ့ကျောင်းနဲ့ ရွာနဲ့က ကွေ့သွားယင် တော်တော်လေး သွားရတယ်၊ ချောင်းကြီးတခုက ဆီးထားတယ်၊ အဲဒီချောင်းကြီးကို ဖြတ်သွားလိုက်မယ်ဆိုယင် ဟိုဘက်ကမ်းက ဒီဘက်ကမ်းထိ ဆက်နေတဲ့ သစ်မြစ်ကြီးတခုက လဲရှိတယ်။ အဲဒီနေရာက ဖြတ်သွားမယ်ဆိုယင် တော်တော်နီးတာဘဲ၊ ဒါပေမဲ့ ဘယ်သူမှ သွားလေ့သွားထမရှိဘူး၊ သူကတော့ ပေါက်ပေါက်ရှာရှာ ရှာထားတာကိုး၊ ခုနင်က မာယာ သာထေယျများတဲ့သူက ကြည့်ထားတယ်။ ဒါနဲ့—

'အရှင်ဘုရား ဆွမ်းစားကြွပါဘုရား၊ အချိန်တော်နေပြီ'လို့ ဘုန်းကြီးပင့်လာတော့—

'အေး—အေးသွားနှင့် ငါရေချိုးလိုက်အုံးမယ်၊ မင်းသွားနှင့် လာခဲ့မှာပေါ့'

ဒါနဲ့ ဒကာက လမ်းရိုးအတိုင်းသွားနှင့်တယ်၊ ဒကာကို လွှတ်လိုက်တယ်။ သူက ဒီဖြတ်လမ်းကနေ သုတ်သုတ်သုတ်သုတ်နဲ့ အဲဒီသစ်မြစ်ကဖြတ်ပြီးသွားတော့ အိမ်ကိုအရင်ရောက်နေတယ်၊ ဟာ—ဒကာက အံ့သြသွားတယ်။ 'ဘယ့်နှယ်တုန်း အရှင်ဘုရား၊ နောက်မှလာခဲ့မယ်ဆို၊ ခုတော့ အယင်ရောက်နေပါပကော၊ အရှင်ဘုရား ဘယ်ကကြွတုန်း'

'ဟာ-ဒါတော့မမေးကောင်းပါဘူး၊ရဟန်းဆိုတာဒီလိုပေါ့'

အဲ-သူ့အဖြေက ကောင်းကင်က ပျံလာသလိုလို မြေထဲက လျှိုးလာသလိုလိုပေါ့၊ ဒီလိုချည်းလုပ်နေတော့ ကျော်ကြားလာတယ်။ အဲဒီလိုလုပ်နိုင်ယင် ရှေးတုန်းကလဲ အင်မတန် ကျော်ကြားတတ်ပါတယ်၊ အခုလဲ လုပ်မယ်ဆိုယင်လဲ ကျော်ကြားမှာပါဘဲ၊ ဒကာ-ဒကာမဆိုတာ သူများထက် ထူးဆန်းယင် အထင်ကြီးလာတာဘဲ။

## အလံ့ရှူးနဲ့ လိမ်တာကတမျိုး

ဘုန်းကြီးတို့ ကြုံခဲ့ဘူးတယ်၊ ပြီးတော့ ရွာမှာ သူ့အလံ့ ရှူးခေါ်တဲ့ သူ့အဖွဲ့သားတွေက အယင်ရောက်နေနှင့်တာ သူ့လူတွေက အများကြီးဘဲ၊ တနေ့ကျတော့ သူတို့က ဘာ ပြောတုန်းဆိုတော့ လူစုံတဲ့ အရပ်တခုက လဘက်ရည်ဆိုင်မှာ ပြောကြတယ်။

‘ငါ့အိပ်မက် မက်တယ်ကွာ၊ တောင်အရပ်က တောင်တံခါးပေါက်ကနေပြီးတော့ ကြာပန်းကိုင်လို့ တောင်ဝေ့းနဲ့ သင်္ကန်းအညိုနဲ့ သပိတ်လွယ်လို့ ရဟန္တာကြွလာလိမ့်မယ်၊ ဘယ်နေ့ လာလိမ့်မတဲ့’လို့ တယောက်ကပြောတယ်။

သူ့အဖွဲ့သားဆိုတော့ ဟိုတယောက်ကလဲ လာပြန်ရော၊ ငါလဲ ဒီလို အိပ်မက်တယ်၊ သူလဲ ဒီလိုမက်တယ်ဆိုတော့ အဲဒါ မြှော်လင့်နေကြတယ်၊ သူတို့က ချိတ်လုပ်ထားတာကိုး၊ ဟိုက တောင်ဝေ့းနဲ့ ကြာပန်းကိုင်လို့ လာတော့တာပေါ့၊ သူတို့ပြောဘဲ့ရက်ကျတော့ လာတော့တာပေါ့။ အဲဒါ ရဟန္တာလုပ်ကိုးကွယ်ကြတာဘဲ၊ တန်ခိုးတွေကြီးသပေါ့၊ အဲဒီကြီးတာကိုဘဲ သူတို့ အတူတူဝိုင်းပြုပြီးတော့ သုံးစွဲကြမှာပေါ့။

အဲဒီလို မာယာသာထေယျတွေနဲ့ လုပ်ကြတာတွေရှိတယ်၊ လူတွေကလဲ ဒီလိုမှ အထင်ကြီးတာ၊ မုတ်ဆိတ်မွေးနဲ့ ဆေးလွယ်အိတ်နဲ့ ဘာနဲ့ ဒီလိုလာလိုက်မယ်ဆိုယင် ဟိုဟာတော့ ဝိဇ္ဇာထင်တယ်ကွ၊ တယောက်ကထင်ယင် တယောက်က ဟုတ်ပါတယ်ကွာလို့ ဆိုတယ်၊ ဟိုတယောက်က အစစ်ပေါ့လို့ ပြောတယ်၊ ဟိုတယောက်ကနေပြီးတော့ မြေလျှိုးမိုးပျံလာတယ်လို့ ရောသိုက်တယ်၊ အဲဒီလိုဖြစ်တတ်တယ်။

ဒါကြောင့်မို့ ခုနင်တုန်းက သစ်မြစ်ဖြတ်ပြေးတဲ့ ကိုယ်တော်ကြီးလဲ နောက်လူပါး လူလည်ကလဲ ရှိသေးတာကိုး၊ ဘယ်ဈာန်မှ ရမှာမဟုတ်ဘူး၊ ဒီကိုယ်တော်ကြီးတော့ ဘယ်တရားမှလဲ အားထုတ်တာမဟုတ်ဘဲနဲ့ သူတနည်းတဖုံ ကြံတာနေပါလိမ့်မယ်လို့ တစေ့တစောင်းလိုက်ကြည့်တော့ ဒီသစ်မြစ်ကြီးက ပြေးတာနေလိမ့်မယ်လို့ အောက်က လွန့်အသာပင့်တိုက်

ထားတယ်။ သူမသိအောင်လို့ တဲတဲလေး ချန်ထားတယ်၊ နောက်တနေ့ကျတော့ ဆွမ်းစားသွားပင့်တယ်၊ ဒကာ သွားနှင့် လာခဲ့မပေါ့။

ဒီတော့ ဒကာက သွားနှင့်တော့ သူက ခါတိုင်းလိုဘဲပေါ့၊ ဖြတ်လမ်းကနေပြေးတော့ သစ်မြစ်ပေါ်လဲဖြစ်ကရော၊ အလယ်ခေါင်ကျတော့ မြုန်းဆိုပြတ်တွရော၊ အဲဒီလိုကျတော့မှ အလိမ်ပေါ်တာဘဲတဲ့။

ဒါ့ကြောင့် တရားပျက်လျှင် တရက်ပြားမည်ဆိုတာ မှတ်ပါတဲ့။ တရားပျက်ယင် ဘာဖြစ်မတုန်း (တရက်ပြားမှာပါဘုရား) အဲတရက်ပြားမှာ။ တရားပျက်ယင်တော့ ဒီပြင်ဘာမှတွေးမနေနဲ့ ပါဠိတော်တွေဘာတွေ ရွတ်မနေနဲ့၊ အေး-မင်းတော့တရားပျက်ပြီ၊ တရားပျက်ယင်တရက်ပြားမှာဘဲ။ အဲဒီကိုကိုယ်တော် မပြားဘူးလား၊ (ပြားပါတယ်ဘုရား)။ အဲဒါကိုယ်ကကော တရားပျက်ယင် ဘယ့်နှယ်ဖြစ်မလဲ တရက်ပြားမှာပါဘုရား)၊ သူများတရက်ပျက်ရင် ကော ပြားမှာဘဲ၊ တရားပျက် တရက်ပြားလိမ့်မယ်တဲ့။

## တရားမပျက်ကြနဲ့

ဒါကြောင့်မို့ မြတ်စွာဘုရားက ချစ်သားတို့တဲ့၊ တရားမပျက်နဲ့သည်းခံကြ၊ ခန္တီပရမံ တပေါတိတိက္ခာ-လို့ ဟောတယ်။ ဒါကြောင့်အမာယာဝီ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်း ကင်းသည်။ ဘုန်းကြီးတို့ အခုတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကလဲ တကယ်တရားရှာပါတယ်လို့ ဆိုကြတယ်၊ တရားဆိုတာ ဘယ်ကဖြစ်နေသလဲ၊ မိမိတို့ခန္ဓာထဲကဖြစ်ပါတယ်၊ မနေ့ကလဲမှန်ကန်ယင် တရားဘဲ၊ မမှန်ကန်တာတွေလုပ်နေယင် မတရားလို့ ပြော

ပါတယ်၊ ဒိဗ္ဗဘာသာတွေဟာ တရားရှာ ဘယ်မှာ တွေ့တုန်း (ကိုယ်မှာပါဘုရား)။ ကိုယ်မှာတွေ့တယ်။ မတရားရှာတော့ ဘယ်မှာတွေ့တုန်း(ကိုယ်မှာပါဘဲဘုရား)၊ ကိုယ်မှာတွေ့တာဘဲ။

ဒါပေမယ့် မတရားအလုပ်က သုံးမဖြစ်ဘူး၊ အပြင်တော့ သုံးပါတယ်။သူ့ဟာသူ အိပ်နေတဲ့ခွေးကို တုတ်နဲ့သွားရိုက်၊ အလကားမတရားသဖြင့်ရိုက်တာကွာ လို့ ပြောတာဘဲ၊ ဒါမမှန် တဲ့အကုသိုလ်ပါဘဲ။ ဒီတော့ အဲဒီလိုမိမိတို့တရားအားထုတ် နေ ခိုက်မှာဆိုယင် မာယာသာထေယျတွေကို ပယ်တာပါတဲ့၊ တရား တကယ်လိုချင်တယ်ဆိုယင် တကယ်တွေ့ချင်ယင် ဒီလိုဖြောင့်စင်း တာနဲ့ဘဲတရားတွေ့ရေလား ဆိုတော့ ဝီရိယော-တဲ့။ ဝီရိယကလဲ တကယ်ထက်သန်တဲ့ ဝီရိယရှိမှ အရိုးကြေကြေ။ အရေစုတ်စုတ် ငါ့ရဲ့အသွေးတွေခမ်းခြောက်သွားပစေ၊ အသက်ကိုတောင်ငါမငဲ့ ဘူးဆိုပြီးတော့ ဒီလိုအားထုတ်ပါတဲ့။

ဝီရိယော၊ဝီရိယထက်သန်လှည်း အဲဒီဝီရိယဟာ လျော့နဲ နေ လို့ရှိယင်တော့ ယိုင်လဲလုမတတ်ဖြစ်နေတဲ့ အိမ်အိုအိမ်ဆွေး ဒို့ ကျားလေးကန်မယ်ဆိုယင် ခိုင်မြဲသလိုပါဘဲတဲ့၊ ကျားကပျော့နေ ယင်တော့ သူပါကွေးသွားမှာပါဘဲ၊ ယိုင်သွားမှာပါဘဲ၊ အဲဒီ အိမ်ကို ဝီရိယတည်းဟူသော ကျားကောင်းကောင်း တိုင်ကောင်း ကောင်း တုတ်မာမာနဲ့ ထောက်လိုက် မယ်ဆိုယင် အိမ်လေး ကောင်းသွားသလို ဒို့ခန္ဓာမှာလဲ အခုတရားထိုင်လိုက်ယင် ရှေ့ ငိုက်ငိုက်ပြီး တဆတ်ဆတ်ဖြစ်ပြီး ထိုင်နေတယ်။အဲဒီတော့ ဝီရိယ လျော့ရဲနေတာပါဘဲ။

အဲ့ဒါကြောင့် ဝီရိယထက်ထက်သန်သန်နဲ့ အားထုတ်ပေးပါ တဲ့၊ ဘယ်ကပေါ်လာမလဲ၊ လာခဲ့၊ လာပေါ်တာ မလွတ်

စတမ်းမှတ်မယ်လို့ ဒီလိုတင်းတင်းရင်းရင်း မှတ်ရမယ်တဲ့၊ ဝီရိယ ထက်သန်ရမယ်၊ ဒါကြောင့် ကြောခြင်ရိုးရေ၊ ကြွင်းလေစေ၊ ကုန်စေ သားအသွေး။ အသက်ကိုမျှ၊ မငဲ့ရ၊ သမ္မပဒါန် လေး....တဲ့။ ဒီသာသနာတော်မှာ အင်မတန်ကျမ်းဂန်နှံ့စပ်လို့ အင်မတန် ကြက်သရေဆောင်နိုင်တဲ့ လယ်တီဆရာတော်ကြီး ကိုယ်တိုင် ရေးသွားတဲ့ လင်္ကာပါဘဲ။

ဒါတောင် ခုကာလတချို့ကတော့ ဒါတွေမကိုင်ကောင်းဘူး လို့ ပုတ်ခတ်ပြောနေသေးတယ်။ အဲဒီတော့–

ကြောခြင်ရိုးရေ၊ ကြွင်းလေစေ၊ ကုန်စေသားအသွေး။
အသက်ကိုမျှ၊ မငဲ့ရ၊ သမ္မပဒါန်လေး....တဲ့။

ဝီရိယလဲထက်သန်ရမယ်တဲ့၊ အဲဒီ ဝီရိယထက်သန်ပြီးတော့ အမှတ်ကလေးကောင်းလာမှ ဉာဏ်တက်လာတာဘဲ။ ဒါကြောင့် ပညဝါ–နာမ် ရုပ် နှစ်တန်၊ ဓါတ်ဖြစ်ဟန်ကို၊ အမှန်မြင်သိ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏လို့ မြတ်စွာဘုရားက ဟော ပါတယ်။

## နာမ်နဲ့ရုပ်သာရှိတယ်

အဲဒီလို ဝီရိယ သတိ သမာဓိတွေနဲ့ အားထုတ်လိုက်တဲ့အခါ ကျတော့ ဩ-ဒါကတော့ရုပ်ဘဲ၊ ဒါကတော့နာမ်ဘဲလို့ သိလာ တယ်၊ ဒါကြောင့် ပညဝါ၊ နာမ်ရုပ်နှစ်တန်၊ ဓါတ်ဖြစ်ဟန် ကို၊ အမှန်မြင်သိ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏လို့ ဟော တာပါဘဲ။ ဒီနေရာမှာ အခုမှတ်နေတော့ ဖောင်းတယ်ပိန်တယ် လို့ မှတ်နေကြတယ်။ ဖောင်းတယ် ပိန်တယ်လို့ ဒီလိုမှတ်နေ ရာမှာ နဂိုတုန်းကတော့ ငါဖောင်းတယ်၊ ငါမှတ်တယ်၊ ဒီလို

ထင်လာခဲ့တယ်၊ အခု တော်တော်လေးမှတ်လာတဲ့ အချိန်ခါ ကျတော့ ဖောင်းတာ ဘာတုန်းမေးယင် ရုပ်တရားမဟုတ်လား။

ဖောင်းတာဘာတုန်း (ရုပ်တရားပါဘုရား)၊ မှတ်နေတာက (နာမ်ပါဘုရား)၊ ဒီထဲမှာ မှတ်တာသည် နာမ်ကမှတ်တာလား၊ ငါကမှတ်တာလား (နာမ်ကမှတ်တာပါဘုရား)၊ နာမ်က မှတ်တယ်လို့ ရှင်းရှင်းလင်းလင်းဉာဏ်နဲ့ မတွေ့ဘူးလား(တွေ့ပါတယ် ဘုရား)။

အဲဒီအသိလေးသည် အမှန်တွေ့နေတာတဲ့၊ ပညာဝါ-ဆိုတာ သူပါဘဲတဲ့၊ ဖောင်းနေတာသည် ငါကဖောင်းတာလား၊ သူက ဖောင်းတာလား၊ ယောကျ်ားဖောင်းတာလား၊ မိန်းမဖောင်း တာလား၊ ဘယ်သူက ဖောင်းတာတုန်း (ရုပ်ကပါဘုရား)၊ရုပ်က ဖောင်းတာဘဲတဲ့၊ ဒီရုပ်ကို ဘာဓါတ်လဲမေးယင် ဘယ့်နှယ့် ပြောမလဲ (ဝါယောဓါတ်ပါဘုရား)၊ ဒါကြောင့်မို့ ပညဝါ- နာမ်ရုပ်နှစ်တန် ဓါတ်ဖြစ်ဟန်လို့ဆိုတာ၊ ဩ-ဒါက ဝါယော ဓါတ်တွေဘဲလို့ ကိုယ်တိုင်သိကြတာ။ဒါဖြင့် ပူတယ်-ပူတယ်လို့ မှတ်တော့ ပူတာသည် ဘယ်သူပူသလဲ၊ ပူတဲ့သဘောက ပူ သလား၊ ငါပူသလား၊ သယ်သူပူသလဲ (ပူတဲ့သဘောကပူတာ ပါဘုရား)။ အေး-ဒါဆိုယင် ဘာဓါတ်တုန်း (တေဇောဓါတ် ပါဘုရား)၊ ရုပ်တရားလား၊ နာမ်တရားလား (ရုပ်တရားပါ ဘုရား)၊ အဲဟုတ်တယ်၊ ရုပ်တရားထဲက တေဇောရုပ်ပါဘဲ။

## တရားသိတာလား-မတရားသိတာလား

ဒါဖြင့် ပူတယ်လို့ဆိုနေတာလေးက ဘာတဲ့တုန်း (နာမ် တရားပါဘုရား)။ နာမ်တရားပေါ့။ ဒါဖြင့် ဒီအသိကလေးဟာ

ဘာကြောင့် ရောက်လာသလဲဆိုတော့ ခုနင်တုန်းက ပြောခဲ့တဲ့ သဒ္ဒါတရားနဲ့ လဲပြည့်စုံတယ်၊ ဒီပုဂ္ဂိုလ်တွေက ကျန်းမာခြင်းနဲ့ လဲ ပြည့်စုံတယ်၊ မာယာသာဌေယျလဲမရှိဘူး၊ ဝီရိယလဲ ထက်သန်နေတယ်ဘဲ့၊ အဲဒါကြောင့် ဟောဒီအသိတွေလာပြီးတော့ သိနေပါတယ်တဲ့၊ ဒိုတရားတွေ့တယ် တရားသိတယ် ဆိုတာ ဒီအင်္ဂါတွေညီညွတ်ယင် တွေ့နိုင်သိနိုင်တာပါဘဲ။

ဒါဖြင့် ဤကဲ့သို့ ဒါရုပ်ဘဲ ဒါနာမ်ဘဲလို့ သိနေတာဟာ တရားသိတာလား၊မတရားသိတာလား(တရားသိတာပါဘုရာ)း၊ ဘာတရားကိုသိတုန်း (ရုပ်တရားပါဘုရား)၊ နာမ်တရားကော မသိဘူးလား(သိပါတယ်ဘုရား)။ ဒါဖြင့်ဒီရုပ်နဲ့ ဒီနာမ်တရား ဘယ်နေရာကလာတုန်း (ခန္ဓာကိုယ်ထဲကပါဘုရား)၊ ခန္ဓာကိုယ် ထဲကလာတော့ တရားရှာ ဘယ်မှာတွေ့တုန်း (ကိုယ်မှာ တွေ့ပါ တယ်ဘုရား)၊ တွေ့ပလား(တွေ့ပါပြီဘုရား)၊ ဒီခန္ဓာကိုယ်မှာ တွေ့နေတာဘဲတဲ့။

## ငါတို့အသိ ပြောင်းနေပြီ

ဥပမာ ကြွတယ်လှမ်းတယ်လို့ မှတ်ရာမှာ ကြွတာဘာတုန်း (ရုပ်ပါဘုရား)။ မှတ်နေတာက (နာမ်ပါဘုရား)။ ကြွတာ လှမ်းတာဟာ ငါလား–သူလား၊ ယောကျ်ားလား–မိန်းမလား မေးယင် ဘယ်လိုဖြေမတုန်း(ရုပ်နာမ်ပါဘုရား)၊ ဒါဖြင့်ရုပ်သည် တရားလား–မတရားလာဆိုယင် ဘယ်နှယ့်ပြောမလဲ (တရားပါ ဘုရား)၊ မှတ်နေတာတွေက ဘာတုန်း(တရားပါဘုရား)၊ ဒါဖြင့် တရားတွေ့ပလား (တွေ့ပါပြီဘုရား)။ တရားတွေ့တယ်၊ တရား သိတယ်ဆိုတာ ဘုန်းကြီးတို့အကောင်အထည် ထုတ်ပြစရာမလို

ဘူး၊ အသိဉာဏ်လေး ပြောင်းသွားတာပါဘဲ။ နဂိုတုန်းက ငါလှမ်းတာ၊ ငါမှတ်နေတာ၊ ငါသိတာ၊ ငါမြင်တာ၊ ငါကြားတာလို့ ငါကလေးက အရင်းခံပြောလာခဲ့တာ၊ လွှဲပြောလာတာ၊ အခုကျတော့ ယောဂီတွေက ငါလှမ်းဘယ်၊ ငါထိုင်တယ်လို့ ပြောလင့်ကစား ငါမဟုတ်ဘူးဆိုတဲ့ အသိလေး မရှိဘူးလား(ရှိပါတယ်ဘုရား)။ အဲဒီအသိလေး ရရှိထားတာ သည်ပင်လျှင် ငါတို့ အသိပြောင်းနေပြီတဲ့။

အားထုတ်ကြောင်းငါးပါး

ဒါကြောင့်မို့ ပညာဝါ-နာမ်ရုပ်နှစ်တန်၊ ဓါတ်ဖြစ်ဟန်ကို၊ အမှန်မြင်သိ၊ ပညာရှိသည်။ ဟောတိ- ဖြစ်၏။ ဒါခုနင်ကလိုဘဲ မာယာသာထေယျတွေလဲ မရှိဘူး၊ ဝီရိယနဲ့အားထုတ်မယ်ဆိုယင်တော့ ဒီအသိတွေ တိုးတက်လာပါလိမ့်မယ်တဲ့၊ ဒီကာတဆင့် တက်ပြီးတော့ ကြောင်းကျိုးတွေမြင်လို့ တကယ့်အစွဲပြုတ်ပြီး ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်တဲ့။ ဒါကြောင့်မို့-

ဣမေ ပဉ္စ၊ ဤငါးပါးတို့သည်။ ပဓါနိယင်္ဂနာမကာ၊ ပဓါနိယ အင်္ဂါတို့မည်ကုန်၏။ တေဟိဓမ္မေဟိ၊ ထိုတရားတို့နှင့်။ သမန္နာဂတာနံ၊ ပြည့်စုံသောသူတို့အား။ ပဓါနံ၊ ကမ္မဋ္ဌာန်းအလုပ်သည်။ ပဋိပဇ္ဇတိ၊ ပြည့်စုံ၏။

ဒါလေးကို တိုတိုကျဉ်းကျဉ်းနဲ့ မှတ်ရအောင် လင်္ကာလေး ရေးထားတယ်။

ယုံကြည်ကျန်းမာ ဖြောင့်စွာစိတ်ထား၊
ကြိုးစားတွင်တွင် ဖြစ်ပျက်မြင်၊
ငါးအင် အားထုတ်ကြောင်း။ ။

ဘုရားတရား သံဃာနဲ့ မိမိတို့အားထုတ်တဲ့တရား မိမိတို့ကို ပြသနေတဲ့ကမ္မဋ္ဌာန်းဆရာ၊ မိမိတို့ပါရမီဆိုတာတွေကို ယုံကြည်ပြီး လူက မကျန်းမာယင် အားထုတ်လို့ ရပါ့မလား(မရပါဘုရား)။ လူက ကျန်းမာအုံးမှ၊ နောက်ပြီးတော့ ဖြောင့်စွာစိတ်ထား-တဲ့။ ဒါဖြင့်ယင် တရားအားထုတ်တဲ့နေရာမှာ မိမိတို့ ရိုးရိုးသားသား ဖြောင့်မတ်ဖို့ရာမလိုဘူးလား(လိုပါတယ်ဘုရား)။ တရား အားထုတ်မှုရယ်မဟုတ်ဘူး ဘယ်အချိန်မျိုးမဆို လိုနေတာဘဲ၊ တရား အားထုတ်တော့ ပိုလိုနေတာပေါ့။ နောက်ပြီးတော့ အမာယာဝီတဲ့၊ မိမိမတွေ့ယင် မတွေ့ဘူး၊ မသိယင်မသိဘူး၊ မဖြစ်ယင် မဖြစ်ဘူး၊ မမှတ်ယင် မမှတ်ဘူး၊ ဤကဲ့သို့ စိတ်ဖြောင့်ဖြောင့် ထားပါတဲ့။ အမာယာဝီ၊ ဖြောင့်မတ်စွာ စိတ်ထားပြီးတော့ ဘာတဲ့ (ကြိုးစားတွင်တွင်ပါဘုရား)၊ တကယ် အဆက်မပြတ် မီးပွတ်ယောကျ်ား ပမာထား ကြိုးစားကြပါတဲ့။

ဒို့မှတ်ခါတလည့် ပြတ်တလည့်ဒီလိုလုပ်မနေရဘူး၊ဒါကြောင့်မို့ တကယ်တွင်တွင် ကြိုးစားပါတဲ့။ တပည့်တော်တို့ ကြိုးစားပါတယ်ဘုရား၊ ဘယ်အချိန် ကြိုးစားမှာတုန်း၊ မနက်ဆိုယင် သုံးနာရီ ထပါတယ်၊ နှစ်နာရီ ထပါတယ်၊ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီး ရှိနေပါတယ်။ မနက်မှာ ဒီကပေးထားတဲ့ စည်းကမ်းထက်တောင် ပိုပြီးတော့ သူတို့သဒ္ဓါတရားက ထက်သန်နေတဲ့ ပုဂ္ဂိုလ်တွေက အများကြီးပါ။

## အမှတ်ပါမှ ကြိုက်သည်

ဒီမှာ ခု ဘုန်းကြီးတို့ ကြိုးစားတာထက် ပိုပြီးတော့ ဘာလို နေသေးလဲဆိုတော့ နေရာတကာ အမှတ်ပါဖို့ မလိုဘူးလား

(လိုပါတယ်ဘုရား)၊ အိမ်သာတက်ရာ ရေချိုးရာကျတော့ ပေါ့တတ်တယ်နော်။ အိမ်သာတက်ရာ၊ ထမင်းစားရာ၊ ရေချိုးရာ၊ ပြုလုပ်တဲ့အမှုအရာတွေကိုလဲ မလွတ်အောင် မှတ်ရတယ်။ ဒါကြောင့် နေရာတကာ အမှတ်ပါ၊ မြတ်စွာကြိုက်လှသည်-တဲ့။ မြတ်စွာဘုရားက နေရာတကာ အမှတ်ပါမှ ကြိုက်တယ်တဲ့။ ဒီနေရာလေးတော့ မှတ်တယ်၊ ဟိုနေရာကျတော့ မမှတ်တော့ဘူး။ နင်လား ငါလား ကြိုးကြိုးစားစား တခါထဲထိုင်မှတ်၊ မှတ်လို့ ကောင်းနေပြီး ဒေါင်ဆို နာရီလဲထိုးလိုက်ရော တော်ကြာထရော အဟိုး အဟန်း ဒုန်း ဒိုင်းနဲ့ ထသွား၊ ဟိုနား တိုးတိုးတိတ်တိတ်၊ ဒီနားတိုးတိုးတိတ်တိတ်နဲ့ စကားလေးပြောလိုက်၊ အဲဒီလို ဆိုလို့ ရှိယင် မိမိ ခုနကတည်ထောင်ထားတဲ့ သမာဓိ အားလေးဟာ ပျက်သွားတယ်၊ သမာဓိလေး ပျက်သွားကတဲက ပညာလဲ ပျက်တော့တာပါဘဲတဲ့၊ ဒါကြောင့်မို့ ကြိုးစားတင်တင် ဖြစ်ပျက်မြင်တဲ့။ ကြိုးစားခဲ့ယင် ဘာမြင်လာမတုန်း၊ ဖြစ်ပျက်ကို မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။ ဒို ဒီမှာ ဖြစ်ပျက်လို့ သုံးတာနဲ့ ပေါ်ပျောက်လို့သုံးတာနဲ့ ဘာထူးတုန်း (မထူးပါဘူးဘုရား)၊ အဲ မထူးပါဘူးတဲ့။ ပေါ်လာပြီးပျောက်တယ်၊ ဖြစ်ပြီးပျက်တယ်၊ ပေါ်လာတာသည်အဖြစ်ပေါ့၊ ပျောက်တာသည် အပျက်ပေါ့။

ဥပမာ ဖောင်းတာလေး စလာတယ်။ ဒါ ဘာခေါ်မလဲ အဖြစ်မဟုတ်လား၊ (အဖြစ်ပါဘုရား)။ ဒါဖြင့် နောက်ပြီး အဆုံးကျတော့ ပျက်မသွားဘူးလား၊ အဲဒါဘာတုန်း (အပျက်ပါ ဘုရား)။ ဟော-ဖောင်းပိန် ပေါ် ပျောက် ဆိုတာနဲ့ ဖြစ်ပျက် ဆိုတာ အတူတူဘဲ၊ တမတ်နဲ့ ၂၅ ပြားပါဘဲ၊ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ အဲတချို့ကလဲ ဒီထဲမှာကို ဒါကဖြစ်တယ်

ဒါကပျက်တယ်လို့ ဒီလိုမဆိုရတော့ အားမရဘူးတဲ့။ ဒို့မှတ်မယ်ဆိုယင် ပေါ်လာတာလေးလဲ ကိုယ်ကသိတာဘဲ။ ပေါ်တာလေးသိပြီးတော့ ပျောက်တာကိုကော မသိဘူးလား (သိပါတယ်ဘုရား)။ဟော ပေါ်ပြီးပျောက်နေတာ ဘာတုန်း (ဖြစ်ပျက်ပါဘုရား)။ ဖြစ်ပြီးပျက်တာသည် မြဲလို့လား-မမြဲလို့လား(မမြဲလို့ပါဘုရား)။ မမြဲယင် အဲဒါဘာတုန်း (အနိစ္စပါဘုရား)။ ဖြစ်ပျက်ရော အနိစ္စရော ရုပ်နာမ်ရော တခါထဲ မစုံဘူးလား (စုံပါတယ်ဘုရား)။

ဒါပေမယ့် ဒို့က နှင်လား ငါလား အော်ဆိုလိုက်ရမှ အားရနေပါတယ်တဲ့၊ အင်မတန် နူးညံ့သိမ်မွေ့တဲ့ တရားပါတဲ့။ ဒါကြောင့်....

ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင်အားထုတ်
ကြောင်း–တဲ့....။

ဟောဒီ ငါးချက်နဲ့ ပြည့်စုံအောင်အားထုတ်ပါတဲ့၊ဒီငါးချက်ပြည့်ပါစေတဲ့၊ အဖက်ဖက်က မလိုစေနဲ့၊ ဟာ-ယုံတော့ ယုံကြည်ပါရဲ့ သိပ်တော့ အားမထုတ်နိုင်သေးဘူး၊ နောင်များမှဘဲ အားထုတ်မယ်ဆိုယင်ကော၊ ဒီလိုမဟုတ်ဘူး၊ တခါထဲကြိုးကြိုး စားစား အားထုတ်ပါတဲ့၊ဒီတော့ကို အဲဒီလိုအားထုတ်ခဲ့လို့ရှိယင်ဖြင့် မြတ်စွာဘုရား ကျေညာတော်မူတဲ့အတိုင်း ဒုက္ခတွေ ဒေါမဿတွေ သောက ပရိဒေဝတွေ လွန်မြောက်သွားကြတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်တဲ့။ ရှင်တို့သတို့ တကယ်ကြိုးကြိုးစားစားနဲ့ အားထုတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရသွားသလို၊ ဒို့အခုလဲ တကယ်ကြိုးကြိုးစားစားနဲ့ အားထုတ်သွားမယ်ဆိုယင် ရနိုင်ပါတယ်တဲ့၊ ဒီအင်္ဂါ ငါးချက်နဲ့ ပြည့်စုံပါစေတဲ့။

## တိဿသူဌေးသား

သာဝတ္ထိ ပြည်မှာ တိဿဆိုတဲ့ သူဌေးသား တယောက် ရှိတယ်၊ ကုဋေလေးဆယ် ကြွယ်ဝတယ်။ သူက လူ့ဘောင်မှာ ငြီးငွေ့ပြီး တကယ်သံသရာဝဋ်မှ လွတ်မြောက်ရာ လွတ်မြောက် ကြောင်းဖြစ်တဲ့ သာသနာတော်မှာလွတ်လွတ်ကျွတ်ကျွတ်ရဟန်း ဝတ်အားထုတ်တော့မယ်လို့ဆိုပြီး သူ့ညီထံခွင့်တောင်းပါတယ်။ 'ငါ့ညီ....ဒီမှာ ညီအကိုနှစ်ယောက်ထဲ ရှိတာ၊ ရှိသမျှပစ္စည်း တွေကို ငါ အကုန်လုံးပုံပြီး မင်းကို လွှဲခဲ့မယ်၊ မင်းဘဲသုံးရစ် ပေတော့'

'ဒါဖြင့် နောင်တော် ဘယ်သွားမတုန်း'

'ငါတော့ ရဟန်းပြုလုပ်တော့မယ်'

ဒါပေမယ်လို့ သူ့ညီက တားပါသေးတယ်၊ မိဘမရှိယင် နောင်တော်ဘဲအဖေ၊နောင်တော်ဘဲအမေမို့ ကျွန်တော်အားကိုး ပါရစေလို့ မပြုဖို့ရာ တားတယ်။ ဒီတော့ သူကိုလဲ ပါရမီက လှုံ့ဆော်နေတော့ မနေနိုင်ဘူး၊ ဒါတွေ အကုန်လွှဲပြီးတော့ မြတ်စွာဘုရားထံ တရားယူပါတယ်။

တရားယူတယ်ဆိုတာလဲ ဒီသတိပဋ္ဌာန်တရားပါဘဲ၊ ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတွေဟာ ဒီသတိပဋ္ဌာန်တရားနဲ့ဘဲ မဂ်ဖိုလ် နိဗ္ဗာန်ဝင်သွားကြတာပါ၊ အဲဒီတုန်းက သူလဲဘဲ ရှုနည်းမှတ်နည်း သတိပဋ္ဌာန်တရားတွေကို မြတ်စွာဘုရားထံက သင်ယူပြီး တခု သောတောကျောင်းမှာ သွားအားထုတ်ပါတယ်။

အဲဒီလို တခုသော တောကျောင်းမှာ အားထုတ်နေတော့ သူ့ခယ်မက လောဘတွေကပ်လာတယ်။လောဘတရား၊ ဒေါသ

တရား၊ မောဟတရားဆိုတာ အလွန်ကြောက်စရာကောင်းပါ တယ်၊ လောဘများဝင်လာယင် မှားတာလဲမသိဘူး။

သူ့စိတ်ထဲမှာ စဉ်းစားကြည့်တယ်၊ ငါရှဲခဲ့အိုဟာ ရဟန်း ပြုပြီးတော့ တရားအားထုတ်နေတာတဲ့၊ ရဟန်းအလုပ်ဆိုတာ အင်မတန်ဆင်းရဲတယ်၊ သူက သူဌေးသားတယောက်မို့ သူဌေး သားရဲ့ စည်းစိမ်တွေစွန့်လွှတ်ပြီး တရားအားထုတ်ယင်း တော ထဲမှာနေရတယ်၊ ဒီတော့ အင်မတန်ချမ်းသာရာကနေပြီး ဆင်းရဲ ရာ ရောက်သွားတယ်၊ ရဟန်းဆိုတာ သူများ မှီခိုနေရတာ၊ ကိုယ်ကအပူစားချင်ပေမယ် အအေးနဲ့တွေ့ယင် အအေးလောက် စားရတာ၊ အချိုစားချင်ယင် အချဉ်ရတတ်တယ်၊ ကိုယ်ဖြစ်ချင် သလို မဖြစ်ရဘူး၊ ချမ်းချမ်းသာသာလဲ မနေရဘူး၊ ဒကာ- ဒကာမတွေ မှီနေရတာ၊ ဒီတော့ သူတာရှည်နေနိုင်မှာမဟုတ်ဘူး၊ တကယ်လို့သာ ရဟန်းဘောင်မှာ တာရှည်မနေနိုင်ပါဘူးဆိုပြီး ပြန်လာယင်ဖြင့် သူ့ပစ္စည်းတွေကို ထက်ဝက်ခွဲပေးရလိမ့်မယ်တဲ့ အဲဒီလို မဟုတ်တာတွေ သွားတွေးတယ်။

## ခယ်မ အကြံ

ဘယ်သူက လုပ်ပေးတာလဲဆိုတော့ ဒါ လောဘတိုက်တွန်း ပေးတာ၊ ဒီတော့ ဒီရဟန်းကြီးကို ငါသုတ်သင်မှ ဖြစ်မယ်လို့ သူ့စိတ်ထဲ စိတ်ကူးပေါက်တယ်။ အကယ်၍ မပျော်လို့ လူထွက် လာယင် ဒို့ရှိတဲ့ပစ္စည်းတွေ တဝက် ခွဲပေးနေရလိမ့်မယ်လို့ ဟောဒီလောဘလေးက တိုက်တွန်းတာနဲ့ သူဘာလုပ်သလဲ ဆို တော့ ခိုးသား ဓါးပြတွေကို ပိုက်ဆံပေးပြီးတော့ ဒီရဟန်း ကြီးကို သတ်ပေးကြပါလို့ အသတ်ခိုင်းတယ်၊ ရဟန်းကို ဘာက

အသတ်ခိုင်းသလဲဆိုတော့ လောဘကတိုက်တွန်း တိုက်တွန်းပြီး အသတ်ခိုင်းတာပါတဲ့။ ဒါကြောင့်မို့-

အာရုံငါးပါး လိုက်စားခင်မင်၊
ကျူးပြစ်ဆိုးညစ် စိစစ်မထင်၊
ဝဋ်မှလွတ်ကြောင်း လမ်းဟောင်းမမြင်၊
လောဘယုတ် နှစ်မြုပ်ပါယ်လေးခွင်....တဲ့။

ဒါကြောင့်မို့ ခိုးသားတွေ ပိုက်ဆံပေးခိုင်းတော့ ခိုးသားတွေက သွားပြီးတော့ဝိုင်းရော၊ တောကြီးထဲမှာဖမ်းတယ်၊ ဖမ်းတော့ မိရော၊ မိတော့ အမောင်တို့ ဘာလိုချင်လို့တုန်း၊ ငါ့မှာလဲ သပိတ်တလုံးနဲ့ သင်္ကန်းကလွဲလို့ ဘာပစ္စည်းမှ မရှိဘူးလို့ ပြောတယ်။ ပစ္စည်း ဥစ္စာ ဆန်စပါးတွေမရှိတာကို သမဏ သုခလို့ ခေါ်ပါတယ်၊ အလွန်ချမ်းသာတာပေါ့၊ ဒို့က ဒါကို ချမ်းသာ တယ်မထင်တော့ အပိုလေးကို စုဆောင်းထားချင်သေးတာကိုး။

ဥစ္စာစပါး၊ သိမ်းမထား၊ ရွှေဖျားသမဏ မြတ်သုခ....တဲ့။

ဒို့မှာ ဥစ္စာတွေလဲမရှိဘူး၊ စပါးလဲမရှိ၊ ဆန်လဲမရှိ၊ ဆီလဲမရှိ၊ ဘာမှမရှိဘူး။ သပိတ်တလုံး သုံးထည်သော သင်္ကန်းနဲ့ နေကြတယ်၊ မရှိတော့ ဘာတွေချမ်းသာသလဲဘုရားလို့မေးယင် ရှိမှ မရှိတာနဲ့၊ ဒါတွေပိုးစုးမှာလဲ မကြောက်ရဘူး၊ သူခိုးခိုးမှာလဲ မကြောက်ရဘူး၊ မီးလောင်မှာလဲ မကြောက်ရဘူး၊ ရေထဲ ပါ မှာလဲ မကြောက်ရဘူး၊ မိုးစိုမှာလဲ မကြောက်ရဘူး၊ ကြွက်စား မှာလဲ မကြောက်ရဘူး၊ ငါ့ဥစ္စာများ ငါ့စပါးတွေများ လူများ ခိုးမှာလေလားလို့လဲ မကြောက်ရတော့ဘူး၊ သိပ်ချမ်းသာတာ တဲ့။ ကိုင်းဆို-

ဥစ္စာစပေါ၊ သိမ်းထား၊ ရွှေဖျားသမဏ မြတ်သုခ....တဲ့။

မရှိမှ သမဏသုခရတယ်။ သပိတ်တလုံး သုံးထည်သော သက်န်းဘဲ ရှိပါတယ်တဲ့၊ ဒါလေးရှိတော့ မနက်လင်းတဲ့အခါ ကျတော့ အိမ်စဉ်လျှောက်ရပ်လို့၊ သဒ္ဒါဘရားနဲ့ ဆွမ်းလောင်း လိုက်ယင် ဒါလေးဘုဉ်းပေးနေရတာ၊ ဘယ်ဆိုင်သွားပြီးတော့ ဆီထုတ်ရတယ်လို့လဲ မရှိဘူး၊ ဆန်ဝယ်ရတာလဲ မရှိဘူး၊ တစ္စန်း တယောက်မ သူများ လောင်းလိုက်တာလေးနဲ့ စားနေရတာ သိပ်ချမ်းသာ ပါတယ်တဲ့။ ရောင့်ရဲတင်းတိမ် နေပါတယ်တဲ့။ ဒါကြောင့်–

အပြစ်ကင်းကွာ၊ ဆွမ်းကိုရှာ၊ ဤမှာ သမဏ မြတ်သုခ–တဲ့။

သိပ်ချမ်းသာတယ်

ရဟန်းများ ဒီလိုနေရတာ သိပ်ချမ်းသာတယ်တဲ့။ ဒါပေ မယ်လို့ ဒီလိုလေးများ သပိတ်တလုံး သုံးထည်လောက်နဲ့ ဆွမ်း ခံစားရမယ်ဆိုယင် အောင်မယ်လေးကွာ ဟိုကိုယ်တော် ဆွမ်းခံ စားနေရတယ်၊ သနားပါဘယ်၊ ဘုန်းတန်ခိုးက အလွန်နည်းရှာ သကိုးတဲ့၊ အဲဒီလိုတောင် တင်ချင်တင်တတ်သေးတယ်။ အမှန် ကတော့ မြတ်စွာရေးက အလွန်ကြိုက်ပါတယ်။ 'အပြစ်ကင်း ကွာ၊ ဆွမ်းကိုရှာ၊ ဤမှာသမဏ၊ မြတ်သုခ' အဲဒီလိုနေရတာ သိပ်ချမ်းသာတာ။

ဒါကြောင့်မို့ ဒီလိုသပိတ်တလုံး သုံးထည်သော သက်န်းနဲ့ နေမယ်ဆိုယင်ဖြင့် ရဟန်းတော်များ သွားချင်ရာသွားတဲ့၊ အရပ် လေးမျက်နှာ ဘယ်သူကမှ အဆီးအတား အကန့်အကွက်လဲ မရှိဘူး၊ ဘယ်မင်းဘယ်စိုးကမှလဲ ပိတ်ပင်တားဆီးမနေပါဘူး၊

ဒါကြောင့်မို့ ချမ်းချမ်းသာသာနဲ့ တကာယ်ရဟန်းတရား အား ထုတ်နေတဲ့ပုဂ္ဂိုလ်ကြီးကို ပြစ်မှားပြီးတော့ အသတ်ခိုင်းလို့ သူခိုး တွေက ဖမ်းရော၊ သူခိုးဓါးပြတွေဖမ်းတော့–

'အမောင်တို့ ဘာလိုချင်သလဲ'

'အရှင်ဘုရား ပစ္စည်းလိုချင်လို့ လာတာမဟုတ်ဘူး'

'ဘာလိုချင်လို့တုန်း ပြောပါ'

'အရှင်ဘုရားအသက်ကို လိုချင်လို့၊ သတ်ပစ်မလို့'

'ငါ့မှာ ဘာအပြစ်ရှိလို့လဲ၊ ဘာကြောင့်တုန်း၊ ငါ့တရား ငါအားထုတ်ပြီးတော့ တောကျောင်း နေတဲ့ဥစ္စာဘဲ'လို့ ပြော တယ်။

'အရှင်ဘုရား....အရှင်ဘုရားရဲ့ခယ်မတော်က ငွေပေးပြီးတော့ သတ်ခိုင်းလို့ တပည့်တော်တို့ ပိုက်ဆံလိုချင်လို့ လာသတ်တာ ပါဘဲ၊ အရှင်ဘုရားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့ဘူး' လို့ ဟောဒီလိုပြောပါတယ်။

ဒီလိုပြောတော့ သူက စဉ်းစားတယ်၊ ငါဟာတဲ့ ပုထုဇဉ် အဖြစ်နဲ့ ကိလေသာတွေနဲ့ သေရမှာတော့ ငါအလွန် စက်ဆုပ် တယ်တဲ့၊လောဘဒေါသတွေနဲ့ သေရမှာတော့ ငါကြောက်တယ်၊ ကိလေသာတွေနဲ့တော့ မသေဘူးလို့ အကြံဖြစ်တယ်။

'အမောင်တို့ .... တရား အားထုတ်ချင်လို့ တညလောက် ခွင့်ပြုပါ'

'ဘယ်ပြုနိုင်မတုန်းဘုရား၊ အရှင်ဘုရား တော်ကြာ ထွက်ပြေး ယင် ဘယ်နှယ်လုပ်မတုန်း၊ အရှင်ဘုရားထွက်ပြေးယင် တပည့် တော်တို့ ဘယ်ပိုက်ဆံရလိမ့်မတုန်း'

'ငါမပြေးပါဘူး' တဲ့

'ဘယ်ယုံနိုင်ပါ့မတုန်း၊ အရှင်ဘုရားပြောတာ ဘယ်ယုံလို့ဖြစ်မတုန်း'

'မင်းတို့ယုံကြည်လောက်အောင် ငါသက်သေပေးမယ်'တဲ့

'ဘယ်လိုလုပ်ပေးမလဲ'လို့ဆိုတော့၊ အနားမှာရှိတဲ့ ကျောက်ခဲနဲ့ ပေါင်နှစ်ချောင်းကို ထုချိုးပစ်လိုက်ပါတယ်၊ ထုချိုးပစ်လိုက်တော့ ထက်ပိုင်းကျိုးသွားတယ်။ အဲဒီလို ထက်ပိုင်းကျိုးသွားတော့မှ 'ကိုင်းအမောင်တို့၊ ယုံပလား၊ မပြေးနိုင်တော့ပါဘူး'တဲ့။ ဒါကြောင့်မို့ ငါ့ကိုတညတော့ ခွင့်ပြုကြပါ ဆိုတော့ သူခိုးတွေက ဘေးကစောင့်ပြီးတော့ အိပ်နေတယ်။ အိပ်နေတော့ တရားအားထုတ်တယ်။ ပေါင်နှစ်ချောင်းထုချိုးလိုက်တော့ ဝေဒနာမပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)၊ ဘယ့်နှယ်နေမတုန်း၊ မနာပေဘူးလား၊ ဒုက္ခလား-သုခလား (ဒုက္ခပါဘုရား)။ အဲဒီ ဒုက္ခဝေဒနာတွေကို မှတ်ပါတယ်တဲ့ (နာတယ်-နာတယ်) နောက်ကျတော့ သူ့ရဲ့ သီလစင်ကြယ်ပုံတွေ မြင်တော့ တရားအားထုတ်ပြီးတော့ ဒါတွေကို စိတ်ထဲမှာ ပီတိပါမောဇ္ဇဖြစ်ပြီးတော့ နာတဲ့ဒဏ်ရာကို နှလုံးမသွင်းဘဲနဲ့တဲ့ ပေါ်ရာတွေ လိုက်ရှုမှတ်တယ်။နာတာပျောက်သလိုဖြစ်တယ်။နာတာ တခြား၊ မှတ်တာတခြား၊ ဒီလိုဖြစ်ပြီးတော့ နာတာက ပျောက်သလို ဖြစ်နေပါတယ်တဲ့။

## သေခြင်းက နီးကပ်နေပြီ

အဲဒါကိုဘဲ ဝေဒနာဝိက္ခမ္ဘတာ ဝေဒနာကို ခွါထားတယ် အပထားတယ်လို့ဆိုပါတယ်။ ဒီလိုနဲ့တရားတွေကိုဆက်ပြီး မှတ်နေပါတယ်၊တညလုံး နာယင် နာတယ်....နာတယ်၊ မြင်ယင်

မြင်တယ်....မြင်တယ်၊ ကြားယင် ကြားတယ်....ကြားတယ်နဲ့ ဒွါရ ခြောက်ပါးကပေါ်လာသမျှတွေကို မှတ်နေပါတယ်။ သူ့သတ်တမ်းက ဘယ်လောက်ရှိတော့တုန်း (တညပါဘုရား၊ တကယ့်ကို ၂၄ နာရီတောင်မရှိတော့ဘူး၊ သေခြင်းတရား နီးနီးကပ်ကပ်ထားပြီးတော့ တရားအားထုတ်ယင် အလွန်ရလွယ်တယ်တဲ့၊ အခုလဲ ဒို့ပေါင်နှစ်ချောင်း မဟုတ်တောင် တချောင်းလောက်များ စမ်းကြည့်ရယင် ဘယ့်နှယ့်နေပါ့မတုန်းနော်၊ ကိုယ်တော့ မစမ်းဝံ့ပါဘူး၊ သူများတိုက်တွန်းတာပါ။

အများအားဖြင့် ကိုယ်နဲ့အသက်ကို ငဲ့ကွက်ကဲ့လား(မငဲ့ကွက်ပါဘုရား)၊ တရားရှာကိုယ်မှာတွေ့ဆိုတဲ့အတိုင်း ခန္ဓာကိုယ်ထဲက အဆီအနှစ်ကိုထုတ်ယူပါတဲ့၊ ပစ္စည်းဥစ္စာထဲက အဆီအနှစ် ထုတ်ယူယင် ဘာထုတ်ယူရမလဲ(ဒါနပါဘုရား)။ ဒီပစ္စည်းတွေ ဘယ့်နှယ့်လုပ်မဂဲ၊ လှူလိုက်တန်းလိုက်ယင် အဆီအနှစ်တွေ တွေ့မယ်၊ ကိုယ့်မှာ အဖတ်တင်ရစ်ပြီ။

ခန္ဓာကိုယ်ထဲက သီလတည်းဟူသော အဆီအနှစ် ထုတ်ယူပါတဲ့၊ အသက်ထဲက ဘာဝနာတည်းဟူသော အဆီအနှစ်ကို ထုတ်ယူပါ၊ သာသနာထဲက လောကုတ္တရာ တရားကို ထုတ်ယူပါ။ ဒီတော့ကြည့်ပါ၊ ဒီခန္ဓာကိုယ်ကြီးကို တရားနဲ့လဲတော့မှာ၊ ဘယ်လောက်ယုံကြည်တယ်ဆိုတာကြည့်ပါ၊ တကယ်ဒီတရား ငါအားထုတ်ယင် အဟုတ်ရမှာ၊ ငါ့ဒီခန္ဓာကိုယ်ကြီးက ဘာလုပ်ဖို့တုန်း၊ မမြဲတဲ့ခန္ဓာကိုယ်ကြီးဘဲ၊ ဒုက္ခပေးနေတဲ့ ခန္ဓာကြီးဘဲ၊ မြတ်စွာဘုရားကိုက သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ၊ အကျဉ်းချုံးလိုက်ယင်ဖြင့် မြတ်စွာဘုရားကဒီခန္ဓာကြီးကိုဘာဟောထားတုန်း ဒုက္ခသစ္စာလို့ မဟောဘူးလား(ဟောပါတယ်ဘုရား)၊ အဲဒီဒုက္ခ,

သစ္စာလို့ ပြောထားတဲ့ဒီခန္ဓာကြီးကိုငါဘာဖြစ်လို့ တွယ်တာနေမှာတုန်း၊ ခန္ဓာနဲ့တရားနဲ့လဲတော့မှာမယ်၊ ခန္ဓာထဲက အနှစ်သာရ ထုတ်ယူတော့မယ်ဆိုပြီးတော့ ဒီခန္ဓာကြီးကိုသူကိုယ်တိုင် ရက်ရက်စက်စက် ရိုက်ချိုး မပစ်ဘူးလား။ အဲဒါကြောင့်မို့....

(ကိုယ်နှင့်အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်။)
ကာယေ ဇီဝိတေစ အနပေက္ခတံ ဥပဋ္ဌာပေတိ။
(ဝိသုဒ္ဓိမဂ် ၂-၂၄၈)

## မနက်လင်းယင် သေမင်းခေါ်မယ်

ကိုယ်ကြီးလဲမငဲ့နဲ့၊ အသက်လဲမငဲ့နဲ့တဲ့၊ ဒီနေရာမှာ ကြိုးကြိုးစားစားအားထုတ်ဖို့ မပြတ်မလပ် ဇွဲလစပ်အားထုတ်ဖို့ သိပ်လိုလာပြီ။ ဒီပုဂ္ဂိုလ်ဟာ သူ့အသက်ကြွင်းတစ်လေးက တညတွက်လောက်ကျန်နေတော့ ပေါ့ပေါ့ဆဆနေအုံးမလား (မနေတော့ပါဘူးရား)၊ဒါဖြင့် နောက်ကဟာတွေ ပြန်ပြီးတော့တွေး၊ ရှေးက စီးပွားရေးကြီးပွားရေးတွေကော တွေးစရာရှိသေးလား (မရှိတော့ပါဘုရား)။ သူက ဘယ်လောက်နေရအုံးတော့ မှာတုန်း၊ မနက်လင်းယင် သေချာပေါက် သေမင်းခေါ်တော့မယ် မသိဘူးလား(သိပါတယ်ဘုရား)၊သိနေလို့ရှိယင်ဖြင့် ငါဘယ်နှစ်ဘယ်လကျတော့ ကြီးပွားအောင်ဟဲ့လို့ စီးပွားရေးတွေ ကြံအုံးမှာလား (မကြံတော့ပါဘုရား)။

ဒါကြောင့်ဒွါရခြောက်ပါးက ပေါ်သမျှတွေကို နာယင် နာတယ်၊ မြင်ယင်မြင်တယ်၊ ကြားယင် ကြားတယ်၊ ပူယင် ပူတယ်၊ ဖောင်းယင် ဖောင်းတယ်၊ပိန်ယင် ပိန်တယ်၊ကွေးယင် ကွေးတယ်

စသည်ဖြင့် မပြတ်မလပ် မီးပွတ်ယောကျ်ားကဲ့သို့ မှတ်လိုက်တာတဲ့။ လိုက်ဆို....

မီးပွတ်ယောကျ်ား အလားတူပင်၊
မနားမရပ် ရှုမှတ်ပါလျှင်၊
ဣန္ဒြေငါးချက် တိုးတက်စုံလင်၊
ကျင့်ကြံသုံး လမ်းဆုံးနိဗ္ဗာန်ဝင်။

နောက်တပုဒ် လိုက်ဆိုကြအုံး....

ကိုယ်နှင့်အသက် ရက်စက်မခင်၊
လုံ့လကြိုးကုတ် အားထုတ်အစဉ်၊
ဣန္ဒြေငါးချက် တိုးတက်စုံလင်၊
ကျင့်ကြံသုံး လမ်းဆုံးနိဗ္ဗာန်ဝင်။

နောက်တပုဒ်....

ရှုမှတ်ဆဲ၌ ဆင်းရဲပေါ်ယင်၊
လွန်မြောက်အောင်ပ ရှုရတွင်တွင်၊
ဣန္ဒြေငါးချက် တိုးတက်စုံလင်၊
ကျင့်ကြံသုံး လမ်းဆုံးနိဗ္ဗာန်ဝင်။

နောက်တပုဒ်ဆို....

မဂ်ဖိုလ်ဓမ္မ ထူးလှဂုဏ်အင်၊
မရမချင်း အတင်းမှတ်လျှင်၊
ဣန္ဒြေငါးချက် တိုးတက်စုံလင်၊
ကျင့်ကြံသုံး လမ်းဆုံးနိဗ္ဗာန်ဝင်။

ဒါကတော့ ဒို့တရားရှုမှတ်တဲ့အခါမှာ တိုက်တွန်းနေတာဘဲ၊ နေရာတကာ အမှတ်ပါပါစေလို့ မီးပွတ်ယောကျ်ား ဥပမာပေး

ရတယ်၊ မီးပွတ်တယ်ဆိုတာ ခုကာလမှာ ခေတ်မီးခြစ်ပေါ့လိုက် အသားမီးခြစ်ပေါ့လိုက်မို့ မီးပွတ်တာကို တချို့လဲ သိချင်မှ သိမယ်၊ ဝါးချင်းပွတ်တိုက်ယင် မီးထွက်မယ်၊ ရှေးတုန်းက ခုခေတ်လို မလွယ်ကူဘူး၊ အဲဒီအသားချင်းပွတ်လို့ တနာရီပြည့်ယင် မီးထွက်တော့မှာဘဲ ဆိုယင် တနာရီပြည့်ကာနီး ဆယ့်ငါးမိနစ်လောက်မှာရပ်လိုက်ယင် မီးကမထွက်တော့ဘူး၊ မီးမထွက်ဘဲနဲ့ နောက်တခါကြိုးစားပွတ်ယင် အစကပြန်ပွတ်ရပြန်ရော၊ တမိနစ်ကစပွတ်၊ တနာရီကျမှထွက်မယ့်မီးကို ငါးဆယ့်ကိုးမိနစ်ကျမှ ရပ်ပစ်လိုက်မယ်ဆိုယင် တခါ ပြန်ပွတ်အုံး၊ အဆက် မပြတ်ပွတ်လို့ရှိယင် မီးထွက်တယ်၊ ယောဂီလဲ အဲဒီလိုဘဲ အဆက်မပြတ်မှတ်ရမယ်တဲ့။

## ငှက်လို့လ မလျှော့နဲ့

ဒါကြောင့်မို့ ရှေ့ကို ကိုယ်နဲ့အသက် မငဲ့ကွက်ဘဲနဲ့ တောက်လျှောက် ကြိုးကြိုးစားစား မှတ်သွားပါ၊ ခန္ဓာကိုယ်လဲ ငဲ့ကွက်မနေနဲ့၊ အသက်လဲညှာမနေနဲ့၊ မီးပွတ်ယောကျ်ားလိုဘဲ ဆက်တိုက် ရှုမှတ်ခဲ့လို့ရှိယင် ရှုမှတ်ဆဲမှာ ဆင်းရဲတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ဟိုက နာလိုက်၊ ဒီကကိုက်လိုက် ခစ်ကနဲ ဖျင်းကနဲ ပူကနဲ ရှိန်းကနဲနဲ့ ရှုမှတ်ဆဲမှာ ဆင်းရဲတွေ ပေါ်လာတယ်။ အဲဒါလေးတွေ လွန်မြောက်အောင် ကြိုးစားပါတဲ့၊ စူးစူးစိုက်စိုက် တကယ် ရှုမှတ်လိုက်လို့ရှိယင်တဲ့ ဒီဟာလေးတွေဟာ ခဏလေးဆို လွန်မြောက်သွားတာပါဘဲ၊ တကယ်လို့ ကိုယ်ကစူးစူးစိုက်စိုက်နဲ့ ခန္ဓာကိုယ်ညှာပြီးတော့ ငါတော့ နာနေတာ၊ ဒီအတိုင်းဘဲပေတေပြီး မှတ်နေယင် တိုးနာလာလိမ့်

မယ်၊ ငါတော့ ရောဂါဘယ ဖြစ်တော့မယ်၊ ဒီလိုမျိုး လျှော့ပစ်လိုက်ယင် နောက်တခါ ဒီချိန်ကျ နာလာပြန်ရော၊ ဒီလိုဘဲ ပြင်လိုက်ပါရော၊ နောက်တခါ နာလန့်ပြန် ပြင်လိုက်ပြန်ရော၊ သွားရော ဒီနေရာကို မလွန်နိုင်ဘူး၊ ကြိုးကြိုးစားစား ရှုမှတ်ယင် တော့ လွန်သွားတယ်။

ဒါကြောင့်မို့ ကိုယ်နဲ့အသက်လဲ မငဲ့ကွက်ပါနဲ့တဲ့၊ ဝေဒနာ တွေပေါ်လာလို့ ရှိယင် ရှုမှတ်ဆဲမှာ ဆင်းရဲတွေ ပေါ်လာလို့ ရှိယင် နိုင်အောင်ရှုမှတ်ပါတဲ့၊ အဲဒီလိုရှုမှတ်ခဲ့တော့ ဘာပြုတုန်း ဆိုတော့ မဂ်ဖိုလ်ဓမ္မ ထူးလှဂုဏ်အင်၊မရှမချင်းအတင်းမှတ်လျှင်၊ ဉာဏ်ခြေငါးချက် တိုးတက်စုံလင်၊ ကျင့်ကြံသုံး လမ်းဆုံးနိဗ္ဗာန်ဝင်- ဆိုတဲ့အတိုင်း မိမိတို့အလိုရှိတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ဧကန်ဒိဋ္ဌရနိုင် ပါတယ်တဲ့။ ဒါကြောင့်မို့-

## လမ်းဆုံးမရောက် လက်မပြောက်

လမ်းဆုံးမရောက်၊ လက်မပြောက်၊ တောက်လျှောက် သွားရမည်။ မိမိတို့ ခရီးပန်းတိုင် မရောက်မချင်း တောက်လျှောက် မှတ်သွားပါ၊ ဒို့သံသရာထဲက လွတ်မြောက်ချင်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ့ရချင်လို့ အားထုတ်ပါတယ်လို့ဆိုယင် အဲဒီနေရာ မရောက်မချင်း ကြားမှာ လျှော့မပစ်ပါနဲ့တဲ့၊ ဘာကိစ္စတွေ ရှိသေးလို့ ဘာက အရေးကြီးလို့လို့ အကြောင်းပြပြီးတော့ အဲဒီလို လျှော့မပစ်လိုက်ပါနဲ့တဲ့၊ လမ်းဆုံးမရောက်၊ လက် မပြောက်၊ တောက်လျှောက်မှတ်ရမည်တဲ့။

အခု ရှင်တို့ဿမထေရ် အရှင်မြတ်ကြီးဟာ အဲဒီလို ကိုယ်နဲ့ အသက် မငဲ့ကွက်ဘဲနဲ့ မှတ်သွားလို့ နိဗ္ဗာန်ရသွားတယ်။

အမောင်တို့ ငါ့တညတာခွင့်ပြုပါဆိုလို့ မယုံတော့ ပေါင်ကို ရိုက်ချီးပါတယ်တဲ့၊ ကျောက်ခဲနဲ့ ထုချီးပြီး ဒီဝေဒနာတွေကို ရှုတယ်၊ မိမိရဲ့သီလစင်ကြယ်ပုံတွေကို ဆင်ခြင်ပြီး ပီတိပေါ်မောဇ္ဇတွေ ဖြစ်လို့၊ဝေဒနာ ပျောက်နေသလိုဖြစ်နေတယ်။ ဝေဒနာကို နှလုံးမသွင်းဘဲနဲ့ ပေါ်ရာတွေ လိုက်မှတ်နေတယ်၊ အဲဒါ ဝေဒနာကို ခွါထားတယ်လို့ ဆိုပါတယ်တဲ့။

## ရုပ်နာမ်ကို အယင်ရှာပါ

အဲဒီလို မှတ်ရင်း မှတ်ရင်း ပေါ်တိုင်း ပေါ်တိုင်း ပေါ်ရာ ပေါ်ရာတွေကို လိုက်မှတ်တယ်၊ တွေးတာလေး ပေါ်လာယင် တွေးတာလေး လိုက်မှတ်တယ်၊ တွေးတာလေးက ရုပ်တရား၊မှတ်တာလေးက ဘာပါလိမ့် (နာမ်ပါဘုရား)၊ ရုပ်နာမ်တွေ မမြင်ဘူးလား(မြင်ပါတယ်ဘုရား)။ အဲဒီလို ရုပ်တွေနာမ်တွေ မြင်လာတော့ကို ဩ-ဒီရုပ်ဒီနာမ်တွေရဲ့ဖြစ်ပျက်ကော မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား။)

ရုပ်နာမ်နဲ့ ဖြစ်ပျက် ဘယ်ဟာအယင်ရှာမတုန်း
(ရုပ်နာမ်ပါဘုရား)
ဖြစ်ပျက်အယင်ရှာလား၊ ရုပ်နာမ်အယင်ရှာရမှာလား
(ရုပ်နာမ်ပါဘုရား)
ဖြစ်ပျက်က ဘယ်မှာကပ်နေတုန်း
(ရုပ်နာမ်မှာပါဘုရား)
ရုပ်နာမ်မြင်ယင် ဖြစ်ပျက်မပါဘူးလား
(ပါပါတယ်ဘုရား)။

ကိုင်း- ဖောင်းတာလေးကြည့်၊ ဖောင်းတာ ရုပ်လား
နာမ်လား(ရုပ်ပါဘုရား)
အဲဒီရုပ်ကလေး ကြည့်နေလို့ရှိယင် နေပါအုံးဆိုလို့
ရရဲ့လား
(မရပါဘုရား)
ပေါ်လာပြီး ဘယ့်နှယ့်ဖြစ်မလဲ၊ ပျောက်သွားတာဘဲ၊
ရုပ်တွေ့ယင် ဖြစ်ပျက်မတွေ့ဘူးလား
(တွေ့ပါတယ်ဘုရား)
ဒါဖြင့် သူမှတ်တဲ့နာမ်လေးကကော၊ ဖြစ်ပြီးတော့ မပျက်
ဘူးလား
(ပျက်ပါတယ်ဘုရား)
ဒါကြောင့်မို့ ရုပ်နာမ်ကိုမြင်မှ ဖြစ်ပျက်ကိုမြင်မယ်တဲ့၊
ဒို့ပေါ်ရာ ပေါ်ရာတွေ မှတ်နေယင်တဲ့ ရုပ်နာမ်တွေ
မပေါ်ဘူးလား
(ပေါ်ပါတယ်ဘုရား)

ရုပ်နာမ်တွေ ပေါ်လာယင်ဖြင့် ဖြစ်ပျက်တွေ မမြင်ဘူးလား၊ ဖြစ်ပျက်တွေမြင်လာပါတယ်၊ ဩ ဒါကရုပ်ဘဲ၊ ဒါက နာမ်ဘဲ၊ သွားနေတာတွေ ထိုင်နေတာတွေကရုပ်ဘဲ၊ မှတ်နေတာလေးက နာမ်ဘဲလို့ ရုပ်တွေ နာမ်တွေ မြင်လာပါတယ်။

အဲဒီ ရုပ်နာမ်တို့သည်လည်း တခုမှ မြဲတာ ခိုင်တာ မရှိဘူး၊ မြတ်စွာဘုရား ဟောတာကိုက၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ-တဲ့။ အကုန် အနိစ္စချည်းဘဲလို့ဟောတယ်၊ လက်ကလေးတခု လှုပ်ကြည့်၊ အဲဒီလက်ကလေး လှုပ်နေတာသည် ရုပ်လား-နာမ်လား၊

(ရုပ်ပါဘုရား)
မှတ်တာက ဘာတုန်း
(နာမ်ပါဘုရား)
သူပ်တာသေး မြဲရဲလား
(မမြဲပါဘုရား)
ဘယ်နေရာတော့ မြဲတုန်း
(ဘယ်နေရာမှ မမြဲပါဘုရား)
အဲ-ဘယ်နေရာမှ မမြဲဘူး။

အစွဲကလေး မပြုတ်ဘူးလား

ဒါဖြင့် ဘုရားဟောတာ ကိုယ်တိုင်စမ်းကြည့်တော့ သေသေချာချာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား)

တခါပေါ်လာပြီးပျောက်သွားတော့ ဖြစ်ပြီးပျက်တာဟာ၊ မြဲလို့လား-မမြဲလို့လား
(မမြဲလို့ပါဘုရား)
မမြဲတာကို ပါဠိလို ဘာခေါ်မလဲ
(အနိစ္စပါဘုရား)

ဒီလို ဖြစ်ပျက်နေရခြင်းသည် ဆင်းရဲလား၊ ချမ်းသာလား ခမေးယင်
(ဆင်းရဲပါဘုရား)
ဆင်းရဲတာ ဘာခေါ်မလဲ
(ဒုက္ခပါဘုရား)
မဖြစ်မပျက်အောင် ဘယ်သူလုပ်နိုင်တုန်း
(မလုပ်နိုင်ပါဘုရား)

မလုပ်နိုင်တာ ဘာတွန်း

(အနတ္တပါဘုရား)

ဒါဖြင့် ဒီနေရာမှာ မမြဲတာမြင်ယင် နဂိုက မြဲတယ်လို့ ထင်ထားတဲ့ အစွဲကလေး မပြုတ်ဘူးလား

(ပြုတ်ပါတယ်ဘုရား)

ဒါဖြင့်ယင် မိမိအလိုမပါဘူး၊ သူ့သဘောအတိုင်း ဖြစ်နေတာဘဲလို့ ဉာဏ်ထဲမှာသိလိုက်တော့ နဂိုတုန်းက ငါ့သဘော ထင်နေတဲ့ အတ္တလေး ပျောက်မသွားဘူးလား

(ပျောက်သွားပါတယ်ဘုရား)။

ဒါကြောင့်–

မမြဲဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲရှင်းတော့သည်။

စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်။

ဟောဒီလို ရုပ်တွေ နာမ်တွေ တွေ့ရပြီးတော့ မမြဲဆင်းရဲတွေနဲ့ သဘောတွေကိုတွေ့ပြီးတော့ အာရုံလဲ တက်ကရော ရဟန္တာမထေရ်မြတ်ကြီး ဖြစ်သွားပါတယ်တဲ့၊ ဟော ပေါင်ကို ရိုက်ချိုးပြီးတော့ ကိုယ်နဲ့အသက်မငဲ့ကွက်ဘဲနဲ့ ရှုမှတ်လိုက်တော့ တကိုယ်လုံး ရိုက်ချိုးထားတဲ့ဒဏ်ရာတွေနဲ့ ကိုယ်ဆင်းရဲအမျိုးမျိုး တွေကို လွန်မြောက်သွားတော့တာဘဲ၊ တခါထဲ ရဟန္တာလဲ ဖြစ်ကရော ဒီအနာတွေလဲ မရှိဘူးတဲ့၊ ဒါကြောင့်မို့ ဒုက္ခဒေါ-မနဿာနံ အတ္ထင်္ဂမာယ-လို့ ဘုရားရှင်က ရဲရဲရင့်ရင့် ဝန်ခံထားတာပါဘဲ။

## ရဟန်းတော်သုံးကျိပ်

နောက်တခု ရဟန်းတော် သုံးကျိပ်ဟာ တရားရှုမှတ်နည်းတွေ သင်ကြားပြီးတော့ တောထဲသွား တရားအားထုတ်ကြပါတယ်။ အဲဒီလို အားထုတ်တဲ့အခါကျတော့ တောကြီးထဲမှာမို့ အခုလို ချမ်းချမ်းသာသာ အဆောက်အဦနဲ့ အားထုတ်ရတာ မဟုတ်ဘူး၊ သူတို့မှာ နေရာထိုင်ခင်းက ဆင်းဆင်းရဲရဲ ခပ်နဲနဲနဲ့ အားထုတ်ရတာ ဒို့မှာဖြင့် အင်းကျောင်းဒကာ ကျောင်းအမတွေက ဆောက်ထားတော့ တကာထဲ မီးနဲ့ရေနဲ့ ဓမ္မာရုံတွေ သမံတလင်းတွေနဲ့ ပြည့်စုံချမ်းသာပါတယ်။ ဒါတောင်မှ ခြင်ကိုက်လို့တဲ့၊ ဓမ္မာရုံမှာခြင်ကိုက်လို့ စံကျောင်းအောက်ရွှေ့ကြတယ်၊ အဲဒီလဲ ကိုက်ပြန်တော့ သိမ်ပေါ်၊ သိမ်ပေါ်ကျတော့လဲ ကိုက်ပြန်ရောတဲ့။

ဒီခေတ်မှာတော့ ပြည့်စုံပါတယ်၊ သူ့ခေတ်နဲ့သူပေါ့လေ၊ ဟိုတုန်းကတော့ တကယ့်တောကြီးထဲသွားပြီးတော့ ကိုယ့်နေရာလေးနဲ့ကိုယ် သစ်တပင်ရင်း၊ ငါးတပင်အောက်မှာ ဒီလို ထိုင်ပြီး အားထုတ်ကြရတာကိုး။

ဒီမှာ လွန်ခဲ့တဲ့ သုံးလေးနှစ်ကအကြောင်း ပြောပြရအုံးမယ်၊ ဘုန်းကြီးလဲ တာဝန်နဲ့သေးလို့ ရှုမှတ်ထဲပေါ့၊ တပည့်တော်တို့ အိုက်လိုက်တာဘုရား၊ ခြင်တွေက ကိုက်လိုက်တာတဲ့၊ ဒါနဲ့ စံကျောင်းအောက်ရွှေ့တော့ စံကျောင်းအောက်မှာလဲ လာတာပါတဲ့၊ အိုက်လဲအိုက်သေးတဲ့၊ သိမ်ပေါ်ရွှေ့ပြန်တယ်၊ ကိုက်ပြန်တယ်၊ နောက်တော့ ပုခက်ငလေးနဲ့ လွဲမှဘဲလို့ ဟိုက ပြောတော့မှ ရပ်သွားတယ်။

ဒါကြောင့်မို့ ထိုစဉ်အခါတုန်းကတော့လေ ချုံကြိုချုံကြား ချောက်ကြိုချောက်ကြား လိုဏ်ခေါင်းလေးတွေ လိုဏ်ဂူလေးတွေကို မှီခိုကပ်ရပ်နေရတာကိုး၊ ပြီးတော့ မထေရ်ကြီးရဲ့စကားကိုလဲ အင်မတန် အလေးအမူ ပြုကြပါတယ်၊ ဒါကြောင့် မထေရ်ကြီးကနေ့ပြီးတော့ ‘ငါ့ရှင်တို့- သံသရာဝဋ်ဆင်းရဲကြောက်ယို့ အခုလို ရဟန်းပြုပြီး တောထွက်လာကြတာ၊တရားအားထုတ်လာကြတာ၊ အဲဒီတော့ တရားကိုဘဲ အားထုတ်ကြပါ၊ ဒီ့ပြင်စကားတွေဘဲ ပြောမနေနဲ့၊ ဒီဆွမ်းစားရုံမှ အပ လူချင်းလဲ မဆုံကြနဲ့’လို့ ဩဝါဒပေးတယ်။

အဲဒီလိုပြောပြီး ကိုယ့်နေရာလေး ကိုယ်ယူလို့ နေ့တိုင်းအားထုတ်နေတယ်၊ ဘယ်လောက်ထိအောင် အားထုတ်သလဲဆိုတော့ ကျွဲးသာကိုက်တာတောင် မအော်ဘူး၊ ကျွဲးကိုက်ယင် ကျွဲးကိုက်ပါတယ်ဘုရားလို့ အော်လိုက်ယင် ဒီ့ပြင်လူတွေ တရားရှုမှတ်နေတဲ့သမာဓိလေး ပျက်သွားမှာစိုးလို့တဲ့၊ တရားဘယ်လောက် လေးစားသလဲ၊ ရိုသေသလဲ။

ခုကာလနဲ့တော့ ကွာတယ်နော်၊ အခုကာလတော့ ပြောလို့မဖြစ်ဘူး။ တပည့်တော် ကျွဲးကိုက်ပါတယ် ဘုရားလို့ အော်လိုက်ယင် ဒီ့ပြင်ပုဂ္ဂိုလ်တွေ သမာဓိ ပျက်သွားမှာစိုးလို့ ကျွဲးပါးစပ်ထဲ အသာလိုက်သွားတယ်၊ ကျွဲးက ချောက်ထဲ ချွန်ချပြီး စားတယ်၊ နောက်တနေ့လဲ ဒီလိုဘဲလာစားပြန်ရော၊ ကျွဲးကအကွက်ကောင်းတွေ့နေတယ်၊ သာသနာကြီး စည်ကားယင် ငါတော့ ဝမ်းတောင့်ပြီလို့ ကျွဲးက သဘောကျနေဟန်တူတယ်။

ဥပုသ်ပြုတဲ့နေ့ဆိုတော့ သံဃာက ဒသတော် နဲ့နေတယ်၊ ငါ့ရှင်တို့ သံဃာတွေနဲ့နေပါလား၊ ဘယ်များသွားကြလဲ၊ ဘယ်မှတော့ သွားတယ်လို့မသိရဘူးဘုရား၊ တစ်ပုံတရာ အန္တရာယ်ရှိလိမ့်မယ်ထင်တယ်လို့ တွေးရတာပေါ့။ ကြည့်စမ်း မိမိကိုယ်နဲ့ အသက်ကို မငဲ့ကွက်ဘူး၊ တပည့်တော်ကျားကိုက်ပါတယ်ဘုရား ကယ်တော် မူကြပါဦးလို့ ဆိုလိုက်ယင် ဘာဖြစ်သွားမှာစိုးတန်း၊ သမာဓိပျက်သွားမှာစိုးလို့တဲ့။

ဒီအခုတော့ တချို့တချို့က ချောင်းလေး နဲနဲဆိုးချင် တာကို အသံချဲ့စက်တပ်ဆိုးသလိုဘဲ၊ အဲဒီတော့ ပုဂ္ဂိုလ်တိုင်းတော့ မဟုတ်ဘူး၊ ဒီထဲမှာ နဲနဲသိပ်မဲလေးစားတဲ့ ပုဂ္ဂိုလ်တချို့လဲရှိမှာပေါ့၊ အဲဒီတော့သူတို့မှာ ဘယ်လောက် တရားတော်ကို ရိုသေတယ်လေးစားတယ်ဆိုတာကို ကြည့်ပါတဲ့။

ဒါနဲ့ မထေရ်ကြီးက အမိန့်ထုတ်တယ်။ ငါ့ရှင်တို့ တစ်ပုံတရာ အန္တရာယ်ရှိနေလို့ အန္တရာယ် ပေါ်လာယင် သတိပေးရမယ် အကြောင်းကြားရမယ်လို့ အမိန့်ပေးတယ်။

နောက်တနေ့လဲကျားကတော့လာတာဘဲ၊ကျားကလဲ လာဆွဲရော၊ကိုယ်တော်လေးတပါးက ကျားပါဘုရားလို့ အော်လိုက်တယ်၊ကျားပါဘုရားလို့ အော်တော့ တရားမှတ်ရာက ထပြီး တောင်ဝှေးလေးနဲ့ ကျားကို လိုက်ချောက်တယ်၊ လိုက်ချောက်တော့မမှီဘူး၊ ကျားက တခါထဲဆွဲပြီးတော့ ချောက်ထဲ ခုန်ချလိုက်တာမတတ်နိုင်တော့ဘူး၊ ဘယ်နည်းမှ ဘယ့်နှယ်မှ မလုပ်နိုင်တော့ဘူး၊ဒီတော့မှ ရဟန်းတော်တွေက ပြောတယ်တဲ့၊ အားပေးစကားပြောပုံလဲ ကြည့်ပါဦး။

'ငါ့ရှင်ရေ-ဒို့တော့ဖြင့်မတတ်နိုင်တော့ဘူး၊ ငါ့ရှင်ရဲ့လွှတ်ရာလွှတ်ကြောင်း ဒို့တော့မတတ်နိုင်တော့ဘူး၊ ဒီလိုအခါမှာ တရားအားကိုးပြီး သတိမလွှတ်ဘဲ ရှုမှတ်လို့ ယောကျ်ားတို့ရဲ့စွမ်းရည်ပြဘို့ အချိန်ရောက်ပြီ'လို့ သတိပေးအားပေးကြတယ်။ သေခြင်းတရားကဘယ်လောက်နီးကပ်နေတုန်း- နာရီတောင်ရှိသေးလား၊ မရှိတော့ဘူးတဲ့၊ မိနစ်ပိုင်းလောက် ကလေးအတွင်းမှာ ငါ့ရှင်ယောကျ်ားတို့ရဲ့စွမ်းရည် ပြပါ အားထုတ်ပါ၊တရားကိုသာ အားကိုးပါ၊ အဲ့ဒီလိုပြောလိုက်တော့ တကထဲ သူ့မှာကျားက ခြေဖဝါးက စ,စားနေတုန်းမှာ အစားခံနေရလို့ ဖြစ်ပေါ်နေတဲ့ဒီဝေဒနာကိုရှုမှတ်နေတယ်တဲ့၊ နာယင် နာတယ်-နာတယ်နဲ့ ဒါတွေရှုမှတ်နေတယ်၊ ရှုမှတ်ရင်းနဲ့ မိမိသီလကို ဆင်ခြင်လိုက်တော့ တရားတွေတက်လာပြီးတော့ တခါထဲ ပီတိပါမောဇ္ဇတွေဖြစ်လာပြီး ဒီဝေဒနာဟာပျောက်နေသလို ဖြစ်နေပါတယ်တဲ့။

## ကျားစားရင်းနဲ့ မဂ်ဖိုလ်ဆိုက်

အဲ့ဒီမှာ ပေါ်ရာပေါ်ရာတွေလိုက်မှတ်တယ်၊ ပေါ်ရာပေါ်ရာတွေလိုက်မှတ်ရင်းနဲ့ ခြေဖဝါးကစစားတာ ခြေကျင်းဝတ်လဲရောက်ကရော၊ သောတာပန် ဖြစ်သွားတယ်၊ ဘယ်လောက်များဇွဲကောင်းသတုန်း၊ ဒို့ခြင်ကိုက်တာနဲ့တောင် တရားအမှတ်ပျက်နေတယ်။ သူ့မှာမှတ်လိုက်တာ ခြေကျင်းဝတ်ကစပြီး ဒူးရောက်တော့သကဒါဂါမ်ဖြစ်တယ်၊ တရားတွေကတက်နေတော့ဒီကနာတာ ကျဉ်တာတွေကလဲ အကုန် ပျောက်နေတယ်။

ဒါကြောင့်မို့ ဒို့ဒကာတွေ ဝေဒနာများ တက်နေယင်တကယ့်ကို ကြိုးကြိုးစားစား မှတ်ကြည့်ပါ၊ လွန်သွားပါလိမ့်

မယ်လို့ ပြောတာ၊ အဲဒီ ဒူးကစားပြီး ချက်အထိ စားတော့ အနာဂါမ်ဖြစ်ပါတယ်တဲ့။ ချက်ကနေပြီး နှလုံးသားကိုမစားမီ ကလေးမှာဘဲ ရဟန္တာဖြစ်သွားတယ်။

## ခုလိုသေခါနီးမှာ

ဒါဖြင့် ဒီကိုယ်တော်လေးဟာ ခဏလေး အားထုတ် လိုက်ရတာပါလား ဆိုတော့၊ သူ့မှာ နဂိုတုန်းက တရားရှုမှတ်ပြီး လေ့လာထားလို့ သေ့လာမှုနဲ့ ကျွမ်းကျင်နေတဲ့ ပုဂ္ဂိုလ် တပါးဖြစ်ပါတယ်တဲ့၊ ရှုနည်း မှတ်နည်းတွေကို သိထားလို့ သာ ခုသေခါနီး သေမင်းနဲ့ ရင်ဆိုင်နေတော့ သေမင်းလက်တွင်းက နေပြီးလွတ်အောင်ဒီတရားသူအားထုတ်တာပါတဲ့။ ဒါကြောင့်–

သေခါနီးမှာ၊ ပါယ်လေးရွာ၊ မှန်စွာလွတ်နိုင်သည်–တဲ့။

## လက်နက်ကောင်း ကိုယ်စီ

ဒို-အခုတရား အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ လက်နက်ကောင်းကိုယ်စီ မိမိတို့မှာရှိပြီးသားကိုး၊ အချိန်ကျလို့ အဲဒီလက်နက်ကို ထုတ်သုံးလိုက်ယင် လွယ်ပါတယ်၊ အခု ကျားဆွဲ သွားလို့ ကျားပါးစပ်ထဲရောက်တော့မှ 'ငါ့ရှင် ယောကျ်ားတို့၏ စွမ်းရည်ကိုပြပါ၊ တရားနှလုံးသွင်းပါဆိုတော့ တခါထဲ ကြိုးကြိုးစားစား နှင်လားငါလား မှတ်လိုက်တယ်၊ ကြည့်စမ်း အဲဒီသေတွင်းကနေပြီးတော့ မှတ်လိုက်တာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာအထိ ဖြစ်သွားပါတယ်တဲ့။

## နေတတ်အောင်သေတတ်အောင်

သေခါနီးမှာ ပါယ်လေးရွာ၊ မှန်စွာလွတ်နိုင်သည်-တဲ့။

သေခါနီးမှာ အပါယ်လေးပါးကလဲ လွတ်နိုင်ပါတယ်တဲ့။

"သေခါနီးမှာ စိတ်ချမ်းသာ၊မှန်စွာရနိုင်သည်' တခါထဲ မဂ်ဖိုလ်ရပြီးရဟန္တာဖြစ်သွားတဲ့ အကျိုးတွေကိုလဲရနိုင်ပါတယ်တဲ့။ ဒါကြောင့်မို့ မည်သည့်ပုဂ္ဂိုလ်မဆို မည်သူမဆို ဟောဒီတရားတွေကို မဂ်ဖိုလ်ရရှိအောင်၊ မရနိုင်တောင်မှ ရှုနည်း မှတ်နည်းတွေနားလည် ထားအောင် ကျွမ်းကျင်ထားအောင် သိထားဖို့လိုပါတယ်တဲ့၊ ကြိုးစားထားကြဖို့သင့်ပါတယ်တဲ့။ မိမိတို့ နေ့တတ်အောင် သေတတ်အောင် ဒီတရားလေးတွေကိုတော့ လေ့လာထားစရာ ကောင်းတယ်တဲ့။

ဒါပေမယ်လို့ ဒါကလျှော့စျေးနဲ့ပြောတာပါတဲ့၊ တကယ်တော့ဖြင့် တကယ်ကြိုးစားယင် တကယ်ရပါတယ်။ နေတတ်ရုံ သေတတ်ရုံ ဒါလောကကလေးပြောနေတာ လျှော့စျေးနဲ့ပြောရတာပါ။ တကယ်အားထုတ်မယ်ဆိုယင် တကယ်ရနိုင်ပါတယ်၊ ဒါကြောင့်မို့ဟောရတာပါ။ ခုအချိန်ရှိသရွေ့ နေ့ရှိသရွေ့ မိမိတို့ကိုယ်တိုင်လဲ အားထုတ်- နောက် မိမိတို့နဲ့သက်ဆိုင်ရာတွေကိုလဲ ဒီအဆင့်ရောက်လာအောင် ဟောပြော တိုက်တွန်းပါတဲ့၊ များသောအားဖြင့် ရှေးတုန်းကတော့ ဒကာ ဒကာမတွေရဲ့ လုပ်ငန်းက ဘာတွေလဲဆိုတော့ ဒါန သီလလောက်ဘဲ အားပြုပြီး လုပ်ကြပါတယ်၊ ဒီတရားလောက်ဘဲ ဘုန်းကြီးတွေက ကြည့်ဟောရတယ်၊ ယခုထက်ထိတောင် ဒို့အလှူ ပင့်ယင်တော့ အလှူနဲ့ပတ်သက်ပြီး ဒါနဘဲဟောရတယ်။

## ပညာစခန်းရောက်အောင်

ဒါပေမယ့် ဝိပဿနာပိုင်းဆိုတော့ နဲနဲလှည့်ရတယ်၊ အဲဒါကြောင့်မို့ အဆင့်ဆင့် ရင့်သထက် ရင့်အောင် သီလကနေပြီး

သမာဓိ၊ သမာဓိကနေပြီးတော့ ပညာစခန်း ရောက်အောင်၊ မိမိတို့ကိုယ်တိုင်လဲ အားထုတ်လို့၊ မိမိတို့ကိုမှီခို အားထားသူတွေ အဆင့်မြင့်သထက် မြင့်သွားအောင် တိုက်တွန်းပါ၊ ဒါကြောင့် မို့ ဒီကနေပြီးတော့ ရှုနည်းမှတ်နည်းလေးတွေကိုယ်ကိုယ်တိုင်လဲ သိထားရမယ်၊ သက်ဆိုင်ရာ တွေကိုလဲ လက်နက်ကောင်း ပေး ထားရမယ်၊ အခုကြည့် ခုနရဟန္တာလေးဟာ သေခါနီးမှာ ကျားရဲ့ပါးစပ်ထဲကျမှ အားထုတ်တာ သည်ပင်လျှင် သူဟာ ကျားပါးစပ်ထဲရောက်ခါမှ ဘာဖြစ်လို့မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရပါ သလဲဆိုလို့ရှိယင် သူဟာ ဟိုရှေးတုန်းက ကြိုးကြိုးစားစား အား ထုတ်ပြီးထားတော့ ရှုနည်းမှတ်နည်းတွေကို ကျွမ်းကျင်လိမ်မာ နေပါတယ်၊ အခုမှတရားအားထုတ်စ သာမညပုဂ္ဂိုလ် မဟုတ် ပါဘူးတဲ့။

ယခုလို ကျားပါးစပ်ထဲ ရောက်ခါမှ အမှတ်ခိုင်းပေမယ့် ဘာမှတ်မှန်းတောင်မသိတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူးတဲ့၊ ဒါကြောင့် ဒို့ရိပ်သာမှာပြသခနတဲ့ ရှုနည်း မှတ်နည်း လေးတွေဟာလူတိုင်း လူတိုင်း ဗုဒ္ဓဘာသာဝင်တိုင်း သိနားလည်သင့်တဲ့ တရားတွေပါ ဘဲ။ ကိုယ်တိုင်ကျင့်ကြံ အားထုတ်သင့်တဲ့ တရား ဖြစ်ကြောင်း အင်မတန် သိသာလှပါတယ်။

ကိုင်း—အချိန်စေ့သွားပြီ၊တရားပွဲ သိမ်းကြစို့။



၁၃၃၈-ခု၊ တော်သလင်းလပြည့်ကျော်(၁၅)ရက်၊

တာမွေ နန္ဒဝန် ဓမ္မာရုံ၌

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကမ္မဋ္ဌာန စရိယ

ဟံလင်း ဆရာတော်

ဟော ကြား တော် မူ သော

# ရှုနည်းမှတ်နည်းတရားတော်

မြတ်စွာဘုရားက တရားကျေညာချက် ထုတ်တော်မူတယ်၊ ဘုရားကျေညာချက်က အကျိုး(၇)ပါး ရမယ်လို့ မိန့်တော်မူပါတယ်။

(၁) ကိလေသာသန့်ရှင်းစင်ကြယ်ခြင်း၊
(၂) သောကမှ လွန်မြောက်ခြင်း၊
(၃) ပရိဒေဝမှ လွန်မြောက်ခြင်း၊
(၄) ကိုယ်ဆင်းရဲမှ လွန်မြောက်ခြင်း၊
(၅) စိတ်ဆင်းရဲမှ လွန်မြောက်ခြင်း၊
(၆) အရိယာမဂ်ဖိုလ်လဲ ရစေနိုင်ခြင်း၊
(၇) နိဗ္ဗာန်ကိုလဲမျက်မှောက်ပြုနိုင်ခြင်း-ဆိုတဲ့ ဒီအကျိုး (၇) ပါးကို ရမယ်တဲ့၊ ဒီသတိပဋ္ဌာန်တရား အားထုတ်ခဲ့ယင်

ဒီအကျိုး (၇)ပါးလုံး ရနိုင်ပါတယ်လို့ မြတ်စွာဘုရားက ဒီလို တရားကျေညာချက် ထုတ်ခဲ့ပါတယ်။

သတ္တဝါတွေကလဲ ကိလေသာတွေလဲ စင်ကြယ်ချင်ကြတယ်၊ သောကပရိဒေဝတွေကိုလဲ လွန်မြောက်ချင်ကြတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကိုလဲ လွန်မြောက်ချင်တယ်၊ အရိယမဂ်ကိုလဲ ရချင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုချင်တယ်တဲ့။

ဒီတော့ ဘယ်လိုများ အားထုတ်ရမလဲလို့ အားထုတ်ပုံ အားထုတ်နည်း မဟောမီကလေးမှာ မြတ်စွာဘုရားက ပထမဆုံး နေရာကို ရွေးပေးပါတယ်။ တရားထိုင်ဖို့နေရာရွေးပေးတာက သုံးမျိုးပါဘဲ။

ဣဓဘိက္ခဝေ ဘိက္ခုအရညဂတော ဝါ ရုက္ခမူလဂတောဝါ
သုညာဂါရဂတော ဝါ နိသီဒတိပလ္လင်္ကံ အာဘုဇိတွာ
ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

မြတ်စွာဘုရား ဒီလိုညွှန်းတာ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ အရညဂတောဝါ၊ တောသို့သွားရောက်၍ဖြစ်စေ။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာကျောင်းသို့သွားရောက်၍ ဖြစ်စေ။ပလ္လင်္ကံ အာဘုဇိတွာ၊ တင်ပလ္လင်ခွေထိုင်၍။ ဒီအထဲမှာ ပြန်ပြီးတော့ဒီသုံးမျိုး ပြောကြပါစို့ရဲ့။

တရားထိုင်ဘို့ နေရာအတွက် ဒီသုံးမျိုးကို ရွေးပေးတယ်၊ ပထမဆုံး တောကြီးထဲသွားပြီးအားထုတ်ရမယ်တဲ့။ တကိုယ်ရေ တကာယတယောက်တည်း သွားနိုင်ပါ့မလား၊ (မသွားနိုင်သေးပါဘုရား)၊တောကြီးထဲတော့တပည့်တော်တို့ မသွားနိုင်သေးပါ

ဘုရား၊ ကျောင်းကလဲ တပည့်တော်မရှိယင်မဖြစ်ဘူး၊ လူအနေနဲ့ ဆိုယင်လဲ အိမ်ကလဲ တပည့်တော်မရှိ မဖြစ်သေးဘူး၊အခုတောင် အနိုင်နိုင်လာခဲ့ရတာတဲ့။ ဒီလိုတောကြီးထဲ မသွားနိုင်သူတွေ အတွက် မြတ်စွာဘုရားက လျှော့ပေးတယ်။ရုက္ခမူလဂတောဝါ၊ သစ်ပင်အောက်၊ သစ်တပင်ရင်း ဝါးတပင်အောက်ကို သွားပြီး ဘယောက်တည်း အားထုတ်ရမယ်တဲ့။ ဒီလိုဆို သစ်တပင်ရင်း ဝါးတပင်အောက်ကို သွားနိုင်ကြမလား (မသွားနိုင်ပါဘုရား)၊ ဒါလဲ မသွားနိုင်သေးဘူး၊ ဒီလိုမှမဟုတ်လို့ ရှိယင်တဲ့ ဆိတ်ငြိမ်ရာ အရပ် သွားပြီး အားထုတ်ရမယ်တဲ့၊ လူသူလေးပါးကင်းဆိတ်တဲ့ နေရာပေါ့လေ၊ အဲဒီလို ဆိတ်ငြိမ်တဲ့နေရာကော သွားနိုင်မလား၊ ဒါလဲ မလွယ်သေးဘူးဟုတ်လား၊ ဆိတ်ငြိမ်တဲ့ နေရာဆိုတော့ ကျောင်းတို့ ရိပ်သာတို့ပေါ့။

## ထိုင်ပုံ ထိုင်နည်း

ဒါဖြင့် မြတ်စွာဘုရားရွေးပေးတဲ့ နေရာသုံးမျိုးစလုံး မသွားနိုင်ဘူးပေါ့။ ပထမနံပါတ် (၁) တောကြီးထဲ (၂) သစ်ပင်အောက် (၃) ဆိတ်ငြိမ်ရာအရပ်ဆိုတဲ့နေရာ ၃-ခုစလုံး တပည့်တော်တို့ဖြင့်မသွားနိုင်အောင် ဖြစ်နေပါသေးတယ်ဆိုယင် ဘာကျန်တော့တုန်း၊ ကြံတောကျန်တော့တယ်။ဘယ်သွားမယ်– ကြံတော သွားယင်သွား မသွားယင် တာမွေသွား၊ ဒါကျန် တော့တာဘဲနော်-ဟုတ်လား။

ဒါကြောင့်မို့ မြတ်စွာဘုရားကတော့ သုညာဂါရ ဂတော- ဝါ၊ ဆိတ်ငြိမ်ရာအရပ်မှာလဲ တရားရနိုင်တယ်လို့ ညွှန်ကြား တယ်၊ အခု ဒီမှာနေပြီးတော့ ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ တရားအား

ထုတ်ကြပါတယ်၊ ဒါကြောင့် ဒီနေရာလေးကို လင်္ကာလေး စီထားတယ်၊ ကိုင်းဒါလေးလိုက်ဆိုရမယ်။

တောမြိုင်အတွင်း၊ သစ်ပင်ရင်းမှာ၊
ဆိတ်ငြိမ်ရာ၊ သွားကာဝင်ရောက်နေ....တဲ့။

ဒါ ခုနင်က ပါဠိတော်ကိုကြည့်ပြီး စီတဲ့လင်္ကာလေးပါဘဲ။

တောမြိုင်အတွင်း၊ သစ်ပင်ရင်းမှာ၊
ဆိတ်ငြိမ်ရာ၊ သွားကာဝင်ရောက်နေ။

ဒါဖြင့် ဒီနေရာ သုံးချက် သုံးဌာနထဲက တခုခုတော့ရောက်ပြီ၊ တောကြီးထဲသော်၎င်း၊ တောကြီးထဲ မသွားနိုင်သေးဘူးဆိုယင် သစ်တပင်ရင်း ဝါးတပင်အောက်ကိုသော်၎င်း၊ အဲဒီလဲ မသွားနိုင်ဘူးဆိုယင် ဆိတ်ငြိမ်ရာရိပ်သာထဲ သွားပါတဲ့၊ ရိပ်သာတခုခု ပေါ့၊ ရိပ်သာထဲရောက်တော့ ဘာလုပ်ရမှာတုန်းဘုရား၊ စားအိပ် စကားတွေ ပြောပြီး ဒီလိုနေရမှာသားဆိုတော့ ရိပ်သာထဲ ရောက်တော့ နေပုံနေနည်းက ပလ္လင်္ကံ အာဘုဇိတွာ-တင်ပလ္လင် ခွေထိုင်ပါတဲ့၊ ပလ္လင်္ကံ၊ တင်ပလ္လင်ကို။ အာဘုဇိတွာ၊ ခွေ၍။ တင်ပလ္လင်ခွေထိုင်ပြီးတော့ ဘာလုပ်ရမှာတုန်းဘုရား၊ တပည့်တော်တို့ စကားပြောနေကြရမှာလား၊ ထိုင်ပြီး စဉ်းစားနေရမှာလားဆိုတော့ -ဥဇုံ ကာယံ ပနိဓာယ၊ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်လေးထားပါတဲ့၊ ဒါလေးလဲ သတိထားသင့်တယ်၊ ပါဠိတော်က ဟောတာ ဥဇုံ ကာယံ ပနိဓာယ-တဲ့။ ခါးလေးကို ဖြောင့်ဖြောင့်လေး ဆန့်ထားပြီးတော့ ဝီရိယလေးနဲ့ တောင့်တောင့်တင်းတင်းလေး ထိုင်ပါတဲ့။ အောက်ပိုင်းကိုယ်က တင်ပလ္လင်ခွေ၊ အထက်ပိုင်းကိုယ်က ဖြောင့်ဖြောင့်လေးနေ အောက်ပိုင်းကဘာလုပ်ရမယ် (တင်ပလ္လင်ခွေရပါမယ်ဘုရား)၊ အထက်

ပိုင်းက (ဖြောင့်ဖြောင့်လေးနေရပါမယ်ဘုရား)။ အဲဒီလိုဖြောင့်ဖြောင့်လေးနေရမယ်။ ခုတော့ဝပ်တုပ်ပြီး အောက်များငုံ့လို့ ကြမ်းပြင်ပေါ်ကို ခေါင်းကြီးကတင်ထားသူလဲ တချို့ပါတတ်တယ်၊ တပည့်တော်တော့ အပျင်းလွန်နေပါပြီဘုရား ဆိုတာကို တကတဲ ဆိုင်းဘုတ်မချိတ်ဘဲနဲ့ ဖော်ပြနေတာဘဲ၊ ဝပ်ပြီးတော့ တရားနာရာမှာဖြစ်စေ၊တရားထိုင်ရာဖြစ်စေ မိမိကိုယ်လေးမှ မိမိ ထူထူထောင်ထောင်မနေနိုင်အောင် ပျင်းနေတာဘဲတဲ့။

တချို့များ ဝပ်ပြီးတော့ နေလိုက်တာ အောက်ကလက်နဲ့ ခုလို့ပေါ့၊ ပြီးတော့ ဟောက်သံကြားသေးတယ်၊ မတော်ဘူး သူများလဲ အနှောင့်အယှက်တွေဖြစ်တယ်၊ အဲဒါကြောင့် ဘုရားက ဒီလို သေသေချာချာပြောတာပါ။ ပလ္လင်္ကံ အာဘုဇိတွာ- အောက်ပိုင်းကိုယ်ကိုတင်ပလ္လင်ခွေလို့၊ ဥဇုံ ကာယံ ပဏိဓာယ- အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထားပြီးတော့ ဘာလုပ်ရမှာတုံးဘုရား၊လုပ်ပုံလုပ်နည်းကလေးက၊ ပရိမုခံသတိံ ဥပဋ္ဌပေတွာ-တဲ့။ သတိလေးကို ရှေးရှုမပြတ်ထားပါတဲ့၊ သတိံ၊ သတိကို ပရိမုခံ၊ ရှေးရှု ဥပဋ္ဌပေတွာ-ဖြစ်စေ၍၊ သတိလေးထားပြီးတော့ ဘာလုပ်ရမတုန်း ဆိုတော့၊ သောသတောဝ အဿသတိ၊ သတောဝ ပဿသတိ-တဲ့။ ဝင်တိုင်းထွက်တိုင်း ဝင်ရှူထွက်ရှိုက်ကို သတိထားပါ၊ အဲဒီကနေပြီး သတိလေးနဲ့ နေပြီးတော့ ဝမ်းဗိုက်မှာ ရှူတိုင်း ရှိုက်တိုင်းဖေါင်းလာပါလိမ့်မယ်တဲ့။

ဒါကြောင့်မို့ ခုနင်က ပလ္လင်္ကံ အာဘုဇိတွာ ဆိုတဲ့နေရာမှာ လင်္ကာလေးချပေးဘို့ ကျန်သွားတယ်၊ ကိုင်းလိုက်ဆိုကြရမယ်။

တင်ပလ္လင်ခွေကာ ထိုင်နေပါ၊ ခါးမှာဖြောင့်စွာထား။
ခါးလေးဖြောင့်ဖြောင့်ထား၊တင်ပလ္လင်ခွေထိုင်တဲ့။ထိုင်ပြီးတော့-

ဝင်ရှူထွက်ရှိုက်၊ ဖေါင်းပိန်ခိုက်၊ ချိန်ကိုက် ရှုမှတ်လေ။ အသက်ရှူတိုင်း ရှိုက်တိုင်း ဝမ်းဗိုက်ကို စိတ်စိုက်ထားပြီးတော့ ဝမ်းဗိုက်ကလေး မဖေါင်းလာယင် ဖေါင်းတယ်လို့ သိ၊ ပိန်တယ်လို့ သိပါတဲ့၊လိုက်ဆိုနေစရာမလိုပါဘူး၊လိုက်ပြီးတော့ စိတ်ကသူ ဖြစ်ပေါ်တဲ့အတိုင်း သိနေရတယ်ဒါကြောင့်–

ဝင်ရှူထွက်ရှိုက် ဖေါင်းပိန်ခိုက် ချိန်ကိုက်ရှုမှတ်လေ။

မလျှပ်ကွန္ဒြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါ။

ငြိမ်ငြိမ်ကလေးနေပါ၊ မလှုပ်နဲ့၊ ခဏခဏမပြင်နဲ့၊ ခဏခဏ ပြင်ရင် သမာဓိပျက်တယ်။ ဒါကြောင့်–

မလှုပ်ကွန္ဒြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါ။

ငြိမ်ငြိမ်လေးနေ စိတ်တွေမလွင့်ဘူးတဲ့။ ဒါကြောင့်မို့ ဝင်ရှူထွက်ရှိုက်၊ဖောင်းပိန်ခိုက်၊ ချိန်ကိုက်ရှုမှတ်လေ။ ဖောင်းခိုက် ပိန်ခိုက်၊ အစဉ်လိုက်၊ ချိန်ကိုက်ရှုမှယ်လေ-လို့ဆိုတဲ့ အတိုင်း ဖောင်းတာ ပိန်တာလေးရှုပါတဲ့။ ဒါဖြင့်ဘုရား တပည့် တော်တို့ တရားရှုမှတ်တယ်ဆိုတာ၊ ဒါတင်ဘဲ ရှုမှတ်ရမှာလား၊ ဖောင်းတယ် ပိန်တယ်ဆိုတဲ့ ဒိန္နစ်ခု ဒိန္နစ်မျိုးထဲနဲ့ ပြီးရောလား ဆိုတော့ ဖောင်းပိန်တာ နှစ်ခုထဲ မဟုတ်ပါဘူးတဲ့။ တရားရှုမှတ် တယ်ဆိုတာ ဘာကိုမှတ်လို့ ဘယ်က စမှတ်မလဲ ဆိုယင် ဒွါရ ခြောက်ပါးလုံးတို့ ရှုမှတ်ရမယ်၊ တရားရှုမှတ်တာ ဘယ်ဟာကို ရှုမှတ်မတုန်း (ဒွါရခြောက်ပါးလုံးကိုပါဘုရား)၊ ဒါလေးတော့ မှတ်ထား။ ဒွါရခြောက်ပါးလုံးကို ခြောက်ပါးလုံး တပြိုင် နက်ထဲ ရှုမှတ်လို့ရမလား(မရပါဘူးဘုရား)၊ အဲ မရဘူးပေါ့။

## ပေါ်ရာမှတ်

ဒါဖြင့် ဘယ်ဒွါရက စမှတ်မတုန်း၊ ထင်ရှား ပေါ်ရာက စပြီးတော့ မှတ်ပါတဲ့၊ မျက်စိကမြင်တာလေး ပေါ်ယင် ဘယ့်နှယ်မှတ်မလဲ(မြင်တယ်လို့မှတ်ပါမယ်ဘုရား)၊ဟော ဝမ်းဗိုက်က ဖောင်းတာလေး ပေါ်ယင်ကော(ဖောင်းတယ်လို့ မှတ်ပါမယ် ဘုရား)၊ ဟော အဲဒီလိုမှတ်ပါတယ်တဲ့။ ဒါကြောင့်မို့....

မြင်ကြား နံစား၊ တွေ့ထိငြား၊ ပေါ်ငြားရှုမှတ်လေ။

ဒွါရခြောက်ပါးက မြင်တာ ကြားတာ၊ နံတာ စားတာ၊ တွေ့ထိတာတွေကို ပေါ်ရာမှတ်ပါတဲ့၊ ဒါတင်ဘဲလားဆိုတော့....

စိတ်ကူးစဉ်းစား၊ ကြံစည်များ၊ ပေါ်ငြားရှုမှတ်လေ။

စိတ်ကူးတာလေးတွေ၊ စဉ်းစားတာလေးတွေလဲ မှတ်ပါတဲ့။ အဲဒီစိတ်ကူးတာလေးတွေ မှတ်တော့ စိတ်ကူးတယ် စဉ်းစားတယ်လို့မှတ်။ ဒီလိုမှတ်တာဟာ စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဘဲတဲ့။ နာတဲ့ကျင်တဲ့ ဝေဒနာလေးတွေပေါ်လာတော့လဲ နာတယ်ကိုက်တယ်လို့ မှတ်ပါတဲ့။ ဒါလေးတွေ မှတ်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်။ ဖောင်းတယ် ပိန်တယ် ကွေးတယ် ဆန့်တယ်မှတ်တော့ ဘာသတိပဋ္ဌာန်တုန်း (ကာယာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)၊ သဘောတရားလေးတွေ မှတ်တော့ ဘာသတိပဋ္ဌာန်တုန်း (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ ဘုရား)။ သတိပဋ္ဌာန် လေးပါးလုံး ထင်ရှားရာ အယင် မှတ်ပါတဲ့။ ဒါကြောင့်မို့....

နာကျင်ကိုက်ခဲ၊ ပေါ်ပြန်လဲ၊ မလွဲရှုမှတ်လေ။

နာတာ ကျင်တာ ကိုက်တာ ခဲတာလေးတွေလဲ ရှုပါတဲ့။ နာကျင်ကိုက်ခဲ၊ ပေါ်ပြန်လဲ၊ မလွဲရှုမှတ်လေ။ ဒါတင်ဘဲလား

ဆိုတော့ မဟုတ်ပါဘူးတဲ့။ ရှုမှတ်ရမှာတွေက ဘယ်ဟာပေါ်လာလာ ဖြစ်တိုင်း အမူအရာတွေကို ရှုမှတ်ပါတဲ့။

ဖြစ်တိုင်းမှုရာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။

ဘုန်းကြီးတို့ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြတဲ့နည်းက အလွန်လွယ်ပါတယ်၊ သူပြုလုပ်တဲ့အတိုင်းမှတ်ရုံဘဲ၊ လက်ကလေးကွေးယင် ဘယ့်နှယ်မှတ်မယ် (ကွေးတယ်....ကွေးတယ်) ထိုင်တော့ (ထိုင်တယ်....ထိုင်တယ်) သွားတော့(သွားတယ်....သွားတယ်)၊ ဒီတော့ မမှတ်စရာရှိသေးလား(မရှိပါဘုရား)၊ မြင်တော့(မြင်တယ်....မြင်တယ်) ဖောင်းယင် (ဖောင်းတယ်....ဖောင်းတယ်)၊ အဲဒီလို ထင်ရှားတဲ့ အစဉ်အတိုင်း မှတ်ပါတဲ့။

ဖောင်းယင်ဖောင်းတာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။
မြင်ယင်မြင်တာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။
ကြားယင်ကြားတာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။
နံယင်နံတာ၊ ယောဂီမှာ မှန်စွာသိပါစေ။
စားယင်စားတာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။
သိယင်သိတာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။

ဒီတိုင်းသိရမှာတဲ့၊ ဒီတိုင်းရှုမှတ်သွားပါတဲ့၊ဒါကြောင့်မို....

ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီသမ္ပဇာ-
နော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမ-
နဿံ။

အာတာပီ၊ ကိလေသာအစေး၊ စိတ်အညစ်ကြေးကို ပူးနွေးသွေ့ခြောက် တင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယ

ရှိသည်ဖြစ်၍ (ဝါ) အပြင်းအထန် အားထုတ်သည် ဖြစ်၍၊ သတိမာ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍၊ လောကေ၊ မမြဲဆင်းရဲ အစိုးလဲမရ မလှမပသော ရုပ်အပေါင်း ကိုယ်၌၊ ကာယာနုပဿီ၊ မမြဲဆင်းရဲ အစိုးလဲမရ မလှပသော ရုပ်အပေါင်းမျှဟု ရှုမြင်လျက်၊ လောကေ၊ ရှုမြင်အပ်သောရုပ်ပေါင်း လောက၌(ဝါ) ဥပါဒါနက္ခန္ဓာ ခန္ဓာငါးပါးဟူသော လောက၌၊ အဘိဇ္ဈာဒေါမနဿံ၊ မရှုမိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာနှင့်ဒေါမနဿကို (ဝါ) မရှုမိလျှင်ဖြစ်နိုင်သော လောဘနှင့်ဒေါသကို၊ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂပိမ္ဘက္ခနအားဖြင့် ပယ်ရှား ဖျောက်ဖျက်၍၊ ဝိဟာ-ရတိ၊ နေ၏။

ကာယနုပဿနာ ရှုပုံကိုပြတယ်။ နောက်နားက ဆက်ရက်ဝေဒနာ စိတ္တဓမ္မပါပြီးသားပါဘဲ။ ကျယ်နေမှာစိုးလို့ကာယကို ဘယ်လိုရှုရမလဲလို့မေးပြီး၊ ကာယကို ကာယလို့ ရှုပါလို့ အကျဉ်းဟောပါတယ်။ ကာယက ဘယ်လိုနေလို့ ဘယ်လိုရှုရမှာတုန်းဘုရားလို့ဆိုတော့ ပင်ကိုယ်ပကတိ ဒို့ရဲ့ကာယအရှိကို ပြောမယ်ဆိုယင် သူ့သဘော အမှန်အစစ်ရှိနေတာက မမြဲတာဆင်းရဲတာ အစိုးမရတာ မလှပတာ မတင့်တယ်တာ ဒီလေးချက်ပါဘဲ၊ ဒါသူ့ရှိတဲ့ သဘောဘဲတဲ့။ နဂိုတုန်းက ဒို့ထင်တာ မဟုတ်ဘူး၊ ဒို့သိတာ မဟုတ်ဘူး၊ သူ့ပင်ကိုယ် သဘောရှိတာဟာ ဘယ်နှစ်ချက်တုန်း (လေးချက်ပါ ဘုရား)၊ အဲဒီ လေးချက်ကို ဒို့အန္ဓပုထုဇဉ် အကန်းတွေ ထင်နေတာက တမျိုးဘဲတဲ့။ အန္ဓဆိုတာ ဘာတုန်း- အကန်းကို ပြောတာ၊ ဘာကန်းတာတုန်း-ဉာဏ်မျက်စိကန်းတာ၊ ကိုယ့်မျက်စိကန်းတာ မဟုတ်ဘူး။ ဒီရှပ်

နာမ်တွေကို အမေမွေးတဲ့မျက်စိနဲ့ကြည့်တော့ မြင်ရဲ့လား၊ မမြင်ယင်ဘာနဲ့ကြည့်မလဲ(ဉာဏ်မျက်စိနဲ့ ကြည့်ပါမယ်ဘုရား)၊ ဒါဖြင့် ဉာဏ်ကန်းနေတော့ ဒီရုပ်တွေ ဒီနာမ်တွေ မြင်ရဲ့လား (မမြင်ပါဘုရား)၊ မမြင်လို့ အန္ဓတဲ့လို့ ဒီလိုပြောတာဘဲ။

## ကာယဆိုတာ

ဒီတော့ မမြဲဆင်းရဲ အစိုးမရ မလှပတဲ့ ရုပ်အပေါင်းကိုယ်ကို မမြဲဆင်းရဲ အစိုးမရ မလှမပ မတင့်တယ်ဘူးလို့ မြင်အောင်ကြည့်ပါတဲ့၊ ကာယေ ကာယာနုပဿီဝိဟရတိ၊ မြတ်စွာဘုရားက ချစ်သားတို့ ကာယကိုရှုကြပါတဲ့၊ ဒါဖြင့် ကာယရှုလို့တော့ဆိုပြီ ကာယဆိုတာ ဘယ်ဟာတုံးဘုရားလို့မေးယင် ကာယကိုရှာရအုံးမှာ၊သူရှုခိုင်းတာက ကာယကိုအရှုခိုင်းတော့ ကာယက ဘယ်မှာတုံး၊မိမိတို့ခန္ဓာမှာဘာရှိတုံး၊လူလို့ခေါ်နေတဲ့ ခန္ဓာကိုယ်ကြီး မရှိဘူးလား၊ ဒီခန္ဓာကိုယ်ကြီးကို ဘာခေါ်တုံး (ကာယပါဘုရား)၊ ဘယ်နေရာကို ကာယခေါ်တုံး၊ တကိုယ်လုံး ခြေဖဝါးကစပြီးတော့ ဆံဖျားတိုင်အောင်ဘာခေါ်တုံး၊ (ကာယခေါ်ပါတယ်ဘုရား) ဆံဖျားကနေပြီးတော့ ခြေဖဝါးတိုင်အောင် ဘာခေါ်တုံး (ကာယပါဘုရား)။ ဒါကြောင့်-

ခြေမှခေါင်းဆုံး၊ တကိုယ်လုံး၊ သိမ်းကြုံးကာယခေါ်။
(ခြေမှခေါင်းဆုံး၊ တကိုယ်လုံး၊ သိမ်းကြုံးကာယခေါ်။)

ဒီကာယသိချင်ယင် လူတကောင်လုံးအောက်မှာ ဘယ်နေရာဆုံးသွားတုံး (ခြေဖဝါးပါဘုရား)၊ အထက်ဘယ်နေရာဆုံးတုံး (ဆံဖျားပါဘုရား)။ အဲဒီခြေဖဝါးကစပြီး အထက်ကိုတက်တက်ကြည့်သွားလို့ရှိယင် ဆံဖျားတိုင်အောင် ဘာခေါ်တုံး

(ကာယပါဘုရား)၊ ဒါဖြင့်မကျေနပ်သေးယင် အထက်ကပြန်ပြီး တပတ်ကြည့်လိုက်အုံး၊ ဆံဖျားနေပြီးတော့ အောက်ကြည့်လိုက် ယင် ခြေဖဝါးတိုင်အောင်ဘာတုံး (ကာယပါဘုရား)၊ ကာယ တွေ့ပလား (တွေ့ပါပြီဘုရား)၊ ကာယတွေ့လို့ရှိယင် ကာယ ရှုရမယ်ဆိုတော့ မြတ်စွာဘုရားက ပိုင်းခြားပြီးတော့ ထားတာ များရှိသေးလား၊ အထက်ပိုင်း အောက်ပိုင်း အလယ်ပိုင်း ဒီလိုကောရှိသေးလား (မရှိပါဘုရား)။

ဒူခေါင်း ပေါင် ခါးတော့ မရှုပါနဲ့ကွာ၊ နဖူးရှုဟော့-လို့ ဒီလိုကော ဟောသေးလား (မဟောပါဘူးဘုရား) ကာယမှာ ဘယ်လိုရှုရမလဲဆိုတော့ ပေါ်ရာကိုရှုရမယ်၊ ဘယ်နေရာကပေါ် ပေါ်မရှုရဘူးလား (ရှုရပါတယ်ဘုရား)။ ဒါဖြင့် ဒူခုဖောင်း တယ်ပိန်တယ် ဒီလိုရှုတာဘယ်ထဲပါဝင်နေတုံး (ကာယထဲပါဝင် နေပါတယ်ဘုရား)။ ဒါဖြင့် ဖေါင်းတယ် ပိန်တယ်ဆိုတာ ပါဠိ တော်ထဲပါရဲ့လား (မပါပါဘုရား)။ ဟင် (မပါပါဘုရား) မပါဘူးလား။

ဟော အခုရှုတ်ပြောနေတာ မပါသေးဘူးလား၊ ဟော ပြီးရောပြီးရော။ ဟင်-ပါတယ် ထားပါတော့ဆိုတော့ မကျေနပ် တဲ့သဘော ဖြစ်နေလိမ့်မယ်၊ ဟုတ်လား။ ကာယေ၊ ကာယဆို တာ ဝမ်းပိုက်ကဖေါင်းနေတာ ကာယထဲမပါဘူးလား (ပါပါ တယ်ဘုရား)၊ ဟင်ပါရဲ့လား (ပါပါတယ်ဘုရား)၊ ခုနင်တုန်းက ခြေဖဝါးကစပြီး ဆံဖျားအထိ ဘာခေါ်တယ် (ကာယခေါ်ပါ တယ်ဘုရား)။ ကဲ အဲဒီဖေါင်းတာ ပိန်တာတော့ ကာယထဲမပါ ဘူးလား၊ ဟင် မပါဘူးဆိုယင် သူကကျေနပ်ပါ့မလား (မကျေ

နုပ်ပါဘုရား) ဖေါင်းတာပိန်တာတော့ မပါဘူး၊ အရှင်ဘုရား ဘယ်ပါချင်တာတုန်း၊ ဒူးပါချင်တာလားဆိုယင် ဘယ့်နှယ် ပြောမလဲ၊ ဒူးတော့ဘယ်ထဲပါနေတုန်း (ကာယထဲပါနေပါတယ် ဘုရား) ပေါင်ကော (ကာယပါဘုရား)၊ နဖူးကော (ကာယပါ ဘုရား)။ ဒါဖြင့် ဖောင်းတာပိန်တာ ပါဠိတော်တွေထဲ မပါဘူး လား (ပါပါတယ်ဘုရား)၊ တိုက်ရိုက်ပါရဲ့လား၊ ဘယ်ပါဠိ ရှာပြမလဲ၊ကာယေ ကာယာနုပဿီ ဝိဟရတိဟုတ်လား။ ဒို့ဒကာ ဒကာမတွေက ကာယ အရပ်မှာ ဖောင်းတယ် ပိန်တယ်ထဲထည့် ထည့်ရေးမထားတော့ မပါဘူးလို့ ဒီလိုထင်နေတာ၊ ဒါဖြင့် ဒို့လက်ကလေး ကွေးနေတာကော ဘယ်ထဲပါတုန်း၊ ကာယထဲ မပါဘူးလား(ပါပါတယ်ဘုရား)၊ခြေထောက်ကလေး လှမ်းနေ တာကော၊ အဲဒီကာယကိုတော့ ကျေနပ်နိုင်တယ်တဲ့၊ ဖောင်းပိန် ကိုတော့ မကျေနပ်နိုင်သလို ဖြစ်မနေဘူးလား၊ နောက် ဖောင်း ပိန်ကော ကာယထဲမပါဘူးလား (ပါပါတယ်ဘုရား)။

ကာယေ၊မမြဲဆင်းရဲ အစိုးလဲမရ မလှပသော ရုပ်အပေါင်း ကိုယ်၌။ ကိုင်း အဲဒီ မမြဲဆင်းရဲတဲ့ကာယကို ကာယလို့ ရှုပါ ဆိုတော့ ခုန ကာယလိုက်ရှာလိုက်တာ ခြေဖဝါးက ခြေဖမိုး၊ ခြေဖမိုးက ခြေမျက်စိ၊ ဒူး ပေါင် ခါး ဒါတွေကော ကာယထဲ မပါဘူးလား (ပါပါတယ်ဘုရား)၊ ပါနေယင် ဖောင်းတယ် ပိန်တယ်ဆိုတာ ဘယ်ထဲမှာ ပါနေတုန်း (ကာယထဲမှာ ပါပါ တယ်ဘုရား)၊ ကာယထဲပါယင် ကာယေ၊ ကာယာဆိုတဲ့ ပုဒ်ထဲ မဝင်ဘူးလား (ဝင်ပါတယ်ဘုရား)၊ ဝင်နေယင် ပါဠိတော်ထဲ မပါဘူးလား (ပါပါတယ်ဘုရား)၊ တိုက်ရိုက်မပါဘူးလား

(ပါပါတယ်ဘုရား)၊ ပါနေတာ မယူတတ်လို့ မပါတာဘဲ။ ယူတတ်ယင် မပါဘူးလား (ပါပါတယ်ဘုရား)၊ တိုက်ရိုက်ပါနေတယ်။

ဒါဖြင့် ကာယကို ရှုပါတဲ့၊ အဲဒီကာယက ဘယ်လိုနေတုန်းဘုရားလို့ ဆိုတော့ ဒီကာယက မြဲနေခိုင်နေ တည်နေရဲ့လား (မမြဲပါဘုရား)။ ဒါဖြင့် ချမ်းသာရဲ့လား(မချမ်းသာပါဘုရား)။ ဒါဖြင့် ကိုယ့်သဘောအတိုင်းကော ဖြစ်ကဲ့လား (မဖြစ်ပါဘုရား) အဲဒါကြောင့် ကာယဟာ အနိစ္စ ဒုက္ခ အနတ္တပါဘဲတဲ့။

## အသုဘ နှစ်မျိုး

ဒါဖြင့် လှပတင့်တယ်တာကော ရှိရဲ့လား (မရှိပါဘုရား)၊ လှပတင့်တယ်တာမရှိလို့ မလှပလို့ နေ့တိုင်းပင် မနက်လင်းလာ မျက်နှာသင်ရ ဖီးရ လိမ်းရ ခြယ်ရနဲ့ လုပ်နေရတာဘဲ၊ ဒါတွေ လုပ်နေတာ မလှပလို့ လှပအောင် လုပ်တာတွေပေါ့။ အသုဘကို သုဘထင်အောင်လုပ်လို့ လုပ်နေတာတွေဘဲ။ အသုဘက သက်ရှိအသုဘ၊ သက်မဲ့အသုဘလို့ နှစ်မျိုးရှိတယ်။ ဒီ့က အခေါင်းနားကပ်နေတဲ့ဟာကို ဘာခေါ်တုန်း (အသုဘပါဘုရား) ဒီတိုင်း ပြုံးပြုံးလေးနေတော့ အသုဘ ထင်ရဲ့လား (မထင်ပါဘုရား)၊ မထင်ပေမဲ့ အဲဒါ သက်ရှိအသုဘပါဘဲတဲ့။ သူလဲ အသုဘဘဲ၊ တင့်တယ်ရဲ့လား (မတင့်တယ်ပါဘုရား)၊ မတင့်တယ်ပါဘူး။ ရေမချိုးဘဲနဲ့ ၂-ရက်၊ ၃-ရက်လောက် များနေယင် အတူတူ ထမင်းစားနိုင်ပါ့အုံးမလား (မစားနိုင်ပါဘုရား)၊ အဲဒီလို မစားနိုင်တော့လို့ သက်ရှိအသုဘလို့ ခေါ်ပါတယ်။

ဒါကြောင့်မို့လဲ အဲဒီကာယကို တကယ် အရှိမြင်အောင် ကြည့်ကြစို့၊ တကယ်အရှိက ဘာတုန်း မမြဲ၊ ပြီးတော့(ဆင်းရဲပါဘုရား)၊ ပြီးတော့ (အစိုးမရပါဘုရား)၊ ပြီးတော့ (မလှပမတင့်တယ်ပါဘုရား)။ ဒီလေးချက်က အဟုတ်ရှိနေတာ၊ ဒီအရှိကို ဒို့ပုထုဇဉ်တွေက ဘယ်နှယ်ထင်ဘာတုန်း၊ မမြဲတာကို မြဲတယ်လို့ ပြောင်းပြန်ထင်တယ်၊ ပြီးတော့ ချမ်းသာတယ် အစိုးရတယ် လှပတယ်လို့ မထင်ဘူးလား(ထင်ပါတယ်ဘုရား)၊ အောင်မယ်လေး အလှတစခန်းတော့ ပထမတန်းဘဲ၊ ဘာနဲ့ညာနဲ့ ငယ်ငယ်တုန်းက ပြောဘူးကြလား (ပြောဘူးပါတယ်ဘုရား)၊ အဲ ကြီးတော့လဲ ပြောရက်ဘဲ၊ ကြီးတော့ လျှော့ထားရတာ နော်။ ဒါဖြင့် ဒီလေးချက်ကို ဒို့အထင်နဲ့ အရှိနဲ့ ပြောင်းပြန်လှန်မနေဘူးလား၊ ဒီလိုထင်လာခဲ့တာ ဘယ်လောက်ကြာပြီတုန်း ဆိုယင် အနမတဂ္ဂ သံသရာ ကမ္ဘာလဆန်းတရက် နေ့ကစပြီးတော့ ကနေ့ထက်ထိ ရုပ်ကြီး မြဲတယ်လို့ မထင်ဘူးလား (ထင်ပါတယ်ဘုရား) ငါ့သဘောအတိုင်း ငါတွေးချင်တွေးမယ်၊ ငါစားချင်စားမယ် ငါပြောချင်ပြောမယ်လို့ ဒီလိုအထင်မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ရှိနေတာဘဲ။ ငါပြောချင်ဖြစ်တယ်။ ငါထိုင်ချင်ဖြစ်မယ်၊ ငါထချင်ဖြစ်မယ်၊ ငါ့သဘော ဟောသလို ထင်နေတယ်တဲ့။ ငါအစိုးရတယ်လို့ ထင်တယ် အဲဒါ အတ္တဘဲ၊ အဲဒီတော့ မြဲတယ်လို့ ထင်တာက နိစ္စ၊ ချင်းသာတယ်လို့ ထင်တာက သုခ၊ လှပတယ်လို့ ထင်တာက သုဘ။

ဒါကြောင့်မို့ ပင်ကိုယ်က ရှိတာကို ပြောင်းပြန်လှန်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ အသုဘဟူသော ဒီလေးချက်ကို မှတ်ထားပါ။ နဂိုက ဘယ်လိုထင်တုန်းဆိုတော့ နိစ္စ၊ သုခ၊ အတ္တ၊

သုဘလို့ ထင်ခဲ့တယ်၊ အနိစ္စကို ဘယ်သူက ဖုံးတုန်း၊ (နိစ္စက ဖုံးပါတယ်ဘုရား) ဒုက္ခ ဘယ်သူကဖုံးတုန်း (သုခကပါဘုရား)၊ အနတ္တ ဘယ်သူကဖုံးတုန်း (အတ္တကပါဘုရား)၊ အသုဘ ဘယ်သူကဖုံးတုန်း (သုဘကပါဘုရား)။

## အဖုံးခွါကြစို့

ဒါဖြင့် ဒီအဖုံးခွါကြစို့၊ ဘယ်သော့ချက်နဲ့ ခွါမလဲ၊ ဘယ်သော့နဲ့ ဖွင့်မတုန်းလို့ ဒီလိုမေးခဲ့ယင် သတိပဋ္ဌာန်သော့နဲ့ ဖွင့်ကြမယ်။ ဒီတော့ မြတ်စွာဘုရားက ဘာပြောသလဲဆိုတော့ ချစ်သားတို့ ဒီမမြဲတဲ့ရုပ်ကိုယ်ကြီးကို သင်တို့တတွေ အနမတဂ္ဂ သံသရာက မြဲတယ် ခိုင်တယ်လို့ ထင်လာခဲ့တာ မမြဲဘူးဆိုတာ ခုချက်ချင်း သိဖို့ရာတော်တော်ဝန်လေးလိမ့်မယ်တဲ့၊တော်တော်ကို ခဲယဉ်းတယ်တဲ့။

ဒီတော့ လောကမှာမမြင်ကောင်းတဲ့ အရာဝတ္ထု သေးသေး မွှားမွှားလေးတွေ မမြင်နိုင်တဲ့ အရာဝတ္ထုလေးတွေဆိုယင် လက်နက်ကိရိယာ တန်ဆာပလာအကူအညီနဲ့ ကြည့်ရတယ်၊ ဒို့ဆေးရုံတွေ ဘာတွေမှာ ခုကြည့်နေကြတယ်၊ အင်မတန် သေးမွှားတဲ့ ပိုးလေးတွေ၊ အင်မတန်သေးတဲ့ ရောဂါလေးတွေမမြင်လို့ ရှိယင် မှန်ဘီလူးနဲ့ ကြည့်ရတယ်။ ပြီးတော့ ဒို့ခူနာလေးတွေမမြင်ယင် ဘာနဲ့ကြည့်တုန်း၊ မျက်မှန်တပ်မကြည့်ဘူးလား (ကြည့်ပါတယ်ဘုရား)၊ အဝေးမမြင်ယင် မှန်ပြောင်းဆိုတဲ့ လက်နက်ကိရိယာတွေ တပ်ဆင်လိုက်တော့ မြင်မလာဘူးလား (မြင်လာပါတယ်ဘုရား)။ မမြင်နိုင်တဲ့ အသေးအမွှားလေးကို မှန်ဘီလူးနဲ့ကြည့်လိုက်တဲ့အခါ ထင်ထင်ရှားရှား မမြင်ဘူးလား။ ဒီစာလုံးလေး

တွေ ဒီ့မမြင်ဘူးဆိုယင် မျက်မှန်တပ်ကြည့်လိုက်တော့ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူ့ရဲ့ အစွမ်းတုန်းဆိုတော့ လက်နက်ကိရိယာရဲ့ အစွမ်းသတ္တိကော မပါဘူးလား (ပါပါတယ်ဘုရား)၊ အဲဒီ လက်နက်ကိရိယာတွေ တပ်ဆင်ကြည့်လိုက်ယင် မြင်သလို၊ ချစ်သားတို့၊ ယောဂီတို့၊ မြတ်စွာဘုရားက သင်တို့ မမြဲဆင်းရဲ အစိုးမရတာ တွေ့မြင်ချင်ယင် ငါလက်နက်ကိရိယာ တပ်ဆင်ပေးမယ်တဲ့၊ ဘာတုန်းဆိုတော့ အာတာပီ သမ္ပဇာနော သတိမာတဲ့။ လက်နက်သုံးမျိုး တပ်ဆင်ပေးလိုက်တယ်။ အာတာပီ သမ္ပဇာနော သတိမာ။ အာတာပီ ဆိုတာက ဝီရိယပါဘဲ။ အာတာပီက ဘာတဲ့ (ဝီရိယပါဘုရား)၊ သတိမာဆိုတာက သမ္မာသတိပါဘဲ။ သမ္ပဇာနောဆိုတာက ပညာပါဘဲ။ ဘယ်နှစ်မျိုးရတုန်း (သုံးမျိုးပါဘုရား)။

အာတာပီ၊ ကိလေသာအစေး စိတ်ညစ်ကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓါန် လုံ့လဝီရိယရှိသည်ဖြစ်၍ (ဝါ) အပြင်းအထန် အားထုတ်သည်ဖြစ်၍၊ သတိမာ၊ သတိရှိသည် အမှတ်ရသည်ဖြစ်၍၊ သမ္ပဇာနော၊ မှန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍၊ ကာယေ၊ မမြဲဆင်းရဲ အစိုးလဲမရ မလှပသော ရုပ်အပေါင်း ကိုယ်၌၊ ကာယနုပဿီ၊ မမြဲဆင်းရဲ အစိုးလဲမရ မလှပသော ရုပ်အပေါင်းမျှဟု ရှုမြင်လျက်၊ လောကေ၊ ရှုမြင်အပ်သော ရုပ်အပေါင်း လောက၌.... ခုနတုန်းက ဒီလိုရွတ်ခဲ့တယ်။

ဒီတော့ ဒါလေးပြန်ပြီး ရှင်းကြအုံးစို့နော်၊ ခုနက မြတ်စွာဘုရားပေးတဲ့ လက်နက် ဘယ်နှစ်မျိုးတုန်း (သုံးမျိုးပါ ဘုရား)၊

သုံးမျိုးက ဘာများတုန်း၊ ဝီရိယ သတိ ပညာ ဘယ်နှစ်မျိုးတုန်း (သုံးမျိုးပါဘုရား)၊ ဘာရယ် ဘာရယ်တုန်း (ဝီရိယ၊ သတိ၊ ပညာပါဘုရား)၊ ဒါလေးကို သေသေချာချာ မှတ်ထားကြ။ ဒီနေရာမှာ ပြောစရာတခုခုရှိနေလို့ ထပ်ထပ်ပြောနေတာနော်။

## အတ္တကိလမထ ဖြစ်-မဖြစ်

ဝီရိယကို သမ္မပ္ပဓာန်လို့ လဝီရိယလို့ ဒီလိုခေါ်ပါတယ်၊ အဲဒါ မဂ္ဂင်ထဲကဆိုယင် သမ္မဝါယာမ မဂ္ဂင်ပါဘဲ၊ ဒို့ခုပွားနေတာ အဲဒီဝီရိယက သာမညဝီရိယ မဟုတ်ဘူး၊ မဂ္ဂင်ထိုက်တဲ့ ဝီရိယ ပါဘဲ။ သတိကလဲ သမ္မာသတိပါဘဲ၊ ပညာကလဲ သမ္မာဒိဋ္ဌိ ပါဘဲ။ သမ္မာဇာနော-ဆိုတာက သမ္မပ္ပဓါန်ဝီရိယဆိုတဲ့ အဲဒီ မဂ္ဂင်တွေကို ဘယ်လိုအားထုတ်မလဲ၊ အားထုတ်ပုံအားထုတ်နည်း ကဘယ်လိုလဲ ဆိုတော့ အရိုးကြေကြေ အရေစုတ်စုတ်ဆိုလို့ ခုကာလမှာ ပြောနေကြတယ်၊ အမယ် တရားအားထုတ်တာ ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေတာတဲ့၊ အတ္တကိလမထတဲ့၊ ကိုယ့် ကိုယ်ကို ပင်ပန်းအောင်လုပ်နေတာဟာ ဆင်းရဲအောင်လုပ်နေ တာတဲ့။

ဒါတွေ ဘာလုပ်နေစရာလိုသလဲ၊ သိပြီးရောပေါ့လို့ ဒီလို ပြောတဲ့စကားရှိပါတယ်၊ ဒီတော့ အတ္တကိလမထ ဖြစ်-မဖြစ်က စိစစ်ဖို့လိုပါတယ်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဒုက္ကရစရိယာ ကျင့်တော်မူခဲ့တယ်၊ ဒုက္ကရစရိယာ ကျင့်တော် မူခဲ့စဉ် အခါတုန်းက သူဟာတဲ့ တရားထူးတရားမြတ်ကို လိုချင် လွန်းလို့ အသက်များအောင့်ထားတယ်၊ မရှူတော့ဘူး၊ ပြင်းပြင်း ရှူကြည့်လို့လဲ တရားကမတွေ့လို့ အောင့်ထားအုံးမှဘဲ ဆိုပြီး

အောင့်ထားတယ်၊ အောင့်ထားတော့ လေက မထွက်ရဘူး၊ လေမထွက်ရတော့ တခါထဲ နားတွေအူပြီးတော့ ခွေလဲသွားတယ်၊ ဘာပြုလို့ ခွေလဲရသလဲဆိုတော့ ပင်ပန်းလွန်ပြီးတော့ မူးဝေ လဲသွားတာတဲ့။ ဒါလဲ ငါ တရားထူး တရားမြတ်တော့ မတွေ့သေးဘူးတဲ့။

ဒါဖြင့် မြတ်စွာဘုရားသည် အာနာပါန ထွက်လေ ဝင်လေ ရှုစဉ် အခါတုန်းက သူ့သဘောအတိုင်း လိုက်ရှုတာလား- (ပြုပြင်ရှုတာပါဘုရား)၊ ဘယ့်နှယ်ပြုပြင်ရှုလိုက်တုန်း (အောင့်ထားလိုက်ပါတယ်ဘုရား)၊ မရှုဘဲနဲ့ အောင့်ထားတယ်။ ပြုပြင်ရှုတော့ တရားတွေ့ရဲ့လား (မတွေ့ပါဘုရား)။ အဲဒါ သဘောမှတ်ထား။

ဒို့ ခု မှတ်တဲ့အခါမှာ အဲ မှန်မှန်ရှုပါ၊ မပြုပြင်နဲ့။ ဒါဖြင့် နင်လားငါလား ရှု ကြည့်ပြုပြင်လို့ရပါ့မလား (မရပါဘုရား)၊ ပင်ပန်းပြီးတော့သာ လဲသွားတယ်၊ နောက်ကျတော့ ဟာ ဒီလို ဆိုလို့ရှိယင်တော့ ငါတရားထူးတရားမြတ် မရသေးဘူး၊ ဒီတော့ ငါ တနည်းကြံလိုက်အုံးမယ်လို့ အစာတွေ စားလွန်းလို့ ထင်ပါရဲ့ အစာက အစားလွန်သွားတော့ တရားလေး ထိုင်မယ် လုပ်ယင် မျက်တောင်ကစင်းလာတယ်၊ မြတ်စွာဘုရားအလောင်း ဒုက္ကရစရိယာ ကျင့်တုန်းကနဲ့ မကွာလား၊ မျက်တောင်လေးများ စင်းမလာဘူးလား (စင်းလာပါတယ် ဘုရား)၊ အင်း မနက်ခင်းနဲ့ ညနေခင်းပျင်းလွန်းလို့ မမှတ်ပြန်၊ နေ့လည်မှာ ဗိုက်တော်တင်း စင်းလို့အိပ်ပြန်၊ သေသေချာချာ မအိပ်ရတော့ ထိုင်ရင်းဘဲ ငိုက်နေတယ်၊ ဒါလဲဘဲ ငါအစာတွေတင်းပြီး ထိနမိဒ္ဓတွေဝင်ပြီး ငိုက်ငိုက်နေတာဘဲ၊ ဒီတော့ ငါအစာတွေ လျှော့စားအုံးမယ်လို့

ပဲပြုတ်ကလေးတောင်မှ တလက်ဆွမ်း လောက်ကလေး စားပြီးတော့ ကျင့်တယ်တဲ့၊ တလက်ဆွမ်းဆိုတာ တလက်ဖက်လောက်ပါဘဲ။

ဒီလို အစာလျှော့လျှော့ ကျင့်လို့ ကြာတော့ ပိန်ခြောက်လာတယ်၊ တရားထူးတရားမြတ် တွေ့သလား (မတွေ့ပါဘုရား)၊ တရားထူး တရားမြတ် မရတော့ အဲဒီလို ကျင့်နေတာတွေဟာ မဂ္ဂင်လမ်းမှန် အကျင့်မှန်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ဒါဖြင့် မြတ်စွာဘုရား ကျင့်သွားတာ အတ္တကိလမထထဲ သွင်းမလား (မသွင်းဝံ့ပါဘုရား)၊ အင်း ဘုရားအလောင်းမို့ ကြောက်သွားတာ မသွင်းဝံ့ဘူးတဲ့၊ ဟုတ်လား၊ အဲဒါ အတ္တကိလမထဘဲ။ ဘာအတ္တကိလမထ ခေါ်လဲလို့ ဒီလိုမေးတော့ ဘုန်းကြီးတို့ အဲဒီစဉ်အခါတုန်းက တရားပြနိုင်တဲ့ပုဂ္ဂိုလ်ရှိရဲ့လား (မရှိပါဘုရား)၊ ဆရာရှိရဲ့လား (မရှိပါဘုရား)၊ ကိုယ်ကိုယ်တိုင်တော့ သိရဲ့လား (မသိပါဘုရား)၊ ရမှမရသေးတာ၊ ရမ်းမှန်းပြီးတော့ လုပ်နေရလို့ ငါ မှားကုန်ပေါ့၊ ငါပမ်းလိုက်တာ၊ ဒါတွေဟာ အတ္တကိလမထဘဲလို့ သိတယ်။နောက်တော့ ပြန်စဉ်းစားမိတယ်၊ ဟိုငယ်ငယ်တုန်းက လယ်ထွန်မင်္ဂလာပွဲနေတုန်း အထိန်းတော်က သူ့ကို သစ်ပင်ရင်း ချထားပြီး လယ်ထွန်မင်္ဂလာ သွားကြည့်တယ်၊ သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် လယ်ထွန်တယ်ဆိုတော့ လူတွေကလဲ အင်မတန် စည်လှန်းလို့ သွားကြည့်ပြီး အလောင်းတော်ကို မေ့နေတယ်။ အထိန်းတော်တွေရော၊ အကုန်လုံး ရှိသမျှပရိသတ်တွေ ဟိုသွားပြီး ကြည့်နေတုန်း ဘယ်သူမှမရှိတော့ ခလေးကလေးကထိုင်ပြီး အာနာပါနရှုလို့ ပါရမီတွေကြောင့် ဈာန်တွေရသတဲ့။

အဲဒီတော့ ဒီအလောင်းတော်လေး စျာန်ဝင်စားနေတဲ့ သစ်ပင်ရဲ့နေရိပ်က ရွေ့မသွားဘူးတဲ့။ အလောင်းတော် နေပူမစိုးလို့ ဒီ့ပြင်အရိပ်တွေက ပြောင်းသွားပေမဲ့ သူမပြောင်းဘူး၊ အဲဒီအချိန်မှာ တကထဲ အထိန်းတော်က သတိရလို့ ကြည့်လိုက်တော့ သူက တင်ပလ္လင်ခွေ တရားထိုင်နေတုန်းကိုး။ အဲဒီအထိန်းတော်က သုဒ္ဓေါဒနမင်းကြီးထံ သွားပြောတော့ အဲဒီတုန်းကထဲက ထူးဆန်းလှန်းလို့ မင်းကြီးက တကြိမ်ရှိခိုးခဲ့သတဲ့။

ဒုက္ကရစရိယာ ပြန်ဆက်ကြအုံးစို့၊ နောက်ဆုံး ၆-နှစ်ကြာတော့မှ သူဟာ ခု တရားတွေရှာတာ တရားထူး တရားမြတ်လဲ မတွေ့ဘူး၊ ငါငယ်ငယ်တုန်းကတော့ ဒီလို ရှုမှတ်ဘူးတာဘဲ၊ သူ့သဘောအတိုင်း လိုက်မှတ်ကြည့်အုံးမယ်ဆိုပြီး၊ အဲဒီလို သူ့သဘောအတိုင်း ပေါ်ရာပေါ်ရာ လိုက်မှတ်တော့မှ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သဗ္ဗညုတ ရွှေဉာဏ်တော်ရပါတယ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ဆိုတာ ဘာတုန်းဆိုတော့ အကြွင်းအကျန်မရှိ အကုန်လုံးသိတော်မူတဲ့ ဉာဏ်တော်ကြီးတဲ့။

ဒါဖြင့် မြတ်စွာဘုရား သဗ္ဗညုတ ရွှေဉာဏ်တော် ရတယ်ဆိုတာ မသိတာရှိသေးလား(မရှိပါဘုရား)၊ မသိခင်တုန်းက သူကော မမှားခဲ့ဘူးလား(မှားခဲ့ပါတယ်ဘုရား)၊သိပြီးတဲ့နောက် မှားစရာ လိုသေးလား (မလိုပါဘုရား)၊ ဒါဖြင့် ဒိုကျင့်နေတဲ့ သတိပဋ္ဌာန်သည် ဘုရားဖြစ်ပြီးမှ ဟောတာလား - မဖြစ်ခင်က ဟောတာလား(ဘုရားဖြစ်ပြီးမှ ဟောတာပါဘုရား)။ အဲ ဘုရားဖြစ်ပြီးမှ ဟောထားတာ၊ အလောင်းတော်ဘဝတုန်းက ဟောတာ မဟုတ်ဘူး၊ ဘုရားဖြစ်ပြီးမှ ဟောတဲ့တရားမို့ ပယ်မှားစရာ

ရှိရဲ့လား (မရှိပါဘုရား)၊ မှားကော မှားပါ့မလား (မမှားပါဘုရား)။

## ဝိရိယလေးပါးနဲ့ အားထုတ်ပါ

ခုနေ ဒီတရား အားထုတ်ယင်းနဲ့ ဘိုင်းကနဲလဲပြီး ပြုံးကနဲလဲ သေသွားချင်ကော အရှုံးရှိမလား(မရှိပါဘုရား)၊ ဒီလို တရားလေး အားထုတ်ရင်းများ သေသွားယင် ဘယ်ရောက်သွားမတုန်း အနည်းဆုံး နတ်ပြည်လောက်တော့ ရောက်သွားမှာဘဲ၊ ဒါကြောင့်မို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက အရိုးကြေကြေ အရေစုတ်စုတ် ငါ့ရဲ့ အသား အသွေးတွေ ခမ်းခြောက်ပါစေ ငါ့အရိုးတွေ ကျန်ပါစေ အရေတွေကျန်ပါစေ အကြောတွေ ကျန်ပါစေ အားထုတ်ကြတဲ့....။ ဒါကြောင့်–

ကြောချဉ်ရိုးရေ၊ ကြွင်းပစေ၊ ကုန်စေသားအသွေး။
အသက်ကိုမျှ၊ မငဲ့ရ၊ သမ္မပ္ပဓါန်လေး။

မြတ်စွာဘုရားက အသက်တောင် မငဲ့ပါနဲ့တဲ့၊ သမ္မပ္ပဓါန်လို့လ ဝိရိယလေးပါးနဲ့ အားထုတ်ပါတဲ့၊ ဘာလို့တုန်းဆိုယင် မြတ်စွာဘုရား သဗ္ဗညုတ ရွှေဉာဏ်တော်ရပြီးတော့ အမှန်အကန် သိလို့ ဟောထားတဲ့ တရားတွေပါတဲ့၊ ဟိုတုန်းကတော့ အတ္တ–ကိလမထ ဆိုတဲ့ အကျင့်မှားတွေ ဘာတွေကို ကျင့်နေကြတုန်းဆိုတော့၊ ရေချိုးတယ် တုံးခုန်တယ် ဆူးပေါ် အိပ်ရတယ်၊ ဆူးပေါ်အိပ်တယ်ဆိုတာ ဆူးပေါ်အိပ်လိုက်ယင် ကိလေသာတွေ ငြိမ်းသွားမှာဘဲ ကိလေသာတွေ မထနိုင်တော့ဘူးဆိုပြီး အိပ်တာတဲ့၊ ကိလေသာတော့ မငြိမ်းပါဘူး၊ လူပင်ပန်းတာ ဆင်းရဲဘာဘဲ ထူးခဲ့ရတယ်။

ပဋ္ဌာတပ ဆိုတာ အင်မတန်ပူတဲ့လမှာ မီးပုံကြီးလေးပုံ အရပ်လေးမျက်နှာမှာဖိုပြီး လူက အလယ်ခေါင် ဝင်နေတယ်၊ အထက်ကနေပူရယ် မီးဖိုတွေနဲ့ ကိလေသာကို မီးမြှိုက်တာတဲ့။ အဲဒါ အတ္တကိလမထတာ။

## ဂျိုကို နို့ညှစ်လို့မရ

အဲဒီတုန်းက ကျင့်နေတာတွေထဲမှာ တချို့မှာလဲ သစ်ပင်ကို တွဲလောင်းဆွဲပြီး ကျင့်နေတာရှိတယ်၊ တချို့ အစားမစားဘဲ ကျင့်နေတာ ရှိတယ်၊ တချို့ အဝတ်မဝတ်ဘဲ ကျင့်နေတာ ရှိတယ်တဲ့၊ ဒါကြောင့်မို့ အဝတ်မဝတ်ရုံနဲ့တော့ဖြင့် ကိလေသာ က မငြိမ်းပါဘူး၊ အစာမစားဘဲ နေရုံနဲ့လဲ မငြိမ်းပါဘူး၊ လမ်းမှားတွေ ကျင့်နေကြတာမို့ ပင်ပန်းရုံဘဲ ရှိမှာပါဘဲတဲ့။

ဥပမာပြောရမယ်ဆိုယင်ဖြင့် နွားနို့အလိုရှိတဲ့ သူတယောက် ဟာ နွားမတကောင်ရဲ့ နို့ကိုမညှစ်ဘဲနဲ့ ဂျိုကိုသွားပြီးတော့ ညှစ် နေမယ်ဆိုယင် အဲဒီပုဂ္ဂိုလ် ဘယ့်နှယ်ပြောကြမတုန်း၊ မင်းဟာ ကွာ ပင်ပန်းရုံရှိမှာပါဘဲ၊ ဂျိုကိုညှစ်လို့ ဘယ်တော့နွားနို့ ရလိမ့် မတုန်းလို့ ဟောဒီလို ပြောကြမယ်။ သက်သက်အကျိုးမရှိဘဲနဲ့ ပင်ပန်းရုံဘဲ။ မင်းဘာအကျိုးမှမရှိဘူးလို့ ဟောဒီလိုပြောမယ်။ ဒါကြောင့်–

နွားမဂျိုတွင်၊ နို့ညှစ်လျှင်၊ နို့ပင်မရ ပင်ပန်းလှ။

လိုက်ဆို–

(နွားမဂျိုတွင်၊ နို့ညှစ်လျှင်၊ နို့ပင်မရ ပင်ပန်းလှ။)

တကယ်လို့ နွားနို့လိုချင်တဲ့သူဟာ နွားမရဲ့နို့ကိုသာ ညှစ်နေ မယ်ဆိုယင်ဖြင့် လိုချင်တဲ့ အကျိုးဖြစ်တဲ့ နွားရခြင်းကြောင့်

သူ့ကို ပင်ပန်းတယ်လို့ မဆိုဘူးတဲ့၊ ဘယ်လောက်ဘဲရရ၊ နွားနို့ထွက်သလောက် ရတာဘဲ။ ညှစ်ယူယုံမှါဘဲတဲ့။

ဒီလိုဘဲ အခုလိုအပ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရနိုင်ခြင်းကြောင့် ပင်ပန်းတယ်လို့ဆိုသော်လဲ ပင်ပန်းတာလေးကတော့ ပင်ပန်းပါတယ်၊ ဒါပေမယ့် လိုအပ်တဲ့အကျိုးတွေ ရ နိုင် ခြင်းကြောင့် ဒါကို အတွက်လမထဲ မသွင်းဘူးလို့ မြတ်စွာဘုရားက ချစ်သားတို့ အားထုတ်ကြ၊ ဟောဒီသမ္မပ္ပဓါန် လုံ့လ ဝီရိယဆိုတာ တခြားပြောတာမဟုတ်ဘူး၊ မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်အောင် တားဆီးရမယ်၊ ဖြစ်ပြီးသား အကုသိုလ်ကို ပယ်နိုင်အောင် အားထုတ်ရမယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင် ဖြစ်ပြီးသားကုသိုလ်တွေ တိုးပွားအောင် အားထုတ်ရမယ်တဲ့။

(၁) မဖြစ်သေးတဲ့အကုသိုလ်တွေကို မဖြစ်အောင် တားဆီးရမယ်၊

(၂) ဖြစ်ပြီးသား အကုသိုလ်ကို ပယ်နိုင်အောင် အားထုတ်ရမယ်၊

(၃) မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင် အားထုတ်ရမယ်၊

(၄) ဖြစ်ပြီးသားကုသိုလ်တွေ တိုးပွားအောင် အားထုတ်ရမယ်၊

အဲဒီလေးချက်မှာ ဘယ်လိုလုပ်ယူရမလဲဘုရားဆိုယင် ဒီလေးချက်က အမှတ်တခုထဲမှာ တခါထဲနဲ့ ကိစ္စပြီးသွားတယ်၊ ဥပမာ- အမှတ်ကလေးတခု မှတ်နေတယ်ဆိုယင် ဒီ ခုမှတ်နေတာ ခန္ဓာကိုယ်မှာ ထင်ရှားပေါ်ရာက စပြီးမှတ်နေပါတယ်၊ ဒါပေမယ့်လို့

ဘာမှမရှိခင် ဖောင်းတာ ပိန်တာလေးကစပြီးတော့ ရှိနေတာမို့ ဖောင်းတာ ပိန်တာက စည့်န်းပါတယ်။

အဲဒီဖောင်းတာလေးကို မှတ်ကြည့်ပါတဲ့၊ ဖောင်းတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက်၊ ပိန်တဲ့အခါ ပိန်တယ်လို့ မှတ်လိုက်၊ မြင်ယင် ကြားယင် မြင်တယ် ကြားတယ်မှတ်၊ ဒီလိုမှတ်သော်လဲ ပဌမတော့ စိတ်က မငြိမ်သေးဘူးပေါ့၊ ဟိုထွက်သွား ဒီထွက်သွား၊ ဒီလိုဘဲ သွားတတ်ပါတယ်၊ သားရေး သမီးရေးတွေလဲ ကြံစည်တတ်တယ်၊ စီးပွားရေးတွေ ကြီးပွားရေးတွေလဲ ကြံစည်နေတတ်တယ်၊ ဒီကြံစည်နေတာတွေက ကာမစ္ဆန္ဒနီဝရဏတွေတဲ့၊ ကာမဂုဏ် အာရုံတွေနဲ့ ပတ်သက်ပြီးကြံတာ များတတ် ပါတယ်တဲ့။

တခါတလေလဲဘဲ စိတ်ဆိုး စိတ်ပျက်စရာလေးတွေ ကြံစည်တတ်တယ်၊ ငါ့ ဘယ်သူက ဘယ်လိုစော်ကားတာ၊ ငါက အညှံ့ခံခဲ့ရတယ်၊ ငါက ဘယ်သူ့ ဘယ်လို ပြောလိုက်တာလို့ တက်ကြွတဲ့ဒေါသတွေ ဆုတ်နစ်တဲ့ ဒေါသတွေလဲကြံနေတာဘဲတဲ့၊နောက်တော့ ငိုက်မြည်းတတ်တယ်၊ အိပ်ချင်တတ်တယ်၊ ထိနမိဒ္ဓတွေပေါ့၊ နီဝရဏတရားတွေလို့ ခေါ်တာပါဘဲ။

တခါတလေလဲ ငါကုသိုလ်ကောင်းမှုတွေ မလုပ်ခဲ့ရတာ မှားပြီလို့ပူပန်တတ်တယ်၊ အကုသိုလ်တွေ လုပ်ခဲ့တာတွေ မှားနေပြီ စသည်ဖြင့် ပူပန်တတ်တယ်တဲ့၊ စိတ်ကလေးတွေလဲ ပျံ့လွင့် တတ်တယ်၊ အဲဒါကြောင့်မို့ ဒီ နီဝရဏတရားတွေကို နိုင်အောင်တိုက်ပြီးတော့ စိတ်ထွက်ယင် စိတ်ထွက်တယ် ကြံစည်တယ် စိတ်ကူးတယ်လို့ ဒီလိုမှတ်ပါတဲ့၊ နာယင် နာတယ်-နာတယ်မှတ်၊ စိတ်ကလေးတွေမှတ်ရတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန်ပေါ့။ နာ

တာကျဉ်တာတွေမှတ်ပြန်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တဲ့။ဖောင်းတာပိန်တာတွေ မှတ်တော့ ကာယာနုပဿနာ သတိပဋ္ဌာန်။သဘောတရားလေးတွေမှတ်တော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ကာယ ဝေဒနာ စိတ်ဓမ္မာ၊ ပေါ်ရာရှုပါလေ။ ဒါလေးတွေပေါ်ရာရှုရုံဘဲ။ ဒီလိုလိုက်ပြီး ရှုနေလို့ ရှုပါ များလာတော့ စိတ်ကလေးကငြိမ်လာတယ်၊ သန့်ရှင်းစင်ကြယ်လာတယ်။ စိတ်ကူးစိတ်လွှတ်တွေ မရှိတော့ဘူး၊ တောင်တောင် မြောက်မြောက်တွေလဲ မကြံတော့ဘူး။

## သမ္မမှုခဏ်လေးပါး အကျုံးဝင်ပြီ

အဲဒီလိုမကြံတဲ့အခါ မှတ်ယင်းနဲ့ စိတ်ကလေး စင်ကြယ်သွားပြီဆိုတော့ မှတ်စိတ်နဲ့ အာရုံနဲ့ ကပ်ကနဲ-ကပ်ကနဲ နေတယ်၊ ဒီလိုမှတ်စိတ်နဲ့အာရုံ ကပ်ကနဲ ကပ်ကနဲနေတော့ စိတ်ကလေးဟာ တခြားတပါး မသွားတော့ဘူး ကပ်နေတယ်၊ ကပ်နေတယ် ဆိုတာ ဖောင်းတဲ့ အာရုံလေးလေးပေါ်မှာ ဖောင်းတယ် မှတ်လိုက်ယင် ဖောင်းတဲ့ပေါ် ကပ်နေတယ်၊ တည်နေတယ်၊ တွေးတယ်လို့မှတ်လိုက်ယင် တွေးတဲ့ပေါ် ကပ်နေတယ်၊ ပူတယ်လို့ မှတ်လိုက်ယင် ပူတဲ့အပေါ် ကပ်နေတယ်၊ တည်သွားတယ်။

အဲဒီလိုနေတော့ ဩ-ဖောင်းတာလေးက ရုပ်တရား၊ မှတ်တာက နာမ်တရားလို့ ဟောဒီလိုရုပ်တရားနာမ်တရားတွေကို ခွဲခြားပြီး သိလာတယ်၊ ဒီတော့ ဒီမှတ်ချက်ကလေးတခုထဲမှာ ခုနင်က ပြောခဲ့တဲ့ မဖြစ်သေးတဲ့အကုသိုလ်လဲ ပယ်ပြီးသားဖြစ်တယ်၊ ဖြစ်ပြီးသားအကုသိုလ်လဲပယ်နိုင်တယ်၊ တချိန်ကျတော့ပယ်နိုင်သွားမှာဘဲ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရယင် ဆိုင်ရာမဂ်တွေက သတ်ပေးမှာဘဲ။

မဖြစ်သေးတဲ့ကုသိုလ်တွေလဲ ဖြစ်လာတယ်၊ ဖြစ်ပြီးသား ကုသိုလ်တွေလဲ ထပ်ခါထပ်ခါမှတ်နေတော့ ထပ်ပြီးတော့ တိုးပွားနေတာဘဲတဲ့၊။

ဒါကြောင့်မို့ ခုကြည့်ပါလား ဒို့ဝိပဿနာ ရှုနေတယ်ဆိုတာ တွေးတယ်လို့ မှတ်တဲ့အခါ တွေးတဲ့အပေါ် စိတ်ကလေးက ရောက်နေတယ်၊ တွေးတဲ့ရုပ်တရားပေါ်မှာ စိတ်ကလေး ရောက်နေတယ်လို့ဆိုယင် ဒီပြင်သားရေး သမီးရေးတွေလဲ မကြံတော့ဘူး၊ကြီးပွားရေးစီးပွားရေးတွေလဲ မကြံတော့ဘူး၊အကုသိုလ်လဲ မဝင်တော့ဘူး၊ လောဘလဲမဝင်တော့ဘူး၊ ဒေါသလဲမဝင်တော့ဘူး၊ တရားလေးပေါ် ရောက်နေတယ်၊ အဲဒီလို တရားလေးပေါ်ရောက်နေတယ်ဆိုကတဲက အကုသိုလ်တွေ မလာနိုင်အောင် တားဆီးလိုက်တာဘဲ၊ အလိုလို တားဆီးပြီးသား ဖြစ်နေတယ်၊ အထူး တားမနေရဘူး။

တရားနဲ့နေတာနဲ့အကုသိုလ်တွေ မလာတော့ဘူး၊ ကုသိုလ်တရားလာနေတော့ အကုသိုလ်တရားတွေမလာနိုင်တော့ဘူးတဲ့၊ ဒါမဖြစ်သေးတဲ့အကုသိုလ်တွေပယ်လိုက် တာပါတဲ့၊မဖြစ်အောင် အားထုတ်နေတာပါတဲ့၊ အဲဒီလို အားထုတ်ရင်းနဲ့ဘဲ ဒို့နောက်တချိန်မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားတယ်ဆိုယင် ဒါဆိုင်ရာ မဂ်တွေ သတ်ပေးလိုက်ယင် ဖြစ်ပြီးသားအကုသိုလ်တွေကိုလဲ သတ်နိုင်အောင် အားထုတ်တာပါဘဲ၊ အခုလို မှတ်လိုက်တော့ ဩဒို့ ရှေးကမဖြစ်ဘူးတဲ့ ဒီဝိပဿနာကုသိုလ်တွေ ဖြစ်နေပြီ၊ မှတ်တိုင်း မှတ်တိုင်းဘယ်နေရာကိုဘဲ မှတ်လိုက်မှတ်လိုက် ဖြစ်နေတယ်၊မှတ်စိတ်နဲ့အာရုံနဲ့ ကပ်ကနဲ့-ကပ်ကနဲ့ ဖြစ်နေတယ်။

ဩ-ဒါတွေဟာ ဖောင်းတာလေးကရုပ်ဘဲ၊မှတ်တာလေးက နာမ်ဘဲလို့ဟောဒီလိုသိသိလာတယ်နော်၊ အဲဒီလို သိသိလာတာ လေးဟာ ဝိပဿနာဉာဏသမ္မာဒိဋ္ဌိတွေပါဘဲ၊ ကုသိုလ်တွေဖြစ် နေတယ်၊ အဲဒီလိုဖြစ်နေယင်ဖြင့် ဒီတရားတွေကို ထပ်ထပ်မှတ် လိုက်၊ ဝိပဿနာကုသိုလ်တွေဖြစ်လိုက်၊ အထပ်ထပ်မှတ် အထပ် ထပ်ဖြစ်နေတယ်၊ ထပ်ထပ်ဖြစ်နေခြင်းကြောင့် မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်လာပါတယ်၊ ဖြစ်ပြီးသား ကုသိုလ်တွေလဲ တိုးပွား နေပါတယ်တဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက ဒီလို ဝီရိယစိုက်ပါတဲ့၊ သမ္မပ္ပဓာန်ဝီရိယဆိုတာ ဒါပြောတာ၊အဲဒီဝီရိယစိုက်လို့ သတိ လေးနဲ့လိုက်ပြီးတော့ ပေါ်ရာပေါ်ရာတွေ ပေါ်တိုင်းပေါ်တိုင်း မလွတ်စေနဲ့၊ မြင်ယင်မြင်တယ်၊ ကြားယင် ကြားတယ်၊ နံယင် နံတယ် ဒီလိုမှတ်ပါတဲ့။ အဲဒီလိုမှတ်လိုက်ယင်လဲ အမြင်ခံရတာ လဲရုပ်ဘဲ၊ ဒီက မျက်စိအကြည်နေတာလေးကလဲ ရုပ်ဘဲ၊ ဩ- ဒီရုပ်နှစ်ခုတိုက်လိုက်တဲ့အခါ အသိစိတ်ကလေး ပေါ်လာတယ်၊ မြင်သိစိတ်ကလေးပေါ်၊ ဩ-မြင်ရာမှာရုပ်တွေနာမ်တွေပေါ်နေ တာဘဲလို့ သိလာမယ်။

ဒီသုံးခုဆုံလို့ဖဿဖြစ်တယ်၊ အေး ဖဿ နောက်နားက ဝေ ဒနာ၊ဒီတရားတွေကဒီလိုဖြစ်နေတာဘဲလို့ အဲဒီရုပ်တွေ နာမ်တွေ ကိုပိုင်းခြားပြီးတော့သိလာပါတယ်တဲ့။

## မဂ္ဂင်တွေ ပါနေတယ်

ဒါကြောင့်မို့တဲ့ ဒီရုပ်နာမ်တွေပိုင်းခြားသိပြီးတော့ ဖြစ်ပျက် တွေကို ဟောဒီသတိလေးနဲ့လိုက်သိနေတာလေးက ဘယ်သူတုန်း ဆိုတော့ သမ္မာဒိဋ္ဌိတဲ့။ ဒါကြောင့်....

ဝီရိယစိုက်၊ သတိလိုက်၊ ဖြစ်ခိုက်သိရမည်-တဲ့။

အားစိုက်နေတာကဝီရိယ၊ မှတ်နေတာကလေးကသတိ၊သိသိသွားတာက သမ္မာဒိဋ္ဌိတဲ့၊ ပဋ္ဌာဂမဂ္ဂင်လို့ခေါ်တာပေါ့လေ၊ ရှုမှတ်မှုတခုထဲမှာဒီငါးမျိုး မဂ္ဂင်ငါးမျိုးနဲ့မှတ်နေတာ၊ ဝီရိယပါတယ်၊ သမ္မာဝါယမ မဂ္ဂင်ပေါ့၊ သတိလေးက မှတ်လိုက်တယ်၊ သမ္မာသတိပေါ့။ မှတ်လိုက်တဲ့ နေရာမှာ စိတ်ကတွေးကဲ ကပ်အနဲတည်တယ်၊ သမ္မာသမာဓိ၊ အဲဒီ မှတ်စိတ်နဲ့ အာရုံ လေးနဲ့ထည့်ပေးလိုက်တယ်၊ ရောက်အောင် တွန်းပို့လိုက်တယ်၊ အဲဒါ သမ္မာသင်္ကပ္ပ။

ဒီကနေပြီးတော့ ဒါရုပ်ဘဲ ဒါနာမ်ဘဲလို့ ဒီလို ပိုင်းခြားသိတယ်၊ ဟော ပေါ်လာပြီး ပျောက်သွားတာဘဲ၊ ဒါက အနိစ္စဘဲ၊ ဩ-ဒီလို ပေါ်ပေါ်လာပြီး ပျက်သွားလို့ ဖြစ်ပျက်လျက် နှိပ်စက်နေတာ ဒုက္ခဘဲ၊ သူ့သဘောအတိုင်း ဖြစ်နေတာ ကိုယ့်သဘောအတိုင်း ဖြစ်နေတာ မဟုတ်ဘူးလို့ ဒီလိုသိနေတာက အနတ္တ၊ မှတ်ချက်တခုခုမှာ ဒီလို လက္ခဏာရေးသုံးပါးနဲ့ သိသိနေတာက သမ္မာဒိဋ္ဌိတဲ့။

ဒါကြောင့်မို့ မှတ်ချက်တခုခုမှာ ဟောဒီ မဂ္ဂင်ငါးပါးပါတယ်၊ သီလမဂ္ဂင်က တရားမရှုမှတ်ခင်ကဘဲ ပါပြီးသားဖြစ်နေခြင်းကြောင့် သီလမဂ္ဂင်တွေကလဲ ပါဝင်ပြီးသား ဖြစ်နေပါတယ်တဲ့၊ ဒီလိုမဂ္ဂင်တွေမှ မပွားဘူးဆိုယင် နာမ်ရုပ်တွေမမြင်ဘူး၊ မမြင်ယင် ဖြစ်ပျက်တွေလဲမသိဘူး၊ ဖြစ်ပျက်တွေမသိယင် ဒုက္ခမှန်း မသိဘူး၊ ဖြစ်ပျက်ကို မြင်မှ ဒုက္ခကိုသိတယ်၊ ဒုက္ခသစ္စာတွေတဲ့၊ ဖောင်းပိန်နေတာလဲ ဒုက္ခသစ္စာဘဲ၊ မြင်ကြားနေတာလဲ ဒုက္ခသစ္စာဘဲ။

အဲဒါကြောင့်မို့ ကွေးတာ ဆန့်တာတွေ ဒုက္ခသစ္စာတွေတဲ့၊ ဒါတွေကို ဒုက္ခမှန်းမသိတော့ ဖြစ်ချင်တယ်၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်တယ်၊ ဖြစ်အောင်လုပ်တော့ ဖြစ်တယ်၊ ဖြစ်တော့ ပျက်တယ်၊ ဖြစ်ပျက်နေတာက ဒုက္ခသစ္စာတဲ့။ ဘာပြုလို့ ဒီဒုက္ခကြီးရတာတုန်း၊ ကိုယ်ပိုင်ဒုက္ခသစ္စာကြီး ဘာ့ကြောင့် ရတာလဲ ဆိုတော့ မသိလို့တဲ့။

## ဇာတိက စတော့

ဩ-မသိတော့ ဘာပြုတုန်း၊ မသိတာက အဝိဇ္ဇာ၊ မသိတော့ ဖြစ်ချင်တယ်၊ ဖြစ်ချင်တာက တဏှာ၊ မသိတော့ ဖြစ်ချင်၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်တယ်၊ အဲဒီတော့ သင်္ခါရကံတွေဘဲ၊ ဖြစ်အောင်လုပ်တော့ ဖြစ်လာတာပေါ့၊ ဖြစ်တော့ ပျက်တယ်၊ ဟော....ဖြစ်ပျက်နေတဲ့ဒုက္ခ။ ဒါဖြင့်-

မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ နှစ်ရပ်ခွဲ၍သိ။

မသိယင်ပတ်တယ်၊ သိယင်တော့ ပြတ်ပါတယ်တဲ့၊ မသိယင် ဘာတွေပတ်သလဲဆိုတော့ အိုနာသေတွေ ပတ်တာပေါ့၊ ဒို့မသိတော့ ဖြစ်ချင်တယ်၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်တယ်၊ ဒို့က ဖြစ်အောင်လုပ်တော့ ဖြစ်လာပြီ၊ ဘယ်ကစတုန်း၊ ဇာတိက စ တယ်၊ ဇာတိ-ရတော့ နောက်နားက ဇာတိပစ္စယာ ဇရာ၊ ဇရာ နောက်နားက ဗျာဓိမရဏ၊ ဟော ဒုက္ခတွေ ပတ်လည်နေတာက ဘာလို့တုန်း၊ မသိလို့ပေါ့၊ မသိတော့ ဖြစ်ချင်တယ်။

ဒါဖြင့် မသိလို့ ဖြစ်ချင်တာပါတဲ့၊ သိအောင်လို ခုလိုရှုမှတ် နေတော့ ဒုက္ခတွေမှန်းသိပြီး မဖြစ်ချင်ဘူး၊ ဘာလို့ မဖြစ်ချင်တုန်း၊ ပျက်မှာသိလို့ မဖြစ်ချင်ဘူး၊ မဖြစ်ချင်တော့ ဖြစ်အောင် မလုပ်

တော့ဘူး၊ ဖြစ်အောင်မလုပ်တော့ မဖြစ်ဘူး၊ မဖြစ်တော့ မပျက်ဘူး၊ မပျက်တော့ ဟော-မဖြစ်မပျက်တဲ့ နေရာကြီး ရောက်သွားတယ် ဆိုတော့ နိဗ္ဗာန်တဲ့။ ဒုက္ခကို ဒုက္ခမှန်းသိတာက ဘယ်သူတုန်းဆိုတော့ ဝိဇ္ဇာတဲ့၊ အဝိဇ္ဇာ ချုပ်သွားတယ်၊ အဝိဇ္ဇာချုပ်ယင် ဖြစ်ချင်တဲ့တဏှာလဲ ချုပ်တော့တာဘဲ၊ တဏှာချုပ်ယင် နောက်နားက ကံ သင်္ခါရတွေလဲ ချုပ်တော့တာပေါ့။

ဒါကြောင့်မို့ -

မသိလျှင်ပတ်၊ သိလျှင်ပြတ်—တဲ့၊

သိလျှင်တော့ တခါထဲ သံသရာမလည်ရတော့ဘူး၊ အိုနာသေတွေပြတ်တော့ တာပါဘဲ၊ ဒါကြောင့်မို့ ဒို့ မြတ်စွာဘုရားက ဒါတွေကို ကြိုးကြိုးစားစား အားထုတ်ကြတဲ့၊ မဖြစ်သေးတဲ့ အကုသိုလ်ကိုလဲ တားဆီးရမယ်တဲ့၊ကုသိုလ်တွေဖြစ်အောင် ဖြစ်ပြီးသား ကုသိုလ်တွေ တိုးပွားအောင်လို့ တကယ် အားထုတ်ယင် တကယ်ရပါတယ်တဲ့။

## လူသတ်သမား ကိုစွယ်နီ

ရှေးအခါတုန်းက ရာဇဂြိုဟ်ပြည်မှာ နှုတ်ခမ်းမွေးကနီနေလို့ သူ့ကို ကိုစွယ်နီလို့ ခေါ်ပါတယ်၊ပါဠိနာမည်ကတော့ တမ္ဗဒါဌိကတဲ့။ တမ္ဗဒါဌိကဆိုတာ နှုတ်ခမ်းမွေးနီကြီး နဲ့ပေါ့လေ၊ ကိုစွယ်နီလို့ ခေါ်ပါတယ်။

သူက ခိုးသားငါးရာနဲ့ ခိုးတိုက်နေပါတယ်၊ တနေ့ကျတော့ ဘုရင်မင်းမြတ်ကြီးက တိုင်းသူ ပြည် သား တွေ စစ် သည် တပ်သားတွေနဲ့ ဖမ်းတော့ မိပါတယ်၊ မိတဲ့အခါ ရှင်ဘုရင်က ဒီခိုးသားတွေကို ဘယ်လိုပြောသလဲဆိုတော့- အမောင်တို့ လူ

ငါးရာထဲက ၄၉၉-ယောက်သတ်တဲ့လူကို ချမ်းသာပေးမယ်တဲ့၊ ဒီပြင်လူတွေ အကုန်သတ်ပစ်ယင် ချမ်းသာပေးမယ်၊ ဘယ်သူ သတ်မလဲလို့ ငယ်သားကစပြီး မေးတယ်၊ ဘယ်သူမှမသတ်ဘူး။ သွားဖော်လာဖက်၊ ခိုးဖော်ခိုးဖက်၊ တိုက်ဖော်တိုက်ဖက် အတူ နေတွေမို့ တယောက်ကို တယောက် ငဲ့ညှာ ထောက် ထားကြ တယ်။

နောက်ဆုံး ကိုစွယ်နီကို မေးကြည့်တော့ သူ သတ်မယ်တဲ့၊ အတူတူနေတဲ့လူတွေလဲ မညှာဘူး၊ သူက အင်မတန် ဆိုးတယ်၊ ဒါနဲ့ သူ့ကိုအသတ်ခိုင်းတော့ သူ့အဖွဲ့သားတွေကို တပြိုင်နက်ထဲ သတ်လိုက်တာ ၄၉၉-ယောက်ကုန်ရော။ ဒီတော့ ဘုရင်မင်း မြတ်ကြီးက လူသတ်ကောင်းတယ်လို့ သူ့ကို လူသတ်ဗိုလ်မှူးကြီး အဖြစ် ခန့်ထားတာပေါ့၊ ခန့်ထားပြီးတော့ သတ်စရာရှိယင် ရာဇဂြိုဟ်ပြည်မှာ သူချည်းသတ်ရတယ်။

ဖမ်းဆီးရတဲ့ ခါးပြ၊ သူခိုး၊ လူဆိုးဟူသမျှ နေ့စဉ်နေ့တိုင်း တယောက်၊ နှစ်ယောက်၊ သုံးယောက်၊ ငါးယောက်၊ ဆယ် ယောက်စသည်ပေါ့လေ သူချည်းသတ်ရတယ်။ အဲဒီ တမှုဒါဠိက ကိုစွယ်နီကြီး ဘယ်လောက် သတ်ခဲ့သလဲဆိုတော့ နှစ်ပေါင်း (၅၅)နှစ်ပတ်လုံး မင်းမှုထမ်းပြီး သတ်ခဲ့ပါတယ်တဲ့။

၅၅-နှစ်ကြာအောင် သတ်ခဲ့တဲ့အခါကျတော့ ရာဇဝတ် သားကို တချက်ထဲနဲ့ တိကနဲပြတ်အောင် သူမခုတ်နိုင်တော့ဘူး၊ ဗိုလ်အိုကြီးမို့ အားနဲနဲနည်းလာတယ်၊ အဲဒီတော့ သူသတ်တဲ့ အခါမှာ ၂-ချက်၊ ၃-ချက်ခုတ်မှ သေတယ်၊ အသတ်ခံရတဲ့ သူတွေမှာ အင်မတန် ပင်ပန်းနေတာကိုး၊ အဲဒီလို ပင်ပန်းနေ

တော့မှ ဒီလိုဆိုယင် မဖြစ်ဘူးဆိုပြီးတော့ သူ့ကို ပင်စင်ပေးလိုက်ပါတယ်၊ ရာထူးမှနုတ်ထွက်ခွင့် ပြုလိုက်ပါတယ်။

အဲဒီလို ရာထူးမှနုတ်ထွက်တဲ့နေ့ဘဲ လူသတ်ဗိုလ်မှူးဖြစ်စဉ်က သုံးဆောင်ခွင့်မရဘူးလို့ မစားရ၊ မသောက်ရ မဝတ်ရတာတွေကို သူကသုံးဆောင်ချင်တဲ့စိတ် ရှိတယ်၊ လူသတ်နေတုန်းက နွားနို့နဲ့ ရောတဲ့ ယာဂု မစားရဘူး၊ နံ့သာ မလိမ်းရဘူး၊ အဲဒီတုန်းက အဝတ်တွေ အသစ်မဝတ်ရဘူး၊ လူသတ်တဲ့လူတွေဟာ ဒီဟာတွေ မလုပ်ရဘူး၊ ရှေးတုန်းက အင်မဲတန်ကောင်းတဲ့ နွားနို့ထမင်းတို့ ဘာတို့ပေါ့လေ၊ ဒါလဲ သူမစားရဘူး။

အဲဒီရာထူးက နုတ်ထွက်ပြီး ပင်စင်ယူတဲ့နေ့ကျတော့ သူက နွားနို့နဲ့ရောတဲ့ နို့ထမင်းကိုလဲ စားတော့မယ်၊ နွားနို့နဲ့ရောတဲ့ ယာဂုကို ကောင်းကောင်းမွန်မွန် ကျိုတယ်၊ နံ့သာလဲ လိမ်းမယ်၊ အဝတ်အစား အသစ်တွေလဲ ဝတ်မယ်လို့ ဆုံးဖြတ်ပြီး နွားနို့ ယာဂုသောက်မလို့ ပြင်ဆင်နေတယ်၊ အဆင်သင့် ထိုင်နေတယ်။

## ရှင်သာရိပုတ္တရာ၏ ကရုဏာ

အဲဒီအခါမှာ ဒို့အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သနားတော်မူတာနဲ့ ဆွမ်းရပ်တော်မူတယ်။ အဲဒီလို ဆွမ်းလာရပ်လို့ တမ္ဗဒါဌိကကြီးက ဒီမထေရ်ကိုမြင်တော့ ကြည်ရွှင်ဝမ်းမြောက်တဲ့ သဒ္ဓါပသန္နတွေဖြစ်ပြီး ပင့်လျှောက်တယ်၊ တပည့်တော်ကို သနားငဲ့ညှာသောအားဖြင့် တပည့်တော်ရဲ့ ဆွမ်းလေး အလှူခံပါဘုရားလို့ လျှောက်တယ်၊ အဲဒီလို တမ္ဗဒါဌိကက တောင်းပန်တော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အလှူခံတယ်။

အလှူခံပြီးတော့ ကြွမသွားဘူး၊ သူ့အိမ်မှာဘဲ နေရာလေး ခင်းပေးတယ်၊ နေရာပေး၍ထိုင်ပြီးတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သူလောင်းတဲ့ ယာဂုတွေကို ဒီနေရာမှာဘဲ ဘုဉ်းပေးတော်မူတယ်။

ဘုဉ်းပေးတော့ သူကဆာလှပြီ၊ လှည့်ကြည့် လှည့်ကြည့်နဲ့ အရှင်သာရိပုတ္တရာနားမှာ ဝတ်ကြီးဝတ်ငယ်ပြုရင်း ယပ်ကလေး ယပ်ပြီး အရိအသေပေးနေရတယ်၊ ဆာလွန်းလို့ စားချင်တော့ လှည့်ကြည့်လှည့်ကြည့် ဖြစ်နေတယ်၊ အဲဒီတော့မှ အရှင်သာရိပုတ္တရာက ဒကာကြီး၊ ကဲ–သွားစားချေအုံး၊ ပြီးမှ လာခဲ့လို့ ဆိုတော့မှ သူ သွားစားတာကိုး။

စားပြီးတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက အနု-မောဒနာတရား ဟောတယ်၊ ဒီအဲလို အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဟောတော့ ဒါနကထာ ကစဟောတယ်၊ ဒါနနဲ့ ပတ်သက်လို့လဲဟောတယ်၊ သီလနဲ့ပတ်သက်လို့လဲ ဟောတယ်၊ သီလကလဲဘဲ သူ့အသက် မသတ်ရဘူး၊ သူ့ဥစ္စာ မခိုးရဘူး၊ သူ့သားအိမ်ယာ မကျူးလွန်ရဘူး၊ လိမ်မပြောရဘူး၊ သေရည်သေရက်တွေ မသောက်စားရဘူးလို့ဆိုတော့ သူက နေ့စဉ်နှင့် အမျှ လူတွေသတ်လာတဲ့ လူကိုး။ ဒီတော့ ၅၅–နှစ်ပတ်လုံး မကောင်းမှုတွေပြုလာလို့ စိတ်ထဲမှာမငြိမ်ဘူး၊ တရားနာရတာ မငြိမ်တော့ အရှင်ဘုရား....တပည့်တော်ဟောနေလို့ မထူးပါဘူး ဘုရား၊ တမ္ဗဒါဌိက လူသတ်ဗိုလ်ကြီးဆိုတာ တပည့်တော်ပါ ဘုရားလို့ ဒီလိုလျှောက်တယ်။

ဒီတော့မှ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက တမ္ဗ-

ဒါဠိကကြီး စိတ်ငြိမ်သွားအောင် ပရိယာယ်နဲ့ တရားဟောပါတယ်။

'ဟာ....ဒကာကြီး၊ ဒီလို သင်လူတွေသတ်လာတာ သင်သတ်ချင်လို့သတ်တာလား၊ သင့်အလိုလို သတ်တာလား၊ သို့မဟုတ် သူတပါးက ခိုင်းလို့ သတ်တာလား"လို့ ဒီလို မေးလိုက်တယ်။

မေးလိုက်တော့ ဘုရင်မင်းမြတ်ကြီးက ခိုင်းလို့ သတ်တာပါဘုရားလို့ လျှောက်တယ်၊ ဒီတော့ 'ဩ-ဘုရင်မင်းမြတ်က ခိုင်းလို့ သတ်တာဆိုတော့ သင့်မှာအပြစ်ရှိရဲ့လား' မေးတော့ ဒီမကောင်းမှုဟာလဲ ရှင်ဘုရင်ကခိုင်းလို့ သတ်ရတာ၊ ငါရဲ့ မကြီးဘူး၊ ငါအကုသိုလ်မဖြစ်ဘူး၊ ရှင်ဘုရင်သာ အကုသိုလ် ဖြစ်မှာလို့ တမ္ဗဒါဠိကစိတ်ထဲမှာ ဒီလိုထင်သွားတယ်၊ မကောင်းတာတွေ သူ့ဖို့ချည့်ဘဲ၊ ငါနဲ့ မဆိုင်ဘူးလို့ ထင်ပြီးတော့ စိတ်ကလေးငြိမ်သွားတယ်။

ငြိမ်သွားတဲ့အခါမှ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ရုပ်တရား နာမ်တရားကို ဟောတယ်၊ သစ္စာလေးပါး တရားဟောတယ်။ ဖောင်းတာပိန်တာ ကွေးတာဆန့်တာတွေက ဒုက္ခသစ္စာတွေဘဲ စိတ်ထဲမှာ ကိုယ့်အလိုမကျလို့ ကိုယ်ဖြစ်ချင်တာ မဖြစ်ရလို့ စိတ်ပင်ပန်းဆင်းရဲတာလဲ ဒုက္ခသစ္စာဘဲ၊ ကိုယ်ဆင်းရဲ အမျိုးမျိုးစိတ်ဆင်းရဲ အမျိုးမျိုးတွေ အကုန်လုံး ဒုက္ခချည်းဘဲ ဒုက္ခတွေပေါ့။

ဟုတ်တာပေါ့၊တခါတလေမျာ အမလေး၊နားကကြားရလဲ ဒုက္ခဘဲ၊ ကြားရမသက်သာလိုက်တာ ဒုက္ခပါဘဲ၊ ဒီအသံတွေကို ကြားမှုကြားရလေခြင်းလို့မျာ ညည်းကြတယ်၊ အမလေးမြင်ရ မကောင်းလိုက်တာနော်၊ စားရမကောင်းလိုက်တာနော် စသည်

တွေဟာ ဒုက္ခတွေပါဘဲတဲ့၊ အဲဒီလိုဒုက္ခတွေကို ဒုက္ခမှန်း မသိကြဘူးတဲ့။

ဒါကြောင့်မို့ သေသေချာချာ ရှုမှတ်ကြည့်လိုက်တော့ သိလာတယ်၊ ဒုက္ခကိုဒုက္ခသစ္စာမှန်းသိလာတော့သိနေတာလေးက နောက်ကလိုက်မှတ်လို့ သိတာ၊ အဲဒါက မဂ်ပါဘဲတဲ့၊ သမ္မာဒိဋ္ဌိပေါ့။ ဒီလိုသိနေတော့ ရုပ်တွေနာမ်တွေပေါ်လာတာ နှစ်သက်မှုမဖြစ်တော့ဘူး။ အဲဒါက သမုဒယသစ္စာကို ပယ်လိုက်တာပါဘဲတဲ့၊ သမုဒယသစ္စာ ပယ်လိုက်တယ်ဆိုယင်ဘဲ ကိလေသာတွေ တဒင်္ဂချုပ်ငြိမ်းသွားတယ်၊ နိရောဓသစ္စာ မျက်မှောက်ပြုတော့တာပါဘဲတဲ့၊ တဒင်္ဂနိရောဓပေါ့။

အဲဒီလို ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ရုပ်တွေနာမ်တွေ ခွဲခြားလို့ သစ္စာလေးပါးတရားကို ဟောလိုက်တော့ တမ္ဗဒါဌိကဟာ အနုလောမခန္တိဆိုတဲ့ သင်္ခါရုပေက္ခာဉာဏ် ရောက်သွားတယ်တဲ့၊ တရားတွေတက်သွားတာ ကြည့်စမ်း ဒါဖြစ်ပြီးသွားအကုသိုလ်တွေကို တားဆီးတာဘဲ၊ မဖြစ်သေးတဲ့အကုသိုလ်တွေလဲမဖြစ်တော့ဘူး၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်လာတယ်၊ ကြည့်စမ်း ဘယ်တုန်းကမှ မဖြစ်ဘူးတဲ့ အနုလောမခန္တိကနေ သင်္ခါရုပေက္ခာဉာဏ်ရောက်သွားတယ်၊ ဒါကြောင့်မို့ ဓမ္မပဒအဋ္ဌကထာမှာ ဒီလိုပြတယ်။

သော ထေရေ အနုမောဒနံ ကထေန္တေ ဧကဂ္ဂစိတ္တော ဟုတွာ ဓမ္မံ သုဏန္တော သောတာပတ္တိမဂ္ဂဿ ဩရတော အနုလောမိကံ ခန္တိံ နိဗ္ဗတ္တေသိ။

ထေရေ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်သည်။ အနုမောဒနံ၊ အနုမောဒနာ တရားကို၊ ကထေန္တေ၊ ဟောတော်မူစဉ်။ သော-

ထိုတမ္ဗဒါဌိကသည်၊ ကေဂ္ဂစိတ္တော-တည်ကြည်သောစိတ်ရှိသည်၊ ဟုတ္ထာ၊ဖြစ်၍။ ဓမ္မံ၊တရားကို၊ သုဏာနန္တာ၊နာလျက်။ သောတာ-ပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ ဩရတော၊ ဤမှာဘက်၊ အောက်ဘက်မှ။ အနုလောမိကံ၊မဂ်ဉာဏ်အားလျော်သော။ခန္တိံ သင်္ခါရုပက္ခာဉာဏ်ကို။ နိဗ္ဗတ္တေသိ၊ဖြစ်စေ၏။

အနုလောမိကခန္တိဆိုတာ အဲဒီမဂ်နဲ့ နီးကပ်နေတဲ့ သင်္ခါရုပက္ခာဉာဏ်ကိုဆိုလိုပါတယ်တဲ့။ ဒါကြောင့်မို့ အဲဒီလိုတရားဟောပြီးတော့ အရှင်သာရိပုတ္တရာကို ပို့ပြီး အပြန်ကျတော့ ရန်ငြိုးရှိတဲ့ ဘီလူးမက နွားမယောင်ဆောင်ပြီး ခွေ့တယ်၊ဘီလူးမက နွားယောင်ဆောင်ပြီးခွေ့တော့ တမ္ဗဒါဌိကသေရော၊သေတော့ ဘယ်ရောက်တုန်းဆိုတော့ တုသိတာနတ်ပြည် ရောက်သွားတယ်တဲ့။

## ရဟန်းတို့မယုံကြည်

ဒီတော့ တရားသဘင်မှာ ရဟန်းတွေ စုပြီးတော့ ပြောနေကြတယ်။ အဲဒီလိုပြောဆိုနေကြတဲ့အခါ အင်း=ရဟန်းတွေက ဘယ်လိုပြောကြတုန်း ဆိုတော့............ ....တမ္ဗဒါဌိကကြီးဟာ ၅၅-နှစ်ပတ်လုံး အလွန်ကြမ်းတမ်းယုတ်မာတဲ့ လူသတ်ပိုလ်ကြီး သုပ်လာတာ ကနေ့ဘဲတဲ့ သူရာထူးက နုတ်ထွက်တယ်၊ ပင်စင်ယူလိုက်တယ်၊ ကနေ့ဘဲ အရှင်သာရိပုတ္တရာကို ဆွမ်းလှူရှာသေးတယ်၊ ဟော အခု သေရှာပြီ၊ ဘယ်များ ရောက်ရှာဘာလိမ့်မတုန်း၊ အဘယ်မှာဖြစ်ရှာပါလိမ့်မလဲလို့ ဒီလိုစုဝေးပြီး စကားပြောနေတုန်း မြတ်စွာဘုရား ကြွလာတော်မူပါတယ်။

ချစ်သားတို့–အခု ငါဘုရားကြွလာတုန်း ဘာများပြောနေကြတုန်းလို့ မေးတော့ တပည့်တော်တို့ တမ္ဗဒါဌိကအကြောင်း ပြောနေကြပါတယ်ဘုရား၊ တမ္ဗဒါဌိကကြီးဟာ နှစ်ပေါင်း ၅၅–နှစ်ပတ်လုံး လူတွေသတ်လာခဲ့တယ်၊ ဒီနေ့ ရာထူးကနုတ်ထွက်ပြီး ပင်စင်ယူတယ်၊ ကနေ့ဘဲ အရှင်သာရိပုတ္တရာကို ဆွမ်းကပ်တယ်၊ အခု နွားခွေ့လို့ သေရှာပြီတဲ့ဘုရား၊ ဘယ်များရောက်ရှာပါလိမ့်ဘုရားလို့ ဒီလိုပြောနေကြပါတယ်လို့ လျှောက်ကြတယ်။ ဒီတော့ မြတ်စွာဘုရားက ဒီဂါထာလေး ဟောတော်မူတယ်။

> သုဘာသိတံ သုဏိတွာန၊
> နဂရေ စောရဃာတကော။
> အနုလောမခန္တိံ လဒ္ဓါန၊
> မောဒတိ တိဒိဝံဂတော။

နဂရေ၊ ရာဇဂြိုဟ်မြို့၌၊ စောရဃာတကော။ ခိုး သူ သတ်ဖိုလ်ကြီး တမ္ဗဒါဌိကသည်။ သုဘာသိတံ၊ အရှင်သာရိပုတ္တရာ ကောင်းစွာ ဟောအပ်သော တရားစကားကို။ သုဏိတွာန၊ နာကြားရ၍။ အနုလောမခန္တိံ၊ မဂ်ဉာဏ်အားလျော်သော သင်္ခါရုပေက္ခာဉာဏ်ကို။ လဒ္ဓါန၊ ရပြီး၍။ တိဒိဝံ၊ နတ်ပြည်သို့။ ဂတော၊ ရောက်လျက်။ မောဒတိ၊ ဝမ်းမြောက်ရလေ၏။

မြတ်စွာဘုရားက ရဟန်းတို့ ဒီတမ္ဗဒါဌိက် ကိုစွယ်နီကြီးဟာ အရှင်သာရိပုတ္တရာကို ဆွမ်းလှူပြီးတော့ အရှင်သာရိပုတ္တရာ ဟောတော်မူတဲ့ တရားနာကြားရလို့ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီး အခုနတ်ပြည်မှာရောက်တယ်လို့ ဟောတော်မူတယ်။

အဲဒီလို နတ်ပြည်ရောက်သွားတယ်ဆိုတော့ ရဟန်းတွေက မဖြစ်နိုင်ပါဘူးဘုရားလို့ သူတို့ကမကျေနပ်ဘူး၊ ဒီလောက်တောင် တသက်လုံး လူတွေသတ်လာတာဘဲ၊ တခါထဲ သတ်လိုက်တာ ကိုက ၄၉၉-ယောက်ပဲ၊ နောက်လဲ နှစ်ပေါင်း ၅၅-နှစ်တိုင်တိုင် ဒီလို သတ်လာတာပဲ၊ အကုသိုလ်တွေ ဒီလောက် များနေတာ တောင် ဝါရားကလေး တခါနာတာနဲ့ ဘယ့်နှယ်လုပ်ပြီးတော့ နတ်ပြည်ရောက်မှာတုန်းတဲ့၊ နတ်ပြည် ရောက်သွားတယ် ဆိုတာ ဟုတ်နိုင်ပါ့မလား၊ ဒီလောက်ဉာဏ်လေးနဲ့ ဘယ့်နှယ်လုပ် ဖြစ် နိုင်ပါ့မတုန်းလို့ အဲဒီလိုမေးကြတယ်တဲ့။

ဒီတော့ မြတ်စွာဘုရားက ဘာမိန့်တော်မူသလဲ ဆိုတော့ ချစ်သားတို့- ငါဘုရားရဲ့ တရားတော်ကို နဲတယ်များတယ်လို့ ဒီလိုမတွက်နဲ့၊ ဒီလိုစံချိန်မထိုးကြနဲ့၊ တခွန်းထဲဘဲဖြစ်ဖြစ်၊ အကျိုး စီးပွားနဲ့စပ်ဆိုင်တဲ့ ရုပ်တရား နာမ်တရားတွေ ကြားနာရယင် အလွန်မြင့်မြတ်ပါတယ်တဲ့။ ဒါကြောင့်မို့ မြတ်စွာဘုရားက ဘာဆက်ဟောသလဲ ဆိုတော့....

သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

အနတ္ထပဒသံဟိတာ၊ တောဘွဲ့တောင်ဘွဲ့ အကျိုးမဲ့သောပုဒ်နှင့် စပ်သော။ ဝါစာ၊ စကားသည်။ သဟဿမပိ၊ ပုဒ်ပေါင်း တထောင် များမြောင်သည်မူလည်း။ စေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပါပိမာ၊ ယုတ်မာစွာ၏။ ယံ၊ အကြင်ပုဒ်ကို။ သုတွာ၊

ကြားနာသည်ရှိသော်။ ဥပသမ္ဗတိ၊ ရာဂစသည်ငြိမ်း၏။ တံ အတ္ထပဒံ၊ ထိုငြိမ်းချမ်းစရာ အနက်ပါသော ပုဒ်သည်။ ကေမို၊ တပုဒ်ပင်ဖြစ်သော်လည်း။ သေယျော၊ မြတ်လှပါပေသတည်း။
ကဲ....တရားသိမ်းကြစို့။

---



၁၃၃၇-ခု၊ တပေါင်းလပြည့်ကျော်(၂)ရက်နေ့၊
ရန်ကုန်မြို့ သာသနာ့ရိပ်သာ၊ ဒေါ်ကြွေဓမ္မာရုံ၌၊

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ
မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့်၊
ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်သည်
အမြို့မြို့အနယ်နယ်မှ ကြွရောက်၍ တရားအားထုတ်တော်မူကြသော၊ ယောဂီသံဃာတော် အရှင်မြတ်တို့အား ရှုနည်း မှတ်နည်းနှင့် ပတ်သက်၍ ဟောကြားတော်မူသော၊
သတိပဋ္ဌာန် တရားတော်ကြီး။

---

## သတိပဋ္ဌာန်သုတ်တော်ကြီးဆိုတာ

သတိပဋ္ဌာန်သုတ်တော်ကြီးဆိုတာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်က ဟောတော်မူခဲ့တဲ့ တရားဘဲ။ ကုရုတိုင်းကမ္မာသဒမ္မနိဂုံးရွာကြီးမှာ ဟောခဲ့ပါတယ်၊ အဲဒီကုရုတိုင်း ကမ္မာသဒမ္မနိဂုံးရွာကြီးဆိုတာ ခုအိန္ဒိယပြည် အနောက်မြောက်မိုင်းမှာ တည်ရှိတဲ့ ဒေလီမြို့နယ်ထဲမှာ ကျတယ်။ ဟောတော်မူပုံကတော့—

စေ မေသုတံ၊ ကော် သမယံ ဘဂဝါ ကုရူသု ဝိဟရတိ
ကမ္မာသဓမ္မံနာမ ကုရူနံ နိဂမော။ တတြခေါ ဘဂဝါ
ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။
ဘဒန္တေသိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။
ဘဂဝါ ဧတဒဝေါစ။

ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤမဟာ သတိပဋ္ဌာနသုတ်တော်ကြီးကို။ မေမယာအာနန္ဒေန၊ အကျွန်ုပ် အာနန္ဒာသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားနာမှတ်သား ဆောင်ထားလိုက်ရပါတော့သည်ဘုရား။ ဧကံသမယံ၊ တပါး သောအခါသမယ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည် ကုရူသု၊ ကုရုတိုင်းပြည်၌။ ကမ္မာသဓမ္မံနာမ၊ ကမ္မာသဓမ္မ အမည်ရှိသော။ ကုရူနံ နိဂမော၊ ကုရုတိုင်းပြည်၏ နိဂုံးရွာကြီးသည်။ အတ္ထိ၊ ရှိ၏။ ထိုနိဂုံးရွာကြီး၌။ ဝိဟရတိ၊ သီတင်းသုံး နေတော်မူ၏။ တတြခေါ၊ ထိုသို့ သီတင်းသုံးနေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ရဟန်း တို့ဟူ၍။ အာမန္တေသိ၊ မိန့်ခေါ်တော်မူ၏။ တေဘိက္ခူ၊ ထို ရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဘဒန္တေသိ၊ အရှင်ဘုရားဟူ၍။ ပစ္စဿောသုံ၊ ခွန်းတုံ့ပြန်ကြား လျှောက် ထားကြလေကုန်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံဝစနံ၊ ဤစကားတော်ကို။ အဝေါစ၊ မိန့်တော်မူလေတော့သတည်း။

ဒါမြတ်စွာဘုရား ပရိနိဗ္ဗာန် စံ လွန်တော် မူ ပြီး တဲ့ နောက် လေးလမြောက်တဲ့အခါ (လေးလမြောက်ခါနီး) ပထမ သင်္ဂါ

ယနာ တင်ပါတယ်တဲ့။ အဲဒီ ပထမသင်္ဂါယနာ တင်တော်မူစဉ် အခါတုန်းက ရှင်မဟာကဿပက မေးမြန်းတော်မူတော့ ရှင်အာနန္ဒာက ဖြေကြားတော်မူပါတယ်တဲ့။

အခု ရန်ကုန်မြို့မှာ ဆဋ္ဌသင်္ဂါယနာ တင်တော်မူတဲ့ အခါ ကျေးဇူးရှင် ဖြစ်တော်မူတဲ့ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးက မေးမြန်းတော်မူတော့ အရှင် ဝိစိတ္တာသာရာဘိဝံသက ဖြေကြားတော်မူသလို ပါဘဲတဲ့။ ဒီသုတ်တော်ကြီး ဘယ်နေရာမှာ ဟောခဲ့တာလဲ၊ ဘယ်မြို့ ဘယ်တိုင်းပြည်မှာ ဟောခဲ့သလဲ၊ ဘယ်ပုဂ္ဂိုလ်က ဟောတာတုန်း၊ ဟောတဲ့ပုဂ္ဂိုလ်က ဘယ်သူတုန်း၊ ဘယ်သူ့ကို ဟောတာတုန်း၊ ဘယ်လိုအကျိုးကျေးဇူး တွေနဲ့ ပြည့်စုံပါသလဲလို့ အရှင် မဟာကဿပက မေးတော့ ရှင်အာနန္ဒာက ပြန်ပြီးတော့ဖြေတယ်။

အရှင်ဘုရား ကဿပ-အခါတပါးမှာ ဗုဒ္ဓ မျက်မှောက်ထံတော်အောက်မှ တပည့်တော် ဟောသည်လို ကြားနာမှတ်သားဆောင်သားလိုက်ရပါတယ် ဘုရားတဲ့။ အခါတပါးမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးရွာကြီးမှာ သီတင်းသုံးပြီး နေတော်မူပါတယ်တဲ့။ ကမ္မာသဓမ္မနိဂုံးရွာကြီးမှာ နေတော်မူတယ်ဆိုပေမယ့် ရွာကြီးထဲမှာ နေတာတော့ မဟုတ်ပါဘူးတဲ့၊ အနီးအနားမှာ နေတော်မူပါတယ်၊ အဲဒီကမ္မာသဓမ္မနိဂုံးရွာကြီးမှာ သီတင်းသုံးပြီးနေတော်မူတဲ့အခါ မြတ်စွာဘုရားက ရဟန်းတွေကို ခေါ်တော်မူပြီးတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် ဒီမဟာသတိပဋ္ဌာန သုတ်တော်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်ဘုရားတဲ့။

## ဘုရားအလောင်း တိုင်းခန်းလှည့်စဉ်က

ဒီအထဲမှာ နဲနဲပြောစရာရှိတာလေးကတော့ ကုရုတိုင်းဆိုတာဘဲ ပြောစရာရှိပါတယ်။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေဟာ ဘုန်းကြီးတို့ တောင်ကျွန်း ရွှေ့ပြောင်းလာတယ်လို့ ကြားဘူးကြသလား၊ (ကြားဘူးပါတယ် ဘုရား)၊ ဒီတော့ ရွှေ့ပြောင်း လာတုန်းက ဘုန်းကြီးတို့ ဘုရား အလောင်းတော်ကြီး နုစဉ်အခါတုန်းက စကြာရတနာကြီးနဲ့ တိုင်းခန်းလှည့်လည်ခဲ့ပါတယ်တဲ့။

အဲဒီလို တိုင်းခန်းလှည့်လည်စဉ် အခါကာလတုန်းက အရှေ့ကျွန်း အနောက်ကျွန်း မြောက်ကျွန်း ရောက်သွားပါတယ်။ မြောက်ကျွန်း ရောက်သွားတယ်ဆိုယင်ဘဲ မြောက်ကျွန်းကရှိတဲ့ မင်းတွေက ဆီးကြိုရတယ်၊ အလောင်းတော်ကြီး လာတယ်ဆိုယင်ဘဲ "သွာဂတံတေ မဟာရာဇ၊ သကံတေ မဟာရာဇ၊ အနုသာသ မဟာရာဇ" ဆိုပြီး အလောင်းတော်ကြီးကို ကြိုနေကြတယ်။

မဟာရာဇ-မြတ်သောမင်းကြီး၊ တေ-သင်မင်းကြီး၏၊ အာဂတံ-လာခြင်းသား၊ သွာဂတံ သုအာဂတံ-ကောင်းသော လာခြင်းပါတည်း။ အသင်မင်းကြီး ကြွတော်မူပါတဲ့၊ အသင်မင်းကြီး ကြွလာတာ ကျက်သရေ မင်္ဂလာနဲ့ ပြည့်စုံပါတယ်တဲ့၊ ကောင်းသော လာခြင်းပါဘဲ၊ ကျွန်ုပ်တို့ကိုလဲ ဆုံးမတော်မူပါ၊ ဟောဒီ တိုင်းပြည်ရော၊ ဒီလူတွေရော ဒါတွေလဲ အသင်မင်းကြီးရဲ့ တိုင်းပြည်တွေပါတဲ့။ အကုန်လုံး ထိုးအပ်ရတာဘဲ၊ တိုင်းပြည်ရော လူမျိုးရော အကုန်လုံး ထိုးအပ်ရတာဘဲ။ ဘာကြောင့် ဒီလိုအပ်ရသလဲဆိုတော့ ဘုန်းကံခြင်း မမျှလို့တဲ့။

အဒသ္မေန အသတ္တေန–ဘာမှ ဘယ်သူ့မှ ညှဉ်းဆဲပုတ်ခတ်ပြီးတော့ ရိုက်နှက်ပစ်ခတ်နေရတာ မဟုတ်တော့ သွားလိုက်တာနဲ့ တိုင်းပြည်တွေ အပ်လိုက်ရတာဘဲ။ ဘုန်းတန်ခိုးက လေးကျွန်းလုံး အစိုးရတဲ့အတွက် စကြာမင်းကြီးတဲ့။ တခါထဲ ဒူးထောက်လက်အုပ်ချီပြီးတော့ 'အသင်မင်းကြီး၊ ဒီတိုင်းပြည်လဲ အသင်မင်းကြီးရဲ့ တိုင်းပြည်တွေပါ၊ ကျွန်ုပ်တို့ကိုလဲ ဆုံးမတော်မူပါ' လို့၊ တိုင်းပြည်ရော လူမျိုးရော တခါတည်း ထိုးပြီးတော့ အပ်ကြရတယ်။ ဘာဖြစ်လို့အပ်ရသလဲဆို ဘုန်းကံခြင်းမမျှလို့၊ လေးကျွန်းလုံးကို အစိုးရတော်မူတဲ့ မင်းကြီးမို့ပါတဲ့။

## စကြာမင်းကြီး၏ ဥပဒေ (၆)ရပ်

ဒီလို တိုင်းပြည်ရော လူမျိုးပါ ထိုးအပ်လိုက်တဲ့ အခါကျတော့ ဘုန်းကြီးတို့ အလောင်းတော်က ဘာလုပ်သလဲဆိုယင်၊ ဥပဒေကြီး (၆)ရပ် သတ်မှတ်ခဲ့တယ်။ ဥပဒေ (၆)ရပ်က–

(၁) ပါဏော န ဟန္တဗ္ဗော၊
(၂) အဒိန္နံ န အာဒါတဗ္ဗံ၊
(၃) ကာမေသု မိစ္ဆာ န စရိတဗ္ဗာ၊
(၄) မုသာ န ဘာသိတဗ္ဗာ၊
(၅) မဇ္ဇံ န ပါတဗ္ဗံ၊
(၆) ယထာဘုတ္တဉ္စ ဘုဉ္ဇထ–တို့ (၆)မျိုး။

(၁) ပါဏော န ဟန္တဗ္ဗော-သူ့အသက်ကို မသတ်အပ်ဘူး၊ (၂) အဒိန္နံ န အာဒါတဗ္ဗံ-အရှင်မပေးသော သူ့ဥစ္စာကို မခိုးယူအပ်ဘူး၊ (၃) ကာမေသု-ကာမတို့၌၊ မိစ္ဆာ-မှားယွင်းသော အကျင့်ကို၊ န စရိတဗ္ဗာ-မကျင့်အပ်ဘူး၊ (၄) မုသာ-ချို့ယွင်း

သော စကားကို၊ နှ ဘာသိတဗ္ဗာ-မဆိုအပ်ဘူး၊ (၅) မဇ္ဇ-ယစ်မျိုးကို၊ နှ ပါတဗ္ဗံ-မသောက်အပ်ဘူး၊ (၆) ယထာဘုတ္တဥ္စ-စားမြဲတိုင်းသော အခွန်အတုပ်ကိုသာလျှင်၊ ဘုဥ္စထ-စားကြကုန်လော့။

သူထုတ်တဲ့ ဥပဒေ (၆)ရပ်က ဒါပါဘဲ၊ တခြားမဟုတ်ပါဘူး။ ဗမာလို ရှင်းရှင်းပြောရယင်တော့၊ သူ့အသက်မသတ်ရဘူး ဥပဒေတချက်၊ သူ့ဥစ္စာမခိုးရဘူး တချက်၊ သူ့သားအိမ်ယာမှာကျူးလွန်ရဘူး တချက်၊ လိမ်မပြောရဘူး တချက်၊ မူးယစ်စေတတ်သော အရက်တွေ မသောက်စားရဘူး၊ အခွန်တော်တွေကိုလဲ ကောက်ခံရမည်၊ ပိုပြီးမကောက်ခံရဘူး။

တိုတိုကျဉ်းကျဉ်း ပြောရမယ်ဆိုယင် ငါးပါးသီလနဲ့ ဂုဏ်သိက္ခာ ထိန်းသိမ်းရေးပါဘဲ။ ငါးပါးသီလက ငါးခု၊ ဂုဏ်သိက္ခာထိန်းသိမ်းရေးက တခု၊ ပေါင်း ၆-ခု၊ ဒီဥပဒေကြီး ၆-ရပ်သတ်မှတ်တယ်၊ သတ်မှတ်ပြီးတော့ တောင်ကျွန်း ပြန်တော့မယ်ဆိုတော့ မြောက်ကျွန်းက လူတွေက တောင်ကျွန်း လိုက်ချင်သတဲ့၊ တောင်ကျွန်းသူ တောင်ကျွန်းသား ဖြစ်ချင်ကြတယ်၊ အဲဒီလိုဖြစ်တော့ တောင်ကျွန်းလိုက်ချင်တဲ့ သူတွေကို စကြာရတနာကြီးနဲ့ တင်ခေါ်ခဲ့တယ်၊ စကြာရတနာကြီးနဲ့ တင်ခေါ်လာပြီး တောင်ကျွန်းရောက်တဲ့အခါမှာ နေရာသီးသန့် ပေးသနားတော်မူပါတယ်တဲ့။ အခုကာလ ကွက်သစ်ဆိုတာမျိုးလို တခြားသန့်သန့် ပေးသနားတော်မူဘာယ်။ အဲဒီ နေရာကတော့ အိန္ဒိယပြည် ဒေလီမြို့၊ အိန္ဒိယပြည် အနောက်မြောက်ပိုင်း ဒေလီမြို့ဟောင်းနေရာမယ်တဲ့။ မြောက်ကျွန်းသူ မြောက်ကျွန်းသား

တွေကို ပေးထားတဲ့ နေရာဖြစ်ခြင်းကြောင့် ကုရုတိုင်းလို့ ဒီလို ခေါ်ပါတယ်။

## ကမ္မာသဓမ္မအမည်တွင်ပုံ

ဒီမဟာသတိပဋ္ဌာန သုတ်တော်ကြီးကို မြတ်စွာဘုရား ဟော တာ အဲဒီကုရုတိုင်းမှာ ဟောပါတယ်၊ ကမ္မာသဓမ္မနိဂုံး ရွာ ကြီးတဲ့၊ ကမ္မာသ-ဆိုတာ ခြေထောက် ပြောက် ကျား နေ တဲ့ ဘုရင် ပေါရိသာဒပါဘဲ။ ပေါရိသာဒခြေထောက်မှ ငုတ်စူးပြီး မန်းတွေမန်းပုပ်တွေ ပေါက်ပေါက်ပြီး အဲဒီနေရာမှာ အမာရွတ် တက်တော့ ဆန်းကြယ်တဲ့ သစ်ငုတ်လို ခြေထောက်မှာ ပြောက်တိ ပြောက်ကျားပြီး အမာရွတ်တက်နေတယ်။

အဲဒီလိုပြောက်ကျားနေတဲ့နေရာမှာ အဲဒီစဉ်တုန်းက မြတ်စွာ ဘုရား သူ့ကိုဆုံးမခဲ့တဲ့နေရာမို့လို့၊ ကမ္မာသ-က ပြောက်ကျား တဲ့။ ဓမ္မက-ဆုံးမ။ ဒါကြောင့် သမ္မာသဓမ္မလို့ ဒီလိုခေါ်တာ ပါတဲ့။ အဲဒီနေရာမှာ အကျယ်ကြည့်လိုယင် ၅၅၄-သုတ သောမ ဇာတ်တော်မှာကြည့်ယင် အကျယ်တွေ့တာပါဘဲ။

ဒီတော့ဒီနေရာမှာ လင်္ကာလေးတပုဒ် ရှိပါတယ်၊ အလိုရှိလဲ ရေးကြပေါ့။ ဒီကမ္မာသဓမ္မခေါ်ပုံ ကုရုတိုင်းခေါ်ပုံလေးပါဘဲ။ ကုရုမြတ်တိုင်း သမိုင်းတွင်ညီ၊ လိုက်ရေးရမယ်နော်၊ မရေး သင်လဲ လျှောက်ဆိုသွားမယ်။

ကုရုမြတ်တိုင်း သမိုင်းတွင်ညီ၊
ကမ္မာသဓမ္မ ခေါ်ကြလေသည်၊
ရှင်တော်ဘုရား ကြွသွားချိန်မှီ၊
သိတင်းသုံး ရှင်ပြုံးစံနေသည်။

ဌာနနိဂုံး မြို့သုံးရှင်ကြည်၊
ပေါရိသာဒ နာမတွင်သည်၊
ပြောက်ကျားခြေရှိ နေသည့်ဌာနီ၊
သတိပဋ္ဌာန်သုတ် မိန့်ထုတ်ဟောခဲ့သည်။

ဘိက္ခဝေ ဘိက္ခုလို့ ဒီလိုခေါ်ပြီး ဟောခဲ့တယ်၊ ဘာဖြစ်လို့ ဒီလိုဟောခဲ့သလဲဆိုတော့ ဘိက္ခုက နှစ်မျိုးရှိတယ်။ သုတ္တန်ဘိက္ခု၊ ဝိနည်းဘိက္ခုတို့ အဲဒီလိုနှစ်မျိုး ရှိပါတယ်။ သုတ္တန်ဘိက္ခု ဆိုတာကတော့....'သံသာရဘယံ ဣက္ခတီတိ ဘိက္ခု'

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သံသာရဘယံ၊ သံသရာတည်းဟူသောဘေးကို။ဣက္ခတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဘိက္ခု၊ ရဟန်းမည်၏။ ဒါ အဋ္ဌကထာပြတာ။ ဘုန်းကြီးတို့ သံသရာဘေးကို ကြောက်ရွံ့ပြီးတော့ သံသရာထဲက လွတ်ချင်လို့ တရားအားထုတ်နေလို့ရှိယင် လူဘဲဖြစ်ဖြစ်၊ အမျိုးသားဘဲဖြစ်ဖြစ်၊ အမျိုးသမီးဘဲဖြစ်ဖြစ်၊ နတ်ဘဲဖြစ်ဖြစ်၊ ဗြဟ္မာဘဲဖြစ်ဖြစ်၊ ဘိက္ခုလို့ ဒီလိုအမည်ရပါတယ်တဲ့။ ဒါကြောင့်မို့ အဋ္ဌကထာမှာ ပြောတာ။

ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု
မနုဿော ဝါ၊ ဘိက္ခုတိ သင်္ချံ ဂစ္ဆတိယေဝ
လို့ မိန့်တော်မူတယ်။

ဟိသစ္စံ၊ မှန်လှပါပေ၏။ ပဋိပန္နကော၊ တရားကိုကျင့်သောသူသည်။ ဒေဝေါဝါ၊ နတ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မနုဿောဝါ၊ လူသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဘိက္ခုတိ- သင်္ချံ၊ ရဟန်းဟူသော အရေအတွက်သို့။ ဂစ္ဆတိယေဝ၊

ရောက်သည်သာတည်း။ တရားအားထုတ်နေခဲ့ယင် လူဘဲဖြစ်ဖြစ်၊ နတ်ဘဲဖြစ်ဖြစ်၊ ဗြဟ္မာဘဲဖြစ်ဖြစ်၊ ဘိက္ခုဆိုတဲ့ အမည်ကို ရပါတယ်။ ဒါက သံသရာဘေးကို ကြောက်ရွံ့ပြီး အားထုတ်တဲ့ ရဟန်း၊ သုတ္တန်ဘိက္ခုပေါ့လေ။

ကိလေသေဘိန္ဒတီတိ ဘိက္ခု။ ကိလေသေ၊ ကိလေသာတို့ကို၊ ဘိန္ဒတိ၊ပျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘိက္ခု... ဘိက္ခု...မည်၏။ ကိလေသာတွေကို ဖျက်ဆီးနေတယ်။ ဘုန်းကြီးတို့ အခုယောဂီတွေဟာ ကိလေသာတွေကို ဖျက်ဆီးနေတာပါဘဲ။ ဥပမာ ပြောရမယ်ဆိုယင် ဓါးလေးနဲ့ဖြစ်စေ၊ ပဲကပ်နဲ့ဖြစ်စေ၊ သစ်သားတွေကို ရွေရွေပြီး မလိုတဲ့အသား တွေကို ခုတ်ခုတ်ပစ်လိုက်ယင် မလိုဘဲ့အသားတွေဟာ တဖတ် ချင်း တဖတ်ချင်း ကွာကွာကျသလို မှတ်လိုက်တိုင်း မှတ်လိုက် တိုင်း ကိလေသာတွေဟာ ကွာကွာပြီးသွားပါတယ်တဲ့။

ဒါကြောင့်မို့ တရားကို အားထုတ်တိုင်း ‘အားထုတ်တိုင်း ဘုန်းကြီးတို့ အားထုတ်နေတဲ့သူဟာ သူ့ဆိုင်ရာနဲ့ ဆိုင်ရာ ကိလေသာတွေ သတ်နေကြတာဘဲ။ ဥပမာ သီလကိုစောင့်ထိန်း နေမယ်ဆိုယင် သီလနဲ့ဆိုင်တဲ့ ကိလေသာတွေ၊ ဝီတိက္ကမကိလေ သာတွေကို သီလက ထိန်းထားနိုင်တယ်။ ဝီတိက္ကမ ကိလေသာ ဆိုတာ လွန်ကျူးတာပေါ့။ ငါဆဲလိုက်မယ်၊ ကာယကံက လိမ် ပြောလိုက်မယ်၊ သူ့အား အိမ်ယာ ကျူးလွန်လိုက်မယ်၊ လိမ် ပြောမယ်၊ မုသာဝါဒတွေ၊ ကာယကံကနေ သူ့သားအိမ်ယာ ကျူးလွန်မယ်၊ ခိုးမယ် တိုက်မယ်၊ ဒါတွေမလုပ်တော့ သီလ ရှိတယ်။ ငါ့သီလ ပျက်သွားလိမ့်မယ် ဆိုပြီး ဂုံးလဲ မတိုက်တော့ ဘူး၊ လိမ်လည်းမပြောတော့ဘူး၊ ကာယကံကလည်း မကျူး

လွန်တော့ဘူး၊ သူ့အသက်လဲ မသတ်တော့ဘူးလို့၊ အဲဒီလို ရှောင်ကြဉ်နေတာ၊ ဒါ သီလကနေပြီးတော့ သီလနဲ့ စပ်တဲ့ ခုနတုန်းက ကိလေသာတွေ၊ လောဘဒေါသအစရှိတဲ့ ကိလေသာတွေကို သီလက ပယ်တာပါဘဲ။ သီလက သတ်တာပါဘဲ။ ဝီတိက္ကမကိလေသာလို့ ဒီလိုခေါ်ပါတယ်။ သတ်မှု ခိုးမှု လိမ်မှု စတဲ့အကျင့်မျိုးတွေ ကျူးလွန်တဲ့ ကိလေသာတွေတဲ့။ ဒါတွေ သီလက ဒီအကြမ်းတွေကို သီလကပယ်ပေးပါတယ်။

## နီဝရဏတရားတွေ မလာအောင်

နောက် သမာဓိဘာဝနာကျတော့ သမာဓိရအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်ကျတော့ ပရိယုဋ္ဌာနတဲ့။ စိတ်ထဲမှာ ထကြွပြီးတော့ လူကသာဒီထိုင်နေတာကိုး၊ စိတ်ကလေးက ဟိုရောက် ဒီရောက်၊ ဟိုကြံသည်ကြံ၊ တွေးခေါ်ပြီးတော့ တခါထဲထိုင်နေမှန်းတောင် မသိတော့ဘူး။ တခါတလေ ဟိုတုန်းကဖြစ်ခဲ့တဲ့ စိတ်ဆိုးစရာလေးတွေ ပေါ်လာပြီးတော့ တရားထိုင်နေရင်း စိတ်ဆိုးနေတယ်၊ အဲဒါ ဒေါသကိလေသာ ဖြစ်တာပါဘဲ။ သာယာနှစ်သက်စရာလေးတွေ ပေါ်လာတော့လဲ သာယာနှစ်သက်ပြီးတော့နေတယ်။ အဲဒါ လောဘကိလေသာတွေ ဖြစ်တာပါဘဲ။ အဲဒါတွေ ဝင်ချိန်မရအောင် ဒီကနေပြီးတော့ စူးစူးစိုက်စိုက် မှတ်နေတဲ့အခါ မှတ်စိတ်နဲ့အာရုံနဲ့ ကပ်ကပ်ပြီးတော့ ကိုက်ကိုက်နေတယ်။ ကိုက်နေလို့ရှိယင် အာရုံပေါ်မှာ စိတ်ကလေး ရောက်နေလို့ရှိယင်ဖြင့် ခုနက ကြံစရာ စည်စရာတွေ မရှိတော့ဘူး။ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ အစရှိတာ မလာတော့ဘူးဆိုယင်ဖြင့် တခါတည်း လောဘဒေါသအစရှိတဲ့

ကိလေသာတွေ ငြိမ်းနေတော့တာပါဘဲတဲ့၊ အဲဒါဟာ သမာဒိဘာဝနာ ပွားများနေတဲ့ ပုဂ္ဂိုလ်က ပယ်ရှိဒ္ဓာန ကိလေသာ အကြမ်းစား လောဘ ဒေါသတွေကို ဖျက်ဆီးနေတာပါဘဲတဲ့၊ သတ်နေတာပါဘဲတဲ့။

ဒါကြောင့် ဘိန္ဒတိ၊ ဖျက်ဆီးတတ်၏တဲ့။ ဖျက်ဆီးနေကြတာဘဲ။ နောက်ကို ဘုန်းကြီးတို့ အနုသယကိလေသာဆိုတာ အကြောင်းညီညွတ်တဲ့အခါ ပေါ်လာဘို့ ကိန်းနေတဲ့ ကိလေသာပါဘဲ။ ပညာဘာဝနာ၊ ဝိပဿနာဘာဝနာ ပွားများနေတဲ့ ပုဂ္ဂိုလ်တွေက ဒီကိလေသာကို သတ်နေတာဘဲ။ တချိန်ကျတော့ လောဘ ဒေါသ အစရှိတဲ့ အနုသယ ကိလေသာတွေကို ဝိပဿနာ ရှုယင်းနဲ့ဘဲ ဉာဏ်စဉ်တွေ တက်ပြီးတော့ ဒီကိလေသာတွေ ကုန်စင်သွားယင် ရဟန္တာဖြစ်တာပါဘဲ။

ဒါကြောင့်မို့ သူ့ဆိုင်ရာကို တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သတ်နေတာပါဘဲတဲ့။ ဒါကြောင့် ကိလေသေ ဘိန္ဒတီတိ ဘိက္ခု၊ ကိလေသေ၊ ကိလေသာတို့ကို။ ဘိန္ဒတိ၊ ဖျက်ဆီးတတ်၏။ဣတိသသ္မာ၊ ထို့ကြောင့်။ ဘိက္ခု၊ ဘိက္ခုမည်၏။ကိလေသာကို သတ်ပြီးတော့ နေတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ဘိက္ခု ခေါ်ပါတယ်တဲ့။ တနည်းအားဖြင့် ဝိနည်းတရားတော်အရ ဘုန်းကြီးတို့ သိမ်ထဲမှာဝင် သိက္ခာတင်ပြီးတော့ ဘုရားရဲ့ အာဏာဒေသနာတော်ဖြစ်တဲ့ ဉတ်ကမ္မဝါစာနဲ့ဖတ်ပြီးတော့ ရဟန်းပြုတာက ဝိနည်းဘိက္ခု။ ဘုန်းကြီးတို့တတွေပေါ့။ များသောအားဖြင့် အခုနေအခါ ဒီဘိက္ခုက များတာပါဘဲ။ ဝိနည်းဘိက္ခုတွေ။

## ရဟန်းက လူကို ရှိခိုးသင့်သလား

မြတ်စွာဘုရား လက်ထက်ကဆိုယင် မြတ်စွာဘုရားကိုယ်တော်တိုင် ဧဟိ ဘိက္ခုခေါ်ပြီးတော့ ရဟန်းပြုပေးတာတွေလဲရှိတယ်။ အခုတော့ဖြင့် ဘုန်းကြီးတို့ ကမ္မဝါစာနဲ့ဖတ်ပြီးတော့ ပြုထားတဲ့ ရဟန်းတွေတဲ့။ အဲဒါ ဝိနည်း ဘိက္ခု၊ သုတ္တန်ဘိက္ခုလို့ နှစ်မျိုးရှိတယ်။

တချို့လဲ ဂိုဏ်းမှာ ကြီးကဲတဲ့ ဂိုဏ်းဆရာ လူပုဂ္ဂိုလ်တွေက သုတ္တန်ဘိက္ခုတွေကို ရှိခိုးနေတာရှိတယ်။ ဝိနည်းဘိက္ခုနဲ့ သုတ္တန်ဘိက္ခု ၂-ခုထဲက သုတ္တန်ဘိက္ခုဆိုတာ တရားအားထုတ်နေယင် သီလတွေ ဘယ်လောက်စောင့်တုန်း၊ ရှစ်ပါး၊ ဒါလောက်ဘဲ။ ဘုန်းကြီးတို့ ဝိနည်းဘိက္ခုက သီလ ဘယ် လောက် ရှိတုန်း၊ ၂၂၇-သွယ်။ ဘယ်သူက သာနေတုန်း၊ (ဝိနည်းဘိက္ခုကပါ ဘုရား)။ ဝိနည်းဘိက္ခုက မသာဘူးလား၊ (သာပါတယ် ဘုရား)။ ဒါကြောင့် ဝိနည်း ဘိက္ခုက လူဝတ်ကြောင်ကို ဘယ်တော့မှ ရှိမခိုးသင့်ဘူး။

ဒါပေမဲ့ သူတို့အမြင် သူတို့အယူနဲ့ ဘယ်လိုရှိခိုး နေကြလဲ မသိဘူး။ ဘုန်းကြီးတို့ မြင်နေတာတွေရှိလဲ ရှိနေပါတယ်၊ ဒီ နေ ရာ မှာ တော့ ဘုန်းကြီးတို့ အခု သုတ္တန် ဘိက္ခုကို ပြောလိုက်ယင် အကုန်လုံးပါတော့တာဘဲ၊ အားလုံး သုတ္တန်ဘိက္ခုကိုပြောလိုက်ယင် အကုန်ပါသလဲဆိုယင်၊ တရားအားထုတ်နေတဲ့အခါမှာ သံသရာဘေးကြီး ကြောက်ရွံ့ပြီးတော့ သံသရာက လွတ်မြောက်ချင်လို့ အားထုတ်နေယင် အမျိုးသမီးကော ဘိက္ခုထဲမဝင်ဘူးလား (ဝင်ပါတယ်ဘုရား) အမျိုးသားကော၊

(ဝင်ပါတယ်ဘုရား) နတ်ကော၊ (ဝင်ပါတယ်ဘုရား) ဗြဟ္မာကော၊ (ဝင်ပါတယ်ဘုရား) ဘုန်းကြီးတို့ကော၊ ဝင်ပါတယ်ဘုရား)။

ဒါကြောင့် မြဿစွာဘုရားက ဘိက္ခုလို့ ခေါ်လိုက်ယင် တလုံးထဲနဲ့ အကုန်မကုန်ဘူးလား၊ (ကုန်ပါတယ်ဘုရား) အဲဒါကြောင့် ဘိက္ခုလို့ခေါ်ပါတယ်။ ဘိက္ခုလို့ခေါ်လိုက်သဖြင့် ဟာ ဒီတရားပွဲကြီးက ရဟန်းများကို ဟောတာ၊ ဒို့နဲ့မဆိုင်ဘူးလို့ ဒကာ ဒကာမတို့က ဆိုစရာရှိသေးသလား၊ (မရှိပါဘုရား) သူတို့ကော တရားကိုနှလုံးသွင်း တရားကိုအားထုတ်နေယင် ဘိက္ခုထဲမဝင်ဘူးလား၊ (ဝင်ပါတယ်ဘုရား) သံသရာဘေးကို ကြောက်ရွံ့တဲ့ဘိက္ခု။ တရားကိုကျင့်ကြံနေတဲ့ ဘိက္ခု။

ဒါကြောင့်မို့ ဘိက္ခုလို့ မြတ်စွာဘုရား ခေါ်ပါတယ်တဲ့၊ ဒီတော့ ဘိက္ခုလို့ခေါ်လိုက်ယင် အမျိုးသား/အမျိုးသမီး၊ လူရော၊ ရှင်ရော၊ နတ်ရော၊ ဗြဟ္မာရော၊ အကုန်ပါခြင်းကြောင့် မြတ်စွာဘုရားက တလုံးထဲနဲ့ခြုံပြီးတော့ ဘိက္ခု-ဘိက္ခဝေတို့ အဲဒီလို ဟောပါတယ်တဲ့၊ ဒါကြောင့် အဲဒီ အခါကာလတုန်းက လူရော ရှင်ရော အမျိုးသားလေးတွေ အမျိုးသမီးလေးတွေရော တရားအားထုတ်ကြပါတယ်တဲ့၊ ဗြဟ္မာရော လူကြီး လူငယ်/ရွယ်ရွယ်လတ်လတ် အကုန်လုံး အားထုတ်ကြတယ်၊ အားထုတ်ကြတာ ဘယ်လောက်အထိ အားထုတ်ကြသလဲဆိုယင်ဖြင့် ဘုန်းကြီးတို့ တဦးနဲ့တဦး တယောက်နဲ့တယောက် လမ်းမှာတွေ့လို့ နှုတ်ဆက်တဲ့အခါ အခုကာလတော့ နေကောင်းကြလားပေါ့၊ အလုပ်အကိုင်များ တော်ကြရဲ့လား စသည်ဖြင့် ဒီလိုစကားတွေနဲ့ နှုတ်ဆက်ကြပါတယ်၊ ဈေးရောင်းရေးဝယ်တာ ကောင်းလား

စသည်ဖြင့် ဘယ်နှစ်တန်းရောက်ပြီတုန်း၊ ဘယ်နှစ်တန်းအောင်ပြီတုန်း၊ ဘွဲ့ယူပြီးပလား စသည်ဖြင့် ဒီလိုပြောကြတယ်။

## ရှေးတုန်းကနှုတ်ဆက်ပုံ

ရှေးတုန်းက ဒီလိုမဟုတ်ပါဘူးတဲ့။ အဲဒီစဉ် အခါတုန်းက တယောက်နဲ့တယောက် တွေ့ရှိယင်ဖြင့် တရားနဲ့ စပ်လျဉ်းတဲ့ စကားတွေသာ ပြောကြတယ်၊ ဒီ့ပြင် စကားတွေ ပြောဆိုလေ့ မရှိဘူးတဲ့၊ ဒါကြောင့် ရေချိုးဆိပ်မှာဖြစ်စေ၊ ရေခပ်လမ်းမှာ ဖြစ်စေ၊ ဘယ်နေရာမှာဖြစ်ဖြစ်၊ တယောက်နဲ့ တယောက်တွေ့ယင် တရားနဲ့စပ်တဲ့စကားလေးတွေကို ပြောကြပါတယ်တဲ့။

ဒါကြောင့် အမျိုးသမီးလေးတွေ ရေခပ်ရင်း စကားပြောနေပုံကို အဋ္ဌကထာ ဆရာက ဖွင့်ထားတယ်၊ အမျိုးသမီးလေးများ တွေ့တော့ အကြီးမကမေးတယ်၊ 'ငါ့ညီမကလေးတဲ့၊ ညီး ဘယ်တရားများအားထုတ်နေတုန်း'တဲ့ ။ ဒီတော့ အငယ်မလေးက ပြန်ပြောတယ်၊ "မမရယ် ကျမဖြင့် ဘယ်တရားမှ အားမထုတ်နိုင်ဘူး၊ ကျမက အိမ်ထောင်ဦးစီးလိုဖြစ်နေတာ၊ လူငယ်ပေမယ့်လို့ ကလေးတွေကျောင်းသွားပို့ရတဲ့တာဝန်လဲ ကျမဘဲ၊ ချက်ရေးပြုတ်ရေးလဲ ကျမဘဲ၊ ကလေးတွေကြိုဘို့လဲ ကျမဘဲ၊ အရာရာ ကျမတာဝန်ချည်း ဖြစ်နေပါတယ်၊ ဒါကြောင့် ကျမဖြင့် တရား အားမထုတ်ရဘူး'လို့ ဆိုတော့ အကြီးမလေးက ပြစ်တင်ကဲ့ရဲ့တယ်၊ တရားအားမထုတ်ယင် အပြစ် တင်တယ်၊ ဟိုတုန်းက။

ခုခေတ်ကာလ ပြောင်းပြန်။ တရားအားထုတ်တဲ့ လူတောင် အူကြောင်ကြောင် ဖြစ်နေတယ်၊ ခေတ်ကပြောင်းပြန်။ ဒါ

ကြောင့်မို့ ဘယ်လို အပြစ်တင်သလဲဆိုတော့ အပြစ်တင်ပုံကို အဋ္ဌကထာဆရာက ရေးသားတယ်။

မိရတ္တု တဝ ဇီဝိတံ၊ ဇီဝ မာနာပိ တွံ မတသဒိသာ။

## အသက်ရှင်လျက် သေနေသူ

အကြီးမလေးက အပြစ်တင်လိုက်တာ၊ ရှုတ်ချတာ၊ ကဲ့ ရဲ့တာ။ တာဝဇီဝိတံ-သင်၏ အသက်ရှင်ရခြင်းသည်၊ မိရတ္တု-ဩြဘ် စက်ဆုပ်ဘွယ်ကောင်းလှ၏၊ တွံ-သင်သည်၊ ဇီဝမာနာပိ-အသက်ရှင်လျက် နေငြားသော်လဲဘဲ၊ မတသဒိသာ-သူသေနှင့် တူလှပါပေ၏။

သင့်မယ် လူဖြစ်ကျိုးမနပ်ဘူးတဲ့၊ သင့်မှာ လူ့ဘဝကိုရပေမယ်လို့ ဘာအကျိုးရှိသလဲတဲ့၊ လူဖြစ်ကျိုးမနပ်ဘူးတဲ့။ ဒါကြောင့်မို့ ငါ့သမီးလေး သင့်အသက်ရှင်နေပေမယ့် လူသေလိုဘဲတဲ့၊ သာသနာနဲ့တွေ့သော်လည်း သာသနာ့အကျိုး ဘာမှ မခံစားရဘူး၊ သာသနာနဲ့ တွေ့ကျိုးမနပ်ဘူး၊ သာသနာတော်ကြီးနဲ့ တွေ့သော်လဲ တွေ့ရာ မရည်ဘူးတဲ့၊ အဲဒီလို အပြစ်တင်လိုက်ပါတယ်။ ဘုန်းကြီးတို့ ဒါကြောင့်မို့ လောကနိတိမှာလဲ ပြထားတယ်။

ဘောဇနံ မေထုနံ နိဒ္ဒါ၊ ဂေါဏေ ပေါသေပိ ဝိဇ္ဇတိ။
ဝိဇ္ဇာဝိသေ သော ပေါသော၊ တံဟိနော ဂေါသမော
ဘဝေ ။

ဘောဇနံ-အစာစားခြင်းရင်း၊ မေထုနံ-မေထုန်ရင်း၊ နိဒ္ဒါ-အိပ်ခြင်းရင်း၊ စားတာရယ်၊ အိပ်တာရယ်၊ မေထုန်ရယ် ဒီသုံး

မျိုးလောက် သိတဲ့အသိဆိုတော့ တိရစ္ဆာန်တွေလဲသိတယ်၊ နွား တွေလဲသိတယ်၊ ခွေးတွေလဲသိတယ်၊ တိရစ္ဆာန် အမျိုးမျိုးတွေ လဲ ဒီအသိတော့ သိနေကြတာဘဲတဲ့၊ ဒီအသိကိုတော့ လူကလဲ သိတာဘဲ၊ လူကလဲ ဒီအသိလောက်သာ သိတယ်လို့ဆိုယင် တိရစ္ဆာန်နဲ့ မထူးပါဘူးတဲ့။

## တိရစ္ဆာန်နဲ့လူ ခြားနားပုံ

သူကလဲ စားရမှာလောက်သိတယ်၊ အိပ်ရမှာလောက်သိ တယ်၊ မေထုန်လောက် သိဘယ်ဆိုယင်ဖြင့် ဒီပုဂ္ဂိုလ်ကို လူ အစစ်မခေါ်သေးပါဘူးတဲ့၊ တိရစ္ဆာန်သိသလောက်ဘဲ ရှိသေး တယ်။ ဒါပေမယ့်လို့ မေးကတဲက လူတွေကတော့ ရေးထား တာပေါ့။ မိမိတို့ ဘယ်နှစ်ခုနှစ်က မေးတာ၊ အသက် ၁၂၀- ရှည်စေသော်။ မောင်ဖြူတည်း၊ မောင်နီတည်း စသည်ဖြင့် ဒီလိုရေးပါတယ်တဲ့။ တကယ်အစစ် လူအစစ်ခေါ်ပလားလို့ ဆိုတော့ ရုပ်နာမ်လဲမသိသေးဘူး သစ္စာလဲမသိသေးဘူး ဆိုယင် ဖြင့် ဒီလူဟာ လူအစစ်ခေါ်ဖို့ရာ မလွယ်ပါဘူးတဲ့။ ဘာလို့ တုန်းဆိုတော့-ဝိဇ္ဇာဝိသေသော ပေါ်သသ။ ပေါ်သသ–လူအား၊ ဝိဇ္ဇာ- အသိထူးလေးသည် (ဝါ) ရုပ်မှန်း နာမ်မှန်း သိတဲ့ အသိသည်၊ ကြောင်းကျိုးသိတဲ့ အသိသည်၊ ဖြစ်ပျက်သိတဲ့ အသိသည်။ ဝိသေသော၊ ထူး၏။ တိရစ္ဆာန်နဲ့လူ ခြားနားပုံ။

လူတွေက ရုပ်တွေ နာမ်တွေကို သိရမယ်။ အကြောင်းအကျိုး သိရမယ်။ ဖြစ်ပျက်သိရမယ်။ အဲဒီလိုသိလာယင်တော့ လူအစစ် ဖြစ်ပြီတဲ့။

ဒါကြောင့်မို့ ဒီအသိမှ မသိသေးဘူးဆိုယင်ဖြင့်-တံဟိနော၊ အဲဒီလို ရုပ်နာမ်မှ မသိသေးဘူး။ ဖြစ်ပျက်မှ မသိသေးဘူးဆိုယင်ဖြင့် ထိုအသိမှ ယုတ်ခဲ့ပါမူကား၊ ဂေါသမော၊ နွားနှင့်တူသည်။ ဘဝေ၊ ဖြစ်၏။ ဒီလူဟာ လူအစစ် မဟုတ်သေးပါဘူးတဲ့။ ရုပ်ခန္ဓာကိုယ်ကြီးကသာ မတူတာ၊ အသိဉာဏ်ကဖြင့် နွားလောက် ရှိပါသေးတယ်။ ဒါကြောင့်မို့....

ရုပ်နာမ်နှစ်ဖြာ၊ မမြင်ပါဘဲ၊
တရာအသက်၊ ရှည်သည်ထက်လည်း၊
ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊
အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊
တရက်တာမျှ၊ သက်ရှင်ရလည်း၊
လောကလူ့ရွာ၊ မြတ်ကြောင်းသာသည်၊
မြတ်စွာဗုဒ္ဓ၊ မိန့်ခွန်းတည်း။

မြတ်စွာဘုရားက လူ့ပြည်မှာ ရုပ်နာမ်မသိဘဲနဲ့ အသက်တရာ ရှည်နေလဲ အကျိုးမရှိပါဘူးတဲ့။ ရုပ်နာမ်သိတဲ့လူရဲ့ တရက်က ကျေးဇူးရှိပါတယ်တဲ့။ ဒါကြောင့်မို့ ခုနင်တုန်းက အမျိုးသမီးလေးနှစ်ယောက် စကားပြောတဲ့နေရာ အကြီးမလေးက အငယ်မလေးကို ညီးအေ သာသနာတော်နဲ့ တွေ့ပေမယ့်လဲ ဘာအကျိုးရှိတုန်း၊ အသက်ရှင်နေရတာ ဘာအသုံးကျတုန်း၊ လူ့ဘဝဆိုတာ အလွန်ရခဲတယ်။ ရတော့ဘာအကျိုးရှိသလဲ။ ခုဒီအချိန် ဒီအရွယ်ထိတောင်မှ အားမထုတ်ရသေးဘူး' လို့ ဒီလိုပြောတော့ အငယ်မလေးက စိတ်မဆိုးဘူးတဲ့။ ဘယ်စိတ်ဆိုးလို့ ဖြစ်မတုန်း၊ အကုန်လုံး ရှိရှိသမျှလူတွေက အားထုတ်နေတော့....။

'ဒါဖြင့်ယင် မမရယ်တဲ့၊ ကျမကို ရှုနည်းမှတ်နည်းလေးတွေ ဆင်ပေးပါ'တဲ့။ တောင်းပန်ရတယ်။ ရှုနည်းလေးတွေ။ ဒီတော့ စာရေးရှုတာယ်ဆိုတာတော့ မခက်ပါဘူးတဲ့။ မိမိခန္ဓာကိုယ်မှာ ဉာဏ်သွင်းထားပြီးတော့၊ မိမိခန္ဓာထဲမှာ ဉာဏ်သွင်းပြီးတော့ ပေါ်ရာပေါ်ရာရှုပါတဲ့၊ ခုဘုန်းကြီးတို့ ဒီမှာပြနေတာတော့ ဝမ်းဗိုက်ကိုစိတ်ထားပြီးတော့၊ မျက်စိကိုမှိတ်၊ ခေါင်းကိုညိတ်၊ ရှုစိတ်ဗိုက်မှာထား- မျက်စိလေးမှိတ်၊ ခေါင်းကလေးငုံ့- အသိစိတ်ကိုဝမ်းဗိုက်ထား။ မျက်စိကိုမှိတ်၊ ခေါင်းကိုညိတ်၊ ရှုစိတ်ဗိုက်မှာထား။ ဒါလေး ရှုစိတ်ကလေး ဗိုက်မှာထား။ ထားပြီးတော့ 'ဖောင်းခိုက် ပိန်ခိုက်၊ အစဉ်လိုက်၊ ချိန်ကိုက်ရှုမှတ်လေ' ဖောင်းတာလေးကို ဖောင်းတယ်လို့ သိ၊ ပါဠိစပ်ကရွတ်နေစရာ မလိုဘူး၊ ဖောင်းယင်ဖောင်းတယ်လို့သိ။ ပိန်ယင်ပိန်တယ်လို့သိ။

## ဒွါရခြောက်ပါး ရှုရမယ်

ဒီနှစ်ခုထဲဘဲ မှတ်ရမှာလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ ဒွါရခြောက်ပါးလုံး ရှုရမှာပါတဲ့။ အဲဒီဒွါရခြောက်ပါးလုံးရှုတော့၊ တပြိုင်နက်ထဲလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ ဘယ်ဒွါရက စရှုရမှာတုန်းဆိုတော့ ထင်ရှားပေါ်ရာ ဒွါရက စရှုပါ မှတ်ပါတဲ့။ ရှုတယ်မှတ်တယ်ဆိုတာ ပါဠိစပ်ကရွတ်နေရတာ မဟုတ်ပါဘူး။ ပေါ်လာသမျှ သိသိလိုက်တာဘဲ။ ပူယင် ပူတယ်၊ ကွေးယင် ကွေးတယ်၊ နာယင် နာတယ်၊ ထိုင်ယင် ထိုင်တယ်၊ ထယင်ထ တယ်လို့ သိသိလိုက်တာပါဘဲ။ အဲဒီလိုဖြစ်တိုင်း မူရာတွေ ယောဂီမှာ ဘာဘဲပေါ်လာ ပေါ်လာ၊ ပေါ်လာသမျှ ဖြစ်တိုင်းအမူအရာကိုမှတ်ဖို့ မိမိတို့တာဝန်ပါဘဲ။

ဘုန်းကြီးတို့ တရားရှုမှတ်တယ်လို့ဆိုတာ အရင်ပြောဘူးတဲ့အတိုင်း ရုပ်ရှင် ကြည့်သလိုပါဘဲ ရုပ်ရှင်၊ ကြည့်တဲ့အခါ ရှေ့က ပိတ်ကားကြီး ထောင်ထားတယ်၊ အဲဒီထောင်ထားတဲ့ ပိတ်ကားကြီး ကြည့်မှာလား၊ ပိတ်ကားပေါ်မှာပေါ်တဲ့ အရုပ် ကြည့်မှာလား၊ ဘာကြည့်မှာတုန်း (ပေါ်တဲ့အရုပ် ကြည့်မှာပါဘုရား) ပိတ်ကားထဲပေါ်တဲ့အရုပ် ကြည့်မှာဘဲ။ ဘုန်းကြီးတို့ အဲဒီ ပိတ်ကားထဲ ပေါ်လာတဲ့ အရုပ်သည် ကောင်းတာဘဲ ပေါ်ပေါ် မကောင်းတာဘဲပေါ်ပေါ် ခွေးပြေးလာလဲ ခွေး ကြည့်ရမှာဘဲ၊ မော်တော်ကား မောင်းလာ မော်တော်ကား၊ မင်းသားလာ မင်းသား၊ မင်းသမီးလာ မင်းသမီး၊ လူရှင်တော်လာ လူရှင်တော်၊ မီးရထားခုတ်လာ မီးရထား၊ ပေါ်လာသမျှ ကြည့်သလို ဘုန်းကြီးတို့လဲ ခန္ဓာတွင်းဉာဏ်သွင်းပြီး ရှုရတယ်လို့ဆိုတာ ခန္ဓာမှာ ပေါ်တာကို မရှုရဘူးလားဟင်၊ (ရှုရပါတယ်ဘုရား)။

## ပေါ်ရာကို ရှုပါတဲ့

ခန္ဓာကပူယင် ဘယ့်နှယ်ရှုမလဲ(ပူတယ်လို့ရှုပါမယ်ဘုရား)။ ဖောင်းယင် (ဖောင်းတယ်)၊ အေးယင် (အေးတယ်)၊ နာယင် (နာတယ်)၊ မြင်ယင် (မြင်တယ်)၊ ကြားယင် (ကြားတယ်)၊ ကွေးယင် (ကွေးတယ်)၊ ဆန့်ယင် (ဆန့်တယ် လို့ မှတ်ရပါမယ်ဘုရား)။ အဲ ကွေးတယ်၊ ဆန့်တယ်၊ မြင်တယ်၊ ကြားတယ်လို့ ဖြစ်တိုင်း အမူအရာတွေကို ရှောက်မှတ်ရုံဘဲ။ ဒါကြောင့်မို့....

မြင်ကြားနံ့စား၊ တွေ့ထိများ၊ ပေါ်ငြားရှုမှတ်လေ။
မြင်တာ၊ ကြားတာ၊ နံ့တာ၊ အကုန်မှတ်ပါတဲ့။

နာကျင်ကိုက်ခဲ၊ ပေါ်ပြန်လဲ၊ မလွဲရှုမှတ်လေ။
စိတ်ကူးစဉ်းစား၊ ကြံစည်များ၊ ပေါ်သွားရှုမှတ်လေ။

စိတ်ကူးယင်ကော မမှတ်ရဘူးလား၊ (မှတ် ရ ပါ တယ် ဘုရား)။ ဘယ့်နှယ်မှတ်ရမလဲ၊ (စိတ်ကူးတယ်...စိတ်ကူးတယ်) စဉ်းစားတော့ (စဉ်းစားတယ်....စဉ်းစားတယ်) ကြံစည်တော့ (ကြံစည်တယ်....ကြံစည်တယ်) ဒါတွေမမှတ်ရဘူးလား၊ (မှတ်ရပါတယ်ဘုရား)။ အဲဒါတွေအကုန်လုံး မှတ်ရမှာတဲ့။

ဒါဖြင့် ဘုန်းကြီးတို့ ခု ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး ပြနေတာ ဖောင်းပိန် နှစ်ခုထဲလား၊ (မဟုတ်ပါဘုရား)၊ ဘာတွေ ပြသတုန်း၊ ခန္ဓာကိုယ်ပေါ်မှာ ပေါ်သမျှ ထင်ရှားတာ မမှတ်ရဘူးလား၊ (မှတ်ရပါတယ်ဘုရား)၊ နှစ်မျိုးသုံးမျိုး စုပြုံပေါ်လာယင် ဘာမှတ်မတုန်း၊ (ထင်ရှားတဲ့ဟာ စူးစိုက်ပြီး မှတ်ကြပါ၊ ဒါကြောင့်-

ဖြစ်တိုင်းမူရာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။

ဖြစ်တိုင်း အမူအရာလေးတွေ မမှတ်ရဘူးလားဟင်၊ (မှတ်ရပါတယ်ဘုရား)။

ဖောင်းယင်ဖောင်းတာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။
ပိန်ယင်ပိန်တာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။
မြင်ယင်မြင်တာ၊ ယောဂီမှာ၊ မှန်စွာသိပါစေ။

အကုန်လုံး ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသမျှ ထင်ရှားရာကို လိုက်မှတ်ပါလို့ ဒီလိုသင်ပေးလိုက်တယ်။

## ဘုရားပွင့်တာ ညီမအတွက်

အမျိုးသမီး အကြီးမလေးက အငယ်မလေးကို သတိပဋ္ဌာန် သင်ပေးလိုက်ကရော၊ သင်ပေးလိုက်တော့ သူက ရှုမှတ်တယ်၊ တကယ်ကြိုးကြိုးစားစား ရှုမှတ်တာ၊ အဲဒီလို ကြိုးကြိုးစားစား ရှုမှတ်ပြီးနေယင်း နောက်၄-၅ရက်ကြာတော့ တခါပြန်တွေ့တယ် ပြန်တွေ့တော့ ဒီတရားစကားဘဲ မေးပါတယ်။ အကြီးမလေးက ငါ့ညီမလေး ဘယ်တရားများ အားထုတ်နေတုန်းတဲ့။ ဟိုကပြန် ပြောတယ်၊ 'မမရယ်တဲ့ မမရဲ့ကျေးဇူးကြောင့်မို့ ကျမလေ ခု သတိပဋ္ဌာနသုတ်ကို- သတိပဋ္ဌာန်ကို ကျင့်နေပါတယ်တဲ့ မမရယ်' 'ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်ကို ကျင့်နေပါတယ်မမရယ်'' လို့ဆိုတော့၊ တရားအားထုတ်တယ်လို့ သိရလို့ အကြီးမလေးက ချီးကျူးတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ချီးကျူးတယ်၊ ချီးမွမ်းတယ်။

အဲဒီလို အဋ္ဌကထာဆရာက-

> တဝ ဇီဝိတံ သုဇီဝိတံ တွံ နာမ မနုဿတ္တံ ပဘ္ဘာ၊ တဝတ္ထာယ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပန္နော-လို့ အဋ္ဌကထာ ဖွင့်တယ်။

တဝ-သင်၏၊ ဇီဝိတံ အသက်ရှင်ရခြင်းသည်၊ သုဇီဝိတံ-ကောင်းသော အသက်ရှင်ခြင်းပါပေတည်း၊ တွံ-သင်သည်၊ မနုဿတ္တံ-လူ၏အဖြစ်သို့၊ ပဘ္ဘာ နာမ၊ ကောင်းစွာရောက်သည် မည်၏။ တဝ-သင်၏၊ အတ္ထာယ အကျိုးငှါ၊ သမ္မာသမ္ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ဥပ္ပန္နော-ပွင့်တော်မူလေ၏-လို့ ချီးကျူး လိုက်တယ်။ ငါ့ညီမလေး၊ ညည်းဟာလူ့အဖြစ်ရကျိုးနပ်လိုက်

တာတဲ့၊ သိပ်ကျေးဇူးများတာဘဲတဲ့၊ သင့်မှာ အခု မြတ်စွာဘုရား အဆုံးအမတော်အတိုင်း တရားတွေ အားထုတ်နေရပြီ၊ ဒါကြောင့်မို့ သင်လူဖြစ်ရကျိုးနပ်ပေပြီ၊ ဟောဒီလောကမှာ မြတ်စွာဘုရား ပွင့်လာရတာ ငါ့ညီမလေးအတွက်ပါဘဲတဲ့။

တဝတ္တာယ သမ္မာသမ္ဗုဒ္ဓေါ။ တဝ - သင် - ငါ့ညီမကလေး၏၊ အတ္တာယ အကျိုးငှါ၊ သမ္မာသမ္ဗုဒ္ဓေါ မြတ်စွာဘုရားသည်၊ ဥပ္ပန္နော-ပွင့်တော်မူလေ၏။ ငါ့ညီမလေးအတွက် ပွင့်လာတာပါတဲ့။ ဒီစကားလေးထဲမှာ ဒီအမျိုးသမီးလေး အတွက် ပွင့်လာတာဆိုတော့ ဒိုပြင်လူတွေအတွက်ကော မဆိုင်ဘူးလားလို့ ဆိုတော့ သူက ဘုရားအလုပ် ဘုရားအဆုံးအမအတိုင်း တည်ပြီး ကျင့်ကြံနေလို့ သူ့အတွက်လို့ပြောတာ၊ ဒိုပြင်ပုဂ္ဂိုလ်တွေလဲ ဘုရားစကား နားထောင်ပြီးတော့ ဟောတော်မူတဲ့အတိုင်း ကျင့်ကြံနေယင်ကော အားလုံးနဲ့ မသက်ဆိုင်ဘူးလား၊ (သက်ဆိုင်ပါတယ်ဘုရား)၊ အဲဒါကြောင့်မို့ ဒီနေရာမှာ လင်္ကာလေးတပုဒ် လိုက်ရေးကြ။

သာသနာဆိုတာ ကိုယ်နဲ့ဆိုင်လို့တွေ့တာ၊
ပိုင်အောင်လုပ်မှ နိဗ္ဗာန်ရမှာ။
နိဗ္ဗာန်ရမှ ဒုက္ခခပ်သိမ်း ကင်းငြိမ်းအေးတော့မှာ။

ဆိုင်တော့ဆိုင့်ရဲ့ ပိုင်အောင်လုပ်ပါ

သာသနာတော်ကြီးဆိုတာ အားလုံးအတွက် ထားတာပါဘဲ။ ဘုန်းကြီးတို့ ခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီသာသနာကြီးက ကိုယ်နဲ့ဆိုင်လို့ သာသနာနဲ့တော့ တွေ့နေပြီ၊

သာသနာတော်တွင်းတော့ လူလာဖြစ်ပြီ၊ တွေ့တော့ တွေ့ပြီတဲ့၊ ကိုယ်နဲ့တော့ ဆိုင်နေပြီ၊ ဒီသာသနာ ပိုင်ထိုက်ကဲ့လား။

သာသနာဆိုတာ သီလ သမာဓိ ပညာဆိုတဲ့ဒီသုံးပါးပါဘဲ။ ဒို့မြတ်စွာဘုရား သာသနာတော်ကြီးနဲ့တော့ တွေ့ထားပြီ၊ သီလ သာသနာနဲ့တွေ့ပြီ၊ သမာဓိသာသနာနဲ့တွေ့ပြီ၊ ပညာသာသနာနဲ့ တွေ့ပြီတဲ့။ အဲဒီသာသနာတော် သုံးရပ်မှာ ဒို့ဘယ်သနာပိုင်ပြီ လဲ။ ပိုင်သွားအောင် လုပ်ရမှာ။ ပိုင်သလားလို့ ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ပါတဲ့။

အဲဒီလို စစ်ကြည့်ပြီး ငါဟာ သီလသာသနာလောက် ပိုင် သေးတယ်ဆိုယင် သမာဓိသာသနာကို ရအောင်၊ သမာဓိ သာသနာပိုင်ပြီဆိုလို့ရှိယင် ပညာသာသနာထိအောင် ကျင့်ပါ တဲ့။ သာသနာကြီးသုံးရပ်ကို ပိုင်အောင်လုပ်မှ နိဗ္ဗာန်ရမှာတဲ့၊ တွေ့တော့တွေ့ပြီ၊ ဒို့နဲ့တော့ဆိုင်တယ်၊ ဘယ်သူ့ ဘိုမှမဟုတ်ဘူး၊ ပုဂ္ဂလိက မဟုတ်ဘူး၊ အားလုံး ကိုယ်ကျင့် ကိုယ်ရ၊ သူကျင့် သူရ ဘဲတဲ့။

ဒါကြောင့်မို့ ကိုယ်နဲ့ဆိုင်လို့ တွေ့တာတဲ့၊ အဲဒီလို ဆိုင်နေ တော့ ပိုင်အောင်လုပ်ပါတဲ့၊ ပိုင်အောင်လုပ်မှ နိဗ္ဗာန်ရမှာတဲ့၊ အဲဒါကြောင့် အဲဒီစဉ်အခါတုန်းက တရားအားထုတ်ကြတာ အမျိုးသမီးကလေးတွေ၊ အမျိုးသားလေးတွေ၊ ကလေး လူကြီး အားလုံးနဲ့ ရှင်ရဟန်းတွေအားလုံး အားထုတ်ကြတယ်။ ဒီတရား တော်ကို ကလေး လူကြီး ဘာကြောင့် အားထုတ်ကြသလဲလို့ဆို ယင်ဖြင့် မြတ်စွာဘုရားက သတိပဋ္ဌာနသုတ်တရားတော်ကြီး မဟောခင်မှာ တရားကျေညာချက်ကလေး အယင်ထုတ်ပါတယ်။ ခုကာလ ကုန်သည်တွေလိုပေါ့လေ၊ ရုပ်ရှင်တွေကို သူတို့ရုပ်ရှင်

ကိုကြည့်လိုက်ယင် ဘယ်လိုကောင်းတယ်။ ကုန်သည်တွေကလဲ ဘယ်လိုကောင်းတယ်၊ ဆေးဝါးတွေကလဲ ဘယ်လိုရောဂါတွေ ပျောက်တယ် စသည်ဖြင့် အဲဒီလို သူတို့ဆေးစွမ်းတွေ ဘယ်လို ရှိကြောင်း ပြသလို၊ မြတ်စွာဘုရားကလဲ သတိပဋ္ဌာနသုတ်ရဲ့ အစွမ်းသတ္တိကို ရှေးဦးစွာထုတ်ပြတယ်။

ကောယနော အယံဘိက္ခဝေ မဂ္ဂေါ
သတ္တာနံဝိသုဒ္ဓိယာ သောကပရိဒေဝါနံ
သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ
ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊
ယဒိဒံ စရာရော သတိပဋ္ဌာနာ။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ယဒိဒံယေ ဣမေ စတ္တာရော သတိပဋ္ဌာနာ-ကာယ ဝေဒနာ စိတ္တ ဓမ္မ လေးဝနာမံ၊ အကြင်သတိပဋ္ဌာန် တရားတော်တို့သည်။ သန္တိ၊ ထင်ရှားမသေ့ ရှိကြပါလေကုန်၏။ အယံ၊ သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် ဤလမ်းမတော်ကြီးသည်။ သတ္တာနံ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကအပေါင်း သူတော်ကောင်း တို့နှင့် အလုံးစုံသော သတ္တဝါအပေါင်းတို့၏။ ဝိသုဒ္ဓိယာ၊ စိတ်အညစ်ကြေးမှ ကင်းဝေးစင်ကြယ်စေခြင်းငှါ။ ကောယနော မဂ္ဂေါ၊ တခုတည်းသောလမ်း တကြောင်းတည်းသော လမ်းမတော်ကြီး မည်ပါပေသတည်း။ အယံ၊ သတိပဋ္ဌာန် လမ်းမှန် ကျင့်စဉ် မည် တွင် ခေါ် ဝေါ် ဤလမ်းမတော်ကြီးသည်။ သောကပရိဒေဝါနံ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်း ရခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်နိုင်ခြင်းငှါ။ ကော-

ယနေ့ာမင်္ဂါ၊ တခုတည်းသောလမ်း တကြောင်းတည်းသော လမ်းမတော်ကြီး မည်ပါပေသတည်း။

အယံ၊ သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် ၍လမ်းမတော်ကြီးသည်။ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ထဲမှာ အနေဆိုး၍ အမျိုးမျိုး ခံရခက်တဲ့ ကိုယ်မသက်သာမှုဆင်းရဲဒုက္ခတွေ၊ စိတ်မှာအနေဆိုး၍ အမျိုးမျိုး အခံရခက်တဲ့ စိတ်မသက်သာမှု ဒေါမနဿတွေ၊ ထိုထို ဒုက္ခဒေါမနဿတွေကို လျောကျစေ၍ တမုဟုတ်ခြင်း၌ ချုပ်ကွင်းကွယ်ပျောက်စေခြင်း အကျိုးငှါ။ ကောယနေ့ာ မင်္ဂါ၊ တခုတည်းသော လမ်း တကြောင်းတည်းသော လမ်းမတော်ကြီး မည်ပါပေသတည်း။

အယံ၊ သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် ၍လမ်းမတော်ကြီးသည်။ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာန်လမ်း တက် အရိယမဂ်ဖိုလ် ချက်ချင်းမကြာ လွယ်စွာခဏ ရနိုင်ခြင်း အကျိုးငှါလည်း။ ကောယနေ့ာ မင်္ဂါ၊ တခုတည်းသောလမ်း တကြောင်းတည်းသော လမ်းမတော်ကြီး မည်ပါပေသတည်း။

အယံ၊ သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် ၍လမ်းမတော်ကြီးသည်။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ တဏှာဝါန အာသဝတို့ကို ခွါချသကဲ့သို့ ဘာမှမကျန် ပြည်နိဗ္ဗာန်သို့ ကေန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ခြင်း အကျိုးငှါလည်း။ ကောယနေ့ာ မင်္ဂါ၊ တခုတည်းသောလမ်း တကြောင်းတည်းသော လမ်းမတော်ကြီး မည်ပါပေသတည်း။

သတိပဋ္ဌာန်မှာ ကျေညာတဲ့အတိုင်း ကျေညာလိုက်တာပါဘဲ၊ ဒါလေးက ဘုန်းကြီးတို့ သတိပဋ္ဌာန်ကျင့်ယင် ရလာမယ့်

အကျိုး၊ အာနိသံသကထာကို ဖေါ်ထုတ်ပြတာပါဘဲ၊ အကျိုး (၇)ပါး ရမယ်တဲ့။

ဒီသတိပဋ္ဌာန်ကို အားထုတ်ယင် ရမယ့်အကျိုး (၇)ပါးက–

သတိပဋ္ဌာန်အားထုတ်ခြင်းအကျိုး (၇)ပါး

(၁) ကိလေသာစင်ကြယ်ခြင်းအကျိုးတပါး။
(၂) စိုးရိမ်ပူဆွေးတဲ့ သောကကို လွန်မြောက်နိုင်ခြင်း တပါး။
(၃) ငိုကြွေးမြည်တမ်း ပင်ပန်းရခြင်း တည်းဟူသော ပရိ-ဒေဝကို လွန်မြောက်ခြင်းတပါး။
(၄) ကိုယ်ထဲမှာအနေဆိုးပြီးတော့အမျိုးမျိုးခံရခက်နေတဲ့ ဒုက္ခကို လွန်မြောက်ခြင်းတပါး။ တော်တော်ကြာ ခေါင်းကိုက်၊ ဝမ်းနာ၊ ခြေထောက်နာ၊ အမျိုးမျိုး ရောဂါတွေနဲ့ အခံရခက်နေတဲ့ ကိုယ်ဆင်းရဲတွေလဲ လွန်မြောက်နိုင်တယ်တဲ့။
(၅) စိတ်ဆင်းရဲကို လွန်မြောက်ခြင်းတပါး။ စိတ်ထဲမှာ အင်မတန် ဆင်းရဲပြီးတော့ မိမိသဘောမကျလို့- အလို မကျလို့၊ ဖြစ်ချင်တာတွေ မဖြစ်ရလို့၊ စိတ်ထဲမှာ ဆင်းရဲနေတယ်။ မိမိဖြစ်ချင်တာတွေ မဖြစ်လို့၊ မဖြစ်ချင်တာတွေ ဖြစ်နေလို့၊ စိတ်ထဲမှာဆင်းရဲနေတယ်။ အဲဒီဆင်းရဲတွေလဲဘဲ ပျောက်ကင်း လွန်မြောက်သွား နိုင်ပါတယ်တဲ့။
(၆) အရိယမဂ်ကိုလဲ ရသွားနိုင်ခြင်းတပါး။
(၇) နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုနိုင်ခြင်း တပါး-ဆိုတဲ့

ဟောဒီအကျိုး (၇) ပါးကို ရနိုင်ပါတယ်တဲ့။ ဒါကြောင့် မို့ မြတ်စွာဘုရားက ဒီသတိပဋ္ဌာန်အလုပ်ကို ဒီအကျိုးတွေရ အောင် အားထုတ်ပါလို့ ဟောတော်မူခဲ့တယ်။ ဒါလေး လင်္ကာလေးရေးထားတယ်။

ကိလေသာကင်း သန့်ရှင်းအမှန်၊
စိုးရိမ်ပူဆွေး ငိုကြွေးလွတ်ပြန်၊
ကိုယ်စိတ်ဆင်းရဲ ချုပ်မြဲကေန်၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာန်။

ရေးပြီးကြပြီလား။ မရေးရသေးဘူးလား (မရေးရသေးပါ ဘုရား) ကမရေးရသေးယင်လဲ ရေးအုံးမှ-

ကိလေသာကင်း သန့်ရှင်းအမှန်၊
စိုးရိမ်ပူဆွေး ငိုကြွေးလွတ်ပြန်၊
ကိုယ်စိတ်ဆင်းရဲ ချုပ်မြဲကေန်၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာန်။

ဟောဒီ အကျိုးထူး (၇) ပါးကို ရနိုင်ပါတယ်တဲ့။
နံပါတ် (၁) က ဘာတဲ့၊ ကိလေသာတွေကင်းသွားမယ်။
နံပါတ် (၂) က စိုးရိမ်ပူဆွေးမှုတွေကို လွန်မြောက်သွားမယ်။
နံပါတ် (၃) က ငိုကြွေးမြည်တမ်းခြင်းကို လွန်မြောက်သွား မယ်။
နံပါတ် (၄) က ကိုယ်ဆင်းရဲချုပ်ငြိမ်းမယ်။
နံပါတ် (၅) က စိတ်ဆင်းရဲချုပ်ငြိမ်းမယ်။
နံပါတ် (၆) က အရိယာမဂ်ကို ရနိုင်တယ်။
နံပါတ် (၇) က နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်တဲ့။
ဒီအကျိုးထူး (၇) ပါး ရနိုင်ပါတယ်တဲ့။

ဒါကြောင့်မို့ ဟောဒီအကျိုးထူး (၇)ပါးကို ရချင်ယင် ဘာလုပ်ရမလဲလို့ဆိုတော့ ဟောဒီသတိပဋ္ဌာန်ကို အားထုတ်ပါတဲ့။

ကိလေသာကို၊ စင်ကြယ်လို၊ ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။

ကိလေသာကို၊ စင်ကြယ်လို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ပါမယ်။

လိုက်ဆိုကြ။

ကိလေသာကို၊ စင်ကြယ်လို၊ ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။

ကိလေသာကို၊ စင်ကြယ်လို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ပါမယ်။

နောက်တပုဒ်က-

ပူဆွေးမှုကို၊ လွန်မြောက်လို၊ ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။

ပူဆွေးမှုကို၊ လွန်မြောက်လို၊ သတိပဋ္ဌာန်လမ်းစဉ်ကိုလိုက်ပါမယ်။

နောက်တခုက–

ငိုကြွေးမှုကို၊ လွန်မြောက်လို၊ ဘယ်လမ်းစဉ်ကိုလိုက်ကြမယ်။

ငိုကြွေးမှုကို၊ လွန်မြောက်လို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ပါမယ်။

ကိုယ်ဆင်းရဲကို၊ လွန်မြောက်လို၊ ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။

ကိုယ်ဆင်းရဲကို၊ လွန်မြောက်လို၊ သတိပဋ္ဌာန်လမ်းစဉ်ကိုလိုက်ပါမယ်။

စိတ်ဆင်းရဲကို၊ လွန်မြောက်လို၊ ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။

စိတ်ဆင်းရဲကို၊ လွန်မြောက်လို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ပါမယ်။

အရိယမဂ်ကို၊ ရချင်လို၊ ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။

အရိယမဂ်ကို၊ ရချင်လို၊ သတိပဋ္ဌာန် လမ်းစဉ်ကို လိုက်ပါမယ်။

နိဗ္ဗာန်နန်းကို၊ ရောက်ချင်လို၊ ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။

နိဗ္ဗာန်နန်းကို၊ ရောက်ချင်လို၊ သတိပဋ္ဌာန် လမ်းစဉ်ကို လိုက်ပါမယ်။

ဒါလေး ဘုန်းကြီးတို့ တရားဟောတဲ့ အခါတော့ ချ ချ ပေးပါတယ်၊ ချပေးပြီးတော့ ဒီသံမှာ တရားဟော ဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေ ပါချင် ပါပါလိမ့်မယ်၊ ချပေးပြီးတော့ ဒီ ဥပမာလေးထုတ်ပေးတယ်၊ နိဗ္ဗာန်ကို လိုက်ကောလိုက်ကြမလား လို့ ပရိသတ်ကိုမေးပါတယ်။ မေးတော့ နိဗ္ဗာန်ကို လိုချင်ပါရဲ့၊ မဂ်ဖိုလ်တော့ လိုချင်ပါရဲ့၊ ဒါပေမယ့်သို့ ကျင့်ပါကြံပါဆို တော့ မကျင့်နိုင်မကြံနိုင်ပုံလေး ဥပမာတခု ပြောပါတယ်။

## ကြိုက်မယ့်သူမရှိတဲ့ မောင်လှအောင်

ဟိုရှေးတုန်းက ဒကာမကြီးတယောက် သူ့မှာ သားလေး တယောက်ရှိတယ်၊ သူ့သားလေးက မောင်လှအောင်တဲ့၊ ဘယ်သူတဲ့ သူ့သားလေးက၊ (မောင်လှအောင်ပါ ဘုရား)။ သူက အရပ်နဲ့နဲ့ဆိုးသတဲ့၊ ခံပင်လေးကတွန့်တယ်၊ လည်တံလေးကရှည် တယ်၊ ဇက်ကလေးကလဲ ကွေးတယ်။ မျက်လုံးကလဲ မှေး တယ်၊ နှုတ်ခမ်းကလဲ တဲ့တယ်၊ သွားကလဲ ခေါတယ်၊

စကားပြောတော့လဲ ရှုးနှောက်နှောက်၊ နဖူးကလဲ မောက်သေးတယ်၊ နှာယောင်ကလဲ ပွသေး၊ ပေါင်က ကျသေး၊ ချက်က လျှောသေးတယ်၊ ဆီးက ဖောင်းသေး၊ ဗိုက်ကပူသေး၊ မီးညှောင့်လဲ ဖုထွက်သေးတယ်၊ အစားလဲ ကြမ်းသေး၊ ခါးလဲ တန်းသေးတယ်။

ဒီတော့ အချိန်တန်အရွယ်ရောက်တဲ့အခါ အမျိုးသမီးတွေက သူ့ကို အသိအမှတ် မပြုကြဘူး၊ သူ့ကို အကပ်မခံဘူး၊ လူရာ မသွင်းဘူး၊ ဒါပေမယ့်သူ့အမေက ပစ္စည်းရှိတယ်။ ပစ္စည်းရှိတော့ လောကမှာ မနေခေတ်ကြီးဆိုပြီး စိန်လက်ကောက်ကြီးတွေ လုပ်ပြီးတော့ သူ့အမေက အမျိုးသမီးကလေးတွေ ရှိတဲ့အိမ် သွားစပ်တယ်။

ငါ့သား မောင်လှအောင်ကို မေတ္တာမျှပါ၊ ဟောဒီ စိန်လက် ကောက် ကြီး တွေ ပေး ပါ မယ်၊ တင် ပါ့ မယ် ပေါ့၊ အမျိုးသမီးကလေးတွေက လက်သင့်မခံဘူး၊ ဒီအိမ်က လက်မခံ၊ ဟိုအိမ်သွား၊ ဟိုအိမ်ကလဲ လက်သင့်မခံဘူး၊ ဘယ်အိမ်သွားသွား လက်သင့်မခံဘူး။

ဒီလိုနဲ့ အမျိုးသမီးတွေစုမိတယ်၊ စုမိတော့ သူတို့ စပ်မိစပ်ရာ ပြောကြတယ်၊ 'ညည်းတို့အိမ် မောင်လှအောင် အမေ မလာ ဘူးလား....'

'လာပါတယ်အေ'

'ညည်းဆီလဲ လာတယ်၊ ငါ့ဆီလဲ လာတယ်၊ မရောက်တဲ့ နေရာ မရှိဘူး'

'နို့ လက်သင့်မခံလိုက်ဘူးလား'

'ဟင့်အင်း...လက်သင့်မခံလိုက်ဘူး၊ စိန်လက်ကောက်တော့ လိုချင်ပါရဲ့ ကိုလှအောင်တော့ ဟင့်အင်း'တဲ့။ ဒါကြောင့်မို့–

စိန်လက်ကောက်တွေကိုတော့ လိုချင် လိုချင်၊
ကိုလှအောင်ကိုတော့ ဟင့်အင် ဟင့်အင်။

ဒို့ဒကာ ဒကာမတွေက....
မဂ်ဖိုလ်နိဗ္ဗာန်ကိုခတော့ လိုချင် လိုချင်၊
ကျင့်ကြံပါဆိုတော့ ဟင့်အင် ဟင့်အင်။

အဲဒါလေးကိုလဲ ဥပမာထည့်ပြီးတော့ ဒီနေရာမှာ ပေးလို့ ရပါတယ်။ အဲဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်ယင် ကျင့်ပါတဲ့၊ ကျင့်တော့ ဟောဒီ သတိပဋ္ဌာန်ကို ကျင့်ပါတဲ့။ ဘယ်လောက်များ ကျင့်ရမှာတုန်းဘုရား၊ တပည့်တော်တို့ ဒီအကျိုးတွေလိုချင်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်အောင်လို့ ကျင့်ချင်ပါတယ်၊ ကိလေသာတွေလဲ စင်ချင်ပါတယ်၊ စိုးရိမ်ပူဆွေးမှုတွေလဲ လွန်မြောက်ချင်တယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေလဲ လွန်မြောက်ချင်တယ်၊ ဘယ်သူမှ ငိုချင်တဲ့သူ မရှိဘူး၊ ဆင်းရဲချင်တဲ့လူ မရှိဘူး၊ အရိယာမဂ်လဲ ရချင်တယ်၊ နိဗ္ဗာန်ကိုလဲ လိုချင်တယ်၊ ကိုင်း ဘယ်လောက် အားထုတ်ရမတုန်း ဆိုတော့–

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဘိက္ခဝေ၊ငါ၏ချစ်သား ရဟန်းများတို့။ ယောဟိ ကောစိ၊ အမှတ်မရှိ ဘစုံတယောက်သော သူသည်။ ဣမေ စတ္တာရော–

သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ သတ္တဝဿာနိ၊ (၇) နှစ်တို့ပတ်လုံး။ ဘာဝေယျ၊ ပွားစေငြားအံ့။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ပင်လျှင်။ အညာဝါ၊ အရဟတ္တဖိုလ်ကိုဖြစ်စေ၊ သတိ ဝါ ဥပါဒိသေ ေသ ဥပါဒါန်အကြွင်းအကျန်ရှိသေးလျှင်၊ အနာဂါမိတာ ဝါ- အနာဂါမိဖိုလ်ကိုဖြစ်စေ၊ ဒွိန္နံဖလာနံ၊ ဤနှစ်ပါးသော ဖိုလ်တို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ မလွှတ်ကေန် အမှန်ပင်ဖြစ်ရမည်ဟု ယုံကြည်အားထား ကိန်းသေအားဖြင့် လိုလားအပ်ပါပေသတည်း။

ကိုင်း အချိန်စေ့သွားပြီ။ သိမ်းကြအုံး။

## ၁၃၃၇-ခု၊ တပို့တွဲလဆန်း (၈)ရက်နေ့၊
## ပုဇွန်တောင် ရွှေဘုန်းပွင့်မွေ့ရုံ၌
## မဟာစည် ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်
## ဟောကြားတော်မူအပ်သော
## မဟာသတိပဋ္ဌာနသုတ်လာ
## ယောဂီတိုက်တွန်းတရားတော်

ယနေ့ ၁၃၃၇-ခု၊ တပို့တွဲလဆန်း (၈)ရက်နေ့ ဟောကြားမယ့် တရားကတော့ မဟာသတိပဋ္ဌာနသုတ်လာ ယောဂီတိုက်တွန်း တရားပါဘဲ။ မနေ့က ကုရုသု-ကုရုတိုင်းပြည်၌-လို့ ဒီလို အနက်ပေးတာ ပါပါတယ်၊ ဆရာတော်ဘုရားကြီးက ကုရုတိုင်းပြည်ဆိုတာ များများရှိတာမဟုတ်ဘူးတဲ့၊ ဒါကြောင့်မို့ ဧကဝုစ်အနက်နဲ့ သူက ပေးပါတယ်။

ဒါကြောင့် ဆရာတော်ကြီး ပေးတဲ့အတိုင်းဘဲ လိုက်ပြီးတော့ ပေးပါတယ်၊ ပါဠိရှိတဲ့အတိုင်း ဆိုယင်တော့ ကုရုတိုင်းပြည်တို့၌-ဒီလိုနေမှာပါဘဲ၊ ဒါပေမယ့် ဆရာတော် ဘုရားကြီးရဲ့ အယူအဆအတိုင်း၌ ဧကဝုစ်အနက်နဲ့ ပေးလိုက်တယ်။ မနေ့က ကုရုသု-ကုရုတိုင်းပြည်၌-လို့ ဒီလိုဘဲပေးလိုက်ပါတယ်။

အဲဒီ သတိပဋ္ဌာနသုတ်တရားကို နာကြားခဲ့လို့ရှိယင် အားထုတ်ခဲ့လို့ရှိယင်တဲ့ အကျိုးတွေ (၇) ပါးရနိုင်တယ်လို့ ဒီလိုဟောပါတယ်။ အဲဒီ အကျိုးတွေ (၇) ပါးက တနေ့ကပြောခဲ့တဲ့ အတိုင်း စိတ်အညစ်အကြေး ကိလေသာမှ ကင်းဝေး စင်ကြယ်ခြင်း၊ သောကပရိဒေဝ လွန်မြောက်ခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်းလို့ ဆိုတော့ ဒီအကျိုးတွေလိုလားတဲ့ ပုဂ္ဂိုလ်တွေက ဒီတရားကို အားထုတ်ချင်ကြတယ်၊ အားထုတ်ချင်တော့ ဘယ်လောက်များ အားထုတ်ရမတုန်း ဘုရား၊ ဘယ်နှစ်နှစ်၊ ဘယ်နှစ်လ၊ ဘယ်နှစ်ရက် အားထုတ်ရမှာတုန်းလို့ ဆိုတော့ မြတ်စွာဘုရားက-

အာနိသံသကထာ

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ
ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ
အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ
အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ ယောဟိကောစိ-အကြင် အမှတ်မရှိ တစုံတယောက်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ ဣမေ စတ္တာရောသတိပဋ္ဌာနေ-ဤ လေးပါးသော သတိပဋ္ဌာန်တို့ကို၊ ဧဝံ-ဤဆိုအပ်ခဲ့ ပြီးသော နည်းဖြင့်၊ သတ္တဝဿာနိ-ခုနစ်နှစ်တို့ပတ်လုံး၊ ဘာဝေယျ-ပွားစေငြားအံ့၊ တဿ-ထိုပုဂ္ဂိုလ်အား၊ ဒိဋ္ဌေဝ ဓမ္မေ-ယခု မျက်မှောက်သော ကိုယ်၏အဖြစ်၌ ပင်လျှင်၊ အညာဝါ-အရဟတ္တဖိုလ်ဖြစ်စေ၊ သတိ ဥပါဒိသေသေ-ဥပါဒါန် အကြွင်း

အကျန်ရှိသေးလျှင်၊ အနာဂါမိတာ ဝါ-အနာဂါမိ ဖိုလ်ဖြစ်စေ၊ ဒိန္နံ ဖလာနံ-နှစ်ပါးသော ဖိုလ်တို့တွင်၊ အညတရံ ဖလံ-တပါး ပါးသောဖိုလ်ကို၊ ပါဋိကင်္ခံ-မချွတ်ကေန် အမှန်ပင်ဖြစ်ရမည်ဟု ယုံကြည်အားထား ကိုန်းသောအားဖြင့် လိုလား အပ်ပါပေ သတည်း။

သာဓု....သာဓု....သာဓု။

မြတ်စွာဘုရားက ဒီတရားကို အားထုတ်ခဲ့ယင် (၇)နှစ်တဲ့၊ ဘုန်းကြီးတို့ ယောဂီတွေ (၇) နှစ်ဆို အားထုတ်နိုင်ပါ့မလား၊ နဲနဲတော့များနေပြီ တွန့်သွားတယ်နော်။ သို့မဟုတ် အားထုတ် ရမှာ(၇)လ၊ (၇)ရက်တဲ့။ ဒါကြောင့်မို့ (၇)နှစ်၊ (၇)လ၊ (၇)ရက်- အများဆုံး (၇) နှစ်ပါဘဲတဲ့။ အလယ်အလတ် (၇)လ၊ အနဲဆုံး အမြန်ဆုံး (၇)ရက်။ ဘယ်လိုပုဂ္ဂိုလ်တွေ အားထုတ်ရမှာတုန်း ဆိုတော့ယောဟိ ကောစိ-တဲ့။

ယောဟိ ကောစိ အရ အဋ္ဌကထာ ယောဟိ ကောစိ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ-လို့ ဒီလို ဖော်ပြခဲ့တယ်။ အမှတ်မရှိ ဘတ်စုံတယောက်သောသူ ဆိုတာတဲ့ ရဟန်းဘဲဖြစ်စေ၊ ဘိက္ခုနီမဘဲဖြစ်စေ၊ ဥပါသကာ ဒါယကာဘဲ ဖြစ်စေ၊ ဥပါသိကာမ အမျိုးသမီးဘဲဖြစ်စေတဲ့၊ ဘယ်ပုဂ္ဂိုလ်ဘဲ အားထုတ်အားထုတ်၊ အားထုတ်လို့ရှိယင်ဖြင့် မရတော့မရှိပါ ဘူးတဲ့၊ အများဆုံး ၇-နှစ်အားထုတ်ယင် ရနိုင်တယ်၊ ဒီထက် နဲလို့ရှိယင်-

တိဋ္ဌန္တု ဘိက္ခဝေ သတ္တဝဿာနိ၊ ယောဟိကောစိ
ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ

ခေါ် ဘာဝေယျ ဆဝဿာနိ၊ ပဉ္စ ဝဿာနိ၊
စတ္တာရိ ဝဿာနိ၊ တီဏိ ဝဿာနိ၊
ဒွေ ဝဿာနိ။ ပ။ ကေါ်မာသိ။

ဘာဝေယျဆဿာနိ၊ ၇-နှစ် ၆-နှစ်က ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ လျှော့လျှော့လာတာ ၇-လ၊ ၆-လ၊ ၅-လ၊ ၄-လ၊ ၃-လ၊ ၂-လ၊ ၁လ၊ ၇-ရက်စသည်ဖြင့် လျှော့လျှော့လာတယ်၊ ဒါဖြင့်ယင် (၇)နှစ်ထက်ပိုပြီး အားထုတ်ရတဲ့ ပုဂ္ဂိုလ်တွေ မရှိဘူးလား၊ (၇) ရက်ထက်နဲ့ပြီး အားထုတ်ရတဲ့ ပုဂ္ဂိုလ်မရှိဘူးလား။ အဋ္ဌကထာက ဒီလိုဖွင့်ပါတယ်တဲ့။

သဗ္ဗမ္ပိစေတံ မဇ္ဈိမဿဝေနေယျ ပုဂ္ဂလဿ
ဝသေန ဝုတ္တံ၊ တိက္ခပညာပန သန္ဓာယ 'ပါတော
အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ၊
သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ
အဓိဂမိဿတိ' တိဝုတ္တံ။

မနက်အားထုတ်၊ ညနေရနိုင်

၇-နှစ်၊ ၇-ရက်ထက် အယုတ်အလွန်အားဖြင့် အားထုတ်ရသောသူ မရှိကောင်းပါသလောဟု မေးဘွယ်အတွက် ဆက်၍ပြောရယင် သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ စေတံ၊ ၇-နှစ်၊ ၇-ရက်ဖြင့် ပိုင်းခြား၍ပြသော စကားကို၊ မဇ္ဈိမဿဝ၊ အလယ်အလတ်စားသာလျှင် ဖြစ်သော၊ နေယျပုဂ္ဂလဿ၊ နေယျပုဂ္ဂိုလ်၏။ ဝသေန၊ အလိုအားဖြင့်။ ဝုတ္တံ၊ ဟောအပ်ပေ၏။ တိက္ခပညာပန၊ ဉာဏ်ပညာထက်သော ပုဂ္ဂိုလ်ကား။ သန္ဓာယ၊ ရည်၍။ ပါတောအနုသိဋ္ဌော၊ နံနက်ခင်းက အဆုံးအမခံ၍

အားထုတ်သောပုဂ္ဂိုလ်သည်။ သာယံ၊ ညနေခင်း၌။ ဝိသေသံ အဓိဂမိဿတိ၊ မဂ်ဖိုလ်တရားတို့ကို ရောက်ပါလတ္တံ့။ သာယံ- အနုသိဋ္ဌော၊ ညနေက အဆုံးမခံရ၍ အားထုတ်သော ပုဂ္ဂိုလ်သည်။ ပါတော၊ နံနက်ခင်း၌။ ဝိသေသံအဓိဂမိဿတိ၊ မဂ်ဖိုလ် တရားထူးကို ရောက်ပါလတ့်-ရပါလတ္တံ့ဟူ၍။ဝုတ္တံ၊ မိန့်ဆိုတော် မူအပ်ပါပေ၏။

ဘုန်းကြီးတို့ ၇ နှစ်တို့၊ ၇ ရက်တို့ဆိုတာ ကျင့်ကြံ အား ထုတ်တဲ့ ပုဂ္ဂိုလ်က အလယ် အလတ်စားဖြစ်တဲ့ နေယျပုဂ္ဂိုလ်ကို ရည်ရွယ်ပြီး ပြောတာပါတဲ့။ ဒီထက် ဉာဏ်ပညာထက်တဲ့ ပုဂ္ဂိုလ် ဆိုလို့ရှိယင်ဖြင့် မနက်အားထုတ်ယင် ညနေ ရနိုင်ပါတယ်တဲ့၊ ညနေ အားထုတ်ယင် မနက် ရနိုင်ပါတယ်တဲ့။

မနက်ခင်းမှာ အမှတ်တရားတွေကို နာယူပြီးတော့ ရှုနည်း မှတ်နည်းတွေအတိုင်း ကျကျနန အားထုတ်မယ်ဆိုယင် ညနေ ခင်းမှာလဲ ရဟန္တာဖြစ်နိုင်ပါတယ်တဲ့၊ဒါ လျင်မြန်တဲ့ ပုဂ္ဂိုလ်တွေ အတွက်ပါဘဲ။ အင်မတန် လေးကန်တဲ့ ပုဂ္ဂိုလ်ရဲ့အတွက် ဆိုယင် လဲဘဲ ၇ ရက်၊ ၇ လ၊ ၇ နှစ်မကဘဲနဲ့ ဒီထက်ပိုပြီး အားထုတ် ရတဲ့ ပုဂ္ဂိုလ်လဲဘဲ ရှိတတ်ပါတယ်တဲ့။ ဒါကတော့ ပါရမီ အနု အရင့် အလယ် အလတ်၊ လိုက်ပြီးတော့ ပြောတာပါတဲ့။

၇ နှစ်၊ ၇ လ ဆိုတာ မိမိရဲ့ ဉာဏ်ပညာ ပါရမီက ကောင်း နေမယ်ဆိုယင် ကောင်းသလို မြန်ပါတယ်။ မိမိပါရမီက ထက် သန်နေယင်လဲ မနက်အားထုတ် ညနေရမယ်၊ ညနေအားထုတ် မနက်ရမယ်။ ဒီလိုမှ မရဘူးလို့ ဆိုလို့ရှိယင်လဲဘဲ၊ ၇ ရက်နဲ့ ရနိုင်ပါတယ်တဲ့။ ပါရမီ အနု အရင့် လိုက်လို့ပါဘဲ။ ယောဂီရဲ့ ပါရမီအလိုက် ၇ ရက်နဲ့ မရဘူးဆိုယင်လဲ ၇ လဘဲ့၊ ၇လ မှ

မရယင် ၇ နှစ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက မည်သည့်ပုဂ္ဂိုလ်မျိုးမဆို အားထုတ်ယင် မရတော့မရှိပါဘူး၊ ရမှာ ပါဘဲတဲ့။

ဒါလေးကိုဘဲ လင်္ကာလေး နှစ်မျိုး စပ်ထားတာ ရှိပါတယ်။ တမျိုးကတော့ ဆရာတော်ဘုရားကြီး ရေးထားတာ။

သတိပဋ္ဌာန်ဓမ္မစက်ကို ဝန်ခံချက်နဲ့ ဒို့မြတ်စွာ၊
ဟောမိန့်ပုံမှာ ထိုတရားကို
ဖြစ်ပွားစေတဲ့ ရှင်လူမှာ၊
အလွန်ကြာလျှင် ၇ နှစ်နဲ့ ရဟန္တာစစ်ဖြစ်နိုင်ပါ။
စွဲမှုကြံတောင် နဂါးမ်လောက်တော့
ဆိုက်ရောက်မယ်တဲ့ ကောန်ပါ။
မြန်သူဆိုလျှင် ခုနှစ်ရက်နဲ့
ထိုဖိုလ်မဂ်ကို ရနိုင်ပါ။
ရဲရင့်ခိုင်မာ ဝန်ခံချက်နဲ့
ဓမ္မစက်ကို ဟောခဲ့ပါ။
နိဗ္ဗာန်လိုသူ မယုံမှားနဲ့
မြတ်ဘုရားကို ယုံကြည်ကာ။
သတိပဋ္ဌာန်၊ ကိုယ်သန္တာန်၊ အမြန်ပွားစေရာ၊
သို့ပွားစေမှ၊ နိဗ္ဗာန်ရ၊ မုချငြိမ်းအေးမှာ။ ။

သူက နဲနဲတော့ရှည်ပါတယ်။ နောက်ကျမှ အတိုလေးရှိတယ်။ ဒါကြိုက်လို့ ရေးချင်ယင်လဲ ရေးနိုင်ပါတယ်။

သတိပဋ္ဌာန် ဓမ္မစကြ်ကို၊ ဝန်ခံချက်နှင့် ဒို့မြတ်စွာ၊
ဟောမိန့်ပုံမှာ ထိုတရားကို၊ ဖြစ်ပွားစေတဲ့ ရှင်လူမှာ၊
အလွန်ကြာလျှင် ခုနစ်နှစ်နဲ့ ရဟန္တာစစ် ဖြစ်နိုင်ပါ၊

စွဲမှုကြီးတောင် နာဂါမ်လောက်တော့
ဆိုက်ရောက်မယ်တဲ့ ကေန်ပါ၊
မြန်သူဆိုလျှင် ခုနစ်ရက်နဲ့၊ ထိုဖိုလ်မဂ်ကို ရနိုင်ပါ၊
ရဲရင့်ခိုင်မာ ဝန်ခံချက်နဲ့၊ ဓမ္မစက်ကို ဟောခဲ့ပါ၊
နိဗ္ဗာန်လိုသူ မယုံမှားနဲ့၊ မြတ်ဘုရားကို ယုံကြည်ကာ၊
သတိပဋ္ဌာန်၊ ကိုယ့်သန္တာန်၊ အမြန်ပွားစေရာ၊
သို့ပွားစေမှ နိဗ္ဗာန်ရ၊ မုချငြိမ်းအေးမှာ။

အဲဒီအထဲမှာ အကျဉ်းလေးကတော့ '(၇)နှစ်မျှ၊ကျင့်ကြံက၊ မုချ မဂ်ဖိုလ် ရနိုင်သည်' ဒီလောက်ကတော့ လွယ်ပါလိမ့်မယ်။ ရေးချင်လဲ လိုက်ရေးကြ၊ (၇)နှစ်မျှ၊ ကျင့်ကြံက၊ မုချ မဂ်ဖိုလ် ရနိုင်သည်။

(၇) လမျှ၊ ကျင့်ကြံက၊ မုချ မဂ်ဖိုလ်ရနိုင်သည်။
(၇) ရက်မျှ၊ ကျင့်ကြံက၊ မုချ မဂ်ဖိုလ်ရနိုင်သည်။
သတိပဋ္ဌာန်၊ မြတ်သုတ္တန်မှာ၊ ဝန်ခံချက်နှင့်ဟောခဲ့သည်။

ဒါကတော့ မြတ်စွာဘုရားက ဒီသတိပဋ္ဌာန်တရားကိုပွားများအား ထုတ်ခဲ့လို့ ရှိယင်ဖြင့် သေသေချာချာ အကျိုးတွေရမှာပါဘဲလို့ ရဲရဲရင့်ရင့် ဝန်ခံတဲ့ စကားပါဘဲ။ မြတ်စွာဘုရားက ရဲရဲရင့်ရင့် ဝန်ခံတော်မူပါတယ်။

ဒါကြောင့်မို့ 'ကံလေသာတွေလဲ စင်ကြယ်နိုင်တယ်၊ သောကလဲ လွန်မြောက်နိုင်တယ်'လို့ ဆိုတော့ သောကကို လွန်မြောက်သွားတဲ့ သာကေလေးကို ဘုန်းကြီးတို့ အတိုချုံးပြီးတော့ သန္တတိအမတ်ကြီး သူပုန်ရန်တွေကို နှိမ်နင်းပြီး အောင်မြင်လို့ ပြန်အလာမှာ ကောသလမင်းကြီးက အင်မတန် နှ်သက် သဘော

ကျပြီး သူ့ကို ဘုရင်မင်းမြတ်ကြီးရဲ့ အသွင်သဏ္ဍာန်နဲ့ ဘုရင့်စည်းစိမ် ခံစားစေလို့ (၇)ရက်တိုင်တိုင် ခွင့်ပြုလိုက်ပါတယ်။ သန္တတိအမတ်ကြီးဟာ အဲဒီ(၇)ရက်ပတ်လုံး မင်းစည်းစိမ်ကို ထင်သလို ပျော်ပါးခံစားပြီးတော့ နေပါတယ်၊ သူ့မှာ ဖျော်ဖြေတဲ့ အမျိုးသမီးလေးတွေနဲ့ မူးလို့ ယစ်လို့ သောက်လို့ စားလို့ နေ့စဉ်နဲ့အမျှ ကာမဂုဏ်အာရုံတွေနဲ့ ပျော်ပါးပြီးတော့ နေခဲ့တယ်။ ဒီလိုနေတုန်း (၇)ရက် မြောက်တဲ့နေ့ကျတော့ သူက ရေချိုးသွားတယ်၊ မြတ်စွာဘုရား သခင်ကလဲ ကြွအလာ လမ်းမှာတွေ့တော့ ဆင်ပေါ်ကနေပြီးတော့ ခေါင်းညိတ်ပြီး အရိုအသေ ပေးပါတယ်။ အဲဒီလို အရိုအသေ ပေးလိုက်တဲ့အခါ မြတ်စွာဘုရားက သြော်-သန္တတိအမတ်ကြီးဟာ ကနေ့ဘဲရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံလိမ့်မယ်လို့ သိမြင်တော်မူတော့ ပြုံးတော်မူတယ်။

## ဘုရားရှင် ပြုံးတော်မူလျှင်

ပြုံးတော်မူတော့မှ အရှင်အာနန္ဒာက နောက်ကနေလျှောက်ထားတယ်၊ မြတ်စွာဘုရားရှေ့က ပြုံးတာကို နောက်ကနေတဲ့ အရှင်အာနန္ဒာက ဘယ်လိုလုပ်သိသလဲလို့ဆိုတော့ ပြုံးတော်မူတဲ့ အခါမှာ သွားတော်က ဖြူဖွေးသော ရောင်ခြည်တော်တွေက ထွက်လာတယ်။ အဲဒီရောင်ခြည်တော်တွေ ထွက်လာလို့ရှိယင် မြတ်စွာဘုရားပြုံး တော်မူတယ်လို့သိတယ်။ အကြောင်းမဲ့ မပြုံးဘူးလို့ သိလို့ သူက ပြုံးတော်မူခြင်းရဲ့ အကြောင်းကို လျှောက်ထားတယ်။ ဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသလဲဘုရားတဲ့။

အာနန္ဒာ၊ ဟောဒီဆင်ပေါ်က သွားတဲ့ သန္တတိ အမတ်ကြီးဟာ ကနေ့ဘဲ ရဟန္တာဖြစ်ပြီးတော့၊ ထန်းပင် ၇-ဆင့်လောက်

မြင့်တဲ့အရပ်မှာနေပြီး ပရိနိဗ္ဗာန် စံဝင်လိမ့်မယ်လို့ မိန့်တော်မူပါတယ်။ ဘုရားရှင်ရဲ့ ဒီစကားတော်ကို မကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိလူတွေကလဲကြားတယ်၊ မိစ္ဆာဒိဋ္ဌိဘက်ကကြားတော့ ဒီလောက်မူးရူးပြီးတော့ ကာမဂုဏ်အာရုံတွေနဲ့ ဒီလောက်ပျော်နေတဲ့ လူကြည့်စမ်း၊ ရှင်ကြီးဂေါတမက ကနေ့ဘဲ ရဟန္တာဖြစ်လိမ့်မယ်၊ ထန်း ၇-ဆင့်မြင့်တဲ့အရပ်ကနေပြီး ပရိနိဗ္ဗာန်စံဝင်လိမ့်မယ်တဲ့၊ ဒီစကားတော့ မဟုတ်နိုင်ဘူး၊ ဒါကို သေသေချာချာ မှတ်ထားကြ၊ သက်သေသက်ကာယနဲ့ ဂေါတမကို ကနေ့တော့ မုသာဝါဒနဲ့ ဒို့စွပ်စွဲမယ်လို့ မြတ်စွာဘုရားအပေါ်ကို မိစ္ဆာဒိဋ္ဌိဘက်က ဒီလိုပြောဆိုကြတယ်၊ ဒီလိုစိတ်ကူး ဒီလိုအကြံအစည်တွေနဲ့ သူတို့ကလဲ မြတ်စွာဘုရားကို မုသာဝါဒနဲ့ စွပ်စွဲဘို့ လူစုဝေးပြီး လာကြတယ်။ ကြည်ညိုလို့ မဟုတ်ပါဘူး၊ တရားနာချင်လို့ မဟုတ်ပါဘူး၊ သူတို့က မြတ်စွာဘုရားအပေါ်မှာ အကွက်ကောင်းရှာနေတာကိုး။

ရှေးဟုန်းက ဘုရားအဆုံးအမအတိုင်း ကျင့်ကြံသူတွေကို သမ္မာဒိဋ္ဌိ ခေါ်တယ်။ ခုတော့ ဗုဒ္ဓဘာသာတဲ့။ ဒို့မြတ်စွာဘုရားမိန့်တော်မူလိုက်ယင် ဘယ်တော့မှ လွဲဘယ်လို့ မရှိဘူး၊ နှစ်ခွန်းမရှိဘူး၊ တခွန်းထဲရှိတာ။ ကေနွှဲတော့ ဒီသန္တတိအမတ်ကြီးရဲ့ တင့်တယ်ပုံ၊ ကောင်းကင်ပျံတက်ပုံတွေကို ဒို့တော့ တကယ်မြင်ရတော့မှာဘဲ၊ ထူးထူးဆန်းဆန်းတွေကိုဘု းမိန့်တော်မူတဲ့အတိုင်း ယုံကြည်ပြီးတော့ သမ္မာဒိဋ္ဌိဘာ ်ကလဲ လူတွေအများကြီးဘဲ၊ မိစ္ဆာဒိဋ္ဌိဘက်ကလဲ မုသာဝါဒနဲ့ စွပ်စွဲဖို့ လာနေကြတယ်၊ သမ္မာဒိဋ္ဌိဘက်ကလဲ မြတ်စွာဘုရားရဲ့ တရားထူး တရားမြတ်တွေနာကြားဖို့ လာနေကြတယ်။

ဒီလို ရည်ရွယ်ချက်အသီးသီးနဲ့ စောင့်မြှော် နေကြတယ်။ သန္တတိအမတ်ကြီးကလဲ အင်မတန် အဖျော်အဖြေ အယုအယ အပြုအမူကောင်းတဲ့ ကချေသည် အမျိုးသမီးလေးနဲ့ ပျော်နေတုန်းခပေါ့၊မင်းသမီးကလေးက သူက သန္တတိအမတ်ကြီး အပေါ်မှာ အမျိုးမျိုး မူရာမာယာတွေနဲ့ လုပ်ပြီးတော့ ဖျော်ဖြေနေရတာကိုး။ ကချေသည်မလေးကလဲ ခါးလေးသေးပြီး လှသထက်လှအောင်လို့ က,တုန်းမှာ အစာကို နဲနဲလေး လျှော့လျှော့စားတယ်။ အစာကသဲနဲ့၊ ကြိုးကြိုးစားစားလဲ က,လိုက်တယ်ဆိုတော့ ခုန်အကလိုက်မှာ တခါထဲလေဖြတ်ပြီး အောက်လဲ ကျလာရော၊ အသက်က ပါမလာဘူး။ တခါထဲ ပါးစပ်ကလဲ ဟောင်းလောင်း၊မျက်လုံးကလဲပြူးပြူးနဲ့ အသက်မရှိတော့ဘူး။ သေခြင်းတရားဆိုတာ အဲဒီလို အလွန်မြန်တာမျိုးဘဲလို့ မှတ်ဘားကြ။ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုများ ပြုလုပ်တဲ့အခါမှာ သေခြင်းတရားက မဦးခင်၊ သေမင်းကမဦးခင်တရားက ဦးအောင်အားထုတ်လို့ မြတ်စွာဘုရားက-

အဇ္ဇေဝကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ
န ဟိနော သင်္ကရံ တေန မဟာသေနေန မစ္စုနာ

နေ့ရက် ရွှေ့မနေကြနဲ့တဲ့။ အဇ္ဇဝ၊ ယနေ့၌ပင်လျှင်၊ ကိစ္စံ၊ ဒါန သီလစသော ကုသိုလ်ကောင်းမှုတို့ကို။ အာတပ္ပံ၊ လုံ့လကျိုးကုတ်အားကုန်ထုတ်၍ ပြုလုပ်အပ်၏။ သုဝေ၊ ယနေ့ကုန်လို့ နက်ဖန်သို့ ရောက်သောအခါ၌။ မရဏံ၊ သေရအံ့မည်ကို။ ကော၊ ဘယ်သူသည်။ ဇညာ၊ သိနိုင်ပါတော့အံ့နည်း။ ဟိသစ္စံ၊ မှန်ပါပေ၏။ မဟာသေနေန၊ များသောစစ်သည်

တပ်သားရှိသော။ တေနမစ္စုနာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ သတ္တဝါလွှမ်းမိုးပါ၍ အာဏာပိုင်နှင်း ရှင်သေမင်းကြီးနှင့်။ နော၊ ငါတို့အား။ သင်္ကုံ၊ မိတ်ဆွေဖွဲ့၍ ချိန်းချက်ထားခြင်း သည်။ နတ္ထိ၊ မရှိ။ သယ်သူမှ ချိန်းချက်ထားတာမရှိပါဘူးတဲ့။

သုံးဆယ့်တဘုံကို အစိုးရပိုင်ဆိုင်တဲ့ မရဏာသန္တမင်းကြီးနဲ့ ရှင်သေမင်း ကျုပ်တို့ ဘယ်ရက်မှခေါ်ပါ၊ ဘယ်လမှခေါ်ပါ စသည်ဖြင့် ရွှေငွေဘဏ္ဍာပေးပြီး ချိန်းချက်ထားတဲ့သူလဲ မရှိပါ ဘူးတဲ့၊ ချစ်ကျွမ်းဝင်အောင် ပေါင်းပြီးတော့ သေမင်းရဲ့ အလိုလိုက် အကြိုက်ကိုပေးပြီး ပေါင်းသင်းထားတဲ့သူလဲ မရှိ ဘူးတဲ့၊ ဒီသေမင်းကြီးကို ပုန်းလျှိုးပြီးတော့ ဂါထာမန္တရား ဆေးဝါး အင်းအိုင်တွေနဲ့ ဒီလိုတိုက်လို့လဲ မရနိုင်ဘူးတဲ့၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှစစ်သည်တွေ စုပေါင်းပြီးတော့ ဒီ သေမင်းကို ဝိုင်းတိုက်လို့လဲ မနိုင်ပါဘူးတဲ့။

ဒါကြောင့် ဒီသေမင်းကြီးဟာ သုံးဆယ့်တဘုံရှိတဲ့ လူတွေ အကုန်လုံးကို စိုးပိုင်ပါတယ်တဲ့။ ၉၆-ပါး ဘေးရောဂါတွေ အဆိပ်လက်နက်ကောင်းတွေနဲ့ ပြည့်စုံနေတဲ့ အတွက် သူက ဘယ်အချိန်ခေါ်မယ်လို့ မသိဘူးတဲ့၊ နေ့ခေါ်မလား၊ ညခေါ် မလား မသိဘူး၊ သူခေါ်တဲ့အချိန် လိုက်ရမှာချည်းတဲ့။ ဒါ ကြောင့်မို့ သူမခေါ်ခင် သူမဦးခင် တရားကဦးအောင် အား ထုတ်ကြလို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ နေ့နှစ်မှ အားထုတ်မယ်ဆိုရင် ဒီနှစ်သေသွားနိုင်တယ်၊ ဒီနှစ် သေသွား လို့ရှိယင် တရားအားမထုတ်ရခင် သေမင်းက ဦးသွားလို့ တရားက နောက်ကျနေပါတယ်။ ကိုယ့်မှာ အားကိုးစရာ ဘာမှ

မပါဘူးတဲ့။ ရှေ့လမှ အားထုတ်မယ်ဆိုယင် ဒီလထဲလဲ သေသွားနိုင်တယ်၊ နက်ဖန်ခါမှ အားထုတ်မယ်ဆိုယင် ကနေ့ သေသွားနိုင်တယ်၊ တော်တော်ကြာမှ အားထုတ်မယ်ဆိုယင် အခု သေသွားနိုင်တယ်တဲ့၊ ဒါကြောင့်မို့ တရားကို ကြိုးစားပြီးတော့ အားထုတ်ကြလို့ မြတ်စွာဘုရားက....

တရားက ဦး၊ မမှားဘူး၊ အထူး ညာဏ်နှင့်ယှဉ်။

တရားကဦးယင်တော့ မမှားပါဘူး။ ဒါကြောင့် တရားက နောက်မကျစေနဲ့တဲ့။

## ပရိဒေဝမီးတွေ ဝိုင်းနေပြီ

ဒါကြောင့်မို့ ခုကြည့်ပါလား၊ဒီမှာ ကချေသည် အမျိုးသမီးကလေးကလဲ သူ့ကိုယ်သူ သေလိမ့်မယ်လို့ မထင်ဘူး၊ ဘေးကလူတွေလဲ မထင်ဘူး၊ အားလုံး ပွဲကြည့်ပရိသတ်တွေလဲ မထင်ဘူး၊ သေခြင်းတရားဆိုတာ ဗြုန်းကနဲ တခါထဲ လတ်တလော သေသွားတယ်၊ သေသွားတယ်ဆိုယင်ဘဲ ဒီအ မတ်ကြီးမှာ သောကတွေ ပရိဒေဝတွေ တခါထဲ တောက်လောင်တော့တာဘဲ၊ နေစရာကို မရှိတော့ဘူး၊ ပူလိုက်တာတဲ့၊ အလွန်တရာ ချစ်ခင်နေတဲ့၊ အသက်တမျှချစ်ခင်လှတဲ့ အမျိုးသမီးကလေး၊ အကကောင်း၊ အငိုကောင်း၊ အဆိုကောင်း၊ အချဲ့ကောင်း မလေးမို့ အလွန်သာယာနှစ်သက် စွဲမက်နေတဲ့ အမျိုးသမီးလေး လတ်တလော သေသွားတယ်ဆိုတော့ တခါထဲ နေစရာကို မရှိတော့ဘူး။ ပူလိုက်တဲ့ အပူ၊ သူလဲဘဲ ဆူပူသောင်းကျန်းနေတဲ့ သူပုန် သူကန်တွေကိုသာ နိုင်အောင်တိုက်နိုင်တယ်။ သူ့မှာ ပူနေတဲ့ သောကပရိဒေဝ၊ လောဘတွေ ဒေါသတွေ၊ ဒီကိလေ

သာ ရန်သူမီးတွေကိုတော့ သူနိုင်အောင် မတိုက်နိုင်ဘူး။ ဒီလောဘ ဒေါသရန်သူတွေတော့ သူလဲမတတ်နိုင်ဘူး၊ သူများလဲ မတတ်နိုင်ဘူး။ နေစရာမရှိအောင်ပူနေတော့ ဒီအပူကို ဘယ်သူငြိမ်းနိုင်ပါမလဲလို့ စဉ်းစားတော့ မြတ်စွာဘုရားကသာ ငြိမ်းနိုင်မယ်၊ မြတ်စွာဘုရားမှတပါး အခြားသော ပုဂ္ဂိုလ်တွေ တတ်နိုင်ဘယ်ရာမရှိဘူးတဲ့။ လူနတ်ဗြဟ္မာ သတ္တဝါတွေ ဘယ်လိုပင် တန်ခိုးကြီးသော်လဲ ဒီကိလေသာ ရန်သူကိုတော့ နိုင်အောင် မနှိမ်နင်းနိုင်ကြလို့ မြတ်စွာဘုရားထံ သွားပါတယ်။ မြတ်စွာဘုရားထံ သွားတဲ့အခါကျတော့မှ မြတ်စွာဘုရားက—

ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာတေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။

မြတ်စွာဘုရားက ဒီဂါထာလေး ဟောပါတယ်၊ မှတ်စရာလေးပေါ့။ ပုဗ္ဗေ၊ ရှေးလွန်ခဲ့ပြီး ချုပ်ခဲ့ပြီးသော ရုပ်နာမ်သင်္ခါရတို့၌။ ယံ ယေကိလေသာ၊ အကြင်ကိလေသာတို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်နိုင်ရာကုန်၏။ တံ တေကိလေသေ၊ ထိုကိလေသာတို့ကို၊ ဝိသောသေဟိ၊ ခြောက်သွေ့ပါစေလော့။ ပစ္ဆာ၊ နောက်ဖြစ်လတ္တံ့သော ရုပ်နာမ်သင်္ခါရတို့၌။ တေ၊ သင့်အား။ ကိဉ္စနံ၊ ရာဂစသော ကြောင့်ကြမှုသည်။ မာအဟု၊ မဖြစ်ပါစေနှင့်။ မဇ္ဈေ၊ အလယ်ပိုင်းဖြစ်သော ရုပ်နာမ်သင်္ခါရတို့၌။ စေနောဂဟေဿသိ၊ အကယ်၍ တဏှာဒိဋ္ဌိဖြင့် မစွဲယူငြားအံ့။ ဧဝံသတိ၊ သို့ဖြစ်ခဲ့သော်။ တွံ၊ သင်သည်။ ဥပသန္တော၊ ကိလေသာအပူမီး ငြိမ်းအေးပြီးသည် ဖြစ်၍။ စရိဿသိ၊ နေထိုင်ရဖြစ်ပေလိမ့်သတည်း။

မြတ်စွာဘုရားက ဒါလေးဟောတယ်။ ဒါ တရားရှုမှတ်ပုံလေးနဲ့ စပ်လျဉ်းပြီးတော့ ဟောတာပါဘဲ။ ယံ ပုဗ္ဗေ တံဝိသော-သေဟိ· ရှေးသင်္ခါရအပေါင်းမှာ ဖြစ်နိုင်တဲ့ ကိလေသာတွေကို ခြောက်သွေ့ပါစေ-တဲ့။ ဟိုလွန်ခဲ့တဲ့ အတိတ်တုန်းက ဖြစ်ခဲ့တဲ့၊ ရုပ်နာမ်သင်္ခါရတွေကို စွဲပြီးတော့ ကိလေသာတွေ ဖြစ်နိုင်တယ်၊ လောဘတွေလဲဖြစ်နိုင်တယ်၊ ဒေါသတွေလဲ ဖြစ်နိုင်တယ်၊ အဲဒီကိလေသာတွေဟာ ဒီသန္တတိ အမတ်ကြီးအနေနဲ့ ပြောရမယ်ဆိုယင် ရှေးတုန်းကနေခဲ့တဲ့ ခုအမျိုးသမီးလေး ကပြပုံ၊ မူရာမာယာတွေနဲ့ မူပုံခဲ့ပုံပါဘဲ၊ အဲဒီတုန်းကဟာလေးတွေကို တွေးမြင်သာယာပြီးတော့ သူက လောဘလဲ ဖြစ်နိုင်တယ်၊ တခါတခါလဲ့ စိတ်ဆိုး စိတ်ပျက်တဲ့ ဒေါသလဲ ဖြစ်နိုင်တယ်တဲ့။

## အတိတ်ကို ပြန်မတွေးနဲ့

ရှေးတုန်းက လွန်ခဲ့တဲ့ အာရုံဟောင်းကို ပြန်ပြောင်းတွေးထင်နေပြီးတော့ ကိလေသာတွေဖြစ်နိုင်တယ်တဲ့။ ဒါကြောင့်မို့ အဲဒီ ကိလေသာတွေ မဖြစ်ပါစေနဲ့လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ ဒါတွေ တွေးမိယင် ဘယ့်နှယ်လုပ်မတုန်းလို့ဆိုတော့ စိတ်ကူးတယ်....စိတ်ကူးတယ်၊ စဉ်းစားတယ်....စဉ်းစားတယ်-လို့ နိုင်အောင်မှတ်ပါတဲ့။ အဲဒီလို နိုင်အောင်မှတ်လို့ရှိယင်ဖြင့် ကိလေသာတွေက ရှေ့ဆက်လက်မဖြစ်တော့ဘူး။ ပြတ်တောက်သွားတယ်၊ ရှေ့က စိတ်ဆိုးစရာ စိတ်ပျက်စရာ သာယာစရာတွေအားလုံး ပြတ်သွားပါတယ်။ ဒါကြောင့်မို့— မြတ်စွာဘုရားက—

ပုဗ္ဗေ၊ ရှေးလွန်ခဲ့ပြီး ချုပ်ခဲ့ပြီးသော ရုပ်နာမ် သင်္ခါရ၌။ ယံယေကိလေသာ၊ အကြင်ကိလေသာတို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်နိုင်ကုန်ရာ၏။ တံတေကိလေသေ၊ ထိုကိလေသာတို့ကို။ ဝိသောသေဟိ၊ ခြောက်သွေ့ပါစေလော့။ ဒါတွေကို လက်ခံ တွေးတော စဉ်းစားပြီး မနေပါနဲ့လို့ မြတ်စွာဘုရားက ဟောတော်မူတယ်။ သဘောပေါက်ရဲ့လား (ပေါက်ပါတယ်ဘုရား)၊ သဘောပေါက်ပြီးတော့ ဒီအာရုံတွေကို မှတ်ပြီးပယ်တယ်၊ တွေးမိလို့ရှိယင်လဲ၊ တွေးတယ်....တွေးတယ်၊ စိတ်ကူးတယ်....စိတ်ကူးတယ်၊ စဉ်းစားတယ်....စဉ်းစားတယ်-လို့ တခါထဲနိုင်အောင် မှတ်တော့တာဘဲ။

အဲဒီလို အတိတ်ကဟာကို ပြန်ပြီးတော့ တွေးမိယင်လဲဘဲ နိုင်အောင်မှတ်တယ်။ အခုပေါ်ဆဲ ပစ္စုပ္ပန်ကိုလဲ နိုင်အောင် မှတ်နေလို့ရှိယင် ဒါတွေကို မတွေးမိနိုင်ပါဘူးတဲ့။ ဒါနဲ့ ခုလိုတရားကို နာရင်း ခန္ဓာသဲ ဥာဏ်သွင်းပြီးတော့ ရှုတ်မှတ်တယ်။ မှတ်ပြီးတော့ယင် ပစ္ဆာ၊ နောက်ဖြစ်လတ္တံ့သော သင်္ခါရ၌။ နောက်လဲဘဲ ဒီလိုဟာလေး တွေ့မှ တွေ့ရတော့မှာလေလား၊ တမိုးအောက်မှာ တယောက်မှ ရှိတော့မှာမဟုတ်ပါဘူးလို့ လန့်ပြီးတော့ မြော်ပြီးတွေးနေလို့ရှိယင်လဲဘဲ ဒါတွေကို နိုင်အောင်မှတ်ပါတဲ့။ မြတ်စွာဘုရားက 'ပစ္ဆာတေ မာဟုကိဉ္စနံ' ဒါတွေလဲ ပယ်လိုက်ပြီးတော့ တွေးတောမနေပါနဲ့၊ ကြံစည်မနေပါနဲ့တဲ့၊ ပေါ်လာယင် နိုင်အောင် မှတ်ပစ်ပါတဲ့။ ဒါတွေမှတ်တဲ့ နည်းဟာ ဘုန်းကြီးတို့ သာမညလို့သာဆင်တာ၊ အင်မတန် ပူပြင်းတောက်လောင်နေတဲ့ သောက ပရိဒေဝမီးတွေကို အခု မြတ်စွာဘုရားက လက်တွေ့ ငြိမ်းနေတယ်၊ တကယ်ပူသွန်းလို့ ဟိုမှာ

နေလို့ကိုမဖြစ်လို့ ဘယ်နေရာသွားယင် ငါ့အေးပါမလဲ၊ ဒီအပူကြီး ဘယ်နေရာသွင်းယင် ငြိမ်းပါ့မလဲလို့၊ ဒီအပူငြိမ်းချင်လို့ ရှာတော့ ဘုရားထံ ရောက်လာတယ်။ ဘုရားထံရောက်လာတော့ မြတ်စွာဘုရားက ငြိမ်းပုံငြိမ်းနည်း သတ်ပုံသတ်နည်းကို ပြတယ်၊ သတ်တာကတော့ ကိုယ့်ဟာကိုယ်သတ်ရမှာဘဲ။ မြတ်စွာဘုရားက ရှေ့က လမ်းပြရုံဘဲ၊ နောက်ကလူတွေက သူ့ဟာသူသတ်ရမှာတဲ့။

## မရှုမှတ်ယင် ကိလေသာတွေဝင်

အဲဒီတော့ ခန္ဓာထဲ ဉာဏ်သွင်းပြီးတော့ အတိတ်ကိုကြံမိယင် နိုင်အောင်ရှု၊ ကြံစည်တယ်၊ စိတ်ကူးတယ်လို့ရှု။ အနာဂတ် တွေးမိယင်လဲ တွေးတယ်....တွေးတယ် စသဖြင့် နိုင်အောင်ရှုပါ လို့ ဆိုတော့ သူကလဲ ပါရမီရှိတဲ့ပုဂ္ဂိုလ်ဆိုတော့ တရားနာရင်း မဈေ့စေနောဂဟေဿိ၊ အလယ်ပိုင်း ရုပ်နာမ်ပစ္စုပ္ပန် သင်္ခါရ မှာ မစွဲယူယင်တဲ့။ အခုတည့်တည့်မြင်နေတဲ့ ဖြစ်နေတဲ့ ရုပ်နာမ် သင်္ခါရတွေကိုလဲဘဲ မရှုမှတ်ယင် ခုနင်ကပြောခဲ့တဲ့ လောဘ ဒေါသကိလေသာတွေ ဖြစ်နိုင်တာဘဲ။ အခု မြင်တာလေးတွေ ကြည့်လိုက်လို့ ရှုမှတ်မှုမရှိဘူးဆိုယင်ဖြင့် တခါထဲ လောဘတွေ ဝင်လာတယ်။ ချောတယ် လှတယ်လို့ လှတဲ့အာရုံကလေးကို မြင်လိုက်ယင် လောဘ ဝင်တော့တာဘဲ။ ဘုန်းကြီးတို့ ရှုမှတ်မှု မရှိဘူးဆိုယင်ဖြင့် မျက်လုံးက ဘယ်လို၊ မျက်ခုန်းကဘယ့်နှယ် စသည်ဖြင့် ချောတဲ့လှတဲ့ ဣဋ္ဌာရုံဘက်ကို ရောက်တွေးပြီး လော ဘတွေ ဝင်တော့တာဘဲ။ ပစ္စုပ္ပန်တည့်တည့် အခုဖြစ်ပေါ်နေတဲ့ ကိလေသာကို မရှုမှတ်လို့ရှိယင် လောဘ ဒေါသတွေ ဖြစ် တယ်တဲ့။

ဒီတော့ မိမိနဲ့ အဆင်မပြေတဲ့ အနိဋ္ဌာရုံနဲ့ တွေ့ခဲ့ယင် ဒေါသတွေ ဝင်လာတယ်၊ တခါထဲ ဒေါကြီးမြင်လိုက်ရယင် စိတ်ကို ပျက်သွားတယ်၊ မျက်နှာပျက်သွားတယ်၊ စိတ်ဆိုးစိတ်ပျက်တဲ့ ဒေါသတွေ ထွက်လာတယ်၊ ဒါကြောင့်မို့ မရှုမှတ်ဘဲ နေတာက မောဟတဲ့၊ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေဖြစ်လာတယ်။ ခုမြင်တုန်း ကြားတုန်းအခိုက်က၊ ကြားတဲ့အသံလေးတွေမှာလဲ ဒီလိုပါဘဲ၊ ကြားတဲ့အသံကို နိုင်အောင်မမှတ်နိုင်ယင် ဒီအသံပေါ်တင် မရပ်တော့ဘူး၊ အသံရှင်လေးထံထိအောင် လိုက်သွားတယ်၊ ဩ်....ဘယ်သူဘဲ၊ ဘယ်ဝါဘဲ၊ ပုံအနေအထားက ဘယ်လိုဘဲ၊ ငါနဲ့ အင်မတန် ရင်းနှီးတာဘဲ၊ ချစ်စရာဘဲ ခင်စရာဘဲ၊ ဒီလိုတွေးတောမိလို့ရှိယင်လဲဘဲ လောဘတွေဝင်လာတော့တာဘဲတဲ့။ ဒီလိုမှ မဟုတ်ဘူးဆိုယင်လဲ ငါနဲ့ မတဲ့တဲ့လူဘဲ၊ ဘယ်တုန်းက ဘယ်လိုဖြစ်ဘူးတယ် စသည်ဖြင့် စိတ်ဆိုးစိတ်ပျက်တွေ ဝင်လာတော့တာဘဲ။

ဒီတော့ မရှုမှတ်ဘဲ နေယင် မောဟ၊ အမှတ်လွတ်နေခြင်းက မောဟတဲ့။ အဲဒါကြောင့်မို့ ဒီလောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေက လွန်မြောက်ချင်ယင် ဘယ့်နှယ့်လုပ်မတုန်းတဲ့၊ မိမိတို့ခန္ဓာမှာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း ရှုမှတ်ပါတဲ့။ မလွတ်စတမ်း ရှုမှတ်ရမယ်၊ နံနံလေး ဟာသွားယင်၊ ကိလေသာက နံနံလေး ဝင်တော့တာဘဲ။

ဒါကြောင့်မို့ မိမိတို့သန္တာန်မှာ ပေါ်တိုင်း ပေါ်တိုင်းသာ မလွတ်စတမ်း မှတ်မယ်ဆိုယင် ဘယ်တော့မှ ဟောဒီ ကိလေသာတွေ မဝင်နိုင်ပါဘူးတဲ့၊ ဒါကြောင့် မျက်စိနဲ့မြင်ပြန်ယင်လဲ မြင်တယ်-မြင်တယ်လို့မှတ်။ နားကကြားပြန်ယင်လဲ ကြားတယ်-

ကြားတယ်လို့မှတ်၊ ကွေးယင် ကွေးတယ်လို့တော့ မှတ်တယ်၊ ကွေးချင်တယ်....ကွေးချင်တယ်ဆိုတာလေး မမှတ်မိဘူး၊ကွေးယင် ဘယ်ကစမှတ်မတုန်း (ကွေးချင်တယ်ကပါဘုရား)၊အဲဒီကွေးချင်တယ်ဆိုတာလေးကို မမှတ်မိတတ်ကြဘူး။ ကွေးယင်ဘယ်က စမှတ်မတုန်း (ကွေးချင်တယ်ကပါဘုရား)၊ ကွေးချင်တယ် ကွေးချင်တယ်လို့မှတ်တာ ရုပ်မှတ်လား နာမ်မှတ်လား (နာမ်မှတ်တာပါဘုရား)၊ ကွေးချင်တာလေးက နာမ်တဲ့၊ ကွေးချင်တာလေးက ဘာတဲ့တုန်း(နာမ်ပါဘုရား)။ အဲဒါကတော့ သူဟာ နာမ်တရားလေးလို့သိအောင်လို့ ကွေးချင်တယ်–ကွေးချင်တယ်လို့ သုံးခါလောက်မှတ်ရတယ်၊ နာမ်တရားလေးဘဲလို့သိအောင် မှတ်နေတာပါဘဲ။ ဟောဒီပေါ်လာတဲ့စိတ်ကလေးဟာ နာမ်ကလေးဘဲလို့ ဒီလိုမှတ်လိုက်ကရော။ ပြီးတော့ ကွေးတယ်.... ကွေးတယ်....မှတ်တော့ ဘယ်နှစ်ချက်လောက် မှတ်မတုန်းတဲ့၊ မပြီးမချင်းပေါ့ဟုတ်လား။ သူက အလုပ်လုပ်နေတယ်၊ အဲဒီ အလုပ်ကလေးပေါ်မှာ မူတည်နေတော့ ကွေးတာကိုကွေးတယ် ကွေးတယ်လို့မှတ်ရတာ။ ကွေးတာက မဆုံးသေးခင် ရှေ့ဆက် မမှတ်ရဘူး။

သူ့ အတိုင်း အရှည် ရှိရဲ့လား (မရှိပါဘူးဘုရား၊ အဲမရှိပါဘူးတဲ့၊ ဥပမာ ဒီထိုင်နေရာကနေပြီး ထတော့မယ်ဆိုလို့ရှိယင် ဘာကစမှတ်မတုန်း (ထချင်တယ်....ထချင်တယ်....ပါ ဘုရား)၊ ထချင်တယ်.. ထ ချင် တယ် ဆို တော့ ကိုယ် အ မူ အ ရာ တွေ လှုပ်ရှားပလား (မလှုပ်ရှားသေးပါဘူး ဘုရား)၊ မလှုပ်ရှားသေးယင် ဘာကိုမှတ်တာတုန်း (နာမ်ကိုပါဘုရား)၊ ရှုနေတာ ကလဲနာမ် အရှုခံကလဲ နာမ်တွေတဲ့။ ထချင်တဲ့ စိတ်ကလေး

အယင်ပေါ်လာတော့ ပေါ်လာတာကလေးက စမှတ်ရတယ်။ ယောဂီက ဒီနေရာလေးမှာ အမြတ်ယူရတာနော်၊ ဒါလေးကို သိမှ ဉာဏ်တက်မယ်။

အဲဒီတော့ ထချင်တယ်....ထချင်တယ်လို့ ဘယ်နှစ်ခါလောက် မှတ်မလဲ (သုံးခါလောက်ပါဘုရား)၊ ထချင်တော့ ဘာလုပ် မတုန်း... ထချင်တယ်။ ထတော့ဘယ့်နှယ်မှတ်မလဲ (ထတယ်.... ထတယ်လို့ မှတ်ပါမယ်ဘုရား) ဘယ်နှစ်ခါမှတ်မတုန်း (သုံးခါ ပါဘုရား)၊ ဘယ်ဟုတ်လိမ့်မတုန်း၊ ထနေတာ မပြီးမချင်း။ မပြီးမချင်း မှတ်ပါတဲ့။ ဒီ့ပြင်ဟာ ပြောင်းမှတ်လို့ ရပါ့မလား (မရပါဘုရား)။ အေး မရဘူး။ ထတယ်....ထတယ်....ထတယ် မှတ်ပြီး ထတော့ ဘာဖြစ်တယ်။ ရပ်တယ်....ရပ်တယ်။ ပြီးတော့ ဟိုဘက်လှည့်ချင်တယ်.... လှည့်ချင်တယ်။ လှည့်ချင်တော့.... လှည့်ပါလား (မလှည့်သေးပါဘူးဘုရား) လှည့်ချင်တယ် ဘယ် နှစ်ခါလောက် မှတ်မတုန်း (သုံးခါလောက်ပါဘုရား)၊ ဟိုဘက် လှည့်တော့ လှည့်တယ် လှည့်တယ် မပြီးမချင်းပေါ့နော်။

## အဝိဇ္ဇာပျောက် ဝိဇ္ဇာရောက်

အဲဒီလို နာမ်ဘုရားလေးကို မှတ်မိအောင် သွားချင်တယ်.... သွားချင်တယ်....မှတ်ပါတဲ့၊ ဒါမှ ယောဂီတွေ အသိဉာဏ်တိုးမှာ၊ ဒီတော့ မျက်စိက မြင်တိုင်း...မြင်တိုင်း၊ မြင်ဘာကို ပစ္စုပ္ပန် တည့်ဘည့်မှတ်။ မြင်တာကို မမှတ်ခဲ့ယင် ပညတ်ပေါ်မှာ တင် နေတယ်။ ဒါလေးက ယောကျ်ားလေးကိုမြင်တာ မိန်းကလေး ကိုမြင်တာဘဲလို့ ဟောဒီလို သွားမြင်နေတယ်။ ယောကျ်ား လေးဘဲ မိန်းကလေးဘဲလို့ ပညတ်ပေါ် တင်လာတော့ ချော

တယ် လုတယ်လို့ ဒီလိုမျှားရှောက်ပြီး တသီတတန်းကြီး စဉ်းစားလိုက်မယ်ဆိုယင် ဒီနေရာမှာ ဘာတွေဝင်လာမလဲ (ကိလေသာတွေပါဘုရား)။ ဘာကိလေသာ ဝင်မတုန်း၊ (လောဘကိလေသာတွေပါဘုရား)။

ဒါဖြင့် မိမိနဲ့အဆင်မပြေတဲ့ အနိဋ္ဌာရုံကြီး တွေ့ခဲ့ယင်ကော မတည့်တဲ့ဟာ မကြည့်ချင်တာ မကြားချင်တာဒီလိုဟာလေးများ ကြားယင် ဘာကိလေသာဝင်မတုန်း (ဒေါသ ကိလေသာပါဘုရား)။ ဘာပြုလို့ ဒီကိလေသာ ဝင်သတုန်း၊ မှတ်လို့လား.... မမှတ်လို့လား (မမှတ်လို့ပါ ဘုရား)၊ မမှတ်တာက ဘာကိလေသာတုန်း (မောဟကိလေသာပါဘုရား)၊ မောဟမဝင်ဘူးလား (ဝင်ပါတယ် ဘုရား)၊ မောဟ ဝင်နေတယ် တဲ့၊ မောဟဆိုတာ အဝိဇ္ဇာပါဘဲ။

ဒါဖြင့်ယင် ဘုန်းကြီးတို့ ရှုမှတ်လိုက်မယ်၊ ရှုမှတ်လိုက်လို့ရှိယင် မောဟရှိသေးလား (မရှိတော့ပါဘုရား)၊ အဲ-မရှိဘူးပေါ့။ ရှုမှတ်လိုက်တော့ အဝိဇ္ဇာ ပျောက်တယ်၊ အဝိဇ္ဇာ ရောက်လာတယ်တဲ့။

> အဝိဇ္ဇာပျောက်၊ ဝိဇ္ဇာရောက်၊တောက်လျှောက် နိဗ္ဗာန်ဝင် တဲ့။

ဒီလိုသာ ရှုနိုင်မယ်ဆိုလို့ရှိယင် အဝိဇ္ဇာက ပျောက်သွားတယ်၊ ဝိဇ္ဇာရောက်လာပါတယ်။ အဝိဇ္ဇာပျောက်ကရော ဝိဇ္ဇာလဲ ရောက်ကရော၊ ဝိဇ္ဇာရောက်လာတယ်ဆိုကတဲက ဝိဇ္ဇာမျက်လုံးနဲ့ ကြည့်လိုက်၊ အသိဉာဏ်မျက်သုံးနဲ့ကြည့်လိုက်တော့ ဘာမြင်ထားတုန်း၊ ယောကျ်ား မိန်းမ မြင်သေးလား(မမြင်တော့ပါဘုရား)၊

မမြင်ဘူး။ ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ မမြင်လို့ ရှိယင်၊ ဘယ်သူ့မြင်နေသလဲ၊ ရုပ်နာမ် မမြင်ဘူးလား (မြင်ပါတယ် ဘုရား)။ အဲဒီရုပ်နာမ်ကို မြင်ရမှာတဲ့။

ဒါကြောင့်မို့ အမြင်ခံနေရတာလေးက ယောကျ်ား မိန်းမ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား)၊ မဟုတ်ယင် ဘယ်သူတုန်း (ရုပ်ပါဘုရား)၊ ရုပ်တရားဘဲ။ ဒီက ယောကျ်ားမိန်းမ ဟုတ်ကဲ့ လား၊ ဒီကမျက်စိကြည့်တာ ဘာတုန်း (ရုပ်ပါဘုရား) ရုပ်ဘဲ။ ဒီရုပ်နှစ်ခုဆုံလာတော့ ဘာပေါ်လာတုန်း (နာမ်ပါဘုရား) နာမ်တရား။ မြင်သိစိတ်ကလေးမပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် နာမ်မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)၊ ဒီသုံးခု ဆုံတာကို ဖဿလို့ ခေါ်တယ်။ အဲဒီ ဖဿဖြစ်လာယင်တော့ နောက်ကခံစားခဲ့တဲ့ ဝေဒနာဆိုတာ ဖြစ်လာပါတယ်၊ ဒါကြောင့်မို့ မျက်စိကမြင်တဲ့အခါမှာ တကယ်ရှုမှတ်လို့ရှိယင် ရုပ်ကနှစ်ခု၊ နာမ်က ဘယ်နှစ်ခုတုန်း-သုံးခု။ နာမ်က ဘယ် လောက်ပါတုန်း (၃-ခုပါဘုရား)၊ အဲဒါကို ဆရာတော်ဘုရား ကြီးက လင်္ကာလေး စပ်ထားပါတယ်။ အရင်လဲ ရေးဘူးတဲ့ ပုဂ္ဂိုလ်တွေ ပါပါလိမ့်မယ်။

> မျက်စိမြင်ရ ရုပ်က နှစ်ဖြာ၊
> မြင်တွေ့ခံစား နာမ်ကား သုံးဖြာ၊
> မြင်စဉ်တွေ့ရ ဒုက္ခသစ္စာ၊
> မြင်တယ်ဟု မှတ်ရှု သိလေပါ။

လင်္ကာရလို့ရှိယင် အဓိပ္ပာယ်လေး ပြန်ရှင်းရအောင်၊ အင်မတန်မှ သဘာဝကျတယ်၊ အပိုမပါဘူး။ ပညာရှိပုဂ္ဂိုလ်

ဆရာတော်တွေရေးယင် ဘယ်ပုဂ္ဂိုလ်ဘဲရေးရေး စကားလုံးတွေ အပိုမှပါဘူး။

## မြင်လျှင် တွေ့သည်

မျက်စိမြင်ရ ရုပ်ကနှစ်ဖြာ-တဲ့။ ရုပ်နှစ်ခုကို ကောက်ပြတတ်စေရမယ်။ တခုက ဘာရမလဲ၊ အမြင်ခံရတာ ဘာတုန်း (ရုပ်ပါဘုရား)။ မိမိတို့မျက်စိကြည်တာက ဘာတုန်း (ရုပ်ပါဘုရား)၊ ဘယ်နှစ်ခု ရှိသွားပတုန်း (၂-ခုပါဘုရား)။ အဲ ရုပ်ကနှစ်ဖြာဆိုဘာ ဒီနှစ်ခုပြောတာ။ အဲဒါကို မျက်စိမြင်ရ ရုပ်ကနှစ်ဖြာ-လို့ပြောတာဘဲ။ မြင်တွေ့ခံစားဆိုတဲ့လင်္ကာမှာ မြင်ဆိုတာဘာတုန်း၊ မြင်-ဆိုတဲ့ စကားလေးဟာ စိတ်ကလေးကို ပြောတာ၊ စက္ခုဝိညာဏ်စိတ်ပါဘဲ။ မြင်သိစိတ်ကလေးကို မြင်-လို့ သုံးလိုက်တယ်။ အဲဒီ မြင်-ဆိုတဲ့ စိတ်ကလေးသည် ရုပ်လား-နာမ်လားမေးယင် ဘယ့်နှယ်ပြောမလဲ (နာမ်ပါဘုရား)၊ အဲဒါ နာမ်ကလေးဘဲ၊ နာမ်တခု မတွေ့ဘူးလား (တွေ့ပါတယ် ဘုရား)။ တွေ့-ဆိုတာ ဘာတုန်း(နာမ်ပါဘုရား)၊ ဖဿပါဘဲ၊ ဟုတ်ကဲ့လား၊ အာရုံနဲ့ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ အာရုံနဲ့ စိတ်နဲ့ အဲဒီတွေ့လိုက်တာလေးကို ဘာခေါ်သလဲ (ဖဿခေါ်ပါတယ် ဘုရား)။ မြင်တွေ့မှာ-မြင်ကတလုံး တွေ့ကတလုံး၊ ဘယ်နှစ်လုံး ရှိသွားတုန်း (နှစ်လုံးပါဘုရား)။ မြင်တာက ဘာတုန်း (စက္ခုဝိညာဏ်စိတ်ပါဘုရား)၊ တွေ့တာ(ဖဿပါဘုရား)၊ ခံစားမှာ - ခံစားကဘာတုန်း (ဝေဒနာပါဘုရား) ကောင်းလဲ ခံစားမှာဘဲ၊ မကောင်းလဲ ခံစားမှာဘဲ၊ ဒါဖြင့် နာမ်က ဘယ်နှစ်လုံးပါသွားတုန်း (သုံးလုံးပါဘုရား)၊ ရုပ်ကဘယ်နှစ်ခုပါသွားတုန်း

(နှစ်ခုပါဘုရား)။ ဩ-ဒါကြောင့် မျက်စိမြင်ရတာ ဘယ်အချိန်မှာ ဖြစ်လာတဲ့ ရုပ်နဲ့နာမ်တုန်း၊ မျက်စိကမြင်တဲ့အချိန် မဖြစ်ဘူးလား၊ မျက်စိကမြင်လိုက်တဲ့အခါ မြင်တိုင်းမြင်တိုင်း ဒီတရားငါးလုံးဖြစ်တယ်။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဒါကြောင့်မို့ ဘုန်းကြီးတို့ နေ့စဉ်နဲ့အမျှ ကောကော ကြည့်နေတာဘဲ။ မြင်နေတာဘဲ။ မြင်နေတာကတော့ ဒီရုပ်နဲ့ ဒီနာမ် မြင်နေတာပါဘဲ။ ဒါပေမယ့်လို့ တရားရှုမှတ်မှုမရှိတော့ ရုပ်ဘဲ နာမ်ဘဲလို့ သိရဲ့လား (မသိပါဘုရား)၊ ယောကျ်ားဘဲ မိန်းမဘဲ ချောတယ်လှတယ် ချစ်စရာကောင်းတယ် မုန်းစရာကောင်းတယ်နဲ့ဘဲ အမြဲသတ်နေကြတယ်၊ အဆုံးသတ်နေကြတယ်၊ ဒီပေါ်မှာဘဲ ရပ်နေကြတယ်၊ ဒါကြောင့် သံသရာထဲက မထွက်တာဘဲ၊ ခုတော့ ဩ အမြင်ခံရတာကလဲရုပ်၊ မျက်စိအကြည်ဓါတ်ကလေးကလဲ ရုပ်ဘဲ၊ ဒီရုပ်နှစ်ခု ဆုံမိလို့သာလျှင် ဟောဒီ အသိစိတ်ကလေး ပေါ်လာတာတဲ့။ ဒီသုံးခု ပေါင်းဆုံတာကို ဖဿခေါ်ပါတယ်။ အဲဒီဖဿ ဖြစ်လာတဲ့အတွက်ကြောင့်သာ ဒါကောင်းတယ်၊ မကောင်းဘူးလို့ ခံစားမှုဝေဒနာ ဖြစ်တာပါတဲ့။

### ဒုက္ခသစ္စာ

ဒီထဲမှာ တခါပြန်ရှင်းလိုက်တော့ အမြင်ခံရဘဲ့ရုပ်ကလေးဟာ သုခလားဒုက္ခလားဆိုယင် ဘယ့်နှယ်ပြောကြမလဲ(ဒုက္ခပါဘုရား) ကိုယ့်မျက်စိ အကြည်ဓါတ်လေးလဲ ဒုက္ခဘဲ။ ဒါဖြင့်ယင် မြင်သိစိတ်ကလေးကတော့ ဘာတုန်း(ဒုက္ခပါဘဲဘုရား)။ ဖဿကတော့ကော (ဒုက္ခပါဘုရား)။ ဝေဒနာကကော (ဒုက္ခပါဘုရား)။ ဒီတရားငါးပါးသည် ဘယ်အချိန်မှာတွေ့သလဲဆိုတော့မြင်စဉ်မှာ

မတွေ့ဘူးသား(တွေ့ပါတယ်ဘုရား)၊ မြင်စဉ်တွေ့ရ၊ ဒုက္ခ…ဘာ တဲ့တုန်း (ဒုက္ခသစ္စာပါဘုရား)။ မြင်စဉ်တွေ့ရ ဒုက္ခသစ္စာ-တဲ့။ ဒီဒုက္ခကို ဒုက္ခမှန်းသိရဲ့လား (မသိပါဘုရား)။ ဒုက္ခကို ဒုက္ခမှန်း မသိတော့ ခဏခဏ ကြည့်ချင်တယ်၊ သူခ မှတ်နေတယ်၊ ချော တယ် လှတယ်လို့ ထင်တယ်၊ အဲဒါကို မြတ်စွာဘုရားက-

ချစ်သားတို့- သင်တို့တတွေ သေသေချာချာ ရှုမှတ်ကြည့် စမ်းပါတဲ့၊ သေချာအောင် ရှုမှတ်ကြည့်တဲ့ အခါကျတော့ ပညတ်တွေပျောက်ပြီးတော့ ပရမတ်တွေ ရောက်လာတယ်။ ပရ မတ် ဆိုတာ အဆင်းက ပညတ်လား၊ ပရမတ်လား၊ ရုပ်တရားက ဘာတုန်း(ပရမတ်ပါဘုရား)။မိမိတို့ မျက်စိကြည်နေတာလေးက ဘာတုန်း၊ ရုပ်တရားက ဘာတုန်း (ပရမတ်ပါဘဲဘုရား)၊ စက္ခု ဝိညာဏ် စိတ်ကလေးကကော (ပရမတ်ပါဘုရား)၊ စိတ်ပရမတ် ကလေးပေါ့။ ဖဿကကော (ပရမတ်ပါဘုရား)၊ ဝေဒနာ ကကော (ပရမတ်ပါဘုရား) ပရမတ်တွေချည်းဘဲတဲ့။ ဒါဖြင့် ပရမတ်တွေ မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)၊ ပရမတ်တွေ တွေ့နေယင် ဘာပျောက်သွားမလဲ (ပညတ်တွေ ပျောက်ပါမယ် ဘုရား)၊ ပညတ်တွေ ပျောက်မယ်။

ဒါတွေက မြဲနေရဲ့လား၊ ခု ပရမတ်တွေကတော့ (မမြဲပါဘူး ဘုရား)။ ဖြစ်ပြီးတော့ပျက်နေတယ်၊ ပေါ်ပြီးတော့ ပျောက် နေတယ်။ အဲဒီလို ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက် လိုက် ဖြစ်ပြီးနေတဲ့ တရားတွေမို့ သူ့ကို မမြဲတဲ့တရားခေါ် တယ်၊ ဆင်းရဲတဲ့တရားမို့ ဒုက္ခသစ္စာတဲ့။ 'မြင်စဉ်တွေ့ရ၊ ဒုက္ခ သစ္စာ' ဒီဒုက္ခသစ္စာ ပေါ်လာအောင် သိလာအောင် ဘယ်နှယ် လုပ်ရမတုန်းဆိုတော့ မြင်တယ်ဟုဘာတဲ့တုန်း(မှတ်ရှုသိလေပါ)၊

အဲ-မှတ်ရှုသိလေပါတဲ့။ မမှတ်ရှုဘဲနဲ့ သိတယ်ဆိုယင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးရား)၊ မြင်တယ်ဟု မှတ်ရှုသိလေပါတဲ့။ ရှုလိုက်တိုင်း ရှုလိုက်တိုင်း ရုပ်တရား နာမ်တရားတွေ ပေါ်ပြီး ဘုန်းကြီးတို့ ရုပ်တွေ နာမ်တွေ မြင်လို့ အဲဒီ ရုပ်နာမ်တွေရဲ့ မမြဲဆင်းရဲတွေမြင်တော့ ဒုက္ခသစ္စာတွေ တွေ့လာပါလိမ့်မယ်တဲ့။ ဒုက္ခသစ္စာမှန်းသိယင် တကယ်ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရားတွေမြင်ယင်၊ ဒီတရားတွေအပေါ် သာယာ နှစ်သက်တဲ့ စိတ်ရှိအုံးမလား (မရှိပါဘူးရား)၊ သာယာ နှစ်သက်တယ်ဆိုတာ ဘယ်သူတုန်း (လောဘပါဘုရား)၊ လောဘဟာ သမုဒယ သစ္စာဘဲ။ ဘာသစ္စာတုန်း (သမုဒယသစ္စာပါဘုရား)။

## သမုဒယသစ္စာ

ဒါဖြင့် အခုသာယာသေးလား (မသာယာပါဘုရား) ဘာ မြင်လို့ မသာယာတာတုန်း၊ ဒုက္ခ(ဒုက္ခမြင်လို့ပါဘုရား)။ ဒုက္ခတွေမှန်းသိတော့ သာယာသေးလား (မသာယာတော့ ပါဘူးဘုရား)။ မသာယာတော့ သမုဒယသစ္စာ မပယ်ဘူးလား (ပယ်ပါတယ်ဘုရား)၊ သမုဒယသစ္စာ ပြတ်သွားလို့ရှိယင် နောက်ထပ် ဖြစ်အုံးမှာလား (မဖြစ်တော့ပါဘုရား)။

ဒါကြောင့်မို့ ချစ်သား.... မြင်ယင် မြင်တယ်၊ ကြားယင် ကြားတယ်လို့ ပစ္စုပ္ပန်တည့်တည့်မှာ ဖြစ်ပေါ်နေတာ ရှုမှတ်ပါ။ ကြားတယ်လို့ ရှုမှတ်တာထဲမှာ ဟိုက အသံက ဘာတုန်း(ရုပ်ပါ ဘုရား) ဒီကကြားတဲ့နားက (ရုပ်ပါဘုရား)၊ ဒီနှစ်ခုတိုက်လိုက်တော့ (ဖဿပါဘုရား)၊ နှစ်ခုတိုက်လိုက်တော့ ကြားသိစိတ် ကလေး မပေါ်လာဘူးလား (ပေါ်ပါတယ်ဘုရား)၊ ဒါလေး

ပြောင်းရုံဘဲနော်။ မြင်သိစိတ်ခနရာမှာ ကြားသိ စိတ် လေး ပြောင်းရုံပါဘဲ။

အဲဒီသုံးခုဆုံတာက ဖဿ၊ နောက်နားက ဝေဒနာ၊ နံတယ်လို့ မှတ်ရမှာဲပဲ နာခေါင်းကို ပြောင်းရုံဘဲနော်။ ဟိုကလာတဲ့ အနံ့က ဘာတုန်း (ရုပ်ပါဘုရား)။ ဒီက နာခေါင်းကကော (ရုပ်ပါဘုရား)၊ ဒီနှစ်ခုတိုက်လိုက်တော့ (နံသိ စိတ်ပါဘုရား) ဒီသုံးခု ပေါင်းဆုံးတာက (ဖဿပါဘုရား)၊ နောက်က ခံစားတာက (ဝေဒနာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ရှုမှတ်တိုင်း ပေါ်တိုင်း ပေါ်တိုင်း နံသည်ဖြစ်စေ၊ ကြားသည်ဖြစ်စေ၊ မြင်သည်ဖြစ်စေ၊ ကွေးသည် ဆန့်သည်ဖြစ်စေ ဒီလိုသာ ရှုမှတ်နေမယ်ဆိုယင် ခုနင်က ကိလေသာတွေ ဝင်နိုင်သေးလား (မဝင်နိုင်တော့ပါဘုရား)။ ရှုမှတ်နေတော့ မောဟရှိသေးသား (မရှိတော့ပါဘုရား)။ ရုပ်နာမ်တွေမြင်ပြီး ဖြစ်ပျက်တွေ မြင်ခနတော့ လောဘရှိသေးလား (မရှိပါဘုရား) ဒေါသကိလေသာကော ဝင် နိုင် သေး လား (မဝင်နိုင်ပါဘုရား)။ လောဘကိလေသာလဲ မဝင်တော့ဘူး၊ ဒေါသကိလေသာလဲ မဝင်နိုင်ပါဘူးတဲ့။

ဒါကြောင့်မို့ အတိတ်ကိုလဲ မကြံပါနဲ့၊ အနာဂတ်ကိုလဲ မတွေးပါနဲ့၊ ဖြစ်ဆဲ ပစ္စုပ္ပန်ကို ရှုမှတ်ပါတဲ့။ ဒီနေရာမှာ လင်္ကာလေးပေးသွားပါတယ်၊ တနေ့ကလဲ ပေးဘယ်၊ မရေးရသေးတဲ့ ပုဂ္ဂိုလ်ရှိ ရေးပေါ့။

၁။ အတိတ်ရေးဟောင်း၊ ရှေးဇာတ်ကြောင်းကို၊
ပြန်ပြောင်းဆင်ခြင် မနေနဲ့။

၂။ နာဂတ်နောင်ရေး၊ နောင်ရှုပ်တွေးကို၊
ကြံတွေးမြှော်လင့် မနေနဲ့။

၃။ ဖြစ်ခိုက်ရုပ်နာမ်၊ ပစ္စုပ္ပန်ကို၊
မကျန်ရအောင် ရှုမှတ်ကွဲ့။

၄။ ဤကဲ့သို့သာ၊ ရှုမှတ်ပါက၊
ကိလေသာမီး၊ အပူကြီးသည်၊
အပြီး ငြိမ်းအေး လိမ့်မတဲ့။

၅။ အမတ်သန္တတိ၊ ရှုမှတ်ဘိသော်၊
ကိလေသာကင်း၊ စင်စင်ရှင်း၊ ဉာဏ်လင်းရသတဲ့၊

အဲဒါ ယံ ပုဗ္ဗေ တံ ဝိသောသေဟိ–ဆိုတဲ့ ဂါထာလေး ကြည့်ရေးတဲ့ဟာပါဘဲ။ အတိတ်ရှေးဟောင်း ရှေးဇာတ်ကြောင်းကို ဆိုတာက 'ယံ ပုဗ္ဗေ တံ ဝိသော သေဟိ'ကို ကြည့်ရေးထားတာ။ နာဂတ်နောင်ရေး၊ နောင်ရှုပ်တွေးကို၊ ကြံတွေးမြှော်လင့်မနေနဲ့–ဆိုတာက 'ပစ္ဆာ တေ မာဟု ကိဉ္စနံ'ရဲ့ အဓိပ္ပါယ်ပါဘဲ။ ဖြစ်ခိုက်ရုပ်နာမ်၊ ပစ္စုပ္ပန်ကို၊ မကျန်ရအောင် ရှုမှတ်ကွဲ့ ဆိုတာက 'မဇ္ဈေစေနော ဂဟေဿသိ' ဆိုတာရဲ့ အတိုချုပ်ပေါ့။

အဲဒီလို မြတ်စွာဘုရားက အတိတ်လဲမကြံနဲ့၊ အတိတ်လဲ မပြန်နဲ့၊ အနာဂတ်လဲမကြံနဲ့၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုပါလို့ ဟောကြားလိုက်တော့ ဖြစ်တိုင်းဖြစ်တိုင်း မလွတ်စတမ်း ရှုမှတ်နေတယ်။ တရားနာယင်း တရားနာယင်း အဲဒီလို ရှုမှတ်သွားတာ၊ တရားဒေသနာတော်လဲ ဆုံးရောတဲ့၊ တခါထဲ ကိလေသာ အာသဝေါ ကုန်ခမ်းတဲ့ ရဟန္တာကြီး ဖြစ်သွားတယ်။

၁၃၃၇-ခု၊ ဝါခေါင်လပြည့်နေ့၊

ကန်တော်လေး ဖိုမြေဓမ္မာရုံ၌

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ

မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့်၊

ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်

ဟောကြားတော်မူသော

## ပရိဒေဝလွန်မြောက်ပုံ သတိပဋ္ဌာန် တရားတော်

၁၃၃၇-ခု၊ ဝါခေါင်လပြည့်နေ့။ ဒီနေ့ ဟောရမယ့်တရားကတော့ ပရိဒေဝလွန်မြောက်ပုံ သတိပဋ္ဌာန်တရားတော်ပါဘဲ။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့ယင် သောကနဲ့ပရိဒေဝ လွန်မြောက်နိုင်တယ်လို့ မြတ်စွာဘုရား၏ ဝန်ခံဟောကြားတော်မူတဲ့အတိုင်း သောကကို လွန်မြောက်ပုံကို သန္တတိအမတ်ကြီးရဲ့ ဝတ္ထုထုတ်ပြီး ဟောခဲ့ပြီးပြီ။

ဒီတပတ်တော့ ပရိဒေဝလွန်မြောက်ပုံကို ပဋာစာရီရဲ့ဝတ္ထုသာဓကတို့ကို ထည့်ပြီးဟောမယ်။

## အရေးကြီးတော့ သေးနိုးမှ

သာဝတ္ထိပြည်သူ အမျိုးသမီးလေးတယောက်ဟာ သူ့အိမ်မှာ ခိုင်းစေနေတဲ့ မောင်ဒါသဆိုတဲ့ အမျိုးသားနဲ့ ချစ်ကျွမ်းဝင်ပြီးတော့ မိဘများ သဘောမတူလို့ တခုသောအရပ်မှာ ထွက်ပြေးတိမ်းရှောင်နေရတယ်၊ အဲဒီကနေပြီးတော့ မိန်းမတို့ ခမ္မတာအတိုင်း သားဖွားမြင်ချင်တော့ မိဘရပ်ထံ ပြန်ပို့ဖို့ အကြိမ်ကြိမ် အဖန်ဖန် ပြောပါတယ်၊ ဟိုက မောင်ဒါသကလဲ အဆင့်အတန်းမတူတော့ လိုက်မပို့ရဲဘူး၊ ဒါနဲ့ဘဲ စကားတွေလွဲပြီးတော့ နေ့ရွှေ့ ရက်ရွှေ့နဲ့ ကြာမြင့်လာခဲ့ပါတယ်၊ နောက်တော့ ဟိုကမနေဘူး၊ တကယ်အရေးကြီးတော့ သေးနိုးမှလို့ဆိုတဲ့ စကားအရ မိဘကို ပြန်အားကိုးတယ်၊ နဂိုကတော့ မိဘထက် ပိုအားကိုးလို့ မောင်ဒါသနောက် လိုက်လာတာပါဘဲ၊ တကယ် အရေးကျပြန်တော့ မိဘပြန်အားကိုးရပါတယ်။

ဒါနဲ့ ငါတော့မဖြစ်တော့ဘူးဆိုပြီးတော့ အိမ်ရှင်ယောကျ်ား တိုင်ပင်နေတာ အကြိမ်ကြိမ် အဖန်ဖန်နဲ့ စကားလွဲနေတော့တာဘဲဆိုပြီးတော့ နောက်ဆုံးမှာ သူတယောက်ထဲ ထွက်လာခဲ့တယ်၊ ပထမအကြိမ် ဒုတိယအကြိမ်မှာလဲဘဲ မောင်ဒါသ အလုပ်က ပြန်လာလို့ ဘေးအိမ်တွေရဲ့ ပြောစကားအရသိတော့ အိမ်ရှင်မလေး သွားတဲ့လမ်းအတိုင်း မြှော်မှန်းပြီး လိုက်လာတယ်၊ လမ်းကျတော့ တွေ့တယ်၊ သားဖွားခြင်း ကိစ္စကလဲ လမ်းမှာဘဲ ပြီးတယ်၊ အောင်မြင်သွားတယ်။ ဒီဒီလိုပြန်လာတာ တခြားကိစ္စကြောင့်မှ မဟုတ်ဘဲ၊ ဒီကိစ္စကြောင့် သွားရတာ၊ ဒါကြောင့်မို့ ပြန်ကြပါစို့ရယ်လို့ ချော့မော့သွေးဆောင်ပြီး ခေါ်လာတော့ ပြန်ပါလာတယ်။

## အကုသိုလ် ဝင်လာပြီဆိုယင်

နောက်တကြိမ်လဲ ဒီလိုဘဲ၊ သားဖွားခြင်းကိစ္စ နီးလာပြန်တော့ သွားချင်ပြန်ပြီ၊ မိဘရပ်ထံကို သွားရအောင် ပြောပြန်တော့ နေ့ရက်တွေရွေ့နေတယ်၊ ပဒမနည်းအတိုင်းဘဲ အိမ်ရှင်ယောကျ်ားမရှိခင် တယောက်ထဲ မိဘတွေရပ်ထံ မြော်မှန်းပြီး ပြန်လာခဲ့တယ်၊ အိမ်ရှင်ယောကျ်ား အလုပ်က ပြန်လာတော့ ဘယ်ရောက်သွားသလဲ မေးတော့ အိမ်နီးချင်းတွေက ပြောတယ်၊ ဒါနဲ့ တောလမ်းခရီးအတိုင်း လိုက်လာတယ်၊ ညမိုးကလဲ မှောင်နေတယ်၊ အကုသိုလ်နှိပ်စက်ပြီး၊ အကုသိုလ် ဝင်လာပြီဆိုယင် ဒုက္ခများ နဲ့နဲ့မှ မည့်ဘူး၊ တခါထဲ ဝိုင်းလာတာဘဲ၊ ဒိဒကာ ဒကာမတွေလဲ ဒီလိုခံနေရတာဘဲ၊ ဘယ်တော့မှ မည့်ဘူး၊ တခုပေါ်လာလို့ရှိယင်၊ ကိုတခုကပါ ဝိုင်းနှိပ်စက်တာဘဲ၊ ကောင်းတာ အထောက်အကူမပေါ်တော့ဘူး၊ မကောင်းတာတွေ ဝိုင်းနှိပ်စက်လာတာဘဲ။

အဲဒီလို အခုလဲဘဲ မိုးမှောင်ကြီးကလဲကျ၊ မိုးတွေကရွာ၊ လမ်းခရီးမှာ ကမ္ဗဇလေကလှုပ်၊ နေစရာကမရှိ။ အဲဒီလို တောလမ်းခရီးမှာ အတိဒုက္ခရောက်နေတော့ အိမ်ရှင်ယောကျ်ားကို နေစရာလေးများ ရအောင်လို့ သစ်ခက်တဲအိုကလေး မြန်မြန်လုပ်ဖို့ပေါ့လေ ခိုင်းတယ်၊ ခိုင်းတော့ ဟိုကလဲ မြက်ထူထူရှိရာ လိုက်ရှာတယ်၊ တခုသော တောင်ပို့ကြီးမှာ မြက်တွေကထူနေတော့ ဒီနေရာမှာသွားပြီး ဘေးကအကာတွေ ရှင်းတယ်၊ သစ်ခက်ကလေးတွေ ရှင်းတုန်း တခါသဲ မြွေဟောက်ကြီးက ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီးတော့ ထွက်ပေါက်လိုက်တာ အဲဒီနားမှာတင်ဘဲ လူးလဲပြီး သေဆုံးပျက်စီးသွားတယ်။

## ဇွတ်တိုးရတော့မှာဘဲ

ဒီက အိမ်ရှင်မကတော့ လာခဲ့ လာခဲ့နဲ့၊ ဟိုကတော့ သေနေပြီ။ ဒါနဲ့ဘဲ မိုးရွာကြီးထဲမှာဘဲ သားဖွားခြင်းကိစ္စ ဖြစ်လာတယ်၊ သားဖွားပြီးတဲ့နောက် မနက်လင်းတဲ့အခါကျတော့ အိမ်ရှင်ယောကျာ်း မလာတဲ့အတွက် လိုက်ရှာတယ်၊ မလာနိုင်တာကတော့ တောင်ပို့ပေါ်မှာ စင်းစင်းကြီးလဲပြီး သေနေတယ်။ ဒုက္ခအကုသိုလ်ကံ ညှဉ်းဆဲပြီဆိုတော့ ဘယ်ပရိသတ်တယောက်မှလဲ မရှိဘူး၊ ဘာမှလဲ မလုပ်လိုက်ရဘူး၊ တကာတဲတောထဲမှာ သေနေရတယ်။ ဒီ အ လောင်း ကြီး ကို သူ လဲ မသင်္ဂြိုဟ်နိုင်တော့ဘူး၊ တခါထဲ မိဘတို့ရပ်ထံမြှော်မှန်းပြီး သားငယ်လေးရင်ခွင်ပိုက်လို့၊ သားကြီးလက်ကဆွဲလို့ ပြန်လာတယ်၊ မိဘထံ ဇွတ်တိုးရတော့မှာဘဲလို့ အသွား လမ်းခရီးမှာ မိုးရွာထားလို့ ချောင်းရေကလဲ ကြီးနေတယ်၊ တညလုံးကလဲ မအိပ်ရ၊ သွေးနုနု သားနုနုနဲ့မို့ အားအင်ကလဲချိနဲ့၊ သားကလေးကိုလဲ တလမ်းလုံး ပွေ့လာရ၊ ဒါတောင် သားငယ်လေး ပွေ့ပြီး သားကြီး လက်ကဆွဲလာလို့ပေါ့၊ အဲဒီလို ပင်ပန်းလာလို့ သားနှစ်ယောက်စလုံး ချောင်းဟိုဘက်ကို ပွေ့ မ သွား နိုင် တော့ သားကြီးလို ဒီဘက်ကမ်းမှာ ချော့မော့ထားခဲ့ပြီး သားအငယ်ကလေးကို ဟိုဘက်ကမ်းသွားပို့တယ်။ ဟိုဘက်ကမ်း ပို့ပြီးတော့ ဟိုဘက်မှာလဲ သောကမအေးဘူး၊ စိတ်မချဘူး။ ဒီကလေးနုနုနယ်နယ်ကလေးကို ချုံရိပ်မှာ မြက်က လေး ခင်း ပြီးတော့ ချထားခဲ့တယ်။

စိတ်မအေးလို့ ချောင်းထဲဆင်းတဲ့အခါတောင် သားလေးကို နောက်ပြန် လှည့်ကြည့် လှည့်ကြည့်နဲ့၊ အန္တရာယ်တခုခုများ

ရှိမှာလေလားလို့ တွေးပြီးတော့ သူက ဆင်းလာတယ်။ ဒါပေမယ်လို့ ဒီကလေးကိုဘဲ တကယ့်အမဲသားတစ် မှတ်ပြီးတော့ စွန်တကောင်က လာထိုးသွားတယ်။ ငယ်သံပါအောင် အသံကုန်အော်သော်လဲ စွန်က မချတော့ပါဘူး၊ တောမြိုင်စခန်း ယူသွားပြီး စားတော့တာဘဲ။

## လင်မြေကိုက် သားငယ်စွန်ချီ သားကြီးရေနစ်

အမေအော်သံကြားတော့ သားကြီးကလဲ ခေါ်တယ်မှတ်လို့ ရေထဲဆင်းလိုက်၊ တခါထဲ ရေထဲမြုပ် ဝဲစုပ်သွားတော့တာဘဲ၊ အလောင်းတောင် မမြင်လိုက်ရဘူး။ ဒုက္ခများ ပေးပြီဆိုတော့ ဆုံကျလာတာဘဲ။ သားကြီးက ရေနစ်၊ သားငယ်က စွန်ချီ၊ အိမ်ရှင်ယောကျ်ားက မြွေပေါက်၊ မြွေကိုက်ခံရတယ်။ ဒါနဲ့ ဘယ်လောက်ထိအောင် ပူမယ်လို့ သောကတွေ ပရိဒေဝတွေ တယ်လောက်များ တောက်လောင်မယ်ဆိုတာ စဉ်းစားကြည့်ကြပေါ့။ သံသရာထဲလည်ရဘာ ဘယ်လောက် ကြောက်စရာကောင်းသလဲ။ မြတ်စွာဘုရားက သံသရာရဲ့ဒုက္ခတွေကို ဟောတော်မူတာပါဘဲ၊ ဒီဒုက္ခမျိုးတွေ တွေ့တယ်ဘယ်လို့။

## ဟောဟိုက မီးခိုးတလူလူ

ဒါနဲ့ လျှောက်သွားတော့ သာဝတ္ထိပြည်က ခရီးသွားတယောက်နဲ့ တွေ့တယ်။ အဲဒီ ခရီးသွားတယောက်နဲ့ တွေ့တော့ သူ့ရဲ့မိဘအကြောင်းကို မေးကြည့်တယ်၊ အဲဒီ ခရီးသွားညှို့ သည်ကလဲ ဘာပြုလို့သိချင်သလဲ မပြောပါရစေနဲ့တဲ့၊ အပြောရခက်နေတယ်၊ ပြောဖို့ကလဲ နားထောင်ကောင်းလောက်တဲ့ စကား မပေါ်ဘူး၊ သူ့မှာ အတိဒုက္ခတွေ ရောက်ပြီးတော့ ခပ်

နှမ်းနှမ်းနဲ့ လာတဲ့အခါမှာ ငါကဘဲ ထပ်နှိပ်စက်သလို ဖြစ်နေမယ်တဲ့၊ ဒါကြောင့် မပြောပါရစေနဲ့၊ ချစ်သမီး မေးမနေပါနဲ့လို့ ပြောတယ်။ မရ ရကြောင်းနဲ့ မေးတော့မှ ချစ်သမီးသင်ဟာ မနေ့က လေကြီးမိုးကြီးကျတာ သိလိုက်ကဲ့လား၊မိုးတွေရွာတာ သိလိုက်ကဲ့လား၊ လျှပ်လျှပ်တာ သိလိုက်ကဲ့လားတဲ့။

လေကြီးမိုးကြီး ကျတာတွေတော့ မသိဘဲနေပါ့မလား၊ ဒီဒုက္ခကြောင့်မို့ သူ့မှာ သုံးယောက်တောင် ကုန်ခဲ့ပြီတဲ့။ အဲဒီလိုလေကြီးမိုးကြီးအကျမှာ တိုက်တွေပြိုလို့ သင့်မိဘလဲ တိုက်ပိလို့သေဆုံးရှာပြီ၊ မောင်ဖွားလဲ တိုက်ပိလို့ သေဆုံးရှာပြီ။ အဲဒီလိုတိုက်ပိတဲ့ပုဂ္ဂိုလ်တွေကို ဖယ်ရှားပြီး ဖော်ထုတ်လို့ ပြာသာဒ်တလားနဲ့ သုဿာန်ထုတ် သင်္ဂြိုဟ်ခဲ့တာ၊ ဟောဟိုက မီးခိုးတွေတလူလူနဲ့ဟာ တခြားမဟုတ်ပါဘူး၊ သင့်ရဲ့မိဘ ဆွေမျိုးတွေကိုသင်္ဂြိုဟ်ထားတဲ့ မီးခိုးတွေပါလို့ ပြောတယ်။

## မပဋာ ပလာကျင်းမြို

ဒါကြောင့်မို့ အဲဒီလိုလဲ ပြောလိုက်ရော ဘယ်လောက်ထိအောင် သောကပရိဒေဝတွေ တောက်လောင်သလဲဆိုတော့တခါထဲ အဝတ်တွေကျွတ်ကျတာတောင် မသိတော့ဘူး၊ သတိတွေ လွှတ်ကုန်တော့တာဘဲ၊ သတိတွေလွှတ်ပြီးတော့ အဝတ်အစားတွေ ကျွတ်ပြီး ရူးတော့တာဘဲ၊ အဲဒီလို ရူးပြီးတော့မြို့ထဲမှာလည်နေတယ်၊ သူက မြို့ထဲမှာလည်နေတဲ့ အရူးဆိုတော့နောက်က ကလေးတွေကလဲ စကြ လိုက်ကြမှာဘဲ။

သို့သော် သူက ပါရမီရှင်ကလေး ဖြစ်ပေတယ်။ အင်မတန်ရင့်ကျက်နေတဲ့ ပစ္စိမဘဝိက-ကျွတ်တမ်းဝင်ရမယ့် ဘဝ်တောင်မှ

ဒုက္ခတွေ့ရသေးတာဘဲ၊ တနေ့တော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြည့်ရှုတော်မူလိုက်တယ်၊ လောကကိုခြုံကြည့်တော့ ဩ-ပစ္စိမဘဝိကသား ချစ်သမီးပဋာစာရီဟာ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ဘဲလို့ မြင်တော်မူပြီးတော့၊ မြတ်စွာဘုရား တရားပွဲမှာ တရားဟောရင်း တရားပွဲရောက်လာအောင် အဓိဋ္ဌာန်တော်မူလိုက်တယ်၊ အဲဒီလိုအဓိဋ္ဌာန်လိုက်တော့ တခါထဲ စိုက်စိုက် စိုက်စိုက်နဲ့ လာတော့တာဘဲ။

## ဝစ်လစ် စလစ်နဲ့

စိုက်စိုက်စိုက်စိုက်နဲ့လာလို့ ပရိသတ်တွေနား ရောက်လာတယ်ဆိုယင်ဘဲ ပရိသတ်တွေက လက်မခံဘူး၊ မြတ်စွာဘုရားအနားမှာ ဒီလိုအရူးမဘယောက် မလာသင့်ဘူးတဲ့၊ အဝတ်အစားကလဲ မပါဘူး၊ ဝတ်လစ်စလစ်နဲ့ ဖြစ်နေတယ်၊ အဲဒီလို ဖြစ်နေတော့ တားကြတယ်။ ဒီတော့ မြတ်စွာဘုရားက လာရန် ခွင့်ပြုဖို့ အကြောင်း မိန့်တော်မူပါတယ်။ အဲဒီတော့မှ မြတ်စွာဘုရားရဲ့ အမိန့်အရ မိမိတို့မှာ ပိုတဲ့ အဝတ်ကလေးတွေ ဝတ်ပေးပြီးတော့ ပဋာစာရီကို တရားနာခိုင်းတာဘဲ။

## ကြားနာရရုံနဲ့ အပူစင်တဲ့တရား

ဒါကြောင့် ဒို့မြတ်စွာဘုရား ဟောတော်မူတဲ့ သတိပဋ္ဌာန်တရားဆိုဘာ အပူတွေလဲ စင်နိုင်ဘယ်၊ ပဋာစာရီ ပူနေပုံ ဉာဏ်နဲ့ မြင်အောင် ကြည့်ကြစမ်းပါ။

— ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကြီးသည်။

— ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မခန်ဟု ဆယ်တန်သောတရား တော် မြတ်ကို။

— သွာက္ခာတော၊ ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်း သာ ကျင့်ပြီးကာလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော် ဟောကြားတော် မူခဲ့ ပါပေ၏။

သစ္စာလေးပါး သိမြင်တော်မူတဲ့ ဒို့သဗ္ဗညုတမြတ်စွာဘုရား ဟောတော်မူတဲ့ တရား(၁၀)ပါးကတော့ မဂ်ဖိုလ်နိဗ္ဗာန်-ဓမ္မခန် တဲ့။ မဂ်လေးပါး၊ ဖိုလ်လေးပါးနဲ့ နိဗ္ဗာန်ရယ်လို့ ဒီက ၉-ပါးကို လောကုတ္တရာ ၉-ပါးလို့လဲ ခေါ်တယ်။ ပရိယတ္တိဆိုတဲ့ ပိဋကတ် တရားတော်တွေပါ ပေါင်းလိုက်တော့ ဆယ်ပါးတဲ့၊ အဲဒါဓမ္မ အရ တရား ၁၀-ပါး ပါဘဲ။

မြတ်စွာဘုရား ဟောတော်မူတဲ့ ဒီတရားတွေဟာ ကြားရုံ နာရုံကလေးနဲ့ အပူတွေစင်တယ်။ အပူဆိုတာ ဘုန်းကြီးတို့ နေပူ လေပူ မြေပူဆိုတဲ့ အဲဒီ အပူမျိုး မဟုတ်ပါဘူး၊တကာယ်အတွင်းက လောင်မြိုက်ပြီး သေလောက်အောင်ပူတဲ့၊လောဘမီး ဒေါသမီး မောဟမီး၊ လောဘပူ ဒေါသပူ မောဟပူ အစရှိသည်တွေပါဘဲ၊ အဲဒီကဲ့သို့ အပူတွေကို ကြားနာရုံနဲ့၊ ဒီအပူတွေစင်၍၊ ကျင့်လျှင် ချမ်းသာခြင်း၊ ကျင့်ပြီးကာလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း နှင့်၊စခန်းသင့်အောင်၊မှန်းလင့်ရည်ရော်၊ဟောကြားတော် မူခဲ့ပါ ပေ၏။

ဒို့ဘုရားဟောတဲ့တရားဟာ သေသေချာချာ စဉ်းစားကြည့် ယင် ဘယ်လောက်တန်ဖိုးရှိသလဲ၊ ကြားနာရုံနဲ့ အပူစင်တယ်၊

ကျင့်ယင် တကယ်ချမ်းသာတယ်၊ ကျင့်ပြီးတော့ကော ဘုရားလို့ ဆိုတော့ လွန်စွာ ငြိမ်းချမ်းတဲ့ သန္တိသုခ နိဗ္ဗာန်ကြီးကို ရောက်သွားနိုင်တယ်။ ဒီတော့ ဒို့ဘုရားဟောတဲ့ တရားဟာ အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းနဲ့ ပြည့်စုံလို့ အစ-အလယ်-အဆုံး သုံးပါးလုံးကောင်းတဲ့တရားပေါ့၊ ဘယ်နေရာမှ ပြောစရာမရှိဘူး၊ အဲဒီလို မြတ်စွာဘုရား အနား ပဋ္ဌာစာရီ ရောက်သွားပြီဆိုတော့ အပူတွေက ရှိတုန်းပေါ့၊ ဒီအပူတွေဟာ ဘယ်ဆေးနဲ့ထိုးမလဲ၊ ဘာနဲ့သတ်မလဲ၊ ဘယ်ဆေးစားမလဲ၊ ဘယ်ဂါထာနဲ့ မန်းမလဲ၊စဉ်းစားကြည့်၊ အခုခေတ်မှာ စွမ်းရည်သတ္တိ ရှိတယ်လို့ တချို့က ထင်နေတဲ့ ဂိုဏ်းဆရာတွေ ဆိုတာ ရှိတယ်၊ ဒါတွေနဲ့ကော ဒီအပူတွေကင်းအောင် လုပ်နိုင်မလားဆိုတော့ မလုပ်နိုင်ဘူးတဲ့၊ မြတ်စွာဘုရားဟောတဲ့ သတိပဋ္ဌာန် တရားနဲ့မှ ရနိုင်ပါတယ်၊အခုမြတ်စွာဘုရားက ပဋ္ဌာစာရီကို တရားဟောတာ–

ချစ်သမီးတဲ့၊ဘာပြုလို့ သားတွေ သမီးတွေ မိနဲ့ဘနဲ့ လင်သား မောင်ဖွားတွေကို အကြောင်းပြုပြီးတော့ ပူနေတာတုန်း၊ မိဘ မောင်ဖွား လင်သား ဆွေမျိုးဉာတကာတွေဆိုတာ တနေ့ခွဲဘို့နဲ့ ကွဲဘို့ဘဲ၊ တနေ့ကျ ကွဲကြရမှာချည်းဘဲတဲ့၊ အခွဲတရား အကွဲတရားတွေကို လူတွေကတော့ အဲဒါ ငါ့သားဟဲ့ ဒါငါ့သမီးဟဲ့ ဒါငါ့ပစ္စည်း ငါ့ဥစ္စာဟဲ့ဆိုပြီး ဟောဒီလို ထင်နေတာ အမှတ်မှားနေတာဘဲ၊ တကယ့်ကို အမှတ်မှားနေကြတာ။ အဲဒါကို သညာ ဝိပ္ပလ္လာသလို့ ခေါ်တယ်။ ငါ့သား ငါ့သမီး ငါ့ပစ္စည်း ငါ့ဥစ္စာလို့ အမှတ်မှားနေကြတာ။ မြတ်စွာဘုရား ဟောတာကတော့–

ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိဗာလော ဝိဟညတိ။
အတ္တာပိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တော ကုတောဓနံ။

မေ၊ ငါ၏။ ပုတ္တာ၊ သားသမီးတို့သည်။ အတ္ထိသန္တိ၊ ရှိကြကုန်၏။ မေ၊ ငါ၏။ ဓနံ၊ မပျက်မဆုံး တသက်သုံးဘို့ ဝှက်ဖုံးသိုကာ ရတနာသည်။ အတ္ထိသံဝိဇ္ဇတိ၊ မျက်ကွယ်အနီး လက်ဝယ်မိုး၍ အပြီးတစေ ရှိပါချေ၏။ ဣတိ၊ ဤသို့ထင်ရှား အမြင်မှားသောကြောင့် သာလျှင်၊ ဗာလော-ဘိဇ္ဇနသဘော အခုဝေါကို မစောမကြံ ပုထုဇန်သည်။ ဝိဟညတိ၊ စောင့်ရှောက်ရသောကြောင့် မုချမသွေ ပင်ပန်းလေ၏။ တထာပိ၊ ထိုသို့ ပင်ပန်းရသော်လည်း။ အတ္တနော-အတ္တာပိ၊ အခိုင်အမာဆို နိုင်ဘို့ မယိုင်မမြို မိမိကိုယ်သည်လည်း။ နတ္ထိ၊အရည်အနှစ် ရှာဖွေ စစ်က အမြစ်အခြေ မရှိချေ။

## ဝိပ္ပလ္လာသ သုံးပါး

လောကမှာ လူတွေကထင်နေကြတာတွေတဲ့၊ ဒါက ငါ့သား၊ ဒါက ငါ့သမီး၊ ဟောဒါက ငါ့ပစ္စည်း ငါ့ဥစ္စာလို့ ဒီလိုထင်နေတာဟာ၊ဗာလေ၊ ဘိဇ္ဇနသဘော အာခုဝေါကို မမြဲတဲ့သဘော တရား သူမမြင်လို့တဲ့။ အနိစ္စ မမြင်လို့ပေါ့၊ ဒုက္ခမမြင်လို့၊ဖြစ်ပျက် မမြင်ပေလို့ပေါ့၊ အဲဒီလိုစိတ်ထဲမှာ အမှတ်မှားနေတာ သညာ ဝိပ္ပလ္လာသတွေပေါ့။ စိတ်ကလဲ ဒီအတိုင်းဘဲ စွဲယူထင်မှတ်နေ တယ် စိတ္တဝိပ္ပလ္လာသ၊ စိတ်ကလဲဖေါက်ပြန်နေတယ်။ အယူကလဲ ဖေါက်ပြန်ပြီး ဒိဋ္ဌိဝိပ္ပလ္လာသတွေ ဝင်နေတယ်။

အဲဒီလို ဖေါက်ပြန်နေလို့သာ မြဲတယ်ထင်နေကြတာ၊တကယ် ကတော့ ဘိဇ္ဇန သဘောတွေပါတဲ့။ အခွဲတရား အကွဲတရားတွေ

ပေါ့။ တနေ့ကျ ခွဲကြရမှာ၊ ကွဲကြရမှာ။ အဲဒီ ခွဲရမယ့်တရား၊ ကွဲရမယ့်တရားတွေချည်းဘဲ။ ပေါင်းရမယ့် တရားမဟုတ်ဘူး။ ကောင်းတဲ့တရား မဟုတ်ဘူးတဲ့၊ ဒီသား ဒီသမီး၊ ဒီပစ္စည်း ဥစ္စာတွေကို ငါ့သား ငါ့သမီး၊ငါ့ပစ္စည်း၊ငါ့ဥစ္စာဆိုပြီး စောင့်ရှောက်နေတာ မိုက်လို့ပါတဲ့၊ မသိလို့ပါဘဲ၊ အဝိဇ္ဇာဖုံးထားလို့ပါဘဲ။

## ဒီသား ဒီသမီး ဒီပစ္စည်း

ဒို့မြတ်စွာဘုရားက တကယ်တန်းဆိုတော့ ဒီသား၊ ဒီသမီး၊ ဒီပစ္စည်း၊ ဒီဥစ္စာတွေကို ငါ့ဥစ္စာလို့ မဆိုပါနဲ့အုံးတဲ့၊ ကိုယ့်ကိုယ်ကို ရှာစမ်းပါတဲ့၊ အခိုင်အမာ ငါဘဲ သူဘဲလို့ ဆိုလောက်စရာ ရှိရဲ့လားတဲ့၊ တထာပိ၊ ထိုသို့ တမ်းတပင်ပန်းရသော်လည်း ကိုယ့်သား ကိုယ့်သမီးတွေအတွက် ပင်ပန်း နေသော်လည်း၊ အတ္တာပိ အတ္တနောနတ္ထိ၊ အရည်အနှစ် ရှာဖွေစမ်းစစ်က အမြစ်အခြေ မရှိပေတဲ့။ ဘာမှ အနှစ်သာရ မရှိဘူးတဲ့၊ ခန္ဓာကြီးကမှ အနှစ်သာရမရှိဘဲနဲ့ ကိုယ်ကမှ မခိုင်မာဘဲနဲ့ လူများသွားပြီးတော့ ဘာလို့စွဲလမ်းနေတုန်းတဲ့၊ ဘယ်မှာငါ့သား ငါ့သမီးလို့ ဆိုစရာရှိမတုန်း၊ ဘယ်မှာ ငါ့ပစ္စည်း ငါ့ဥစ္စာလို့ ဆိုစရာရှိမတုန်းတဲ့။ ဒါကြောင့်–

ချစ်သမီး....တနေ့ကျလို့ ရှိယင်ဖြင့် မိဘလင်သား မောင်ဖွားတွေကလဲ ကိုယ့်နောက်မလိုက်ဘူး၊ မိမိတို့ရှာဖွေစုဆောင်းထားတဲ့ လယ်ယာစပါး၊ တိုက်တာများနှင့် ရွှေ ငွေ စိန် ကျောက်တွေလဲ တခုမှ မလိုက်ပါဘူး။ ဒီဟာလေးတွေက တချိန်ကျ ခွဲကြရမယ့်တရား၊ ကွဲကြရမယ့်တရားတွေတဲ့။

## ကိုယ်နဲ့မဆိုင်

ဒို့သုဿာန်ရောက်ယင် ကွဲရမှာမလွဲတော့ဘူး၊ သုဿာန်ကျ ယင်တော့ ကိုယ်ရှာထားတဲ့ပစ္စည်းကလဲ တခုမှမပါတော့ဘူး၊ အခေါင်းထဲမရောက်ခင်ကလေးတော့ အနားတောင် ပုံထား လိုက်သေးဘယ်။ ပစ္စည်းလေးတွေရှိသမျှ အဲဒီအခါကျတော့ လာတဲ့လူတွေမြင်အောင် ရက်ရက်ရောရော ထုတ်ကြတာပေါ့ လေ။ အပေါ်က တချို့လွှမ်းထားလိုက်သေးတယ်။ ခေါင်း သွင်းကြစို့လဲဆိုရော အကုန်လုံးသိမ်းသွားပြီး အစုတ်ထည့်လိုက် တော့ဘာဘဲ။ ဒါကြောင့်မို့—

နင်ကိုယ်တိုင် ရှာဖွေခဲ့သမျှ ဘာတွေကမှ နင်နဲ့ မဆိုင် တော့ပါ။

ကိုယ်ရှာထားတာ ကိုယ်စုထားတာလေးတွေ ကိုယ်နဲ့လဲ မပါဘူး၊ ကိုယ့်နောက်လဲ မပါဘူး၊ ကိုယ်နဲ့လဲ မဆိုင်တော့ဘူး။ သေသေချာချာ တွေးကြည့်မယ်ဆိုယင်တော့ တော်တော်လေး နာစရာကောင်းတယ်၊ ဒါပေမယ့်လို ဘာဖြစ်လို့ စုနေကြတာ ဘုန်း၊ ဒီတရားတွေ သိနေကြရက်သားနဲ့ ဘာဖြစ်လို့ သိမ်း ဆည်းနေကြတာတုန်း၊ ကိုယ်ကိုယ်တိုင်လဲသိတယ်၊ သူများဟော တာလဲ ကြားတယ်၊ သူများလဲတဆင့်ဟောနေရက်နဲ့ ဘာလို့ စုနေကြတုန်းဆိုတော့ သေခြင်းတရားကတော့ မြဲနေတယ်၊ ဘယ်တော့ သေမယ်လို့တော့ ဘယ်သူက သိမှာတုန်း၊ ဒါနဲ့ တော်တော်နဲ့ မသေဘူးလို့ ထင်နေကြလို့ မသေ သေးခင် စပ်ကြားမှာ ငါအလိုရှိသို့ သူများဆီတောင်းနေရယင် ခယယ နဲ့ ခယဉ်းလိမ့်မယ်ဆိုတဲ့ သဘောနဲ့ စုနေကြတာ၊ တောင်း

တယ်ဆိုတာ တခါနှစ်ခါလဲ မတော်ဘူး၊ နှစ်ခါသုံးခါလဲ မတော်ဘူး၊ လွယ်ချင်မှ လွယ်မှာ၊ နဲနဲဆို လွယ်ချင် လွယ်မှာ များများကြတော့ ခက်မယ်။ ငါ အကယ်၍ နေထိုင်မကောင်း အုံးတော့ ဆေးဝါး ဓါတ်စာဟာ သူများမှိခိုရယင် သာမည ဖြစ်မှာဘဲ၊ ကိုယ့်ဟာနဲ့ကိုယ် ရဲရဲတင်းတင်းဆိုတော့ ကောင်းတဲ့ ဆေးထိုးနိုင်တယ်၊ ကောင်းတဲ့နေရာ သွားနိုင်တယ်၊ အဲဒီလို လိုတဲ့အခါ သုံးဖို့အတွက် ငါတော့ မသေ သေးပါဘူးလို့ နိစ္စ သဘောကလေးနဲ့ နေပြီးတော့ ဒါတွေသိမ်းနေတာ၊ တော်ကြာ တော်တော်နဲ့ မသေနိုင်ပါဘူးလို့ ထင်နေရာကဘဲ ဖျပ်ကနဲ သေသွားတယ်။ ဖျပ်ကနဲသေတော့ ပစ္စည်းက ကျန်နေခဲ့တယ်။ အဲဒါကြောင့် ပစ္စည်းတွေ စုဆောင်းတယ်လို့ ဒို့လူသားများမှာ တော့ ကိစ္စမရှိဘူး၊ ရဟန်းများမှာ ပစ္စည်းတွေစုထားပြီး ပျံတော် မူသွားတော့ သူတို့က ပစ္စည်းလဲ ကြိုက်သလိုသုံးကြသေး၊ ကဲ့လဲ ကဲ့ရဲ့သေးတယ် တော်တော်စုတဲ့ ဘုန်းကြီးကွာ၊ မစားရက် မသောက်ရက်နဲ့ စုထားလိုက်တာ-လို့ ပြောသေးတယ်။ ဒီပစ္စည်း ကလဲ ရှဘာ့ တာဝ် ဖြစ်တော့တာဘဲ၊ ဒီဘုန်းကြီးပျံ ထည့်သုံးမယ် ဘာမယ်နဲ့ စည်းဝေးဆုံးဖြတ်ချက်တွေချပြီး တခါထဲ တနေရာ ရာက ထည့်သုံးတာဘဲ။ စုဘယ် ဆောင်းတယ်လို့ ကဲ့လဲ ကဲ့ရဲ့ခံရ သေးတယ်။ ဘုန်းကြီးကတော့ နှစ်ဖက်နာပါဘဲ။

ဒါကြောင့်မို့ ကိုယ်တိုင်ရှာဖွေထားတဲ့ ပစ္စည်းတွေလဲ ဘာမှ မပါဘူး၊ မိဘ လင်သား မောင်မယားတွေလဲ မလိုက်ဘူး၊ ဒါ ကြောင့်မို့ လယ်ယာခြံမြေ ရွှေငွေစပါးတွေလဲ မလိုက်ဘူး၊ 'နင်ကိုယ်တိုင်ရှာဖွေခဲ့သမျှ၊ ဘာတွေကမှ နင်နဲ့မဆိုင်တော့ပါ။ အဖော်မပါဘဲ တယောက်ထဲ နင်ချည်းသာ နင်သွားရမှာတဲ့

ဘယ်သူမှမလိုက်ဘူး၊ အမလေး မောင်မရှိ မနေတတ်ပါဘူး၊ မယ်မရှိ မနေတတ်ပါဘူး၊ငါ့သာ မြန်မြန်ခေါ်လှည့်ပါတော့ဟဲ့ ဒီလို ဆိုပါတယ်။ အဟုတ်သာ လာခေါ်ယင် လိုက်မလား၊ ဘယ်လိုက်လိမ့်မတုန်း။

## တကယ်ခေါ်တော့ မလိုက်နိုင်

ဒါကြောင့်မို့ ဒကာမကြီးတယောက်က သားသေးကလေး တယောက်ထဲ၊ အလွန်လဲချစ်တာကိုး၊ ချစ်လွန်းလို့ ယုယုယယနဲ့ ကျွေးမွေးပြုစုနေတုန်း ၉၆-ဖြာ ဘေးရောဂါနဲ့ တွေ့တော့ သားလေး ပျက်စီးသွားတယ်။ တကတဲ သူ့ဿာန်တောင် အသုတ် မခံဘူး၊ သူ့သားလေး သူချစ်လိုက်တာ မျက်စိအောက်က တောင် အပျောက်မခံနိုင်ဘူး၊ အချိန်ကျတော့လေ အတင်းထုတ် ရတာပေါ့၊ ဟိုကျတော့ ကျင်းထဲတောင် သူက ခုန်ချနေတယ်၊ တက်ခဲ့ပါလို့ တောင်းပန်လို့မရဘူး၊ ငါ့သာ အရင်မြှုပ်ပါဟဲ့.... ငါအရင်သေပါရစေဟဲ့နဲ့၊အမျိုးမျိုးတောင်းပန်မရဘူး နောက် ကျတော့ လူတယောက်က စိယ်တိုလာတယ်၊ စိတ်ပေါက်လာ တယ်။ ဒီလောက်တောင်ရှိလှတာ မြေဖို့ဟာလို့ ဆိုပြီးတော့ အဟုတ်မြှုပ်မယ်လို့လုပ်တော့ တက်ပြေးလိုက်တာ လှည့်တောင် မကြည့်ဘူး၊ အဟုတ်တန်းကျတော့ မသေနိုင်ဘူး၊လိုက်လဲမလိုက် နိုင်ဘူးတဲ့။

ဒါကြောင့်မို့ အဖော်မပါဘဲ နှင်ချည်းသာ နှင်သွား၊ ဘာမှ မဆိုင်တော့ဘူး၊ တယောက်ထဲသွားရမှာတဲ့။ ဒီမောင် ဒီသား ဒီသမီး ဒီလင် ဒီမိဘတွေ ဘာလို့စွဲလမ်းနေတုန်း ချစ်သမီး၊ တနေ့

ကျ သင်ကိုယ်တိုင်လဲ သေရမှာမဟုတ်လားလို့ မြတ်စွာဘုရားက ဒီလို ဟောဘယ်။

ဒီအိုဘေးဒုက္ခ၊ နာဘေးဒုက္ခ၊ သေဘေးဒုက္ခကြီးကို ဘယ်သူ ကယ်နိုင်သလဲ၊ ဘယ်သူက တတ်နိုင်သလဲ၊ သားသမီးတွေကို မိဘက မအိုအောင် မနာအောင် တတ်နိုင်သလား၊ မိဘကလဲ မတတ်နိုင်ဘူး။ ဒါဖြင့် မိဘက မတတ်နိုင်ယင် သားသမီးတွေ ကကော မိဘအပေါ်မှာ ဒါတွေဘတ်နိုင်သလား၊မတတ်နိုင်ဘူး။ အိုဘေးဒုက္ခကိုလဲ မကယ်နိုင်ဘူး၊နာဘေးဒုက္ခကိုလဲမကယ်နိုင်ဘူး၊ သေဘေးဒုက္ခကိုလဲ မကယ်နိုင်ဘူးတဲ့။

## အသက်ကြီးလေ တိုးချစ်လေ

ဒီတော့ နဲနဲကျင်းကျင်း ဖေးဖေးမမတော့ ရပါတယ်၊ ဒီနား မှာ ထိုင်အုံးမလား၊ထိုင်ချင်ယင်အသာလေးပွေ့ထူ၊ ဒါတောင်မှ လိမ်မာတဲ့ သားသမီးနဲ့တွေမှ၊ သားသမီးကတော့ သိပ်အားကိုး ရတာ မဟုတ်ဘူး၊ ဒကာကြီးများက ဒကာမကြီး နေမကောင်း ယင် ယုယုယယ ထုတတ်တယ်၊ ဒကာကြီး နေမကောင်းယင် ဒကာမကြီးများက ယုယုယယ ပြုတတ်တယ်၊ ဒါကြောင့် အသက် ကြီးလေ တိုးချစ်လေတဲ့။ အသက်ကြီးလာလို့ အားကလဲ နည်း လာတော့ ကိုယ့်ကိုယ်တင် အားမကိုးဘဲနဲ့ သူ့ပါ လှမ်းအားကိုး လာတာ၊ ဒါကြောင့် အဘိုးကြီးနဲ့အဘွယ်ကြီးတွေက တယောက် နဲ့တယောက် ပိုချစ်တယ်ဆိုတာတဲ့။ဟုတ်လဲ ဟုတ်လောက်တယ်၊ မေးကြည့်။ တခါတလေ ဟုတ်တာပြောတဲ့ ပုဂ္ဂိုလ်တွေကျ အဲ ဒီလို ပြောတာပါဘဲ။

ဒီတော့ ယုယုယယနဲ့ ဒီဆေးလေး သောက်ပါအုံးလား၊ ဒါလေး စားပါအုံးလား၊ ဒီလောက်တော့ တတ်နိုင်တယ်။ အို တာ နာတာ သေတာ တားမြစ်ဖို့ ဘယ်သူမှ မတတ်နိုင်ဘူး။ မအိုအောင်လဲ မတတ်နိုင်ဘူး၊ မနာအောင်လဲ မတတ်နိုင်ဘူး၊ မသေအောင်လဲ မတတ်နိုင်ဘူး။ ဒီခန္ဓာငါးပါး ရထားယင် ဒီခန္ဓာငါးပါးရဲ့ အလုပ်က ဘာလဲဆိုယင် သူမှန်မှန်လုပ်နေတာက သူက သေမင်းပြည် သွားနေတာတဲ့၊ အချိန်မှန်မှန် သွားနေတာ၊ ဘာတွေလုပ်နေနေ၊ ဘယ်သူက ဘာစားနေနေ၊ ဘာပြောနေနေ၊ နာရီစက်များ သွားနေသလိုဘဲ သူက သေမင်းပြည် အချိန်မှန်မှန် သွားနေတယ် သူ့အလုပ်က ဒါတခုထဲရှိတယ်။

## သေမင်းပြည်ကို ပိုနီးလာပြီ

ဒို့ ခုဒီနားမှာ ဘာလုပ်နေကြသလဲဆိုယင် ဒို့တရားဟောနေကြ တရားနာနေကြတာပါဘုရားလို့ ဖြေမှာဘဲ။ ခု တရားစကားတွေ ပြောဆိုဆွေးနွေးနေကြပါတယ်၊ တရားတွေ နာနေကြပါတယ်လို့ ထင်မှာ၊ ဒါမျက်မြင် တကယ့်တရားသဘောနဲ့ကြည့်မယ်ဆိုယင် ဒို့တတွေ သေမင်းပြည် သွားနေကြပါတယ် ဆိုယင်ကော မှားမလား (မမှားပါဘူးဘုရား)၊ မမှားဘူးနော်။ အဲ မနက်ကနဲ့ခု ဘယ်ကနီးနေတုန်း (ခုနီးနေပါပြီဘုရား)။ ဒို့ခုန ထိုင်ခါစတုန်းကနဲ့ ခုနဲ့ ဘယ်ဟာက နီးနေတုန်း (ခုနီးနေပါပြီဘုရား)။

ခု တရွေ့ရွေ့လေးနဲ့ သွားနေတာ ဒို့တရားနာနေလဲ သူက တော့ သေမင်းပြည် သွားနေရက်ဘဲ၊ ပျော်ပါးနေယင်ကော သေမင်းပြည် သွားနေရက်ဘဲ၊ သူ့အလုပ်သည်ကား ဒါဘဲ။ ဆေးလိပ်ကလေး သောက်ကြည့်ပါ၊ ပဌမ တဖွာ ဖွာလိုက်၊

ဒုတိယတဖွာကျတော့ သေမင်းပြည် သာနီးမသွားပေဘူးလား (နီးသွားပါတယ်ဘုရား)။ နာရီကလေး ချက်ကနဲ ချက်ကနဲ သွားသလို သေမင်းပြည် တရွေ့ရွေ့သွားနေတာဘဲ။

အသက်ကလေး တရှူပြီး တရှူ၊ တရှူပြီး တရှူ သေမင်းပြည်သွားနေတာ၊ အဲဒါကြောင့်မို့ ဩ–ခန္ဓာ၏ အလုပ်သည်ကား ဆိုလို့ရှိယင် သေမင်းပြည် မှန်မှန်သွားနေတာ သူ့အလုပ်ဘဲလို့ မှတ်ကြရမယ်၊ ရဟန်းတပါးအနေနဲ့ ဆွမ်းစားလိုက်ယင် ပဌမတလုပ်ပြီး ဒုတိယတလုပ်ကြတော့ သေမင်းပြည်ပိုမနီးဘူးလား(နီးပါတယ်ဘုရား) တလုပ်ပြီးတလုပ် နီးမနေဘူးလား(နီးနေပါတယ်ဘုရား)။အဲဒီလို နီးနေတာက သေမင်းပြည်ဘယ်သူက သွားနေတာတုန်းဆိုယင် ခန္ဓာက သွားနေတာတဲ့။

မျက်မြင်လောက ဓမ္မဘာသိ အများသိဆိုသင် ရဟန်းတော်အရှင်မြတ်တွေ ဆွမ်းဘုဉ်းပေးနေကြတယ်လို့ မြင်ပါတယ်။ တကယ် ဘုရားဉာဏ်တော်နဲ့ ကြည့်မယ်ဆိုယင် ဘာလုပ်နေကြတုန်း၊ သေမင်းပြည်သွားနေတယ်ဆိုယင် မှားမလား(မမှားပါဘုရား)အဲ မမှားဘူး။ ဒီတတွေဟာ သေမင်းပြည် သွားရမှာကြီးလို့လဲမနေရ ငယ်လို့လဲမနေရဘူး။ ဒါကြောင့်မို့....

ကြီးသူငယ်သူ၊ အားလုံးလူ၊ ခုမူ သေရမည်....တဲ့။

ကြီးသူလဲမနေရဘူး၊ ငယ်သူလဲမနေရဘူး။ ဒါဖြင့် လိမ္မာတော့ကော နေရမှာလားဆိုယင် လိမ္မာလို့လဲ မနေရဘူး၊ မိုက်လို့လဲ မနေရဘူး။ မြဲလို့လဲမနေရဘူး၊ ချမ်းသာလို့လဲ မနေရဘူး။ တသွားထဲ နေတာဘဲ။ သူဌေးကလဲ သူဌေးရထားတဲ့ခန္ဓာနဲ့ သေမင်းပြည်သွားနေတာဘဲ၊ ဆင်းရဲသားရဲ့ ခန္ဓာကလဲ သွားနေတာဘဲ။ ဒါကြောင့်....

ကြီးသူငယ်သူ၊ အားလုံးလူ၊ ခုမှု သေရမည်။
လိမ္မာမလိမ္မာ၊ လူတကာ၊ မကြာသေရမည်။
ဘယ်သူတို့မှ၊ မနေရ၊ မုချ သေရမည်။

ဘယ်လိုလူဖြစ်ဖြစ် ဘယ်သူမှ မနေရဘူး။ သေကြရမှာတဲ့။ ဒီခန္ဓာသည်ကားဆိုယင်ဖြင့် ဒီခန္ဓာလောက် ဒုက္ခပေးတာမရှိဘူး၊ ဒါပေမယ့် ဒီခန္ဓာကို မိမိတို့က တဏှာနဲ့ ခင်မင်သာယာနှစ်သက်ထားတော့ ဒိဋ္ဌိနဲ့ ခင်မင်စွဲလမ်းထားသော့ သူ့အပေါ် အပြစ်မမြင်ဘူး။ သူက ဒုက္ခတော့ အင်မတန်ပေးတယ်၊ ညကျတော့ အိပ်ချင်နေတာ။ ဆေးစားထားလို့ အစားမတဲ့လို့၊ ကိုယ့်ခန္ဓာကျတော့ တော်တော်ကြာ ဗိုက်က နာလာယင် ငါ အိမ်သာသွားချင်တယ်တဲ့၊ ဟိုကငါ အိပ်ချင်တယ်၊ ကိုယ်ခန္ဓာ တယောက်ထဲဖြစ်နေတယ်။ ငါ့ အိမ်သာလိုက်ပို့အုံးတဲ့၊ လိုက်ပို့ရတာ အင်မတန် အိပ်ကောင်းနေတဲ့အချိန်မို့ သူများကသာနှိုးပြီး ကျုပ်အိမ်သာ လိုက်ပို့စမ်းပါဆိုယင် မင်း အလိုက်မသိတဲ့လူလို့ ပြောမလား၊ ကိုယ့်ခန္ဓာကြီးကျတော့ မဆိုရက်ဘူး၊ လိုက်ပို့ရတယ်။ ငါ့ အိမ်သာလိုက်ပို့အုံးဆို ပို့ရတယ်။

ကိုယ့်ခန္ဓာခိုင်းရာ ကိုယ်လုပ်ပေးရ

ငါ့ ဟိုဘက် စောင်းပေးအုံး ဆိုယင် စောင်းပေးရတယ်၊ ထိုင်ပေးအုံးဆိုယင် ထိုင်ပေးရတယ်၊ မနက်လင်းလာတော့ ငါ့ မျက်နှာသစ်ပေးအုံးဆို သစ်ပေးရတယ်၊ ဒီခန္ဓာကြီးက ခိုင်းနေတာ၊ သူများကသာ ခိုင်းမယ်ဆိုယင် ဟေ့ ဒီအချိန် ဘာလုပ်နေတာစသည်ဖြင့် မင်းနဲ့ငါနဲ့တော့ ကြာကြာနေလို့ မဖြစ်ဘူး၊ အိုးစားခွဲမှဘဲလို့ ဆိုမှာဘဲ။ မျက်နှာလဲ သစ်ပြီးရော ငါက

ဆာတယ်တဲ့၊ ငါ့လဘက်ရည်ချိုတိုက်အုံး၊ ဆန်ပြုတ်တိုက်အုံး၊ မုန့်ဟင်းခါး ကျွေးအုံး စသည်ဖြင့် တခုခု အစာအာဟာရ တောင်းတဲ့အတိုင်း လုပ်ကျွေးနေရတာဘဲ၊ ဒီခန္ဓာရဲ့ ဒုက္ခတွေတဲ့၊ အဲဒီလို သူများကသာ ငါ့ ရုပ်ရှင်ရုံပို့အုံး၊ ငါ့ ပွဲလိုက်ပို့အုံး၊ ငါ တရားပွဲသွားချင်သေးတယ်စသည်ဖြင့် ဒီလောက် ဂျီးများနေလို့ ရှိယင် ဒီအလုပ်တွေ ခိုင်းနေလို့ရှိယင် မင်းနဲ့ငါ အိုးစားကွဲရော ကွာ၊ ဘယ်တော့မှ လှည့်မကြည့်ဘူးလို့ ဆိုရမှာဘဲ၊ အဲဒီအမြင် မြင်ပြီးတော့ ဒီခန္ဓာကြီးကို ဘယ်တော့မှ လှည့်မကြည့်ချင်အောင် အိုးစားကွဲအောင် သုတ်သင်ရမယ်၊ ကျင့်ကြံ ရမယ်၊ ခန္ဓာ ဟူသမျှ ဒုက္ခပေးသည် ဘယ်ဘဝမှလဲ အမြဲမတည်ဆိုတဲ့အတိုင်း ဒီခန္ဓာက ဒုက္ခပေးတာလို့ မြင်ရမယ်၊ သုခ တခုမှ မရှိဘူးလို့ သိရမယ်။ ဝတ်ရင်း စားရင်း ပီးရင်း လိမ်းရင်း တကယ် အလှ ကြည့်ရင်း ပေါင်ဒါတွေ လူးရင်း ကြားထဲကနေပြီး အရေတွေ တွန့်လာတယ်၊ သူ့အလုပ် သူ လုပ်နေတာ၊ ဆရာဝန်တွေ ကြားထဲက နေပြီးတော့ ဆေးအမျိုးမျိုး စားပါလျက်ကနဲ့ ဆေးအမျိုးမျိုး ထိုးပါလျက်ကနဲ့ နာလာပြီး သူက အိုရာ နာရာ သွားနေတယ်၊ တော်တော်ကြာ သေရရော။ ဒီခန္ဓာကြီး ခိုင်ခန့်အောင် မနက်တိုင်း စောစောထပြေးရ လုပ်နေတယ်၊ ဒီလို လုပ်ရင်းကလဲ တဖြေးဖြေး အိုနာပြီး သေတဲ့ဘက် သွားနေ တာဘဲ။

တချို့လဲ ရေတွေ ၇၅/ကျပ်သား သောက်ရတာ၊ တချို့လဲ ဒီလောက် မကပါဘူး၊ သူ့အချိန်နဲ့သူ သောက်နေ ကြတာ၊ အဲဒီလိုလုပ်တော့ ဘာပြုတုန်းဆိုတော့ ကျန်းမာတယ်တဲ့။ ကိုယ်ခန္ဓာခိုင်ခန့်အောင် ကျန်းမာတယ်ဆိုတာကို လုပ်နေရ

တယ်။ ကိုယ်ခန္ဓာက မခိုင်ခန့်တဲ့ ခန္ဓာအမျိုးအစားမို့ ခိုင်ခန့်အောင် ကြံဖန် ပါထေးနေရတာ၊ တချို့လဲ စောစောကြီး မနက်တိုင်း လမ်းလျှောက်ကြ၊ တဖတ်ဖတ်နဲ့ ပြေးနေကြတာကို မြင်တယ်။ နဲတာ တွေမဟုတ်ဘူး၊ လှည့်ပတ်ပြီးတော့ လမ်းလျှောက်တဲ့လူကလျှောက်။ အဲဒါ ခန္ဓာကိုယ်ကြီးက ဟိုဘက်ကို သွားနေတာကို ခိုင်ခန့်မလားလို့ ပြုပြင်နေကြတာဘဲ။

ဒါကြောင့် ခန္ဓာဟူသမျှ ဒုက္ခပေးတယ်တဲ့၊ ဒုက္ခပေးလို့ ဒီလိုပြုပြင်ယင် ရလားဆိုတော့ ဘယ်အချိန်မှ အမြဲမတည်ဘူး၊ ဘယ်ဘဝမှ အမြဲမတည်ဘူး၊ ဒုက္ခ အမြဲပေးနေတယ်။ အိုရာ နာရာ သေရာကို အမြဲတန်း ပို့နေတယ်တဲ့။

အိုနာသေဘို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲပါတကား။

အချိန်ရှိသမျှ အိုရာ နာရာ သေရာကို မောင်းနှင်ပို့နေတာပါတဲ့၊ ဒါကြောင့်မို့ ဒီအိုဘေး နာဘေး သေဘေးတွေနဲ့ တွေ့ခဲ့ယင်ဖြင့်၊ မိဘကလဲ သားသမီး မကယ်နိုင်ဘူး၊ သားသမီးကလဲ မိဘမကယ်နိုင်ဘူး၊ ဆရာကလဲ တပည့်မကယ်နိုင်ဘူး၊ တပည့်ကလဲ ဆရာမကယ်နိုင်ဘူး၊ ဆွေမျိုး သားချင်းကလဲ မကယ်နိုင်ဘူး၊ ပစ္စည်းဥစ္စာကလဲ မကယ်ဘူး။ ဒါကြောင့်–

အိုဘေး ဒုက္ခ၊ တွေ့ကြုံက၊ မိဘ မကယ်နိုင်။
နာဘေး ဒုက္ခ၊ တွေ့ကြုံက၊ မိဘ မကယ်နိုင်။
သေဘေး ဒုက္ခ၊ တွေ့ကြုံက၊ မိဘ မကယ်နိုင်။

ဒါဖြင့် အိုဘေးဒုက္ခ ကြုံတွေ့လာယင် မိဘက မကယ်နိုင်ဘူးဆိုတော့ သားသမီးက ကယ်နိုင်ကြမလား (မကယ်နိုင်ပါဘူးရား)၊ သားသမီးကလဲ မကယ်နိုင်ဘူး။ ဆရာက တပည့်ကို

ကယ်နိုင်ရဲလား (မကယ်နိုင်ပါဘူး ဘုရား)၊ မကယ်နိုင်ဘူး။ တပည့်က ဆရာကိုကော (မကယ်နိုင်ပါဘူး ဘုရား)၊ ဆွေမျိုးတွေကကော (မကယ်နိုင်ပါဘူး ဘုရား)။ ဒါဖြင့် အိုဘေး၊ နာဘေး၊ သေဘေးဟာ ဘယ်သူ့အားကိုးမလဲ၊ အားကိုးစရာရှိရဲ့လား (မရှိပါဘုရား) မရှိပါဘူး။ ဒါကြောင့် မြတ်စွာဘုရားက....

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာ ဓိပန္နဿ၊ နတ္ထိ ဉာတိသု တာဏတာ။
ဧတမတ္ထ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

ဆိုတဲ့ ဒီဂါထာကို ပဋာစာရီအား ဟောကြားတော်မူတယ်။

အန္တကေန၊ မညှာမဆုတ် သေမင်းယုတ်သည်။ အဓိပန္နဿ၊ ကိုးအသယ်ခြောက်ပုံ လက်နက်စုံဖြင့် အကုန်ပစ်ခွင်း ဖိကာနင်း၍ အတင်းတိုက်ခတ် နှိပ်စက်အပ်သောသူအား။ တာဏာယ၊ ပုန်းအောင်းခြင်းငှာ။ ပုတ္တာ၊ သားသမီးတို့သည်။ န သန္တိ၊ နှမ်းစေ့မျှမှန် မရှိကြကုန်။ တာဏာဘာ၊ သေဘေးရောက်ကာအားပျောက်အောင်ကြပ် စောင့်ရှောက်တတ်သော။ ပိတာပိ၊ အဘေးပိုဒ်နှင်း မိဘရင်းသည်လည်း။ နတ္ထိ၊ မရှိချေ။ ဉာတိပိ၊ မိဘနွယ်မြတ် သွေးသံဟပ်၍ တော်စပ်ချင်းချင်း ဆွေမျိုးရင်းသည်လည်း။ နတ္ထိ၊ မရှိချေ။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ ဧတံ အတ္ထဝသံ၊ ထိုသို့ဆိုပြီး သားသမီးနှင့် မိကြီးသားချင်း မိဘရင်းတို့ သေမင်းနှင့်ဆိုင် ကိုးကွယ်ရာမရှိသော အဖြစ်ကို။ ဉတွာ၊ သိ၍။ သီလသံဝုတော၊

သီလကိုစောင့်ရှောက်လျက်။ နိဗ္ဗာနဂါမိနီ မဂ္ဂ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းကို။ ခိပ္ပမေဝ၊ မကြာစေရ ခုဘဝ၌ သာလျှင်။ ဝိသောဓယေ၊ မပေ့မရှုတ် အခြေပြုတ်အောင် ဖြေခုတ်နှုတ်ခါ သုတ်သင်ရာတော့သတည်း။

## သေမင်းနဲ့ ရင်ဆိုင်လာယင်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က သေမင်းနဲ့ ရင်ဆိုင်လာယင် အားကိုးစရာ၊ အားထားစရာ ဖြစ်နိုင်တဲ့ သားသမီး မရှိနိုင်ပါဘူးတဲ့။ န သန္တိ ပုတ္တာ-သို့ ဟောပါတယ်၊ ဒါဖြင့် သားသမီးတင်လားဆိုတော့ ပိတာပို၊ အခရးပိုင်နင်း မိဘ အရင်းတွေလဲဘဲ ဒီသေမင်းကြီးနဲ့ ယှင်ဆိုင်လာရင် တားမြစ်မပေးနိုင်ပါဘူးတဲ့၊ ကာကွယ်မပေးနိုင်ဘူး။

ဒါဖြင့် မိဘကလည်း သားသမီးကို မကာယ်နိုင်ဘူး၊ သားသမီးကလည်း မိဘကို မကာယ်နိုင်ဘူးလို့ဆိုယင် ချစ်သူ ခင်သူတွေကများ ကာယ်နိုင်ရဲလားဆိုတော့ ဗန္ဓဝါပိ၊ အတူပေါင်းသင်း မိတ်သင်းပင်းတို့သည်လည်း။ နတ္ထိ၊ မရှိချေ။ ကာယ်နိုင်တဲ့ ဆွေမျိုးတွေလဲ။ န သန္တိ၊ မရှိပါဘူးတဲ့။

ဒါဖြင့် ဆွေမျိုးသားချင်းကကောဆိုတော့ ဉာတိပိ၊ မိန္ဒယ်ဖမြတ် သွေးသံဟပ်၍ တော်စပ်ချင်းချင်း ဆွေမျိုးရင်းတို့သည်လည်း။ နတ္ထိ၊ မရှိချေ။ ဆွေမျိုးတွေကလဲ မကာယ်နိုင်ပါဘူးတဲ့၊ ချစ်သမီး တနေ့ကျယင် ဒီသား ဒီသမီး၊ ဒီမိ ဒီဘ၊ ဒီလင် ဒီသားတွေ မဆိုထားနဲ့ မိဘသင်သား မောင်ဖွားတွေ မဆိုသားနဲ့ တနေ့ကျ ကိုယ်ကိုယ်တိုင် သေရမှာလို့ မြတ်စွာဘုရားက ဟောတယ်။

## အားကိုးစရာ အစစ်

ဒီလိုပြောလိုက်တော့ ဩော်-သေတယ်ဆိုတာ ငါ့သားသာ သေတာမဟုတ်ဘူး၊ သေတယ်ဆိုတာ သူများလဲ သေတာဘဲ၊ ဒီ တအိမ်ထဲလဲ သေတာမဟုတ်ဘူး၊ ဒီ တရပ်ကွက်ထဲလဲ သေတာ မဟုတ်ဘူး၊ နတ်လောကလဲ သေတာဘဲ၊ ဗြဟ္မာလောကလဲ သေတာဘဲ၊ ဩ-သေခြင်းတရားဆိုတာ အားလုံးဘဲ သေရမှာ ပါလား၊ တနေ့ ကိုယ်ကိုယ်တိုင်သေရအုံးမှာပါလား။

ပဋာစာရီက အဲဒီလို သဘောပေါက်လာတယ်၊ အဲဒီလို သဘောပေါက်လာတော့ သေတတ်တဲ့တရားမို့ သေတာဘဲလို့ သတိသံဝေဂရပြီးတော့ အပူလေးစင်သွားပြီ၊ ဒါကြောင့်-

မိဘလင်သား များပြားဆွေညာ၊
အားကိုးရလား စဉ်းစားကြည့်ပါ၊
သေမင်းရန်က မတားနိုင်ပါ၊
မြတ်တရား အားထားအစစ်ပါ။

ဒါကအားကိုးစရာနဲ့ အားကိုးစရာ မဟုတ်တာကို ခွဲပြော တာ၊ ဘယ်သူ့အားကိုးရမှာလဲ၊ ဘယ်သူ့ အားမကိုးရမှာလဲလို့ အားကိုး မှားနေမှာစိုးလို့ ပြောတဲ့ စကားပါဘဲ။

မိဘလင်သား များပြားဆွေညာ၊
အားကိုးရလား စဉ်းစားကြည့်ပါ၊
သေမင်းရန်က မတားနိုင်ပါ၊
မြတ်တရား အားထားအစစ်ပါ။

ဒီတော့ ဒီနေရာမှာကြည့်စမ်းပါတဲ့။ အားကိုးစရာ ရှာလိုက် တော့ မိဘလင်သားတွေကို အားကိုးရမှာလား၊ တရားကို အား

ကိုးရမှာလားတဲ့။ ဒီလိုဆိုယင် ဘယ်သူ့ အားကိုးကြမတုန်း (တရားအားကိုးမှာပါဘုရား)။ ဒါဖြင့် မိဘလင်သားက သေခြင်း တရားကို တားနိုင်ရဲ့လား မတားနိုင်ပါဘုရား)၊ မဂ်တရား ဖိုလ်တရားတွေကကော သေမင်းကို မတားနိုင်ဘူးလား (တား နိုင်ပါတယ်ဘုရား) အဲ့ တားနိုင်ပါတယ်တဲ့။

## သေရမှာ ကြောက်ယင်

ဒါကြောင့် မို့ သေရမှာကြောက်ယင် တရားအားကိုးကြ။ အားကိုး မှားနေမှာစိုးလို့ ဘုန်းကြီးတို့ ဒီနေရာမှာ မြတ်စွာ ဘုရားက န သန္တိ ပုတ္တာ တာဏာယ-အစရှိတဲ့ ဂါထာလေးကို ထုတ်ပြီးတော့ ဟောပါတယ်၊ အဲဒီလို ဟောလိုက်တယ်ဆိုယင်ဘဲ ပဋာစာရီဟာ သဘောပေါက်ပြီးတော့ ဪ...သေတယ် ဆို တာလဲ တဦးထဲသေတာမဟုတ်ဘူး၊တအိမ်ထဲသေတာမဟုတ်ဘူး၊ တမြို့ထဲသေတာမဟုတ်ဘူးလို့ သူ့စိတ်ထဲမှာ သဘောပေါက်ပြီး လာတယ်။ အဲဒီမှာ မြတ်စွာဘုရားက ဆက်ပြီးတော့ တရားကို အားကိုးရမယ်လို့ဆိုတော့ ဘယ်တရားကို အား ကိုး မှာ တုန်း ဆိုလို့ရှိယင်ဖြင့် သတိပဋ္ဌာန်တရားကလွဲပြီး နိဗ္ဗာန်သွားတဲ့လမ်း ရှိရဲ့လား (မရှိပါဘုရား)၊ သတိပဋ္ဌာန်တရားကို အားကိုးရမယ် လို့ ဒီနေရာမှာ မြတ်စွာဘုရားက သတိပဋ္ဌာန်တရားကို အားကိုး အောင် ဆက်ဟောပါတယ်။

သူက အပူတွေ စင်သွားတယ်၊ အပူတွေစင်ပြီးတော့ တရား သဘောတွေပေါက်လို့ အဲဒီနေရာမှာ သောတာပန် ဖြစ်သွား ဘယ်၊ ဒါကြောင့် ကြားနာရုံလေးနဲ့ အပူစင်ပါတယ်တဲ့၊ အပူ စင်တော့ သတိကောင်းလာတယ်၊ သတိ ကောင်းလာတဲ့အခါ

ကျတော့ သူဟာ ဘိက္ခုနီမလေးပြုပါရစေလို့ တောင်းပန်ပြီး ဘိက္ခုနီမလေး ပြုတယ်။ ဘိက္ခုနီမကျောင်း ပို့ပြီးတော့ ပြုတယ်၊ ပြီးတော့မှ တရားရှုနည်း မှတ်နည်းတွေ ပေးပါတယ်။

မြတ်စွာဘုရားက တရားအားကိုးပုံ ထိုင်ပုံလေးတွေ ရှုမှတ်ပုံလေးတွေ ဟောပါတယ်၊ ဒီနေရာမှာ ကြားနာရုံပင် အပူစင်၍၊ ကျင့်လျှင်ချမ်းသာ....ကျင့်တော့မယ်။ ကိုယ်တိုင် ဒီနေရာမှာ ဒို့ကျင့်တယ်ဆိုတာ အခုလို သန့်သန့်တရားကို ရှုမှတ်နေတာလဲ ရှိပါတယ်၊ တရား နာယင်း နာယင်း မြတ်စွာဘုရားက ဟောလိုက်၊ သူက ခန္ဓာတွင်း ဉာဏ်သွင်းပြီး ရှုမှတ်လိုက်၊ ဟောလိုက် ရှုလိုက်နဲ့၊ အဲဒီလို ရှုမှတ်ပြီးတော့ ခန္ဓာတွင်း သွင်းအားထုတ်တဲ့ နည်းလဲ ရှိပါတယ်။ ဒီလိုလဲ အားထုတ်ရာမှာ မျက်စိမှိတ်၊ ခေါင်းကိုညိတ်၊ ရှုစိတ် ဗိုက်မှာထား-ဆိုတဲ့အတိုင်း ခန္ဓာကိုယ်မှာ ဖြစ်တိုင်း မှုယာလေးတွေ၊ အခုယောဂီတွေ မှတ်နေသလိုဘဲ၊ လိုက် လိုက်ပြီးတော့ မှတ်နေတယ်၊ အဲဒီလို မှတ်နေတဲ့အခါကျတော့-ကျင့်လျှင်ချမ်းသာတဲ့။

## စိတ္တာနုပဿနာသတိပဋ္ဌာန်

ပထမပိုင်းမှာတော့ဖြင့် ဝေဒနာတွေက ပေါ်ပေါ်လာလို့ ချမ်းသာမှု သိပ်မတွေ့သေးဘူး၊ ဝေဒနာတွေ ပေါ်လာယင် စူးစိုက်မှတ်ရတယ်၊ ပူယင် ပူတယ်မှတ်၊ နာယင် နာတယ်....နာတယ်၊ ကိုက်ယင် ကိုက်တယ်....ကိုက်တယ်မှတ်၊ ဝေဒနာတွေ ပေါ်လာလို့ ဒီလိုမမှတ်နိုင်ယင် စိတ်ကလေးတွေကလဲ မငြိမ်သက်ဘူး၊ ဟိုထွက် ဒီထွက် ထွက်ပြန်ရော၊ စိတ်ထွက်တယ်၊ စိတ်

ကူးတယ်၊ ကြံစည်တယ်၊ ဒါလေးတွေလဲ လိုက်မှတ်ယင် စိတ္တာ နုပဿာ ဖြစ်တယ်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဘဲ။

နာတာ ကျင်တာလေးတွေကိုမှတ်ယင် ဝေဒနာ နုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။ ဖောင်းတယ် ပိန်တယ် ကွေးတယ် ဆန့်တယ်၊ ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်ရ၊ဒါလေးတွေ ကတော့ ကာယာနုပဿနာ သတိပဋ္ဌာန်တဲ့။

အဲဒါလေးတွေကို နိုင်အောင် လိုက်ပြီးတော့ မှတ်လိုက်တယ် ဆိုယင်ဘဲ စိတ်ကလေးက ငြိမ်သက်သွားတော့တာပါဘဲ၊ ဒို့ ယောဂီတွေလဲ အဲဒီလို လွင့်ပါးသွားလို့ရှိယင် စိတ်ကလေးကို စိတ်ကူးတယ် ကြံစည်တယ် စိတ်ထွက်တယ်လို့ နိုင်အောင်မှတ် ပါတဲ့၊ ပြတ်စဲသွားအောင်မှတ်၊ မှတ်တော့ ဝေဒနာပေါ်ယင်လဲ နာတယ်၊ ကိုက်တယ် စသည်ဖြင့်မှတ်၊ ကွေးတဲ့ ဆန့်တဲ့ အခါလဲ ကွေးတယ် ဆန့်တယ် မလွတ်စတမ်း မှတ်ပါတဲ့၊ ဒီလို မှတ်ပါ များလာတဲ့အခါမှာ စိတ်ကလေးက အခြားတပါးအတွက် နဲနဲ သွားပါလိမ့်မယ်တဲ့၊ အဲဒီလိုနဲ့ သွားတဲ့အခါကျတော့ စိတ် ကလေးက စိတ်ကူး စဉ်းစားမှုတွေလဲမရှိဘူး၊ ဟိုဟိုဒီဒီလဲ မထွက် တော့ဘူး၊ ဝေဒနာတွေကလဲ ငြိမ်းလိုက်လာပြီး ဝေဒနာတွေ လွန်မြောက်လာပြီလို့ ဆိုပါတယ်။ ရက်ကလေးရတော့ ဒီနေ ရာမှာ ဒီအတိုင်း လက်တွေ့ဖြစ်မှာပါတဲ့၊ ဒီတိုင်းဖြစ်၊ ဒီတိုင်း လဲ ပြောနေကြတာပါတဲ့။

အဲဒီလို ဝေဒနာတွေ လွန်မြောက်ပြီးတော့ စိတ်ကလေးတွေ မထွက်တော့ဘူး ဆိုလို့ရှိယင် မိမိခန္ဓာကိုယ်မှာ ပေါ်သမျှလေး တွေကို မလွတ်တမ်း သိလိုက်လာတယ်၊ ဖောင်းရင်လဲ ဖောင်း

တာလေးသိပြီး ဖောင်းတိုင်း ဖောင်းတိုင်း မလွတ်စတမ်း သိတယ်၊ ပိန်တိုင်း ပိန်တိုင်းသိတယ်၊ နာတိုင်း နာတိုင်း သိတယ်၊ ကွေးတိုင်း ဆန့်တိုင်း ပေါ်လာသမျှတွေ မလွတ်တော့ဘူး။ အဲဒီလို မှတ်နိုင်တဲ့ အခါကျတော့၊ ဩ–ဒို့မှတ်နေရတာဟာ အမှတ်ခံတာနဲ့ မှတ်တာနဲ့ ဒီနှစ်ခုထဲ ရှိတာဘဲလို့ ဒီလိုမြင်လာပါတယ်၊ ဉာဏ်ထဲမှာ ဒီလိုသိလာတယ်။

ဖောင်းတာလေးနဲ့ မှတ်တာလေးနဲ့ နှစ်ခုထဲဘဲ၊ ပိန်တာနဲ့ မှတ်တာနဲ့ နှစ်ခုထဲဘဲ၊ ကွေးတာနဲ့ မှတ်တာနဲ့ နှစ်ခုထဲဘဲ။ ဒီနှစ်ခုထဲ ရှိတယ်လို့ သိလာတယ်။ ကွေးတယ်လို့ မှတ်ယင် ကွေးတာရယ် မှတ်တာရယ် ဒီနှစ်ခုဘဲ၊ လှမ်းတယ်လို့မှတ်တော့ ဘယ်နှစ်ခု ရှိမတုန်း(နှစ်ခုထဲပါဘုရား)၊ လှမ်းတာရယ် (မှတ်တာရယ်ပါဘုရား) ထိုင်တယ်လို့မှတ်တော့လဲ ထိုင်တာရယ် မှတ်တာရယ် ဒီနှစ်ခုထဲဘဲ။

အဲဒီနှစ်ခုကို အမျိုးအစား နာမည်တပ်လိုက်လို့ ရှိယင်တဲ့ ကွေးတယ်လို့မှတ်တဲ့အခါ ကွေးတာက ဘာတုန်း၊ ရုပ်လား-နာမ်လား (ရုပ်ပါဘုရား)၊ မှတ်တာက (နာမ်ပါဘုရား)၊ ဟော ကွေးတာနဲ့ မှတ်တာလေး ဒီနှစ်ခုဘဲရှိတယ်။ ရုပ်နာမ်မခွဲတတ်ချင်နေ၊ အကယ်၍ မခွဲတတ်တဲ့ ပုဂ္ဂိုလ်ဆိုယင် ကွေးတာနဲ့ မှတ်တာဘဲလို့ သိယင် ရုပ်နာမ်ကို မသိဘူးလား (သိပါတယ်ဘုရား)၊ မှတ်ရင်းက အဲဒီလို သိနေတာဘဲ။

ဒါဖြင့် သူက ဘာတွေ့နေတုန်း (ရုပ်နဲ့နာမ်ပါဘုရား)၊ ရုပ်နာမ်တွေ တွေ့နေပါတယ်တဲ့၊ ဒါဖြင့် ရုပ်နာမ်တွေ တွေ့နေတော့ အဲဒီရုပ်နာမ် နှစ်ခုထဲရှိဘာဘဲလို့ သိတော့ နာမရူပ-ပရိစ္ဆေဒ ဉာဏ်အဆင့် ရောက်လာတယ်။

## အကြောင်းနဲ့ အကျိုး

အဲဒီကနေပြီးတော့ ဒီရုပ်နာမ်တွေ ဘယ်ကလာသလဲလို့ကြည့်တယ်၊ ဖောင်းတယ်လို့ မှတ်လိုက်တော့ ဖောင်းတာနဲ့ မှတ်တာ ဘယ်သူက အယင်တုန်း (ဖောင်းတာက အယင်ပါ ဘုရား)၊ ဘယ်ဟာက အယင်တုန်း (ဖောင်းတာက အယင်ပါဘုရား)၊ ဖောင်းတာကအယင် မှတ်တာက နောက်မှဖြစ်တာဘဲ။ ဒါဖြင့် ဒီမှတ်စိတ်ကလေး ဘယ်သူ့ကြောင့် ပေါ်တုန်း (ဖောင်းတာကြောင့်ပါဘုရား)၊ ဖောင်းတာကဘာတုန်း ရုပ်လား-နာမ်လား (ရုပ်ပါဘုရား)၊ မှတ်တာက (နာမ်ပါဘုရား)။ ဘယ်သူက အကြောင်းတုန်း (ရုပ်က အကြောင်းပါဘုရား)၊ နာမ်က (အကျိုးပါဘုရား)၊ အဲ ရုပ် အကြောင်း၊ နာမ် အကျိုးရယ်လို့ အကြောင်းနဲ့အကျိုးဘဲ ရှိတယ်တဲ့။

ဒါဖြင့် အကြောင်းအကျိုးလွတ်ပြီးတော့ ပေါ်တာလား၊ အကြောင်းကြောင့် အကျိုးပေါ်တာလား(အကြောင်းကြောင့် အကျိုးပေါ်တာပါဘုရား)၊ ဟော အကြောင်းကြောင့် အကျိုး ပေါ်တာကိုသိပြီ။ ဖောင်းနေတုန်းမှာ စိတ်ကလေးက ကွေး တယ်လို့မှတ်ကဲ့လား (မမှတ်ပါဘုရား)။ ကွေးယင် ဘယ့်နှယ် မှတ်မတုန်း (ကွေးတယ်လို့ မှတ်ပါမယ် ဘုရား)၊ ဘယ်သူက အကြောင်းတုန်း (ကွေးချင်တာက အကြောင်းပါ ဘုရား)၊ ကွေးချင်တာက ဘာတုန်း(ရုပ်ပါဘုရား)၊ မှတ်တာက (နာမ်ပါဘုရား)၊ နာမ်အကြောင်းကြောင့် ရုပ်အကျိုးလေးတွေ မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)။

ဩ-ဒီလို အကြောင်းအကျိုးနဲ့ လာတာဘဲလို့သိတယ်၊ ဒီရုပ် ဒီနာမ်တွေဟာ ရုပ်ကြောင့် နာမ်ကြောင့် ဖြစ်နေတာဘဲလို့

သိတယ်၊ နာမ်ကြောင့်ကော ရုပ်မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)၊ ကွေးတာ ဘာလို့ကွေးတုန်း (ကွေးချင်လို့ပါဘုရား)၊ ကွေးချင်တာဘာတုန်း (နာမ်ပါဘုရား)၊ ကွေးတာက ဘာတုန်း (ရုပ်ပါဘုရား)၊ ကွေးချင်တော့ မကွေးဘူးလား(ကွေးပါတယ် ဘုရား)၊ ဘယ်သူက အကြောင်းတုန်း၊ နာမ်က (အကြောင်း ပါဘုရား)၊ ရုပ်က(အကျိုးပါဘုရား)။

## တန်ခိုးရှင် ဖန်ဆင်းတာမဟုတ်

အဲဒီလို အကြောင်းအကျိုးလေးတွေ ဆက်ဖြစ်တာပါဘဲ၊ ဘယ်ပုဂ္ဂိုလ် ဘယ်တန်ခိုးရှင်မှ ဖန်ဆင်းတာမဟုတ်ဘူး၊ ရုပ်နာမ် တို့သည် အကြောင်းအကျိုး ဆက်ဖြစ်နေတာလို့ ဒီလိုကော မသိ ဘူးလား (သိပါတယ်ဘုရား)။ ဒါဖြင့်ယင် ဒီအကြောင်း အကျိုး အဆက်ကြောင့် ဖြစ်နေတဲ့ ရုပ် နာမ်ကလေး တွေ ကို ဆက်ဆက်မှတ်တော့ ဖောင်းတယ်လို့မှတ်တဲ့အခါ ဖောင်းတာ လေးရဲ့အစလဲ သိလိုက်တယ်။ အစလေးပေါ်လာပြီး ပျက်တော့ ဘယ်ကျမှ ပျက်သလဲ၊ ပေါ်လာပြီးတော့ မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)၊ အလယ်ကျတော့ကော၊ အလယ်ပိုင်း မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)။

ဥပမာ အဆင့်ဆင့် ဖောင်းတာလေးဟာ ဖောင်းလိုက် ပျက်လိုက်၊ ဖောင်းလိုက် ပျက်လိုက်နဲ့ အပျက်ပေါင်း ဘယ် လောက်ရှိမတုန်း (အများကြီးပါ ဘုရား)၊ ဘုန်းကြီးတို့မှာ ပြောလွတ်အောင် မှတ်လွယ်အောင်လို့သာ ဖောင်းစ ဖောင်း လယ် ဖောင်းဆုံးလို့ပြောနေရတာ၊အဲဒီ ဖောင်းစကဟာလေးက ဖောင်းလယ်ပါရဲ့လား (မပါပါဘူး ဘုရား)၊ ဖောင်းလယ်က

ကော ဖောင်းဆုံးပါရဲ့လား(မပါပါဘူးဘုရား)၊ သူ့နေရာနဲ့သူ ပေါ်လာပြီး ပျောက်သွားတာ၊ ရိုပ်ကနဲဆို ပေါ်လာပြီး ပျောက်သွားတာ။ ဩ-အစလေးပေါ်လာလဲ သိလိုက်တယ်၊ ပျောက်တာလဲ သိတယ်၊ အလယ်ပိုင်းလဲသိတယ်၊ အဆုံးပိုင်းလဲ သိတယ်၊ ဒီလိုဆိုယင် အနိစ္စ ဒုက္ခ အနတ္တတွေကို သူ သိနေပါ တယ်တဲ့။ ဩ-ဒီရုပ်ဒီနာမ်တွေဟာ မမြဲလို့ အနိစ္စဘဲလို့ သိတယ်၊ ဒီလိုမမြဲနေတာတွေဟာ ဆင်းရဲတွေဘဲလို့ ဆင်းရဲနေတာတွေကို ချမ်းသာစေရန် အစိုးမရဘူးလို့ အနတ္တတွေလို့လဲ သိလာပါ တယ်။

အဲဒီလိုသိလာတာ သမ္မသနဉာဏ်တဲ့။ အဲဒီကနေပြီး တဆင့် လာတဲ့အခါကျတော့ ယောဂီမှာ ထိုင်လို့ ကောင်းလာပါတယ် တဲ့၊ ထိုင်ရတာ ဝေဒနာတွေလဲ မရှိတော့ဘူး၊ တပည့်တော်ဖြင့် ကြမ်းနဲ့တောင်ထိတယ်လို့ မထင်ဘူးလို့ ယောဂီကပြောလာပြီ။ တချို့ကလဲ အထက်တောင် မြောက်နေတယ်လို့ ထင်တယ်၊ ဝေဒနာလဲ မရှိတော့ဘူး၊ ကြွပြီးတော့တက်နေတယ်၊ ကျင့်လျှင် ချမ်းသာနေတဲ့တရားသဘောပေါ့။ ထိုအချိန်မှာ စိတ်တွေကလဲ ဝေဒနာတရားတွေ ကင်းကွာနေတော့ ကိုယ်ကလဲ ငြိမ်းချမ်း တယ်၊ စိတ်ကလဲ ငြိမ်းချမ်းနေတယ်၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တွေဖြစ်ပြီးတော့ သူက အရသာတွေနေတယ်။

## တရားအရသာ

တရားအရသာ သူက တွေ့တာ။ အဲဒီကစပြီး အဲဒီနေရာ ရောက်လာတော့ ကျင့်လျှင် ချမ်းသာနေတယ်၊ တနာရီထိုင်လို့ ထိုင်မှန်း မသိ၊ နှစ်နာရီထိုင်လို့လဲ ကြာတယ် မထင်တော့ဘူး၊

တကယ် သမာဓိကောင်းအောင် အားထုတ်ကြည့်ပါတဲ့။ အခု မြတ်စွာဘုရား ဟောတာနဲ့ ကျင့်တွယ်ကိုက်အောင် ကျင့်ယင် ချမ်းသာတယ်ဆိုတာ ကိုယ်တိုင် တွေ့ရပါလိမ့်မယ်၊ တချို့မှာ ဘပြင်ထဲပြင် တလှုပ်ထဲလှုပ်နေရတာ သမာဓိ အားနဲ့သေးလို့ ပါဘဲ။ မြတ်စွာဘုရားက တကယ်ကျင့်ယင် ချမ်းသာတယ်လို့ ဟောတာဘဲ၊ ကျင့်ယင်ဆင်းရဲတယ်၊ တလှုပ်လှုပ် တရွရွနဲ့ နေရတာဘဲလို့ ဒီလိုဟောတာမဟုတ်ပါဘူး၊ ကျင့်ယင် ချမ်းသာ တယ်လို့သာ ဟောတယ်၊ တော်တော်ကြာတော့ ပီတိတွေ ဖြစ်လာတယ်။

ထင့်ကနဲ့ဆို တော်ကြာ ပီတိလေးဖြစ်လိုက်၊ တခါထဲ သိမ့် သိမ့်နဲ့ ဖြစ်လိုက်။ တော်တော်ကြာ လှိုင်းလေစီးရသလို ဖြစ်လိုက်၊ တော်ကြာ အရောင်အလင်းတွေ ထွက်လာလိုက်၊ အဲဒီလို ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိတွေဖြစ်လို့ ငြိမ်းချမ်းပြီးတော့ ချမ်းသာနေတယ်၊ အဲဒီက ရှေ့ကျတော့ တဆင့်ထက်တဆင့် တိုးပြီးတော့ တရားထိုင်လို့လဲ ကောင်းလာပါတယ်။

အဲဒါကြောင့် ကျင့်လျှင် ချမ်းသာတယ်တဲ့၊ ကျင့်တုန်းမှာ တရားအရသာတွေ တွေ့နေတယ်၊ တချို့ကလေးများ ဩ.... တရားအရသာဆိုတာ ဒါခေါ်တာဘဲ ထင်တယ်လို့ သဘော ကျပြီး သူကိုယ်တိုင်တွေ့၊ ကိုယ်တိုင်တွေ့နဲ့ ဝမ်းသာနေတယ်၊ အဲဒီလို တဆင့်ထက်တဆင့် တဆင့်ထက်တဆင့် ကျင့်သုံးချမ်း သာတယ်တဲ့။

ကျင့်ပြီးကာလည်း အားထုတ်ပြီး၊ ပြည့်စုံ သွားလို့ရှိယင် အလွန်ငြိမ်းချမ်းတဲ့ နိဗ္ဗာန်နန်း ရောက်သွားမှာပါတဲ့။ 'လွန်စွာ ငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့်၊ စခန်းသင့်အောင်၊ မှန်းလင့်ရည်ရော်၊

ဟောကြားတော်မူခဲ့ပါပေ၏' ဆိုတဲ့အတိုင်း ဩ-နိဗ္ဗာန် ၂၅၁ ရောက်အောင် ဒီဘုရားက ဟောခဲ့တာကိုးလို့လဲ သဘောကျ သွားတယ်၊ အဲဒီနိဗ္ဗာန်နန်းကြီး ရောက်တဲ့အခါကျတော့ အိုမှု နာမှု သေမှု ဒီတရားတွေ မရှိတော့ပါဘူးတဲ့၊ အိုဘေး နာဘေး သေဘေးကြီးက လွတ်ပြီး၊ ဒါကြောင့် မို့ ကျင့်ပြီးတော့လဲ ချမ်းသာပါတယ်တဲ့၊ ကျင့်တုန်းလဲ ချမ်းသာတယ်၊ ကျင့်ပြီးတော့ လဲ အလွန်ချမ်းသာတဲ့ နိဗ္ဗာန်ကို ရောက်သွားနိုင်ပါတယ်တဲ့။ ဒါကြောင့်-

ရှင်တော်ဘုရား ဟောကြားလေလျှင်၊
ရုပ်နာမ်ဖြစ်ပျက် ရှုလျက်တွင်တွင်၊
သစ္စာလေးပါး တရားသိမြင်၊
မဂ်စခန်း တက်လှမ်း နိဗ္ဗာန်ဝင်။

အဲဒီလို မြတ်စွာဘုရား ဟောလိုက်တော့ ပဥ္စာစာရီလဲ သစ္စာလေးပါးကိုမြင်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရသွားပါတယ်တဲ့။

## သစ္စာလေးပါး ပြည့်စုံတယ်

အဲဒီလို မြတ်စွာဘုရား ဟောလိုက်တော့ သစ္စာလေးပါး သိပြီးတော့ ပဥ္စာစာရီဟာ ဒေသနာတော်ရဲ့အဆုံးမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရသွားပါတယ်တဲ့၊ ခန္ဓာကိုယ်မှာ ပေါ်သမျှတွေထဲက ဖောင်းတာ ပိန်တာ ဘာသစ္စာတုန်းဆိုယင် ဒုက္ခသစ္စာတဲ့၊ ကွေးတာဆန့်တာကော (ဒုက္ခသစ္စာပါဘုရား)၊ မြင်တာကြားတာကော (ဒုက္ခသစ္စာပါဘုရား)။ ကွေးဆန့်နေတာတွေကော မြဲရဲ့လား(မမြဲပါဘုရား)။ အဲဒီလို မမြဲတာတွေ ဆင်းရဲတာတွေ

ဖြစ်ပျက်တွေမြင်နေတော့ ဒီပေါ်မှာ သာယာနှစ်သက်စရာရှိရဲ့လား (မရှိပါဘုရား)၊ ဖြစ်ပြီး ပျက်နေတဲ့ ရုပ်တရား နာမ်တရားတွေမြင်ယင် သူကောင် ငါကောင်ကော ရှိသေးလား (မရှိပါဘုရား)၊ သူကောင် ငါကောင်လဲ မရှိတော့ဘူး။

အဲဒီလို ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို အမှန်မြင်နေတာက မဂ္ဂသစ္စာ ပါဘဲတဲ့၊ မဂ္ဂသစ္စာနဲ့ လိုက်ကျင့်လို့ သမ္မာဒိဋ္ဌိဉာဏ်မျက်စိနဲ့ ဒုက္ခတွေ ပိုင်းခြားမြင်တဲ့အခါ သမုဒယသစ္စာတွေကို ပယ်ပါတယ်တဲ့။ သမုဒယသစ္စာကို အလိုလိုပယ်ပြီးသား ဖြစ်နေတယ်၊ မသာယာ မနှစ်သက်တော့ဘူး။ အဲဒီလို ပယ်လိုက်လို့ ကိလေသာတွေ ချုပ်သွားလို့ ရှိယင် နိရောဓသစ္စာတဲ့။

သန္တတိအမတ်ကြီး၊ ကနေ့ပြောတဲ့ ပဋာစာရီတို့နဲ့ ပတ်သက်ပြီး အခု ဒီနေရာမှာ စကားဝင်စရာရှိပါတယ်၊ သူတို့တတွေဟာ မြတ်စွာဘုရား ဒေသနာတော်ရဲ့အဆုံး အဆုံးမှာဘဲ၊ သောတာပန် ဖြစ်သွားကြတယ်တဲ့၊ သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်တာတွေလဲ အများကြီးပါဘဲ။ သူတို့လဲ ရဟန္တာ ဖြစ်သွားကြတယ်။

ဒါဖြင့် သူတို့တော့ တရားနာရုံနဲ့ ဖြစ်သွားကြလို့ လွယ်လိုက်တာပါလားဘုရား၊ ဘုန်းကြီးတို့လို ပင်ပင်ပန်းပန်းခံပြီးတော့ မနက်သုံး နာရီထိုးက ထထိုင်၊ ည(၁၁)နာရီ ၁၂-နာရီထိ အောင်ထိုင်၊ လမ်းလျှောက်မှတ်ရ၊ စားရင်းမှတ်ရ၊ သွားရင်းမှတ်ရ၊ မပြတ်ပလပ် ဒလစပ် ဒီလိုမှတ်နေရသလို သူတို့တော့ မလုပ်ရတော့ဘူးလားဘုရား၊ ရှုမှတ်မှု မရှိဘဲနဲ့၊ တရားနာရုံကလေးနဲ့များ မဂ် ဖိုလ် ရသွားတာလား ဘုရားလို့ ဆိုတော့

အဋ္ဌကထာက သတိပဋ္ဌာန်ကို မပွားများဘဲ တရားနာရုံနဲ့ နိဗ္ဗာန် ရောက်သွားတဲ့ သူရယ်လို့တော့ မရှိပါဘူးတဲ့။ အဲဒါကို သူက အကိုးအကားနဲ့ ပြသွားတယ်။

တသ္မာ ပန ကာယဝေဒနာ စိတ္တ ဓမ္မသု
ကိဥ္စိဓမ္မံ အနာမသိတ္ဝာ ဘာဝနာနာမ နတ္ထိ၊
တသ္မာ တေပိ ဣမိနာဝမဂ္ဂေန သောကပရိဒေဝေ
သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ။

မရှုဘဲနဲ့ မဂ်ဖိုလ်မရနိုင်

ဒါက အဋ္ဌကထာမှာပြတာ။ ပနာ၊ ဂါထာကိုကြားနာ၍ မဂ်ဖိုလ်သို့ရောက်ကုန်သော်လည်း၊ ကာယဝေဒနာ စိတ္တဓမ္မေသု၊ ကာယဝေဒနာ စိတ်သဘောတို့တွင်။ ကိဥ္စိဓမ္မံ၊ တစုံတခုသော တရားကို။ အနာမသိတ္ဝာ၊ မသုံးသပ် မရှုမူ၍။ ဘာဝနာနာမ၊ ဘာဝနာမည်သည်။ ယသ္မာ၊ အကြင်ကြောင့်၊ နတ္ထိ၊ မရှိချေ။ တသ္မာ၊ ထိုကြောင့်၊ တေပိ၊ ထိုသန္တတိအမတ်နှင့် ပဋာစာရီတို့ သည်လည်း။ ဣမိနာ ဝ မဂ္ဂေန၊ ဤသတိပဋ္ဌာန်လေးပါးတည်း ဟူသော ခရီးဖြင့်သာလျှင်။ သောကပရိဒေဝေ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို။ သမတိက္ကန္တာတိ၊ လွန်မြောက်ကုန်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဒါ သတိပဋ္ဌာန် အဋ္ဌကထာမှာ ဖွင့်တာ။ ဒါက ဘာပြောချင် တာလဲလို့ဆိုတော့ အခု သန္တတိအမတ်ကြီးနဲ့ ပဋာစာရီတို့ဟာ တရားနာရုံကလေးနဲ့ မဂ်ဖိုလ်သို့ ရောက်သွားပါတယ်၊ ဒီလိုသိ ကြတယ်၊ ဒီလိုနားလည်ကြတယ်၊ ဒါပေမယ့် အဋ္ဌကထာက ဒီလိုမဟုတ်ပါဘူးတဲ့၊ တရားနာရုံကလေးနဲ့ ရဟန္တာဖြစ်တာ

မဟုတ်ပါဘူးတဲ့၊ တရားနာရင်း ခန္ဓာတွင်းကို ဉာဏ်သွင်းပြီးတော့ သူတို့ရှုမှတ်ပါတယ်တဲ့၊ ဒီလိုမရှုမှတ်ဘဲနဲ့ ကိုယ်တိုင်မရှုဘဲ မပွါးဘဲနဲ့ ဘာဝနာဖြစ်တယ်၊ ဝိပဿနာဖြစ်တယ်လို့ မရှိပါဘူးတဲ့။

ကာယဝေဒနာ စိတ္တဓမ္မသုံ၊ ကာယဝေဒနာစိတ်သဘောတို့တွင် ခုနင်တုံးက ကာယာနုပဿနာဖြစ်ဖြစ်၊ နာကျင်တဲ့ဝေဒနာဘဲ ဖြစ်ဖြစ် ကာယထဲက ကွေးတာ ဆန့်တာ ဖောင်းတာ ပိန်တာ ကြွတာ လှမ်းတာ ထိုင်တာ ထတာ တခုခုမှတ်ယင်မှတ်ပါတဲ့၊ ဒီလိုမှမဟုတ်ယင် ဝေဒနာထဲက နာတာ ကျင်တာ ကိုက်တာတွေကိုမှတ်၊ ဒီလိုမှမဟုတ်ယင် စိတ်ကူး စဉ်းစားတာတွေမှတ်ပါ၊ သဘောတရားတွေ မှတ်ပါတဲ့။ အဲဒီ ကာယ ဝေဒနာ စိတ္တ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါးထဲက တစုံတခုသော တရားကိုမှ မရှုမှတ်ဘူး၊ နှလုံးမသွင်းဘူး၊ အနာမသိက္ခာ၊ မသုံးသပ်မူ၍ နှလုံးမသွင်းမူ၍ နှလုံးမသွင်းဘဲဆိုယင် ဘာဝနာဖြစ်တယ်လို့ မရှိပါဘူးတဲ့။ ဘာဝနာနာမ၊ ပညာဘာဝနာ မည်သည်။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ ဒီလိုမရှုမှတ်ဘဲနဲ့ ဘယ်တော့မှ မဖြစ်ပါဘူးတဲ့။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊မရှိ။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုသန္တတိအမတ်နဲ့ ပဋာစာရီတို့သည်လည်း....။ ဒါဖြင့် ဘုရားတဲ့ ပဋာစာရီတို့ သန္တတိအမတ်ကြီးတို့ကော ဘယ်လိုရောက်သွားသလဲဆိုတော့၊ တေပိ၊ ထိုသန္တတိအမတ်ကြီးနဲ့ ပဋာစာရီတို့သည်လည်း။ ဣမိနာဝမဂ္ဂေန၊ ဤသတိပဋ္ဌာန်လေးပါး တည်းဟူသော ခရီးဖြင့်သာလျှင်။ သူတို့လဲဘဲ ဒီကာယ ဝေဒနာ စိတ္တ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါး ရှုမှတ်ပြီးတော့ ခန္ဓာကိုယ်ထဲက ဖောင်းတယ် ပိန်တယ် ကွေး

တယ် ဆန့်တယ် မြင်တယ် ကြားတယ်၊ ဒါတွေ မှတ်ပြီးတော့ ရဟန္တာဖြစ်သွားကြတာဘဲ။

အဲဒီလို သတိပဋ္ဌာန်ကို ရှုမှတ်ပြီးတော့မှ သောကပရိဒေဝေ၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းတို့ကို။ သမတိက္ကန္တာတိ၊ လွန်မြောက်သည်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ တရားလေး နာရီကလေးနဲ့ လွယ်လွယ်ကလေး ရသွားတယ်တဲ့။ သိယင် ပြီးရောပေါ့၊ တရားနာရီလေးနာလို့ သိပြီးတာဘဲတဲ့၊ ဒါတွေကတော့ အတ္ထကထာမထ၊ ကိုယ်ပင်ပန်းအောင် ညှဉ်းဆဲနေတာဘဲလို့ တချို့က ဒီလိုပြောနေတာ ရှိပါတယ်။

ဟောဒီမှာ အဋ္ဌကထာဆရာဖွင့်ထားတာကို သေသေချာချာ ကြည့်လိုက်တော့ ဒီသတိပဋ္ဌာန်လေးပါးထဲက ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာဓမ္မ ဆိုတဲ့ သဘ်ပဋ္ဌာန်တရား၊ ဘယ်သတိပဋ္ဌာန်ကိုမှ မရှုမှတ်ဘဲနဲ့ မသုံးသပ်ဘဲနဲ့ ဘာဝနာဖြစ်တယ်လို့ ဘယ်တော့မှ မရှိဘူးတဲ့။ ဒါလေးကတော့ မှတ်စရာတော်တော်ကောင်းတယ်။ ဒါဟာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး ပေးထားတဲ့ အနက်အတိုင်းပါဘဲ။ ဆရာတော်ဘုရားကြီး မူအတိုင်း နည်းအတိုင်း လက်ာလေးတွေလဲ သူ့အတိုင်းက များတယ်။

အဲဒီ အဋ္ဌကထာ စကားကိုတော့ ဒါကိုမသုံးသပ်ဘဲ၊ ကြားနာရုံတော့ သိပြီးရောပေါ့လို့ လွယ်လွယ်ကူကူပြောတဲ့ စကားကို ဒီကနေပြီးတော့ အဋ္ဌကထာဆရာက ကာယဝေဒနာစိတ္တဓမ္မေသု၊ ကာယဝေဒနာ စိတ်သဘောတို့တွင်။ ကိဉ္စိဓမ္မံ၊ တစုံတခုသောတရားကို။ လေးပါးထဲက တခုခုပေါ့။ အနာမသိတွာ၊

မသုံးသပ် မရှုမှတ်မူ၍၊ ဒီတရားထဲက ပေါ်လာတာလေးကို မရှုမှတ် မပွားများဘဲနဲ့၊ ဘာဝနာနာမ၊ ဘာဝနာမည်သည်။ တသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ တရားကို မရှုမှတ် မပွားများဘဲနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရတဲ့သူရယ်လို့ ဘယ်တော့မှ မရှိဘူးတဲ့။ ဒါဖြင့် သူတို့ ဘယ်အချိန် ပွားများသလဲ၊ သူတို့ ဘယ်အချိန် ရှုမှတ်သလဲ၊ ဘယ့်နှယ် အားထုတ်ယူရသလဲဘုရား ဆိုတော့ သူတို့မှာ ပါရမီရှင်တွေတဲ့၊ လျင်မြန်တဲ့ ပါရမီရှင့်နေတဲ့ ပုဂ္ဂိုလ်တွေမို့ တရားနာယင်း မြတ်စွာဘုရားက ဟောလိုက်၊ ကိုယ်ထဲ ဉာဏ်သွင်းပြီး ရှုမှတ်လိုက်၊ ဟောလိုက် ရှုမှတ်လိုက်နဲ့၊ အဲဒီလိုရှုမှတ် နှလုံးသွင်းရင်းနဲ့ ရဟန္တာ ဖြစ်သွားတာပါတဲ့။ နှလုံးသွင်း ရှုမှတ်မှုကတော့ မလွတ်ပါဘူး၊ ရက်မြန်တာနဲ့ ရက်ကြာတာ၊ လမြန်တာနဲ့ လကြာတာဒီလောက်ဘဲ ခြားနားတယ်၊ သူတို့လဲ ရှုမှတ်ရတာဘဲ၊ မရှုမှတ်ဘဲနဲ့ကတော့ မရဘူးတဲ့။ ကိဉ္စိမ္မံ၊ တစုံတခုသောတရားကို။ အနာမသိတွာ၊ မသုံးသပ်မရှုမှတ်မူ၍။ ဘာဝနာနာမ၊ ပညာဘာဝနာမည်သည်။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ ဘယ်တော့မှ မရှိဘူးတဲ့။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုသန္တတိအမတ်နှင့် ပဋာစာရီတို့သည်လည်း။ ဣမိနာဝေမဂ္ဂေန၊ ဤသတိပဋ္ဌာန်လေးပါးတည်းဟူသော ခရီးဖြင့်သာလျှင်။ ဒီသတိပဋ္ဌာန်လေးပါးထဲက ကိုယ်ကရှုမှတ်စရာ ထင်ရှားယင်၊ ကာယရှုလိုက်၊ ဘော်တော်ကြာ ဝေဒနာပေါ်ယင် ဝေဒနာရှုလိုက်၊ စိတ်ကူးကလေး ပေါ်လာယင် စိတ်ကူးတယ်၊ စိတ်သန်းတယ် စသည်ဖြင့် ဒီလိုရှုမှတ်ပြီးတော့ သူတို့လဲ မဂ်ဖိုလ်ရောက်သွားတာပါဘဲ။

ဒါကြောင့်–ဣမိနာ ဝေမင္ဂေန၊ဒီသတိပဋ္ဌာန်လေးပါးတည်းဟူသော ခရီးဖြင့်လျှင်။ သောကပရိဒေဝေ၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းတို့ကို။ သမတိက္ကန္တာတိ၊ လွန်မြောက်ကုန်၏ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏လို့ အဋ္ဌကထာဆရာက ဒီအတိုင်းဖွင့်ပါတယ်။

## တရားပုန်ကန်တဲ့သူ

ဒါကြောင့်မို့ ဒို ခုကာလမှာ တရားတွေ ရှုမှတ်နေတာ အပို ပါဘဲကွာ၊ တရားမှတ်တာ လူပင်ပန်းတာဘဲ။ အတ္တကိလမထ ခေါ်တဲ့ ညှဉ်းဆဲနေတဲ့အကျင့်ဘဲလို့ တချို့တလေလဲ ဘေးကနေ ပြောနေတာ ရှိသေးတယ်၊ တကယ်မှန်ကန်လို့ တကယ်ယုံကြည်ပြီးကော တကယ် ကိုယ်တိုင်ကိုယ်ကျ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ များလှပါတယ်၊ ခုလဲ အားထုတ်ဆဲ၊ နောင်လဲ အားထုတ်လတ္တံ့နဲ့ ဒီမှာ အားထုတ်ပြီးသားပုဂ္ဂိုလ်တွေကလဲ (၇)သိန်းတောင် ကျော်သွားပြီ။

ဒီတော့ ဘုန်းကြီးတို့ မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ ဒေသနာ ပရိယောသာနေ၊ ဒေသနာတော်ရဲ့ အဆုံးမှာ သောတာပန် ဖြစ်သွားကြတယ်၊ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ် မရှိကြဘူးလား (ရှိကြပါတယ်ဘုရား)။ မြောက်များစွာ မရှိဘူးလား (ရှိပါတယ်ဘုရား)။ အများကြီး ရှိနေတာဘဲ။

ဒါဖြင့် သူတို့ ဒီအတိုင်း ကြားနာရုံနဲ့ ဖြစ်သလား၊ ရှုမှတ်မှုနဲ့ ဖြစ်သလား၊ ရှုမှတ်မှုနဲ့ကင်းပြီး ဖြစ်တာလား၊ ရှုမှတ်မှု မကင်းဘဲ ဖြစ်တာလားဆိုယင် ဘယ့်နှယ်ပြောမလဲ (ရှုမှတ်မှုနဲ့ မကင်းဘဲ

ဖြစ်တာပါဘုရား)။ အဲ ဟုတ်ပြီ၊ ရှုမှတ်မှုနဲ့ ကင်းပြီးတော့ မဖြစ်နိုင်ပါဘူးလို့ အဋ္ဌကထာဆရာက ပြောတယ်၊ ဒီ သတိပဋ္ဌာန်လေးပါးကို တစုံတခုကိုမျှ မရှုမှတ် မသုံးသပ်ဘဲနဲ့ ပညာဘာဝနာဖြစ်တယ်လို့ ရှိရဲ့လား (မရှိပါဘုရား)။

ဒါဖြင့် ဒီတရားရှုမှတ်နေတာကွာ ရိပ်သာသွားနေစရာမလိုပါဘူး၊ လုပင်ပန်းတာဘဲလို့ ဒီလိုပြောနေတဲ့စကားသည် မြတ်စွာဘုရား တရားတော်တွေကို ပုန်ကန်နေတာနဲ့ မတူဘူးလား (တူပါတယ်ဘုရား)။ မြတ်စွာဘုရားကို ပုန်ကန်တာနဲ့ကော မတူဘူးလား (တူပါတယ်ဘုရား)။ ပြောတော့ တရားတိုက်တယ်လို့ ပြောတာဘဲ၊ သွားထိတော့ ဘယ်သူ့ ထိနေတုန်း၊ မြတ်စွာဘုရား သွားပြီးတော့ ထိနေတယ်။ ကိုင်း....အချိန်စေ့ သွားပြီ၊ တရားပွဲ သိမ်းကြစို့။

---

၁၃၃၈-ခု၊ နယုန်လပြည့်ကျော်(၉)ရက်
ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယာဉ် ဓမ္မာရုံ၌
အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင်
မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့်
ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်
ဟောကြားတော်မူသော

## ဆန္နောဝါဒသုတ် တရားတော်။

ကနေ့ဟောကြားမယ့်တရားကတော့ မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ ပါဠိတော်လာ၊ ဆန္နောဝါဒ သုတ်တော်ကြီးတဲ့၊ ဒီသုတ်တော်ကြီးဟောဘို့ စီစဉ်ထားပါတယ်၊ ဒါကြောင့်နိဒါန်းက စ,ရွတ်ရမယ်။

ဧဝံ မေ သုတံ- ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။ တေန ခေါ ပန သမယေန အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာစုန္ဒော အာယသ္မာ စ ဆန္နော ဂိဇ္ဈကူဋေ ပဗ္ဗတေ ဝိဟရန္တိ။

တေန ခေါ ပန သမတေန အာယသ္မာ ဆန္နော
အာဗာဓိကော ဟောတိ ဒုက္ခိတော ဗာဠ္ဟဂိလာနော။

ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤဆန္နောဝါဒ သုတ်တော်ကြီးကို။ မေမယာ၊ တပည့်တော် အာနန္ဒာ မထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားနာမှတ်သား ဆောင်ထားလိုက်ရပါသည် ဘုရား။

ဧကံသမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ် ပြည်၌။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်တို့ကို အစာကျွေးမွေးရာ ဖြစ်သော။ ဝေဠုဝနေ၊ ဝေဠုဝန်ခေါ် မြတ်ကျောင်းတော် ကြီး၌။ ဝိဟာရတိ၊ မျှတရှင်ပြုံး သီတင်းသုံး နေထိုင်တော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုသို့ နေထိုင်တော် မူသော အခါ၌။ အာယသာ သာရိပုတ္တောစ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်၎င်း။ အာယသ္မာစုန္ဒောစ၊ ညီတော် အရှင် မဟာစုန္ဒသည်၎င်း။ အာယသ္မာဆန္နောစ၊ အရှင်ဆန္နသည်၎င်း။ ဂိဇ္ဈကုဋေ ပဗ္ဗတေ၊ ဂိဇ္ဈကုဋ်တောင်ကြီးပေါ်၌။ ဝိဟရန္တိ၊ နေ ထိုင်တော်မူကြလေကုန်၏။

တေန ခေါ ပန သမယေန။ ထိုသို့ နေထိုင်သောအခါ၌။ အာယသ္မာဆန္နော၊ အရှင်ဆန္နသည်။ အာဗာဓိကော၊ မကျန်း မမာ နာဖျားခြင်းရှိသည်။ ဒုက္ခိတော၊ ချမ်းသာမဖက် သက် သက်ဆင်းရဲခြင်းရှိသည်။ ဗာဠ္ဟဂိလာနော၊ အံပြင်းဖျားသော ရောဂါဝေဒနာကြီးသည်။ ဟောတိ၊ မုချမသွေ ဖြစ်ပေါ်၍ နေလေတော့သတည်း။

## သင်္ဂါယနာ တင်စဉ်က

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ပဌမသင်္ဂါယနာတင်တဲ့အခါမှာ အရှင်မဟာကဿပက မေးမြန်းတော်မူတော့ အရှင်အာနန္ဒာက ဖြေ ကြား တော်မူပါတယ်။ ရန်ကုန်မြို့မှာလဲ ဆဌသင်္ဂါယနာ တင်တော်မူတဲ့အခါ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးက မေးမြန်းတော်မူတော့ အရှင်ဝိစိတ္တသာရာဘိဝံသ ဖြေကြားတော်မူသလိုပါဘဲ။ အရှင်မဟာကဿပက မေးတယ်။ 'ငါ့ရှင်အာနန္ဒာ၊ ဒီသုတ်တော်ကြီးကို ဘယ်မြို့မှာ ဟောခဲ့တာတုန်း၊ ဘယ်နေရာမှာ ဟောခဲ့တာတုန်း၊ ဘယ်ပုဂ္ဂိုလ်အကြောင်းပြုပြီး ဟောခဲ့တာလဲ၊ ဟောတာက ဘယ်ပုဂ္ဂိုလ်လဲ၊ ဘယ်လိုအကျိုးကျေးဇူးတွေနဲ့ ပြည့်စုံသလဲ'လို့ ဒီလိုမေးတော်မူပါတယ်။

ဒီတော့ အရှင်အာနန္ဒာက ပြန်ပြီးတော့ လျှောက်တယ်။ 'အရှင်ဘုရား ကဿပတဲ့' တပည့်တော် ဟောဒီ ဆန္ဒောဝါဒသုတ်တော်ကြီးကို ဗုဒ္ဓ ရဲ့ မျက် မှောက် ထံ တော် အောက် မှာ ဟောဒီလို ကြားနာမှတ်သား ဆောင် ထား လိုက် ရ ပါ သည် ဘုရား။ ,အခါတပါးမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်ကြီးမှာ သီတင်းသုံးပြီးတော့ နေတော်မူပါတယ်။ အဲဒီလိုသီတင်းသုံးပြီး နေတော်မူတဲ့အခါမှာ အရှင်သာရိပုတ္တာရာရယ် ညီတော် အရှင်မဟာစုန္ဒရယ်၊ အရှင်ဆန္နရယ် မထေရ်မြတ်သုံးပါးအေးအေးချမ်းချမ်းကမ္မဋ္ဌာန်းစီးဖြန်းဖို့ရာ ဂိဇ္ဈကုဋ်တောင်ကြီးပေါ် တက်သွားကြတယ်။ ဂိဇ္ဈကုဋ်တောင်ကြီးပေါ် ရောက်တော့ ကိုယ့်ကမ္မဋ္ဌာန်း

ကျောင်းလေးနဲ့ ကိုယ် အသီးသီး တရားအားထုတ်ပြီး နေကြပါ တယ်။ ဒီလို တရားအားထုတ်နေယင်း တရားနှလုံးသွင်းနေ ယင်းနဲ့ ဥတုသပ္ပါယ မမျှတလို့ အရှင်ဆန္နမှာ ရောဂါဝေဒနာ ဖြစ်ပေါ်လာပါတယ်၊ အရှင်ဆန္န ရောဂါဝေဒနာ အပြင်းဖမ်း ပြီးလာတယ်၊ ဒီတော့ အရှင်ဆန္နမှာ ရောဂါပြင်းထန်နေတယ်လို့ ဒီလိုကြားလို့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရယ်၊ ညီတော် အရှင်မဟာစုန္ဒရယ် လူမမာ မေးမြန်းကြရန် အရှင်ဆန္န ကျောင်းသို့ သွားတယ်။ အရှင်ဆန္နကျောင်း ရောက်တယ် ဆိုယင်ဘဲ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက မေးမြန်း တော်မူလိုက်တယ်၊ 'ငါ့ရှင်ဆန္န....ဘယ့်နှယ် နေသလဲ၊ သင့် ရောဂါတွေ သက်သာရဲ့လား၊ မနေ့ကနဲ့စာယင် ကနေ့ သက်သာ သာတယ် မဟုတ်လား၊ ရောဂါတွေဟာ ရှေ့ကို မတိုးဘဲနဲ့ နောက်ကိုဆုတ်တယ် မဟုတ်လား၊ အဖျားကျတယ်မဟုတ်လား၊ လျော့တယ် မဟုတ်လား'လို့ ဒီလို မေးမြန်းလိုက်တယ်။ ဒီလို လူမမာတွေ မေးမြန်းတာ ကူညီတာ၊ ဂိလာန ပုဂ္ဂိုလ်တွေကို ကူညီစောင့်ရှောက်တာကို ဘုရားရှင် ကိုယ်တော်မြတ်ကြီး က ချီးကျူးတော်မူတယ်၊ အလွန်တရာ နှစ်သက်တော်မူပါတယ်၊ အဲဒီလို ဂိလာနပုဂ္ဂိုလ်တွေကို စောင့်ရှောက်တဲ့ နေရာမှာ အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကတော့ ညီငယ် နှမငယ်များ ကို အကိုကြီးက စောင့်ရှောက်သလိုပါဘဲ၊ ဒါကြောင့် အရှင် သာရိပုတ္တရာရဲ့ ဂုဏ်သတင်းကို ဘယ်တော့မှ ချီးကျူးလို့ မကုန်နိုင်အောင် ဖြစ်နေပါတယ်။

ဒီတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အရှင်ဆန္န သင့်ရောဂါတွေ သက်သာရဲ့လား၊ နေသာရဲ့လားလို့ ဒီလိုမေး

တော့ အရှင်ဆန္ဒက ပြန်ပြီး လျှောက်တယ်၊ 'အရှင်ဘုရား.... တပည့်တော်ရောဂါတွေဟာဖြင့် မသက်သာဘူးဘုရား၊ တနေ့တခြား တိုးတက်ပြီးတော့ နောက်မဆုတ်ဘူးဘုရား၊ သေရွာသို့ ပို့ဆောင်နေသည့်အလား တနေ့တခြား တိုးတက်နေပါတယ် ဘုရား၊ တပည့်တော် ကျန်းမာရေး ချုတ်ယွင်းပြီး သေတွင်းသို့ ဆင်းရမည့်အခြေအနေသို့ ဆိုက်ရောက်နေပါသည်ဘုရား။ ဥပမာ ပြောရလျှင် တပည့်တော်ရဲ့ ခေါင်းထဲမှာလဲ လူတယောက်က အင်မတန် ထက်မြက်လှတဲ့ စူးကလေးနဲ့ မပြတ်မလပ် ဒလစပ် ထိုးဆွနေသလို တပည့်တော်မှာ အလွန် အခံရခက်နေပါတယ် ဘုရား၊ ပြီးတော့ တပည့်တော်ရဲ့ ရင်ထဲဝမ်းထဲမှာလဲ နွားသတ်သမားတယောက်က အလွန်ထက်မြက်လှတဲ့ ဓါးကလေးနဲ့ နွားရဲ့အသဲ အူတွေကို ဆွဲယူပြီး မပြတ်မလပ် လှီးဖြတ်နေသလို တပည့်တော်ရဲ့ ဝမ်းထဲမှာလဲ အခံရခက်နေပါတယ် ဘုရား၊ တပည့်တော်ရဲ့ ကိုယ်သား ကိုယ်ရေ တွေကလဲဘဲ တပည့်တော်ရဲ့ လက်ကို လူနှစ်ယောက်က ဟိုဘက် ဒီဘက် ကိုင်ပြီးတော့ မီးကျည်းတွင်း၌တင်ထားသလို ပူပြင်းစွာခံနေရပါတယ်ဘုရား၊ တပည့်တော်ရောဂါတွေ မသက်သာဘူးဘုရား။ တနေ့တခြား တိုးတက်နေပါတော့သည်ဘုရား၊ ဒါကြောင့် တပည့်တော် ဒီလို ဆုံးဖြတ်ချက်ချလိုက်ပါတယ်၊ ငါတော့ လူ့ပြည်မနေတော့ဘူး၊ အသက်ရှင်နေရတာထက် သေရတာကတော်သေးတယ်၊ ငါဟာ ကိုယ့်ကိုယ်ကို ထက်မြက်လှတဲ့ဓါးလေးနဲ့ အသက်ကို ချွေပြီး သေတော့မယ်လို့ တပည့်တော် ဒီလိုဆုံးဖြတ်ချက် ချပါတယ် ဘုရား၊တပည့်တော် လူ့ပြည်မှာ အသက်ရှင်ပြီး မနေချင်တော့ဘူးဘုရား၊ ဟောဒီ ခန္ဓာကြီး ရှိနေယင်ဖြင့် ဒီဝေဒနာတွေ ခံစား

ရမှာ မလွဲဘူးဘုရား၊ ခန္ဓာရှိယင် ဝေဒနာ ပါလာတာဘဲ၊ ဒါကြောင့်မို့ ဒီဝေဒနာတွေ ဒီခန္ဓာရှိသမျှ တပည့်တော် ဒုက္ခခံနေရမှာပါဘုရား’တဲ့။

## ခန္ဓာဟူသမျှ ဒုက္ခချည်းသာ

ဒါကြောင့်—‘ခန္ဓာဟူသမျှ ဒုက္ခပေးသည်၊ ဘယ်ဘဝမှာလဲ အမြဲမတည်’ တပည့်တော် ဒီခန္ဓာဆိုတာ ဒုက္ခမပေးတဲ့ ခန္ဓာမရှိဘူးတဲ့။ ဒုက္ခပေးတဲ့ ခန္ဓာကြီးဘဲ၊ လူ့ခန္ဓာဘဲဖြစ်ဖြစ် နတ်ခန္ဓာဘဲဖြစ်ဖြစ် ဗြဟ္မာ့ ခန္ဓာဘဲဖြစ်ဖြစ် ဘယ်ခန္ဓာမျိုးမဆို ဒုက္ခပေးတာချည်းဘဲဘုရား။ ဒါကြောင့်မို့ ဒီခန္ဓာကြီးဟာ ဘယ်တော့မှလဲ အမြဲမတည်ဘူးဘုရား၊ သူ့အလို လိုက်ပြီးတော့ အကြိုက်ကို လုပ်နေရတယ်၊ မနက် လင်းလာတယ်ဆိုယင်ဘဲ မျက်နှာသစ်ရတယ်၊ မျက်နှာသစ်ပြီးတော့ ကိုယ်လက်တွေ သန့်ရှင်းတယ်၊ တော်တော်ကြာကျတော့ ငါ့ အိမ်သာပို့အုံး ကုဋ္ဌိပို့အုံးနဲ့ တိုက်တွန်းလို့ ပို့လိုက်ရတယ်၊ တော်ကြာကျတော့ ငါကဆာတယ် လဘက်ရည်ချိုတိုက်အုံး၊ မုံ့စားချင်တယ် ဆိုယင်လဲ ဒီခန္ဓာကြီး အလိုလိုက်ပြီး တိုက်ကျွေး နေရပါတယ်ဘုရား၊ တော်တော်ကြာ ရုပ်ရှင်ရုံ သွားချင်တယ် ပွဲသွားချင်တယ် အကောင်းဝတ်ချင်တယ် အကောင်းစားချင်တယ်-စသည်ဖြင့် ပူဆာတိုင်း ခန္ဓာရဲ့ အလိုလိုက်နေတာ ဘာ့ကြောင့်တုန်း (ဒီခန္ဓာရှိလို့ပါဘုရား)။ ဒါကြောင့် ဒီခန္ဓာဟာ တခုမှ ချမ်းသာမရှိဘူး၊ ဒုက္ခချည်း ပေးနေတယ်ဘုရား၊ ဘယ်ဘဝမှလဲ မြဲတဲ့ခိုင်တဲ့ဘဝ မရှိဘူးဘုရား၊ ဒီခန္ဓာကြီးဟာ ဘယ်ဘဝမှ အမြဲမတည်ဘူး၊ ငရဲလဲ ခံခဲ့ရပြီ၊ ငရဲလဲ အဖန်ဖန် အထပ်ထပ် ရောက်ခဲ့ပါပြီ၊

နတ်ပြည်မှာသဲ တပည့်တော်စံခဲ့ရပါပြီဘုရား၊ ဒါကြောင့် ဒီခန္ဓာရှိယင် ဒီဒုက္ခတွေ ပေးနေမှာမို့ တပည့်တော် ကိုယ့်ကိုယ်ကို ဓါးလက်နက်နဲ့ အသက်ကိုချေပြီး သေပါတော့မယ်ဘုရား'လို့ လျှောက်ထားတယ်။

ဒီတော့ ရှင်သာရိပုတ္တာရာက 'ငါ့ရှင်ဆန္န၊ ကိုယ့်အသက်ကို သတ်သေတယ်ဆိုတာ မကောင်းဘူး၊ မသတ်ကောင်းဘူး၊ သတ်မသေပါနဲ့၊ ကိုယ့်အသက်ကို သတ်သေတယ်ဆိုတာ ရှင်တော်ဘုရားနဲ့ သူတော်ကောင်းတွေလဲ မနှစ်သက်ဘူး၊ ငါတို့လဲ မကြားချင်ဘူး၊ သင်ရဲ့ ကျန်းမာ ချမ်းသာခြင်းကိုသာ ဒို့အလိုရှိပါတယ်၊ ကြားချင်ပါတယ်၊ မြင်ချင်ပါတယ်။ ဒါကြောင့် အားမငယ်ပါနဲ့၊ ဒီရောဂါ ဝေဒနာတွေဟာ ကြည့်ရှုစစ်ဆေးပြီး သင့်လျော်တဲ့ ဆေးဝါးဓါတ်စာနဲ့ ကုလိုက်မယ်ဆိုယင်ဖြင့် မကြာခင် ပျောက်ကင်း သွားပါလိမ့်မယ်၊ အားမငယ်ပါနဲ့၊ သင့်မှာလေ အကယ်၍ ဆေးဝါးဓါတ်စာမလုံလောက်ဘူးဆိုယင် ငါကိုယ်တိုင် ရှာကြံပြီး ပေးပါမယ်၊ ဆေးဝါးဓါတ်စာတွေ ငါကိုယ်တိုင် ရှာကြံပေးပါ့မယ်၊ အားမငယ်ပါနဲ့။ အကယ်၍ သင့်မှာ ပြုစုမယ့် ဒကာ ဒကာမ မရှိဘူးဆိုယင်လဲဘဲ ငါကိုယ်တိုင်ဘဲ အမြဲတစေ လုပ်ကျွေး ပြုစုပါ့မယ်'လို့ အရှင်သာရိပုတ္တာရာ ကိုယ်တော်မြတ်ကြီးက ပြောနေတာ ဘယ်လောက် အတုယူစရာကောင်းတုန်း။ အရှင်သာရိပုတ္တာရာက ရဟန္တာ၊ တကယ့်လက်ျာရံကြီး အဂ္ဂသာဝကကြီး ဖြစ်တယ်။ ဒါထဲကနေပြီးတော့ ရဟန်းတပါးကို သူကိုယ်တိုင် လုပ်ကျွေးပါ့မယ်၊ ဆေးဝါးဓါတ်စာ ရှာပေးပါ့မယ်လို့ ပြောနေတာ အတုယူစရာပါဘဲ။

ဒီတော့ ငါကိုယ်တိုင်ဘဲ ရှာကြံပေးပါ့မယ် အားမငယ်ပါနဲ့လို့ ဒီလိုပြောတော့ အရှင်ဆန္နက ဘာလျှောက်သလဲဆိုတော့ 'အရှင်ဘုရား၊ တပည့်တော်မှာ ဆေးဝါး ဓါတ်စာ တွေကလဲ အစုံရှိပါတယ်၊ လိုလေသေး မရှိပါဘုရား၊ အဖျော်ယမကာတွေကလဲ စုံလို့ဘုရား၊ တပည့်တော်မှာ အကုန်လုံးရှိပါတယ်ဘုရား၊ ဆွမ်းခဲဘွယ် ဘောဇဉ်တွေလဲ ပြည့်စုံပါတယ်၊ ပြုစုမယ့် ဒကာဒကာမတွေဆိုတာ တဖြုတ်ဖြုတ် တဖွဲဖွဲ တသဲသဲနဲ့ မပြတ်ပါဘူးဘုရား၊ ဒါပေမယ့် တပည့်တော် တခုလျှောက်ပါရစေ၊ တပည့်တော်ကလေ မြတ်စွာဘုရားကိုလဲ အားရကျေနပ်စွာ လုပ်ကျွေးခဲ့ရပြီဘုရား၊ တပည့်တော် ရှုမှတ်ပွားများသင့်တဲ့ ဝိပဿနာတရားတွေကိုလဲ ပွားများ အားထုတ်ထားလို့ တပည့်တော် အားရကျေနပ် နေပါပြီဘုရား၊ တပည့်တော် အကယ်၍ မိမိကိုယ်ကို ဓါးလက်နက်နဲ့ အသက်ကို ချွေသော်လဲ တပည့်တော် နောက်ထပ် ပဋိသန္ဓေမနေတော့ဘူး၊ ပဋိသန္ဓေ စွဲနေရာမရှိတော့ဘူးဘုရား'လို့ လျှောက်တယ်၊ အရှင်ဆန္နက သူ့ကိုယ်သူ ထက်မြက်လှတဲ့ ဓါးလက်နက်နဲ့ အသက်ကိုချွေပြီး သေသွားပေမယ်လို့ နောက်ထပ် ပဋိသန္ဓေ မနေတော့ဘူး သံသရာဟိုဘက်ကူးသွားပြီလို့ မှတ်တော် မူပါဘုရားလို့ အရှင်ဆန္နက ဒီလိုလျှောက်တယ်။

## အထင်နဲ့အမြင်

အရှင်ဆန္နက ဒီလို ဘာ့ကြောင့် လျှောက်သလဲဆိုတော့ သူ့ကိုယ်သူ ရဟန္တာဖြစ်ပြီလို့ ထင်နေတာတဲ့၊ ဒီတော့ အရှင်သာရိပုတ္တရာရဲ့ အမြင်ကတော့ ရဟန္တာတော့ မဖြစ်သေးဘူးတဲ့၊

သစ္စာနု လောမိကဉာဏ်လို့ ဆိုတဲ့ ဝိပဿနာဉာဏ်တော့ သန်သန် ဖြစ်နေပြီ၊ ဒါပေမယ်လို့ သစ္စာဉာဏ် ပေါက်ရောက်ပြီး ရဟန္တာ အဖြစ်တော့ မရောက်သေးဘူးတဲ့။

အရှင် သာရိပုတ္တရာရဲ့ အမြင်နဲ့ အရှင်ဆန္နရဲ့အမြင်ဟာ ကွာခြားနေပါတယ်၊ ယောဂီတွေလဲ ဒီလိုဘဲ တခါတလေ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ငါတော့ ဉာဏ်စဉ် သေချာနေပြီလို့ အထင်ကြီးနေတယ်၊ ကမ္မဋ္ဌာန်းဆရာက တမျိုးထင်တယ်၊ ကမ္မဋ္ဌာန်းဆရာရဲ့ အမြင် အယူအဆကတမျိုး၊ သူတို့ ထင်တာက တမျိုး ဒီလိုဖြစ်တတ်တယ်။ ဒီတော့ အရှင်ဆန္နနဲ့ အရှင် သာရိပုတ္တရာဟာ အမြင်ချင်း ကွာနေပါတယ်၊ အရှင် ဆန္နက သူ့ကိုယ်သူ ရဟန္တာထင်ပြီးနေတယ်၊ အရှင် သာရိပုတ္တရာက မဟုတ်ဘူး ပုထုဇဉ်ဘဲ၊ ဒါပေမယ့် ဝိပဿနာ ဉာဏ်တွေတော့ ကောင်းနေပြီ၊ ရှုပုံ မှတ်ပုံလေးတော့ ကောင်းနေပြီလို့ ဒီလိုယူဆတယ်၊ အရှင်ဆန္နက ဘာလို့ ဒီလိုလျှောက်သလဲဆိုတော့ သူကလဲ ကြွားချင် ဝါချင်လို့ လျှောက်တာမဟုတ်ဘူး၊ သူ့မှာ ဖြစ်ပေါ်သမျှ ရုပ်နာမ်တွေ အကုန်လုံး လိုက်ပြီးတော့ မပြတ်မလပ် ရှုမှတ်လိုက်တဲ့ အခါမှာ ပေါ်လာသမျှ ရုပ်နာမ်တွေဟာ တဖြုတ်ဖြုတ် တဖွဲဖွဲနဲ့ ပျက်စီးနေတာကို သူမြင်နေတယ်၊ ဖြစ်ပျက်တွေ ကောင်းကောင်းကြီး ပိုင်နေတယ်၊ ပေါ်လာလိုက်–မှတ်လိုက်၊ ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ မှတ်လိုက်၊ ပျောက်သွားလိုက်နဲ့ ဒီလိုချည်း ဖြစ်ပျက်တွေ မြင်နေတယ်။ အမြဲတစေ ဝိပဿနာဉာဏ် သန်သန်နဲ့ အားကောင်းကောင်းနဲ့ ရှုလိုက်တော့ ဒီရုပ်တွေ နာမ်တွေကို အမှန်အတိုင်း မြင်နေတယ်၊ ဖြစ်ပျက်တွေ မြင်နေတော့ ဒီပေါ်မှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ လောဘတွေလဲ မဖြစ်

တော့ဘူး၊ ငြိမ်းနေတယ်။ ဒေါသလဲ မဖြစ်တော့ဘူး၊ ရုပ်နာမ် ဖြစ်ပျက်တွေ မြင်နေတော့ မောဟလဲ မဖြစ်ဘူး၊ အဲဒီ လောဘ-ဒေါသ - မောဟ တွေဆိုတဲ့ ကိလေသာတွေကို ရှုမှတ်နေတဲ့ လောကီမဂ္ဂင်က ဖြစ်ခွင့်မပေးဘဲနဲ့ တားထားတယ်။ ဖြစ်သင့် ဖြစ်ထိုက်တဲ့ လောဘ - ဒေါသ - မောဟ စတဲ့ ကိလေသာတွေ မဖြစ်ဘဲ ငြိမ်နေတယ်၊ ဒီလိုငြိမ်နေတော့ ဒီအခိုက်အတန့်လေးမှာ သူ့ကိုယ်သူ ရဟန္တာလို့ ဒီလိုထင်နေတယ်။ ဒီလိုထင်နေတာကို စာ လိုတော့ အဓိမာနလို့ ခေါ်တယ်။ အရှင်ဆန္ဒမှာ အဓိမာန ဖြစ်ပုံနဲ့ ပတ်သက်ပြီး လင်္ကာလေး လိုက်ဆိုကြရမယ်။

၁။ အဆင်းမြင်ရာ၊ ရှုမှတ်ခါ မှန်စွာသိပါစေ။

၂။ ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ။

၃။ ရဟန္တာသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ။

## ရဟန္တာနဲ့တူတယ်

အဆင်းမြင်တဲ့အခါ ယောဂီတွေ အမှန်အတိုင်း ရှုပြီးတော့ နေယင် ရုပ်နာမ် ဖြစ်ပျက်တွေ မြင်လာတယ်။ ဥပမာတခု-အဆင်းတခုကို မြင်လိုက်တယ်လို့ဆိုယင်ဖြင့် ဒီကပုံသဏ္ဌာန်ဒြပ်တွေ မလိုက်ဘဲနဲ့ ‘သော စက္ခုနာ ရူပံ ဒိသွာ’ မိမိရဲ့ မျက်စိက မြင်လိုက်တယ်ဆိုယင် လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန် စသည်တွေ မလိုက်ဘဲနဲ့ မြင်တယ်....မြင်တယ်လို့ နိုင်အောင်မှတ်ပါ၊ အဲဒီလို နိုင်အောင် မှတ်လိုက်တဲ့အခါကျတော့ မြင်ကာမျှမှာ ရုပ်တန့်သွားတယ်၊ ရုပ်တရားတွေကို မြင်လာတယ်၊ ဟော - အမြင် ခံရတာ ရုပ်ဘဲ၊ မျက်စိကြည်တာလဲ ရုပ်ဘဲ၊ ဒီနှစ်ခု တိုက်လိုက်လို့ သိတာက နာမ်ဘဲလို့ ရုပ်နာမ်ကို မြင်လာတယ်။ ရုပ်နာမ်ကို

မြင်လာတော့ ရှုယင်း မှတ်ယင်းနဲ့ဘဲ ရုပ်ရောနာမ်ရော မမြဲတာတွေ တွေ့လာတယ်၊ အဲဒီလိုရုပ်နာမ်တွေဖြစ်ပြီး ပျက်နေတာတွေ ဖြစ်ပျက်နေတာကိုမြင်တော့ ဒီရုပ်နာမ်တွေပေါ်မှာ ဝမ်းသာတာလဲ မရှိတော့ဘူး၊ သာယာနှစ်သက်မှုလဲ မရှိတော့ဘူး၊ စိတ်ဆိုး စိတ်ပျက်မှုလဲ မရှိတော့ဘူး။ သာယာနှစ်သက်မှု မရှိဘူးဆိုကတဲ့က လောဘတရား မရှိတော့ဘူး-ခေတ္တ ငြိမ်းနေတယ်။ စိတ်ဆိုး စိတ်ပျက်မှု မရှိဘူးဆိုကတဲ့က ဒေါသတရားတွေ မရှိတော့ဘူး-ခေတ္တ ငြိမ်းနေပါတယ်တဲ့။ ရှုမှတ်နေတော့ မောဟတွေ ငြိမ်းနေတယ်၊ အဲဒါကြောင့် ဒီရုပ် ဒီနာမ်တွေပေါ်မှာ သာယာနှစ်သက်မှု စိတ်ပျက်မှု မရှိဘဲနဲ့ လျစ်လျူရှု နေနိုင်ပါတယ်တဲ့၊ အဲဒီလို လျစ်လျူရှုနေတော့ လောဘ-ဒေါသ-မောဟတွေ ငြိမ်းနေတဲ့အခိုက်မှာ ဒီယောဂီ ဘာနဲ့တူနေပါသလဲဆိုတော့ ရဟန္တာနဲ့ တူနေတယ်။ ရဟန္တာများမှာ လောဘ - ဒေါသ-မောဟ အစရှိတဲ့ ကိလေသာတွေ မရှိတော့ဘူး၊ ဒီယောဂီကလဲ ရှုမှတ် နေတဲ့အခိုက်မှာ ရှုမှတ်ကောင်းပြီး သမာဓိအား ဉာဏ်အားတွေတက်လို့ ဖြစ်ပျက်တွေ မြင်နေမယ်ဆိုယင် ခုနင်က လောဘ-ဒေါသ-မောဟတွေ မရှိဘူး၊ အဲဒီ လောဘ-ဒေါသတွေ ငြိမ်းနေတဲ့အခိုက်မှာ ရဟန္တာနဲ့ တူနေပါတယ်တဲ့၊ ဒါကြောင့် သူက ရဟန္တာလို့ ဒီလိုထင်နေပါတယ်။

အသံကြားရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။

အသံလေး ကြားလာယင်လဲဘဲ ကြားတယ်....ကြားတယ်လို့ မှတ်ပါ၊ လာတဲ့အသံကလဲ ရုပ်တရား၊ နားအကြည်ကလဲ ရုပ်တရား၊ ဒီနှစ်ခု တိုက်လိုက်တော့ သိနေတာလေးက နာမ်တရားတဲ့။

အဲဒီ ရုပ်တွေ ရှုယင်း ရှုယင်းနဲ့ ပေါ်လာလိုက် ပျောက်သွားလိုက် လေးကို တွေ့နေလို့ ရှိယင် ဖြစ်ပျက်တွေ မြင်နေတာပါဘဲတဲ့၊ အဲဒီ ဖြစ်ပျက်တွေ မြင်နေလို့ ရှိယင်ဖြင့် ဒီပေါ်မှာ စိတ်ဆိုး စိတ်ပျက် ဒေါသထွက်တာတွေလဲ မရှိဘူး၊ သာယာနှစ်သက်မှုလဲ မရှိဘူး၊ အဲဒီလို လောဘ–ဒေါသ-မောဟတွေမရှိယင် ဝမ်းသာ ခြင်း စိတ်ပျက်ခြင်းမရှိဘူး၊ ဒါကြောင့် 'ဝမ်းသာမဖက်၊ စိတ် မပျက်၊ ရှုလျက် လျစ်လျူနေ'တဲ့။ ယောဂီတွေဟာ ဒီလိုရှုမှတ်မှု ကောင်းနေတဲ့ အချိန်အခါမှာ ဘာနဲ့တူသလဲဆိုယင် ရဟန္တာနဲ့ တူနေပါတယ်တဲ့၊ ဒီအခိုက်လေး တူနေတာပါဘဲတဲ့။

အနံ့နံရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။

အနံ့ကလေးကလဲ ရုပ်တရား၊ နှာခေါင်းအကြည်ကလဲ ရုပ် တရား၊ ဒီနှစ်ခု တိုက်တဲ့အခါမှာ အသိစိတ်ကလေး ပေါ်လာ တယ်၊ ဒီစိတ်ကလေးက နာမ်တရား၊ နာမ် အသိစိတ်ကလေး ပေါ့။ အော်–ဒီရုပ် ဒီနာမ်တွေဟာ ပေါ်လာပြီး ပျောက်သွား တာဘဲကိုး၊ ဒီလိုရှုမှတ်နေတဲ့ ဉာဏ်ထဲမှာ ပေါ်လိုက် ပျောက် လိုက် ပေါ်လိုက်ပျောက်လိုက်နဲ့ သိနေယင် ဝမ်းသာမှု စိတ်ဆိုး စိတ်ပျက်မှု မရှိပါဘူးတဲ့။ ဒါကြောင့် ဒီ အ ခိုက် အ တန့် မှာ ရဟန္တာနဲ့ တူနေပါတယ်တဲ့။

အစာစားရာ၊ ရှုမှတ်ခါ၊ မှန်စွာ သိပါစေ။
တွေ့ထိလေရာ၊ ရှုမှတ်ခါ၊ မှန်စွာသိပါစေ။
ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက် လျစ်လျူနေ။
ရဟန္တာသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ။

## လက်တွေ့

ဒီလို ရဟန္တာထင်ပြီးတော့ အရှင်ဆန္နက– 'တပည့်တော် ဘုရား ရှုမှတ်လိုက်တာ ရုပ်တရား နာမ်တရားတွေ တပည့်တော်ရဲ့ ဝိပဿနာဉာဏ်ထဲမှာ တဖြုတ်ဖြုတ် တဖွဲ့ဖွဲ့နဲ့ အမြဲတစေ ပျက်စီးနေတာ တွေ့မြင်လို့ တပည့်တော်တော့ သေယင် နောက်ထပ် ပဋိသန္ဓေ မနေတော့ဘူး ဘုရား၊ ဘဝဇာတ်သိမ်းပြီးတော့ ဇာတိချုပ်ငြိမ်းလို့ အေးငြိမ်းရာ နိဗ္ဗာန်ကို သွားပြီမှတ်ပါ' လို့ လျှောက်ပါတယ်တဲ့။

ဒီလိုလျှောက်တော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အရှင်ဆန္နတော့ အထင်လွဲနေပြီ၊ အထင်ကြီးနေပြီ၊ သူ့ကိုယ်သူ ရဟန္တာထင်နေပြီ၊ ရဟန္တာတော့ မဟုတ်သေးဘူးတဲ့၊ ဒါပေမယ်လို့ သစ္စာနုလောမိကဉာဏ်ဆိုတဲ့ ဝိပဿနာဉာဏ် လောက်တော့ ဖြစ်နေပြီတဲ့။ ဒါ သိသာအောင် အလုပ်စခန်းလေးနဲ့ လက်တွေ့စမ်းလိုက်အုံးမယ်လို့ ဆိုပြီးတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက လက်တွေ့စမ်းကြည့်တယ်။

## ငါ တခု မေးချင်တယ်

'ငါ့ရှင် ဆန္န.... သင့်ကို ငါ တခု မေးချင်တယ်၊ ဖြေဆိုမယ် ဆိုယင်တော့ မေးပါရစေ'တဲ့။ 'အရှင်ဘုရား မေးတော်မူပါ၊ မေးချင်တာ မေးပါ၊ တပည့်တော်သိယင် ဖြေမှာပေါ့ဘုရား.... တပည့်တော် ဖြေတာကြားလို့ ရှိယင်လဲ အရှင်ဘုရားသိမှာပေါ့၊ မေးတော်မူပါဘုရား....'လို့ လျှောက်တော့ အရှင်သာရိပုတ္တရာ က ဒီလိုမေးတော်မူလိုက်ပါတယ်။

စက္ခုံ အာဝုသော ဆန္နစက္ခုဝိညာဏံ စက္ခုဝိညာဏ–
ဝိညာတဗ္ဗေ ဓမ္မေ 'တေံမမ၊ သောဟမသ္မိ၊ သော
မေ အတ္တာ'' တိ သမနုပဿသိ။

အာဝုသော ဆန္န၊ ငါ့ရှင်ဆန္န။ စက္ခုံ၊ စက္ခုပသာဒကိုရှင်း။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ကိုရှင်း။ စက္ခုဝိညာဏတဗ္ဗေ၊ စက္ခု ဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဓမ္မေ၊ ရူပါရုံတို့ကိုရှင်း။တေံ၊ ဤတရားသုံးပါးအပေါင်းသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာပေတည်း။ သော၊ ဤတရားသုံးပါးအပေါင်းသည်။ အဟံ၊ ငါသည်၊ အသ္မိ၊ ဖြစ်၏။ သော၊ ဤတရားသုံးပါးအပေါင်းသည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်တည်း။ ဣတိ၊ ဤသို့။ သမနုပဿသိ၊ ရှု၍နေသလော။

မျက်စိရယ် အဆင်းရယ် မြင်သိစိတ်ရယ်

မျက်စိက အဆင်းကို မြင်တဲ့အခါ အမြင်ခံရတာလေး ဘာခေါ်ကြမတုန်း-

(ရုပ်တရားပါဘုရား)
မျက်စိကြည်တာကကော
(ရုပ်တရားပါဘုရား)
မြင် သိ စိတ်ကလေးက နာမ်တရား၊ ဘယ်နှစ်မျိုး ထွက်လာတုန်း။
(သုံးမျိုးပါဘုရား)

မျက်စိရယ်၊ အမြင်ခံရတဲ့ အဆင်းရုပ်ရယ်၊ ပြီးတော့ မြင် သိ စိတ်ရယ် ဒီသုံးမျိုးပါဘဲ။ ငါ့ရှင် အဲဒီသုံးမျိုးကို သေသေ ချာချာကြည့်စမ်းပါတဲ့။ ယောဂီတို့လဲ သေသေချာချာ ကြည့်

ပေါ့၊ သုံးမျိုးကို ငါ့ရှင်က ငါပိုင်တယ်၊ ငါဆိုင်တယ်၊ ငါ့ဥစ္စာ ဘဲလို့ သင်ဒီလိုရှုသလားတဲ့၊ တရားတွေ ဘယ်လောက် တက်နေ တယ်ဆိုတာ သိအောင်လို့ အရှင်သာရိပုတ္တရာက မေးတယ်။ အဲဒီ မျက်စိရယ် အမြင်ခံရတဲ့အဆင်းရုပ်ရယ် မြင် သိစိတ်ကလေး ရယ် ဒီသုံးမျိုးကို ငါဘဲ ငါကွလို့ သင် ဒီလို ရှုသလားတဲ့။ ဒီ သုံးမျိုးဟာ ဩြော်–အတ္တကောင် ဝိညာဉ်ကောင် ငါကောင် လို့လဲ သင် ဒီလိုရှုသလားလို့ အရှင်သာရိပုတ္တရာက မေးတယ်။

## နားရယ် အသံရယ် ကြားသိ စိတ်ရယ်

နားရယ် အသံရယ် ကြားသိ စိတ်ရယ် ဒီသုံးမျိုးကို သင်က ငါပိုင် ငါ့ဥစ္စာလို့ ရှုနေသလား၊ ငါဘဲ ငါကွလို့ ရှုသလား၊ ငါကောင် အတ္တကောင် ဝိညာဉ်ကောင်လို့ သင်ဒီလိုရှုသလားလို့ မေးတယ်၊ နှာခေါင်းရယ် အနံ့ရယ် နံသိစိတ်ရယ်၊လျှာရယ်အရ သာရယ်၊စားသိစိတ်ရယ် ဒါလေးတွေကို သင်က ငါပိုင်ငါ့ဥစ္စာ လို့ထင်သလား၊ ငါဘဲ ငါကွလို့ ဒီလိုထင်သလား၊ အတ္တကောင် ဝိညာဉ်ကောင်လို့ ထင်သလားလို့ ဒီလိုမေးတယ်။ ဒီဘ ကိုယ် ကြည့်တာရယ်၊ ဟိုက ဖောဋ္ဌဗ္ဗာရုံ အတွေ့အ ထိ ရယ် ထိ သိ စိတ်ရယ် ဒါတွေကို ငါပိုင်တယ်လို့ ရှုသလားလို့ ဒီလိုမေးတော့ အရှင်ဆန္နက ပြန်ဖြေတယ်။

## ငါ့ဥစ္စာလို့ ထင်သလား

'အရှင်ဘုရား တပည့်တော် မျက်စိရယ် အမြင်ခံရတဲ့ ရုပ် ရယ် မြင် သိစိတ်ရယ် ဒီလိုသုံးခုကို တပည့်တော်က ငါပိုင် ငါ့ ဥစ္စာလို့ မရှုပါဘူးဘုရား။ ငါဘဲ ငါကွလို့လဲ မရှုပါဘူးဘုရား၊

ငါကောင် အတ္တကောင် အသက်ကောင် ဝိညာဉ်ကောင်လို့ ဒီလိုလဲ တပည့်တော် မရှုပါဘူးဘုရား....တဲ့။ နားရယ် အသံရယ် ကြားသိစိတ်ရယ်ကိုလဲ တပည့်တော် ငါပိုင် ငါ့ဥစ္စာဟု မရှုပါဘူး။ နှာခေါင်းရယ် အနံ့ရယ် နံသိစိတ်ရယ် ဒီသုံးမျိုးကိုလဲ တပည့်တော် ငါပိုင်တယ် ငါဆိုင်တယ်လို့ တပည့်တော် ဒီလိုမရှုပါဘူးတဲ့။ လျှာရယ် အရသာရယ် စား သိ စိတ်ရယ်-ဒါတွေကိုလဲ ငါပိုင်တယ် ငါဆိုင်တယ်လို့ တပည့်တော် မရှုပါဘူးဘုရားတဲ့။ တပည့်တော် ဒါတွေကတော့ တခုမှ ငါပိုင်တယ် ငါဆိုင်တယ်လို့ မရှုပါဘူးဆိုတော့ ထပ်ပြီး မေးမြန်းလိုက်တယ်၊ စစ်ဆေးလိုက်တယ်။

> စက္ခုသ္မိံ အာဝုသော ဆန္န စက္ခုဝိညာဏေ စက္ခုဝိညာဏ-
> ဝိညာတဗ္ဗေသု ဓမ္မေသု ကိံ ဒိသွာ ကိံ အဘိညာယ
> စက္ခုံ စက္ခုဝိညာဏံ စက္ခုဝိညာဏ ဝိညာတဗ္ဗေ ဓမ္မေ
> ‘နေတံမမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ’တိ
> သမနုပဿသိတိ။

အာဝုသောဆန္န၊ ငါ့ရှင်ဆန္န။ စက္ခုသ္မိံ၊ စက္ခုပသာဒ၌၎င်း။ စက္ခုဝိညာဏေ၊ စက္ခုဝိညာဉ်၌၎င်း။ စက္ခုဝိညာဏ-ဝိညာတဗ္ဗေသု၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဓမ္မေသု၊ ရူပါရုံတို့၌၎င်း။ ကိံ၊ ဘယ်လိုအကျိုးကျေးဇူးကို။ ဒိသွာ၊ မြင်၍။ ကိံ၊ ဘယ်လို အကျိုးကျေးဇူးကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိ၍။ စက္ခုံ၊ စက္ခုပသာဒကို၎င်း။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်ကို၎င်း။ စက္ခုဝိညာဏ ဝိညာတဗ္ဗေ၊ မြင်၍သိအပ်ကုန်သော။ ဓမ္မေ၊ ရူပါရုံတို့၌၎င်း။ နေတံ၊ ဤတရားသုံးပါးအပေါင်းသည်။ မမ၊ ငါ၏။ နသန္တကံ၊ ငါပိုင်

ငါ့ဥစ္စာမဟုတ်။ သော၊ ဤ တရားသုံးပါး အပေါင်းသည်။ အဟံ၊ ငါသည်။ န အသ္မိ၊ မဖြစ်။ သော၊ ဤတရား သုံးပါး အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာတိ၊ အတ္တ မဟုတ်၊ ကိုယ်ကောင်မဟုတ်ဟူ၍။ သမနုပဿသိ၊ ရှုသနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်ကြားတော်မူလေသတည်း။

## ငါကောင် အသက်ကောင် လိပ်ပြာကောင်

ငါ့ရှင်ဆန္န၊ သင်က မျက်စိရယ် အဆင်းရယ် မြင်သိစိတ်ရယ် ဒီသုံးမျိုးကို ငါပိုင် ငါ့ဥစ္စာ မဟုတ်ဘူးလို့ သင် ရှုနေတယ်၊ ဘယ်လို မြင်လို့တုန်းဘဲ့၊ ရှုလိုက်တဲ့အခါ အခု ယောဂီတွေ မေးသလို ယောဂီတွေ အခုရှုနေတာ မျက်စိကမြင်ယင် မြင်တယ်-မြင်တယ်လို့ ရှုမှတ်လိုက်တဲ့အခါ ဘယ်လိုမြင်သလဲလို့ ဒီလို မေးတယ်။ မြင်တဲ့အခါမှာ အမြင်ခံရတဲ့ အဆင်းရုပ် ရှိတယ်၊ မျက်စိကကြည်နေတာ ရှိတယ်၊ မြင်သိစိတ်ကလေး ရှိတယ်၊ ဒီသုံးမျိုး ဘယ်လိုသိလိုက်သလဲ ဘယ်လိုမြင်သလဲ ဒီလိုမေးတယ်။ နားရယ် အသံရယ် ကြားသိစိတ်ရယ် အဲဒီသုံးမျိုးကို သင်ဘယ် လိုမြင်သလဲ ဒီလိုမေးတယ်။ နောက် နှာခေါင်းရယ် အနံ့ရယ် နံသိစိတ်ရယ်။ လျှာရယ် အရသာရယ် စားသိစိတ်ရယ်။ ကိုယ် ကြည်တာရယ် အတွေ့အထိရယ် ထိသိစိတ်ရယ်။ ဒါတွေ သင် ဘယ်လိုမြင်သလဲ ဘယ်လိုမြင်လို့ ငါပိုင် မဟုတ်ဘူး ငါ့ဥစ္စာ မဟုတ်ဘူး ဒီလိုရှုသလဲ၊ ဘယ်လိုမြင်နေလို့ ရှုမှတ်လိုက်တဲ့အခါ ဘယ်လိုဉာဏ်ထဲမှာတွေ့လို့ သင်က ငါမဟုတ်ဘူး အတ္တကောင် ဝိညာဉ်ကောင်မဟုတ်ဘူးလို့ ရှုနေသလဲလို့ မေးပါတယ်၊တရား ခစ်တာပါဘဲ။

တရားစစ်တော့ အရှင်ဆန္ဒကဖြေတယ်၊ သူက တော်တော်လေးလဲ ဥာဏ်ကသန်နေတော့ ဖြေပုံကလဲ တော်တော်ကောင်းတယ်၊ ဒီနေရာမှာ ပြည့်ပြည့်စုံစုံ ဖြေမှာဘဲ၊ ဒီတော့ အရှင်ဆန္ဒက အရှင်ဘုရား၊ တပည့်တော် လျှောက်ပါရစေ၊ တပည့်တော် မျက်စိရယ် အဆင်းရယ် မြင်သိစိတ်ရယ် ဒီသုံးမျိုး ရှုလိုက်တဲ့အခါ ရှုလိုက်တိုင်း ရှုလိုက်တိုင်း အော်–တဖြုတ်ဖြုတ် တဖွဲဖွဲနဲ့ အမြဲတစေ ပျက်စီးနေတာဘဲလို့ တပည့်တော် ဒီလို မြင်ပါတယ်တဲ့၊ ဘာတခုမှ မြဲတာ ခိုင်တာ မရှိဘူး၊ ဒွါရ ခြောက်ပါးက ပေါ်လာသမျှ မျက်စိကပေါ်လဲမှတ်လိုက် ပျောက်သွား၊ နားက ပေါ်လာလဲ မှတ်လိုက် ပျောက်သွား၊ နှာခေါင်းကပေါ်လာလို့ မှတ်လိုက်လဲ ပျောက်သွား၊ လျှာက ပေါ်လာလို့ မှတ်လိုက်လဲ ပျောက်သွား၊ တွေ့ထိတွေ ပေါ်လာလို့ မှတ်လိုက်လဲ ပျောက်သွား၊ စိတ်ကူးစဉ်းစားတွေ ပေါ်လာလို့ မှတ်လိုက်လဲ ပျောက်သွားလိုက်နဲ့ တခုမှ မြဲတာခိုင်တာ မရှိဘူး၊ တဖြုတ်ဖြုတ်တဖွဲဖွဲနဲ့ အမြဲတစေ ပျက်စီးနေတာကို တပည့်တော် မြင်ပါတယ်ဘုရား၊ ဒါကြောင့်မို့ ဖြစ်ပျက်တွေ မြင်နေလို့ တပည့်တော်ဟာ ငါ မဟုတ်ဘူး၊ ငါတောင် အတ္တကောင်မဟုတ်ဘူး၊ ငါပိုင် ငါ့ဥစ္စာတွေ မဟုတ်ဘူးလို့ တပည့်တော် ဒီလိုရှုနေပါတယ်ဘုရား။

## ပေါ်ရာက စရှုရမယ်

ခန္ဓာကိုယ်မှာ ပေါ်လာသမျှ ဒွါရခြောက်ပါးလုံး ထင်ရှားပေါ်ရာက စမှတ်ရမယ်တဲ့၊ ဒွါရခြောက်ပါးလုံး တပြိုင်နက်ထဲ မှတ်လို့လဲ မရဘူး၊ ဒီတော့ ဒွါရခြောက်ပါး မှတ်လိုက်တဲ့အခါ ဘယ်ကစ စမှတ်ကြမတုန်း (ပေါ်ရာက စမှတ်ပါမယ်ဘုရား)၊

ထင်ရှားပေါ်ရာက မှတ်ရမယ်။ ကိုင်း-ထင်ရှားပေါ်ရာက မှတ်တော့ တပြိုင်နက်ထဲကော မှတ်လို့ရပါ့မလား (မရပါဘုရား)၊ တခုချင်း တခုချင်း မှတ်ရမယ်ဆိုတာ သတိပြုထားပါ၊ ယောဂီတွေဟာ တခုချင်း တခုချင်း မှတ်လိုက်တော့ ပေါ်ချင်ရာက ပေါ်ခဲ့ပါ ဘယ်သူမှ မရှိခင်မှာ ထင်ရှားပေါ်နေတဲ့ ဝါယောရုပ်ကလေး ရှိပါတယ်၊ အမြဲတန်း တွန်းကန် လှုပ်ရှားနေပါတယ်။

ဒါကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဝမ်းဗိုက်ကို စိတ်ကလေးစိုက်ပြီးတော့ ဒီက စရှုပါလို့ ညွှန်ကြားတယ်၊ အင်မတန် ထင်ရှားတဲ့ ရုပ်တရားလေးမို့ ယောဂီတို့ ဉာဏ်ထဲ မြင်လာလိမ့်မယ်၊ မြင်လွယ်တာလေးက စရှုစမ်းပါ၊ ထင်လွယ် မြင်လွယ်အောင်လို့ ဒီနေရာက စညွှန်းတာ။ စညွှန်းတော့ ဒီနေရာက စမှတ်လိုက်ကရော၊ မှတ်တော့ ဖောင်းတယ် ပိန်တယ်ဆိုတာ အမှန်ကတော့ ဝါယောဓါတ်ရဲ့ သဘောလက္ခဏာလေးပါဘဲ၊ တွန်းကန် တောင့်တင်းတဲ့ သဘောလေးပေါ့။ အဲဒါကို ဖောင်းတယ်လို့မှတ်၊ နောက်တခါ ပြန်ပြီးလျော့သွားတာကို ပိန်တယ်လို့မှတ်။

## သတိပဋ္ဌာန်လေးပါး ရှုအားသန်သန်

ဒီလိုမှတ်ယင်းနဲ့ စိတ်ကလေးတွေကလဲ အပြင်ထွက်သွားတတ်တယ်၊ ဖောင်းတယ် ပိန်တယ်မှတ်ယင်း ဟိုရောက် ဒီရောက် ဟိုစိတ်ကူး ဒီစိတ်ကူးဖြစ်ယင် အဲဒါလေးကို လိုက်ပြီးတော့ စိတ်ကူးတယ် စဉ်းစားတယ်လို့ သူဖြစ်ပေါ်သလိုမှတ်၊ အဲဒီလို မှတ်နေတာဟာ စိတ္တာနုပဿနာသတိပဋ္ဌာန်ပါဘဲတဲ့၊ ဒီလိုခေါ်တယ်။

နောက် ဒီလိုမှတ်ယင်းနဲ့ ဝေဒနာတွေ ပေါ်လာလို့ နာယင် နာတယ်၊ ကိုက်ယင် ကိုက်တယ်လို့မှတ်၊ နာယင် နာတယ်လို့ ဒီလိုမှတ်လိုက်တော့ အဲဒါ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်တဲ့၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်။ နောက် ကို သဘောတရားလေးတွေ လိုက် လိုက်မှတ်၊ ဒါကတော့ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်တဲ့။ ကွေးတာ ဆန့်တာ ကြွတာ ချတာ လှမ်းတာတွေ မှတ်တော့ ကာယာနုပဿနာ သတိပဋ္ဌာန်တဲ့။

## မှတ်စရာနဲ့ မှတ်တာ

ဒီလို မပြတ်မလပ် ဒလစပ်မှတ်လာတဲ့ အခါကျတော့ ပဌမ မှတ်ခါစတုန်းက ဖောင်းတယ်လို့ မှတ်ပေမဲ့ ဖောင်းတဲ့အပေါ် မှာ စိတ်ကလေး မရောက်ဘူး၊ ဖောင်းတဲ့ ရုပ်တရားလေးပေါ် စိတ်ကလေး မရောက်ဘူး၊ ပိန်တယ်လို့ မှတ်တဲ့အခါ ပိန်တဲ့ ရုပ် ကလေးအပေါ်မှာ စိတ်မရောက်ဘူး၊ ဟိုထွက် ဒီထွက်နဲ့ ဖြစ်နေ တတ်တယ်၊ နောက် မှတ်ပါများလာတော့ စိတ်ကလေးက တဖြေးဖြေး ယဉ်ကျေးပြီး ငြိမ်လိုက်လာတယ်။ အဲဒီလို ငြိမ်လိုက် လာတဲ့အခါကျတော့ စိတ်ကလေးဟာ ငြိမ်ပြီးတော့မှတ်လိုက်တဲ့ အာရုံလေး အပေါ်မှာ ကပ်ခနဲ ကပ်ခနဲ ဖြစ်လာတယ်၊ ဖောင်း တယ်လို့ မှတ်လိုက်ယင် ဖောင်းတဲ့အပေါ် ရောက်သွားတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါ ပိန်တဲ့အပေါ် ရောက်သွားတယ်၊ ကွေးတယ်လို့မှတ်၊ ကွေးတဲ့အပေါ်ရောက်။ ဆန့်တယ်လို့မှတ်၊ ဆန့် တဲ့အပေါ်ရောက်။ ကြွတယ်လို့မှတ်၊ ချတယ်လို့မှတ်၊ လှမ်းတယ် လို့မှတ်၊ ကြွတဲ့အပေါ် ချတဲ့အပေါ်မှာ ရောက်ရောက်နေပါ တယ်၊ ကပ်ခနဲ ကပ်ခနဲ ရောက်နေတော့ ယောဂီက ဘယ်လို မြင်

လာတုန်းဆိုတော့ ဩော်...တရားရှုမှတ်တယ်ဆိုတာ မှတ်တာလေးရယ်၊ မှတ်စရာရယ် ဒီနှစ်ခုရှိတာဘဲ အမှတ်ခံတာလေးနဲ့ မှတ်တာလေး၊ ဒီနှစ်ခုထဲရှိတယ်လို့ ရှင်းရှင်းလင်းလင်း မြင်လာတယ်။

အဲဒီတော့ ဖောင်းတယ်လို့ မှတ်တဲ့အခါ ဖောင်းတာလေးက ရုပ်တရား မှတ်နေတာလေးက နာမ်တရားဘဲ၊ မှတ်စရာနဲ့ မှတ်တာ ဒီနှစ်ခုထဲတွေ့တယ်၊ ဒီ့ပြင် ရှိသေးလား (မရှိပါဘုရား)၊ ဒီနှစ်ခုမြင်လိုက်တယ်ဆိုကထဲက ဒီဉာဏ် ဘာဖြစ်လာတုန်း၊ ရုပ်နာမ် ကွဲသလား-မကွဲဘူးလား(ကွဲပါတယ်ဘုရား)၊မှတ်တာနဲ့ မှတ်စရာနဲ့ ဘယ်နှစ်ခုတုန်း (နှစ်ခုပါဘုရား)၊ မှတ်တာလေးက တခု၊ မှတ်စရာလေးကတခု၊ နှစ်ခုမြင်နေကတဲက ယောဂီမှာ ဘာကွဲနေတုန်း(ရုပ်နာမ်ကွဲနေပါတယ်ဘုရား) ရုပ်နာမ်ကွဲနေယင် ဒီပုဂ္ဂိုလ် ဘာဉာဏ်ရတုန်း၊ နာမရူပ ပရိစ္ဆေဒဉာဏ် ရပြီ။ နာမရူပ ပရိစ္ဆေဒဉာဏ် ရကတဲက ဒီပုဂ္ဂိုလ်မှာ ဘာ ဝိသုဒ္ဓိရတုန်း၊ ဒိဋ္ဌိဝိသုဒ္ဓိ မရသေးဘူးလား (ရပါတယ်ဘုရား)၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ ဘာတုန်း(အယူစင်ကြယ်သွားတာပါဘုရား)။

## ပိုလာတာက အမှား

အစတုန်းက ဘယ်လိုယူနေတုန်းဆိုတော့ မှတ်တာနဲ့ မှတ်စရာ မကွဲဘဲ ငါမြဲတယ်လို့ ထင်နေတယ်၊ မှတ်နေတာ ဘယ်သူက မှတ်တာတုန်း။

(နာမ်ကမှတ်တာပါဘုရား)

ဖောင်းတာက ဘာတုန်း၊

(ရုပ်ပါဘုရား)

ဒါပေမယ်လို့ လူတွေအများသုံးနေတာက တကယ်သုံးစွဲနေတာက၊ မှတ်တာက ငါမှတ်တာလို့ ဒီလိုမသုံးစွဲဘူးလား၊
(သုံးစွဲပါတယ်ဘုရား)
မှတ်တာက ငါမှတ်တာ ဟုတ်ရဲ့လား၊
(မဟုတ်ပါဘုရား)
ငါမမှတ်ယင် ဘယ်သူက မှတ်မတုန်း၊
(နာမ်က မှတ်တာပါဘုရား)။
ဒါဖြင့် ငါမှတ်တာဆိုယင် ဘယ်သူ ပိုလာမတုန်း
(ငါ ပိုလာပါတယ်ဘုရား)
ငါပိုလာယင် အဲဒီငါလို့မှတ်ပြီး ထင်လိုက်ခြင်း စွဲလိုက်ခြင်းသည် မှားသလား မှန်သလား၊
(မှားပါတယ်ဘုရား)၊
အဲဒီ အမှားကို ဘာခေါ်သလဲဆိုတော့ ဒိဋ္ဌိတဲ့။

## ဒိဋ္ဌိတန်းလန်းကြီးနဲ့

ဒါဖြင့် မှတ်နေတဲ့ နာမ်လေးကို ဘာခေါ်မတုန်း၊သက္ကာယတဲ့ ဘာသက္ကာယတုန်း၊ နာမ် သက္ကာယပေါ့။ ဒါဖြင့် မှတ်နေတာ နာမ်လို့ မသိဘဲနဲ့ မှတ်နေတာငါဘဲလို့ ဒီလိုထင်လိုက်တာ စွဲလိုက်တာ ဒိဋ္ဌိမဝင်ဘူးလား (ဝင်ပါတယ်ဘုရား)၊ ဘယ်အပေါ်ဝင်တုန်း (သက္ကာယပေါ် ဝင်ပါတယ်ဘုရား)၊ သက္ကာယပေါ်ဝင်ဘော့၊ ပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိတဲ့။ သက္ကာယ ကွာရဲ့လား၊ ဒီပုဂ္ဂိုလ် ဒိဋ္ဌိကွာရဲ့လား (မကွာပါဘုရား)၊ အဲ—ဒိဋ္ဌိမကွာဘူး၊ ဒိဋ္ဌိ တန်းလန်းကြီး ရှိနေတယ်၊ဒိဋ္ဌိနဲ့တွဲနေတယ်၊အဲဒီလို ဒိဋ္ဌိနဲ့ တွဲနေခြင်းကြောင့်၊ ဩော်....ဒိဋ္ဌိမကွာသေးဘူး၊ ဖေဘင်း

နေတာလေးက ဘာတုန်း၊ ရုပ်တရားလေးဘဲ၊ ဖောင်းတာဟာ ရုပ်တရားလေးသက်သက် ဖြစ်ပါလျက်၊ ဖောင်းနေတာ ငါဖောင်းတာလို့ ဒီလိုထင်ယင် ဖောင်းနေတာ ငါဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ ဘယ်သူတုန်း(ရုပ်ဘရားပါဘုရား)ဒီမှာ ငါပိုနေတယ်၊ ရုပ်ရယ် ငါရယ် နှစ်ခု ဘယ်သူက မှန်တုန်း၊ ဖောင်းတဲ့ရုပ်က အမှန်မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ရှိနေခြင်းကြောင့် သူက သက္ကာယ။ ငါကရှိရဲ့လား(မရှိပါဘုရား)၊မရှိခြင်းကြောင့် သူက ဘာတုန်း ဒိဋ္ဌိ၊ ပေါင်းလိုက်တော့ သက္ကာယ ဒိဋ္ဌိတဲ့။ ဒါဖြင့် ယောဂီတို့ရှုကြည့်၊ ဖောင်းတဲ့ထဲ ငါပါရဲ့လား (မပါပါဘုရား)၊ မှတ်တဲ့ထဲ ငါပါရဲ့လား (မပါပါဘုရား)၊ ဒါဖြင့် ဖောင်းတာ ဘယ်သူတုန်း၊ရုပ်တရား၊ မှတ်တာဟာ ဘယ်သူတုန်း၊ နာမ်တရား။ ဒါကြောင့်—

ဖောင်းတဲ့ထဲမှာ ငါမပါ၊ မှတ်တဲ့ထဲမှာ ငါမပါ၊
ဖောင်းတာဟာ ငါမဟုတ်၊ မှတ်တာဟာ ငါမဟုတ်၊
ဖောင်းတာ မှတ်တာ နာမ်နှင့်ရုပ်။

## နာမ်နှင့်ရုပ်ကို မြင်အောင်ကြည့်ပါ

ဖောင်းတာနဲ့ မှတ်တာဟာ ဘယ်သူနဲ့ ဘယ်သူတုန်း(နာမ်နှင့် ရုပ်ပါဘုရား)။ နာရုပ်မပိုင်သေးဘူးလား (ပိုင်ပါပြီဘုရား)၊ နာမ်ရုပ် ပိုင်လာလို့ရှိယင်ဖြင့် ဒိဋ္ဌိမစင်ဘူးလား၊ နာမ်ရုပ်မြင်ယင် ဘာဒိဋ္ဌိစင်တုန်း(သက္ကာယဒိဋ္ဌိစင်ပါတယ်ဘုရား)၊ ဒါကြောင့်မို့ နာမ်ရုပ်ကို မြင်အောင်ကြည့်ပါ၊ နာမ်ရုပ်တော့ တွေ့လာပြီ၊ ဒိဋ္ဌိ ဝိသုဒ္ဓိမဖြစ်သေးဘူးလား၊ သီလဝိသုဒ္ဓိကော မရခဲ့သေးဘူးလား

(ရခဲ့ပါပြီဘုရား)။ ဒါဖြင့် ရုပ်တွေနာမ်တွေ အမှန်မြင်လာယင် စိတ္တဝိသုဒ္ဓိကော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

## ဘယ်သူက ဖန်ဆင်းသလဲ

ဒါကြောင့်မို့ ဒီရုပ်နဲ့ နာမ်တွေလာတော့ ဒီရုပ်နာမ် ဘယ်က လာသလဲ ဆိုတဲ့ အကြောင်းကိုလဲ ရှာရအုံးမယ်။ ဒီရုပ်နာမ်တွေ ဘယ်ကပေါ်လာသလဲ၊ ဘယ်သူက ဖန်ဆင်းသလဲ၊ဘယ်နေရာက လာပါလိမ့်တုန်းဆိုတော့ ဘယ်ကလာသလဲဆိုယင်အကြောင်းက လာတယ်၊အကြောင်းက ဘယ်သူပါလိမ့်–ရုပ်နာမ်တဲ့၊အကြောင်း က ဘယ်သူတုန်း (ရုပ်နာမ်ပါဘုရား)၊ အကြောင်းလဲ ရုပ်နာမ်၊ အကျိုးကလဲရုပ်နာမ်ဘဲ၊ နဂိုတုန်းကလဲ ရုပ်နာမ်ဘဲ၊ မနေ့တုန်း ကလဲရုပ်နာမ်ဘဲ၊အကြောင်းအကျိုးတွေဆက်နေတယ်။ ယနေ့လဲ ရုပ်နာမ်ဘဲ၊ နောက်လဲ ရုပ်နာမ်ဘဲ၊ နိဗ္ဗာန် မရမချင်းတော့ ကြောင်းကျိုးတွေ ဆက်နေတယ်။ရုပ်နာမ်တွေ ဆက်စပ်ဖြစ်နေ တာကို သံသရာလို့ ခေါ်တယ်၊ ရုပ်နာမ်တွေဟာ အကြောင်း ကြောင့်ဖြစ်တဲ့အကျိုးတရားတွေတဲ့။ဒါကြောင့်မို့အခုဖောင်းယင် ဖောင်းတယ်လို့မှတ်တော့ ဖောင်းတာက အကြောင်းတရားလား အကျိုးတရားလား (အကြောင်းတရားပါဘုရား)၊ အကြောင်း တရားရုပ်။ မှတ်တာက အကျိုးတရားနာမ်၊ ဒါဖြင့် ဒီနား လာထိုင်တယ်ဆိုတာ ဘာကြောင့်ထိုင်တုန်း၊ ထိုင်ချင်လို့ ထိုင် တာပေါ့။ ထိုင်ချင်တာက နာမ်၊ ထိုင်နေတာက ရုပ်၊ နာမ် ကြောင့် ရုပ်ဖြစ်တယ်၊ အဲဒီလို အကြောင်းအကျိုးတွေ ဆက် ဖြစ်နေပါတယ်တဲ့၊ အဲ့ဒီထဲမှာ ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်လဲမရှိဘူး၊ သူကောင် ငါကောင်လဲ မပါဘူး။ ဒီလိုအကြောင်းအကျိုးတွေ

မြင်သွားလို့ရှိယင်ဖြင့် ကင်္ခါဝိတရဏ- ဝိသုဒ္ဓိတဲ့၊ ပစ္စယပရိဂ္ဂဟ ဉာဏ်ရရော။

## ဖေါက်ပြန်မှုနှင့် သိမှု

ဒီတော့ ဒီရုပ် ဒီနာမ်တွေကို ခိုင်သလား မြဲသလားလို့ သေသေချာချာကြည့်အုံး။ ကြည့်လိုက်တော့ တခုမှလဲ ခိုင်တာ မြဲတာ မရှိဘူးတဲ့၊ ဒီရုပ် ဒီနာမ်တွေဟာ ပေါ်လာလိုက် မှတ်လိုက်၊ ပျောက်သွားလိုက်၊ ဩော်....ဖောင်းတာလေးကြည့်ယင်လဲ ရိပ်ရိပ်ဆို ပျောက်သွား၊ မှတ်စိတ်ကလေးကလဲ ပျောက်သွား၊ ကွေးတာလေး ကြည့်လိုက်လဲ တခုနဲ့တခု မဆက်ဘူး၊ ရိပ်ရိပ်ဆို ပျောက်သွား။ နာတာလေး ကြည့်လိုက်လဲ ပျောက်သွား၊ အဲဒီ တော့ မိမိခန္ဓာမှာ မြဲတာ ခိုင်တာ တွေ့ကြသလား (မတွေ့ပါ ဘုရား)၊ ဘာတွေ တွေ့နေသလဲ ဆိုယင်ဖြင့်—

ဖေါက်ပြန်မှုနှင့် သိမှုနှစ်ထွေ၊
ရုပ်နှင့်နာမ်ဘဲ အမြဲမှတ်လေ၊
ခန္ဓာကိုယ်ထဲ မစဲဖြစ်နေ၊
သတိပြု ကြည့်ရှုသိနိုင်ပေ။ ။

ဘာနဲ့ ဘာသာ ရှိနေသလဲဆိုယင်ဖြင့် ဖေါက်ပြန်တာနဲ့သိ နေတာလေးဘဲ ရှိနေတာဘဲတဲ့၊ ဒီနှစ်ခုထဲရှိတယ်။ ဒါကြောင့်—

ဖေါက်ပြန်မှုနှင့် သိမှုနှစ်ထွေ၊
ရုပ်နှင့်နာမ်ဘဲ အမြဲမှတ်လေ၊
ခန္ဓာကိုယ်ထဲ မစဲဖြစ်နေ၊
သတိပြု ကြည့်ရှုသိနိုင်ပေ။ ။

ဖေါက်ပြန်နေတာလေးက ရုပ်တရား၊ သိနေတာလေးက နာမ် တရား၊ မိမိခန္ဓာမှာ ကြည့်လိုက်တော့လဲ ဩော်-ရုပ်နဲ့နာမ် သာရှိတယ်၊ ဖေါက်ပြန်တဲ့ ရုပ်ကလေးနဲ့ သိတဲ့နာမ်သာရှိတယ်၊ ဒါလေးကလဲ တခုမှ မြဲတယ်ခိုင်တယ် မရှိဘူး၊ မိမိခန္ဓာမှာ ကြည့် လိုက်တော့လဲ ဖြစ်ပျက်ပဲ၊ သူများ ခန္ဓာမှာ ကြည့်လိုက်တော့လဲ ဖြစ်ပျက်ပဲ၊ အဇ္ဈတ္တကြည့်လိုက်လဲ-ဖြစ်ပျက်၊ ဗဟိဒ္ဓကြည့်လိုက် လဲဖြစ်ပျက်၊ တလောကလုံး ကြည့်လိုက်လဲ-ဖြစ်ပျက်၊ ဒီလိုမြင် နေပါတယ်။

ဒါကြောင့်မို့ ဩော်-ဒို့ဟာ မပြတ်မစဲ အမြဲတစေ ဖြစ်ပျက် နေတဲ့ ရုပ်နာမ်တွေဘဲလို့ အရှင်ဆန္ဒရဲ့ဉာဏ်ထဲ ဒီလိုမြင်နေတာ ဘဲတဲ့၊ ဒီရုပ်နာမ်တွေဟာ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်မို့ ဘာနဲ့တူသလဲဆိုတော့—

## နာရီ၏စက် တချက်ချက်

ဥပမာ—

နာရီလေးဟာ ဒက်ခနဲ ဒက်ခနဲ မြည်နေတယ်၊ မြည်နေလို့ရှိယင်တဲ့ တစက္ကန့် မှာ တဒက်-ဒက်ခနဲ၊ တစက္ကန့်မှာ-တဒက် ဒက်ခနဲမြည်လိုက်လို့ရှိယင် တမိနစ် မှာ ဘယ်လောက်ရမတုန်း၊ ဒက်ပေါင်း ခြောက်ဆယ် မရဘူးလား (ရပါတယ်ဘုရား)။ တနာရီမှာသုံးထောင့် ခြောက်ရာ မရဘူးလား (ရပါတယ်ဘုရား)။ တနာရီမှာ သုံးထောင့်ခြောက်ရာရတယ်၊ ဒါလေးလဲ ဒီနေရာမှာ မြင်အောင်ကြည့်၊ တနာရီမှာ သုံးထောင့်နဲ့ ခြောက်ရာ

ရတော့ တပြိုင်နက်ထဲ ကြားသလားလို့၊ တနာရီထိုင်ပြီးတော့ ဒက်ခနဲ့ ဒက်ခနဲ့ မြည်တဲ့အသံလေးတွေကို ထိုင်နားထောင်စမ်းပါ ယောဂီ၊ ယောဂီတို့ ထိုင်နားထောင်ကြည့်၊ ပရမတ်လို ပြောယင် တနာရီ နားထောင်ယင် ဘယ်နှစ်ဒက် ကြားကြမတုန်း(တဒက်ထဲ ကြားပါတယ်ဘုရား)၊ ဒက်ခနဲ၊ ဒါလေး မြင်အောင်ကြည့်။ ဒါမြင်ယင် ဟိုဟာတွေ ရှုလို့လွယ်ပြီ၊ ပဌမ ဒက်ဆို မြည်လိုက်တဲ့ အသံမကြားဘူးလား (ကြားပါတယ်ဘုရား) ဒုတိယ ဒက်ပေါ်လာပြီလား၊ မပေါ်သေးဘူး။ ဘယ်နှစ်ဒက်ကြားတုန်း တဒက်ဘဲ။ နောက်ဒုတိယ ဒက်ဆိုတဲ့ အသံလေး ပေါ်လာတော့ ပဌမဒက်ရှိသေးလား၊ မရှိဘူးနော်။ တတိယဒက်ပေါ်ပလား၊ မပေါ်သေးဘူးပေါ့။ မပေါ်ယင် ဘယ်နှစ်ဒက်ကြာတုန်း တခုထဲဘဲ၊ တဒက်ထဲဘဲ။ ဒါဖြင့် တတိယဒက်-ဆိုပေါ်လာတော့ ပဌမနဲ့ ဒုတိယဒက် ရှိသေးလားမရှိဘူး၊ စတုတ္ထပေါ်ပလား၊ မပေါ်သေးဘူး။ ဒါဖြင့်တနာရီထိုင်ကြည့်ယင် ဘယ်နှစ်ဒက်ပေါ်မတုန်း-တဒက်ဘဲ။ တနေ့လုံး၊ တလလုံး၊ တနှစ်လုံးလဲ-တဒက်ဘဲ။ ဒါဖြင့် ဒါတွေ ဆက်နေသလား တခုပြီးမှ တခုပေါ်သလား (တခုပြီးမှ တခု ပေါ်ပါတယ်ဘုရား)၊ အဲဒီလိုတခုပြီးမှ တခုပေါ်တာကို မြင်အောင်ကြည့်ပါတဲ့။ သြော်ဒါလေးက အဟောင်းပျက်မှ အသစ်ဆက်တယ်ဆိုတာ ဒါလေးဘဲ။

## တနေ့လုံး တဖောင်းဘဲ

ဒီမှာ ယောဂီတွေ အခု တရားရှုမှတ်တယ်ဆိုတာ ဖောင်းတယ်လို့ တခါဖောင်းယင် တ ခါ မှတ်တယ်၊ တစက္ကန့်မှာ တဖောင်းတမှတ် ထားလိုက်ပါတော့၊ တစက္ကန့်မှာ တဖောင်းတမှတ်ဆိုယင် တမိနစ်မှာ ခြောက်ဆယ်၊ တနာရီမှာ (၃၆၀၀) ရှိတယ်။ ဒါ သမုတိနယ်ကကြည့်ပြီး ပညတ်လိုပြောတာပါတဲ့၊ တကယ့်ယောဂီတွေရဲ့ ဉာဏ်ထဲတွေ့တာက တနာရီထိုင်မှတ်တာ ဘယ်နှစ်ဖောင်း တွေ့နေတုန်းလို့ မေးယင် ဘယ့်နှယ် ဖြေမတုန်း တဖောင်းထဲဘဲ၊ ပဌမ အဖောင်းလေး ဖောင်းလာတယ်၊ ပဌမ အဖောင်းလေး ဖောင်းလာပြီး ဒီအဖောင်းလေး မပျက်ခင်မှာ ဒုတိယအဖောင်း ပေါ်ပြီလား (မပေါ်သေးပါ ဘုရား)၊ ဒါကြောင့်မို့ ဒုတိယအဖောင်း ပေါ်တော့ ပဌမအဖောင်း ရှိသေးလား (မရှိတော့ပါဘုရား)၊ တတိယအဖောင်း ပေါ်ပလား (မပေါ်သေးပါဘုရား)။ ဘယ်နှစ်ဖောင်းတွေ့သတုန်း (တဖောင်းထဲ တွေ့ပါတယ်ဘုရား)၊ တသလုံး–တနှစ်လုံးလဲ တဖောင်းဘဲ၊ ဩော်...ယောဂီတို့ တရားရှုမှတ်ရတာက တနေ့လုံးမှာလဲ တဖောင်းဘဲ၊ တလလုံးမှာလဲ တဖောင်းဘဲ၊ ဒါဖြင့် ယောဂီတို့ တရားမှတ်တာ တနေ့လုံး ဘယ်နှစ်ဖောင်း မှတ်ရတုန်း၊ တမှတ် မရဘူးလား (ရပါတယ်ဘုရား)။

## နှစ်ခွန်းပြိုင် ပြောလို့ ရသလား

စကားပြောတော့ကော တခွန်းပြီးမှတခွန်း ပြောလို့ရတယ်၊ ဒါတွေကို မြင်အောင် ကြည့်ရမယ်၊ တခုပြီးမှတခု ဖြစ်တယ်၊ စကားတလုံး ပြောလိုက်လို့ရှိယင် ပဌမ(ကကြီး)လို့ ပြောလိုက်၊

နောက်တခါ (ခခွေး)လို့ ပြောလိုက်တော့ ပဌမ (ကကြီး)ဆိုတဲ့ အသံရှိသေးလား–မရှိဘူး။ ရှာလို့တွေ့သေးလား၊ ဘယ်ကလာတာလို့ သိရဲ့လား၊ မသိဘူးတဲ့။ ဒါဖြင့် ဘယ်နှစ်ခွန်းတုန်း–တခွန်းဘဲ၊ နောက်တခါ (ဂငယ်)ဆိုတော့ (ခခွေး)ရှိသေးလား–မရှိဘူး၊ တခုဖြစ် တခုပျက်တယ်ဆိုတာ ဒါလေးမြင်အောင် ကြည့်စမ်းပါတဲ့။

တခါပြောလေ၊ တခါသေ၊ နှစ်ထွေပြောမဖြစ်။
တခွန်းပြောယင် တခွန်း ပျောက် မသွား ဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ အဲဒါကို—
တခါပြောလေ၊ တခါသေ၊ နှစ်ထွေပြောမဖြစ်တဲ့....။

တခါထဲ ပြောပြီး နှစ်ခွန်းပြုးခပြောလို့ ဖြစ်ပါ့မလား–မဖြစ်ဘူး။ ဒါဖြင့် ယောဂီတို့ပြောကြည့်၊ ယောဂီတွေ စကားများလိုက်တာဆိုယင် တပည့်တော်တို့ တခွန်းထဲပါဆိုယင် မှားပါ့မလား (မမှားပါဘုရား)၊ တခုပျက်မှ တခုဆက်တယ်ဆိုတာ မှတ်ပါတဲ့။ ယောဂီတို့ ထမင်းစားဘူးကြသလား (စားဘူးပါတယ်)၊ ဘယ်နှစ်ခါ စားဘူးကြတုန်း (အများကြီး စားဘူးပါတယ်ဘုရား)၊ ငှက်ပျောသီးကော စားဘူးကြသလား (စားဘူးပါတယ်ဘုရား)၊ ဘယ်နှစ်ခါ စားဘူးကြတုန်း (အများကြီး စားဘူးပါတယ်ဘုရား)၊ လဘက်ရည်အချို သောက်ဘူးကြသလား (သောက်ဘူးပါတယ်ဘုရား)၊ ဘယ်နှစ်ခါသောက်ဘူးကြတုန်း (အများကြီးပါဘုရား)၊ ပညတ်လို ပြောယင်တော့ အခါခါပေါ့။

## အသက်ရှည်တာ တစက္ကန့်

ဒါကြောင့်မို့ သြော်-ရုပ်တွေ နာမ်တွေဆိုတာ တဖြုတ်ဖြုတ် တဖွဲဖွဲနဲ့ ပျက်စီးနေတာတွေတဲ့၊ အဲဒါကြောင့်မို့ သေသေချာချာစဉ်းစားကြည့်ယင် ဒို့တတွေရဲ့အသက်၊ အခု ဘယ်နှစ်ခုနှစ်ခေါ်ကြသတုန်း-ဗမာလို၊ ၁၃၃၈-ခုနှစ်ထဲ တပည့်တော်တို့ ရောက်နေကြပါပြီဘုရားလို့ တရားနာတဲ့ ယောဂီတွေက ပြောကြမှာ၊ ပြောတော့ ၁၃၃၈-ခုနှစ် ရောက်နေပါပြီလို့ ဒါလေး ပြန်ဖြေရမယ်၊ ၁၃၃၈ - ခုနှစ်ဆိုတာ ၁၂-လ ခေါ်သလား။ တလခေါ်ကြသလား(၁၂-လခေါ်ပါတယ် ဘုရား)။ ဒါလေး မြင်အောင်ကြည့်၊ ယောဂီတို့ အခု ၁၂-လပေါ် နေသလား၊ တလပေါ်နေသလား - ဘယ်အပေါ် ရောက်နေတုန်း (တလအပေါ် ရောက်နေပါတယ် ဘုရား)၊ ဘယ်လတုန်း၊ နယုန်လ။ တလအပေါ် ရောက်နေတာ။ ၁၂-လအပေါ် ရောက်နေတာ မဟုတ်ဘူး။

တလအပေါ် ရောက်နေတာဆိုယင် တလဆိုတာ ဘယ်နှစ်ရက်ခေါ်တုန်း၊ ရက်ပေါင်းသုံးဆယ် ခေါ်တာ မဟုတ်လား၊ အဲဒါလေး မြင်အောင်ကြည့်ထား၊ ဒါဖြင့် ယောဂီတွေ တရက်ပေါ်ရောက်နေသလား၊ ရက်ပေါင်းသုံးဆယ်ပေါ် ရောက်နေသလား (တရက်ပေါ်ရောက်နေပါတယ်ဘုရား)၊ တရက်ပေါ် ရောက်နေကြတယ်နော်၊ ဘယ်တရက်တုန်း-နယုန်လပြည့်ကျော် (၄) ရက်နေ့၊ ဒီ တရက်ပေါ် ရောက်နေတာ၊ ထိုရက်တွေ ရှိသေးလား၊ ၁၀-ရက်၊ ၁၁-ရက်ပေါ်ပလား(မပေါ်သေးပါ ဘုရား)၊ ၇-ရက်၊ ၈-ရက်ရှိသေးလား (မရှိတော့ပါ ဘုရား)။

ဒါဖြင့် ဘယ်အပေါ်ရောက်နေတုန်း (၉)ရက်ပေါ် ရောက်နေပါတယ်ဘုရား)၊ တရက်ဆိုတာ ၂၄-နာရီကို ခေါ်သလား၊ တနာရီကိုခေါ်သလား (၂၄- နာရီကို ခေါ်ပါတယ်ဘုရား)၊ ဒါဖြင့် အခု ယောဂီတွေ ၂၄-နာရီပေါ် ရောက်နေသလား၊ ၁-နာရီပေါ် ရောက်နေသလား (တနာရီပေါ် ရောက်နေပါတယ် ဘုရား)၊ ဟော.... တနာရီပေါ် ရောက်နေတယ်နော်၊ ဒါဖြင့် ဒီအချိန်ဆိုလို့ရှိယင် နှစ်နာရီခွဲနေပြီ၊ နှစ်နာရီခွဲနေတယ် ဆိုကတဲကိုက ခုနင်က တနာရီ၊ ၁၂-နာရီရှိသေးလား(မရှိတော့ပါဘုရား)၊ ၄-နာရီ၊ ၅-နာရီ၊ ပေါ်ပြီလား (မပေါ်သေးပါဘုရား)၊ ဩော်-တနာရီ အပေါ်မှာ ဒို့ရောက်နေရပြီ၊ ဒါဖြင့် တနာရီဆိုတာ မိနစ် (၆၀) ခေါ်သလား၊ တမိနစ်ခေါ်သလား (မိနစ် ၆၀-ခေါ်ပါတယ် ဘုရား)၊ ဒါဖြင့် ယောဂီတွေ ရောက်နေတာ မိနစ် ၆၀-ပေါ် ရောက်နေသလား၊ တမိနစ်ပေါ်မှာ နေသလား၊ ဘယ်အပေါ်မှာနေတုန်း(တမိနစ်ပေါ်မှာ နေပါတယ်ဘုရား)၊ တမိနစ်ဆိုတာ တစက္ကန့်ကို ခေါ်သလား၊ စက္ကန့် ၆၀-ခေါ်သလား(စက္ကန့် ၆၀-ခေါ်ပါတယ်ဘုရား)၊ ယောဂီတို့ စက္ကန့် ၆၀-ပေါ် ရောက်နေသလား (တစက္ကန့်ပေါ် ရောက်နေပါတယ် ဘုရား)၊ ဩော်....တစက္ကန့်ပေါ် ရောက်နေသလား (တစက္ကန့်ပေါ် ရောက်နေပါတယ် ဘုရား)၊ တစက္ကန့် ပေါ် ရောက်နေတာတဲ့။ ဒါဖြင့် အသက်ကလေး ဘယ်လောက် ရှည်တုန်း တစက္ကန့်ရှည်တယ်။ ဒါတောင်မှ နားလည်လွယ်အောင်လို့ ပြောရတာ၊ ဒါကြောင့် မြတ်စွာဘုရားက ဒီလို ဟောတာ။

အ နိဗ္ဗတ္တေန န ဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ၊
စိတ္တဘင်္ဂါ မတောသောကော၊ ပညတ္တိပရမတ္ထိယာ။

အ နိဗ္ဗတေန၊ မဖြစ်သေးသော စိတ်ဖြင့်။ န ဇာတော၊ အသက်ရှည်နှင့်သည် ဖြစ်နှင့်သည် မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲစိတ်ဖြင့်သာလျှင်။ ဇီဝတိ၊ အသက်ရှင်၏။ စိတ္တဘင်္ဂါ၊ စိတ်၏ချုပ်ပျက်ခြင်းကြောင့်။ လောကော၊ သတ္တဝါသည်။ မတော၊ သေလေ၏။ ဝေပိ၊ ဤသို့ စိတ်၏ ချုပ်ပျက်တိုင်း ချုပ်ပျက်တိုင်း သတ္တဝါသေကြသော်လည်း။ ပညတ္တိ၊ ငြိမ်အသက်ရှင်နေသည်ဟု ပြောဆိုအပ်သော သန္တာနပညတ်သည်။ ပရမတ္ထိယာ၊ ပြောဆိုခိုက်၌ အမှန်ရှိနေသည်ဖြစ်သောကြောင့် ပရမတ်ကဲ့သို့ဖြစ်ပေ၏။

## ဖြစ်ဆဲစိတ်နဲ့ အသက်ရှင်တာ

ဒီဟာလေးလဲ မြင်အောင်ကြည့်အုံး၊ ခုနင်ကဟာလေးနဲ့ ဟပ်သွားအောင်၊ ဒီလိုဟာလေးလဲ အခု သတ္တဝါတွေ အသက်ရှင်နေတယ်ဆိုတာ ဘယ်လူနဲ့ အသက်ရှင်တယ်လို့ သုံးနေတာတုန်း၊ ဘယ်သူ့ကိုအမှီပြု သုံးနေတာတုန်း ဆိုယင်တဲ့ မဖြစ်မဖြစ်သေးတဲ့စိတ်ကလေး ဖြစ်လာပလား၊ မဖြစ်သေးတဲ့ စိတ်ကလေးနဲ့ အသက်ရှင်နေတယ်လို့ ဆိုလို့ရရဲ့လား၊ မဖြစ်သေးတဲ့စိတ်ကလေးနဲ့ အသက်ရှင်လို့မရဘူးတဲ့၊ ဒါဖြင့် ဘယ်သူနဲ့အသက်ရှင်နေတုန်းလို့ ဒီလိုမေးယင် ဒီနေရာလေးမှာ သေသေချာချာကြည့်၊ ဘယ်သူနဲ့အသက်ရှင်နေတုန်း၊ အခုပေါ်နေတဲ့ ဖြစ်ဆဲစိတ်ကလေးနဲ့ အသက်ရှင်နေတာ။ ဖြစ်ဆဲစိတ်ကလေးသည် ဘယ်လောက် ရှိနေသလဲ၊ တစိတ်ထဲရှိတယ်။ ဘယ်လောက်

မြန်သလဲ၊ ဘယ်လောက်ကြာသလဲ၊ ဥပါဒ် ဌီဘင်ဆိုယင် ဒီစိတ်ကလေးတစိတ်သည် မျက်စိတမှိတ် လျှပ်တပျက်မှာ ဘယ်လောက်ဖြစ်သလဲ၊ ကုဋေတသိန်းမက ဖြစ်တယ်၊ ကုဋေတသိန်းမက ချုပ်တယ်၊ ဒီလို မသွားဘူးလား၊ ဒါဖြင့်ယင် မျက်စိတမှိတ် အတွင်းမှာ ဘယ်နှစ်ခါသေနိုင်တုန်း၊ ကုဋေတသိန်းမက မသေနိုင်ဘူးလား (သေနိုင်ပါတယ်ဘုရား)၊ ကုဋေတသိန်း မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲဒါကော မြင်ကြသလား၊ မမြင်နိုင်ဘူးနော်။ ဒါကြောင့်မို့ စိတ္တဘင်္ဂါ၊ စိတ်၏ ချုပ်ပျက်တိုင်း ချုပ်ပျက်တိုင်း၊ စိတ်ကလေးပေါ်လာပြီး ပျောက်သွားတိုင်း ပျောက်သွားတိုင်း၊ သတ္တဝါတယောက် သေတယ်လို့ဆိုတာ၊ လောကော၊ သတ္တဝါသည်။ မတော၊ သေလေ၏။

အဲဒီစိတ်ကလေး ချုပ်ပျက်တိုင်း ချုပ်ပျက်တိုင်း ဒီသတ္တဝါ သေတယ်လို့ ဒီလိုခေါ်ရပါတယ်တဲ့၊ အဲဒီလို ခဏခဏသေနေတဲ့ ခဏိကမရဏ ရုပ်တရား နာမ်တရား ဖြစ်ပျက်တရားတွေကို မမြင်ကြဘူး၊ သို့သော် ဒါဖြင့် မောင်ဖြူ အသက်ရှင်နေတာ အသက်ဘယ်လောက်ရှိပြီ ... စသည်ဖြင့် ပြောဆိုနေရခြင်းသည် ဘာကြောင့် ဒီသို ပြောနေရသလဲဆိုတော့ ပြောဆိုနေတဲ့ အခိုက်မှာ သူ့မှာစိတ်ကလေး မရှိဘူးလား၊ အဲဒီစိတ်ကလေး ရှိနေတော့ အဲဒီအခိုက်မှာ စိတ်ကလေး ရှိခြင်းကြောင့် ပြောတာပါ၊ စိတ်ကလေးများ တသီတတန်းကြီး တသွင်သွင် ဖြစ်နေတယ်၊ အနှစ် ၆၀-လုံး စိတ်ကလေး တခုထဲ ဟုတ်ရဲ့လား၊ ရုပ်တရားက တခုထဲ ဟုတ်ရဲ့လား၊ အဟောင်းပျက်ပြီး ဘာဖြစ်သလဲ၊ အသစ် ဆက်လာပါတယ်။ ဒါဖြင့် အဟောင်းဖြစ်ပြီးမှ အသစ်ဆက်လာတော့ အသစ်က ဘယ်ကလာသလဲ- သိလား

မသိကြဘူး။ အသစ်လာတာဘဲ၊ ဘယ်ကလာတယ်လို့ ပြော စရာ မရှိဘူး၊ ဒါဖြင့် ပျောက်သွားတော့ကော ဘယ်နေရာ ရောက်သွားတယ်လို့ လိုက်ရှာလို့ရရဲ့လား- မရပါဘူးတဲ့။

## ပေါ်ရာမသိ၊ ပျောက်ရာမတွေ့

အနိဓာနဂတာ ဘဂ်ါ၊ ပုဗ္ဗေဝနတ္ထိ အနာဂတေ၊
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ....တဲ့။

ဘဂ်ါ၊ ပျက်ပြီးသော ရုပ်နာမ်တို့သည်။ အနိဓာနဂတာ၊ ဘယ်နေရာမှာမှ စုဝေးတည်နေကြသည် မရှိကုန်။ ဒါလေးလဲ မြင်အောင်ကြည့်အုံး၊ ဥပမာတခု ဗိုက်မှာ စိုက်မှတ်ကြည့်လိုက်၊ ဖောင်းတယ်လို့ ဒီလိုမှတ်ပါတယ်၊ ဖောင်းတာလေးကို ဘာ တရားခေါ်ကြမလဲ ရုပ်တရား၊ မှတ်တာလေးက နာမ်တရား၊ သူက တာရှည်စွာ နေရှဲလား၊ ဖျပ်ဆို ပျောက်မသွားဘူးလား၊ ပျောက်သွားရော၊ အဲဒီလို ပျောက်သွားလို့ရှိယင် ပျောက် သွားတာကိုသိရမယ်တဲ့၊ ခုနင်တုန်းက ဖောင်းတဲ့ ရုပ်ကလေးနဲ့ မှတ်နေတဲ့ နာမ်တရားလေးတို့ဟာ ဘယ် ရောက် သွား သ လဲ၊ ဘယ်နားမှာ ရှိသလဲလို့ ရှာယင် ရပါ့မလား (မရပါဘုရား)၊ ပျောက်သွားတာတော့ ရှာလို့မရဘူး၊ ဘယ်ရောက်သွားမှန်း ကို မသိတော့ဘူး၊ ဒါဖြင့် လာတော့ ဘယ်ကလာတုန်း၊ ဒီ ဖောင်း စရာလေးတွေ သိ စရာလေးတွေ ဒါလေးတွေက ဘယ် နေရာမှာ စုဝေးနေတယ်၊ ဘယ်နေရာမှာ ရှိနေဘယ်လို့ ပြော စရာကော ရှိရဲ့လား (မရှိပါဘူးဘုရား)။ ဒါကြောင့်— အနာ- ဂတေ၊ မရောက်သေးသော အနာဂတ်ကာလ၌။ ဌိတာနံ၊ တည်ကုန်သောတရားတို့၏။ ပုဗ္ဗေ၊ အစုပုံသည်။ နတ္ထိ၊ မရှိတဲ့။

ပြီးတော့ ပေါ်ဘို့ရာ ဖြစ်ဖို့ရာ စောင့်ဆိုင်းနေတဲ့ ရုပ်တရား နာမ်တရားတွေများ ရှိသလားဆိုတော့ ဒီတရားတွေကလဲ မရှိပါဘူးတဲ့၊ ဘယ်ကလာမှန်းလဲ မသိဘူး၊ ဘယ်ပျောက်သွားမှန်းလဲ မသိပါဘူးတဲ့၊ အခုပေါ်ဆဲ ရုပ်နာမ်တရားတွေကလဲဆိုတော့....

## ပေါ်ပျောက်အစဉ်

အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ၊
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ....တဲ့။

အခုဖြစ်ဆဲ ပစ္စုပ္ပန်တဲ့တဲ့ ဖြစ်နေတဲ့ ရုပ်တရား နာမ်တရားတွေကလဲဘဲ အလွန်သေးတဲ့ အပ်ဖျားလေးပေါ် မုံညင်းစေ့ တင်လိုက်သလို တင်လိုက်ယင် တင်လိုက်ချင်း တင်လိုက်သည်နှင့် တပြိုင်နက် လိမ့်ကျတာဘဲတဲ့၊ ဒီရုပ်တရား နာမ်တရားတွေကလဲ ပေါ်လိုက်သည့်တပြိုင်နက် ပျောက်သွားတာဘဲတဲ့၊ ဒါကြောင့်မို့ သင်တို့ခန္ဓာကိုယ်ကို ယောဂီတို့ ခန္ဓာကိုယ်ကို သေသေချာချာ ကြည့်စမ်းပါတဲ့။

သတိပြု၍ ကြည့်ရှုပါလျှင်၊
ခိုင်မာတာလဲ ကိုယ်ထဲမမြင်၊
ရုပ်နေတာလဲ ကိုယ်ထဲမမြင်၊
ငြိမ်နေတာလဲ ကိုယ်ထဲမမြင်၊
ပေါ်ပျောက် ပေါ်ပျောက် ပေါ်ပျောက်အစဉ်။
အနိစ္စ ဒိဋ္ဌ တွေ့မည်ပင်။

မိမိတို့ခန္ဓာကိုယ်ကို သေသေချာချာ သတိပြုပြီး ကြည့်စမ်းပါတဲ့၊ သတိပြုကြည့်လိုက်ယင် ခိုင်မာနေတဲ့ ရုပ်တရား နာမ်

တရား၊ တည်မြဲနေတဲ့ ရုပ်တရား နာမ်တရားများ ရှိကြရဲ့လား၊ မတွေ့ကြရဲ့လားဆိုတော့ ခိုင်မာတာလဲ ကိုယ်ထဲမှာ တခုမှ မရှိပါဘူးတဲ့၊ ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ အဲဒီလို ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက် ပျောက်လိုက်ကို တွေ့နေပါတယ်တဲ့။

## ဘာတွေ တွေ့နေသလဲ

ဒါကြောင့်မို့ အရှင်ဆန္န ရှုမှတ်လိုက်တဲ့ အခါကျတော့ ဒီအတိုင်းတွေ့တယ်။ ဒီအတိုင်း တွေ့ပြီးတော့ မျက်စိက ပေါ်သာလိုက် ရှုမှတ်လိုက်၊ ရိပ်ကနဲ ပျောက်သွားလိုက်၊ နားက ပေါ်လာလိုက် ရှုမှတ်လိုက်၊ ရိပ်ကနဲပျောက်သွားလိုက်၊ ပေါ်ချင်ရာကပေါ်၊ ပူယင် ပူတယ်လို့ မှတ်လိုက် ပျောက်သွား၊ တချို့ကောင်းကောင်းတောင် မမှတ်လိုက်ရဘူး ပျောက်သွားကြတယ်။ အဲဒီလိုချည်း ပျောက်နေတော့ အရှင်ဆန္နဟာ ဘာတွေ တွေ့နေသလဲ ဆိုတော့ ဖြစ်ပျက်တွေ မြင်နေတယ်။ ဝိပဿနာဉာဏ်သန်သန်ကြီး ဖြစ်လာပြီဆိုတော့ လောဘ-ဒေါသတွေ ငြိမ်းနေတယ်၊ ငြိမ်းနေတော့ သူ ရဟန္တာဖြစ်ပြီလို့ ထင်တယ်၊ ရဟန္တာဖြစ်ပြီလို့ ထင်တော့ သူ့ကိုယ်သူ ရဟန္တာလို့ ဝန်ခံတယ်၊ ဝန်ခံတော့ အရှင်သာရိပုတ္တရာက သေသေချာချာ စစ်ဆေး မေးမြန်းကြည့်လိုက်တော့ အရှင်ဆန္န ရဟန္တာတော့ မဖြစ်သေးပါဘူးတဲ့၊ ဒါပေမယ့် ဝိပဿနာဉာဏ် သန်သန်ကြီးတော့ ဖြစ်နေပြီ၊ ဒီလိုသိတော်မူတယ်။ အရှင်သာရိပုတ္တရာက ဘာမှမပြောဘူး။

## လောကနှစ်ခုကြားထဲ သင်မရှိပြီ

မပြောတော့ အနားနားမှာ အရှင်သာရိပုတ္တရာရဲ့ ညီ အရှင်မဟာစုန္ဒကလဲ ရှိနေတယ်၊ အရှင်မဟာစုန္ဒကလဲ ရဟန္တာဘဲ၊ ရဟန္တာဆိုတော့ အရှင်သာရိပုတ္တရာ မေးတာရယ်၊ အရှင်ဆန္နဖြေတာရယ် သူကသိတယ်၊ သူကသိတော့ ဩော်-အရှင်ဆန္နဖြေနေတာ သူ့ဟာသူ အထင်ကြီးနေတာဘဲ၊ သူကတော့ သေသေချာချာ ရဟန္တာ မဟုတ်သေးဘူးလို့ သိတယ်၊ ရဟန္တာ မဟုတ်ဘဲနဲ့ ရဟန္တာ ထင်နေတာဘဲ၊ ငါဖြည့်စွက်ပြီး ပြောအုံးမယ်ဆိုပြီး အရှင်စုန္ဒက ဖြည့်စွက်ပြီးတော့ ပြောတယ်။

နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ၊ စလိတေ အသတိ ပဿဒ္ဓိ၊ ပဿဒ္ဓိယာ သတိ နတိ န ဟောတိ၊ နတိယာ အသတိ အာဂတိဂတိ န ဟောတိ၊ အာဂတိဂတိယာ အသတိ စုတူပပါတော န ဟောတိ၊ စုတူပပါတေ အသတိ နေဝိဓ နဟုရံ နဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿာတိ။

နိဿိတဿ၊ တဏှာဒိဋ္ဌိတို့ဖြင့်မှီသောသူအား။ စိတ္တံ၊ စိတ်သည်။ စလိတံ၊ တုန်လှုပ်၏။ အနိဿိတဿ၊ တဏှာဒိဋ္ဌိတို့ဖြင့် မမှီတွယ်သောသူအား။ စလိတံ၊ တုန်လှုပ်ခြင်းသည်။ နတ္ထိ၊ မရှိ။ စလိလေ၊ တုန်လှုပ်ခြင်းသည်။ အသတိ၊ မရှိသော်။ ပဿဒ္ဓိ၊ ငြိမ်းခြင်းသည်၊ ဟောတိ-ဖြစ်၏။ ပဿဒ္ဓိယာ၊ ငြိမ်းခြင်းသည်။ သတိ၊ ရှိသော်။ နတိ၊ တဏှာတည်းဟူသော ညွတ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ နတိယာ၊ တဏှာတည်းဟူသော ညွတ်ခြင်းသည်။ အသတိ၊ မရှိသော်။ အာဂတိဂတိ၊ ဤဘဝသို့ ပဋိ-

သန္ဓေအားဖြင့် လာခြင်း၊ ထိုဘဝသို့ စုတိအားဖြင့် သွားခြင်းသည်။ နဟောတိ၊ မဖြစ်။ အာဂတိ ဂတိယာ၊ ဤဘဝသို့လာခြင်း ထိုဘဝသို့သွားခြင်းသည်။ အသတိ၊ မရှိသော်။ စုတူပပါတော၊ သေခြင်း ဖြစ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ စုတူပပါတေ၊ သေခြင်း ဖြစ်ခြင်းသည်။ အသတိ၊ မရှိသော်။ နေဝိဓ၊ ဤလောကထဲ၌လည်း သင်မရှိပြီ။ နဟုရံ၊ တပါးသောလောက၌လည်း သင်မရှိပြီ။ ဥဘယမန္တရေန၊ နှစ်ပါးသောလောကအကြား၌။ နဟောတိ၊ သင်မရှိပြီ။ ဧသေဝ၊ ဤလောက နှစ်ပါးလုံး၌ ကိလေသာနှင့် စွဲလမ်းသော သင်မရှိခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံး အပိုင်းအခြား နိဗ္ဗာန်တရား ပါပေတည်း။

## မှီမှ လှုပ်တယ်

ဒါ–အရှင်မဟာစုန္ဒပြောတဲ့ စကားဘဲ၊ မှတ်စရာ တော်တော်ကောင်းပါတယ်။ ဒီနေရာမှာ သေသေချာချာ စူးစိုက်ပြီးတော့မှတ်ပေါ့။

ခန္ဓာငါးရပ်၊ သူငါမှတ်၊ မှီလတ် လွန်တွယ်တာ။
ငါသူတပါး၊ ခန္ဓာငါး၊ မှီထား တုန်လှုပ်ရှာ။
သစ်တုံးမှီတား၊ တုန်လှုပ်ငြား၊ လှုပ်သွားမှီသူပါ။
အမှီခထား၊ မလှုပ်ရှား၊ မှတ်သား ဥပမာ။

နိဿိတဿ၊ တဏှာဒိဋ္ဌိတို့ဖြင့် မှီတွယ်သောသူအား။ စိတ္တံ၊ စိတ်သည်။ စလိတံ၊ တုန်လှုပ်၏။

ဒီစကား အလွန်မှတ်စရာကောင်းတယ်၊ မှီထားယင် တုန်လှုပ်တယ်၊ မမှီယင် မလှုပ်ဘူး၊ ဒါလေးဘဲ၊ ယောဂီတို့မှတ်၊

ဘာလို့ တုန်းဆိုတော့ ဒီပလ္လင်ကို မှီထားတယ်ဆိုယင် ပလ္လင်သာ လုပ်လိုက်မယ်ဆိုယင် ပလ္လင်မှာ မှီထားတဲ့လူ သွက်သွက်ခါအောင် မလုပ်ပေဘူးလား (လုပ်ပါတယ်ဘုရား)၊ ဘာ့ကြောင့်လုပ် (မှီထားလို့ လုပ်ပါတယ်ဘုရား)၊ ဒီပလ္လင်ကို ဆွဲလုပ်ပေမယ့် အလွတ်နေတဲ့လူကို လုပ်ပါ့မလား(မလုပ်ပါဘုရား)၊ ဒါကြောင့် မို့ ဒီနေရာမှာ—

နိဿိတဿ၊ တဏှာဒိဋ္ဌိတို့ဖြင့် မှီတွယ်သောသူအား။
စိတ္တံ၊ စိတ်သည်။ စလိတံ၊ တုန်လှုပ်၏။

ဘာလို့ တု လှုပ်လဲဆိုတော့ မိမိခန္ဓာကို တဏှာနဲ့မှီထားမယ် ဒိဋ္ဌိနဲ့မှီထားမယ်ဆိုယင် ဒီခန္ဓာလှုပ်ယင် လှုပ်တော့တာဘဲ၊ မိမိ ခန္ဓာကြီးကို တဏှာနဲ့ မှီတယ်ဆိုတာ ဘယ်လိုမှီသတုန်းဆိုတော့ ဒီခန္ဓာကိုယ်ကြီးကို သာယာနှစ်သက်ပြီး နေတာကို တဏှာနဲ့ မှီတယ်လို့ ခေါ်တယ်၊ ဒါဖြင့် ဒိဋ္ဌိနဲ့မှီ ယ်ဆိုတာ ဘယ်လိုမှီ သလဲဆိုတော့ ငါကောင် အတ္တကောင် ဝိညာဉ်ကောင် မြဲတယ် ခိုင်ဘယ် ဒီလိုထင်နေဘာက ဘာတုန်း၊ (ဒိဋ္ဌိနဲ့မှီတာပါဘုရား)၊ ဒီနှစ်ခုကို မှတ်ထားပါ။

နိဿိတဿ၊ တဏှာဒိဋ္ဌိတို့ဖြင့် မှီတွယ်သောသူအား။
စိတ္တံ၊ စိတ်သည်။ စလိတံ၊ တုန်လှုပ်၏။

တဏှာနဲ့မှီယင် လှုပ်မယ်၊ ဒိဋ္ဌိနဲ့မှီယင် လှုပ်မယ်၊ ဒါဘယ်သူ့ ကို မှီတာတုန်း၊ မိမိခန္ဓာကိုယ်ကို မိမိမမှီဘူးလား၊ မှီထားတယ်။

ငါသူ တပါး၊ ခန္ဓာငါး၊ မှီထား တုန်လှုပ်ရှာ။
သစ်တုံးမှီထား၊ တုန်လှုပ်ငြား၊ လှုပ်သွား မှီသူပါ။

ဥပမာ အခု‌ မျက်စိလေးတခုကြည့်၊ ဩော်-ငါ့မျက်စိလေး ဟာ သိပ်ကြည်တာဘဲ၊ ငါ့မျက်စိလေးဟာ အချိုးသားနားလဲ ကျတယ်၊ အဝေးကြီးလဲမြင်တာဘဲ၊ ငါ့မျက်စိလေးက သေးသေး မွှားမွှားလေးလဲ မြင်တာဘဲ၊ ငါ့မျက်စိလေးက သူများထက်ကို တမျိုး သားနားကြပါဘယ်လို့ သာယာ နှစ်သက်နေတာ ဘာလဲ (တဏှာပါဘုရား)၊ အဲဒီအပေါ်မှာ တဏှာနဲ့ စွဲထား တယ်။ စွဲထားတော့ ငါ့မျက်စိလေးဟာ မြဲတာဘဲ ခိုင်တာဘဲ လို့ ဒီလိုယူထားယင် ဘာနဲ့စွဲတုန်း (ဒိဋ္ဌိနဲ့စွဲပါတယ်ဘုရား)၊ ဒီနှစ်မျိုးနဲ့ ဘယ်အပေါ်မှာ စွဲတာတုန်း (မျက်စိ ရုပ်အပေါ်မှာ စွဲတာပါဘုရား)၊ဟောဒီမျက်စိလေး ခိုက်မိသွားလို့ တိမ်သလာ ဖုံးသွားပြီး ဘာဖုံးသွားတုန်း (တိမ်ဖုံးသွားပါတယ်ဘုရား)။

## အမဲ့နဲ့ အပြုံး

အဲ့သလို မျက်စိလေး တိမ်သလာ ဖုံးသွားယင် ဒီပုဂ္ဂိုလ်ဘယ့် နှယ်နေမတုန်း၊ စိတ်ထဲမှာ ချမ်းသာမလား၊ မချမ်းသာဘဲနေ မလား၊ မဲ့မလား-ပြုံးမလား (မဲ့ပါတယ်ဘုရား)- မဲ့မယ်၊ ငိုမယ်၊ဘာ့ကြောင့် ငိုသလဲ။ မျက်စိပျက်တာနဲ့ ဘာဆိုင်သတုန်း ဆိုတော့ ဒီမျက်စိပေါ်မှာ ဩော်-မျက်စိလေးဟာ သိပ်ကြည် လင်တာဘဲလို့ တဏှာနဲ့ သာယာထားလို့ သိပ်မြဲတာ ခိုင်တာ ဘဲလို့ ဟောဒီလို ဒိဋ္ဌိနဲ့စွဲထားလို့၊ ဟောဒီမှာ မချိမဆန့်နဲ့ မစားနိုင် မသောက်နိုင်ဘဲ အမလေး ပျောက်မှာ မဟုတ်တော့ ပါဘူး၊ ငါတော့ ဆေးကုလို့လဲ ရမှာ မဟုတ်တော့ပါဘူးဆိုပြီး တော့ မတုန်လှုပ်ပေဘူးလား (တုန်လှုပ်ပါတယ်ဘုရား)။ မိမိ စိတ် မတုန်လှုပ်ဘူးလား၊ ဘာကြောင့် တုန်လှုပ်လဲ ဆိုတော့

ဘာကျာဒိဋ္ဌိနဲ့ မျက်စိရုပ်ကို မှီမထားဘူးလား (မှီထားပါတယ်ဘုရား)၊ မှီထားတော့ ဒါက အမဲ့နဲ့ လုပ်တာ။

## ငြိမ်နေတာကို မရှိဘူး

နောက် ဆေးကောင်း ဝါးကောင်းနဲ့ ကုလိုက်လို့ မျက်စိက ကြည်လာပြန်တယ်။ ဟိုတုန်းကလို ကြည့်ကောင်းတယ်ဆိုယင် ဒီပုဂ္ဂိုလ် မဲ့မလား-ပြုံးမလား (ပြုံးပါမယ်ဘုရား)၊ ဒါကော မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)၊ ဘာနဲ့လုပ်သလဲ-အပြုံးနဲ့ လုပ်တယ်။ ဒီနှစ်ခုဘဲ နေဘာ။ လောကကြီး သံသရာလည်နေတာ ဒါဘဲ၊ အပြုံးနဲ့လုပ်လိုက်၊ အမဲ့နဲ့လုပ်လိုက်၊ ငြိမ်နေတာကို မရှိဘူး။ ဒီတော့—

ရုပ်နေတာလဲ ကိုယ်ထဲမမြင်၊ ငြိမ်နေဘာလဲ ကိုယ်ထဲမမြင်။

ရုပ်နေတာ ငြိမ်နေတာ မရှိဘူး၊ ဥပမာ မိမိခန္ဓာကိုယ်က ဆံပင်လေးကို မှန်ထဲမှာကြည့်ပြီး ငါ့ဆံပင်လေးဟာ သိပ်ကောင်းတာ၊ သိပ်သန့်ဝါဘဲ၊ အဆင်းလေးကလဲ ပိတုန်းရောင်လေးလို မှောင်လို့၊ ငါ့ဆံပင်လေးက သူများထက်ကို ကောင်းတယ်လို့ အဲဒီလို သာယာပြီး စွဲလမ်းတယ်၊ ဘာနဲ့စွဲလမ်းတုန်း ဘာနဲ့မှီလိုက်သလဲ၊ တဏှာနဲ့၊ ဘယ်သူ့ကို မှီလိုက်သလဲ၊ ဆံပင်တည်းဟူသော ရုပ်ကို မှီမထားဘူးလား (မှီထားပါတယ်ဘုရား)၊ ဘာနဲ့ မှီထားသလဲ (တဏှာနဲ့ မှီထားပါတယ်ဘုရား)။

## ဝမ်းသာလွန်းလို့

နောက် နိုင်ငံခြားကနေပြီးတော့ မိဘထံ စာလေးရောက်လာ၊ အမယ်လေး ဒီစာလေးကဘယ်လိုစာပါလိမ့်၊ဗြုန်းကနဲ မဖေါက်

ဝံ့ဘူး၊ အပြုံးလား-အမဲ့လားတဲ့၊ တထိတ်ထိတ်နဲ့၊ နောက်-ဖောက်ကြည့်လိုက်တော့ ကျွန်တော်တော့ ကျွန်မတော့ ဂုဏ်ထူးနဲ့ စာမေးပွဲအောင်တယ်၊ လူရည်ချွန်ရတယ်။ ဖောက်ကြည့်ရတဲ့ မိဘ ဆွေမျိုးတွေက ပြုံးမလား-မဲ့မလား (ပြုံးပါမယ်ဘုရား)၊ သူ့ဟာသူ စာမေးပွဲအောင်တာ ဘာဖြစ်လို့ပြုံးနေရသလဲ၊ အဲ.... ဟိုကနေ မှီမထားဘူးလား(မှီထားပါတယ်ဘုရား)၊ မမှီတဲ့လူတွေ ပြုံးပါ့မလား၊ မပြုံးဘူး။ ဒါနဲ့ ဝမ်းသာနေတာ ထမင်းမှ စားနိုင် ရဲ့လား - မစားနိုင်ဘူး၊ ဝမ်းသာနေတာ ဆွေရော မျိုးရော ညီအကို မောင်နှမတစုလုံး ပျော်တပြုံးပြုံးနဲ့။ အဲ....ဒို့အမျိုးထဲ လူရည်ချွန်ရပြီ၊ အားကိုးလောက်ပြီပေါ့၊ လုပ်နေကြတယ်။

နောက် တော်တော်လေးကြာတော့ လာပြန်ပြီ စာတစောင်၊ ဘာတုန်းဟေ့ လူရည်ချွန်ဘဲလားလို့ ဖောက်ကြည့်တော့ ကားတိုက်လို့ ပေါင်ကျိုးတယ်ဆိုတော့ မိဖက ပြုံးသေးလား၊ဘယ့်နှယ်ဖြစ်မယ်(မဲ့ပါမယ်ဘုရား)၊ အမယ်လေး ဖြစ်မှဖြစ်ရလေခြင်းတဲ့၊ အဲဒီကျတော့ မလှုပ်ဘူးလား (လှုပ်ပါတယ်ဘုရား)။ အဲဒါကို အရှင်မဟာစည်က ပြောတာ။

> နိဿိတဿ စလိတံ။ နိဿိတဿ၊ တဏှာနဲ့မှီတွယ်နေသော
> သူအား၊ စလိတံ၊ တုန်လှုပ်၏။

မှီတဲ့လူမို့ လှုပ်တာ၊ မမှီတဲ့လူ လှုပ်သေးလား (မလှုပ်ပါဘုရား)၊ အောင်မယ် နိုင်ငံခြားမယ် စစ်ဖြစ်လိုက်တာတဲ့၊ ဘယ်က ဖြစ်လိုက်တာ ဗုံးနဲ့ချလိုက်တာ ဘယ်နှစ်ယောက် သေသတဲ့ ဆိုတော့ ပြုံးသေးသလား၊မဲ့ကောမဲ့သေးသလား(မမဲ့ပါဘုရား) ဘာ့ကြောင့်တုန်းဆိုတော့ ကြိုးလဲမဆက်ဘူး၊မှီကောမှီသေးလား

(မမှိပါဘုရား)။ အဲဒီတော့ ဘာပြောတုန်း…. အောင်မယ်. ‘သဗ္ဗေသတ္တာ ကမ္မသကာ’တဲ့။ ကိုယ့်ဟာကျတော့ ကမ္မသကာ သေးလား၊ ကိုယ့်ဟာကျတော့ ရင်ထု ငိုတန်ငိုတယ်၊ အဝတ်. ခါးစီး ငိုတန် ငိုတယ်။

## ဘုန်းကြီးလူထွက် သားသေတော့

ဟိုတုန်းက ဘုန်းကြီးလူထွက်လိုပေါ့။ ဘုန်းကြီးဘဝတုန်းက. သူများ သားသမီးများ သေလို့ရှိယင် သူက လိုက်လိုက် တရား ဟောတယ်၊ ဩြော်….သေခြင်းဆိုတဲ့ တရားဟာ မမြဲဘူး၊ သေ ခြင်း တရားဆိုတာ နေ့လား ညလား ပြောနိုင်တာ မဟုတ်ဘူး၊ အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ဘာညာနဲ့ ဟောတာပေါ့၊ အဇ္ဇေဝ သုဝေဝနဲ့ ဩြော် သူက တရားဟောကလဲ ကောင်း၊ တရား ကောင်းတော့လဲ မကြာဘူး လူထွက်တာပေါ့! တရားဟော ကောင်းယင် တယ်မကြာတတ်ဘူး။

ဒါနဲ့ လူထွက်တော့ သားလေးတယောက်ရတယ်၊ သူ့သား လေးက သေရော။ အဲဒီအခါကျတော့ သူက ထိုင်ပြီး ငိုတာကိုး၊ အဇ္ဇေဝ သုဝေဝ မလုပ်နိုင်ဘူး။ ‘ခင်ဗျား ဟိုတုန်းကတော့ သေ ခြင်းတရားများ ကျောနားဝဲတယ် ဘာတယ်နဲ့ နေ့လားညလား မပြောတတ်ဘူးနဲ့၊ သေခြင်းတရားဟာ အပုတ် အလတ် အမြတ် မရွေး သေတတ်တယ်လို့ ဟောနေတာ၊ အခုတော့ ဘာဖြစ်လို့ ငိုနေတုန်း’လို့ ဆိုတော့ ‘အဲဒီတုန်းကတော့ ငါ့သားမဟုတ်ဘူး ကွ’လို့ ပြန်ဖြေတယ်၊ ဟုတ်ကဲ့လား၊ သူ့သား ဟုတ်ကဲ့လား (မဟုတ်ပါဘုရား)၊ အဲဒီတော့ မဟောနိုင်ဘူးလား-သူများဟာ ကျတော့ ဟောနိုင်တယ်၊ ကိုယ့်ဟာကျတော့ အလုံးကဆို့ဆို့.

လာတယ်၊ ဘာဖြစ်လို့တုန်း၊ မှီထားလို့ပေါ့။ ဘယ်သူနဲ့ မှီထားတုန်း၊ ငါ့သားလို့ တကျော်ဒိဋ္ဌိနဲ့ မှီမထားဘူးလား (မှီထားပါတယ်ဘုရား)၊ အမယ်လေး ချစ်လိုက်တာ သား သားနဲ့ တသားထဲသားနေတယ်၊ ကိုယ့်သားသမီးကျတော့လေ အသားနက်လဲ ညိုချောလေးပေါ့။ သူများ သားသမီးတော့ အသားနက်ခေါက်မို့ ကုလားနဲ့ တူသတဲ့။ ကိုယ့်သားသမီးကျတော့ ဘယ့်နှယ် ဖြစ်လာတုန်း။

ကဗျာဆရာရေးသလို 'ဘုရားရှေ့ဖျက် ဖောက်ကြတော့…. အသားအရေက ဝက်ဖလောက်ကမ မလှတယ်လို့' ကုလားတွေလေ ကုလားတွေ ဘုရားဖောက်တုန်းက ပြောတဲ့စကားပေါ့။ အဲ….သူများကျတော့ ပြစ်စသက်ခတ်ပြောတယ်၊ ကိုယ့်သားသမီးကျတော့ အသားညိုတော့ ဘာတဲ့ ညိုချောတဲ့၊ ဪ- မိုက်တော့ မိုက်လှန်းလို့ အလိုလိုက်ရတာတဲ့၊ လိမ္မာတော့ကော လိမ္မာလို့ချစ်ရတာ၊ အပြစ်ကော မြင်သေးသလား (မမြင်ပါဘုရား)။

## အမှီကိုရပ် ကြိုးကိုဖြတ်

အပြစ်မမြင်၊ အနှစ်ဆင်၊ ချင်ခင်တာသဲ ဒီစိတ်ဘဲ။

ဒီစိတ်ကလေးက မှီထားတာကိုးနော်၊ အပြစ်မြင်သေးရဲ့လား၊ မမြင်ဘူး။ ကိုယ့်ဟာကျတော့ ဘယ်တော့မှ အပြစ်မမြင်ဘူး၊ ဒါကြောင့်မို့ အဲဒီလို မှီတွယ်ထားလို့ ကြိုးဆက် ထားမယ်ဆိုယင်တဲ့ အလုပ်ရပ်ပါ့မလား (မရပ်ပါဘုရား)။ အခုနေ့စဉ်နှင့်အမျှ လုပ်နေကြရတယ်။ အလုပ်ကြီးနဲ့ အလုပ်ကလေးဘဲ ကွာတယ်။ ဒီအလုပ်ဟာ ဘယ်တော့မှ ရပ်မှာတုန်း၊ ဘယ်လိုလုပ်မှငြိမ်းမှာတုန်းဆိုယင် အမှီလေးကို မရပ်ရပေဘူးလား (ရပ်ရပါ

တယ်ဘုရား) ကြိုးကော မဖြတ်ရပေဘူးလား (ဖြတ်ရပါတယ်ဘုရား)၊ ကြိုးမဖြတ်မချင်း ငြိမ်ပါ့မလား၊ ကြိုးဆွဲတိုင်း မပါဘူးလား။ ကိုင်း-ခုတင်တုန်းက ပုဏ္ဏားနဲ့ နွားနဲ့ ပြန်ကြည့်၊ ပြန်ကြည့်တော့ ကြိုးခလယ်ခေါင်က ဖြတ်လိုက်ယင် နွားပြေးတော့ ပုဏ္ဏား ပါသေးသလား (မပါပါဘုရား)။ ကဲ.... သူ့ဟာသူ ပြေးရုံဘဲ၊ မောယင်လဲ သူ့ဟာသူ မောရုံဘဲ၊ ကိုယ်နဲ့စပ်သေးသလား (မစပ်တော့ပါဘုရား)၊ ဒီတော့ နွားပါသေးလား- မပါတော့ပါဘူးတဲ့။ ဟောဒီမှာလဲဘဲ ဒီကြိုးသာဖြတ်၊ ဒီအမှိုလေးသာ ရပ်ပစ်လိုက်ပါ၊ ဒါကြောင့် ဒီအမှိုလေး ရှိနေသမျှ ဘယ်တော့ဖြစ်ဖြစ် တုန်လှုပ်မယ်။

## ရဟန္တာထင်နေတယ်

ဒီနေရာမှာ ဝတ္ထုကြောင်း ပြန်ကောက်လိုက်တော့ ရှင်ဆန္ဒ သူ့ကိုယ်သူ ဘာထင်နေတုန်း (ရဟန္တာထင်နေပါတယ်ဘုရား)၊ ရဟန္တာလို့တော့ထင်တယ်၊ ခေါင်းကလေးကိုက်တာနဲ့ ငါသတ်သေတော့မယ်ဆိုတော့ လှုပ်သလား မလှုပ်ဘူးလား(လှုပ်ပါတယ်ဘုရား)၊ ဒီတော့ ဟိုကရဟန္တာ ဟုတ်မဟုတ် ဒါနဲ့စစ်ဆေးတယ်၊ အခုခေတ်ရဟန္တာတွေပြည့်လို့၊ ပြုံးစရာလေးနဲ့တိုကြည့်၊ ပြုံးလာယင်တော့ မင်းလားကွ ရဟန္တာဆိုပြီး ဓါးနဲ့ပစ်ချလိုက် 'နိုသိဒီ-တဿ စလိတံ'တဲ့ ဟုတ်လား။ အမဲ့နဲ့ တိုကြည့်လိုက် မဲ့လာယင် ဘာတုန်း....'နိုဿိတဿ စလိတံ'တဲ့ ဟုတ်လား။ မဲ့ယင် ဟုတ်ပါ့မလား၊ သူ့စိတ်ထဲမှာ ထိခိုက်လောက်အောင် ပြောလို့ မျက်နှာပျက်သွားယင် ရဟန္တာဟုတ်ပါ့မလား (မဟုတ်ပါဘုရား)။

အခု ရှင်ဆန္ဒကြည့်၊ ခေါင်းလေး ကိုက်တာနဲ့ သူ့ကိုယ်သူ သတ်သေလိုက်တော့မယ်တဲ့၊ ဒီခန္ဓာကြီး ရှိနေလို့ ဒီဝေဒနာ ခံရတာ၊ အဲဒီတော့ တပည့်တော် ကိုယ့်ကိုယ်ကို သတ်သေလိုက်တော့မယ်တဲ့၊ လည်ပင်းလှီးပြီး သတ်ပစ်လိုက်တော့မယ်၊ တပည့်တော် လူ့ပြည် မနေချင်တော့ဘူးတဲ့။ ဒါ လုပ်တာလား- မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။

ငါသူတပါး၊ ခန္ဓာငါး၊ မှီထားတုန်လှုပ်ရှာ။
အမှီမထား၊ မလှုပ်ရှား၊ မှတ်သားဥပမာ။

ရဟန္တာသစ်တွေ

သူ့ခေါင်းကို ခိုင်တယ်မြဲတယ်၊ ငါဟာ အင်မတန် ကျန်းမာတယ်လို့ ထင်ရာကနေ ဖေါက်ပြန်လာတဲ့အခါ တုန်လှုပ်တယ်တဲ့၊ ဒါကြောင့်မို့ အခု အမယ်လေး ကိုယ်လေးပူတာနဲ့ သတ်သေပါတော့မယ်၊ အဲဒီလို လုပ်နေခြင်းကြောင့် သူ့ကို ရဟန္တာ ထင်သလား၊ ပုထုဇဉ်လို့ ထင်သလား၊ သယ်လိုသိရမတုန်း၊ (ပုထုဇဉ်လို့ သိရပါမယ်ဘုရား)၊ ပုထုဇဉ်လို့ မထင်ရှားဘူးလား။ အခုကာလကော ရဟန္တာ လက်သစ်တွေကို ကြည့်ပါလား၊ 'နိဿိတဿ စလိတံ အနိဿိတဿ စလိတံ နတ္ထိ' အဲဒီလို လုပ်ကြည့်လိုက်တဲ့အခါမှာ ထင်ရှားလာပါလိမ့်မယ်၊ ရှင်ဆန္ဒကို ပြောတာက ဒွဲဒိုးပြောတာ။

'ငါ့ရှင်....သင်ဟာ အထင်ကြီးမနေစမ်းပါနဲ့၊ သင့်ကိုယ်သင် အထင်ကြီးနေပြီး သင်ဟာ ရဟန္တာဖြစ်ယင် ခေါင်းကလေး ကိုက်တာ၊ ဗိုက်ကလေးနာတာ လေထိုးတာနဲ့ သတ်သေချင် သရေ့ ဘာလေးနဲ့ မပြောဘူးတဲ့၊ အခုတော့ဟာ သတ်သေ

ပါတော့မယ်၊ ဓါးနဲ့ လည်ပင်းကို လှီးလိုက်ပါတော့မယ်၊ ဒါက မြတ်သေးတယ်လို့ ပြောနေတယ်၊ ဒါ ရဟန္တာလား....တဲ့။ ဒါက ဟိုကို ဒဲ့ဒိုးပြောလိုက်တာ၊ အဲဒီတော့မှ 'အနိဿိတဿ စလိတံ နတ္ထိ' အနိဿိတဿ၊ တဏှာဒိဋ္ဌိတို့ဖြင့် မှီတွယ်မှုမရှိသော သူအား။ စလိတံ၊ တုန်လှုပ်ခြင်းသည်။ နတ္ထိ၊ မရှိ။

အဲဒီတော့ မိမိခန္ဓာကိုယ်ကို တဏှာဒိဋ္ဌိတို့ဖြင့် မမှီတော့ဘူး လို့ ဆိုယင်တဲ့ မျက်စိပျက်သွားယင်လဲ တုန် လှုပ် သေး လား- မတုန်လှုပ်တော့ဘူး၊ ခေါင်းကိုက်ယင်ကော မတုန်လှုပ်တော့ ဘူးတဲ့၊ ခါးနာယင်ကော- မတုန်လှုပ်တော့ပါဘူးတဲ့၊ ဒီတော့ ခုနက အနိဿိတဿ၊တဏှာဒိဋ္ဌိတို့ဖြင့် မမှီတွယ်တော့ဘူး ဆိုယင် ဖြင့် မတုန်လှုပ်တော့ဘူး၊ မိမိတို့က အင်္ဂလန် အမေရိကန်မှာလဲ မှီတွယ်ထားတာ မရှိဘူး၊ အရပ်ထဲမှာလဲ မရှိဘူး၊ အိမ်မှာလဲ မရှိဘူးဆိုယင် သူ့ဘာသာသူ ဖြစ်နေတဲ့ဟာ ကိုယ်က အမှီ အတွယ်မရှိတော့ ဩော်- သတ္တဝါတွေဟာ ကံအတိုင်းဘဲလို့ လှုပ်သေးလား (မလှုပ်ပါဘုရား)၊ ဘာ့ကြောင့် မလှုပ်တုန်း (မမှီလို့ပါ ဘုရား)၊ အမှီအတွယ် မရှိလို့ ကြိုးချည်မထား လို့ပေါ့။

## ကြိုးမချည်ဘဲ မနေနိုင်

ဒါဖြင့် ကြိုးမချည်ဘဲကော နေနိုင်ကြမလား (မနေနိုင်ပါ ဘုရား)၊ မနေနိုင်ဘူး၊ ဒါလဲ အရှယ်ရောက်ကထဲက ကြိုးချည်ဘို့ လိုက်ရှာနေတာ၊ ဟိုကလဲ ဒီကြိုးဘဲ လိုက်ရှာတယ်၊ နောက်တော့ တယောက်နဲ့ တယောက် သဘောတူပြီးချည်ကြတာပါဘဲ၊ဒါကို အိမ်ထောင်ဘက်လို့ ဒီလိုခေါ်နေတာကိုး၊ အဲဒီလိုသာ အကယ်၍

မမှိဘူး မချည်ဘူးလို့ဆိုယင် သူ့ဟာသူ ဖြစ်ချင်သလိုဖြစ် လုပ်သေးရဲ့လား(မလုပ်ပါဘူးရား)၊ ဘာ့ကြောင့် မလုပ်တုန်း-မမှိလို့နော်။ အနိဿိတဿ စလိတံ နတ္ထိ၊ မမှိတော့ မလုပ်ဘူး၊ မလုပ်တော့ မငြိမ်းဘူးလား (ငြိမ်းပါတယ်ဘုရား)။

အရှင် စုန္ဒက အဲဒါလေးကို ဆက်ပြောတယ်၊ 'အနိဿိတဿ၊ တဏှာဒိဋ္ဌိတို့ဖြင့် မမှီသောသူအား၊ စိတ္တံ၊ စိတ်သည်။ စလိတံ၊ တုန်လှုပ်ခြင်းသည်။ နတ္ထိ၊ မရှိ။ မမှီမတွယ်ယင် မလုပ်တော့ပါဘူးတဲ့။ စလိတံ၊ တုန်လှုပ်ခြင်းသည်၊ အသတိ၊ မရှိသော်။ ပဿဒ္ဓိ၊ ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အကယ်၍တဲ့ ဒိုယောဂီတွေ မလုပ်တော့ဘူး မမှိတော့ဘူးဆိုယင် ဘာဖြစ်သလဲဆိုတော့ ငြိမ်းတယ်တဲ့၊ ဒီတော့ ဘယ်လိုငြိမ်းသလဲ၊သူ့အပေါ်မှာ သာယာနှစ်သက်စရာတွေ တွေ့သော်လဲ သာယာနှစ်သက်တတ်တဲ့ လောဘ ဖြစ်အုံးမှာလား၊ မဖြစ်ဘူး၊ လောဘမငြိမ်းဘူးလား၊ စိတ်ဆိုး စိတ်ပျက်စရာ ဒေါသဖြစ်စရာတွေ တွေ့ယင်ကော ဒေါသဖြစ်အုံးမလား (မဖြစ်ပါဘုရား)၊ မဖြစ်လို့ရှိယင် မငြိမ်းဘူးလား (ငြိမ်းပါတယ်ဘုရား)၊ အဲဒါ ပဿဒ္ဓိယာ၊ ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏တဲ့။ ရုပ်နာမ်တရားတွေ ခန္ဓာငါးပါး သစ္စာလေးပါးကို မသိတဲ့ မောဟတရားကော တကယ်လို့ စိတ်ကလေး ငြိမ်းနေတယ်ဆိုယင် သူကော မငြိမ်းဘူးလား၊ ငြိမ်းနေပါတယ်တဲ့။

ဒါကြောင့်မို့ ပဿဒ္ဓိ၊ ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘာတွေငြိမ်းတုန်း လောဘ ဒေါသ မောဟ မငြိမ်းဘူးလား၊ အဲဒီ လောဘတဏှာ မရှိတော့ဘူးလို့ ဆိုယင် အဲ့ဒီဘဝသစ်

သူထောင်တာ ဘယ်သူက ထူထောင်တာတုန်းဆိုတော့ တဏှာက ထူထောင်တာ မဟုတ်လား၊ ခမ္မစကြာထဲ မပါဘူးလား၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ–နောင်။ အဲဒီ တဏှာက ထူထောင်နေ ၀တော့ အခုဘာတွေငြိမ်းနေလဲ၊ အခုတဏှာ ရှိသေးလား၊မရှိဘူး။ ဒေါသကော-မရှိဘူး။ တဏှာမရှိယင် ပဿဒ္ဓိ၊ ငြိမ်းခြင်းသည်။ သတိ၊ ရှိသော်။ နတိယာ၊ တဏှာဖြင့် ညွတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဒီတော့ ဒါလေးပြန်ကြည့်အုံး။

ဒီတဏှာမရှိယင် တဏှာက လူ့ဘုံကိုဖြစ်ချင်တဲ့ ဘဝနိကန္တိက ရှိသေးသလား-မရှိဘူး၊လူ ဖြစ်ချင်သေးလား–မဖြစ်ချင်တော့ဘူး၊ နတ်ပြည်ကော ညွတ်သေးသလား၊ အောင်မယ်-နတ်စည်းစိမ်နဲ့ နေရယင် ဘုံဗိမာန်နဲ့ဆိုတော့ ဟန်ကျမှာဘဲလို့ ဒီလိုကော ညွတ်သေးသလား၊ နတ်ပြည်တော့ မညွတ်ယင် ဗြဟ္မာ့ပြည်ကော နတိယာ၊ တဏှာတည်းဟူသော ညွတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘဝကို လိုချင်တပ်မက် နှစ်သက်တတ်တဲ့ဟာ ရှိသေးလား၊ မရှိဘူး၊ မရှိယင် ဖြစ်အုံးမှာလား (မဖြစ်တော့ပါဘုရား)။

## နိဗ္ဗာန်ဆိုတာ

ဒါကြောင့်မို့ ပဿဒ္ဓိ၊ ငြိမ်းခြင်းသည်။ သတိ၊ ရှိသော်။ နတိယာ၊ တဏှာတည်းဟူသော ညွတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ တဏှာက ညွတ်သေးသလား၊ ဘယ်မှာမညွတ်တာတုန်း၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ ညွတ်သေးသလား၊ မညွတ်တော့ဘူး၊ အဲဒီ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတွေ မညွတ်ခဲ့လို့ရှိယင် အာဂတိဂတိ၊ မညွတ်တော့ တဏှာမရှိဘူးဆိုယင် ဘဝပဋိသန္ဓေ လာအုံးမှာလား အခုမှ ပဋိသန္ဓေ မနေလို့ မဖြစ်ယင် ဟိုဘက် သေအုံးမှာလား

(မသေပါဘူးရား)၊ ပဋိသန္ဓေမှုမရှိဘဲ သေသေးသလား၊ မသေ တော့ဘူး။ ဒါကြောင့်မို့ အာဂတိဂတိ၊ ဤဘဝသို့ ပဋိသန္ဓေ အားဖြင့် သွားခြင်း ထိုဘဝသို့စုတိအားဖြင့် သွားခြင်းသည်၊ န ဟောတိ၊ မဖြစ်။ ဝါ၊ မရှိ။ ဟာ ဒီဘဝလဲ ပဋိသန္ဓေ မနေ တော့ဘူး၊ ဟိုဘဝလဲ ပဋိသန္ဓေမနေ မသေတော့ဘူး၊ အာဂတိ ဂတိယာ၊ ဤဘဝသို့ လာခြင်း၊ဟိုဘဝသို့ သွားခြင်းသည်၊ အသတိမရှိသော်၊ စုတူပပါတော၊ သေခြင်း ဖြစ်ခြင်းသည်၊ န ဟောတိ၊မဖြစ်။ ဝါ-မရှိ။

ဒါဖြင့် ပဋိသန္ဓေလဲ မနေတော့ဘူးဆိုယင် သေကော သေအုံး မှာလား(မသေတော့ပါဘူးရား)၊ ဖြစ်ကော ဖြစ်သေးသလား (မဖြစ်တော့ပါဘူးရား)၊ ဖြစ်လဲမဖြစ် သေလဲ မသေတော့ဘူး၊ စုတူပပါတော၊ သေခြင်း ဖြစ်ခြင်းသည်။ န ဟောတိ၊ မဖြစ်၊ ဝါ-မရှိ။ စုတူပပါတေ၊ သေခြင်း ဖြစ်ခြင်းသည်။ အသတိ၊ မရှိသော်၊ အကယ်၍ သင်ဟာ မွေးလဲ မမွေးတော့ဘူး၊ သေလဲ မသေတော့ဘူးဆိုယင်တဲ့၊ နေဝိဓ၊ ဒီလောကထဲ သင်ရှိသေး သလား(မရှိတော့ပါဘူးရား)၊ နဟုရံ ဟိုဘက်လောကထဲ ရှိသေး သလား (မရှိတော့ပါဘူးရား)၊ နေဝိဓ၊ ဒီလောကထဲ၌လဲ သင် မရှိပြီ။ နဟုရံ၊ဘပါးသော လောက၌လဲ သင်မရှိပြီ။ သင်ဟာတဲ့ ဒီဘက် လောကလဲ မရှိဘူး၊ ဟိုဘက်လောကလဲ မရှိဘူးတဲ့။ ဥဘယမန္တရေန၊ လောကနှစ်ပါးလုံး၏အကြားမှာလဲ သင်မရှိဘူး။ ဧသေဝ၊ ဤလောက နှစ်ပါးလုံး၌ သင်မရှိခြင်းသည်ပင်လျှင်၊ ဒုက္ခဿ၊ ကိလေသာ ငြိမ်းခြင်း၊ ဆင်းရဲငြိမ်းခြင်း၏။ အန္တော၊ အဆုံးအပိုင်းအခြား နိဗ္ဗာန်တရားပါပေတည်း။

ငါရှင်ဆန္ဒ—သင်ဟာ ခန္ဓာကိုယ်ကို မှီတွယ်ယင် လုပ်တယ်၊ မတွယ်ယင် မလုပ်ဘူး။ မလုပ်ယင်ငြိမ်းတယ်။ ဘာတွေငြိမ်းတုန်း လောဘ-ဒေါသ-မောဟတွေ မငြိမ်းဘူးလား (ငြိမ်းပါတယ်ဘုရား)။ လောဘ-ဒေါသ-မောဟတွေငြိမ်းယင် တဏှာတည်းဟူသော ညွတ်ခြင်း ရှိသေးသလား (မရှိပါဘုရား)မနှိုယင် မွေးခြင်း သေခြင်း ရှိသေးသလား (မရှိပါဘုရား)၊မွေးခြင်းသေခြင်း မရှိယင် ဒီဘက်လောက ရှိသေးသလား၊ ဟိုဘက်လောကကော (မရှိပါဘုရား)၊ ဟိုဘက်လောကလဲ မရှိတော့ဘူး၊ ဒီဘက်လောကလဲ မရှိတော့ဘူး၊ လောကနှစ်ပါးလုံးရဲ့ အကြားရော ရှိသေးသလား(မရှိပါဘုရား)။

## ဘဝင်မြင့်နေတာ

အဲဒါ ကိလေသာ ဝဋ်ဆင်းရဲ ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာ ဒါဘဲ ငါ့ရှင်တဲ့။ ဒီလိုပြောပြီးတော့ ဒဲ့ ဒိုး ပြောမယ်ဆိုယင် ငါ့ရှင်ဆန္ဒ သင်ရဟန္တာတော့ မဖြစ်သေးပါဘူး သင်ဟာဘဝင်မြင့်နေတာဘဲ သင်ဒီလို မထင်ပါနဲ့တဲ့၊ ရှေ့ဆက်ပြီး တရားအားထုတ်ပါလို့ ဒီလိုပြောတာ။ ဒီမှာလဲတခါတရံမှာ ယောဂီတွေ ဒီလိုဖြစ်တတ်တယ်၊ ထင်တတ်တယ်၊ တချို့- အင်း–သူ့ဟာသူ ငါကတော့ တော်တော်ဟုတ်နေပါပြီ၊ ဒီတပတ်တော့ ဉာဏ်စဉ် သေချာတယ်ပေါ့၊ ဒီက ကမ္မဋ္ဌာန်းဆရာက စစ်ကြည့်တော့ တခြားစီ ဖြစ်နေတယ်၊ မဖြစ်ပေမယ့် သူ့ဟာသူတော့ ထင်တုန်းဘဲ၊ ဒီက ရှင်ဆန္ဒလိုဘဲ အကယ်၍ ဉာဏ်စဉ် မပါယင် အံပြစ်မြင်တတ်တယ်။ စင်စစ်တော့ မဟုတ်ပါဘူး။ အရှင်သာရိပုတ္တာရော ကြည့်ပါ၊ အရှင်မဟာစုန္ဒကို ကြည့်ပါ။ အရှင်ဆန္ဒကို အလုပ်

ကလေးနဲ့ လက်တွေ စမ်းသပ်ကြည့်တယ်၊ ငါ့ရှင်.... သင်ဟာ မျက်စိကပေါ်တဲ့ ရုပ်တွေနာမ်တွေ၊ နားကပေါ်တဲ့ ရုပ်တရား နာမ်တရားတွေကို ငါပိုင် ငါ့ဥစ္စာလို့ သင်ရှုသလား၊ အဲဒီတော့ မရှုပါဘူးတဲ့၊ ဝိပဿနာဉာဏ်က သန်နေလို့ နောက်ဆုံးကျတော့ မိမိခန္ဓာကိုယ်ကို မှီတွယ်တာ ငြိမ်းပလား၊ တဏှာဒိဋ္ဌိတွေ စင်ပလား မေးကြည့်တော့ ရှင်ဆန္နမှာ စင်ရဲ့လား၊ ကုန်ရဲ့လား (မကုန်ပါဘုရား)၊ ဘာလို့မကုန်မှန်း သိရတုန်း၊ ခေါင်းလေး ကိုက်တာနဲ့ ဘာလုပ်ချင်တယ်- သူ့ကိုယ်သူ သတ်သေမယ်။ လေလေးထိုးတာနဲ့ သတ်သေတော့မယ်၊ ကိုယ်လေးပူတာနဲ့ သတ်သေတော့မယ်လို့ဆိုတာ လွှပ်တာလား- မလွှပ်တာလား (လွှပ်တာပါဘုရား)၊ ဘာလို့လွှပ်သလဲ (မှီလို့ပါဘုရား)။

## အဖန်ငါးရာဆိုတာ တကယ်လား

အရှင်ဆန္နကို ညီတော်အရှင်မဟာစုန္ဒက ဒီလိုပြောပြီးတော့ ညီတော် နောင်တော်နှစ်ပါး အရှင်ဆန္နကို သတိပေးပြီးတော့ ငါ့ရှင် ကြိုးကြိုးစားစား ရှုမှတ်နေဝ်လို့ ပြောပြီးတော့ ပြန်သွား ကြတယ်။ ပြန်လဲသွားရော တော်တော်လေး ရောက်တော့ အရှင်ဆန္နက တခါထဲ အနားနားရှိတဲ့ သင်ဓုန်းဓါးနဲ့ ဆွဲပြီး လည်ပင်း လှီးဖြတ်လိုက်ကရော၊ လှီးဖြတ်လိုက်တော့ ချက်ခြင်း မသေဘူး၊ ဘယ်လို သတ္တဝါဖြစ်ဖြစ် ချက်ခြင်း သေသွားတာ မဟုတ်ဘူး။ အဲဒီလို လှီးဖြတ်လိုက်တော့မှ သွေးရဲရဲ သံရဲရဲနဲ့ တခါထဲ ဘာဖြစ်လာတုန်းဆိုတော့- နိမိတ်တွေ ထင်လာတယ်၊ သေခါနီးမှာ နိမိတ်ထင်ရတယ်၊ ရှင်ဆန္နသာမဟုတ်ဘူး ဘုရား၊ ရဟန္တာကလွဲယင် ပုထုဇဉ်မှန်သမျှ နိမိတ်ထင်ရတယ်၊ အဲဒီနိမိတ်

တွေထင်လာတော့မှ အရှင်ဆန္ဒက 'ဟာ....ငါတော့ မှားပြီ၊ ငါ့ဘာဝင်မြင့်ပြီး ပြောနေတာ၊ ငါရဟန္တာ မဟုတ်သေးဘူး'တဲ့၊ နိမိတ်တွေ ထင်လာတော့မှ ရဟန္တာတော့ မဟုတ်ဘူး တဲ့၊ ငါတော့ မှားပြီဆိုပြီးတော့ အဲဒီတော့မှ သူက ခုတင်က ခါးဒဏ်ရာဝေဒနာကို ရှုတယ်၊ သူက ဘယ်ကိုလှိုးထားတာတုန်း (လည်ပင်းလှိုးထားပါတယ် ဘုရား)။ ခါးဒဏ်ရာကို နာတယ်.... နာတယ် ရှုတယ်၊ ရှုရာက တော်တော်လေး ကောင်းလာတော့ မြင်ရာပေါ်ရာတွေကို မြင်တိုင်းပေါ်တိုင်း လိုက်ရှုတယ်၊ ပေါ်ရာ ပေါ်ရာတွေ လိုက်ပြီး မပြတ်မလပ်ဘဲ ဒီလို ရှုရင်း ရှုရင်းနဲ့ တခါထဲ ရဟန္တာဖြစ်သွားရော သူလဲပြန်တော်မူရော။ သမသီသီ ရဟန္တာလို့ ခေါ်တယ်၊ ပရိနိဗ္ဗာန်စံတာနဲ့ တပြိုင်နက်ထဲလို ဖြစ်တယ်။ ဒီတော့ အရှင်ဆန္ဒမှာ ခုနင်က ဂတိငါးပါးထင်ပုံလေး ဆက်ပြောရမယ်။

## နိမိတ်သုံးမျိုး

အဲဒီလို ဂတိငါးပါး ထင်လာတယ်ဆိုတာ ဘုရားရဟန္တာမှ တပါး သတ္တဝါတိုင်း သဟ္တဝါတိုင်း သေခါနီးကျယင် ထင်ရ တာဘဲ၊ ဒါကတော့ မထင်ဘဲမနေဘူး၊ အကယ်၍ ခြင်ကောင် လေးတကောင်၊ ယင်ကောင်လေးတကောင်ကို အင်မတန်ကြီးတဲ့ ပေပေါ်မှာတင်ပြီး တူကြီးကြီးနဲ့ ထုလိုက်ယင် စိစိညက်ညက် ကြေသွားမယ်၊ ဒါလဲ သူ့မှာ နိမိတ်တွေ ထင်ရသေးတယ်၊ ဇောတွေ စောရသေးတယ်၊ အဲ့ဒါကြောင့်မို့ အရှင်ဆန္ဒလဲ လည်ပင်းလှိုးဖြတ်ထားပေမယ့် နိမိတ်တွေထင်လာတယ်။ ဘယ်လို နိမိတ်တွေ ထင်သလဲဆိုတော့ အရှင်ဆန္ဒကတော့ ဝိပဿနာ

လက်ကိုင် ရှိသူမို့ ကောင်းတဲ့ နိမိတ်တွေ ထင်မှာပါဘဲ။ အားလုံးထင်တတ်တဲ့ နိမိတ်တွေကို ပြောရမယ်ဆိုယင်-သတ္တဝါတွေပြုလုပ်ခဲ့တဲ့ အလုပ်သုံးမျိုး ရှိတယ်။ ကံ-ပြီးတော့ ဘာတုန်း ကမ္မနိမိတ်၊ ပြီးတော့ ဘာတုန်း- ဂတိနိမိတ်လို့ သုံးမျိုးရှိတယ်။ သုံးမျိုးခွဲလိုက်တော့ ကံနဲ့ကမ္မနိမိတ်က ဒီဘက်ဘဝလား-ဟိုဘက်ဘဝလား-ဒီဘက်ဘဝမှာ ထင်တယ်။ ဂတိနိမိတ်က ဟိုဘက်ဘဝမှာ ထင်တယ်။ သုံးမျိုးနှစ်ဘဝပေါ့နော်။ ကံပြီးတော့ ဘာတုန်း ကမ္မနိမိတ်။ ပြီးတော့ ဘာတုန်း-ဂတိနိမိတ်။ ကံဆိုတာဘာပါလိမ့်-ကံဆိုတာ မိမိတို့ ပြုလုပ်စဉ်အခါတုန်းက ဖြစ်ပေါ်လာတဲ့ စေတနာလေးပါဘဲ။ အဲဒါ ဘာခေါ်တုန်း.... ကံခေါ်တယ်။ ဘာကို ကံခေါ်တယ်- စေတနာကိုခေါ်တယ်။ ရုပ်လား နာမ်လား-နာမ်ပေါ့။ အဲဒါမှတ်ထား။ ကမ္မနိမိတ်ဆိုတာ အဲဒီပြုစဉ်အခါတုန်းက ပါဝင်ခဲ့တဲ့ ဝတ္ထုပစ္စည်းတွေပါဘဲ၊ ဘာတွေတုန်း (ဝတ္ထု ပစ္စည်းတွေပါဘုရား)။

## လှူဘွယ်ဝတ္ထုတွေက ဘာနိမိတ်လဲ

ဥပမာတခု အလှူတခုပေးတယ်လို့ ဆိုကြစို့။ အလှူတခုပေးယင် ဘာတွေ ပါဝင်လာမတုန်း၊ မလျှော်ပ် ပါဝင်လာမယ်၊ ကော်ဇောတွေ လှူဒါန်းရန်တွေမပါဘူးလား၊ အဲဒီ လှူဒါန်းရန် ဖြစ်တဲ့ ထီး၊ ဘိနပ်၊ သင်္ကန်းတွေ ပါမယ်၊ အဲဒီ ထီး၊ ဘိနပ်၊ သင်္ကန်းတွေ မလျှော်ပ်တွေ တရားဟောပလ္လင်နဲ့ တရားဟောနေတဲ့ ဆရာတော်တွေ၊ ဆွမ်းဘုဉ်းပေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ လှူဒါန်းနေတဲ့ ပုဂ္ဂိုလ်တွေ ပါမယ်။ ဒါကံလား- ကမ္မနိမိတ်လား (ကမ္မနိမိတ်ပါဘုရား)။ ကံက ဘယ်မှာတုန်း... အဲဒီ လှူနေရတဲ့

အထဲမှာ ဖြစ်ပေါ်နေတဲ့ စေတနာလေးကို ဘာခေါ်တုန်း (ကံခေါ်ပါတယ်ဘုရား)၊ခုနင်ကလှုပ်ဖွယ်ဝတ္ထုတွေက ဘာတုန်း (ကမ္မနိမိတ်ပါ ဘုရား)။ ဒါဖြင့် စေတနာလေးက ဘာတုန်း (ကံပါဘုရား)၊ လှူဘွယ်ဝတ္ထုတွေက (ကမ္မနိမိတ်ပါ ဘုရား)။

ဒါဖြင့် လှူဘွယ်ဝတ္ထု ကမ္မနိမိတ်တွေက ကောင်းသလား-မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။ ခုနင်တုန်းက လှူဘွယ်ဝတ္ထုတို့ ထီး၊ ဘိနပ်၊ သင်္ကန်း၊ မဏ္ဍပ်၊ ကော်ဇောနဲ့ ကျေးမွေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ အလှူခံနေတဲ့ ဆရာတော်၊ သံဃာတော်တွေ တရားဟောနေတာတွေဟာ ကောင်းသလား-မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ ကုသိုလ်လား-အကုသိုလ်လား (ကုသိုလ်ပါဘုရား)။ ကမ္မနိမိတ်လား- ကံလား (ကမ္မနိမိတ်ပါဘုရား)။ အဲဒီအထဲမှာ မိမိတို့လှူဒါန်းနေတဲ့ အလှူဒကာ အလှူအမတွေရဲ့ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စေတနာလေးက ဘာတုန်း(ကံပါဘုရား)။ အဲဒီစေတနာလေးက ကံဘဲ၊ လှူဘွယ်ဝတ္ထုတွေက ကမ္မနိမိတ်၊ ဟုတ်ကဲ့လား။ အဲဒီကံခေါ်တဲ့ စေတနာလေးက ပေါ်လာပြီး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ် ဘုရား)။ ဒါဖြင့် လှူဘွယ်ဝတ္ထုတွေက ကော ပေါ်လာပြီး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)။

## ကုသိုလ်ရ ပြတတ်အောင်

အဲလိုလှူဘူးတာတွေ မှတ်ထား။ မင်းတို့ ဗမာတွေကွာ ငွေကုန်ကြေးကျခံပြီး လှူနေလိုက်ကြတာ၊ ကျောင်းတွေဆောက် ဘုရားတွေတည်၊ အဲသလိုလုပ်နေတာဟာ ကုသိုလ်ရတယ် ဆိုလို့၊

လုပ်နေတာ၊ ကုသိုလ်ရပြစမ်းပါလို့ဆိုယင် ကုသိုလ် ရပြတတ်အောင် ကုသိုလ်တွေ ဒီလိုရတယ်၊ ဒီလိုသိမ်းထားတာ၊ ဒီလိုထုတ်ကြည့်တာ ဒီလိုထုတ်သုံးတာလို့၊ ဒါလေး ပြောတတ်အောင် သေသေချာချာမှတ်ရမယ်။

ကဲ–ခုနင်တုန်းက ကုသိုလ်ရပြရမယ်။ အလှူပေးတယ် ဆိုပါတော၊ မနှစ်က ပေးလှူလိုက်တယ်၊ လှူပြီးတော့ ဘုန်းကြီး လှူလိုက်တဲ့ ထီး ဘိနပ် သင်္ကန်းတွေ ဘယ်သူက ယူသွားတုန်း။ ဘုန်းကြီးတွေက ယူမသွားဘူးလား (ယူသွားပါတယ်ဘုရား)၊ ယူသွားရော။ စားသောက်ပြီးတော့ ဒကာ ဒကာမမိတ်ဆွေတွေကကော ပြန်မသွားကြဘူးလား (ပြန်သွားပါတယ်ဘုရား)၊ ပြန်သွားရော။ မဏ္ဍပ်ကြီးကကော ဖျက်မပစ်လိုက်ဘူးလား(ဖျက်လိုက်ပါတယ်ဘုရား)။ ကော်ဇောတွေကကော ရှိသေးသလား(မရှိတော့ပါဘုရား)၊ မရှိဘူး။ ဒါဖြင့် ခုနင်က လှူဘွယ် တန်းရံနှင့် မဏ္ဍပ်ကြီးတို့သည် ကုသိုလ်လား- အကုသိုလ်လား၊ ကောင်းသလား- မကောင်းဘူးလားဆိုတော့ ကောင်းတယ်။ အဲဒီကုသိုလ်တွေ ဘယ်မှာရထားလဲ၊ ဘယ်မှာနေရစ်သလဲ၊ ဘယ်မှာသိမ်းထားသလဲလို့ ဒီလိုမေးယင် အဲဒီမဏ္ဍပ်တွေ ဆရာတော်သံဃာတော်တွေ ပြန်ကြွသွားသော်လဲ နောက်ရက် နောက်ရက်တွေမှာလဲ မိမိက မျက်စိမှိတ်စဉ်းစားကြည့်လိုက်ယင် ဒါတွေပြန်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။ ဘယ်အထဲမှာ ပေါ်တာပါလိမ့် (အာရုံထဲမှာပါဘုရား)။ အဟုတ်မဏ္ဍပ်တွေ ရှိသေးသလား-မရှိဘူး။ အဟုတ်သင်္ကန်းတွေ ရှိသေးလား-မရှိဘူး။ ပျောက်ကော ပျောက်သွားရဲ့လား(မသွားပါ ဘုရား)။ ဘယ်အထဲမှာ ပေါ်လာသလဲ (စိတ်ထဲမှာပါ

ဘုရား)၊ ဘယ်နှစ်နှစ်နေနေ ပျောက်ရဲ့လား (မပျောက်ပါဘုရား)၊ နိုင်ငံခြားကနေ စဉ်းစားကြည့်၊ ဟာ....ငါ ဘယ်နေ့ဘယ်ရက်က လှူခဲ့တာ ဘာတွေဘာတွေဘဲလို့ စဉ်းစားယင် မပေါ်ဘူးလား၊ ဘယ်အထဲမှာ ပေါ်သလဲ (စိတ်ထဲမှာပါဘုရား)၊ စိတ်ထဲမှာ ပေါ်တယ်။ ဒါဖြင့် ကုသိုလ်လား အကုသိုလ်လား (ကုသိုလ်ပါဘုရား)။ အဲဒီကုသိုလ်ဟာ မိမိနောက်အစဉ်တစိုက် လိုက်တယ်လို့ ဆိုတာ ဒါဘဲ။ ဘယ်တော့မှ ပျောက်မသွားဘူး၊ အဲဒါ မိမိတို့ပြုလုပ်လို့ ရတာလား-မပြုလုပ်ဘဲနဲ့ရတာလား (ပြုလုပ်လို့ ရတာပါဘုရား)။ အဲဒီ ပြုလုပ်လို့ လှူလို့ တန်းလို့ ရတာတွေ၊ ကုသိုလ်ရတယ်ဆိုတာ ဒါဘဲ။ ဗမာက လက်ထောက်ပြုရမယ်။

ကိုင်း.... ကျောင်းဆောက်ထားမယ်၊ မိမိ ဆောက်ထားတဲ့ကျောင်းကြီးက ဘာတုန်း-ကမ္မနိမိတ်။ စေတနာလေးက–ကံ။ မိမိဆောက်ထားတဲ့ ကျောင်းကြီး မြင်နေတယ်လို့ အာရုံပြုလိုက်တဲ့အခါ ပေါ်လာတယ်။ အဲ့ဒီ ကျောင်းကြီးသည် ကမ္မနိမိတ်။ ကုသိုလ်ခေါ်မလား-အကုသိုလ် ခေါ်မလား (ကုသိုလ်ပါ ဘုရား)။ ဘာခေါ်နေသလဲ- ကမ္မနိမိတ်။ ကုသိုလ်တွေမပေါ်ဘူးလား၊ ဒီကုသိုလ်တွေ ရမထားဘူးလား (ရထားပါတယ် ဘုရား)။ ဒါဖြင့် အဲဒီတုန်းက လှူနေတဲ့စေတနာလေး၊ အမယ်လေး ဟိုတုန်းက လှူလိုက်တာ ဝမ်းမြောက်ဝမ်းသာနဲ့ ပျော်လိုက်တာလို့ ဒီလိုကော မပေါ်ဘူးလား၊ပေါ်တတ်တယ်။ သူတို့တော့ ရှိသေးရဲ့လား (မရှိတော့ပါဘုရား)။ မရှိပေမယ့် သူ့ရဲ့အစွမ်းသတ္တိက ပျောက်သွားသလား(မပျောက်ပါဘုရား)။

ဒီနေရာမှာ လိုက်လာတယ်။ ဟိုဘက်ပြောင်းလိုက်တယ်ဆိုတာကို လူတိုင်း လက်မခံဘူး။ သို့သော် စဉ်းစားကြည့်။

## ငယ်ငယ်တုန်းက အကြောင်းတွေ

မိမိတို့ ကလေးဘဝတုန်းက စာမသင်ခဲ့ဘူးလား (သင်ခဲ့ပါတယ် ဘုရား)၊ ဘယ်က စသင်တုန်း၊ (ကကြီး) (ခခွေး) ဟုတ်လား၊ အဲဒီကနေ နောက်ကျတော့ အတန်းတွေ တက်လာတယ်။ ဟို-ရဟန်းတော်များ ဆိုယင်ဖြင့် တခဖြေးဖြေးနဲ့ အငယ် အလတ် အကြီး ဓမ္မာစရိယ ပိဋကတ်သုံးပုံ အဲဒီလို သင်လာတော့ ပဌမသင်လာတဲ့စာတွေ မေ့သေးလား (မမေ့ပါဘုရား)၊ မမေ့ဘူး၊ ဘယ်နား ထားကြတုန်း၊ ဦးနှောက်ထဲ ထားသလား-နှလုံးထဲ ထားသလား-ဗိုက်ထဲ ထားသလား-လက်မောင်းထဲ ထားသလား ဘယ်ထားတုန်း.... သူ့ရဲ့ဓါတ်သဘောအစဉ်အမ်းနဲ့ လိုက်လာတာ မှတ်မိနေတာဘဲ။ တခါတလေမှာ အားလုံးသော ဒို့ ဒကာ ဒကာမတွေရော ငယ်ငယ်တုန်းက ပျော်စရာလေးတွေ ကလေးဘဝက ကစားခဲ့တာတွေ ဘယ်သူမှမရှိတုန်း တယောက်ထဲပြန်ပေါ်မနေဘူးလား၊ ရှိကော မရှိမိဘူးလား (ရှိမိပါတယ်ဘုရား)။ အဲဒါ ပြန်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ အခု ဖြစ်ပေါ်လာတာ သူက ဘယ်နေရာက ပေါ်လာတုန်း၊ ဘယ်နားမှာ ကပ်နေတာတုန်းလို့ ပြောလို့ကော ရရဲ့လား (မရပါဘုရား)၊ ရုပ်သဘော နာမ်သဘောတွေ ဓါတ်သဘောတရားတွေ ပြောလို့ မဖြစ်ဘူးတဲ့။

အဲဒီတော့ လိုက်လာတာကော ဟုတ်ရဲ့လား-ဟုတ်နေဘာဘဲ၊ မလိုက်ဘူးလား (လိုက်လာပါတယ်ဘုရား)။ လိုက်နေလို့ပေါ့။

တခါတလေ စိတ်ဆိုးစရာတွေ ပေါ်လာယင် တယောက်ထဲ စိတ်ဆိုးမနေဘူးလား (ဆိုးနေပါတယ်ဘုရား)၊ စိတ်ဆိုးနေတယ် တဲ့။ အဲဒါလေးတွေ ဘယ်နေရာမှာသိမ်းပိုက်ထားသလဲလို့ ဒီလို မေးယင်ကော ပြနိုင်ရဲလား (မပြနိုင်ပါဘုရား)၊ လိုက်ကော မလိုက်ဘူးလား (လိုက်ပါတယ်ဘုရား)။

ဒဲဒါကိုဘဲ မြတ်စွာဘုရားက 'သုဂတံ ဒုဂ္ဂတံ ကမ္မံ ဆာယာဝ အနုယာယိနီ' လို့ ဟောထားပါတယ်၊ ဒီလိုဟောတာ နှစ်ပေါင်း ၂၅၀၀-ကျော်က ဟောခဲ့တာ၊ ဘုရား သဗ္ဗညုတဉာဏ်တော်နဲ့ မြင်တော်မူတာ၊ ဒါ ဘာမှ ငြင်းလို့ မရဘူး၊ ရပါ့မလား (မရပါဘုရား)၊ ဘယ်တော့မှ ငြင်းလို့ မရဘူး၊ ကိုယ်လုပ်ထားတဲ့ ခုနင်က ကုသိုလ်ဘက်က ပြောတာ၊ ကုသိုလ်ကံ-ကမ္မနိမိတ်-ဂတိလား၊ ကောင်းတာလေးတွေ ပေါ်နေယင် ကုသိုလ် ကမ္မနိမိတ်တွေဘဲ။ တခါတခါ မိမိတို့ လှူထားတယ်၊ အဲဒါ အမြဲတစေ မိမိတို့ သန္တာန်မှာလိုက်နေတာရှိတယ်၊ ဒါပေမယ်လို့ သေတ္တာထဲထည့်ထားတဲ့ဝတ္ထုပစ္စည်းကို သေတ္တာထဲ ငါ ဘယ်ပစ္စည်း ဘယ်ပစ္စည်း သိမ်းထားမယ်လို့ ဒီလိုသိမ်းထားကြတယ်။ ဒါပေမယ်လို့ သိမ်းထားယင် ရှိတော့မနေဘူးလား (ရှိနေပါတယ်ဘုရား)၊ တခါတလေမှ ထုတ်ကြည့်တယ်၊ နေ့တိုင်း ကြည့်ရဲလား (မကြည့်ပါဘုရား)။ ဒီလိုဘဲ တခါတလေ ပေါ်လာတဲ့အခါ သူထုတ်ကြည့်လိုက်တာဘဲ။

## လှယ်အိတ်အသွင် ပုထုဇဉ်

ဒီတော့ ကောင်းတာလေး လုပ်ထားယင် ကောင်းတာတွေ့မယ်၊ မကောင်းတာလေးလုပ်ထားယင် မကောင်းတာ တွေ့မယ်၊

ပုထုဇဥ်တွေဆိုတာ အရှုးလွယ်အိပ်နဲ့ တူတယ်တဲ့၊ အရှုးလွယ် အိပ်ထဲမှာ ဘာတွေထဲ့ထားတုန်း-မကောင်းတာတွေကော ထဲ့ မှာဘဲ ကောင်းတာတွေကော ထဲ့မှာလဲ။ ပုထုဇဥ်တွေမှာ မကောင်းတာတွေကော မရှိဘူးလား (ရှိပါတယ်ဘုရား)။ ကောင်းတာတွေကော မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အရှုး လွယ်အိတ်လိုဘဲ ဒီသဲမှာပေါင်းထဲ့ထားတာဘဲ။ အဲဒီထဲ့ထားတဲ့ ကောင်းမကောင်းဆိုတဲ့ ကုသိုလ်-အကုသိုလ်သည် ဘယ်လိုလုပ် လိုက်သလဲဆိုယင် အကုသိုလ်နန်နဲ့ပြောကြအုံးစို့။

ကြက်ကလေးတကောင်ကို သတ်လိုက်တယ်ဆိုပါစို့၊ ကြက် ကလေးတကောင်ကို သတ်လို့ရှိယင် ရိုက်လိုက်တယ်။ ကြက်က လေးက ခုန်ဆွ ခုန်ဆွနဲ့ ခုန်မနေဘူးလား (ခုန်နေပါတယ် ဘုရား)။ ခုန်နေတယ်၊ သတ်ချင်တဲ့ စေတနာလေးကဘာတုန်း (ကံပါဘုရား)၊ ကြက်ကလေးခုန်ခနေတာကဘာတုန်း (ကမ္မနိမိတ် ပါဘုရား)၊ အဲ့ ကံ-ကမ္မနိမိတ်တဲ့။ ဒါဖြင့်ကြက်ကလဲချက်စား ပြီးပြီမရှိတော့ဘူး၊ သူများပေးလိုက်လို့ဖြစ်ဖြစ် ရောင်းလို့ဖြစ်ဖြစ်၊ တခုခုကြောင့် မရှိတော့ဘူး၊ စေတနာလေးကလဲ ချုပ်သွားပြီ၊ ဒါပေမယ့် နောက်ရက်နောက်ရက်ကို ပြန်စဉ်းစားယင် ကိုယ် လုပ်ဘားတဲ့အလုပ်ကလေး ပြန်ပေါ်မလာဘူးလား (ပြန်ပေါ် လာပါတယ်ဘုရား)။ အမယ်လေး .... ကြက်ကလေး ငါရိုက် လိုက်တာ ခုန်ဆွခုန်ဆွနဲ့၊ အဲဒါကုသိုလ်လိုက်တာလား အကုသိုလ် လိုက်တာလား (အကုသိုလ် သိုက်တာပါဘုရား)။ အဲဒီတုန်းက ကြက်ကလေးသတ်ရတာ ပျော်လိုက်ဘာကွာ၊ ငါဘယ်လိုလုပ် လိုက်တာလို့ ဒီလိုပေါ်နေတာက ကံလား၊ကမ္မနိမိတ်လား (ကမ္မ

နိမိတ်လား (ကမ္မနိမိတ်ပါဘုရား)၊ စေတနာပေါ်နေတာက-ကံ ခုနင်က ကြက်ကလေးပေါ်လာတာက ကမ္မနိမိတ်။

ဥပမာတခု၊ အခုကာလလူတွေနဲ့ ပြောမယ်ဆိုယင် စားပွဲနဲ့ ပုလင်းလေးထောင်ပြီး ဘီယာတို့ ဘာတို့ သောက်တယ်ဆိုပါတော့၊ အဲဒီပုလင်းတွေပေါ်လာယင် ဘာတုန်း (ကမ္မနိမိတ်ပါဘုရား)၊ သောက်တုန်းက ပျော်ပျော်ပါးပါး စေတနာလေး ပေါ်လာယင်-ကံ။ ခုနင်က ကောင်းသလား မကောင်းဘူးလား (မကောင်းပါဘုရား)၊ အဲဒါ အကုသိုလ် လိုက်လာတာဘဲ။ လိုက်လာတဲ့အထဲမှာ အခုဘဝမှာ လုပ်နေတဲ့ အကုသိုလ်တွေနဲ့ နောက်က အနမတဂ္ဂသံသရာက လိုက်လာတဲ့ အကုသိုလ်တွေ အကုန်လုံးပါနေတယ်၊ အရှုးလွယ်အိတ်နှိုက်လိုက်တော့ ကောင်းတာလေးလဲတွေ့ချင်တွေ့မှာဘဲ၊ ကောင်းတာတွေ့ယင် ကောင်းကောင်းတာလေးမြင်မှာဘဲ၊ မကောင်းတာနှိုက်မိတော့ မကောင်းတာမြင်မှာဘဲ။ ဒို့ပုထုဇဉ် ဒို့ယောဂီတို့မှာဆိုရင် ကောင်းတာ-မကောင်းတာမရှိကြဘူးလား (ရှိပါတယ်ဘုရား)၊ ရှိနေတာဘဲ။ ဒါဖြင့်-သုံးခါနှိုးနှိုက်ကြည့်လိုက်တော့ ဘယ်ဟာ နှိုက်လိုက်မယ်ဆိုတာ အတတ်သိရဲ့လား (မသိပါဘုရား)၊ ဒါကြောင့် မြတ်စွာဘုရားက မကောင်းတာတွေများကို ဘယ်အခါမှ နှလုံးမသွင်းနဲ့တဲ့၊ မကောင်းတာ လုပ်မိရက်ဖြစ်နေမယ်တဲ့၊ ကောင်းတာကို အမြဲနှလုံးသွင်းကြတဲ့၊ ယောနိသောမနသိကာရ ထားကြဟဲ့တဲ့။

## သေခါနီးကျတော့

အဲဒီကျတော့ ဒီက သေခါးနီးကျလာပြီ၊ မသေမယ့်လူလဲမရှိဘူး၊ သေရမှာဘဲ။ သေခါနီးကျတော့ အခု မိမိတို့ပြုလုပ်ထား

တဲ့ ကံတခုခုက ကံပေါင်းမြောက်များစွာထဲက အကျိုးပေးမယ့် ကံလေးကပေါ်လာတယ်၊ ပေါ်လာတဲ့ကံက အကျိုးပေးမှာဘဲ ဘယ်လိုပေါ်လာတုန်းဆိုတော့ အိပ်ရာထဲလဲပြီးတော့ မလှုပ်နိုင်ဘူး၊ မလှုပ်နိုင်တော့ ဒီကပြုစုနေတဲ့ သားတွေ သမီးတွေ မိဘတွေ ဆွေမျိုးတွေကတော့ဖြင့် မျက်ရည်လေးတွေနဲ့ သနားနေတယ်၊ သူကတော့ အာရုံနဲ့နေတယ်။ ကြက်သတ်ထားတဲ့သူကလဲ ကြက်ကလေး အခုသတ်နေရသလို ဒီအာရုံလေးက ထင်နေတယ်၊ ရုပ်ရှင်ကြည့်ရသလို မြင်နေတယ်၊ သို့မဟုတ် အိပ်မက် မက်သလို ပေါ်လာတယ်၊ ပုလင်းထောင်ထားတဲ့လူကလဲ ပုလင်းပေါ်လာတယ်။ မကောင်းတဲ့ ဒုစရိုက်မှုတွေ ပေါ်လာတယ်ဆိုယင် ကြက်ကလေးတွေ ပေါ်လာတယ်၊ ပုလင်းတွေ ပေါ်လာတယ်ဆိုယင် ဒါ-ဘာနိမိတ်ပေါ်လာသလဲ ကုသိုလ်ကမ္မနိမိတ်လား၊ အကုသိုလ်ကမ္မနိမိတ်လား (အကုသိုလ် ကမ္မနိမိတ်ပါဘုရား)။

အကုသိုလ်ကမ္မနိမိတ်ပေါ်လာယင် သူကဘယ်ဆက်သွယ်ပေးတုန်းဆိုတော့ မောင်မင်းတဲ့ မင်းလုပ်ထားတဲ့ အလုပ်နဲ့လျော်အောင်ငါကပို့မှာတဲ့၊ ဒီကမသေသေးဘူး ဟိုဘက်ကို မြင်နေပြီ၊ ကိုယ်သွားရမယ့်နေရာလေး မြင်နေပြီ၊ ကိုယ်ခံစားရမယ့် နေရာလေးမှာရှိတဲ့ ငရဲအိုး ငရဲထိန်းခွေးနက်ကြီးဆိုတဲ့ ကြောက်စရာတွေ မြင်လာတယ်၊ မီးတောက်မီးလျှံတွေ မြင်နေတယ်၊အဲဒါဘာနိမိတ်ခေါ်တုန်း (ဂတိနိမိတ်ပါဘုရား)။မောင်မင်း အဲဒီသွားရမယ်လို့ ဘယ်သူကဆက်သွယ်ပို့တာတုန်း၊အကုသိုလ်ကဆက်သွယ်ပို့တာပေါ့။ ခုနင်တုန်းက မိမိကြက်ကလေးသတ်ခဲ့တဲ့ တခုခုသတ်ခဲ့တဲ့ ဒုစရိုက်ကပေါ့ ဟုတ်သား၊ အဲဒီကို မင်းသွားရမယ်လို့ ပြတယ်၊

ပြတော့ ဒီလူမမာက သူလုပ်ထားတဲ့ အကုသိုလ်နဲ့ လိုက်ဖက် လျော်ညီတဲ့ နေရာကို မြင်တယ်။

## မိတ်ကောင်း ဆွေကောင်းလိုသည်

အဲဒီတော့ သူမမာကို အကဲခပ်လိုက်ပါ၊ နဲနဲမျက်နှာလေး ညှိုးနေယင် သူတယ်တော့ဟန်မကျဘူး၊ အကုသိုလ်ကမ္မနိမိတ် ထင်နေပုံပေါ်တယ်။ အဲဒီအချိန် ပြောင်းပေးယင်ရတယ်၊ ဒီ အချိန်မှာ ဒီလိုနိမိတ်တွေသင်ပြီးတော့ လာလို့ရှိယင် သူလုပ်ခဲ့ဘူး တဲ့ ကုသိုလ်လေးတွေကိုဖော်ပေးရမယ်၊ အနီးအနားမှာ မိတ် ကောင်းဆွေကောင်းလိုတယ်။ ဒို့ဟော့ ဘယ်တုန်းက ရိပ်သာထဲ သွား တရားနာကြတာလေ၊ ဘာတွေလှူတာလေ၊ မင်းအလှူတုန်း က ဘယ်ဆရာတော်က တရားဟောဘာကိုးကွ၊ သင်္ကန်းကဘယ်လို လှူလိုက်တာဆိုယင် ဒါလေး ပြန်သတိရတယ်။ ခုနင်တုန်းက သင်္ကန်းတွေ ထီးတွေ ဘိနပ်တွေ သူလှူခဲ့တာတွေ တရားနာခဲ့ တာတွေ တရားရှုမှတ်ခဲ့တာတွေ ဒါလေးတွေ သတိရလာလို့ ရှိယင် ဒါလေးတွေပေါ်လာယင် အခုန အကုသိုလ်ရှိသေးလား (မရှိပါဘုရား)။ ဘာပေါ်လာတုန်း၊ ကုသိုလ် ကမ္မနိမိတ်တွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။ ကုသိုလ်ကမ္မ နိမိတ်လဲ ပေါ်လာရော ဟိုဘက်ကနေပြီး မောင်းမင်း မြင်ရဲ့ လားလို့ ဆက်သွယ်ပေးတယ်။ ဟောဟို နတ်သမီးဥယျာဉ် ဗိမာန် ရေကန်တွေကို ပြထားတယ်။ ဒီက မသေသေးဘူး၊ နောက်ဆုံး စုတိစိတ်လဲကျရော အဲဒီရောက်တာဘဲ။ ဒါကြောင့် မို့ သေခါနီးမှာ အကယ်၍ ကုသိုလ်အကျိုးပေးဘို့ရာ ကုသိုလ် ကံက ပေါ်လာပြီ ဆိုယင် မိမိလှူထားတဲ့ လှူရံတွေကို ကံ

ခေါ်သသလား- ကမ္မနိမိတ်ခေါ်သလား (ကမ္မနိမိတ်ပါဘုရား)၊ ကောင်းသလား-မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)၊ ကုသိုလ်လား- အကုသိုလ်လား (ကုသိုလ်ပါ ဘုရား)၊ ကုသိုလ်ကမ္မနိမိတ်တွေပေါ့။ ကျောင်းဒကာမှာ ကျောင်းဆိုတဲ့ ကမ္မနိမိတ်၊ ဘုရားဒကာမှာ ဘုရားဆိုတဲ့ ကုသိုလ်ကမ္မနိမိတ်၊ အလှူဒကာမှာ ထီး၊ ဘိနပ်၊ သင်္ကန်းဆိုတဲ့ ကုသိုလ် ကမ္မနိမိတ်တွေ ပေါ်လာယင် ဟိုဘက်က ဘာပြမတုန်း၊ နတ်သမီး ဥယျာဉ် ရေကန် ဗိမာန်တွေပေါ်ပြီး ဒီကလဲ စုတိစိတ်ကျရော တခါထဲ ရောက်သွားတာဘဲ။

ဒါကြောင့်မို့ အကယ်၍ ပြိတ္တာဖြစ်မယ့်လူကျတော့ ဒီလို မြင်လာတယ်တဲ့၊ ပြိတ္တာဖြစ်မယ့်လူဟာ ငရဲမကျဘူး။ ခုနင်က ငရဲကျမယ့်လူက ဘာတွေမြင်တုန်း၊ မီးတောက်မီးလျှံ ခွေးနက်ကြီးတွေ မြင်တယ်။ ပြိတ္တာဖြစ်မယ့်လူက ဘာမြင်သလဲဆိုတော့ သူက တောတွေ တောင်တွေ မြင်လာတယ်၊ ချောက်တွေ ကမ္ဘားတွေ မြင်ပြီးတော့ မြင်တဲ့အတိုင်းနဲ့ မပြင်တတ် မဆင်တတ်ဘူးဆိုယင် ပြိတ္တာ ဖြစ်တော့တာဘဲ။ ဒီက မကောင်းတဲ့ အကုသိုလ်ကံကြောင့် ပြင်တတ်ဆင်တတ်ယင် ဒီနေ့က ရှုမှတ်ရမယ်၊ မြင်တယ်... မြင်တယ်၊ ပေါ်ရာပေါ့လေ။ ဒီတော့ ဘေးက မိဘဆွေမျိုးတွေကလဲ ဒီအချိန်အခါမှာ သူပြုခဲ့ဘူးတဲ့ ကုသိုလ်တွေဖော်ပြောကာ ကောင်းတယ်လို့ထင်တယ်။

## ပရိတ်တွေ ရွတ်နေရုံနဲ့

ဒါပေမယ်လို့ ဗမာလူမျိုးတွေက ဘာလုပ်တတ်သလဲဆိုယင် လူတယောက်တော့ တယ်မဟန်တော့ဘူး လို့ ဆို ယင် တော့

ဉာတပိုသော ရွတ်လို့ရွတ်၊ သမန္တာစက္ခုဝါဌေ့သူ ဆိုလိုဆို၊ သမန္တာစက္ခုဝါဌေ့သူလဲ သူက အဓိပ္ပာယ်သိလို့လား၊ ဉာတပို–သောကော သိလား (မသိပါဘူးဘုရား)၊ဘာပြောမှန်းလဲ မသိဘူး၊ သူလုပ်ခဲ့တဲ့ကုသိုလ်ကော ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ သိပ်ပြီးတော့ ဝမ်းသာချင်မှ သာမယ်၊ ဒီလူတွေ ငါသေတော့မလို့ ရွတ်နေတာနဲ့တူတယ်လို့ ဟိုက စိတ်အားတောင် ငယ်တတ်တယ်၊ အဲဒီတော့ စပ်မိစပ်ရာသဘောနဲ့ ဒါကတော့ ကိုယ်ပိုင်ဉာဏ်နဲ့လဲ တွေးကြည့်ပေါ့။ စပ်မိစပ်ရာသဘောနဲ့ ဟော....ဒို့လေ ဘယ်တုန်းက ဘယ်ကုသိုလ်လုပ်ခဲ့တယ်၊ ဆွမ်းကျွေးခဲ့တယ်လို့ မိမိကုသိုလ်လေးတွေဖော်ပြပြီး အဲဒီကုသိုလ်တွေ ပေါ်လာလို့ ရှိယင် ချက်ခြင်း ပြောင်းလာတာဘဲ၊ ဒီနိမိတ်တွေ ထင်တယ်ဆိုတာလဲ ဟုတ်နေတာဘဲ၊ အကယ်၍ လူ့ပြည်ရောက်မယ်ဆိုယင် အမိရဲ့ဝမ်းရေ၊ ဝမ်းဗိုက်ကြီးကို မြင်လာတာဘဲ၊ ဒါလူ့ပြည် ရောက်တော့တာဘဲ။ နတ်ပြည် ရောက်မယ်ဆိုယင် ခုနင်တုန်းက နတ်သမီး ဥယျာဉ် ဗိမာန်တွေ မြင်လာတာဘဲ။ အဲဒါ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက သေချာလက်တွေ့ ကြားဘူးတာ။

ကလေးတုန်းက လူကြီးတယောက်က သေတော့မှာ၊ အိမ်ကခပ်နိမ့်နိမ့်၊ အဲဒီနား ကစားနေကြတာ၊ အိမ်ကလဲ သိပ်မလုံရှာဘူး၊ လူကြီးက ဆင်းရဲဘယ်၊ သေခါနီးတော့ သူက အော်တယ်၊ ခွေးနက်ကြီးတွေ ချောက်ကြပါအုံး ဟ.... လာကြပါအုံး ဟ.... ငါ့ကို ကိုက်ကုန်ပြီ ဟ....လို့ အော်တာ၊ တအောင့်လောက်နေတော့ သေရှာတယ်၊ အခု စဉ်းစားကြည့်လိုက်တော့ ခြေဉ်—ဒါ အကုသိုလ်ကမ္မနိမိတ် ထင်ရှားတာဘဲလို့ သိတယ်၊

အဲဒီတုန်းကတော့ မသိဘူး၊ ဒီအတိုင်းနဲ့ သေသွားတာဘဲ။ နောက်တခု ဘုန်းကြီးတို့ သိပါတယ်၊ သူက တော်တော်လေး ငယ်ပါတယ်၊ မိုက်မိုက်ကန်းကန်း အရက်သောက်၊ ခိုး တိုက် ပေတိပေတေရယ်။ သေခါနီးကျတော့ သူ ဘာပြောသလဲ ဆိုတော့ သူ့ဆွေမျိုးတွေကို သူက ကြိမ်းတယ်။ မင်းတို့ကွာတဲ့ ဟောဒီမယ် လူကြီးတွေက တင်းပုတ်ကြီးတွေနဲ့ ငါ့ကို ဝိုင်းထု နေကြတယ်။ မင်းတို့များစော်ကားယင် ငါမခံခဲ့ပါဘူး၊ ကူညီ ခဲ့ရတယ်၊ အခုတော့ ကြည့်နေကြမှာလား၊ ကယ်ကြပါအုံးလို့ သူ့ဆွေမျိုးတွေကို အကူအညီ တောင်းတယ်။ အဲဒီလိုနဲ့ သေ သွားတယ်။ အဲဒီ တင်းပုတ်ကြီးတွေနဲ့ ထုနေတာ ဘာနိမိတ် တုန်း- ဂတိနိမိတ်တွေပေါ့။ အဲဒီနေရာမှာ၊ ဒီကလဲသွားရော၊ အဲဒီ တင်းပုတ်အောက် ထိုးဝင်တော့မှာဘဲဟဲ့။ အကုသိုလ် လုပ်ခဲ့လို့ရှိယင် ဒီလိုချည်းပါဘဲ။

တယောက်ကတော့ အသက်တော်တော်ကြီးလာပြီ၊အဲဒီတော့ ဒီက အသက်ငယ်ငယ်ရှိပါသေးတယ်၊ အဖိုးကြီးပါ။ ဟော.... မီးတွေငြိမ်းကြပါအုံး ဟ၊ ငါ့ကို မီးတွေလောင်ကုန်ပြီ၊ အထက် နားရောက်လာပီ ဟ၊ ငြိမ်းပါအုံးဟလို့ ဒီလိုအော်ရင်းနဲ့ သေ သွားတယ်၊ ဒီလို ငရဲကျမယ့်လူက မီးတောက် မီးလျှံတွေ မြင် လာပြီး မြင်လာတဲ့အာရုံပေါ်မှာ လိုက်ပြီး စိတ်ကလေး တခုပြီး တခုဖြစ်နေတုန်း ဒီကလဲစုတိကျရော ဟိုဘက်မှာ ဆက်ဖြစ်သွား တာဘဲ။ ဒါကို ဘဝကူးတယ်လို့ ခေါ်တယ်။

ခုနက နတ်ပြည်ရောက်မယ့်လူက ဥယျာဉ် ဗိမာန် ရေကန် တွေ မြင်တယ်။ငရဲရောက်မယ့်လူက ငရဲအိုး ငရဲထိန်း မီးတောက် မီးလျှံတွေမြင်တယ်၊ ပြိတ္တာဖြစ်မယ့်သူက တောခတွေ တောင်တွေ

ချောက်တွေ ကမ်းပါးတွေ မြင်တယ်။ တိရစ္ဆာန်ဖြစ်မယ့်လူက ခွေးဖြစ်မှာ ဆိုယင် ခွေးမကြီး၊ ဝက်ဖြစ်မှာ ဆိုယင် ဝက်မကြီး၊ နွားဖြစ်မှာဆိုယင် နွားမကြီး ဒါတွေမြင်တယ်။ လူဖြစ်မယ့်လူက အမိဝမ်းရေ မြင်တယ်။ အဲဒီလို မကောင်းတာတွေမြင်လာခဲ့ယင် ရှုမှတ်ပြီးတော့ ပယ်ရမယ်။ တနည်း- အနားနားက မိတ်ကောင်း ဆွေကောင်းရှိလို့ ပြောင်းပေးယင်လဲရတယ်။

## ဇီကုတ် နတ်ပြည်တင်

ရှင်သောဏရဲ့ ဒကာကြီးက ငယ်ငယ်တုန်းက သားမုဆိုးမို့ သားကောင် လိုက်တယ်။ အသက် ခြောက်ဆယ် လောက်ကျတော့ သူတော်သဲ မသွားနိုင်တော့ဘူး။ သခင်ဒရယ်တွေ သတ်စား ပစ်ခတ် လုပ်လာခဲ့တာ အသက် ခြောက်ဆယ်လောက်ကျတော့ သူ့သားတော့ကျောင်းသွားပြီး သင်္ကန်းဝတ်နေတယ်။ သင်္ကန်းဝတ်နေတုန်း တနေ့တော့ ဒကာကြီးက ဖျားရော၊ ဖျားတော့ သူလုပ်ခဲ့တဲ့ဟာတွေလာပြီ၊ အနားနားက ခွေးနက်ကြီးတွေက ပြေးဟပ်လိုက်၊ မီးတောက်ကြီးတွေက ထတောက်လိုက်ပေါ့။ သူကဘာတွေ မြင်လာတုန်းဆိုတော့ သူသတ်ခဲ့တဲ့ သမင်ပိုင်းတွေ အသဲတွေ ကျိုးသွားပုံ လဲသွားပုံ ပွဲသွားပုံတွေ မြင်လာတာကိုး။ ဒါတွေမြင်နေတာ ကံလား-ကမ္မနိမိတ်လား (ကမ္မနိမိတ်ပါဘုရား)။ ကောင်းသလား- မကောင်းဘူးလား (မကောင်းပါဘုရား)၊ မကောင်းလို့ ဟိုဘက်က ဘာပြတုန်းဆိုတော့ ခွေးနက်ကြီးက ပြေးဟပ်လိုက်၊ မီးတွေက ထတောက်

လိုက် ဖြစ်ရော။ ဒီတော့ 'ဟ-ကိုယ်ရင်တို့ ကျောင်းသားတို့၊ လာကြပါအုံး၊ ငါ့ခွေးနက်ကြီးတွေ ကိုက်ကုန်ပြီ'လို့ အော်တယ်။

ဒီတော့ သူ့သားရဟန်းတော်က၊ ဩော်- ဒကာကြီးတော့ ဖြင့် သေသေချာချာကို ငရဲကျတော့မှာဘဲ၊ ငါလို သားကောင်း တယောက် ရှိလျက်နဲ့ ငရဲကို အကျမခံဘူး ဆိုပြီး၊ ကိုရင်တို့ ပန်းခူးကြစမ်းပါ၊ ပန်းခူးပြီးတော့ ရုပ်ပွားတော်တဆူ ပင့်၊ ဘုရားပန်းတင်ပြီးတော့ 'ဦးပဥ္စင်းကြီး....သတိထားမှပေါ့၊ ကြည့်စမ်းလေ၊ ဒီမယ် အရှင်ဘုရားရဲ့အတွက် ဘုရားကို ပန်းတင်ထားတယ်၊ ကြည့်စမ်းပါ' ဆိုတော့ အားမရှိပေမယ့် မျက်လုံးလှန်ကြည့်တော့ ဘုရားလဲ မြင်တယ်၊ ပန်းလဲ မြင်တယ်၊ အဲဒီတော့ စိတ်က ကြည်ညိုသွားတယ်။ ဘုရားနဲ့ ပန်းက ဘာနိမိတ်တုန်း (ကမ္မနိမိတ်ပါဘုရား)၊ ကုသိုလ်လား-အကုသိုလ်လား (ကုသိုလ်ပါဘုရား)။ အဲဒီတော့ ခုနတုန်းက အကုသိုလ်ကမ္မနိမိတ်တွေ ကွယ်သွားတယ်။ ဒီက ကုသိုလ်နိမိတ်နဲ့ ပြောင်းပေးလိုက်တဲ့ အတွက် ဘုရားနဲ့ ပန်းလေးလဲ မြင်လို့ ကြည်ညိုလိုက်သည်နှင့် တပြိုင်နက် တခါထဲ နိမိတ်ပြောင်းသွားတာ၊ နတ်သမီးတွေ လာပြီးတော့ သူ့ကို ဆီးကြိုကြတယ်၊ ဒီတော့ ဦးပဥ္စင်းကြီးက အော်တယ်။ 'ဖယ်ကြပါဟ၊ နင့်မိထွေးတွေ လာကုန်ပြီ၊ ဝေးဝေးတိမ်းကြဟ၊ ဟိုဘက်တိုး'လို့ ဦးပဥ္စင်းကြီး အော်ပုံလဲ ကြည့်အုံး။ ခွေးတွေတုန်းကတော့ ချောက်ပါဘဲ့၊ နတ်သမီးတွေ ကျတော့ တိမ်းပေးပါတဲ့၊ အဲဒါ ခုနင်တုန်းက သေခါနီးမှာ မိတ်ကောင်းလိုတယ် ဆိုတာပေါ့။ ကြည့်စမ်း၊ ငရဲအိုးထဲ ရောက်တော့မလို့ နခမ်းနားတော့နေပြီ၊ နခမ်းနား ရောက်မှ နတ်ပြည်ဆွဲပြီး ပို့လိုက်တာတဲ့။

## ကျန်းမာခိုက်မှာ ကြိုးစားပါ

အဲဒါကြောင့်မို့ ဒီ-သေခါနီးမှာ မိတ်ကောင်း လိုတယ်လို့ ဆိုတာပေါ့။ ဗုဒ္ဓဘာသာတွေ ထုံးတမ်းစဉ်လာ ယူသွားစရာ ကောင်းတယ်။ ဒါနဲ့ အဲဒီလို အရှင်ဆန္ဒ နိမိတ်တွေ ထင်လာတော့ ဩြော်-ငါတော့ဖြင့် မှားပြီ၊ ငါအထင်ကြီးတာ ဘဝင်မြင့်တာ ငါ ရဟန္တာ မဟုတ်ဘူး၊ နိမိတ်တွေထင်တယ် ဆိုပြီးတော့ ပေါ်ရာပေါ်ရာတွေ ရှုတယ်၊ ခါးဒဏ်ရာဝေဒနာတွေလဲ ရှုတယ်၊ အဲဒီလို ရှုနိုင်တာလဲ ဘာ့ကြောင့် ရှုနိုင်သလဲဆိုယင် သူဟာ နဂိုတုန်းက တရားကိုရှုမှတ်ထားတဲ့ လေ့ကျင့်ခန်းရှိလို့ပါတဲ့။ တရားရှုမှတ်နေတဲ့ ပုဂ္ဂိုလ်မို့ ဖြစ်တာပါ၊ အခု သေခါနီးကျမှ တရားရှုချင်ပါတယ်၊ တရားအားထုတ်ပါရစေ ဆိုလို့ ရပါ့မလား (မရပါဘုရား)၊ ရှုကော ရှုဘတ်ပါ့မလား (မရှုတတ်ပါဘုရား)၊ မရှုတတ်ဘူး။ ဒါကြောင့်မို့ ကျန်းမာခိုက်တုန်းက ရှုနည်းမှတ်နည်းတွေကို ပိုင်အောင် နိုင်အောင် သေချာအောင် ကြိုးစားကြပါတဲ့။

အကယ်၍ တမဂ်တဖိုလ် ရမသွားတောင်မှ သေဟတ်အောင် နေတတ်အောင် ကြိုးစားကြပါလို့ ဒီလိုတိုက်တွန်းတာကိုး၊ တမဂ်တဖိုလ်မရတောင် သေတတ်အောင် နေတတ်အောင်လို့ ဒီလိုပြောတာ လျှော့စျေးနဲ့ပြောတာ၊ အဟုတ်သာ အားထုတ်ယင် တကယ်ကြိုးစားယင် အခုလဲ တမဂ်တဖိုလ် တကယ် ရနိုင်ပါတယ်တဲ့။ ဒါကြောင့် အရှင်ဆန္ဒက အဲဒီလို ရှုမှတ်လိုက်တော့ တခါထဲ ဘာဖြစ်သွားတုန်း၊ ပေါ်ရာပေါ်ရာ ရှုယင်းနဲ့ အသက်လဲ ဆုံးခါနီးမှာ ရဟန္တာလဲ ဖြစ်ရော ပရိနိဗ္ဗာန် စံသွား တယ်။ ဒါကြောင့်–

သေခါနီးမှာ၊ ဖိုလ်ချမ်းသာ၊ မှန်စွာ ရနိုင်သည်။
သေခါနီးမှာ၊ ပါယ်လေးရွာ၊ မှန်စွာ လွတ်နိုင်သည်။

သေခါနီးမှာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာလဲ ရနိုင်တယ်၊ အပါယ်လေးပါးကလဲ လွတ်နိုင်ပါတယ်တဲ့။ အဲဒီလို အရှင်ဆန္နပရိနိဗ္ဗာန်စံတာနဲ့ ရဟန္တာဖြစ်တာနဲ့ တပြိုင်နက်ထဲမှာ သမသီသီ ရဟန္တာ ဖြစ်သွားပါတယ်တဲ့။ ဖြစ်သွားတော့ ဒီက အရှင်သာရိပုတ္တရာနဲ့ ညီတော် အရှင်စုန္ဒတို့ ညီတော် နောင်တော်နှစ်ပါးကလဲ သူ ရဟန္တာ ဖြစ်သွားတာကို သိမသွားဘူး၊ သိမသွားလို့ မြတ်စွာဘုရားထံ ရောက်တော့ 'အရှင်ဘုရား-ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား.... အရှင်ဆန္နဟာ သူ့ကိုယ်သူလည်ပင်း ဓါးနဲ့လှီးပြီး သေသွားပါပြီဘုရား၊ ဒီလို သေသွားတော့ သူဟာ ဘယ်များ ရောက်နေပါလဲဘုရား'လို့ ဒီလိုသွားပြီး လျှောက်ထားတာကိုး။ လျှောက်တော့ မြတ်စွာဘုရားက သာရိပုတ္တရာ၊ အရှင်ဆန္နဟာ ကိုယ့်ကိုယ်ကို သတ်သေသော်လည်း နောက်ထပ် ပဋိသန္ဓေ နေဘို့ရာ မရှိဘူးလို့ သူ ပြောသွားတယ် မဟုတ်လား၊ မြတ်စွာဘုရားက တခါထဲ အရှင်ဆန္န ရဟန္တာ ဖြစ်တာလဲသိတယ်၊ သူပြောသွားတဲ့ စကားလဲသိဘယ်။ တခါထဲ လုံးပြီး ဖြေလိုက်တာဘဲ။ ဒါကြောင့် အဲဒီလိုအရှင်ဆန္န ရဟန္တာ ဖြစ်သွားပြီ၊ဘယ်ဘုံ ဘယ်ဘဝမှ မရှိဘူးလို့ မိန့်တော် မူပါတယ်။

## အချိန်တွေ ဆွဲမနေကြနဲ့

ဒါကြောင့် အခု အရှင်ဆန္နဟာ သေခါနီးမှာ တမဂ်တဖိုလ် ရအောင် ရှုသွားနိုင်တယ်ဆိုတာ နဂိုတုန်းကသာ တရားမရှုမှတ်ဘူးတဲ့ လူချင်းသက်သက်ဟာ ရှုနိုင်ပါ့မလား (မရှုနိုင်ပါဘုရား)

ဒါကြောင့်မို့ ရွှေရက်ကျမှ၊ ရွှေနှစ်ကျမှ၊ နက်ဖြန်ခါကျမှလို့ အချိန်တွေ ဆွဲမနေကြပါနဲ့တဲ့၊ သေမင်းက မဦးခင် တရားက ဦးအောင် လုပ်ပါတဲ့။

တရားကဦး၊ မမှားဘူး၊ အထူးဉာဏ်နှင့်ယှဉ် .. တဲ့။

တရားက ဦးယင် မှားပါ့မလား (မမှားပါဘုရား)။ တရားက မဦးဘဲနဲ့ သေမင်းကများဦးသွားလို့ရှိယင်တဲ့ အားကိုးအားထားပါကြမလား၊ မပါဘဲ နေလိမ့်မယ်တဲ့ ဒါကြောင့်မို့ အရှင်ဆန္ဒလို ရှုနည်း မှတ်နည်းတွေ ပိုင်အောင် နိုင်အောင် ရှုတတ် မှတ်တတ်အောင် အခု အချိန်ရခိုက်ကနေပြီးတော့ ကြိုးကြိုး စားစား မှတ်ပါတဲ့။ ဒီ့အသက်ကလေးက နက်ဖြန်ခါသေရမှန်း လဲ မသိဘူးတဲ့၊ သဘက်ခါ သေရမှန်းလဲမသိဘူးတဲ့၊ ဒါကြောင့်မို့ မသေခင် မအိုခင် မနာခင်၊ မသေခင်က ကြိုတင်ပြီး ကုသိုလ် ကောင်းမှုတွေ ပြုပါတဲ့၊ မြတ်စွာဘုရားက နေ့ရက် ရွေ့မနေကြနဲ့ ချစ်သားတို့ ရတဲ့အချိန် အချိန်မှီလေး ရှုမှတ်ကြပါတဲ့၊ အချိန်မှီ လေး ကြိုးစားပြီး ရှုမှတ်ကြပါလို့ ရှင်တော်ဘုရား တိုက်တွန်း တော်မူတယ်....နော်။ ဒါကြောင့် အခု အရှင်ဆန္ဒ သုတ်တော် ကြီးကို ဟောလာတာ ရှုနည်း မှတ်နည်းနဲ့တကွ တော် တော် ပြည့်စုံသွားပြီ၊ နာရီကလဲ စေ့သွားပြီ။ အရှင်ဆန္ဒ သုတ်တော် ကြီးလဲ ဆုံးခန်းတိုင် ရောက်သွားပြီ။ ဒါကြောင့် ကဲ....တရားပွဲ သိမ်းကြစို့။

သာဓု....သာဓု....သာဓု....။



၃၃၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
တောင်ဥက္ကလာပမြို့(၁၀)ရပ်ကွက်၊
ဟေမဝန်ဓမ္မာရုံကြီး၌၊
မဟာစည်ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်၊
ဟောကြားတော်မူအပ်သော
အနှစ်အကာ တရားတော်

ယခုနေ့ ဟောရမှာကတော့ အနှစ်အကာ တရားတော်ပါဘဲ၊ အနှစ်တရားနဲ့ အကာတရားကို ခွဲခြားဟောရမယ်။ ဒို့တတွေ တရားတွေနာကြ တရားပွဲတွေ ကျင်းပကြ ဒီလိုလုပ်နေကြတယ်၊ အဲဒီလို လုပ်နေတော့ တကယ့် အနှစ်အသားနဲ့ ပြည့်စုံတဲ့ တရား မျိုးကို နာတတ်ကဲ့လားလို့ ဒါလေးဘွေ့ ခွဲကြရမယ်။ တရား ဆိုပြီး ရောမမှတ်ကြနဲ့၊ ဒီလို အတူတူဘဲလို့ မှတ်မထားရဘူး၊ တရားဆိုယင် မြတ်စွာဘုရား တရားတော်ချည်းဘဲ မဟုတ်လား ဆိုပေမယ့် အဆင့်ဆင့်ရှိပါတယ်၊ အကာလို ဘာမှ အနှစ်သာရ မရှိတဲ့တရား၊ တကယ့်အနှစ်သာရနဲ့ ပြည့်စုံတဲ့တရားလို့ အဲဒါတွေ ကို ဒီနေ့တော့ ခွဲပြီး ဒို့ပရိသတ်တွေ ဟောဘို့ဘဲ။

ဟေမဝန်ဓမ္မာရုံဆိုတာ ထူးကဲတဲ့ နေရာကြီး ဖြစ်ပါတယ်၊ ဘယ်လိုထူးကဲတဲ့ နေရာလဲဆိုတော့ တကယ့် သီလ သမာဓိ ပညာ

အသိဉာဏ် ရင့်သန်တဲ့ ပုဂ္ဂိုလ်တွေမှ ဟောရမယ်၊ သာမညပုဂ္ဂိုလ် ဆိုယင် မဟောရဘူး၊ အဲဒီတော့ ဒို့တတွေလဲ တကယ့် အနှစ် အသားနဲ့ ပြည့်စုံတဲ့ တရားတွေကို နာချင်တယ်၊ ဒီပုဂ္ဂိုလ်ကလဲ အနှစ်တရား ဟောတာလား၊ အကာတရား ဟောတာလား—ဒို့ နားထောင်ချင်တာက အကာလား အနှစ်လား၊ ဒို့က အကာ ကြိုက်လား အနှစ်ကြိုက်လားလို့ ဒါကိုခွဲပြီး ဟောရမယ်၊သေသေ ချာချာလဲ စူးစိုက်နာရမယ်၊ ငိုက်မနေရဘူး၊ တော်တော်ကြာ ငိုက်နေယင်—

အဟောကောင်းလျှင်၊ နာသူရှင်၊ ညှို့လျှင် ငိုက်တတ်သည်... တဲ့။

အဟောကောင်းယင် ရှင်ပြုံးနေတာဘဲ၊ ညှို့ပြီဆိုယင် ငိုက်ကုန်တာဘဲ၊ အေးတိအေးစက်နဲ့ အသံကလဲမကောင်း၊ အပြော ကလဲ မကောင်းဆိုယင် တခါထဲ ငိုက်ကုန်တော့တာဘဲ အဲဒီလို ဖြစ်တတ်တယ်။

## အနှစ်လား၊ အကာလား

ဒါကြောင့်မို့ ဒီနေ့တော့ တရားကို ပမာဏပြုပြီးတော့ နာကြရမယ်၊ က—တရားပွဲစရမယ်။

အသာရေ သာရမတိနော၊ သာရေစ သာရဒဿိနော၊
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ။

အသာရေ၊ အနှစ်မရှိသောတရား၌။ သာရဒဿိနော၊ အနှစ် အစိုင် အခိုင်အမာအားဖြင့် အထင်မှား၍ နေကြကုန်၏။ သာ-ရေစ၊ အနှစ်ဖြစ်သောတရား၌ကား၊ အသာရဒဿိနော၊ အနှစ် အစိုင် အခိုင်အမာ မဟုတ်သောအားဖြင့် အမြင်မှား၍ နေကြ

ကုန်၏။ တေ၊ အကာကို အနှစ်ထင် အနှစ်ကို အကာဟု သိမြင်ကြကုန်သည်ဖြစ်၍ အထင်မှားအမြင်မှား ထိုရှင်လူအများတို့သည်၊ မိစ္ဆာသင်္ကပ္ပဂေါစရာ၊ မိစ္ဆာဝိတက် သုံးပါးလျှင် ကျက်စားရာရှိကြကုန်သည်ဖြစ်၍၊ သာရံ၊ အနှစ်လေးပါး သာရတရားကို။ နာဓိဂစ္ဆန္တိ၊ လှလှပိုင်ပိုင် မရနိုင်ကြလေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ဒါလေးက အနှစ်အကာ ခွဲပေးလိုက်တာပါဘဲ၊ အနှစ်တရားအကာတရားကို ဒါမြတ်စွာဘုရားဟောခဲ့တာ။ အနှစ်မဟုတ်တဲ့တရားကို အနှစ်လို့ထင်နေတယ်၊ အနှစ်သားနဲ့ ပြည့်စုံတဲ့ တရားကျတော့ အကာတွေ ထင်နေတယ်တဲ၊ အဲ သလို အနှစ်မှန်းအကာမှန်း ခွဲခြမ်းပြီး မသိဘူးဆိုယင်တော့ အကြံတွေ မှားကုန်ပြီတဲ့၊ အကြံမှားယင် အပြောတွေမှားတယ်၊အပြောတွေမှားယင်အလုပ်တွေလဲမှားတော့တာဘဲတဲ့၊အဲဒီလို အကြံမှား အပြောမှားအလုပ်တွေမှား ကုန်ပြီဆိုယင် အပါယ်သွားဘို့ပါဘဲတဲ့။

## အသံကောင်း ရုပ်ချော

ဒါကြောင့်မို့ တရားနာတယ်ဆိုတာ နံပါတ်(၁)ရုပ်အဆင်းကို အာရုံပြုပြီးတော့ နာတဲ့သူက ရူပပမာဏ ပုဂ္ဂိုလ်တဲ့၊ တရားသဘောကို နားမလည်၊ ရုပ်ကလေး ချောတယ်၊ သပ္ပာယ်တယ်၊ အဲဒီလိုဆိုယင် နာလဲမနာရသေးဘဲနဲ့ သူက သိပ်တရားဟောကောင်းတာတဲ့၊ အဲဒါ ရူပပမာဏ ပုဂ္ဂိုလ်တဲ့။ ရုပ်အဆင်းကိုအာရုံပြုပြီး ကြည်ညိုတဲ့ ပုဂ္ဂိုလ်တဲ့။

နောက်တဦးက အသံလေးကောင်းယင် အဆိုအရွတ်လေးကောင်းယင် သူက နာချင်တယ်၊သူလဲမနာရသေးဘူး၊ အသံလေး

သိပ်ကောင်းတာဘဲတဲ့၊ နာရတော့လဲ ဘာဟောမှန်း မသိဘူး၊ အသံကောင်းတာလေးပေါ် တင်ပြီး နာတာဘဲ။ အဲဒါ ကောသဒ္ဒပမာဏပုဂ္ဂိုလ်တဲ့၊အသံကိုကြည်ညိုတာပေါ့။အဲဒီလို အဆင်းပေါ် အသံပေါ် ကြည်ညိုနေတာဟာ ဒို့ပရိသတ်တွေ အနှစ်လား အကာလား (အကာပါဘုရား)၊ အဲဒါ ခွဲသိရမယ်။ တကတဲ ငယ်ငယ်ရွယ်ရွယ် အသံလေးကလဲကောင်း၊ ရုပ်ကလေးလဲချော ဆိုယင် မဟောခင်က လှုပ်လှုပ် လှုပ်လှုပ် မြောက်မြောက် မြောက်မြောက် ရွရွ ရွရွနဲ့ ဖြစ်ကုန်ပြီ၊ ဒါဒီမှာတော့ ရင့်ကျက်နေတဲ့ ပုဂ္ဂိုလ်တွေမို့ ငြိမ်ပြီး နာနေနိုင်တာတဲ့။ တချို့နေရာတွေမှာ အသံကောင်းကောင်းကို လိုက်ရှာနေကြတယ်၊ အဆင်းလှတာ မျိုးကို လိုက်ရှာနေကြတယ်တဲ့။

## တဏှာနဲ့ ပေါင်းနေပြီ

ဒို့ ဒီကတော့ ဓမ္မပမာဏ ပုဂ္ဂိုလ်လို့ ခေါ်ရမယ်၊ ဓမ္မပမာဏ ပုဂ္ဂိုလ်ဆိုတာ တရား အစစ်အမှန်လေးတွေကို တကယ့်ကို နိဗ္ဗာန် ရောက်ကြောင်းတရား၊ သုဂတိဘဝရောက်ကြောင်းတရားတွေကို နာချင်တယ်၊ ဒီပုဂ္ဂိုလ်က အသံတွေကိုလဲ ပဓာနမထားဘူး၊ အဆိုအရွတ်တွေကိုလဲ ပဓာနမထားဘူး၊ အဆင်းကိုလဲ ပဓာန မထားဘူး၊ အဲဒီ ပုဂ္ဂိုလ်မျိုးကို ဓမ္မပမာဏ ပုဂ္ဂိုလ်လို့ခေါ်ရမယ်။ ဒီတော့ အကယ်၍ အဆင်းပေါ်ကိုကြည်ညိုတယ်ဆိုယင် ဒီပုဂ္ဂိုလ်ကို ကြည်ညိုနေတယ်၊ သူ့တရားလေး နာချင်တယ်လို့ ဆိုယင်ဖြင့် ငါ မျက်စိမှာတဏှာ ဝင်ပူးနေပြီ၊ငါ့ရဲ့မြင်စိတ် သိစိတ်ကလေးမှာ အပေါင်းမှာနေပြီ၊ ငါ့ရဲ့ မျက်စိအမြင်မှာ ပေါ်တဲ့ မြင်သိစိတ် ကလေးမှာ ဘာနဲ့ပေါင်းပါလိမ့်မလဲဆိုတော့ တဏှာနဲ့ ပေါင်း

နေပြီး၊ တဏှာနဲ့ ကြည်ညိုနေတာဘဲလို့ ဒီလို သိကြရမယ်။ ဒါကြောင့်မို့ -

ရာဂဂ္ဂိဒဟာစက္ခုနာ သုဘာရူပန္တိ ဒိဿရေ။

ရာဂဂ္ဂိဒဟာစက္ခုနာ၊ ရာဂလောင်မီး လွန်အားကြီးသည့် မျက်စိပိုင်ရှင်များသည်။ သုဘာရူပန္တိ၊ ချောတယ် လှတယ် တင့်တယ်ဘဲ့ရူပကာယဟူ၍။ ဒိဿရေ၊ အဝိဇ္ဇာလှည့်စား တဏှာ ပွားအောင် ထင်မှား မြင်မှားကြလေတော့သည်။

ဒီနေရာမှာ အဲဒီလို အဆင်းဘက်လိုက်နေတာ အခြားမဟုတ်ဘူးဘဲ့၊ မျက်စိမှာ မြင်သိစိတ်ကလေးက ဘယ်သူနဲ့ ပေါင်းနေသလဲဆိုတော့ ရာဂနဲ့ပေါင်းနေတယ်၊ အပေါင်းမှားပြီ၊ မျက်မှန်စိမ်းတပ်ပေးလိုက်သလို ဖြစ်နေပြီ၊ အမြင်မှားနေပြီ။ အဲဒီလို အမြင်မှားအောင် ဘယ်သူက လုပ်ပေးလိုက်သလဲ ဆိုတော့ အဝိဇ္ဇာက လုပ်ပေးလိုက်တယ်။ အဝိဇ္ဇာက လှည့်စားလို့ တဏှာတွေပွားပြီး မှားကုန်ကြပြီတဲ့၊ မျက်စိပေါက်ကမှားပြီတဲ့။ မြတ်စွာဘုရားက ချစ်သားတို့....ချစ်သမီးတို့....သင်တို့ တတွေကို သနားလွန်းလို့ ပြောနေတာတဲ့၊ မျက်စိက အပေါင်းမှားနေပြီ၊ တခါ နားက လာပြန်တော့လဲ အသံကောင်းတာလေးမှ အဆိုကောင်းတာလေးမှ တကတဲ သာခုခေါ်တာတောင်မှ အသံသာသာလေးနဲ့ဆိုယင် သူတို့ကလဲ အော်ပြီး ခေါ်လိုက်တာပေါ့၊ ဒီကအသံက ရှော့တိရှော့ရဲနဲ့ ဆိုယင် သူတို့အသံကပါးစပ်ဖျားတွင်ဘဲ ဒီဘက်နားတောင် မရောက်လာတော့ဘူး၊ အဲဒါ ဘာတုန်းလို့ဆိုတော့ ဒို့နားမှာ ကြားသိစိတ်ကလေးက အပေါင်းမှားနေပြီ၊ သမ္မာဒိဋ္ဌိဆိုတဲ့ အသိမှန်နဲ့ မပေါင်းဘဲ

မွှားနေပြီတဲ့၊ တဏှာရာဂနဲ့ ပေါင်းသင်းလို့တဲ့၊ ဘာကြောင့်လဲ ဆိုတော့ အဝိဇ္ဇာကလှည့်စားထားလို့ တဏှာတွေ ပွားတာတဲ့။

အပေါင်း မှန်ရအောင်

အော်–ဒါဖြင့် ဒို့တတွေ တရားနာတယ် နာတယ်နဲ့ အဆင်း ပေါ်သာယာမယ်၊အသံပေါ်သာယာမယ်ဆိုယင် တရားကိုယ်က တဏှာတဲ့၊ အဲဒီလို သာယာနေတာ တရားကိုယ်က ဘာတဲ့တုန်း ပရိသတ်(တဏှာပါဘုရား)။ အော်-ဒီတဏှာက ဘယ်ပို့မှာတုန်း (အပါယ်ပို့မှာပါ ဘုရား)၊ အပါယ်ကော သွားချင်ကြလား (မသွားချင်ပါဘုရား)၊ မသွားချင်ကော ဒီတဏှာရှိနေယင် အပါယ်ကလွတ်ပါ့မလား (မလွတ်ပါဘုရား)၊ ဒါကြောင့်မို့ မြတ်စွာဘုရားက ဓမ္မပမာဏ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေတဲ့၊ ဓမ္မပမာဏ ပုဂ္ဂိုလ်တွေဆိုတာ တရားတော်သက်သက် အဆီ အနှစ်နှင့်ပြည့်စုံတဲ့ တကယ့် ရုပ်တရား နာမ်တရား ဖြစ်ပျက်တွေ၊ လက္ခဏာရေးသုံးပါးတွေကိုမှ နာချင်တယ်၊ ဒီ တရားတွေကို နာရယင် မငိုက်ဘူး၊ ရှင်းပြတယ်လို့ဆိုယင်၊ အော်–သူတော့ ဉာဏ်နားလေး ပါလာပြီတဲ့၊ အပေါင်း မှန်သွားပြီ၊ ငါ့မျက်စိ မှာ မြင်သိ စိတ်ကလေးက ဘယ်သူနဲ့ ပေါင်းတုန်းဆိုတော့ သမ္မာဒိဋ္ဌိ အမြင်မှန်နဲ့ပေါင်းမိပြီ၊ မဂ္ဂင်တရားနဲ့ ပေါင်းမိပြီတဲ့၊ ငါ့နား ဘယ်သူနဲ့ ပေါင်းနေသလဲဆိုတော့ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင် တရားနဲ့ ပေါင်းနေပြီလို့ သိရမယ်။ အဲဒီ သမ္မာဒိဋ္ဌိဉာဏ် နား ကလေးနဲ့ ဒီနေ့နာကြရမယ်။ ဒါကြောင့် ဒို့မြတ်စွာဘုရားက—

## တထောင်နှင့် တပုဒ်

သဟာဿမပိ စေဝါစာ အနတ္ထပဒသံဟိတာ၊
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

အနတ္ထ ပဒသံဟိတာ၊ တောဖွဲ့ တောင်ဖွဲ့ အကျိုးမဲ့ပုဒ်နှင့် ဆိုင်သော။ ဝါစာ၊ စကားသည်။ သဟာဿမပိ၊ ပုဒ်ပေါင်း တထောင် များမြောင်သည်မူလည်း၊ စေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပါပိမာ၊ ယုတ်မာကုန်၏။ ဒါလေးကိုဘဲ ဒို့ပရိသတ် စဉ်းစားအုံးပေါ့။ မြတ်စွာဘုရားက ဟောတယ်၊ တရားတော် ဟာတဲ့ တောဖွဲ့ တောင်ဖွဲ့ မယ်ဘွဲ့ မောင်ဘွဲ့တွေနဲ့ ဟောနေယင် ပုဒ်ပေါင်းတထောင်နာ၊ အကြိမ်ပေါင်း တသောင်းနာ၊ ယုတ်မာတယ်တဲ့။ ဘာအကျိုးမှ မရှိဘူးတဲ့။ ဒီတော့ ဒါ ယုတ်မာတဲ့ အလုပ်တွေပါတဲ့၊ ဒါပေမယ်လို့ ဒို့ဗုဒ္ဓဘာသာ မြန်မာလူမျိုး တွေက မဝေဖန်တတ်ဘူး၊ မခွဲခြားတတ်ဘူး၊ ဝေဖန် ခွဲခြား တတ်တဲ့လူလဲ ရှိပါတယ်၊ နည်းတယ်၊ အကုန်လုံးတော့ မဆိုလို ပါဘူး၊ ဘာလို့တုန်းဆိုတော့ ဟောဒီ တရားပလ္လင်ပေါ်က တက်ပြောလိုက်ယင် လူကပြောပြော ရှင်ကပြောပြော အကုန် လုံး တရားချည်းထင်နေတာဘဲ။

အခုနေများ ဘုန်းကြီးက ဒီကနေပြီးတော့ ဂါထာသေးစီပြီး သင်တို့ ပရိသတ်တွေ အပါယ်လေးပါးသို့ ရောက်စေသတည်း ဆိုပြီး ရွတ်လိုက်ယင် သာဓု အော်ခေါ်လိုက်မှာဘဲ၊ မဝေဖန် တော့ဘူး၊ တော်ကြာ သာဓုခေါ်လိုက်မှာဘဲ၊ မစဉ်းစား တော့ဘူး။ ဘာလို့ အဲဒီလိုခေါ်လိုက်တုန်းဆိုတော့ အနှစ် အကာ မခွဲခြားတယ်လို့တဲ့၊ အဲ့ဒါ သာဓုခေါ်မိရက်သား ဖြစ်

နေအုံးမယ်၊ ရှုတ်မလို့ စဉ်းစား နာအုံး။ မြတ်စွာဘုရားက တောဘွဲ့တောင်ဘွဲ့ မယ်ဘွဲ့မောင်ဘွဲ့တွေနဲ့ ပုဒ်ပေါင်းတထောင်ဟောလဲ ဒါမျိုးတွေ အကျိုးမရှိပါဘူးတဲ့။ ယံ၊ အကြင်ပုဒ်ကို။ သုတွာ၊ ကြားနာရသည် ရှိသော်။ ဥပသမ္မတိ၊ ရာဂစသည် ငြိမ်း၏။ ယံ အတ္ထပဒံ၊ ထိုရာဂငြိမ်းစရာ အနက်ပါသော ပုဒ်သည်။ ဧကမ္ပိ၊ တပုဒ်ပင် ဖြစ်သော်လည်း။ သေယျော၊ အမြတ်တကာတွင် ခေါင်ကဖုံး၍ အမြတ်ဆုံး တရားတော်ကြီး ဖြစ်ပါပေတော့သတည်း။

သာဓု....သာဓု....သာဓု....။

တရားတော့တရားပါဘဲ။ ပလ္လင်ပေါ်ကနေ အဆိုအငိုတွေ တောဘွဲ့ တောင်ဘွဲ့တွေနဲ့ ဟောနေယင် အနှစ်ရှိ ကြ ရဲ့လား ဒို့ပရိသတ်ကြီး (မရှိပါဘူးဘုရား)။ အဲ-မရှိဘူး။ အဲဒီ တရားကို မြတ်စွာဘုရားက အဆင့်မြင့်တဲ့တရားလို့ ဟောသလား၊ အဆင့်နိမ့်တဲ့တရားလို့ ဟောသလား(အဆင့်နိမ့်တဲ့ တရားလို့ ဟောပါတယ်ဘုရား)။ အော်-အဲဒီလို တရားပွဲမျိုး သွားလိုက်ရယင် ဖြင့် ကိုယ်ကော ဘာပရိသတ် ဖြစ်သွားမတုန်း၊ အဆင့်မြင့်တဲ့ ပရိသတ်လား၊ နိမ့်တဲ့ပရိသတ်လား (နိမ့်တဲ့ပရိသတ်ပါဘုရား)၊ နိမ့်တဲ့တရားကို နာယင် နိမ့်တဲ့ပရိသတ် ဖြစ်မှာပေါ့။ ဒါ ဘုန်းကြီးက ပြောတာမဟုတ်ဘူးနော်။

တရားလေး တခါနာရတာနဲ့

ဒို့ လူတွေသတ်နေတဲ့ တမ္ဗဒါဌိကကြီး ဆိုပါစို့၊ တရားလေးတပုဒ် နာရတာနဲ့ တုသိတာ နတ်ပြည်ရောက်သွားတယ်ဆိုတော့ ရဟန်းတွေက ဟုတ်ပါ့မလား ဘုရား၊ ရောက်နိုင်ပါ့

မလား၊ တသက်လုံးက ဆိုးပေတေလာတဲ့ဥစ္စာ၊ လူတွေသတ်လာတဲ့ ဥစ္စာဘဲ၊ အခု တခါလေး တရား နာတာနဲ့ ရောက်သလား ဘုရားဆိုတော့ မြတ်စွာဘုရားက ‘ငါဘုရားတရားတော်ဟာ တောဘွဲ့ တောင်ဘွဲ့ အဆိုအငိုတွေနဲ့ ဒီလိုအကျိုးမရှိတာတွေကို ပုဒ်ပေါင်း တထောင်နာလဲ အကျိုးကျေးဇူးမရှိပါဘူး ချစ်သားတို့တဲ့၊ ကျေးဇူးရှိတဲ့ တရား၊ အနှစ်သာရရှိတဲ့ တရားနာလိုက်ရမယ်ဆိုယင်ဖြင့် နဲတယ် များတယ် မရှိပါဘူးတဲ့၊ တပုဒ် တဂါထာ နာရုံနဲ့လဲဘဲ ငါဘုရား တရားတော်သည် လူ့ချမ်းသာ နတ်ချမ်းသာတွေ ရနိုင်တယ်၊ ဒါတင် မကသေးဘူး၊ နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ပါတယ်’တဲ့။ ဒါရုစိရိယတို့ဆိုယင် ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ တပုဒ်ထဲနဲ့ ရောက်သွားတာဘဲ၊ အဲဒါကြောင့် တရားစစ် တရားမှန် အနှစ်ကလေးတွေ လိုတယ်လို့ဒို့ပရိသတ်ကို ဒီလိုပြောရတယ်။ ဒီနေ့ အကာနဲ့ အနှစ်နဲ့ခွဲပြီးတော့ အနှစ်ရှာကြစို့။

ဒို့ ဒသကနိပါတ်ဇာတ် အဋ္ဌကထာ၊ ကဏှဇာတ်မှာ ဟောထားတယ်။ တချိန်တုန်းက ဒို့အလောင်းတော်က သူဌေးသားလေး ဖြစ်ခဲ့တယ်။ အဲဒီ သူဌေးသား ဖြစ်စဉ်အခါတုန်းက မိဘဘိုးဘွားတွေ သေဆုံးသွားကြတော့ သူ့ရဲ့ စာရင်းကိုင်တွေကပစ္စည်းတွေ သူ့ကို အပ်ကြတယ်၊ အရှင့်သား....ဟောဒီမယ်ရွှေတိုက်၊ ဟောဒါက ငွေတိုက်၊ ဟောဒါက ပတ္တမြားတိုက်၊ ဟောဒါက ဆင် မြင်း ကျွဲ နွား တွေလို့ အဲဒီလို ဥယျာဉ် ခြံ မြေကွန်း ကျင်း မလပ် အပ်ကြတော့ သူက စဉ်းစားတယ်။ ဪ–ဒီပစ္စည်းတွေ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် မိဘ ဘိုးဘွားတွေစုဆောင်းသွားလိုက်ကြတာ၊ အမောင်တို့ ဒီပစ္စည်းတွေ သူတို့

ယူမသွားကြဘူးလားလို့ မေးတော့၊ အရှင့်သား....သေတဲ့လူဆို တာ ပစ္စည်းကို ယူသွားတဲ့ လူရယ်လို့ မရှိပါဘူးတဲ့။ ဒီတော့ စဉ်းစားတယ်၊ ဩော်....သေသွားတော့ ဒီပစ္စည်းတွေ ကိုယ့် နောက်လဲမပါဘူး၊ ဒီပစ္စည်းတွေ စုဆောင်းသွားကြတဲ့ မိဘ ဘိုးဘွားတွေလဲ မရှိတော့ဘူး၊ ပစ္စည်းတွေကတော့ ရှိနေတယ်၊ ဒီပစ္စည်းတွေ ကိုယ့်နောက် မပါယင် ဘာများ အနှစ်သာရရှိ တုန်းလို့ အဲဒီလို စဉ်းစားတယ်၊ အခု သူတို့ စုသွားတဲ့ ပစ္စည်း တွေသာ ရှိတော့တယ်၊ သူတို့ မရှိတော့ဘူး။ တခါတရံလဲ ပစ္စည်း က လူကိုစွန့်တယ်၊ တခါတရံမှာ လူက ပစ္စည်းကို စွန့်ရတယ်လို့ အလောင်းတော်လေးက ဒီနေရာမှာ ဆင်ခြင်တော်မူတယ်။

## သေရာ မပါ

ယေဟိ ဓနံ ခနံ ဥပ္ပါဒိတံ၊ တေ န ပညာယန္တိ၊ ဓနမေဝ ပညာယတိ။

ယေဟိ၊ အကြင်သူတို့သည်။ ဓနံခနံ၊ ဤဥစ္စာစုကို။ ဥပ္ပါဒိတံ၊ ဖြစ်စေအပ်ခဲ့ပြီ။ တေ၊ ထိုဥစ္စာကို စုဆောင်း သိမ်းဆည်း၍ သွားကြကုန်သော ငါ့မိ ငါ့ဘ ငါ့ဘိုး ငါ့ဘွားတို့သည်။ န ပညာယန္တိ၊ ယခုအခါ၌ မထင်ကြတော့ကုန်။ ဓနမေဝ၊ ပစ္စည်း ဥစ္စာသည်သာလျှင်။ ပညာယတိ၊ ထင်၏။

ဩော်....ငါ့မိဘ ဘိုးဘွားတွေက မရှိတော့ဘူး၊ ပစ္စည်းတွေ ကတော့ ကျန်ရစ်တယ်၊ စုဆောင်းတုန်းကတော့ သူတို့စုဆောင်း တာ၊ ပြီးတော့ ပစ်ထားခဲ့ရတာဘဲ၊ ဒါဖြင့် ဘာများ အသုံး ကျတုန်းလို့။

ကောပိ ဣဓံဝနံ ဂဟေတွာ
(ပရလောကံ) ဂတောနာမ နတ္ထိ။

ကောပိ၊ တယောက်သော သူမျှလည်း။ ဣဓံဝနံ၊ ဤဥစ္စာစုတို့ကို။ ဂဟေတွာ၊ ယူဆောင်၍။ (ပရလောကံ၊ တမလွန်လောကသို့)။ ဂတောနာမ၊ သွားသောသူမည်သည်။ နတ္ထိ၊ မရှိပါချေတကား။

ဩြော်–ဒီပစ္စည်းတွေ ယူသွားတဲ့လူဆိုတာ ရှေးကလဲ မရှိဘူး၊ အခုလဲ မရှိဘူး၊ နောက်လဲ ရှိမှာမဟုတ်ဘူးတဲ့၊ ဒီတော့ ဒီပစ္စည်းတွေ အနှစ်လား အကာလား ဆိုတာ အလောင်းတော်လေးက ဆင်ခြင်နေတယ်၊ ဒါလေးကိုလဲ နည်းယူရမယ် ဆင်ခြင်လိုက်တဲ့အခါ ဘာတွေ့လာလဲဆိုတော့—

### ပစ္စည်းဥစ္စာရဲ့ အနှစ်ဆိုတာ ဒါန

ပဉ္စန္နံ ဝေရာနံ သာဓာရဏဘာဝေန
ဟိ အသာရဿ ဓနဿ ဒါနံ သာရော။

ဟိ၊ မှန်လှပါပေ၏။ တကတဲ အမှန်အစစ်ကိုတွေ့တော့အဟုတ်ကိုပြောတော့မယ်တဲ့။ ဟိ၊ မှန်လှပါပေ၏။ ပဉ္စန္နံ-ဝေရာနံ၊ ရေ မီး မင်း ခိုးသူ မချစ်မနှစ်သက်အပ်သော အမွေခံသားဆိုး သမီးဆိုးဟူသည့် ရန် သူ မျိုး ငါးပါးတို့နှင့်။ သာဓာရဏဘာဝေန၊ အမြဲဆက်ဆံနေသည်၏ အဖြစ်ကြောင့်။ အသာရဿ၊ အနှစ်သာရ ဘာမျှမရှိသော။ ဓနဿ၊ ပစ္စည်းဥစ္စာ၏။ သာရော၊ အနှစ်သာရကား။ ဒါနံ၊ အလှူဒါနပါပေတည်း။

## ငါပိုင် မရှိ

ဒါလေးကို ဒို့ပရိသတ်ကြီး ပြန်စဉ်းစားပြီး ကြည့်ရမယ်။ မိမိတို့လဲ ပစ္စည်းဥစ္စာတွေနဲ့ နေကြတော့ ဒီထဲမှာ အနှစ်ရှာရမယ်၊ အလောင်းတော်လေးက စဉ်းစားတယ်၊ ဩော်-မြေတွေ လယ်တွေ အိမ်တွေ တိုက်တွေ တာတွေ စိန် ရွှေ ကျောက်မျက် ရတနာတွေ ပစ္စည်းတွေဆိုတာ ရန်သူမျိုး ငါးပါးနဲ့ ဆက်ဆံနေတာတဲ့၊ ရေနဲ့ ဆက်ဆံတယ်၊ မီးနဲ့ ဆက်ဆံတယ်၊ မင်းနဲ့ ဆက်ဆံတယ်၊ ခိုးသူဓါးပြနဲ့ ဆက်ဆံတယ်၊ အမွေခံ သားဆိုး သမီးဆိုးနဲ့ ဆက်ဆံတယ်တဲ့၊ သူ့စိတ်ထဲမှာ ဒီလိုပေါ်လာတယ်။ အခု ဒီပစ္စည်း ဥစ္စာတွေ ကြည့်စမ်းတဲ့။ ဒို့ ရေနီးတဲ့ နေရာတွေ ဆိုယင် ရေတွေကြီးလို့ လှိုင်းပုတ်လို့ ပစ္စည်းဥစ္စာတွေ ရေထဲပါပြီး ပျက်စီးကြရတယ်၊ ဒါတွေ အများကြီးဘဲ၊ တချို့လဲဘဲ သင်္ဘော ပေါ် ပါသွားယင်း ရေထဲကျသွားလို့ မြုပ်သွားတာတွေလဲ အများကြီးဘဲတဲ့၊ ဩော်-ဒီပစ္စည်း ဥစ္စာတွေဟာ ရေနဲ့ အမြဲ ဆက်ဆံနေတာဘဲ၊ ငါပိုင်မရှိဘူး၊ ငါ့ဥစ္စာမဟုတ်ဘူး၊ မီးတွေလာလဲ မီးနောက်လိုက်သွားမှာတဲ့၊ ဒါကြောင့် အနှစ်သာရမရှိဘူး၊ မင်းက သိမ်းယင်လဲ ပါသွားမှာ၊ ပေးလိုက်ရမှာဘဲတဲ့။ သူခိုးဓါးပြတွေနဲ့ တွေ့လဲ ပေးလိုက်ရမှာ ပါသွားမှာ။ အမွေခံ သားဆိုး သမီးဆိုးတွေကယူလဲ ပေးလိုက်ရမှာ ပါသွားမှာတဲ့။ ဩော်-ဒီရန်သူမျိုး ငါးပါးနဲ့ ဆက်ဆံနေတဲ့ ပစ္စည်းတွေဟာ အနှစ်သာရမရှိဘူး၊ အကာတရားတွေလို့ ဒီလိုမြင်လာတယ်။

ကိုင်း-ဒို့ ပရိသတ်တွေ ပစ္စည်းဥစ္စာတွေဟာ အနှစ်လား အကာလား (အကာပါဘုရား)၊ အကာတရားတွေတဲ့။ ဒါဖြင့်

အနှစ်မရှိတော့ဘူးလား ဆိုတော့ အနှစ် ထုတ်ယူယင် ဘာရမတုန်း၊ ဒါနပြုတဲ့။ ပစ္စည်းထဲက အနှစ်ထုတ်ချင်ယင် ဘာလုပ်ရမလဲ ဒီပစ္စည်းတွေကို လှူပါတဲ့။ အဲဒီလို လှူလိုက်တဲ့အခါကျတော့ ရလာတဲ့ မိမိတို့ကုသိုလ်လေး ရေထဲ ပါနိုင်သေးရဲ့လား၊ မီးကောလောင်နိုင်သေးရဲ့လား၊ မင်းကော သိမ်းနိုင်သေးရဲ့လား၊ သူခိုး ဓါးပြကော ယူနိုင်သေးလား၊ သားဆိုး သမီးဆိုးတွေကော ဖျက်ဆီးနိုင်သေးရဲ့လား၊ မယူနိုင် မဖျက်ဆီးနိုင်ဘူးတဲ့။ ဒါကြောင့်–

ဥစ္စာထဲမှာ၊ အနှစ်ရှာ၊ တွေ့တာ ဒါနဘဲ။

ဒါလေးလိုက်ဆိုရမယ်—

ဥစ္စာထဲမှာ၊ အနှစ်ရှာ၊ တွေ့တာ ဒါနဘဲ။
(ဥစ္စာထဲမှာ၊ အနှစ်ရှာ၊ တွေ့တာ ဒါနဘဲ။)

## ခန္ဓာကြွေတော့ မြေသြဇာ

ဥစ္စာထဲ အနှစ်ရှာတတ်ကြပြီလား၊ ဥစ္စာထဲရှိတဲ့ အနှစ်က ဘယ်သူတုန်း (ဒါနပါဘုရား)။ ဒါကြောင့်မို့ ဒီမှာဘော့ ဒါနတွေပြုလှူနေကြတယ်၊ တကယ့်အနှစ်တွေ ကိုယ်ပိုင်တွေဘဲ။ စိန်၊ ရွှေ၊ ငွေဆိုတာတွေကတော့ ထိုက်ရာသွား ထိုက်ရာမှာ နားမှာတဲ့၊ ဘယ်သူ့ဘို့ရယ်လို့ မဟုတ်ဘူး၊ ခန္ဓာကြွေတော့ မြေသြဇာ၊ ပစ္စည်းစုတော့ ထိုက်သူ့ဘို့တဲ့၊ ဒါကြောင့်မို့ သြော်- ပစ္စည်းဥစ္စာတွေဟာ အကာတွေတဲ့၊ အကာတွေထဲက အနှစ်ထုတ်လိုက်တော့ ဒါနတရားပေါ့။ ပစ္စည်းထဲက အနှစ်တခုတော့ တွေ့ပြီ။ ကောင်းပြီ။ ပစ္စည်းတွေကိုတော့ အကာလို့ဆိုပြီ၊ ဟောဒီ မိမိတို့ရထားတဲ့ ခန္ဓာကိုယ်ကြီးခေါ်တဲ့ ခန္ဓာ ၅-ပါး

ချုပ်နှာခံဘာသွားတွေကတော့- အကာသလား၊ အနှစ်လား ဆိုယင် ဘာပြောကြမတုန်း (အကာတွေပါဘုရား)၊ အကာတွေတဲ့။ အကာကို အနှစ်ထင်နေကြတာ၊ ပူပြင်နေရတာဘဲ၊ သံခါရတရားဆိုတာ ဒါခေါ်တာဘဲ။ မနက်လင်းကတဲက မျက်နှာသစ်တဲ့၊ တော်ကြာ ဖီးဟဲ့ လိမ်းဟဲ့ ဂေါ်ဖီသောက်ဟဲ့ တော်တော်ကြာ လက်သီး လက်မောင်း တန်းပြီး အညောင်းဆန့်ရ၊တော်ကြာထိုင်ရာက ထရ၊ညောင်းလွန်းလို့ ကုလားထိုင်ပေါ် ပက်လက်လှန်ရနဲ့ ပူပြင်ပေးနေရတာတွေဟာ သံခါရတွေတဲ့။ ဒါလောက်တောင် ယုယပူပြင်ပေးနေရတဲ့ ခန္ဓာကြီးဟာ အနှစ်လား အကာလားလို့ ဒီ အလောင်းတော်ကလေး စဉ်းစားလိုက်တော့....

ခန္ဓာကိုယ်ရဲ့အနှစ်က ကိုယ်ကျင့်တရား

ဗဟုရောဂ သာဓာရဏဘာဝေနဟိ
အသာရဿ သရီရဿ သီလဝန္တေသု
အဘိဝါဒနာဒိကမ္မံ သာရော။

ဟိ၊ မှန်လှပေ၏။ ဗဟုရောဂသာဓာရဏဘာဝေန၊ ၉၆-ပါးသော အနာရောဂါများနှင့် အမြဲမပြတ် ဆက်ဆံနေသည်၏ အဖြစ်ကြောင့်။ အသာရဿ၊ အနှစ်မရှိသော။ သရီရဿ၊ ကိုယ်ခန္ဓာ၏။ သာရော၊ အနှစ်သာရကား။ သီလဝန္တေသု၊ သီလရှိကုန်သော သူတော်ကောင်းတို့၌။ အဘိဝါဒနာဒိကမ္မံ၊ ရှိသေမြတ်နိုး ရှိခိုးခြင်းအမှု ဖြစ်သည်ပင်တည်း။

ကြည့်-ဒီခန္ဓာကြီးက လဲဘဲ ၉၆-ပြား ဘေးရောဂါတွေနဲ့ ဆက်ဆံနေတာတဲ့။ ဆက်ဆံပြီးတော့ နေခြင်းကြောင့် သူလဲ

အနှစ်သာရ မရှိဘူးတဲ့။ ၉၆-ဖြာ ဘေးရောဂါ လက်နက်တွေ ပြည့်စုံတဲ့ မရဏာသန္တမင်းကြီးက ခေါ်လိုက်ယင်ဖြင့် နေ့မဆိုင်း ညမဆိုင်း ပစ်ခတ် ဖြတ်ပိုင်းလိုက်လို့ရှိယင် အခုချက် ခြင်း ဘုံးဘုံးလဲပြီး သေရမှာတဲ့၊ ဘာမှ အနှစ်သာရ မရှိဘူး၊ ကိုယ်လဲ မပိုင်ပါလား၊ သေမင်းကြီးပိုင်တယ်။ အခု တရား နာနေရင်း နင်တို့အိမ်မပြန်နဲ့၊ အခု ဟောဒီနား လေဖြတ်ပြီး လဲသေလိုက်ဆိုလဲ သေလိုက်ရမှာတဲ့။ ကိုယ်မပိုင်ဘူး၊ ဘယ်နေ့ သေရမယ်လို့လဲ မသိဘူး၊ ဒို့တတွေဘယ်နေ့ နေရအုံးမယ်လို့လဲ မသိဘူး၊ နက်ဖြန်ခါကျ သေဆိုယင် သေရမှာတဲ့။

## ခန္ဓာကိုယ် အိမ်သာကြီး

ဒါကြောင့် ကိုယ်မပိုင်တဲ့ ဘာမှအနှစ်သာရမရှိတဲ့ ဒီခန္ဓာကြီးထဲက အနှစ်ထုတ်လိုက်တော့ ဘာရတုန်းဆိုတော့ သီလခေါ်တဲ့ ကိုယ်ကျင့်တရားတွေ ရတယ်။ ခန္ဓာထဲက အနှစ်ထုတ်တော့ ဘာရတုန်း ပရိသတ်တွေ(သီလပါဘုရား)၊ သီလရတယ်တဲ့။ ဪ-ဒို့ခန္ဓာမှာ ဒီခန္ဓာကြီးဟာ ကိုယ်လဲ မပိုင်ပါလား၊ ၉၆-ဖြာ ဘေးရောဂါတွေနဲ့ အမြဲတန်းဆက်ဆံပြီး သေမင်းပိုင်နေတဲ့ ခန္ဓာကြီးကို၊ ဒို့က ယုယနေတာတဲ့၊ ဒီခန္ဓာကြီးမှာ ခေါင်းပေါ်မှာရှိတဲ့ သန်းတွေက ဒီအပေါ်မှာ အိမ်ဆောင်ပြုကြတယ်၊ ဒီအပေါ်မှာ ကျင်ကြီးကျင်ငယ်တွေ စွန့်ကြနဲ့ ဒို့နေရာ အိမ်ကြီး တိုက်ကြီးဘဲလို့ သဘောထားကြတယ်၊ လူဝဝဆို တိုက်ကြီးကြီးပေါ့လေ၊ ၉-ခန်းတိုက်ကြီး ရထားပီလို့ ထင်ကြမှာပေါ့။ လူပိန်ပိန်ကျတော့ နံနံသေးမှာပေါ့။ သန်းတွေက ခေါင်းပေါ်က နေပြီးတော့ ရွာတည်နေကြတယ်၊ မျက်စိထဲ

ရှိတဲ့ မိုးတွေက မျက်စိထဲမှာ ရှာတည်နေကြ၊ ဝမ်းထဲမှာရှိနေတဲ့ ပိုးတွေက ဝမ်းထဲမှာ ရှာတည်ကြနဲ့ အစိုးရဆီ ဂရမ်မယူရဘဲ ပိုင်နေကြတယ်။ ဒါဖြင့် ဒိုခန္ဓာတွင်းမှာရှိနေတဲ့ ပိုးတွေ ကျင်ကြီး ကျင်ငယ်များ စွန့်ချင် ဘယ်သွားသေးတုန်း၊ တခြားသွားသေး လား၊ ဒီအထဲတင် စွန့်သလား(ဒီထဲတင် စွန့်ပါတယ် ဘုရား)၊ ဪ- ဒါဖြင့် ဒိုခန္ဓာကိုယ်ကြီးက အိမ်သာကြီးနဲ့ မတူဘူးလား (တူပါတယ်ဘုရား)၊ ဘယ်သူ့ရဲ့ အိမ်သာနဲ့ တူတုန်း၊ ပိုးကောင် တွေရဲ့ အိမ်သာတဲ့၊ ဪ-သူတို့ ဖျားနာတော့ကော ဘယ်ထဲ ဖျားကြတုန်း(ဒီအထဲမှာပါဘဲဘုရား)၊ဒါဖြင့် ဒိုခန္ဓာအိမ်ကြီးက ပိုးတွေရဲ့ သူနာအိမ်ကြီးနဲ့ မတူဘူးလား (တူပါတယ်ဘုရား)၊ ဪ-ဒိုခန္ဓာကြီးက ပိုးတွေရဲ့ သူနာအိမ်ကြီးပါဘဲတဲ့။ ဒါထဲက တယောက်နဲ့တယောက် ပြိုင်ကြဆိုင်ကြ မာန်တွေတက်နေကြနဲ့ သေတော့ ဘယ်သွားသေကြတုန်း (ဒီထဲမှာပါဘုရား)။

ဪ- ဒါဖြင့် ဒိုခန္ဓာကြီးက သုသာန်ကြီးနဲ့ မတူဘူးလား (တူပါတယ်ဘုရား)။ ဒါကြောင့် ဒီခန္ဓာကြီးဟာ ဘာတခုမှ အနှစ်သာရ မရှိဘူးလို့ အလောင်းတော်လေး စဉ်းစားတယ်။ ဒီခန္ဓာကအနှစ်ထုတ်ချင်ယင် ဘာလုပ်ရမတုန်းဆိုတော့ သီလကို လုံခြုံအောင် စောင့်ထိန်းရမယ်။ သီလဆိုတာ ဝတ်ကြီးဝတ်ငယ် တွေပြုနေယင် သီလထဲဝင်ပါတယ်၊ 'ဝတ္တံ ပရိပူရေန္တော သီလံ· ပရိပူရတိ'လို့ ဝိနည်းဒေသနာ စူဠသခန္ဓကဝဂ်မှာ ဟောထား တယ်။ ဝတ်ကြီး ဝတ်ငယ်တွေ ပြုနေတယ်ဆိုယင် သီလကို ဖြည့်ကျင့်နေတာပါဘဲတဲ့။

## ခန္ဓာ၏ အနှစ်

ဒါကြောင့် ဒီမှာ ခု ဝေယျာဝစ္စ လုပ်နေတဲ့ သူတွေဟာ အံ့သြစရာလဲ ကောင်းပါတယ်၊ ပါရမီထူးတွေရှိလို့ လုပ်နိုင်တာဘဲ၊ ဒါတွေလဲ သူတို့ ပါရမီတွေ ဖြည့်နေဘာဘဲ၊ ကုသိုလ်ကောင်းမှုတွေ ဖြည့်စွမ်းနေဘာဘဲ၊ အဲဒီထဲက နေပြီးတော့ ဟောဒီခန္ဓာထဲက နေပြီးတော့ အနှစ်တွေ ထုတ်နေကြတာလို့ ဆိုရပါတယ်၊ ခန္ဓာထဲက အနှစ်ထုတ်တော့ ဘာရတယ်(သီလရပါတယ်ဘုရား)၊ ပစ္စည်းထဲက အနှစ်ထုတ်တော့ ဘာရတုန်း (ဒါနရပါတယ်ဘုရား)။ ကိုင်း ဆို—

ခန္ဓာထဲမှာ၊ အနှစ်ရှာ၊ တွေ့တာ သီလဘဲ။
(ခန္ဓာထဲမှာ၊ အနှစ်ရှာ၊ တွေ့တာ သီလဘဲ။)

ခန္ဓာထဲက အနှစ်ထုတ်တော့ အနှစ်က ဘာရတုန်း-သီလ။ ဒါထဲက အဲဒီ ခန္ဓာကြီးက ကြက်သားဟင်း စားချင်တယ်၊ သတ်ပြီးချက်ကျွေးပါဆိုလို့ သတ်ယင် သီလလုံသေးလား (မလုံတော့ပါဘုရား)၊ ဩော် ခန္ဓာကြီးရဲ့အလိုကိုလိုက်လို့ အကြိုက်ကိုပြုပေးနေရတယ်၊ အဲဒီလိုလုပ်ပေးနေရလို့ရှိယင် အကာကိုဆင်နေတာလား၊ အနှစ်ကို ဆင်နေတာလား (အကာကို ဆင်နေတာပါဘုရား)၊ ဩော်-နင့်အလိုကို လိုက်လို့ရှိယင် ငါ့မှာ အပါယ်နစ်အုံးမှာတဲ့၊ ဒါကြောင့် ခန္ဓာထဲက အနှစ်ရှာတော့-သီလတဲ့။ ဒီအသက်ဆိုတာလေး ရှိတယ်၊ အဲဒီ အသက်ကလေးထဲက အနှစ်ရှာကြည့်တော့ ဘာတွေ့တုန်းဆိုယင်—

အနိစ္စာဘိ ဘူတဘာဝေန အသာရဿ ဇီဝိတဿ
အနိစ္စာဒိဝသေန ဝိပဿနာယောဂေါ သာရော။

အလောင်းတော်လေး ဆင်ခြင်နေတာတဲ့။ အနိစ္စာဘိ ဘူတဘာဝေန၊ အနိစ္စတရားက အချိန်ရှိသ၍ နှိပ်စက်အပ်သည်၏အဖြစ်ကြောင့်။ အသာရဿ၊ အနှစ်မရှိသော။ ဇီဝိတဿ၊ အသက်၏။ သာရော၊ အနှစ်သာရကား။ အနိစ္စာဒိဝသေန၊ အနိစ္စ စသည်၏အစွမ်းဖြင့် (ဝါ) အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ဝိပဿနာယောဂေ ါ၊ ဝိပဿနာရှုခြင်းပင်တည်း။

## အသက်ထဲက အနှစ်

အသက်ကလေးဆိုတာ ရှိတယ်၊ အဲဒီ အသက်ထဲက အနှစ်ထုတ်ယူချင်ယင် ဘာတုန်းဆိုတော့ အနိစ္စ ဒုက္ခ အနတ္တအားဖြင့်ဝိပဿနာရှုတာပါဘဲတဲ့။ ဒီအသက်ကလေးဟာလဲဘဲ အချိန်ရှိသမျှ အနိစ္စ ဒုက္ခ အနတ္တတရားက နှိပ်စက်နေတာတဲ့၊ ဒါကြောင့် ဒီအသက်ကလေးကိုလဲ အနှစ်ရှိတယ်လို့ မဆိုနိုင်ဘူးတဲ့၊ အဲဒီအထဲက အနှစ်သာရထုတ်လိုက်ယင်ဖြင့် ဝိပဿနာရှုပါလို့ ဒီလိုဆိုထားတယ်။ ဒီတော့ ဘာကြောင့် အသက်ရဲ့ အနှစ်က ဝိပဿနာလို့ ဆိုထားရလဲဆိုတော့ အသက်မရှိယင် ဝိပဿနာရှုလို့ရသေးရဲ့လား(မရပါဘုရား)။ဒါကြောင့်မို့ အသက်ကလေးရှင်နေစဉ် အနှစ်သာရထုတ်ယူပါတဲ့။ ကဲ လိုက်ဆို—

အသက်ထဲမှာ၊ အနှစ်ရှာ၊ တွေ့တာ ဝိပဿနာဘဲ။
(အသက်ထဲမှာ၊ အနှစ်ရှာ၊ တွေ့တာ ဝိပဿနာဘဲ။)

အသက်ထဲက အနှစ်ရှာတော့ ဘာတွေ့တုန်း (ဝိပဿနာပါဘုရား)၊ ကဲ-ဒီတော့ ဒို့ယောဂီတွေ အသက်ထဲက အနှစ် မတွေ့ကြရဘူးလား (တွေ့ရပါတယ်ဘုရား)၊ ဟြော်-ဒါကြောင့် ဒို့တတွေ သာသနာတော်နဲ့ တွေ့ရကျိုး နပ်ပြီလို့ ဒီလို မှတ်ထား

ရမယ်၊ ပြီးတော့ သာသနာဆိုတာ ရှိသေးတယ်။ မြတ်စွာဘုရား၏ အဆုံးအမကို ဘာခေါ်တုန်း-သာသနာလို့ခေါ်တယ်။ ဆုံးမတာ ဘာတွေတုန်း-သီလ သမာဓိ ပညာဆိုတဲ့ သာသနာသုံးရပ်ပါဘဲ။ အဲဒီ သာသနာထဲကလဲ အနှစ်ရှာရမယ်တဲ့၊ အနှစ်ရှာလိုက်တော့ မဂ် ဖိုလ်ရတယ်၊ သာသနာ၏ အနှစ်ကိုရှာတော့ ဘာရတုန်း (မဂ် ဖိုလ်ပါ ဘုရား)။ ကိုင်း လိုက်ဆို—

## သာသနာထဲက အနှစ်

သာသနာမှာ၊ အနှစ်ရှာ၊ တွေ့တာ မဂ် ဖိုလ်ဘဲ။

(သာသနာမှာ၊ အနှစ်ရှာ၊ တွေ့တာ မဂ် ဖိုလ်ဘဲ။)

ကိုင်း- ဒါလေးပြန်ရှင်းကြအုံးစို့။ သေသေချာချာ နားလည်အောင် မှတ်ကြ၊ ပျင်းစရာကောင်းတယ်လို့ မအောက်မေ့ကြနဲ့၊ ပစ္စည်း၏အနှစ်က ဘယ်သူလဲ-ဒါန။ ဒါနသည် ဘယ်သူ့အနှစ်လဲ-ပစ္စည်း၏အနှစ်။ ဒါဖြင့် ခန္ဓာကိုယ်၏အနှစ်က ဘယ်သူတုန်း-သီလ။ သီလဟာ ဘယ်သူ့၏အနှစ်လဲ (ခန္ဓာကိုယ်၏အနှစ်ပါ ဘုရား)၊ ဒါဖြင့် အသက်၏ အနှစ်က ဘာတုန်း (ဝိပဿနာပါ ဘုရား)၊ ဝိပဿနာဟာ ဘယ်သူ့၏အနှစ်တုန်း(အသက်၏ အနှစ်ပါ ဘုရား)၊ ဒို့သာသနာတော်၏အနှစ်က ဘယ်သူတုန်း (မဂ် ဖိုလ်ပါ ဘုရား)

## သာသနာ၏အနှစ်ကို ရောက် မရောက်

ဒို့တတွေ သာသနာတော်ကြီး၏အနှစ်သဲ ရောက်ပြီလားလို့ ဒါလေး ပြန်ကြည့်ရမယ်၊ အင်း- ရောက်တဲ့လူတွေလဲ ရှိမှာဘဲ၊ မရောက်သေးတဲ့ လူတွေလဲ ရှိမှာဘဲ၊ ဒီတော့ ဆိုချင်တာက ဒါန

လောက်နဲ့ ကျေနပ်နေယင် ပစ္စည်းရဲ့ အနှင်ဘဲ ရောက်သေးယင် သာသနာရဲ့အနှစ် ရောက်ပြီလို့ ဆိုနိုင်ပြီလား (မဆိုနိုင်သေးပါ ဘုရား)၊ ဩော်–ဒါဖြင့် အဝေးကြီးလိုပါသေးလား။ ဒီ အနှစ် လောက်ကတော့ ဒိုမှာ ဘုရားမပွင့်ယင်လဲ ထုတ်ယူနိုင်တယ်၊ ပြီးတော့ ခန္ဓာကိုယ်ရဲ့အနှစ်က ဘယ်သူတုန်း–ကိုယ်ကျင့်သီလ။ ကဲ ဒီသီလလောက်နဲ့ တင်းတိမ်နေမယ်ဆိုယင် သာသနာတော်ရဲ့ အနှစ် ရောက်ပြီလား (မရောက်သေးပါဘုရား)၊ အဲ မရောက် သေးဘူး၊ အဲ့ဒါလဲ သတိထားရမယ်။ ဒိုကဲ နေ့တိုင်း ဥပုသ် စောင့်နေတာ သေရဲပါပြီဆိုယင် တကယ့်သာသနာရဲ့ အနှစ်ကို ရောက်ပြီလား-မရောက်သေးဘူး၊ ကုသိုလ်တော့ ရပါတယ်တဲ့၊ အနှစ်ခတော့ အနှစ်ပါဘဲ။ ဒါပေမယ့် သာသနာ့အနှစ် ဟုတ်ကဲ့ လား (မဟုတ်ပါဘုရား)၊ ဘယ်သူ့အနှစ်တုန်း- ခန္ဓာကိုယ်ရဲ့ အနှစ်။ ဒါဖြင့် ဝိပဿနာတွေ ရှုပွါးနေတာ ဘယ်သူ့ရဲ့အနှစ် တုန်း (အသက်ရဲ့အနှစ်ပါဘုရား)။ အသက်ရဲ့အနှစ်ဘဲ ရှိသေး တယ်တဲ့။ ဝိပဿနာတွေပွါးနေတာဟာ ဉာဏ်စဉ်မတက်သေးလို့ မဂ် ဖိုလ်ဆီ မရောက်သေးဘူးဆိုယင်ကော သာသနာတော်ရဲ့ အနှစ်ကို ရောက်ပြီလား (မရောက်သေးပါဘုရား)၊ အဲ့ မရောက် သေးဘူး၊ ဒါလေးကြည့်။ ဒိုက အောင်မယ်- ဝိပဿနာတွေ ပွားနေတာဘဲ ဘာကြောက်စရာရှိလဲလို့ အားကိုးတန်သလောက် တော့ အားကိုးရပါတယ်၊ တမဂ် တဖိုလ် မရောက်သေးယင် သာသနာတော်ရဲ့ အနှစ် ရောက်ပလား၊ မရောက်သေးလို့ရှိယင် တမဂ် တဖိုလ်ရအောင် ကြိုးစားရမယ်၊ ဟုတ်ပလား။ ဒါဖြင့် မြတ်စွာဘုရား ဟောထားတဲ့ သာသနာတော်ရဲ့အနှစ်က ဘာတွေ တဲ့တုန်း (မဂ်ဉာဏ် ဖိုလ်ဉာဏ်ပါဘုရား)။

## သစ်ပင်ပမာ သာသနာ

ဩြော်-ဒီ ဒါကြောင့်မို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက မဟာသာရောပမသုတ်ဆိုတာ ဟောထားတာ ရှိတယ်၊ သာသနာတော်ကို သစ်ပင်ကြီးနဲ့ ဥပမာပြုထားတယ်၊ ဘာနဲ့ ဥပမာပြုတုန်း(သစ်ပင်ကြီးနဲ့ပါဘုရား)၊ သစ်ပင် မြင်ဘူးကြမှာ ပေါ့၊ အေး-သစ်ပင်ကြီးတပင်မှာ (၁) အကိုင်းအခက်တွေ (၂) အပွေး။ (၁)က ဘာတုန်း(အကိုင်းအခက်ပါဘုရား)၊ (၂)က ဘာတုန်း (အပွေးပါဘုရား)၊ ၃-က အခုံအခေါက်တဲ့။ သုံးက ဘာတုန်း။ (အခုံအခေါက်ပါဘုရား)။ ၄-က အကာ၊ ၅-က အနှစ်။ ဘယ်နှစ်မျိုးရှိတုန်း၊ ၅-မျိုး။ အနှစ်က ဘယ်နံပါတ်ကျမှ ရောက်တုန်း ၅-ကျမှ။ အဲဒါလေး သတိထားရမယ်။ ဒါကြောင့် သာသနာတော်ကြီးကို သစ်ပင်ကြီးနဲ့ ဥပမာပြုပြီးတော့ မြတ်စွာဘုရားက အထူးတလည်ဟောထားတယ်၊ ဒီတော့ အကြင်ယောကျ်ားတယောက် အနှစ်ကိုလိုချင်လို့ သွားရှာတာ သူက အနှစ်နဲ့ အကာကိုလဲ မခွဲတတ်ဘူး၊ အနှစ်အကာ ခွဲတတ်တဲ့ အသိဉာဏ် ရှိရဲ့လား (မရှိပါဘုရား)၊ အသိဉာဏ်မရှိတဲ့ လူတယောက်က ငါတော့ဖြင့် သစ်ပင်ကြီးတပင်မှာ အသုံးအကျဆုံး အခိုင်အမာဆုံး အနှစ်ဆိုတာရှိတယ်၊အဲဒီသစ်ပင်ကြီးဆီသွားပြီး သူက အနှစ်မှတ်လို့ အကိုင်းတွေခုတ်ထမ်းလာတယ်တဲ့၊ အဲဒီလိုခုတ်ထမ်းလာလို့ရှိယင်သူ့မှာ အနှစ်တွေလား-အကာတွေလား (အကာပါဘုရား)၊ ဒါပေမယ့် သူ့စိတ်က ဘာထင်နေတုန်း၊ အနှစ်ထင်တယ်။ အဲဒါ အသိဉာဏ်ရှိလို့လား-မရှိလို့လား (မရှိလို့ပါဘုရား)၊ အဲဒီတော့ ဒ္ဒိပရိသတ်လဲဘဲ အကိုင်းကြီး အခက်ကြီး

သိမ်းသွားနေတာကို ငါ အနှစ်ရတာဘဲလို့ ဒီလို ထင်နေမစိုးလို့နော်....အဲဒါက နံပါတ်(၁)။

နောက်တယောက်ကသွားပြီး အနှစ်ရှာတာ။ သူ့ထက် နီးစပ်အောင်ဆိုပြီး၊ သူကအပွေးခွာထမ်းလာတယ်တဲ့၊ အဲဒီလို အပွေးထမ်းလာယင် ဒီပုဂ္ဂိုလ် အနှစ်တွေ့ရဲ့လား (မတွေ့ပါဘုရား)၊ လိုချင်တာက ဘာတုန်း (အနှစ်ပါဘုရား)၊ သူယူလာတာကကော အနှစ်ဟုတ်ရဲ့လား၊ ဒါပေမယ့် သူ့စိတ်ထဲမှာ ဘာထင်တုန်း- အနှစ်ထင်နေတယ်တဲ့။ ၂-ခု ပြီးသွားပြီ။

နောက်တယောက်က ဘာလုပ်တုန်းဆိုတော့ သွားပြီး အခွံအခေါက်တွေ ခွာထမ်းလာတယ်၊ အဲဒီလို အခွံအခေါက်တွေ ယူသွားတော့ အနှစ်ရောက်ပြီလား၊ မရောက်သေးဘူးတဲ့၊ သူလိုချင်တာက ဘာတုန်း-အနှစ်။ ဒါပေမယ့် သူက အနှစ်ရလာတယ်လို့ ထင်နေတယ်၊ ထင်မနေဘူးလား (ထင်နေပါတယ်ဘုရား)၊ ကြည့်စမ်း ဟိုကောင် အခွံအခေါက်တွေကို အနှစ်မှတ်လို့ ထမ်းသွားလိုက်တာ သနားစရာဘဲ၊ ပင်ပန်းလိုက်တာလို့ အသိဉာဏ်ရှိ ပုဂ္ဂိုလ်က ဒီလိုမြင်တယ်။

နောက်တယောက်က အကာတွေခွာပြီး ထမ်းလာတယ်၊ အဲသလို အကာတွေ ထမ်းသွားတော့ အနှစ်ရောက်ပလား- မရောက်သေးဘူးတဲ့၊ ဒါကြောင့်မို့ လိုချင်တာက အနှစ်။ တကယ် ဉာဏ်အမြင်နဲ့ ပြည့်စုံတဲ့သူကျတော့ အနှစ်ကိုအနှစ်မှန်းသိတာနဲ့ အနှစ်ကိုရှာပြီး ယူသွားတယ်တဲ့။

ဒီနေရာမှာ ပုဂ္ဂိုလ်ငါးဦးကို မြတ်စွာဘုရား ဒီလိုပြတယ်၊ ဒို့အကိုင်းအခက်နဲ့ ဘာနဲ့ တူသလဲဆိုတော့ ပစ္စည်းလေးပါးနဲ့ တူတယ်တဲ့။ ဒီနေရာမှာ တရားအားထုတ်နေကြတဲ့ ရဟန်း

ယောဂီ လူယောဂီတွေအဖို့ တကယ်အနှစ်သာရဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်အောင် မကြိုးစားပါဘဲနဲ့ ပစ္စည်းလေးပါး လာဘ်လာဘပေါ်မှာ တင်ပြီး သာယာနေမယ် ဆိုယင်ဖြင့် ဒီ ပုဂ္ဂိုလ် ဘာထမ်းသွားတာနဲ့ တူသတုန်း (အကိုင်းအခက်ပါ ဘုရား)၊ အေး-အကိုင်းအခက်တွေ ထမ်းသွားတာနဲ့ တူတယ်တဲ့၊ ဒါလောက်တင် ကိစ္စပြီးပြီဆိုပြီး သာယာနေမယ်ဆိုယင် ဘယ် ပေါ်တင်နေသတုန်း-အကိုင်းအခက်ပေါ်မှာ။ အနှစ်နဲ့ နီးပလား (မနီးသေးပါဘုရား)၊ ဥပမာက ဘာနဲ့ ပြထားတုန်း- ဆွမ်း သင်္ကန်း ကျောင်း ဆေးဆိုတဲ့ပစ္စည်းလေးပါးတွေကို အကောင်း အောက်မေ့ပြီး ငါ့ကျောင်းကြီး ကောင်းအောင် ငါ့ကို ဒကာ ဒကာမတွေ ကြည်ညိုသူ ပေါ်အောင်ဟဲ့လို့ ဘယ်လောက်ဘဲ အားထုတ်နေနေ အဲဒီပုဂ္ဂိုလ် သာသနာတော်မှာ အနှစ်တွေ့ရ ပလား- မတွေ့ရသေးပါဘူးတဲ့။

## သီလ လောက်ပြည့်စုံရုံနဲ့ အနှစ်မတွေ့

နောက်တခုက ပစ္စည်းလေးပါး လာဘ်လာဘတွင် မဟုတ် သေးဘူး၊ တကယ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်အောင် အား မထုတ်ဘဲနဲ့ သီလလောက်လေး ဆောက်တည်ပြီး ပြည့်စုံပြီလို့ ထင်ပြီး ကျေနပ်နေမယ် လို့ဆိုယင်လဲ၊ ဒီပုဂ္ဂိုလ် အပွေးထမ်း သွားတဲ့လူနဲ့ တူတယ်တဲ့။ သီလနဲ့ ဘာနဲ့ တူသတုန်း (အပွေးနဲ့ တူပါတယ်ဘုရား)၊ သီလလောက်နဲ့ တင်းတိမ်နေယင် အနှစ် တွေ့ပလား (မတွေ့သေးပါဘူးဘုရား)၊ မတွေ့သေးပါဘူးတဲ့။

နောက်တယောက်- သမာဓိလေးလောက် အားထုတ်တယ်။ အားထုတ်တော့ စျာန်ရတယ်၊ အဲဒီ စျာန်သမာဓိလောက်နဲ့

ကျေနပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ အခွံအခေါက် ထမ်းသွားတာနဲ့ တူတယ်။ အဲဒီလူကော အနှစ်ရောက်ပလား (မရောက်သေးပါဘုရား)။ သမာဓိရရုံနဲ့ အနှစ်ရပလား (မရသေးပါဘုရား)၊ ဩော်·အခုနေမှာ သမာဓိ ဂိုဏ်းတွေက သိပ်ပေါနေတယ်နော်၊ ပုတီးစိပ်တာ ဘာထဲသွင်းကြမှတုန်း- သမထထဲ သွင်းမလား- ဝိပဿနာထဲ သွင်းမလား (သမထထဲသွင်းရပါမယ်ဘုရား)၊ အဲဒီ သမထဆိုတာ စိတ်တည်ငြိမ်ရုံလောက်ဘဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ရဲ့လား(မရနိုင်ပါဘုရား)၊ မရနိုင်ပါဘူးတဲ့။ ဒါကြောင့်မို့ သူ့မှာ သာသနာတော်ကြီးနဲ့ တွေ့ပါလျက်နဲ့၊ အခွံအခေါက် တွေ ထမ်းနေရှာတာလို့ ဉာဏ်အမြင်ရှိတဲ့ လူက ဒီလို မြင် သိ တယ်တဲ့။

## အဘိညာဉ်ရရုံနဲ့ အနှစ်မတွေ့

နောက်တယောက်က သူ့ထက်တိုးပြီး ကျင့်လို့ အဘိညာဉ်တွေ ရတယ်၊ အဲဒီလို အဘိညာဉ်ထူးတွေရအောင် ကျင့်တော့ အကာ ရောက်သွားပြီတဲ့၊ ဘယ်ရောက်သွားပြီတုန်း (အကာပါဘုရား)၊ အနှစ်တွေ့ရပလား (မတွေ့ရသေးပါဘုရား)၊ မတွေ့သေးပါဘူး တဲ့။ ဈာန်ရရုံ၊ အဘိညာဉ်ရရုံနဲ့ အနှစ်ရပြီလို့ ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါဘုရား)၊ အပယ်က လွတ်ပြီလို့ကော ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါဘုရား)၊ ဒေဝဒတ်ကြီးသေတော့ ဘယ်ရောက်တုန်း (အပါယ်ကျပါတယ်ဘုရား)၊ဩော်....သူ ဈာန်ကောမရဘူးလား (ရပါတယ်ဘုရား)၊ အဘိညာဉ်ကော မရဘူးလား (ရပါတယ် ဘုရား၊ အဘိညာဉ်ကကော အားကိုးလောက်ပလား(အားမကိုး လောက်သေးပါဘုရား)၊ အကာတွေမို့ ချလိုက်တာတဲ့။ အနှစ်

ကို အနှစ်မှန်းသိပြီးတော့ တကယ်တန်း ကြိုးစားလို့ မဂ်ဖိုလ်ဉာဏ် ရသွားမှ အနှစ်တွေ့ပါတယ်တဲ့။

## သာသနာတော်ကြီး စည်းကားအောင်

ဒါကြောင့်မို့ ဒီယောဂီတွေ အနှစ်တိုင်အောင် အားထုတ်ကြနော်၊ အဲဒီအနှစ်ကတော့ တောက်လျှောက်သွားလို့ရမလား ဆိုတော့ မရပါဘူးတဲ့၊ အဆင့်ဆင့် သွားရမယ်။ ပထမ သာသနာတော်ကြီး စည်ကားအောင်၊သစ်ပင်ကြီးတပင်စည်ကားတယ်ဆိုတာ အကိုင်းအခက်တွေ စည်ပင်မှ၊ ဟောဒီအပင်ကြီး နေပူ လေပူတွေ ခံနိုင်အောင် အပွေးကလဲရှိမှ၊ အခွံ အခေါက်ကလဲရှိမှ၊ အကိုင်းအခက်တွေကနေပြီး အပွေးကိုကျေးဇူးပြုရ၊ အပွေးကနေပြီးတော့ အခွံအခေါက်တွေဆီ ကျေးဇူးပြုရ၊ အခွံအခေါက်က တဆင့် အကာအနှစ်ကို ကျေးဇူးပြုတယ်။ ဒို့မလဲ ဒီလိုဘဲ မြတ်စွာဘုရား၏ သာသနာတော်ကြီးမှာ အကိုင်းအခက်နဲ့တူတဲ့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတွေ စည်ကားမှ။ ဘာလို့တုန်း ဆိုတော့ သစ်ပင်ကြီးတပင် အကိုင်းအခက်တွေမရှိယင် အရိပ်ခိုကိုးလို့ ရပါ့မလား၊ မရဘူးတဲ့။ နေပူထဲမှာ အရပ်လေးမျက်နှာကလာတဲ့ ပုဂ္ဂိုလ်တွေ ဒီအရိပ်ကြီးကို ခိုကိုးစရာ မရှိဘူး၊ အားမကိုးလောက်ဘူးတဲ့၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာလဲ ဆွမ်း ကျောင်း ဆေးသင်္ကန်းဆိုတဲ့ အကိုင်းအခက်တွေ ချို့တဲ့နေယင် အမျိုးလေးပါး အရိပ်မခိုကိုးလောက်ဘူးတဲ့၊ ဒီသာသနာတော်ကြီးရဲ့ အကိုင်းအခက်တွေ ဆွမ်းတွေ ကျောင်းတွေ ပြည့်စုံယင် ခိုကိုးလာကြတဲ့ ပုဂ္ဂိုလ်တွေ

မှာလဲ အင်မတန် ချမ်းသာပါတယ်တဲ့၊ ခိုကိုးတဲ့ ပုဂ္ဂိုလ်တွေလဲ များလာတယ်။

## ပါရမီအဆင့်ဆင့် ဖြည့်ဆည်းကျင့်

ဒါကြောင့်မို့ အဲဒီသာသနာတော်မှာ အခက်အလက်တွေနဲ့ ဖြည့်စုံအောင်လို့ ဒို့ဘုရား ပါရမီဖြည့်စဉ် အခါကတဲက ဒါန ပါရမီက စ-ဖြည့်ခဲ့သည်၊ ဒီက စရပါတယ်တဲ့၊ အခု ဒီမှာ ဒါန သီလ ဝေယျာဝစ္စတွေ လုပ်နေကြတယ်၊ နောက် သမာဓိ ပညာတွေ အားထုတ်နေကြတယ်၊ အနှစ်တိုင်အောင် သွားကြ မလို့တဲ့။ ဒို့ပရိသတ်ကြီး ဒီနေရာမှာ သာဓကလေးတခု ထုတ်ပြကြဦးစို့။ တခါတုန်းက မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်ကြီးမှာ သီတင်းသုံး နေတော်မူတယ်၊ ဒို့မြတ်စွာဘုရား ပွင့်ခဲ့ရတာ တကယ် အတိုက်အခံတွေ များတယ်၊ မက္ခလိဂေါသာလ ပုရာဏကဿပ သိဥ္စည်းဆိုတဲ့ ပုဂ္ဂိုလ်တွေက ဒို့လဲဘုရားဘဲ၊ သဗ္ဗညုတဉာဏ်တော် ကို ဒို့လဲရတယ်လို့ကျေညာပြီးတော့ သူ့သာဝကနဲ့ သူ့တပည့်နဲ့ ရှိနေပါယ်။ သူတို့ဝန်ခံတာလဲ ဒို့ဘုရားထက်တောင် အရင်ကျ သေးတယ်။

## အိုတာရှိယင် မအိုတာရှိရမယ်

အဲဒီ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံး နေတော်မူတဲ့အခါ သိဥ္စည်းဆရာကြီးကလဲ ဘုရာ့လုပ်ပြီးတော့ တရားတွေဟော တရားတွေပြနေတာကိုး၊ သူက တရားပြနေတာ တပည့်ပေါင်း

၂၅၀-ရှိတယ်။ အဲဒီတုန်းကလဲ နည်းအမျိုးစုံ ရှိတာပေါ့၊အဲဒီလို ပြနေတော့ အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿနဲ့ အရှင် မောဂ္ဂလာန်အလောင်း ကောလိတတို့ကလဲ ပါရမီရှင်တွေဘဲ၊ သူတို့ ကလဲ အိုခြင်း နာခြင်း သေခြင်းဆိုတာထဲမှာ အိုတာရှိယင် မအို တာ ရှိရမယ်၊ နာတာရှိယင် မနာတာရှိရမယ်၊ သေတာရှိယင် မသေတာရှိရမယ်၊ ပူတာရှိယင်-ပရိသတ်ကြီး ဘာတုန်း (အေး တာ ရှိပါတယ်ဘုရား)၊ ဖြူတာရှိယင် (မဲတာရှိပါတယ်ဘုရား)၊ မာတာရှိယင် (ပျော့တာရှိပါတယ်ဘုရား)။ မရှိဘဲတော့ မနေ ဘူး၊ ဒီတော့ ဒါကိုရှာရမယ်။ ကိုင်း-အသင်နဲ့ငါ မအိုတဲ့တရား၊ မနာတဲ့တရား၊ မသေတဲ့တရား ရှာကြစို့လို့ သူငယ်ချင်း နှစ်ယောက် တိုင်ပင်ပြီး ရှာတော့၊ ခုနင်က သိဥ္စည်းဆရာကြီးထံ ရောက်သွားကြတယ်။ဩော်... နိဗ္ဗာန်ရောက်ချင်လွန်းလို့ သွားကြ တာဘဲနော်။

သွားတော့ မကြာခင်မှာဘဲ သိဥ္စည်းဆရာကြီးရဲ့ နည်းတွေ အကုန်သိတယ်။ သူတို့ပြနေတာတွေကတော့ ခန္ဓာကိုယ်ကြီး ညှဉ်းဆဲနည်းတွေပါဘဲ။အင်မတန်အေးတဲ့အခါ ရေစိမ်တယ်၊ရေ စိမ်လို့ရှိယင် ချမ်းတယ်၊ ချမ်းတော့ ကိလေသာတွေ ငြိမ်းတယ်၊ ကြာတော့ ကိလေသာတွေ သေရောတဲ့။ မီးတွေနဲ့ ကင်တယ်၊ ပဉ္စာတပ အကျင့်တဲ့။ အထက်က နေကပူ၊ ဘေးပတ်လည် မီးဖို ကြီး လေးဖိုနဲ့ ကိလေသာတွေ ခြောက်ခန်းအောင်လို့ လုပ်တာတဲ့။ နိဗ္ဗာန် လိုချင်လွန်းလို့ လုပ်တော့လုပ်တာဘဲ၊ဒါပေမယ့် အကျင့် က မှားနေတယ်။

## နွားမဂျီတွင် နို့ညှစ်လျှင်

ဒါကြောင့်မို့ အဲသလိုအကျင့်မှားတွေကျတော့ မြတ်စွာဘုရားက အတ္တကိလမထလို့ ဒီလိုဟောတယ်၊ အကျင့်မှားကို ဘာလို့ ဟောထားခဲ့တုန်း (အတ္တကိလမထလို့ ဟောပါတယ်ဘုရား)၊ ဘာလို့တုန်းဆိုတော့ အကျိုးထူးတရား ပေါ်နိုင်ရဲ့လား၊ ပင်ပန်းရုံသက်သက်ဘဲ၊ အဲဒါမှတ်ထား။ ဒါကြောင့်မို့ တချို့ နွားနို့အလိုရှိတဲ့လူဟာ နွားမရဲ့ဂျိုကို နို့ညှစ်လို့ ရပါ့မလား မရဘူး။ ဘယ်ရလိမ့်မတုန်း ပင်ပန်းရုံပေါ့၊ ဘေးကလူက မြင်ယင် မင်းဟာ ဘယ်ရလိမ့်မလဲကွာ ပင်ပန်းရုံရှိမှာပေါ့လို့- ဒီလိုမပြောပေဘူးလား (ပြောပါတယ်ဘုရား)၊ အဲဒါဘာခေါ်တယ်၊ အတ္တကိလမထတဲ့။ ဒါဖြင့် နို့ကိုင်ညှစ်တော့ကော နို့မရဘူးလား (ရပါတယ်ဘုရား)၊ ပင်ပန်းကော မပင်ပန်းဘူးလား၊ ပင်ပန်းငြားသော်လဲ လိုအပ်တဲ့ အကျိုး မပြီးဘူးလား (ပြီးပါတယ်ဘုရား)။ အဲသလို လိုအပ်တဲ့အကျိုး ပြီးခြင်းကြောင့် သူကို အတ္တကိလမထလို့ မဆိုရဘူး၊ ဒို့ကျင့်နေရတာတွေကော ညောင်းတာ ကိုက်တာ ပူတာတွေ မဖြစ်ဘူးလား၊ ဒါပေမယ့် အကျိုးတရားက တော်ကြာ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင် ပေါ်လာနိုင်တဲ့အကျင့်ဖြစ်လို့၊ အတ္တကိလမထထဲ သွင်းရဲ့လား (မသွင်းပါဘုရား)၊ မသွင်းဘူးတဲ့၊ ကြိုးစားတယ်တဲ့၊ အရိုးကြေကြေ အရေစုတ်စုတ်ဆိုတဲ့ အဲဒီနေရာလေးမှာ တန်းတူဆင့်တူထားပြီးတော့ အတ္တကိလမထ ဟောနေကြတယ်။

ဒါကြောင့်မို့ အကျိုးမရှိတဲ့ အကျင့်မှားကိုသာ မြတ်စွာဘုရားက အတ္တကိလမထလို့ ဟောတယ်တဲ့။ ဒီတော့ 'နွားမ

ဂျီတွင်၊ နို့ညှစ်လျှင်၊ နို့ပင်မရ၊ ပင်ပန်းလှ’ ကဲ- တခေါက် ဆိုရအောင်-

နွားမဂျီတွင်၊ နို့ညှစ်လျှင်၊ နို့ပင်မရ၊ ပင်ပန်းလှ။
(နွားမဂျီတွင်၊ နို့ညှစ်လျှင်၊ နို့ပင်မရ၊ ပင်ပန်းလှ။)

မပင်ပန်းဘူးလား (ပင်ပန်းပါတယ်ဘုရား)၊ နို့ဘယ်တော့ ရမှာတုန်း၊ ပရိသတ်ကြီး ရပါ့မလား (မရပါဘုရား)။ ဘယ် ဘော့မှမရပါဘူးတဲ့ သေရုံဘဲရှိမယ်၊ သိဥ္စည်းဆရာကြီးအကျင့်က မီးကင်ရတယ်၊ ရေခပ်ရတယ်၊ ဆူးပေါ်အိပ်ရတယ်၊ ဆူးစူးတော့ နာတယ်၊ နာယင် ကိလေသာငြိမ်းတယ်ဆိုပြီး ကျင့်နေတာ ကိလေသာက တကယ်သေပါ့မလား (မသေပါဘုရား)။

## ငါတတ်သမျှ ကုန်ပြီ

ဉပတိဿနဲ့ ကောလိတတို့က အဲဒီနေရာရောက်သွားကြတယ်။ ဒါပေမယ့် ပါရမီရှင်တွေဆိုတော့ ၂-ရက် ၃-ရက်လောက်ဆို သူ့ အကျင့်တွေ အကုန်သိသွားတော့တာဘဲ။ သူ့ပညာတွေ အကုန် တတ်တော့ သူတို့ကမေးတယ်။ အဲဒီအချိန်မှာ ဘုရားပွင့်နေတာ ကို သူတို့ တကယ်မသိသေးဘူး။ ပါရမီရှင်ကြီးတွေက ဆရာကို မေးတယ် ‘ဆရာကြီးရဲ့ပညာနည်းတွေက ဒါဘဲလား၊ ကျုပ်တို့ကို လမ်းဆုံးသင်ပေးပါတဲ့၊ ဆရာကြီးကလဲ ‘ငါလဲ တတ်တာက ဒါဘဲ၊ ကုန်ပြီ’တဲ့။ ဒီတော့ သူတို့က သူ့ပညာတွေကုန်ပြီတဲ့၊ မဂ် ဖိုလ် နိဗ္ဗာန်လဲ မတွေ့ဘူး၊ မအိုတဲ့တရား မနာတဲ့တရား မသေတဲ့တရားလဲ မတွေ့သေးဘူး၊ ဟောဒီ လောကမှာ မအိုတဲ့ တရား မနာတဲ့တရား မသေတဲ့တရား ကေန်မုချ ရှိမှာဘဲ၊ လိုက်

ရှာကြစို့ရဲ့လို့ အရင်တွေ့တဲ့လူက မတွေ့သေးတဲ့လူကို ပြော စတမ်းလို့ ကတိကဝတ်ထားပြီး လိုက်ရှာကြတယ်။

ရှာတော့ တနေ့မှာ ဒို့အရှင်သာရိပုတ္တရာလောင်း ဥပတိဿက ဆွမ်းခံသွားတာကိုး၊ သူကလဲ ပရိဗိုဇ်ရသေ့ပါဘဲ။ ရာဇဂြိုဟ် မြို့ထဲ ဆွမ်းခံအသွား၊ ဒီက ပဥ္စဝဂ္ဂီ ငါးဦးထဲမှာ တပါးအပါ အဝင်ဖြစ်တဲ့ အရှင်အဿဇိကလဲ ဆွမ်းခံကြွတယ်၊ အဲဒီလို ဆွမ်းခံ ကြွလာတာကို ဥပတိဿ တွေ့တော့ အရှင်အဿဇိသွားပုံကို အကဲခပ်တယ်၊ ဟို အရှင်အဿဇိ ကြွပုံကလေးက မျက်စိကလဲ စက္ခုန္ဒြေချလို့ ဘယ်လှမ်းတယ် ညာလှမ်းတယ်နဲ့ ရှုမှတ်သွား တော့ မြင်တာနဲ့ ဒီပုဂ္ဂိုလ် တရားရှိတယ် မရှိဘူးလို့ သိရတယ်၊ အကဲဖြတ်နိုင်တယ်။ ဒါ အတွင်းက စိတ်ဓါတ်ကို အပြင်ကနေ ပြနေတာဘဲ။

## အကန်းလို၊ အပင်းလို

ဒို့ ယောဂီတွေလိုပေါ့၊ တယောက်နဲ့တယောက် သိတယ်၊ ဟောဒီ ယောဂီ သွားနေတာ အမှတ်မပါဘူးလို့ မြင်တာနဲ့ သိ တယ်၊ ဩော်- သူ့လက်ကွေးတာ အမှတ်မပါဘူး၊ မျက်စိ ကြည့်တာ အမှတ်မပါဘူး၊ စားတာ အမှတ်မပါဘူးလို့ မြင် တာနဲ့ အဲသလို သိရတယ်၊ အခု သူကလဲ ကွေးပုံ ဆန့်ပုံလေး တွေကို အကဲခပ်တယ်။ ဒို့ သာသနာတော်ကြီး တိုးတက်တာ ဟာ ဒီကစ တိုးတက်တာဘဲ၊ တရားဟောတာ တရားနာရတာ တွေက နောက်မှပါဘဲ။ သူတို့ကို အယင် ကြည့်လိုက်တဲ့အခါ နေပုံ ထိုင်ပုံလေးတွေ ကြည့်ပြီး ကြည်ညိုလာတာဘဲ၊ ဒါကြောင့် မို့ ဒို့ ဒီက ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

ဘုရားကြီး ပြသနေတာ ဒီက စပြဘာဘဲ၊ လက်ကလေးတွေ ကွေးယင် ဒီလိုကွေးပါ၊ မျက်စိလေးကလဲ မမြင်သလို ထားပါ လို့။ 'မျက်မမြင်နှင့်၊ တူစွာကျင့်၊ ပြုသင့် မျက်စိမှာ' ဆိုတဲ့ အတိုင်း မျက်စိက ဘယ်လိုမြင်နေနေ ဟိုဟိုဒီဒီ ပြူးပြူးကြောင် ကြောင် ကြည့်ရှုသေးရဲ့လား (မကြည့်ရှုပါဘုရား)၊ ဘာနဲ့အတူ ထားရမတုန်း၊ မမြင်ဘဲ့လူနဲ့ အတူထားပြီးတော့ မျက်လွှာလေး ချနေပါတဲ့။ နားကလဲ ဟိုလှည့် နားထောင်လိုက် ဒီ နားထောင် လိုက်နဲ့ ဟိုရမ်းဒီရမ်း လုပ်ရသေးရဲ့လား (မလုပ်ရပါဘုရား)၊ မလုပ်ရတော့ဘူးတဲ့။ ကဲ လိုက်ဆို—

နားပင်းသူနှင့်၊ တူစွာကျင့်၊ ပြုကျင့် သောတမှာ။
(နားပင်းသူနှင့်၊ တူစွာကျင့်၊ ပြုသင့် သောတမှာ)

နားကလဲ နားမကြားတဲ့လူလို နေပါတဲ့၊ ဟုတ်ပလား။ ခန္ဓာ ကိုယ်ကလဲ ဖြန့်းကနဲ ဒိုင်းကနဲ ဒီလိုမလုပ်ရဘူးတဲ့၊လူမမာလေးလို ဒီနေရာက မထခင် ထချင်တဲ့စိတ်ကလေးကို မှတ်ရမယ်၊ မထခင် ဘာကို မှတ်ရမယ်–စိတ်ကလေးကို မှတ်။ ဘယ့်နှယ် မှတ်မယ်- ထချင်တယ် ထချင်တယ်။ အဲဒါ ဘာမှတ်တာတုန်း–ရုပ်မှတ်တာ လား၊ နာမ်မှတ်တာလား (နာမ်မှတ်တာပါဘုရား)၊ နာမ်မှတ် နေတယ်။ ပြီးတော့ ထတဲ့အခါ ထတယ်....ထတယ်၊ ဒါက ဘာ မှတ်တာတုန်း (ရုပ်မှတ်တာပါဘုရား)။ အေး အဲဒီလို တခုချင်း တခုချင်းသေး မှတ်ပြီး လောကကြီး ရှိသမျှ အကဲခပ် ကြည့်လိုက်တော့ ရုပ်နဲ့ နာမ်မျှသာ ရှိတယ်။ ဒါလေးသာ မိအောင် မှတ်၊ ဒီကလွဲပြီး မှတ်စရာမရှိဘူး၊ ဒါဘဲ။ အဲဒါ ကြောင့်မို့ ခန္ဓာကိုယ်ကလဲ တကတဲ့ အုံးအုံးဒိုင်းဒိုင်းမလုပ်ဘဲနဲ့

'လူမမာနှင့်၊ တူစွာကျင့်၊ ပြုသင့် ကိုယ်မူရာ' ဆိုတဲ့အတိုင်း၊ ကဲ လိုက်ဆို—

လူမမာနှင့်၊ တူစွာကျင့်၊ ပြုသင့် ကိုယ်မူရာ။

(လူမမာနှင့်၊ တူစွာကျင့်၊ ပြုသင့် ကိုယ်မူရာ။)

အဲသလို လူမမာလေးလို လက်ကလေး ကွေးပြန်လဲ ဖြုန်းကနဲ ဖြင်းကနဲ ဒိုင်းနားဘားယားခေါ်တဲ့ မော်တော်ကား လက်ပြနေတဲ့လူလို ဟိုဘက်ယမ်းလိုက် ဒီဘက်ယမ်းလိုက်နဲ့ ဒီလိုလုပ်ရတာ မဟုတ်ဘူး လမ်းလျှောက်ပြန်တော့လဲ မီးခဲနင်းမိသလို ခုန်ပေါက် ခုန်ပေါက် မလုပ်ရဘူး၊ ဘယ်လှမ်းတယ် ညာလှမ်းတယ် ကြွတယ် ချတယ် ကြွတယ် လှမ်းတယ် ချတယ်လို့ အဲသလို ရှုမှတ်သွားနေတော့ သူတို့ဖြင့် ကောင်းတရားရှိတယ်လို့ ဘေးက လူက မြင်တာနဲ့ သိတယ်၊ ဒါကြောင့်မို့ ဒီယောဂီတွေ ဉာဏ်စဉ်ပေးခါနီးကျယင် ယောဂီတွေရဲ့ သွားပုံ လာပုံတွေကို ကမ္မဋ္ဌာန်းဆရာတွေက လိုက်ကြည့်တာပေါ့ဘဲ၊ ပါးစပ်က ဘာတွေ ပြောပြော သူ ဆွမ်းစားတာ ဘယ်လိုစားတုန်း၊ ဘယ်သို့ သွားတုန်း၊ ကဲ–ခုနတုန်းကလို ဟိုရမ်း ဒီရမ်းနဲ့ သွားနေယင် ဒီပုဂ္ဂိုလ် တရားရှိရဲ့လား (မရှိပါဘုရား)၊ အမှတ်ကော စိပ်ကဲ့လား (မစိပ်ပါဘုရား)။ ဒါဖြင့် ဉာဏ်စဉ်ကော နီးပလား ဒီပုဂ္ဂိုလ် (မနီးပါဘုရား)။ ဒါပေမယ့် သူက နာတော့မနာချင်ဘူးလား (နာချင်ပါတယ်ဘုရား)၊ သူများထက်အရင်တောင် နာချင်သေးတယ်။ လာထိုင်ပြန်လဲ နာရီစေ့ခါနီး ၅–မိနစ်လောက်အလိုမှာ လာထိုင်၊ ပြီးတော့ ၅· မိနစ်လောက် ပိုနေလိုက်သေးတယ်။ အောင်မယ်-ဒီပုဂ္ဂိုလ် တော်တော်ထိုင်တယ်လို့ ထင်အောင်လေ။ အဲဒီလို နေတာ ထိုင်တာကိုလဲ အကဲခပ်ရသေးတယ်။

## ဆရာကောင်း ရှာရမယ်

ဒါကြောင့် ဒို့ အရှင်သာရိပုတ္တရာ အလောင်းက အရှင်အဿဇိမထေရ်ကို အကဲခပ်တယ်၊ ဟောဒီပုဂ္ဂိုလ် မျက်စိကြည့်ပုံကလဲ ဣန္ဒြေရှိတယ်၊ ကွေးပုံဆန့်ပုံလေးတွေကလဲ ငြင်သာတယ်၊ ကောန္တ ဟောဒီပုဂ္ဂိုလ် တရားထူးတော့ ရှိမှာဘဲတဲ့၊ ဒါ သူတရားနာရလို့ ကြည်ညိုတာလား–နေပုံ ထိုင်ပုံ ကြည့်ပြီး ကြည်ညိုတာလား(နေပုံထိုင်ပုံ ကြည့်ပြီး ကြည်ညိုတာပါဘုရား)၊ ကိုယ် အမူအရာနဲ့ တရားဟောလိုက်တာပါဘဲ။ မင်းတို့ဒိဋ္ဌတွေကို ပါးစပ်နဲ့မပြောဘူး၊ နေပုံထိုင်ပုံနဲ့ပြောမယ်ဆိုပြီး ပြောလိုက်တော့ ဟိုကကြည်ညိုလာတယ်၊ ဘာနဲ့ ဟောလိုက်တာတုန်း--ကိုယ်အမူအရာနဲ့မဟောဘူးလား(ဟောပါတယ်ဘုရား)၊အဲဒီတော့မှ ငါသွားပြီးမေးမယ်လို့၊ ဒီတော့ ပြန်စဉ်းစားတယ်၊ သူ့မေးလိုက်ယင်အခုနေတော့ ဆွမ်းခံနေတာ မတော်သေးဘူး၊ သူ့နားတဲ့နေရာကျမှ ငါမေးမယ်ဆိုပြီးတော့ သူ့နောက်က လိုက်သွားတယ်၊ မျက်ခြည်ပြတ်မခံဘူး၊ လိုက်နေတဲ့အခါ အရှင်အဿဇိက ဆွမ်းခံပြန်တော့ နေရာတခုမှာ ဆွမ်းစားမလို့ ပြင်တယ်၊ ဒို့ အရှင်သာရိပုတ္တရာအလောင်းက သူ့ပါလာတဲ့ ပရိဗိုဇ်အသုံးအဆောင်ဖြစ်တဲ့ သားရေနွယ်လေး ခင်းပေးတယ်၊ ပြီးတော့ ရေတွေဘာတွေ ကင်တယ်၊ ပြီးတော့ တရားလိုချင်လွန်းလို့ ဒီပုဂ္ဂိုလ်တော့တရားရှိမှာဘဲဆိုပြီးတော့ တရားရှာတာ၊ ဆရာကောင်းရှာတာ၊ အစွဲအလမ်း မရှိဘူး၊ နဂိုတုန်းကသာ ဒို့ဆရာမှ ဒို့ဆရာဆိုပြီးသိဥ္စည်းကြီး ဆည်းကပ်နေယင် ဒီလို ထွက်ရှာပါ့မလား (မရှာပါဘုရား)၊ မရှာဘူးနော်။

ဒီတော့ လူက အမှန်လိုချင်တာလား-အမှားလိုချင်တာလား (အမှန်လိုချင်တာပါ ဘုရား)၊ ဒီတော့ အမှန်လိုချင်ယင် ဆရာကောင်းကို ရှာရမယ်တဲ့။ ပါရမီရှင်ဆိုတော့ ထွက်ရှာတယ်။ အဲဒီလိုထွက်ရှာတော့ သူက စောင့်ပြီး ဝတ်ကြီး ဝတ်ငယ် ပြုနေတယ်၊ ဟိုက ဆွမ်းစားပြီးတော့ သူက မေးတယ်၊ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿက— 'ငါ့ရှင်....သင့်ကြည့်ရတာ ဣန္ဒြေကလဲကောင်း၊ သင်္ကန်းဝတ်ပုံ နေပုံ ထိုင်ပုံလေးကလဲ ယဉ်ကျေး၊ စားပြန်တော့လဲ ဟိုဒီ မကြည့်' ဟိုကလို ဝုန်းဝုန်း ဒိုင်းဒိုင်းနဲ့ စားတာ မဟုတ်ဘူး၊ အမှတ်ကလေးနဲ့ စားတာ၊ အဲဒါနဲ့ တိုးတိုးပြီး ကြည်ညိုလာတာပါဘဲ။ ဒါတရားကို လုံးဝ မဟောရသေးဘူး၊ စားပုံ သောက်ပုံ နေပုံ ထိုင်ပုံ ကာယကံက နေပြီးတော့ အမူအရာလေးကနေ ငါ့မှာ တရားတွေရှိတယ်လို့ ပြတာ၊ ဒို့လဲ ဒါကို အတုယူရမယ်။ ဒီကနေ့ အရှင်သာရိပုတ္တရာ တန်ခိုးကြီးတာပြော အရှင်မောဂ္ဂလာန် တန်ခိုးကြီးတာတွေပြောပြီး ကိုယ့်ဖြစ်သလိုလိုနဲ့ မြှောက်နေလို့မဖြစ်ဘူး၊ ဒို့ဗုဒ္ဓဘာသာတွေ ဒါနဲ့ ကျေနပ်နေကြတာ။ အမှန်က ဒီလို မဟုတ်ဘူး၊ ဒို့လဲ ဒီလိုကျင့် ဒီလိုဖြစ်အောင် လုပ်မှဘဲလို့ လုပ်ရမယ့်လမ်းစဉ်က အဲဒီလို ဆိုပြီးတော့ 'ငါ့ရှင်တဲ့၊ သင့်မှာ ဣန္ဒြေတွေကလဲ သိပ်ယဉ်ကျေးတာဘဲ၊ ဝတ်ပုံ စားပုံလေးက စလို့ ကြည်ညိုဘွယ်ပါဘဲ။ သင် ဘယ်သူ့ကိုမှန်းပြီး ရဟန်းပြုတာတုန်း'တဲ့။ ဒီတော့ 'ဂေါတမမြတ်စွာဘုရား မှန်းပြီး ရဟန်းပြုတာဘဲ'လို့ အရှင်အဿဇိက ဖြေတယ်၊ 'ဒါဖြင့်ယင် သင်တို့ ဂေါတမဘုရားက ဘယ်လိုတရားတွေများ ဟောတုန်း၊ ဘယ်လို အယူများရှိတုန်း'လို့ မေးတော့ အရှင်အဿဇိက စဉ်းစားတယ်။

ပရိဗိုဇ်တွေဆိုတာ လွယ်တာမဟုတ်ဘူးတဲ့၊ ဒို့သာသနာကို ကပ်တီးကပ်ဖဲ့ ဂျစ်တီးဂျစ်ကန် လုပ်နေတဲ့လူတွေတဲ့၊ ဟိုလိုပြော ဒီလိုပြော ဟိုဝေဘန် ဒီဝေဘန်နဲ့ ဝေဘန်နေတာတဲ့၊ ရှေးတုန်းကလဲ ဒီလိုဝေဘန်တာတွေ ရှိတယ်၊ မြတ်စွာဘုရားတောင် ဝေဘန်ခံရသေးတယ်။ ဝေဘန်နေကြတာဘဲ။ ဒါကြောင့် အရှင်အဿဇိက ငါ သူ့ကို အောက်ကကျို့ပြီး ရှိုးပြောမယ် ဆိုပြီး.... 'ငါ့ရှင်.....ငါက သက်န်းဝတ်တာ မကြာသေးဘူး၊ ရဟန်းဖြစ်တာ မကြာသေးဘူး၊ တရားလဲ ကျယ်ကျယ်ပြန့်ပြန့် မဟောတတ်သေးပါဘူး'တဲ့ ဒီတော့ အရှင် သာ ရိ ပုတ္တ ရာ အလောင်းက ဘာပြောတုန်းဆိုတော့— 'ကောင်းပြီတဲ့၊ ငါ့ရှင် သင်တတ်စွမ်းသလောက်သာ ဟောပါ၊ ပုဒ်တွေ ပါဠိတွေ ကံကတ္တားတွေ ဆန်း အလင်္ကာတွေ လုပ်မနေပါနဲ့တဲ့၊ ဒါတွေ မလိုပါဘူး၊ တရားသဘောလေးမျှသာ တတ်စွမ်းသလောက် ဟောပါ'တဲ့။ ဒီလိုဆိုယင် အရှင်အဿဇိက နဲနဲကျဉ်းကျဉ်း တော့ ဟောတတ်ပါတယ်ဆိုပြီး ဒီလိုဟောပါတယ်။

> ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂ-
> တောအာဟ၊ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ
> မဟာသမဏော။

တဂါထာ မဆုံးသေးဘူး။ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ— ဟေတုံ တထာဂတောအာဟ .. ဆိုတာနဲ့ ငါ့ရှင် နေပါအုံး.... နေပါအုံးတဲ့၊ တရားအမှန်ကိုသိသွားလို့ အဲဒီနေရာမှာ သောတာပန် ဖြစ်သွားတယ်၊ နောက်အပိုဒ်ဖြစ်တဲ့ တေသဉ္စယော- နိရောဓော ဧဝံဝါဒီ မဟာသမဏော- ဆိုတာလေးကို သောတာပန်ဖြစ်ပြီးမှ နာရတာတဲ့၊ အရှင်သာရိပုတ္တရာအလောင်း

ဥပတိဿက ဂါထာတဝက်နဲ့ အဲဒီတုန်းက သောတာပန်ဖြစ်ခဲ့တယ်။ အဲဒီတုန်းကတော့ ဒါလေးက်ဟောရုံနဲ့ ပြီးတယ်၊ ခုတော့ ဒီလိုမဟုတ်တော့ဘူး၊ ဒါလေး မြန်မာလို ပြန်ဟောရအုံးမယ်။

## နာရခဲတဲ့တရား

ယေဓမ္မာ၊ အကြင် ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားတို့သည်။ ဟေတုပ္ပဘဝါ၊ သမုဒယသစ္စာ တဏှာလောဘလျှင် အမှန်ပဘဝ အခြေခံအကြောင်းရင်း ရှိကြကုန်၏။ တေသံ၊ ထိုခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏၊ ဟေတုံ၊ အကြောင်း သမုဒယသစ္စာ တဏှာလောဘကိုရင်း၊ တေသံ၊ ထိုဒုက္ခနှင့် သမုဒယဝဋ္ဋသစ္စာနှစ်ပါးတို့၏။ ယော နိရောဓော၊ အကြင် ချုပ်ရာ ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာ နိရောဓသစ္စာ နှစ်ပါးသည်။ အတ္ထိ၊ ရှိ၏။ တထာဂတော၊ ငါတို့၏ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောကြားတော်မူပါပေ၏။ မဟာသမဏော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ ဧဝံဝါဒီ၊ ဤသို့ အယူဝါဒ ရှိပါပေတော့သတည်း။

သာဓု....သာဓု....သာဓု....။

တိုတိုပြောတော့ကာ သစ္စာလေးပါး ဟောလိုက်တာပါဘဲ။ အဲဒီသစ္စာလေးပါး ဟောတော့ ဂါထာဝက်နဲ့ သောတာပန်ဖြစ်သွားတယ်။ အဲဒီသစ္စာလေးပါးကို ဒီနေ့ ထည့်ဟောကြအုံးစို့၊ သစ္စာတရားကို အင်မတန် နာရခဲတယ်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ဒုက္ခသစ္စာလို့။ ယေဓမ္မာ ဟေတုပ္ပဘဝါ၊ ယေဓမ္မာ၊ အကြင်ခန္ဓာ ငါးပါး ဒုက္ခသစ္စာတရားတို့သည်၊ ခန္ဓာ

ငါးပါးကို ဒုက္ခသစ္စာလို့ ခေါ်တယ်။ ဘာကြောင့် ခေါ်တုန်းဆိုတော့ သမုဒယသစ္စာကြောင့်တဲ့။ အဲဒီလိုဖြစ်ခြင်းတရားနဲ့ ဒုက္ခဖြစ်အောင်လုပ်တဲ့ တရားနှစ်ပါးကို ရှေ့ပိုင်းက ဝဋ္ဋသစ္စာနှစ်ပါးလို့ ခေါ်တယ်။ ဒီသစ္စာနှစ်ပါး ချုပ်ရာချုပ်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာ နိရောဓသစ္စာဆိုတာကလဲ နှစ်ပါးရှိတယ်။ သစ္စာလေးပါးပေါ့။ ဆင်းရဲနေတာက ဒုက္ခသစ္စာ၊ ဆင်းရဲတွေငြိမ်းနေတာက နိရောဓသစ္စာ၊ ဆင်းရဲတွေဖြစ်အောင် လုပ်နေတာက-သမုဒယသစ္စာ၊ ဆင်းရဲငြိမ်းအောင် လုပ်နေတာက-မဂ္ဂသစ္စာလို့ အကျဉ်းမှတ်ပါအုံး။ ဒီလိုနဲ့ မရှင်းသေးဘူး ဆိုယင် ဒါလေး ရှင်းအောင် ထည့်ပြောရမယ်။ ဒါက လိုရင်းပါဘဲ။

သစ္စာလေးပါး

ဆိုကြအုံးစို့။ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ၊ သစ္စာ ဘယ်နှစ်ပါးတုန်း ၄-ပါးရှိတယ်။ ဒုက္ခသစ္စာဆိုတာ မြန်မာလို ဆင်းရဲခြင်း အမှန်ပါဘဲ။ ကဲ လိုက်ဆို–

ဒုက္ခသစ္စာ၊ ဆင်းရဲအစစ်အမှန်။
သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်။
နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ အစစ်အမှန်။
မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းရာသို့ ဆိုက်ရောက်ကြောင်း
အကျင့်လမ်းကောင်း အစစ်အမှန်။

သစ္စာလေးပါး။ ဒုက္ခသစ္စာဆိုတာ ဆင်းရဲ အစစ်အမှန်တဲ့၊ ဆင်းရဲနေတာ ဘယ်သူတုန်း-ဒုက္ခသစ္စာ။ အဲဒီ ဒုက္ခသစ္စာဆိုတာ ဘယ်မတုန်းဘုရားလို့ ဆိုယင် ဒုက္ခသစ္စာ သိအောင် ရှာရမယ်၊ ဒီနေရာမှာ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ'လို့ မြတ်စွာ

ဘုရားက ဒီလို ဟောထားတော့ အကျဉ်းအားဖြင့် ချုံးလိုက်ယင် ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာပါဘဲတဲ့။ ဒါလေးကို ဒို့ဆရာတော်ဘုရားကြီးက ကျဉ်းကျဉ်းလေးနဲ့ ရှင်းအောင် ဘယ်လို ဟောထားတုန်းဆိုတော့ 'စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်'တဲ့။ ဒါလေးလိုက်ဆိုရမယ်–

စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။

(စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။)

ဒုက္ခသစ္စာနဲ့ ရှာလိုက်တော့ ဘယ်မှာ တွေ့တာတုန်း၊ ခန္ဓာပေါ်မှာ မတွေ့ဘူးလား၊ ဘယ်မှာတွေ့တုန်း (ခန္ဓာမှာ တွေ့ပါတယ်ဘုရား)၊ ဒုက္ခသစ္စာဆိုတာ ဘာတုန်း၊ ခန္ဓာငါးပါးဘဲ။ ဒါဖြင့် ခန္ဓာ ငါးပါးက ဘယ်မှာတုန်း၊ ဟောဒီ ထိုင်နေတာတွေဟာ ဘာတွေတုန်း (ဒုက္ခသစ္စာတွေပါဘုရား)၊ ဩော်–ဒါဖြင့် မိမိကိုယ်ကို ပြန်ကြည့်လိုက်ယင် ဒုက္ခတွေ တွေ့ရမလား-သုခတွေ တွေ့ရမလား (ဒုက္ခတွေ တွေ့ပါတယ်ဘုရား)၊ အဲဒီခန္ဓာငါးပါး အကြောင်းပြုပြီးတော့ ဒုက္ခအမျိုးမျိုးတွေ ဖြစ်ခဲ့ရတယ်၊ ပင်္ဂသန္ဓေ နေခဲ့ရ၊ အမိဝမ်းမှာ ဆယ်လ အောင်းခဲ့ရ၊ မစင်ဘင်ပုပ်တွေ ကြားထဲ နေခဲ့ရတာတဲ့။ အဲဒီက လာပြန်တော့ ချမ်းသာပလား ဆိုယင် အိုရ နာရ သေရ ချစ်တဲ့သူနဲ့ ကွဲလို့ဆင်းရဲရ၊ မုန်းတဲ့သူနဲ့ ကွဲလို့ ဆင်းရဲရ 'ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိဒုက္ခံ' ကိုယ်ဖြစ်ချင်တာ မဖြစ်ရလို့ ဆင်းရဲရ၊ မကြားချင်တာကြားရလို့ ဆင်းရဲရ၊ မမြင်ချင်တာ မတွေ့ချင်တာတွေ တွေ့ရလို့ဆင်းရဲရတယ်တဲ့။ ဘာပြုလို့ ဒီလို ဆင်းရဲတွေ ရောက်ရတုန်းဆိုတော့ သင်တို့ ဒီခန္ဓာငါးပါးကြီး ရှိနေလို့တဲ့၊ ဒီခန္ဓာငါးပါး

သာ မရှိယင် ပဋိသန္ဓေ မနေရဘူး၊ မနေရတော့ မအိုရဘူး၊ မနာရဘူး၊ မသေရဘူး။ ခုနင်ကလို ဖြစ်ချင်တာတွေလဲ မရှိတော့ဘူးတဲ့။ ဩော်-ဒါကြောင့်မို့....

ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေး ကိုယ်နာကျင်။
နှလုံးမသာ၊ စိတ်ပြင်း စွာ၊ ပူတာ ဆင်းရဲပင်။

မအို မနာ မသေသူ မရှိ

ဒုက္ခသစ္စာတွေ ထုတ်ပြထားတယ်။ကဲ-ဆိုကြအုံးစို့။ ဒါလေးတွေလဲ အကုန်လုံး ဒုက္ခချည်းဘဲ။ ဖြစ်-ဆိုတဲ့ ဇာတိပဋိသန္ဓေ နေရတာလဲ ဒုက္ခ၊ အိုရတာလဲဒုက္ခ၊ သေရတာလဲဒုက္ခ၊ ဒါတွေ ဘယ်သူတုန်း ဆိုတော့ ရုပ်နာမ်တွေဘဲ၊ ဖြစ်နေတာ အိုနေတာ ဘယ်သူတုန်းတဲ့၊ ရုပ်နာမ်တွေတဲ့။ သေနေတာ ဘယ်သူတုန်းတဲ့ ရုပ်နာမ်တွေ။ ဩော်-အိုနာလို့ မဆုံးနိုင်ဘူး။ မြတ်စွာဘုရားက ချစ်သားတို့တဲ့ သင်တို့တတွေ အိုဘေး အပြည့်အစုံနဲ့ လာခဲ့ကြတယ်၊ နာဘေး အပြည့်အစုံနဲ့ လာခဲ့ကြတယ်၊ သေဘေး အပြည့်အစုံနဲ့ လာခဲ့ကြတယ်။ တနေ့ကျ အိုကြရ နာကြရ သေကြရနဲ့ မအို မနာ မသေတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ လူဘဲဖြစ်ဖြစ် နတ်ဘဲဖြစ်ဖြစ် ဇာတိပဋိသန္ဓေ နေကတဲက အိုဘေး နာဘေး တွေနဲ့တွဲပြီး လာခဲ့ရတာဘဲ။ ခေါင်းနဲ့ရွက်ပြီး လာခဲ့ရတာတဲ့။

ဒါဖြင့်ဘုရား ဟောဒီ အိုတာ နာတာတွေ ဖြစ်နေတဲ့ ဒီခန္ဓာငါးပါးကို ဘယ်သူက ဖန်ဆင်းလိုက်တာတုန်း ဘုရားလို့ ဆိုတော့ ဩော်-သာယာနှစ်သက်တဲ့ သမုဒယက လာတာတဲ့၊ လောဘက လာတာတဲ့၊ အဲဒီ လောဘလေး တလုံးထဲကို သမုဒယသစ္စာလို့ ခေါ်တယ်၊ လောကကြီးကို ထူထောင်ထားတာ

သမုဒယပေါ့။ လူဖြစ်အောင် လုပ်ထားတာ သူဘဲ။ ဒါကြောင့် မို့ ဆရာတော်ဘုရားကြီးက ဘယ်လို ရေးထားတုန်းဆိုတော့–

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။

## သမုဒယကြောင့်

ဒို့ယောဂီတွေ ဒုက္ခသစ္စာ ဘယ်သူ့ကြောင့် ဖြစ်ရတုန်း၊ သမုဒယကြောင့်နော်။ သမုဒယဆိုတာက ဘာခေါ်တာတုန်း၊ တဏှာလောဘကို ခေါ်တယ်။ လောဘ-ဆိုတာ ဘာခေါ်တာ တုန်း-လိုချင်တာ။ လိုချင်တာကို ဘာခေါ်တုန်း–လောဘ။ အဲဒီ လိုချင်တဲ့ လောဘတဏှာကိုပင် သမုဒယသစ္စာလို့ ခေါ်တယ်။ အဲဒီ လောဘ လိုချင်တာလေးကြောင့် ဖြစ်နေတာက ဒုက္ခချည်း ဘဲ။ အခု ဒို့ မော်တော်ကားတွေ တဝုန်းဝုန်းနဲ့ မောင်းနေတာ ဘာလိုချင်တုန်းဆိုတော့ ပိုက်ဆံလိုချင်လို့ဘဲ မဟုတ်လား။ အဲဒီ ပိုက်ဆံလိုချင်တာက ဘာသစ္စာတုန်း ဆိုတော့ သမုဒယ သစ္စာ။ မော်တော်ကား မောင်းနေတာက ဒုက္ခသစ္စာ။ ကဲ- ပိုက်ဆံ မလိုချင်ဘူးကွာ ဆိုယင် မောင်းသေးလား၊ မမောင်းဘူး တဲ့၊ သမုဒယမဖြစ်ယင် ဒုက္ခမဖြစ်ဘူး၊ ကဲ ခေါင်းရွက်တွေနဲ့ သွားနေရတာ ဘာလိုချင်လို့တုန်း၊ အမြတ်လိုချင်လို့၊ ပိုက်ဆံလို ချင်လို့မဲ့ဟုတ်လား၊ ဒါဖြင့် လိုချင်တာက ဘာသစ္စာတုန်း (သမုဒယ သစ္စာပါဘုရား)၊ ခေါင်းနဲ့ရွက်သွားနေရတာကကော (ဒုက္ခသစ္စာပါဘုရား)။ ဩော်–လိုချင်လို့ ရွက်နေရတာတဲ့ပြီး တော့ သင်္ဘောနဲ့ သွားနေရတာကော ရချင်လို့ဘဲ မဟုတ်လား၊ လိုချင်တာက ဘာတုန်း-သမုဒယသစ္စာ။ သွားလာနေရတာက- ဒုက္ခသစ္စာ။ ထမ်းဟဲ့ ပိုးဟဲ့ တကုတ်ကုတ်နဲ့ နေ့ရှိသ၍ သွားနေရ

တာတဲ့၊ ဩဩ်-သမုဒယကြောင့် ဒို့တတွေ ဒုက္ခဖြစ်နေရတာ မှတ်ပါ။ နေ့တိုင်း ထမင်းမစားရဘူးလား၊ စားချင်တာလေးက ဘာသစ္စာတုန်း-သမုဒယသစ္စာ၊ စားနေရကာကဘာတုန်း-ဒုက္ခသစ္စာ၊ ချက်ပြုတ်နေရတာကကော (ဒုက္ခသစ္စာပါဘုရား)၊ ဩဩ်ဒါဖြင့် ဒို့ ဒီသစ္စာနှစ်ပါးနဲ့ နေတာပါလားလို့ မှတ်ပါ။ ဘာပြုလို့ ဒီ သမုဒယတွေ ဖြစ်နေရတာတုန်းဆိုတော့ အမှန်အတိုင်းမသိခဲ့လို့ပါတဲ့။ ရုပ်တွေ နာမ်တွေကိုလဲ မသိခဲ့၊ ခန္ဓာငါးပါးလဲ မသိခဲ့လို့ပါဘဲ၊ ချစ်သားတို့....သင်တို့တတွေ မိုက်ခဲ့ မှားခဲ့ကြလို့ သံသရာရှည်နေတာဟဲ့တဲ့။ ဒါကြောင့်....

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။
ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနာကွန်။

အထင်လွဲတာရယ်၊ သာယာတာရယ် ဘယ်နှစ်လုံးတုန်း-၂ လုံး။ အဲဒီ ၂ လုံးထဲနဲ့ ဒုက္ခပေးနေတာဘဲ၊ ဒါလေးရှင်းအောင် နာရမယ်နော်။ နံပါတ် (၁) က ထင်လွဲတာ။ နံပါတ် (၂) က သာယာတာ၊ အဲဒါကို ဥပါဒါန် ခေါ်တယ်တဲ့။ အထင်လွဲတယ်ဆိုယင် မှန်ကြရဲ့လား ဒို့ဂရိုသတ်ကြီး (မမှန်ပါဘုရား)၊ အထင်လွဲပြီးတော့ သာယာနေတာ- ဘယ်ပေါ်မှာ အထင်လွဲသလဲဆိုယင် ရုပ်ပေါ် နာမ်ပေါ်မှာ လွဲနေတာဘဲတဲ့၊ ရုပ်ကို နာမ်ကို မသိလို့ အထင်လွဲတယ်။ ဘယ်လိုလွဲတုန်း၊ ဘယ်လိုမြင်တုန်းဆိုတော့ မနက်လင်းလာယင် လှမ်းကြည့်လိုက်၊ ရုပ်နာမ်လို့ မြင်ကြသလား၊ ဟောဒါ ငါ့သားလေးလို့ မြင်ကြသလား-ဘယ်လိုမြင်တုန်း၊ ငါ့သားလေး သမီးလေးလို့ မြင်ကြတယ်၊ ကြည့်လိုက်ပြန်တော့ကော ငါ့သမီး

လေးတဲ့။ အဲဒါ လွဲသလား-မှန်သလား (လွဲပါတယ်ဘုရား)၊ ဘယ်ကနေ လွဲတာတုန်း၊ မျက်စိကနေ လွဲနေတာတဲ့၊ အဲဒီကနေ ပြီးတော့ မသိတာက လာခဲ့သည်၊ ဘာမသိတာတုန်းဆိုတော့ ရုပ်နာမ်ကို အမှန်မသိလို့ အထင်လွဲခဲ့သည်၊ ရုပ်နာမ်ကို အမှန် အတိုင်းမသိတော့ သားလေးလို့ အထင်မလွဲဘူးလား၊ သမီး လေးလို့ အထင်မလွဲဘူးလား၊ လွဲပါပြီတဲ့။ ဩော်-ရုပ်နာမ်မှန်း မသိကြဘူးတဲ့။

## အထင်လွဲနေကြလို့

ဒို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီတွေဖြည့်ပြီး သဗ္ဗညုတဉာဏ်ကြီးရလို့ ချစ်သား.... ဒါ သားမဟုတ်ဘူး၊ ဒါ သမီးမဟုတ်ဘူး၊ ရုပ်နဲ့ နာမ်ဘဲလို့ ဒီလိုဟောထားရက်နဲ့ ဒို့တတွေက အမယ်လေး ငါ့သားလေး ငါ့သမီးလေးလို့ မြင်လိုက် ထင်လိုက်တော့ ဒါ မှန်သလား-မှားသလား (မှားပါတယ်ဘုရား)၊ လွဲသလား မှန် သလား-လွဲတယ်။ အဲဒါ အလွဲထင် အထင်လွဲတဲ့၊ ပြီးတော့ ဩော် ငါ့သားလေးဆိုတော့ ချစ်များ ချစ်ကြရဲ့လား (ချစ် ပါတယ်ဘုရား)၊ အဲဒါ သာယာတာဘဲ၊ သာယာတော့တဏှာ၊ အထင်လွဲတာက ဒိဋ္ဌိ။ တရားကိုယ် ကောက်လိုက်တော့ တဏှာ- ဒိဋ္ဌိ။ အထင်လွဲတာက ဘာတဲ့-ဒိဋ္ဌိ၊ ချစ်နေတာလေးကကော- တဏှာ။ ဩော် ငါ့သားလေးဆို ချစ်တယ် ခင်တယ်၊ ငါ့ သမီးလေးဆို ချစ်တယ် ခင်တယ်၊ နေကောင်းမှ ကောင်းပါ လေရဲ့လားလို့ သွားစမ်းလိုက်၊ နဖူးလေး ပူတူတူလေး တွေ့ လိုက်ယင် ငါ့သားလေး နဖူးပူတယ်တဲ့၊ အကယ် နဖူးက ပူ

တာလား၊ တေဇောက ပူတာလား (တေဇောက ပူတာပါဘုရား)၊ တေဇောကပူတာကို ငါ့သားလေးနှဖူးက ပူတယ်ဆိုတော့ မှန်သလား-မှားသလား (မှားပါတယ်ဘုရား)။

ထင်လှဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်....တဲ့။

ဘာကြောင့် အထင်လွဲသလဲဆိုတော့ အမှန်မသိလို့တဲ့၊ မှားကုန်ကြပြီတဲ့၊ သင်တို့တတွေ တရားကို မရှုမှတ်လို့ မျက်စိကမြင်လဲ မရှုမှတ်၊ နားကကြားလဲ မရှုမှတ်၊ မမေ့မလျော့နေပါဟဲ့လို့ အခါခါမှာခဲ့သည်၊ ဒါပေမယ့် ဒိုက မေ့မေ့လျော့လျော့နဲ့ စီးပွားရေး ကြီးပွားရေးတွေနဲ့ အဲဒီလို နေခဲ့ကြသည့်ကြောင့် အမှန်မသိဘူး၊ အမှန်မသိတော့ သာယာနှစ်သက်တယ်၊ သာယာနှစ်သက်တော့ သမုဒယဖြစ်တယ်၊ သမုဒယဖြစ်တော့ ဒုက္ခတွေ လာတော့သည်၊ ဩော်-ဒုက္ခလဲ ဒုက္ခမှန်း မသိဘူးတဲ့၊ ဟောဒီ ခန္ဓာငါးပါးရထားတာ ဒုက္ခဘဲ။ ကျွေးရ မွေးရနဲ့ တော်တော်ကြာ ရေချိုးချင်တယ်၊ ငါ ရေချိုးပေးအုံးနဲ့၊ တော်ကြာ ထမင်းဆာတယ် ကျွေးအုံးနဲ့၊ အကယ်၍ ထမင်းဆာလို့များ မကျွေးဘဲနေယင် သူက ခေါင်းထဲ ဆင်းမလို့၊ သွားတော့မယ်၊ ကျွေးယင်ကျွေးဆိုတော့ အမလေး ကျွေးပါ့မယ်နဲ့၊ မရရအောင် ရှာရရော။ တရားသဖြင့် ရယင်ရ မရယင်ခိုးတိုက်ပြီး ကျွေးရတော့တာဘဲတဲ့၊ ဟောဒီ ခန္ဓာကြီးဟာ ဒုက္ခတုံးကြီးပါဘဲ။

## ဒုက္ခကို ဒုက္ခမှန်းမသိကြ

အေး-ဒါကြောင့် ဟောဒီဒုက္ခကို ဒုက္ခမှန်းမသိတော့ ဖြစ်ချင်နေကြတာတဲ့၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊ ဖြစ်အောင်လုပ်

တော့ ဖြစ်၊ ဖြစ်တော့ ပျက်၊ ဖြစ်ပျက်နေတာက ဒုက္ခသစ္စာတဲ့။ ကဲ ဆိုရအောင်....

မသိတော့ ဖြစ်ချင်၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊
ဖြစ်အောင်လုပ်တော့ဖြစ်၊ ဖြစ်တော့ပျက်၊ ဖြစ်ပျက်
နေတာက ဒုက္ခ။

ဖြစ်ပျက်နေတာက ဘာတုန်း-ဒုက္ခ။ ဖြစ်ယင် ပျက်မှာဘဲနော်။ အဲဒီ ပျက်မှာ မသိ‌ေ ာ့ မဖြစ်ချင်ဘူးလား- ဖြစ်ချင်ပါတယ်။ ဖြစ်ချင်တော့ ဖြစ်အောင်မလုပ်ဘူးလား၊ ဖြစ်အောင်လုပ်တော့ ဖြစ်မလာဘူးလား- ဖြစ်တယ်။ အဲဒီ ဖြစ်ပြီးယင်နောက်ကျ ဘာရှိတုန်း-အပျက်။ အဲဒီ ဖြစ်ပျက်နေတာ ဘာတုန်း-ဒုက္ခ။ ဩော် ဒို့တတွေ ဖြစ်ယင် ပျက်မှာတဲ့။ အခု ခန္ဓာငါးပါး ဖြစ်လာပြီ၊ မပျက်ပေဘူးလား-ပျက်မှာတဲ့။ မွေး သေဘဝက လာခဲ့ကြတယ်။ အခုမွေးပြီးပြီ၊ ပြီးတော့ ဘာ ကျန်တော့တုန်း-သေရမှာ ကျန်တော့တယ်၊ နီးကြပလား-နီးပြီတဲ့။

ဒါကြောင့်မို့ ဩော် ဒုက္ခသစ္စာမှန်းလဲ မသိကြဘူးတဲ့၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ချစ်သားတို့- အပ္ပမာဒေန သမ္ပာဒေထ-မမေ့မလျော့သော သတိတရားနဲ့ နေကြဟဲ့လို့ မှာပါရက်သားနဲ့ မေ့မေ့လျော့လျော့နေလို့ ရုပ်နာမ်ကို ရုပ်နာမ်မှန်းသိကြရဲ့လား (မသိပါဘုရား)၊ ခန္ဓာကို ကော ခန္ဓာလို့ သိရဲ့လား- မသိပါဘူး။ မသိတော့ ငါမထင်ခဲ့ဘူးလား (ထင်ခဲ့ပါတယ်ဘုရား)။ အေး-သူကောင် ငါကောင် ပုဂ္ဂိုလ်ကောင်လို့ မထင်ခဲ့ကြဘူးလား-ထင်ခဲ့ပါတယ်တဲ့။ အဲဒီလို ထင်နေတာတွေဟာ မှားသလား-မှန်သလားဆိုတော့ မှားတယ်တဲ့။ ဒါကြောင့်-

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။

## မျက်ခုန်းကို မြင်မနေနဲ့

ဥပါဒါန်ဆိုတာ စွဲလမ်းနေတာဘဲ။ ဒါကြောင့်မို့ မျက်စိလေး ဖွင့်လိုက်ကတဲကိုက ဒို့တတွေ အမြင်မှန်ကြရဲ့လား-အမြင်မှားကြသလား (မှားပါတယ်ဘုရား)၊ ဘာနဲ့နေကြတုန်း-အမြင်မှားနဲ့နေကြတယ်။ ဘယ်လိုမြင်နေတာကို မှားတယ်လို့ခေါ်တာတုန်း-ပုဂ္ဂိုလ်ဘဲ သတ္တဝါဘဲလို့ မြင်နေတာ အမြင်မှန်သလား-မှားသလား (မှားပါတယ်ဘုရား)၊ သားဘဲ သမီးဘဲလို့ မြင်နေတာ မှန်သလား-မှားသလား (မှားပါတယ်ဘုရား)၊ မှန်အောင် ဘယ့်နှယ်လုပ်မတုန်း၊ ရှုမှတ်ပြီးတော့ ကြည့်လိုက်ယင် အမှန်မြင်မလာပေဘူးလား၊ ရှုမှတ်ပြီးတော့ကြည့်ယင် ဘာမြင်မတုန်းဆိုတော့ ရုပ်နာမ် မြင်တဲ့အခါမှာ မြင်တယ်....မြင်တယ်လို့မှတ်ပြီး မပြင်ရပေဘူးလားဒို့ပရိသတ်တွေ (ပြင်ရပါတယ်ဘုရား)၊ဘာပြင်မှာတုန်း၊ မျက်လုံးပြင်မှာလား-မျက်ခုန်းပြင်မှာလား၊ မျက်လုံးမပြင်ရပေဘူးလား-ပြင်ရပါတယ်။ ရှုမှတ်ပြီးတော့ မြင်တယ်လို့ ပြင်ရမယ်၊ ဒို့ပရိသတ်တွေ ပြင်ဘူးကြပါလိမ့်မယ်။ ပြင်နေကြတာက ဘာပြင်နေကြတုန်း-မျက်ခုန်းပြင်သလား-မျက်လုံးပြင်တာလား(မျက်ခုန်းပြင်နေကြပါတယ်ဘုရား)၊ အဲဒီမျက်ခုန်းပြင်နေယင် အမြင်မှန် ရပါ့မလား (မရပါဘုရား)။

ဩော်-ဘယ်ကစပြင်ခဲ့တာတုန်း—ကမ္ဘာလဆန်း တရက်ကစပြီး ဒီနေ့ထိ ပြင်ခဲ့ရပြီ။ တသက်လုံးက ဘာပြင်လာကြသတုန်း-မျက်ခုန်း။ ဒါဖြင့် ဘုရားစကား နားထောင်ရဲ့လား (မထောင်ပါဘုရား)။ ဘုရားက ဘာပြင်ရမယ်ပြောတုန်း-မျက်လုံးပြင်ရမယ်၊ ပြင်တဲ့လူက ဘာပြင်တုန်း-မျက်ခုန်းပြင်တယ်။ရောက်ချင်

တာက ဘယ်တုန်း-နိဗ္ဗာန်။ရောက်ပါ့မလား (မရောက်ပါဘူးရား)၊ ဘယ်ရောက်မယ်-မရောက်ပါဘူးတဲ့၊ ဘာပြုလို့ မရောက်တာတုန်း ဆိုတော့ အပြင်မှားလို့တဲ့၊ အပြင်မှားမနေကြဘူးလား (မှားနေကြပါတယ်ဘုရား)။

## နံနံကလေး ကပ်လို့နေတယ်

ချစ်သား ချစ်သမီးတို့....နံနံလေးကပ်လို့နေတာ၊မျက်လုံးက မြင်ယင် မြင်တယ်....မြင်တယ်လို့ မျက်စိကိုပြင်လိုက်ဟဲ့တဲ့ ၊အဲဒီ တော့ အမြင်ခံရတာလေးက အဆင်းရုပ်၊ မျက်စိအကြည်ကလေး ကလဲ ရုပ်၊ အဲဒီနှစ်ခုက ရုပ်။ မြင်သိစိတ်ကလေးက နာမ်တဲ့။ အမြင်ခံရတာလေးက ဘာတုန်း–ရုပ်ဘုရား၊ မျက်စိအကြည် ကလေးကကော-ရုပ်ဘုရား။ မြင်သိစိတ်ကလေးက ဘာတုန်း- နာမ်ဘုရား၊ အဲဒီရုပ်နာမ်တွေ မြင်အောင်ကြည့်ကြလို့ မြတ်စွာ ဘုရားက အပြင်ခိုင်းတယ်။ ဘယ်ကနေ ပြင်မှာတုန်း မျက်ခုန်းက ပြင်ရမှာလား-မျက်လုံးက ပြင်ရမှာလား(မျက်လုံးကပါဘုရား)၊ ဒို့ယောဂီတွေကတော့မျက်လုံးပြင်နေကြတာပါဘဲ။တချို့ တချို့ တခြားနေရာမှာဆိုယင် ဘာတွေပြင်နေကြတုန်း-မျက်ခုန်းတွေ ပြင်နေကြတယ်၊ အဲသလို မျက်ခုန်းပြင်နေယင် အပြင်မမှားကြ ဘူးလား (မှားပါတယ်ဘုရား)၊ အေး-ဒါကြောင့် အပြင်မှားလို့ ရှိယင်ဖြင့် မိမိအလိုရှိတဲ့ နိဗ္ဗာန်ထိ ရောက်ပါ့မလား(မရောက်ပါ ဘုရား)၊ အဲ-မရောက်ပါဘူးတဲ့။

ဒါကြောင့်မို့ ဒီနေရာမှာ ဆရာကောင်း သမားကောင်းရှာ ပြီးတော့ အမြင်မှန်ရအောင်ယောဂီတွေ မျက်လုံးကနေပြီးတော့ ပြင်ကြ။ ဒါဖြင့် အဲသလိုပြင်လိုက်တဲ့ အခါကျတော့ မြင်တယ်-

မြင်တယ်ဆိုယင် မြင်နေတဲ့အဆင်းက ဘာတုန်း-ရုပ်တရား။ မျက်စိအကြည်ဓါတ်ကလေးကကော-ရုပ်တရား။ အဲဒီနှစ်ခုတိုက်လိုက်လို့ ပေါ်လာတဲ့ စက္ခုဝိညာဏ် မြင်သိလေးကကော–နာမ်တရား။ ဪ-ရုပ်နာမ်တရားတွေ တွေ့ရတာဘဲ၊ အဲဒါလေးတွေ အမှန်မြင်သိအောင်ကြည့်ကြတဲ့၊ အဲဒီအမှန်မသိရာက လာခဲ့တယ်။ ခုနင်က ငါ့သားဟဲ့ ငါ့သမီးဟဲ့လို့ မြဲတယ်ခိုင်တယ်လို့ ထင်နေတာက ဒိဋ္ဌိ။ ဒိဋ္ဌိ ဘယ်က လာတုန်း-မသိရာက လာခဲ့တယ်၊ ဒို့တတွေ အပါယ်လေးပါး ပို့နေတာ ဘယ်သူတုန်း (ဒိဋ္ဌိပါဘုရား)၊ အဲဒီဒိဋ္ဌိ ဘယ်ကလာတုန်း အမှန်အတိုင်း မသိရာက မလာဘူးလား (လာပါတယ်ဘုရား)။

## တလောကလုံး ချုပ်လိုက်ယင်

တကယ်လောကကြီးမှာ ထင်ရှား ရှိနေတာက ရုပ်နဲ့နာမ်။ အဲဒီရုပ်နာမ်က လွဲပြီးတော့ ရှိသေးလား-မရှိတော့ဘူးတဲ့၊ မိမိခန္ဓာကြည့်တော့လဲရုပ်နာမ်၊သူများခန္ဓာကြည့်တော့လဲ ရုပ်နာမ်၊ တလောကလုံး ကြည့်လိုက်တော့ ရုပ်နာမ်၊ တလောကလုံးချုပ် နာမ်နဲ့ရုပ်ပဲရှိတယ်။တလောကလုံးချုပ်ယင်ဘာရှိမတုန်း(နာမ်နှင့်ရုပ်ပါဘုရား) ကဲ-လိုက်ဆိုကြ။

တလောကလုံးချုပ်၊နာမ်နှင့်ရုပ်။
(တလောကလုံးချုပ်၊ နာမ်နှင့်ရုပ်။)

ဒို့ယောဂီတွေကတော့ ဒါကိုသိနေတာပေါ့၊ ဖေါင်းယင် ဖေါင်းတယ်လို့ မှတ်လိုက်။ ဖေါင်းတာရုပ်လား နာမ်လား (ရုပ်ပါဘုရား)၊ မှတ်နေတာက ရုပ်လား နာမ်လား (နာမ်ပါဘုရား)၊ ရုပ်နဲ့နာမ် မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)၊ရုပ်နာမ်

ကို အမှန်မသိခဲ့ယင် မှတ်နေတာလေးက ငါမှတ်တာ၊ ဖေါင်း နေတာလေးက ငါဖေါင်းတာလို့ ဒီလိုမထင်ခဲ့ဘူးလား (ထင်ခဲ့ ပါတယ်ဘုရား)။ အဲသလိုထင်နေလို့ ရှိယင် မှားပြီတဲ့၊ တကယ် အမှန်ရှိနေတဲ့ ရုပ်နဲ့နာမ်က သက္ကာယ။ ရုပ်နာမ်ကို ဘာခေါ် ကြမယ်- သက္ကာယ။ အဲဒီသက္ကာယကို ရုပ်ကိုရုပ်မှန်း နာမ်ကို နာမ်မှန်းသိနေယင် သူ ငါ ပါရဲ့လား (မပါဘုရား)၊ အဲသလို မပါတော့ ဒိဋ္ဌိဒါလေးကို မြင်အောင် သေသေချာချာ ရှုရမယ်၊ ရှုမှတ်တာလေးက နာမ်ဘဲ၊ ဖောင်းပိန်တာလေးကရုပ်တရား-မြင် အောင်ကြည့်။ မရှုမှတ်ခဲ့လို့ ရှိယင် ဘာထင်နေတုန်း ဆိုတော့ မှတ်နေတာက ငါ မှတ် တာ ဘဲ၊ ဖောင်းပိန်တာက ငါဖောင်း တာဘဲလို့ ဟောဒီလို ထင်တတ်တယ်။ အေး-ဒါကြောင့်မို့ ဖောင်းနေတာကရုပ်၊ ဖောင်းတဲ့အထဲ ငါပါရဲ့လား- မပါပါ။ မှတ်တဲ့အထဲမှာကော (မပါပါဘုရား)၊ကဲ လိုက်ဆို....

ဖောင်းတဲ့အထဲမှာ ငါမပါ၊ မှတ်တဲ့အထဲမှာ ငါမပါ၊
ဖောင်းတာဟာ ငါမဟုတ်၊ မှတ်တာဟာ ငါမဟုတ်၊
ဖောင်းတာမှတ်တာ နာမ်နှင့်ရုပ်။

ဖောင်းတာမှတ်တာ ဘယ်သူနဲ့ ဘယ်သူတုန်း- နာမ်နှင့်ရုပ်တဲ့၊ အဲဒီ နာမ်နှင့်ရုပ်ကို သေသေချာချာ မြင်လာလို့ ရှိယင် သူ ကောင် ငါကောင် ရှိသေးလား- မရှိပါဘူး။ အဲဒီ ဖောင်းတာ လေး မြဲရဲ့လား၊ မှတ်တာလေးကကော မြဲရဲ့လား-မမြဲဘူး၊ ရုပ်ကကော မြဲရဲ့လား၊ နာမ်ကကော မြဲရဲ့လားဆိုတော့ (မမြဲပါ ဘုရား)၊ ဒါလေးတွေ မြင်အောင်ကြည့်ပေါ့။

ဒီနေရာမှာ ဝိပဿနာ ဒီလိုရှုတာဘဲ၊ ဖောင်းတယ်လို့ မှတ် လိုက်တော့ ဖောင်းတာလေး တက်မလာဘူးလား- တက်လာ

တယ်။ ပြီးတော့ ဘယ်ရောက်သွားတုန်း ပျောက်မသွားဘူးလား၊ ပျောက်သွားယင် ဘယ်ရောက်သွားတုန်း- ရှိသေးလား၊ ဘယ်သွားရှာမတုန်း-မရှိဘူး။အစကဘယ်ကလာမှန်းကော သိရဲ့လား-မသိဘူး။ နောက်ပျောက်ပြီးတော့ ဘယ်ရောက်သွားမှန်းကောသိရဲ့လား-မသိဘူး၊ ဘယ်ကလာမှန်းလဲမသိ၊ ဘယ်ရောက်သွားမှန်းလဲမသိ။ အဲဒီလို ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ငါ့ဥစ္စာလို့ ငါ့သားသမီးလို့ ဆိုနိုင်ကြပါ့မလား (မဆိုနိုင်ပါဘုရား)။ အဲဒါ မြင်အောင်ကြည့်ပေါ့။

ဖောင်းတာသာ ပြောနေရတာ၊ ပူတာကကော နဂိုက ရှိကြလား-ခရှိဘူး၊ နောက်တော့ ပူမလာဘူးလား- ပူလာတယ်၊ ပြီးတော့ကော မြဲရဲ့လား (မမြဲပါဘုရား)၊ ပူတယ်လို့သိတဲ့စိတ်ကကောမြဲရဲ့လား (မမြဲပါဘုရား)။ ဘယ်ကလာတာတုန်း-သိလား၊ ဘယ်ကလာမှန်းလဲ မသိဘူးတဲ့။ ဒါကြောင့်....

အ-ဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

## လျှပ်ပျက်သလို

သင်္ခါရာ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်။အ-ဒဿနတော၊ မမြင်ရသောအရပ်မှ။ အာယန္တိ၊ လာကုန်၏။ ဘယ်ကလာမှန်းမသိဘူးတဲ့။ မမြင်ရရာက လာလိုက်တာဘဲ။ ဘဂ္ဂါ၊ ပျက်ပြီးသောတရားတို့သည်။အ-ဒဿနံ၊ မမြင်ရသောအရပ်သို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ ပျက်သွားတဲ့ တရားတွေကလဲ ဘယ်ရောက်သွားမှန်း မသိဘူးတဲ့။ ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ၊ လျှပ်စစ် ပျက်

သကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊ အစက ဘာမျှမရှိဘဲ ဖြစ်လဲဖြစ်ကြကုန်၏။ ဝယန္တိစ၊ ဘာမျှအကြွင်းအကျန် မရှိအောင် ပျက်လဲပျက်ကြလေကုန်တော့သတည်း။

ကြည့်စမ်းပါတဲ့။ သင်တို့ခန္ဓာမှာ ပေါ်ပေါ်လာတာလေးတွေ၊ နုဂိုကမျှား ရှိနေနှင့်တာလားတဲ့၊ ဟောဒီကနေပြီးမှ မှတ်စိတ်နဲ့ ကြည့်ကြစို့လို့ဆိုယင် မျက်စိနဲ့ အဆင်းလေးနဲ့ ဆုံလိုက်တဲ့အခါ အသိစိတ်ကလေး ပေါ်လာတယ်၊ ဘာလေး ပေါ်လာတုန်း (မြင်သိစိတ်ကလေး ပေါ်လာပါတယ် ဘုရား)၊ အဲဒီမြင်သိစိတ်ကလေးကို ဘယ်အချိန်မှာ ရှိတာလဲလို့ မေးယင် ဒိုပရိသတ် ဘယ့်နှယ်ဖြေမလဲ (တိုက်ဆိုင်တဲ့အချိန်မှာ ရှိတာပါ ဘုရား)၊ စောစောက ရှိနှင့်ရဲ့လား (မရှိပါဘုရား)၊ နောက်ကျတော့ကော မြဲနေရဲ့လား (မမြဲပါဘုရား)၊ မမြဲတော့ ပျောက်သွားတယ်၊ ဘယ်ရောက်သွားတုန်း-မြင်သိစိတ်ကလေး မရှိတော့ဘူးတဲ့၊ ကောင်းတာလေး မြင်တော့ သာယာနှစ်သက်တယ်၊ လောဘပေါ့၊ ဆိုးတာမြင်တော့ ပြစ်မှားတယ်၊ ဒေါသပေါ့။ အခုဖြစ်နေတာ လောဘဘဲ၊ အခုဖြစ်နေတာ ဒေါသလို့ ဤကဲ့သို့-တခုချင်း တခုချင်း သိအောင်မှတ်ကြည့်စမ်းပါတဲ့။

ဒါကြောင့်မို့ အဲဒီလို အမှန်အတိုင်းသိအောင် မှတ်ဟဲ့တဲ့၊ ဒိုတတွေ ရုပ်ကို ရုပ်မှန်းသိအောင်၊ နာမ်ကို နာမ်မှန်းသိအောင် မှတ်ကြပါတဲ့၊ ရုပ်မှန်း နာမ်မှန်း မသိလို့ရှိယင် အပါယ်က လွတ်ပါ့မလား (မလွတ်ပါဘုရား)၊ မလွတ်ဘူးတဲ့။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက သွားတိုင်း လာတိုင်း ကွေးတိုင်းဆန့်တိုင်း မှတ်ကြတဲ့။ ကွေးနေတာလေးက ဘာတုန်း-ရုပ်။ မှတ်နေတာလေးကဘာတုန်း-နာမ်။ ဒါဖြင့်ကွေးတယ်

လို့မှတ်တဲ့အထဲမှာပုဂ္ဂိုလ်သတ္တဝါပါကြရဲ့လား(မပါပါဘုရား)၊ ထိုင်တဲ့အထဲကော(မပါပါဘုရား)၊ မှတ်တဲ့အထဲမှာကော-မပါပါဘူးတဲ့။ ဒါတွေကို မြင်အောင်ကြည့်ပါတဲ့ (မှန်ပါဘုရား)။

ဒါတွေကို အမှန်မသိယင် ရုပ်နာမ်က လွဲ သိယင် အမှန်သိလား- အမှားသိလား- အမှားသိ။ အမှားတွေ သိကုန်ပြီတဲ့။ အမှားတွေ သိကတဲက ဒိဋ္ဌိ မလာဘူးလား- လာတယ်။ ဒိဋ္ဌိ လာတော့ အပါယ်က လွတ်ကဲ့လား မလွတ်ပါဘူးတဲ့။ ဒါကြောင့်မို့ မြတ်စွာဘုရားက ကြိုးကြိုးစားစား မှတ်ကြတဲ့၊ ဒို့ ကုသိုလ်တရားတွေ ဆိုတာက ကောင်းကျိုးပေးတယ်-အကုသိုလ်တရားတွေက ဘာပေးတုန်း- မကောင်းကျိုးပေးတယ်တဲ့၊ ကုသိုလ်တရားတွေက ဘာပေးတုန်း-ကောင်းကျိုး။ အကုသိုလ်တရားတွေက မကောင်းကျိုးကို ပေးတယ်။ ဒါကြောင့်မို့ ကြိုးကြိုးစားစား မှတ်ကြတဲ့ (မှန်လှပါဘုရား)။

## နန္ဒိယ ကျောင်းဒကာလေး

ကုသိုလ်တရား အကျိုးပေးတယ်ဆိုတာက ဗာရာဏသီပြည်မှာ နန္ဒိယလုလင်ဆိုတာ ရှိတယ်။ သူ ငွေးသားလေးပါတဲ၊ သူက ကျောင်းဆောက်ပြီးတော့ လှူလိုက်တယ်၊ လှူလိုက်တဲ့နေ့မှာပင် သူကတော့ မသေသေးပါဘူး၊ ဒါပေမယ့် ဟိုအထက်မှာ နတ်ဘုံဗိမာန်ကြီးပေါက်လို့ နတ်သမီးတွေနဲ့ စောင့်နေတယ်၊ ကုသိုလ်တရားကြောင့် ဟိုက ဘုံဗိမာန်ကြီးနဲ့ စောင့်နေတာ၊ ဒါ ဘယ်သူကအကျိုးပေးဘာတုန်း(ကုသိုလ်ကပေးတာပါဘုရား)၊ ကုသိုလ်ကကောင်းကျိုးပေးမှာလား-မကောင်းကျိုးပေးမှာလား (ကောင်းကျိုးပေးမှာပါဘုရား)၊ ဘယ်သူက စောင့်တုန်း-

ကုသိုလ်က။ ဘုံဗိမာန်ကြီးနဲ့ နတ်သမီးတွေနဲ့ စောင့်မနေဘူးလား (စောင့်နေပါတယ် ဘုရား)၊ ဘာလုပ်မလို့တုန်း (ပြုစုမလို့ပါဘုရား)၊ ဖြေဖျော်မလို့။ ဘယ်သူ့စောင့်တုန်း၊ ကျောင်းဒကာကြီး မစောင့်ဘူးလား (စောင့်ပါတယ် ဘုရား)၊ ဘာလုပ်လို့ စောင့်တာတုန်း- ကုသိုလ်လုပ်လို့ စောင့်တာတဲ့။

နတ်ပြည်ကို အရှင်မောဂ္ဂလာန် ကြွသွားပြီး သိလျက်နဲ့မေးတာ-နတ်သမီးတွေချည်း မြင်တော့ ဒါက ဘယ်သူ့ဗိမာန်တုန်းတဲ့၊ ဒီတော့ နတ်သမီးတွေက လျှောက်တယ်၊ အရှင်ဘုရားတို့ လူ့ပြည်က ကျောင်းဒကာ နန္ဒိယသူဌေးကြီးရဲ့ ဘုံဗိမာန်ကြီးပါဘုရားတဲ့၊ တပည့်တော်တို့တတွေ သူမလာသေးလို့ စောင့်နေရတာပါဘုရား၊ ဒါကြောင့်မို့ အရှင်ဘုရား ပြန်ကြွယင် အမိန့်ရှိလိုက်စမ်းပါတဲ့။ နတ်သမီးတွေက အရေးကြီး နေလိုက်တာ၊ မြေအိုးနဲ့တူတဲ့ လူ့ခန္ဓာကိုယ်ကြီးစွန့်ပြီး ရွှေအိုးနဲ့တူတဲ့ နတ်ခန္ဓာကြီး လာသိမ်းပိုက်လှည့်ပါလို့ ကျောင်းဒကာကြီးကို ပြောလိုက်စမ်းပါဘုရား၊ တပည့်တော်တို့ချည်း ဆိုတော့ ခြောက်သွေ့သွေ့ဖြစ်နေလို့ အရှင်သခင် မရှိဘဲနဲ့ ဒီဗိမာန်ကြီး စောင့်ရတာ ကြာပြီဘုရား၊ အရှင်ဘုရား မြန်မြန် အမိန့်ရှိလိုက်ပါ....တဲ့။ ဘာမှ ထောက်ထားမနေဘူး၊ သူတို့လိုချင်တာ မှာလိုက်တယ် မဟုတ်လား (မှာလိုက်ပါတယ်ဘုရား)။

## အထက်လား-အောက်လား

အဲဒီလို ဘုံဗိမာန်ကြီး ပေါက်ပြီးတော့ ဘယ်သူက စောင့်နေတာတုန်း-ကုသိုလ်က။ ဘာလုပ်ဖို့တုန်း-ပျော်ကြမလို့၊ ပြုစုကြမလို့။ ဒါဖြင့် ကုသိုလ်ရှင်ကို ဘုံဗိမာန်တွေ ပေါက်ပြီးတော့

စောင့်နေသလို၊ အကုသိုလ်ကျတော့ ဘယ်က စောင့်မှာလဲ။ အထက်က စောင့်မလား-အောက်က စောင့်မလား (အောက်ကပါဘုရား)၊ ဘာတွေ ပြင်စောင့်ပါမလဲ-ဘုံဗိမာန်နဲ့ ခစောင့်မလား- ဒယ်အိုး ပြင်စောင့်မလား (ဒယ်အိုးနဲ့ စောင့်မှာပါဘုရား)၊ အင်း ဒယ်အိုးနဲ့အနားက တင်းပုတ်နဲ့ ပြုံစုကြမလို့လား-ဘာလုပ်ကြမလို့လဲ (ထုမလို့ပါဘုရား)။

အေး-ဒါကြောင့်မို့ အမှတ်တွေ လွတ်နေယင် အပြင်တွေ မှားနေယင် ခုနင်တုန်းက ပြင်ရမှာက ဒွါရခြောက်ပါးမှာ ဘာပြင်ရမှာတုန်း-မျက်လုံးပြင်ရမှာလား- မျက်ခုန်းပြင်ရမှာလား (မျက်လုံး ပြင်ရမှာပါဘုရား)၊ မျက်ခုန်းပြင်ယင် ဘယ်သွားမှာတုန်း-အထက်လား အောက်လား (အောက်ကို သွားမှာပါဘုရား)၊ ဒီတော့ အောက်ကယော့ ဟိုမယ် အပြင်တွေ မှားနေပြန်ပြီကွ၊ ဒယ်အိုးပြင် မီးထိုးကွာတဲ့၊ ဘာပြင်တဲ့ လူဘို့တုန်း (မျက်ခုန်းပြင်တဲ့ လူဘို့ပါဘုရား)။ ဒါကြောင့်မို့ ဒို ယောဂီတွေကြောက်လို့ မျက်လုံးလာပြင်တာ မဟုတ်လား (မှန်ပါဘုရား)၊ဘယ့်နှယ်ပြင်ကြတုန်း၊ မြင်ယင် မြင်တယ်....မြင်တယ်။ ဒါ မျက်လုံး ပြင်တာလား၊ မျက်ခုန်းပြင်တာလား (မျက်လုံးပြင်တာပါဘုရား)၊ မျက်လုံးပြင်တာတဲ့။ တချို့ အပြင်တွေ မှားနေကြတာတွေ အများကြီးဘဲ။

ဒါကြောင့် ငရဲပြည်ကနေပြီးတော့ လက်နက်တွေနဲ့ စောင့်မနေဘူးလား၊ (စောင့်နေပါတယ်ဘုရား)၊ ဟိုမှာ အပြင် မှားပြန်ပြီ ဆရာတဲ့၊ နေရာမဆန့်ဘူး၊ ကွက်သစ်တွေချဲ့ဟာတဲ့၊ ဒယ်အိုးပြင်ဟာ၊ မီးထိုးဟာနဲ့၊ ဒို ပါးစပ်ကတော့ မပြင်ရဘူးလား၊ အပြောတွေ အဆိုတွေ မပြင်ရဘူးလား (ပြင်ရမှာပါဘုရား)၊

အခုတော့ ဘာပြင်ကြတုန်း ပါးစပ်ပြင်တာလား၊ဘာပြင်နေကြတုန်း (နှုတ်ခမ်းပြင်နေပါတယ်ဘုရား)၊ ဩော် နှုတ်ခမ်းပြင်နေယင် အပြင်မှားလား-အပြင်မှန်လား (အမှားပါဘုရား)၊ ဒယ်အိုးလား-ဘုံဗိမာန်လား၊ ဘယ်သွားကြမှာတုန်း (ဒယ်အိုးပါဘုရား)၊ အောက်က ငရဲက လူတွေ တော်တော် အလုပ် ရှုပ်နေတယ်၊ တကတဲ ဒီက အပြင်တွေ မှားတိုင်း မှားတိုင်း ပါးစပ်ပြင်ပါ၊ အဆို အပြောတွေ ပြင်ပါ၊ မညာနဲ့ မလိမ်နဲ့ မကောက်နဲ့လို့ ပါးစပ်ပြင်ကြဆို နှုတ်ခမ်းပြင်နေတာဘဲ။ ဒီတော့ဟိုက ဘာနဲ့စောင့်တုန်း (ဒယ်အိုးပြင် စောင့်နေပါတယ်ဘုရား)။

## နားပြင်မလား-နားကပ်ပြင်မလား

ဒါဖြင့် နားကကော မပြင်ရဘူးလား(ပြင်ရပါတယ်ဘုရား)၊ ဘယ့်နှယ်ပြင်မယ်၊ ကြားယင် ကြားတယ်....ကြားဘယ်လို့ ဒီလို ပြင်ရမယ်၊ ခုတော့ နားပြင်ပါဆို ဘာပြင်နေကြတုန်း၊ နားဆွဲကြီးနဲ့ နားကပ်ကြီးနဲ့၊ ဘာပြင်နေကြတုန်း (နားကပ်ပြင်ပါတယ်ဘုရား)၊ (တချို့က ပါးပြင် နေကြပါတယ်ဘုရား)၊ ဒီတော့ ဘယ်ရောက်မတုန်း (အပါယ် ရောက်မှာပါဘုရား)၊ ဘာနဲ့စောင့်မှာတုန်း (ဒယ်အိုးနဲ့ပါဘုရား)၊ အင်း ခုတော့ ဆီတောင်မှ ပါမယ် မထင်ပါဘူး၊ အိုးကင်းပူ တိုက်မှာပါ၊ ခုနေ ငရဲမကျံချင်ကြနဲ့-ဟုတ်လား၊ ခြောက်တီး ခြောက်သွေ့နဲ့ ဟုတ်ဘူးလား၊ ဆီရှိမှာမဟုတ်ဘူး၊ ခုနေ ဒါလောက်တောင် လူတွေများနေတဲ့ဥစ္စာ၊ တော်တော်ကြာအပြင်မှားတိုင်း အပါယ် မသွားကြရဘူးလား (သွားကြရပါတယ်ဘုရား)။

အေး-ဒါကြောင့် အပြင် မမှားရအောင်လို့ ဒို့ ယောဂီတွေကျတော့ အပြင်တွေ မမှန်ကြဘူးလား (မှန်ပါတယ်ဘုရား)၊

ဆရာကောင်း သမားကောင်းထံ နည်းခံလို့ ခုမြင်နေကြတယ်။ မြင်ယင် ဘယ့်နှယ်မှတ်တုန်း မြင်တယ်....မြင်တယ်၊ အမြင်ခံရတာလေးက ရုပ်တရား၊ အသိစိတ်ကလေးက ဘာတုန်း–နာမ်တရား။ ရုပ်နာမ်တွေ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ အဲဒီ ရုပ်နာမ်ကော မြဲရဲ့လား (မမြဲပါဘုရား)။

ရုပ်နာမ်တွေ မမြဲဘူး။ ဒီတော့ ငါ့သားဘဲ သမီးဘဲလို့ ရှိသေးလား (မရှိပါဘုရား)။ ရုပ်နာမ်မမြင်ယင် ဘာတွေပေါ်မယ်-သားသမီးတွေ ပေါ်နေမယ်၊ ဪ-ငါ့သားလေး သမီးလေးဟဲ့၊ နေမှ ကောင်းရဲ့လား၊ ဟိုကကြားတာ ငါ့သားအသံထင်ပါရဲ့၊ အသံက အယ့်တဲ့တဲ့နဲ့၊ လာဧမ်းပါအုံးလေ၊ သားလေးဆိုပြီး စမ်းကြည့်၊ အမလေး ကိုယ်ပူလိုက်တာ နေ့တဲ့ ငါ့သား နေမှ ကောင်းရဲ့လားတဲ့၊ ငါ့သား တကယ်ရှိရဲ့လား (မရှိပါဘုရား)၊ ကိုယ်ကကော တကယ်ရှိရဲ့လား(မရှိပါဘုရား)၊ အမလေး ငါ့သားလေး ကိုယ်ပူလိုက်တာ ဆရာခေါ်အုံးမှဆိုယင် အောက်က ဒယ်အိုး ပြင်ပြီးပြီ၊ မီးထဲ့ကွာတဲ့။ မှန်သလား၊ မှားသလား (မှားပါတယ်ဘုရား)၊ ငါ့သားလား-ရုပ်နာမ်လား ရုပ်နာမ်။ ရုပ်နာမ်ဆို ရုပ်နာမ်မသင်ဘဲ ငါ့သား ထင်နေတာ မမှားဘူးလား (မှားပါတယ်ဘုရား)။ အဲဒါကြောင့်—

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။

## ဒိဋ္ဌိရုဝင်ပေါက်

အဲဒီ ဥပါဒါန်ကနေ ပို့နေတာ–ဟုတ်လား။ ဒါဖြင့် ဒိဋ္ဌိအမှား ဘယ်ကနေဝင်တုန်းဆိုတော့ အမှန်မသိရာက စဝင်တယ်။ ရုပ်နာမ်နှစ်ပါး စဝင်ရာက လာခဲ့တယ်၊ ဘယ်က လာတုန်း ပရိသတ်ကြီး - ရုပ်နာမ်နှစ်ပါးကို အမှန်မသိရာက စလာတယ်။

ခုတော့ ရုပ်နာမ်မှန်း သိကြပလား(သိပါပြီဘုရား)၊ အေး မသိတော့ ယောကျ်ား မိန်းမ၊ သူကောင် ငါကောင် မထင်ဘူးလား (ထင်ပါတယ်ဘုရား)၊ ငါ့သွားတဲ့ သမီးဘဲလို့ မထင်ဘူးလား-ထင်ပါတယ်။ အဲဒီလို ထင်လိုက်တယ်ဆိုယင် မမှားဘူးလား-မှားပါတယ်။ အဲဒီအမှားကို ဒိဋ္ဌိခေါ်တယ်။ ဒြေဘ် ဒိဋ္ဌိတော့ ရောက်နေပြီတဲ့။ အဲဒီလို ဒိဋ္ဌိဝင်ခဲ့ယင် အပါယ်ခွင်က လွတ်ပြီလား (မလွတ်ပါဘုရား)၊ရောက်ချင်တာက ဘယ်တုန်း၊ နိဗ္ဗာန်။ ပြင်နေတာက ဘာတုန်း၊ အပါယ်ရောက်ဘို့ လုပ်ငန်းတွေ သေသေချာချာ အကာအနှစ် ခွဲကြည့်တော့ ဘာတွေထားတုန်း၊ အကာတွေ လုပ်နေကြတာလား၊ အနှစ်တွေလုပ်နေကြတာလား၊ ဘာတွေ လုပ်နေကြတာလဲ၊ အကာတွေ လုပ်နေကြတာတဲ့၊ ခန္ဓာကိုယ် ပြင်ပါဆို၊ သွားပုံ လာပုံလေးကစပြီး၊ သွားချင်တယ်-သွားတယ်၊ ထိုင်ချင်တယ်-ထိုင်တယ်၊ ဒီလိုပြင်ပါဆို တော်တော်ကြာ နိုင်လွန်၊ တော်တော်ကြာ ဘာတဲ့ မခေါ်တတ်တာတွေ။ ဒါဖြင့် အပြင်မှားလား၊ အပြင်မှန်လား(အမှားပါဘုရား)။

ဒြေဘ် အောက်က ဘာဘုံတွေ ပေါက်နေပါ့မတုန်း (ငရဲဘုံတွေ ပေါက်နေပါ့မယ်ဘုရား)၊ ငရဲဘုံတွေ ပေါက်ချင်ကြလား၊ နတ်ဘုံတွေ ပေါက်ချင်ကြလား၊ နတ်ဘုံ ပေါက်ချင်ယင်တော့ ကုသလာဓမ္မာ-ကုသိုလ်ကောင်းမှုတွေ ရှုမှတ်ကြ။ ဒို့ယောဂီတွေကတော့ တိုက်တွန်းဘို့ မလိုပါဘူးနော်။ ဒါကြောင့်မို့ တကယ်ကြိုးကြိုးစားစားလဲ မှတ်ကြရမယ်။

## တခုထဲနဲ့ ကိစ္စပြီးနိုင်တယ်

အေး ဒါကြောင့် ဟောဒီ ခန္ဓာငါးပါး အမှန်သိအောင်လို့ မှတ်ကြတဲ့၊ လိုရင်းကတော့ ရုပ်နာမ် ၂-ပါး ပါဘဲ၊ အကုန်လုံး

အကျဉ်းချုပ်ပြောလိုက်မယ်ဆိုယင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဘဲ ရှိတယ်။ တိုတိုနဲ့ဘဲ အကျဉ်းချုပ်ကြစို့ရဲ့၊ တရားပွဲက သိမ်းဘို့ နီးပြီး။ အဲ့ဒီတော့ ဖောင်းတာလေးတခုထဲမှာ ဘာတွေ ဝင်နေလဲဆိုတော့ကြည့် ခန္ဓာငါးပါး ဝင်နေတယ်၊ သစ္စာလေးပါးလဲ ဝင်နေတယ်၊ လက္ခဏာရေး သုံးပါး ကြောင်းကျိုးလဲ ဒီထဲဘဲ၊ တရားတွေကသိပ်ပြီးတော့ အကျယ်ပြန့်ကြီး ရှာမနေရဘူး၊ ဒီဟာလေး တခုထဲနဲ့ကို ကိစ္စပြီးနိုင်တယ်။ ဖောင်းတယ် ပိန်တယ် မှတ်တော့ ဖောင်းတာ ရုပ်လား နာမ်လား၊ ရုပ်။ မှတ်နေတာက နာမ်တ ား။

ဒါဖြင့် ဒို့ဖောင်းတယ်လို့ မှတ်တဲ့အထဲ ရုပ်နာမ်ပါရဲ့လား (ပါပါတယ်ဘုရား) ဘာပြုလို့မှတ်တာတုန်း ဖောင်းလို့မှတ်တာလား၊ မဖောင်းဘဲနဲ့မှတ်တာလား (ဖောင်းလို့ မှတ်တာပါဘုရား)၊ ဩော်ဘယ်သူက အကြောင်းတုန်း-ဖောင်းတာလေးက အကြောင်း၊ မှတ်တာလေးကအကျိုးပေါ့။ ဒါဖြင့် အကြောင်းအကျိုးကော မပါဘူးလား(ပါပါတယ်ဘုရား)၊ ဒါဖြင့်ဖောင်းတာလေး မြဲရဲ့လား(မမြဲပါဘုရား)၊ ပေါ်လာပြီး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ ဩော်-အဲ့ဒီပေါ်တာလေးက အဖြစ်၊ ပျောက်သွားတာလေးက အပျက်။

ဒါဖြင့် ဖြစ်ပျက်ကော မပါဘူးလား (ပါပါတယ်ဘုရား)၊ ဖြစ်ပျက်လို့ ဆိုနေစရာ လိုသေးလား(မလိုပါဘုရား)၊ ရှုမှတ်လို့ မြင်လိုက်တာနဲ့ မသိဘူးလား (ရှုမှတ်လို့ မြင်တာနဲ့ သိပါတယ်ဘုရား)၊ ကိစ္စမပြီးဘူးလား(ပြီးပါတယ်ဘုရား)၊ဥပမာ-ဒါလေးကြည့်။ ဖောင်းတယ်လို့ဆိုတော့ ဖောင်းစလေးသိရဲ့လား၊ သိပါတယ်။ ဘာနဲ့သိတာတုန်း ဉာဏ်နဲ့သိတာလား စဉ်းစားကြည့်တာလား(ဉာဏ်နဲ့သိတာပါဘုရား)၊ မှတ်ကြည့်လို့ သိ

တာလား၊ အလိုလိုသိတာလား(မှတ်ကြည့်လို့သိတာပါဘုရား)၊ ဪ....ရှုမှတ်လို့ ဉာဏ်နဲ့ သိတာတဲ့။

## ကိုယ်ပိုင်သိမှု ဝိပဿနာဉာဏ်

ဒါဖြင့် ရှုမှတ်လို့ ဖောင်းတာလေး ရိပ်ရိပ်နဲ့ တက်လာတာ မသိဘူးလား၊ သိပါတယ်၊ ပေါ်လာတာလေး မသိဘူးလား (သိပါတယ်ဘုရား)၊ ပျောက်သွားတာလေး မသိဘူးလား(သိပါတယ်ဘုရား)၊ ဘာနဲ့သိလိုက်တုန်း၊ ဉာဏ်နဲ့သိတာတဲ့။ ကိုယ်တိုင်သိတာလား သူများပြောလို့ သိတာလား (ကိုယ်တိုင်သိတာပါဘုရား)၊ စာအုပ်ထဲသိတာလား ကိုယ်ပိုင်သိတာလား (ကိုယ်ပိုင်သိတာပါဘုရား)၊ ဘာပြုလို့ ကိုယ်ပိုင်သိတာတုန်း (ရှုမှတ်ကြည့်လို့ပါဘုရား)။ အဲ့ဒါမှ ဝိပဿနာဉာဏ်တဲ့။ သူများပြောလို့ ဖြစ်ပြီး ပျက်တဲ့သဘောတွေ မမြဲတဲ့သဘောတွေ ဒါတွေ ကိုယ်ပိုင်သိတာ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား)၊ ယောဂီတွေကျတော့ ဒီလိုမဟုတ်ဘူး၊ တကယ်ရှုမှတ်ကြည့်လို့ ဒီနေရာလေး ပူလာတယ်ဆို မှတ်လိုက်၊ရုပ်တရားလေးပါဘဲ၊ တော်တော်ကြာတော့ မရှိဘူးပျက်သွားပြီ၊ ဪ ဖြစ်ပြီး ပျက်နေတာတဲ့၊ ရှုမှတ်လိုက်တိုင်း တွေ့နေတာ၊ ဖြစ်ပျက်လို့ပါးစပ်က ဆိုနေစရာ လိုသေးလား(မလိုတော့ပါဘုရား)၊ မှတ်လိုက်ယင် ဖြစ်ပြီး ပျက်နေတာကို သိတယ်။

အဲ့ဒီ ဖြစ်ပျက်နေတာဟာ မြဲလို့လား၊ မမြဲလို့လား(မမြဲလို့ပါဘုရား)၊ မမြဲတာကိုဘာခေါ်တယ် (အနိစ္စ ခေါ်ပါတယ်ဘုရား)၊ အနိစ္စ-ဖြစ်ပြီး ပျက်သွားတယ်လို့ သိလိုက်တာသည် သူများပြောတာလား ကိုယ်တိုင်သိလား-ကိုယ်တိုင်သိ။ ဘာကြောင့်သိ၊ ရှုမှတ်လို့သိ။ အဲ့ဒီ ဖြစ်ပြီးပျက်နေတာဟာ ချမ်း

သာလို့ဆိုမလား-ဆင်းရဲလို့ ဆိုမလား (ဆင်းရဲလို့ဆိုရပါမယ် ဘုရား)။ဒါဖြင့် ဆင်းရဲတာကို ဘာခေါ်မယ်-ဒုက္ခ။ ဖြစ်ပြီးပျက်နေတာ ကိုယ်ဟုတ်ကဲ့လား(မဟုတ်ပါဘုရား)။ ဒါဖြင့်ဘာတုန်း အနတ္တ။တရားကိုယ်က အတူတူ တခုထဲပါဘဲ။ ခေါ်ပုံခွဲပါ့။

ဟဲ့....အနိစ္စရှာခဲ့စမ်းပါဆို ဘယ်သွားရှာမတုန်း-ရုပ်နာမ်။ ဒုက္ခရှာခဲ့စမ်းပါ ဆိုတော့ကော - ရုပ်နာမ်။ အနတ္တရှာခဲ့စမ်းပါ ဆိုတော့-ရုပ်နာမ်။ ဩော်....အနိစ္စသည် ဘယ်မှာနေတုန်း-ရုပ်နာမ်။ ဒုက္ခသည် ဘယ်မှာနေတုန်း-ရုပ်နာမ်။အနတ္တသည် ဘယ်မှာနေတုန်း-ရုပ်နာမ်။ ဒါဖြင့် ရုပ်နာမ်ကိုမြင်အောင် မကြည့်ရဘူးလား (ကြည့်ရပါမယ်ဘုရား)။ ရုပ်နာမ်သာ မြင်ပေ့စေ ဒို့ယောဂီတွေ တရားတွေ့တာဘဲ။ ရုပ်နာမ်ဟာ တရားလား၊ မတရားလား(တရားပါဘုရား)၊ ဒါဖြင့် ရုပ်နာမ်တွေ့ယင် တရားတွေ့သလား-မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။ ဒို့ယောဂီတွေ ရုပ်နာမ်မြင်ပလား(မြင်ပါတယ်ဘုရား)။ မြင်ယင် တရားတွေ့ပလား(တွေ့ပါတယ်ဘုရား)တရားသိပလား(သိပါပြီဘုရား) တရားရပြီလား (ရပါပြီဘုရား)။

ဒို့ယောဂီတွေနဂိုက ရုပ်နာမ်မှန်း သိရဲ့လား(မသိပါဘုရား)၊ အောင်မယ် ငါ့သားဘဲ သမီးဘဲ သူဘဲ ငါဘဲနဲ့ မထင်ခဲ့ဘူးလား (ထင်ခဲ့ပါတယ်ဘုရား)၊ ခုတော့ ဒါတွေဟာ ရုပ်နာမ်တွေဘဲလို့ သိထားတယ်၊ ဒါပေမယ်လို့ သားသမီးဆိုတဲ့ အသုံးကတော့ မသုံးရဘူးလား (သုံးရပါတယ် ဘုရား)၊ သမုတိသစ္စာနယ် အနေက မလွန်ဆန်နိုင်သို့ သုံးရမှာတဲ့။ ဒါပေမယ့် ယောဂီတွေကတော့ ရုပ်နာမ်ဘဲလို့ မသိဘူးလား(သိပါတယ်ဘုရား)၊အစစ် အမှန်တွေ သိမထားဘူးသား (သိထားပါတယ်ဘုရား)၊ အဲဒါ တကယ့်ကို ကိုယ်တွေ့ ဉာဏ်တွေ့နဲ့ သိထားတာတဲ့။

## သစ္စာဆိုတာ ခန္ဓာမှာ

ဒါကြောင့် ဒီနေရာမှာ အနိစ္စ ဒုက္ခဆိုတာလဲ ဒါတွေဘဲ၊ အကြောင်းအကျိုးဆိုတာလဲ ဒါတွေဘဲ၊ သစ္စာလေးပါးဆိုတာလဲ ဒါတွေဘဲ၊ ခုနင်က စခဲ့ပြီ၊ ပြောကြအုံးစို့၊ ဒုက္ခသစ္စာ.... ဒုက္ခသစ္စာနဲ့ ဘယ်မတုန်းလို့ ဆိုယင် ဖောင်းတာပိန်တာ ဘယ်သစ္စာထဲထားကြမယ်-ဒုက္ခသစ္စာထဲထားရမယ်။ကဲ ဆိုစမ်းပါ....

ဖောင်းတာပိန်တာ ဒုက္ခသစ္စာ။

ဒုက္ခသစ္စာဆိုတာက ဖောင်းတာပိန်တာ။

ဒုက္ခသစ္စာ ဘယ်မှာပါလိမ့် (ဖောင်းတာ ပိန်တာ မှာ ပါဘုရား)၊ ဖောင်းတာပိန်တာ ဘယ်မတုန်း- မိမိတို့ခန္ဓာမှာ မရှိဘူးလား (ရှိပါတယ်ဘုရား)။ ကဲဆို....

ဒုက္ခဆိုတာ ဖောင်းတာ ပိန်တာ၊ သစ္စာဆိုတာကအမှန်ပါ။

ဒုက္ခဆိုတာ ဖောင်းပိန် ဆင်းရဲပါ၊သစ္စာဆိုတာကအမှန်ပါ။

ဒုက္ခသစ္စာ ဆင်းရဲအစစ်အမှန်ပါ။

ဒုက္ခသစ္စာ....ဒုက္ခသစ္စာနဲ့ ပြောနေတာ အပြီးသတ်တော့ ဒီခန္ဓာကြီးပါလားလို့ တွေ့ပလား (တွေ့ပါပြီဘုရား)၊ ဒါဖြင့် ကေးတာဆန့်တာတွေကကော ဒုက္ခသစ္စာဘဲ၊ ဆင်းရဲနေတာဘဲ။ ထိုင်တာ ထတာ ဒုက္ခသစ္စာ၊ စားတာသောက်တာ ဒုက္ခသစ္စာ။ မြင်တာ ကြားတာ ဒုက္ခသစ္စာ၊ သြော်-အကုန်လုံး ဆင်းရဲကြီးဘဲတဲ့။ မြတ်စွာဘုရားက ဟောဒီ ခန္ဓာငါးပါးဟာ ဆင်းရဲတွေတဲ့။ နောက်ကနေပြီးတော့ ဒါလေးတွေကို လိုက်ကြည့်နေ၊ သြော်-ဒုက္ခသစ္စာဆိုတာ ဖောင်းပိန် ဆင်းရဲပါလို့ သိလိမ့်မယ်။ ဒါပေမယ့် ဒုက္ခကို ဒုက္ခမှန်း မသိကြဘူး၊ ကနေ့ပြောရတာ ကောင်းလိုက်တာ၊ စားရတာ အရသာ ရှိလိုက်တာနဲ့ ထင်နေကြတာတဲ့၊ အဲ့ဒါ ဒုက္ခမှန်းမသိတာ၊ အခုလို ရှုမှတ်ကြည့်လိုက်

တော့ မြဲတာခိုင်တာများ တွေ့ကြရဲ့လား (မတွေ့ပါဘုရား) တခုမှ ရပ်နေတာ ငြိမ်နေတာ မရှိဘူး။ ဖောင်းတာလေးကလဲ ပေါ်လာပြီး ပျောက်၊ ပိန်တာလေးကလဲ ပေါ်လာပြီး ပျောက်၊ သိကြရဲ့လား (သိပါတယ်ဘုရား)။

ဒါဖြင့် ပေါ်လာတော့တာ အဖြစ်၊ ပျောက်သွားတာက ဘာတုန်း–အပျက်။ ဘယ်သူသည် ဖြစ်ပျက်သွားတာလဲ (ဖောင်းတာလေးပါ ဘုရား)။ ဒါဖြင့် ဖောင်းတာလေးဟာ ရုပ်လား နာမ်လား–ရုပ်တရား၊ ဘာနဲ့သိတုန်း ဉာဏ်နဲ့ သိတာတဲ့။ အဲဒီ သိနေတဲ့ဉာဏ်လေးက မဂ္ဂသစ္စာ၊ ရှေ့ကပေါ်လာပြီး ပျောက်သွားတာလေးက ဘာသစ္စာတုန်း-ဒုက္ခသစ္စာ၊ နောက်က အမှန်သိနေတာလေးက-မဂ္ဂသစ္စာ။

ဩော်– မဂ္ဂသစ္စာ....မဂ္ဂသစ္စာနဲ့ ဒို့အသိလေး ပြောတာပါလားလို့ သဘောပေါက်တယ်၊ ယောဂီတွေရဲ့ အသိကို ဘာပြောကြမတုန်း- မဂ္ဂသစ္စာ။ ကွေးတာလေး ကြည့်လိုက်၊ ကွေးတာလေးက ဘာသစ္စာတုန်း-ဒုက္ခသစ္စာ။ ကွေးတာလေး မြဲရဲ့လား-မမြဲဘူးလို့ မသိဘူးလား (သိပါတယ်ဘုရား)၊ သိတာလေးက ဘာသစ္စာတုန်း- မဂ္ဂသစ္စာ၊ အပြီးသတ်တော့ ဒါတွေကို သိအောင်ရှာနေတာ၊ ဒုက္ခကို မိုင်းခြားပြီးသိအောင် ပွားနေတာပါလား၊ ပြီးတော့ ဘယ်နေရာက ကြည့်လိုက် ကြည့်လိုက် မြင်နေရတာ သုခလား ဒုက္ခသား-ဒုက္ခ၊ အစစ်အမှန် ဟုတ်ကဲ့လား–ဟုတ်ပါတယ်။ ဒါကြောင့် ဒုက္ခသစ္စာ။

## မမှတ်လို့ မသိတာ

မြင်တာလေး မြဲရဲ့လား-မမြဲပါ၊ မမြဲဘူးလို့ သိလိုက်ရဲ့လား (သိလိုက်ပါတယ် ဘုရား)၊ သိလိုက်တာက ဘာသိတာတုန်း၊

လူက သိတာလား-ဉာဏ်က သိတာလား-ဉာဏ်ကသိတာ၊ အဲဒါ လေး ဘာသစ္စာတုန်း-မဂ္ဂသစ္စာ။ ရှေ့ကပေါ်ပြီး ပျောက်သွား တာက ဘာသစ္စာတုန်း- ဒုက္ခသစ္စာ။ ဪ- ဒါလေးမမှတ်လို့ မသိတာတဲ့၊ အခုရှုမှတ်တော့ သိပြီ၊ တခုမှလဲ မြဲတာ ခိုင်တာ မရှိဘူး၊ ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် တွေ့ရပါ့မလား (မတွေ့ရပါဘုရား)၊ မတွေ့ရပါဘူးတဲ့။ အခု စကားပြောနေ တာလေး တလုံးပြီးတလုံး ပြောနေရာမှာ ကကြီး-လို့ ပြောလိုက်၊ ခခွေး-ဆိုတော့ ကကြီး ရှိသေးရဲ့လား မ ရှိ တော့ ဘူး တဲ့၊ ဒါကြောင့် ပေါ်လာသမျှသည် အသစ်စက်စက်တဲ့။

## စောင်းသံပမာ

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာပိ နိရုဇ္ဈရေ၊
နိစ္စံ နဝါဝ သင်္ခါရာ၊ ဝီဏာသဒ္ဒသမူပမာ။

သင်္ခါရာ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်။ အနုပ္ပန္နာဝ စုဆောင်း သိမ်းဆည်းဖြစ်ပြီး မဟုတ်ဘဲသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ အကြောင်းကိုစွဲ၍ ရုတ်ကနဲ ဖြစ်ပေါ်လာကြကုန်၏။ ဖြုန်းကနဲ ရုတ်ကနဲ ဖြစ်ပေါ်လာကြတာပါတဲ့။ ဥပ္ပန္နာပိ၊ အကြောင်း အားလျော်စွာ ပေါ်လာကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ချက် တဖြုတ် ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏။ နိစ္စံနဝါဝ၊ ခနမစဲ မမြဲဖြစ်လျက် အသစ်စက်စက်တို့ချည်းသာတည်း။ ဖြစ် နေတာတွေဟာ အသစ်ကြီးဘဲတဲ့၊ အခုပေါ်လာလိုက် ပျောက် သွားလိုက်ပါဘဲ၊ နောက်တခါ ပေါ်လာတာ အသစ်ပါဘဲ။ ခုနက ပေါ်လာတာ မရှိဘူးတဲ့။ ဒါကြောင့်- နိစ္စံနဝါဝ၊ ခနမစဲ အမြဲဖြစ်လျက် အသစ်စက် စက် တို့ ချည်း သာ တည်း။ ဝီဏာသဒ္ဒသမူပမာ၊ စောင်းကြိုး စောင်းခွက် တီးမှုတ်ချက်

ကြောင့် ပေါ်ထွက်ပျောက်ဟန် စောင်းသံနှင့် တူလေကုန်စွတကား။

သာဓု....သာဓု....သာဓု....။

## တိုက်မှ ပေါ်တာ

ဒို့ ဒီဟာလေး ရှင်းကြအုံးစို့။ ခုနင်တုန်းက ရုပ်နာမ်ဆိုတာ ရှိပါတယ်တဲ့၊ ဒီရုပ်နာမ်တွေဟာ အမြဲတစေ ရှိနေတာလားဆိုတော့ ဘယ့်နှယ်ဖြေကြမယ် (မရှိပါဘုရား)။ အမြဲတစေ မရှိဘူး။ ဘယ်အချိန်ရှိတုန်း-ပေါ်တဲ့အချိန်မှာရှိတယ်၊ တိုက်ဆိုင်တဲ့အချိန်မှာ ရှိတယ်၊ မတိုက်ဆိုင်ခင်က မရှိဘူး။ မျက်စိမှာ မြင်သိစိတ်ရှိတယ်၊ နားမှာ ကြားသိစိတ် ရှိတယ်၊ ဒါဖြင့် စောင့်နေတာသား၊ မျက်စိနဲ့ အဆင်းနဲ့တိုက်မှ ပေါ်တာလား (တိုက်မှ ပေါ်လာတာပါဘုရား)၊ မြင်လိုက်တဲ့အကြောင်းကိုစွဲပြီး ဟိုကရုတ်ကနဲ ပေါ်လာတာတဲ့၊ နဂိုကရှိလား(မရှိပါဘုရား)၊ အစက မရှိဘဲနဲ့ အကြောင်းအားလျော်စွာ ပေါ်လာပြီးတော့ နောက်ဘယ်ရောက်သွားတုန်း၊ ရှိသေးလား (ပျောက်သွားပါတယ်ဘုရား)၊ မရှိဘူး။ မရှိတော့ နောက်တခု မပေါ်ဘူးလား-(ပေါ်လာပါတယ်ဘုရား)၊ အဲဒါကို အဟောင်းဆိုမလား-အသစ်ဆိုမလား (အသစ်ပါဘုရား)၊ အဲဒါ ပေါ်လာသမျှ အသစ်စက်စက်ကလေးတွေတဲ့။

ဥပမာ-ဒီလို ပြောကြစို့။ 'ဝီဏာသဒ္ဒသမူပမာ' ဆိုတဲ့အတိုင်း စောင်းသံလေး တီးကြည့်ပါတဲ့၊ စောင်းသံလေး ပေါ်လာတယ်၊ ပေါ်လာတဲ့ ဒီအသံလေးသည် ကြိုးထဲမှာရှိသလား၊ တီးခတ်လိုက်တဲ့လက်ထဲမှာ ရှိတာလား-သို့မဟုတ် ဒုတ်ထဲမှာ ရှိသလား ဆိုယင် ဘယ်မှာရှိတယ် ဖြေမလဲ (ဘယ်မှာမှ မရှိပါ

ဘုရား)၊ ကြိုးထဲမှာရှိယင် ကြိုးလေးက သူ့ဟာသူ မြည်နေမှာတဲ့၊ ဒုတ်ထဲမှာ ရှိယင်လဲ ဒုတ်ကလေးက မြည်နေမှာတဲ့၊ ခုတော့ ဒုတ်ကလေးနဲ့ ကြိုးနဲ့ တီးခတ်လိုက်လို့ တိုက်ဆိုင်မှု အသံလေး ပေါ်လာရတာပါတဲ့။ ဟောဒီ လူတွေမှာလဲ ဒီလိုဘဲ၊ မြင်စိတ် ကြားစိတ် နံစိတ် သိစိတ် ဒီစိတ်ကလေးတွေ ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားတာဘဲတဲ့။ ရင်ချိုင့်ထဲက လာတာလား-ဦးနှောက်ထဲက လာတာလား- မျက်စိထဲက လာတာလားဆို ဘယ်ကလာတာတုန်း၊ ဘယ်ကမှ မဟုတ်ဘူး။ တိုက်ဆိုင်ရာက လာတယ်။

နားနဲ့ အသံနဲ့တိုက်ယင် ဘာစိတ်ကလေး ပေါ်မယ်၊ ကြားသိစိတ်ကလေး ပေါ်မယ်။ ဘယ်အချိန်ပေါ်မယ်၊ တိုက်ဆိုင်ခိုက်။ အဲဒီ အချိန်ပေါ်လာပြီး ပျောက်သွားတယ်၊ မရှိတော့ဘူး။ ဒါကြောင့် ဥပ္ပန္နာပိ၊ အကြောင်းအားလျော်စွာ ပေါ်လာကုန်ပြီးရှိလည်း။ နိရုဇ္ဈန္တိ၊ ချုပ်ပျောက်ကြကုန်၏။ ချုပ်သွားပြီပျက်သွားပြီတဲ့၊ တခုမှ မြဲဘာ ခိုင်တာ မရှိဘူးတဲ့၊ ဒါကြောင့်မို့ ယောဂီတွေမှာ မျက်စိက ပေါ်လာလိုက်၊ ပျောက်လိုက်၊ မမြဲဘူး၊ မမြဲဘာ ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါဘုရား)၊ မမြဲဘူးလို့ သိတာက-မဂ္ဂသစ္စာ။ ရှေ့က ဖြစ်ပျက်နေတာတွေက ဒုက္ခသစ္စာ၊ နောက်က လိုက်မှတ်နေတာက မဂ္ဂသစ္စာတဲ့။

## ဒုက္ခတုံးကြီးမှန်း သိယင်

လိုက်မှတ်နေတော့ ဒုက္ခကို ဒုက္ခလို့ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ ဒုက္ခမှန်း သိယင် ဒီရုပ်နာမ်တွေ လိုချင်သေးရဲ့လား (မလိုချင်ပါဘုရား)၊ မလိုချင်ယင် သမုဒယ သစ္စာမသေဘူးလား၊ မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)၊ သမုဒယ

သစ္စာပြတ်ကရော။ သမုဒယသစ္စာပြတ်ယင် ကိလေသာ မချုပ်ဘူးလား–ချုပ်ပါတယ်၊ ချုပ်ယင် နိရောဓသစ္စာ မျက်မှောက်မပြုဘူးလား (ပြုပါတယ်ဘုရား)။ ဒါဖြင့် ဒို့ယောဂီတွေ အမှတ်ကလေး တမှတ်ထဲမှာ သစ္စာလေးပါး မပါဝင်ဘူးလား (ပါဝင် ပါတယ်ဘုရား)၊ ဒါများ တချို့က အမလေး သစ္စာ ဟောပါဘုရားတဲ့၊ သစ္စာက ဘယ်ဟာပါလိမ့်၊ သူတို့မှတ်ဟာထဲ သစ္စာပါရဲ့လားတဲ့၊ နောက်တခါမေးလို့ ရှိယင် ဟောဒီ ဖောင်းတာလေး တခုထဲ သစ္စာ ဘယ်နှစ်ခုတုန်း ၄–ခု၊ ဖောင်း ပိန်နေတာက ဘာသစ္စာ-ဒုက္ခသစ္စာ။ နောက်က မှတ်တာက ဘာသစ္စာ-မဂ္ဂသစ္စာ။ ဒုက္ခမှန်းသိလို့ မလိုချင်တာက ဘာသစ္စာသေတုန်း-သမုဒယသစ္စာသေဘယ်။ သမုဒယသေလို့ ကိလေသာချုပ်တာက ဘာသစ္စာ-နိရောဓသစ္စာ။ ကဲ လိုက်ဆို....

အရှုခံတရားက ဒုက္ခသစ္စာ။
ရှုဉာဏ်တရားက မဂ္ဂသစ္စာ။
သေဆုံးသွားတာက သမုဒယသစ္စာ။
ချုပ်ငြိမ်းသွားတာက နိရောဓသစ္စာ။

## လက်တချောင်း လှုပ်တာနဲ့

ဒါလေးမှတ်ထား၊ သစ္စာတွေက သိပ်ခေတ်စားနေတာ၊ လက်ကလေးတချောင်း လှုပ်လိုက်၊ သစ္စာ ဘယ်နှစ်ခုပါတုန်း-၄ ခု။ ဒို့ယောဂီတွေအတွက် လေးခု ပါတယ်။ မမှတ်ယင် ပါပါ့လား (မပါပါဘုရား)၊ မပါဘူးလို့ ပြော။ ဘာလို့တုန်း ဆိုတော့ မမှတ်တဲ့ လူတွေ အမှန်အတိုင်း သိပါ့မလား (မသိပါဘုရား)၊ မသိယင် မဂ္ဂသစ္စာဖြစ်ပါ့မလား (မဖြစ်ပါဘုရား)၊ မဖြစ်ယင် သမုဒယသစ္စာ ချုပ်ပါ့မလား (မချုပ်ပါဘုရား)၊

မချုပ်ယင် နိရောဓသစ္စာ မျက်မှောက်ပြုပါ့မလား (မပြုပါဘုရား)၊ ဒို့ယောဂီတွေကျတော့ ခန္ဓာကိုယ်တခုလုံး ဒွါရခြောက်ပါးက မြင်တိုင်းကြားတိုင်း မမှတ်ဘူးလား(မှတ်ပါတယ်ဘုရား)၊ မှတ်တော့ အမှန်အတိုင်း မသိဘူးလား (သိပါတယ်ဘုရား)။

ဒါဖြင့် မှတ်တော့ ရှေ့က အမှတ်ခံနေရတာတွေက ဘာသစ္စာတုန်း-ဒုက္ခသစ္စာ၊ နောက်က လိုက်မှတ်ပြီး အမှန်အတိုင်း သိနေတာက ဘာသစ္စာတုန်း-မဂ္ဂသစ္စာ၊ မှတ်တိုင်း မှတ်တိုင်း အမှန်အတိုင်း မသိဘူးလား (သိပါတယ်ဘုရား)၊ ပူယင် ပူတာလေး မသိဘူးလား-သိပါတယ်၊ အဲဒါ ပူတယ်လို့ သိတာ အမှန်အတိုင်း သိနေတာဘဲ။ ခုနင်က မမှတ်ခင်တုန်းကတော့ ပူတာဟာ ငါ့သားလေး ပူတာလို့ ဒီလိုမထင်ခဲ့ဘူးလား(ထင်ခဲ့ပါတယ်ဘုရား)။

အဲ-အခု မှတ်ကြည့်တော့ ပူတာ-ပူတာဘဲ၊ ပြီးပျောက်သွားမှာဘဲ၊ မမြဲဘူးလို့ မသိဘူးလား (သိပါတယ်ဘုရား)၊ အဲဒီအသိလေးက ဘာသစ္စာတုန်း (မဂ္ဂသစ္စာပါဘုရား)။ အရှုခံ နေရတာလေးက တကိုယ်လုံး တကောင်လုံး မြင်တယ် ကြားတယ် ကွေးတယ် ဆန့်တယ်နဲ့ ဒါ ဘာသစ္စာတွေတုန်း-ဒုက္ခသစ္စာတွေ၊ မြင်တယ် ကြားတယ်မှတ်ပြီး အမှန်အတိုင်းပေါ်လာပြီ၊ ပျောက်သွားပြီ၊ မမြဲဘူးဆိုပြီး အမှန်အတိုင်း သိနေတာတွေက မဂ္ဂသစ္စာ။ အဲဒီလို အမှန်သိတော့ ဘာမှနှစ်သက်စရာမရှိဘူး။ ဟိုတုန်းက ဒီလိုမမှတ်ခင်တုန်းက ဒီရုပ်တွေ နာမ်တွေ မြဲတယ် ခိုင်တယ် တင့်တယ် တယ်၊ နိစ္စ သုခ သုဘ အတ္တလို့ ငါထင်ခဲ့တယ်၊ နိစ္စလို့ မထင်ခဲ့ဘူးလား (ထင်ခဲ့ပါတယ် ဘုရား)၊ အတ္တလို့မထင်ခဲ့ဘူးလား (ထင်ခဲ့ပါတယ်ဘုရား)၊ ခုတော့ အတ္တတွေတာလား-အနတ္တတွေတာလား (အနတ္တတွေပါတယ်ဘုရား)။ အနိစ္စတွေသလား- နိစ္စ တွေသလား (အနိစ္စ တွေပါတယ်ဘုရား)၊

အနိစ္စတွေယင် နိစ္စဆိုတဲ့အစွဲ မပြုတ်ဘူးလား-ပြုတ်တယ်။ ဒါ ဘာလို့တုန်း- မှတ်လို့ပြုတ်တာ။ အကျိုးတရား ပေါ်မလာဘူး လား၊ ဒီအကျိုးတရား ပေါ်လာတော့ ဘာပြုတုန်း ဆိုတော့ လောဘ ဒေါသတွေ နည်းသွားတယ်တဲ့၊ အမှန်အတိုင်းသိယင် ဒိဋ္ဌိလဲ စင်သွားတယ်တဲ့။

ဒယ်အိုးက လွတ်ချင်ယင်

ခြွေ-လောဘ ဒေါသတွေနဲ့ယင် အပါယ်ပို့မယ့် အကုသိုလ် တွေ ရှိသေးလား (မရှိပါဘူးရား)။ ဒါဖြင့် ဒယ်အိုးက လွတ်ပြီ လား-လွတ်ပြီတဲ့၊ လွတ်ချင်ယင် ဒီတရားအားထုတ်ကြတဲ့၊ မှတ် နေတာလေးက အကြောင်းတရား၊ လိုက်လိုက် သိနေတော့ အကျိုးတရားတွေ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)၊ ခြွေ ဖောင်းတယ် ပိန်တယ်လို့ မှတ်။ ပူတယ် နာတယ် အောင့်တယ်မှတ်၊ အောင့်နေတာလေး၊ နာနေတာလေးကို၊ အောင့်တယ် နာတယ်မှတ်၊ မှတ်နေတော့ အဲဒီနာတာလေးဟာ တနာပြီးတနာ၊ ဖောင်းတာလေးကလဲ တဖောင်းပြီးတဖောင်း၊ တခုပျက်မှ တခုဆက်သည်။ အဲဒီလို ပျက်ပျက်နေတာတွေ မြင် တော့ မြဲတယ် ခိုင်တယ်ထင်ခဲ့တာ မရှိတော့ဘူး၊ ငါသား ငါ့ သမီး ငါ့ပစ္စည်း ငါ့ဥစ္စာငယ်လို့ မရှိတော့ဘူးလို့ ဖြစ်ပျက်နေတဲ့ အမှန်တရားတွေ မြင်ခဲ့တယ်၊ ဒါကြောင့်မို့ ဒါပွားလို့၊ ပွားတော့ သိတယ်၊ ရှုမှတ်လို့ သိတယ်။

ပွားသိပယ်ဆိုက်၊ လေးပါးကိုက်၊ အမြိုက်နိဗ္ဗာန်ဝင်။

နိဗ္ဗာန်ရောက်ကြောင်းတရားက ဒါဘဲ၊ ဘာလို့တုန်းဆိုတော့ အခု ယောဂီတွေ ထိုင်နေတာ ဘာတုန်း-ပွားတာ။ တရားတွေ ရှုမှတ်နေတာ ပွားနေတာ။ တမှတ်ပြီးတမှတ် ရှုမှတ်နေတာကို ပွားတယ်လို့ ခေါ်တယ်၊ ပွားတော့ အမှန်တွေ မသိဘူးလား

(သိပါတယ်ဘုရား)၊ အနိစ္စ ဒုက္ခတွေ မသိဘူးလား(သိပါတယ် ဘုရား)၊ သိပြီးတော့ ပွား–သိ–ပယ်။ လောဘ ဒေါသ တွေ မပယ်ဘူးလား (ပယ်ပါတယ်ဘုရား)၊ ပယ်လိုက်တော့ ဒီ လောဘ ဒေါသတွေ ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုဘူး လား (ပြုပါတယ်ဘုရား)၊ အဲဒါကို နိဗ္ဗာန်ဆိုက်သွားပြီ၊ မျက် မှောက်ပြုသွားပြီလို့ ဆိုတာ။ ကဲ ဆိုကြအုံး၊

ပွားသိပယ်ဆိုက်၊ လေးပါးကိုက်၊ အမြိုက်နိဗ္ဗာန်ဝင်။

## ယောဂီတွေရဲ့ အလုပ်က

ဒီယောဂီတွေ ပွားနေတဲ့အလုပ်က တကယ် နိဗ္ဗာန်ဝင်မယ့် အလုပ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား)၊ သစ္စာလေးပါး မဝင်ဘူးလား-ဝင်ပါတယ်။ မဂ္ဂင်ရှစ်ပါးကော မဝင်ဘူးလား (ဝင်ပါတယ်ဘုရား)၊ ဝင်နေတာဘဲ။ သစ္စာလေးပါး ဟော တယ် ဟောတယ်နဲ့ အခက်ကြီး အောက်မေ့မနေပါနဲ့၊ ဖောင်း တာ ပိန်တာ ဘာသစ္စာတဲ့လဲ-ဒုက္ခသစ္စာ၊ ဖောင်းတာ ပိန်တာ လေးကို မမြဲ ဆင်းရဲလို့ လိုက်သိနေတာ ဘာတဲ့-(မဂ္ဂသစ္စာပါ ဘုရား)၊ မမြဲ ဆင်းရဲတော့ လိုချင်သေးလား (မလိုချင်တော့ ပါဘုရား)၊ သမုဒယသစ္စာ မပယ်ဘူးလား- ပယ်ပါတယ်။ သမုဒယသစ္စာပယ်တော့ ကိလေသာ မချုပ်ဘူးလား၊ အဲဒီ ကိလေသာ ချုပ်ဘာက တဒင်္ဂနိရောဓသစ္စာ၊ ဒီတော့ အမှတ် ကလေးတမှတ် မှတ်လိုက်ယင် သစ္စာလေးပါး မဝင်ဘူးလား (ဝင်ပါတယ်ဘုရား)၊ အဲဒါလေး မှတ်ထားကြ။

သင်တို့ တရားတွေများ ရခဲ့လား၊ သစ္စာများ သိခဲ့လားလို့ ဆိုယင် သစ္စာ ဘယ်မတုန်းလို့ ဆိုယင် ဖောင်းတာပိန်တာထဲမယ်၊ ကွေးတာ ဆန့်တာထဲမယ် ပါတယ်။ စာအုပ် အထူကြီးထဲမှာ အောက်မေ့မနေနဲ့-ဟုတ်ကဲ့လား။ သစ္စာလေးပါးက စာအုပ်

ထူကြီးထဲမှာ-ဖောင်းတာ ပိန်တာထဲမှာလား(ဖောင်းတာပိန်တာ ထဲမှာပါဘုရား) ဩော်....လှမ်းတာ ကြွတာထဲကော သစ္စာလေးပါး ပါရဲ့လား-ပါပါတယ်။ ကွေးတာ ဆန့်တာထဲ ပါရဲ့လား၊ စားတာသောက်တာထဲ ပါရဲ့လား(ပါပါတယ်ဘုရား)၊ ဒါဖြင့် သစ္စာလေးပါးက စာအုပ်ထဲမှာလား၊ မိမိခန္ဓာမှာလား၊ ဒါဖြင့် ဒို့မှတ်နေတာ ဘာတွေမှတ်နေတာတုန်း၊ သစ္စာလေးပါး မှတ်နေတာ၊ ပြောတတ်ပြီလား၊ စာမပါဘဲနဲ့ ပြောတတ်ကဲ့လား (ပြောတတ်ပါပြီဘုရား)၊ သစ္စာလေးပါး သိချင်တယ်ဆိုယင် လက်ကလေး လှုပ်ပြလိုက်၊ ကွေးပြလိုက်၊ လှုပ်နေတာ ကွေးနေတာလေးက ဘာတုန်း-ဒုက္ခသစ္စာ၊ မြဲ ရဲ့ လား (မမြဲပါဘုရား)၊ မမြဲဘူးလို့ သိနေတာက-မဂ္ဂသစ္စာ။ မမြဲမှန်းသိတော့ လိုချင်သေးလား-ဘာသစ္စာချုပ်တုန်း-သမုဒယသစ္စာ။ သမုဒယသစ္စာချုပ်ယင် နိရောဓသစ္စာ မျက်မှောက်မပြုဘူးလား (ပြုပါတယ်ဘုရား)၊အဲဒါ ကိလေသာ ငြိမ်းသွားတာကိုဘဲ နိရောဓလို့ ခေါ်နေတာနော်။

## နေရာတကာ အမှတ်ပါ

အေး-ဒါကြောင့်မို့ မှတ်တိုင်း မှတ်တိုင်း မှတ်တဲ့လူက သစ္စာလေးပါးပါတယ်၊ မမှတ်တဲ့လူ သစ္စာလေးပါး ရရဲ့လား (မရပါဘုရား)၊နေရာတကာ အမှတ်ပါပါစေတဲ့။ ဒါကြောင့်-

နေရာတကာ၊ အမှတ်ပါ၊ မြတ်စွာဘုရားကြိုက်လှသည်။

ဘယ်နေရာအမှတ်ပါရ မှာတဲ့တုန်း၊နေရာတကာမှာ။ ခုတော့ ဆိုင်မှတ်တော့ မှတ်တယ်၊ သွားတော့ မပါတော့ဘူး၊ ရေချိုးတော့ကော မပါဘူး၊ မှတ်တော့ မှတ်မှာဘဲ တချက်တလေ၊ သေသေချာချာ တိတိကျကျတော့ မမှတ်ဘူး၊ မမှတ်တတ်ဘဲ အမှတ်ကြဲဆိုတာ ဒါပြောတာ။

မမှတ်တတ်ဘဲ၊ အမှတ်ကြဲ၊ ဆက်လဲမဆက်ပါ။

ဒီကနေသွား၊ ရေချိုးတော့ မမှတ်ဘူး၊ ခြားလပ်နေရော။ ဆွမ်းစားတော့လဲ မမှတ်ဘူး၊ ခြားလပ်နေရော၊ အဲဒါတွေ ပြောတာတဲ့။

ဒါကြောင့် ကနေ့ သစ္စာလေးပါး ဟောလိုက်တော့ အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿ ပြန်ဆက်ကြအုံးစို့၊ ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော-အာဟ၊ ရွတ်လိုက်တော့ သောတာပန်ဖြစ်တယ်၊ အဲဒီလို သောတာပန်ဖြစ်တော့ အရှင်ဘုရား အချုပ်ဖြတ်စွာဘုရား ဘယ်မတုန်းတဲ့၊အရှင် အဿဇိက မြတ်စွာဘုရား ဝေဠုဝန်ကျောင်းမယ် သီတင်းသုံးနေတယ် ဆိုတော့ ဒါဖြင့် ဘုရား တပည့်တော် လိုက်ခဲ့ပါမယ်တဲ့။ တပည့်တော်ရဲ့ သူငယ်ချင်းတယောက်နဲ့ ကတိကဝတ်ထားတာ ရှိပါသေးတယ်၊ ဒါကြောင့် သူ့ကိုသွားပြောပါရစေအုံးတဲ့။

ဟိုအရှင်မောဂ္ဂလာန်က မျှော်နေတယ်၊ ငါတော့ ဒီနေ့ထွက်ရှာတာ တရားထူး မတွေ့သေးဘူးတဲ့၊ အရှင်မောဂ္ဂလာန် တရားတွေ့ပလား-မတွေ့သေးဘူး၊အရှင်သာရိပုတ္တရာများ ရလာမလား၊ ငါ စောင့်အုံးမယ်ဆိုပြီး စောင့်နေတုန်း၊ ဟောတိုက လာပြီ၊ တရားရလာတဲ့လူဆိုတော့ ရုပ်ကကြည်လင်နေတယ်။ ပသန္နမုခ၊ မျက်နှာတို့ မျက်လုံးတို့ ကြည်လင်နေတယ်တဲ့။ ကြည်လင်မှာပေါ့၊ဘာပြုလို့တုန်းဆိုတော့ နဂိုက ညစ်မဲတတ်တဲ့ ကိလေသာက စင်တန် သလောက် စင်သွားတာကိုး၊ အဲဒီတော့ အရှင်မောဂ္ဂလာန်အလောင်းက ကြည့်တယ်၊ ဆွမ်းခံပြန်လာတဲ့ ဥပတိဿကြည့်ရတာ မျက်နှာတွေ ကြည်လင်နေတယ်၊ ဧကန္တ သူတော့ တရားထူး တရားမြတ် ရလာပြီးနဲ့တူတယ်တဲ့၊ အကဲခပ်တယ်။

မှီရတဲ့ မျက်နှာ

ဒို့ အခုနေတော့ ဘယ်ဒီလို ဟုတ်လိမ့်မတုန်း၊ ဆွမ်းခံရာ ပြုံးများ ပြန်လာယင် ငါ့ရှင် ဒီနေ့ ဟင်းကောင်း ရလာပြီနဲ့ တူတယ်၊ ဒီလို မမေးဘူးလား (မေးပါတယ်ဘုရား)၊ တရား ရှာတာလား- ဘာရှာတာတုန်း (အကာရှာတာပါ ဘုရား)။ ဒါဖြင့် အနှစ်လား-အကာလား၊ အကာတွေ။ ဘုံလောင်းများ တိုးလာသလား ငါ့ရှင်၊ ဟင်း ဝက်သားလား၊ ကြက်သားလား၊ ခုလော့ ဒီလိုဟုတ်ကဲ့လား (မဟုတ်ပါ ဘုရား)။ ဒါကလဲ ဒီ ပြောတာ မဟုတ်ဘူး၊ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက မန္တလေး နေခဲ့ရတာ ပြောတာ။ တိုးရတာလဲ ချွေးတွေထွက်လို့၊ တခါ တလေး သပိတ်ဖုံးကြီး လွတ်ကြသေး၊ ကိုယ့်လဲ ဘာမှမရဘူး၊ တိုးကြတာ ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ပြုံးများလာယင် တရား ထူး တရားမြတ် ရလားလို့တော့ မမေးပါဘူး၊ ငါ့ရှင် ဟင်း ကောင်းရလာပြီနဲ့တူတယ်၊ ပြုံးတယ်။

ဒါကြောင့် အခုတော့ ငါ့ရှင်ကြည့်ရတာ ခါတိုင်းနဲ့မတူဘူး၊ ပြုံးလာတယ် ရွှင်လာတယ်၊ မျက်နှာတွေကလဲ ကြည်နေတယ်၊ တရားထူးတရားမြတ်များ ရလာပလားတဲ့၊ အေး-ရပြီ၊ ဒါဖြင့် ပြောစမ်းပါဆိုတော့ ‘ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံဟေတုံ တထာဂတော အာဟ။ တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီ မဟာသမဏော ’ဒါလေး ဟောလိုက်ခါရှိသေး သူကတခါ သောတာပန် ဖြစ်တာနဲ့ တခါထဲ ဘုရားတန်း ကြည်ညိုတော့ တာဘဲ၊ ဒီမှာရှိနေတဲ့ သိဥ္စည်းဆရာကြီးကို မေ့သွားတာဘဲ။

လူမိုက်နဲ့ လူလိမ္မာ ဘယ်သူကများတုန်း

ကဲ-သင့်ကို ဒီတရားဟောတဲ့ ပုဂ္ဂိုလ် ဘယ်မတုန်း၊ လာ သွားစို့တဲ့။ အရှင်မောဂ္ဂလာန်က စိတ်က မြန်တယ်တဲ့။ အရှင်

သာရိပုတ္တရာကြီးက ဒီလိုမဟုတ်ဘူး၊ စဉ်းစဉ်းစားစားလုပ်တယ်၊ နေပါအုံး ငါ့ရှင်တဲ့၊ တပည့်တွေလဲ ရှိသေးတယ်၊ ဆရာကြီးလဲ ဝတ္တရားအတိုင်း ပြောကြပါအုံးစို့တဲ့၊ ဒါဖြင့် လာသွားကြစို့ ဆိုပြီး သွားတယ်၊ ဆရာကြီးဆီရောက်တော့ ဆရာကြီး...ကျုပ်တို့တော့ တရားအစစ်အမှန်တွေ ရပြီ၊ ခင်ဗျား တရားတွေက မမှန်ဘူး၊ အဲဒီတော့ တရားစစ် တရားမှန်တွေ သိအောင် ဆရာကြီးလဲ ကျေးဇူးဆပ်တဲ့အနေနဲ့ မြတ်စွာဘုရားဆီ လိုက်ခဲ့ပါလို့ ခေါ်တော့ ဟိုက ဘာပြောလဲဆိုတော့—

ဟာ-မလိုက်တော့ဘူးတဲ့၊ အကြိမ်ကြိမ် ခေါ်တော့ ငါ အိုးစရည်းကြီးလုပ်ပြီးမှ အိုး ပေါက်စလေး မလုပ်ပါရစေနဲ့တဲ့။ လောကမှာ လူမိုက်နဲ့လူလိမ္မာ ဘယ်သူက များတုန်းတဲ့၊ လူမိုက်က များပါတယ် ဆရာဆိုတော့၊ အဲဒီလိုဆိုယင် လူမိုက်တွေ ငါ့ဆီလာကြမှာပေါ့တဲ့။ သင်တို့လို လိမ္မာတဲ့လူတွေ ဘုရားဆီ သွားကြပေါ့တဲ့၊ အဲဒီ မြတ်စွာဘုရားလက်ထက်တုန်းက လူမိုက်နဲ့ လူလိမ္မာ ဘယ်ကများတုန်း (လူမိုက်ကများပါတယ် ဘုရား)၊ အခုနေတော့ကော (လူမိုက်က များပါတယ် ဘုရား)၊ အင်း-ဘုရားလက်ထက်ကတောင် များသေးတာဘဲ။

ဒါကြောင့်မို့ အကာတရားကျတော့ မစည်ကားကြဘူးလား၊ အောင်မယ် သူက အဆိုနဲ့အသံနဲ့တဲ့ဆိုယင် လှုပ်လှုပ် လှုပ်လှုပ်နဲ့ လာပြီ၊ အဲဒါ အကာနဲ့အနှစ် မခွဲတတ်တာပါဘဲ။ အခုကြည့် အရှင်သာရိပုတ္တရာတို့ ခွဲတတ်တော့ တွေ့အောင်ရှာတယ်၊ တပည့်တွေပါ အကုန်ခေါ်လာတယ်၊ တိုတိုပြောကြစို့၊ မြတ်စွာဘုရားထံရောက်၊ မြတ်စွာဘုရားက အဝေးကလာတာ မြင်ကတဲ ကိုက ဟိုကလာပြီတဲ့။ လက်ဝဲတော်ရံ လက်ျာတော်ရံ အဂ္ဂသာဝကအစုံ ဖြစ်ကြလိမ့်မယ်တဲ့၊ အနားမရောက်ခင်ကတဲက

ပြောတာပါဘဲ။ မြတ်စွာဘုရားထံ ရဟန်းပြုကြပြီး၊ အဲဒီနေရာမှာ မြတ်စွာဘုရားက တရားဟောလိုက်တော့ သူတို့တပည့် ၂၅၀-ဟာ တခါထဲ ရဟန္တာဖြစ်သွားတယ်။ သူတို့က မဖြစ်သေးဘူး။

**စစ်တမ်း ထုတ်လိုက်တော့**

ဒို့ဒီဓနရာမှာ စစ်တမ်းထုတ်ကြစို့။ အကြောင်းကတော့ သာဝကပါရမီဉာဏ်သည်—

၁။ အဂ္ဂသာဝကပါရမီဉာဏ်

၂။ မဟာသာဝက ပါရမီဉာဏ်

၃။ ပကတိသာဝက ပါရမီဉာဏ်–ဟူ၍ သုံးပါးရှိသတဲ့၊ ထို အရှင်မြတ် နှစ်ပါးကတော့ အဂ္ဂသာဝက ပါရမီဉာဏ်က ကြီးမားပြန့်ကျယ်သောကြောင့်ပါဘဲတဲ့။ အဲဒီကနောက် အရှင်မောဂ္ဂလာန် ရဟန်းဖြစ်ပြီး ခုနစ်ရက်မြောက်သော နေ့မှာဘဲ ကမ္မဋ္ဌာန်းတရား အားထုတ်၍ အထက် မဂ်သုံးပါး ကိစ္စကို ပြီးစေပြီး သာဝကပါရမီဉာဏ် အထွဋ်အထိပ်သို့ ရောက်တော်မူတယ်တဲ့၊ အရှင်သာရိပုတ္တရာက လခွဲ (၁၅-ရက်) လွန်သော နေ့၌ ကမ္မဋ္ဌာန်းကို စီးဖြန်းနှလုံးသွင်းတော်မူ၍ သာဝက ပါရမီ ဉာဏ် အထွဋ်အထိပ်ရောက်၍ ရဟန္တာ ဖြစ်ပော်မူတယ်တဲ့။ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်၊ သူတို့တပည့် ၂၅၀-ပါရမီရှိကြရဲ့လား (ရှိပါတယ်ဘုရား)။ ကျွတ်ထိုက်တဲ့ ပါရမီ ပါကြရဲ့လား (ပါပါတယ်ဘုရား)။ ဩော်-ဒါဖြင့် သိဥ္စည်းရဲ့ ထံမှာ နေတုန်းက ကျွတ်တမ်းဝင်ရဲ့လား (မကျွတ်ပါဘုရား)၊ ဘာကြောင့် ကျွတ်တမ်းမဝင်သလဲ- ဆရာမှားနေလို့။ အကျင့် ကော မမှားဘူးလား၊ သူတို့ထက် ပါရမီရင့်တဲ့လူ ရှိပါ့မလား (မရှိပါဘုရား)၊ တေဒဂ်ရမယ့် ပုဂ္ဂိုလ်တွေ။ အေး-ဆရာမှားတော့

အကာတရားတွေနဲ့ တွေ့နေတာ။ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ အကာတရားတွေနဲ့ တွေ့ဘော့ မသာတွေ မျှားအုံးပေါ့။ သေလို့မဆုံးဘူး၊ ဘဝတိုင်းမသေဘူးလား (သေပါတယ်ဘုရား)၊အင်း မသာမျှားချင်ယင်ဘယ်တရား နာမတုန်း (အကာတရားပါဘုရား)။အေးဒါကြောင့်မို့ အနှစ်တရား ဟောသူမျှား၊ မျှားမျှား ပေါပါစေ။ ဆုတောင်းကြအုံးစို့။ ကဲ လိုက်ဆိုကြ။

အနှစ်ဘရား၊ ဟောသူမျှား၊ မျှားမျှား ပေါပါစေ။
(အနှစ်တရား၊ ဟောသူမျှား၊ မျှားမျှား ပေါပါစေ။)
သာသနာတော်ကြီး တိုးတက်အောင်

ဒါကလဲ အနှစ်တရား ကိုယ်က ဟောနေတော့ ပျင်းတယ်ဆိုပြီး ပြန်သွားမှာစိုးလို့ ဆုတောင်းရသေးတယ်၊ ဟုတ်လား။ အခုနေ ဒို့ဒီက ဖောင်းတယ် ပိန်တယ်နဲ့၊ ဟိုက အဆိုအငိုနဲ့ တရားပွဲနှစ်ပွဲ ယှဉ်ချလိုက်ရ ဘယ်ကလူ မျှားမတုန်း၊ ခုနင်က သိဉ္စည်းကြီးက ဘယ်သူက မျှားသတဲ့တုန်း (လူမိုက်က မျှားပါသတဲ့ဘုရား)၊ ဘယ်သွားပါ့မတုန်း-အပါယ်သွားမှာ၊ ခုနင်က အကာ[illegible] မျှားမှာဘဲနေ့ဒ်၊ အကာပရိသတ်က အကာဆီသွားမှာတဲ့၊ ရတနာအကာနဲ့ ရတနာဆရာ၊ ဗလချာ ဆရာနဲ့ ဘာတုန်း ([illegible]ပါဘုရား)၊ သူ့ဟာသူတော့ ဘယ်တော့မဆို ရှိရက်ကြီး[illegible]ပါ့၊ ဒါကြောင့် ဆို....

အမှန်တရား၊ ဟောသူမျှား၊ မျှားမျှား ပေါပါစေ။
အမှန်တရား၊ နာသူမျှား၊ မျှားမျှား ပေါပါစေ။

အမှန်တရားတွေ ဟောပြီး အမှန်တရားတွေ မျှားမျှား နာမှသာ ဒို့ သာသနာတော်ကြီးက တိုးတက်မှာ၊ မတရားတွေက ဘရားယောင် ဆောင်ပြီးတော့ အမလေး တရားပွဲ သွားချည်ရအောင်၊ သွားချည်ရအောင်နဲ့၊ ဟိုကျတော့ ဘာနဲ့တွေ့လာတုန်း။

သဟာယမပိ စေဝါစာ၊ အနုတ္တပဒသံဟိတာ။ အနုတ္တပဒသံဟိတာ၊ တောဘွဲ့တောင်ဘွဲ့ မယ်ဘွဲ့မောင်ဘွဲ့ အကျိုးမဲ့နှင့်စပ်သော။ ဝါစာ၊ စကားသည်။ သဟာယမပိ၊ ပုဒ်ပေါင်းတထောင်များမြောင်သည်လည်း။ စေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပါပိကာ၊ ယုတ်မာကုန်၏။

အဲဒီလို တရားတွေများ နာခဲ့ရတော့ အကာဆိုကြမလား- အနှစ်ဆိုကြမလား (အကာတွေပါဘုရား)၊ အကာတွေ။ အကာတရားတွေ ဟောလို့၊ အကာတရားတွေ နာရလို့ ရှိယင်ဖြင့် ဘာတွေ များကြအုံးမတဲ့လဲ၊ မသာတွေ များကြအုံးမှာတဲ့၊ ဆရာမှားတော့ အကာတရားတွေ နာရ၊ ဒါကြောင့် ဘဝအဆက်ဆက် အိုလို့မဆုံးဘူး၊ နာလို့မဆုံးဘူး၊ သေလို့မဆုံးဘူး။

အေး-ဒါကြောင့် သစ္စာလေးပါး တရားဟောပြီးတော့ သူတို့က မြတ်စွာဘုရားကို လျှောက်တယ်၊ အရှင်ဘုရား....တပည့်တော်တို့ ဆရာဖြစ်တဲ့ သိဥ္စည်းကြီး သနားလို့ သံသရာထဲက ကယ်တင်ချင်လို့ အရှင်ဘုရားဆီကို ခေါ်တာ မရဘူး ဘုရားတဲ့၊ ငါက အိုးစရည်ကြီး လုပ်ပြီးမှ အိုးငယ်လေး မလုပ်ပါရစေနဲ့လို့ ပြောလိုက်တယ်ဘုရား၊ လောကမှာ လူမိုက်နဲ့ လူလိမ္မာ၊ လူမိုက်က များတယ်၊ လူမိုက်တွေ ငါ့ဆီလာလိမ့်မယ်၊ လူပိမ္မာတွေ ဂေါတမဆီ သွားလိမ့်မယ်လို့ ပြောလိုက်တယ် ဘုရားဆိုတော့ မြတ်စွာဘုရားက ခုနင်က တရား ထုတ်ဟောတာ။

အထင်မှား နေကြလို့

အသာရေ သာရမတိနော၊ သာရေစာ သာရဒဿိနော၊
တေသာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ။

အသာရေ၊ အနှစ်မရှိသော တရား၌။ သာရမတိနော၊ အနှစ်အစိုင် အခိုင်အမာအားဖြင့် အထင်မှား၍ နေကြကုန်၏။

သာရေစ၊ အနှစ်အစိုင် အခိုင်အမာဖြစ်တဲ့။ သာရတရားဉ္စ ကား။ အသာရဒဿိနော၊ အနှစ်အစိုင် အခိုင်အမာ မဟုတ် သောအားဖြင့် အထင်မှားရှိ နေကြကုန်၏။ တော၊ ထိုအကာ ကို အနှစ်ထင်၊ အနှစ်ကို အကာဟု မြင်ကြကုန်သည် ဖြစ်၍ အထင်မှား အမြင်မှား ထိုရှင်လူအများတို့သည်။ မိစ္ဆာသင်္ကပ္ပ ဂေါစရာ၊ မိစ္ဆာဝိတက် သုံးပါးလျှင် ကျက်စားရာ အာရုံ ဂေါစရဂါမ် ရှိကြကုန်သည်ဖြစ်၍။ သာရံ၊အနှစ်လေးပါးသာရ တရားကို။ နာဓိဂစ္ဆန္တိ၊ လှလှပိုင်ပိုင်မရနိုင်ကြလေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

အကာတရားနဲ့တွေ့တော့ အနှစ်နဲ့ မလွဲကြဘူးလား (လွဲပါ တယ်ဘုရား)၊ အေး-ဒါကြောင့်မို့ ဒီက ရှေ့ဒို့တရားနာ ပရိသတ်တွေ အကာအနှစ် ခွဲစစ်လို့ သိကြပါစေလို့၊ အနှစ်တရား တွေ ဟောတဲ့ပုဂ္ဂိုလ်တွေလဲ ထွန်းကားကြပါစေ၊ အနှစ်တရား တွေ နာတဲ့ပုဂ္ဂိုလ်တွေလဲ ပေါများ ကြပါစေလို့ ဆုတောင်းပြီး ဒို့ ဒီနေရာက တရားပွဲ သိမ်းကြစို့။ ယနေ့ အနှစ်တရား အကာ တရား နာကြားရသောကြောင့် အလိုရှိအပ်သော မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်တို့ကို လျင်မြန်စွာ ရလွယ် ရောက်လွယ်နိုင်သည် ဖြစ်ကြစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

တရား သိမ်း

ဝုဋ္ဌိယာစ ဗ္ဗိနစက္ကဿ၊ ဝိရုဠှိယာ စ ဂမ္ဘိရာ

ဂန္ထာဒေသနေဝ အာရဒ္ဓါ၊ ကထိတာ ဗဟုသုတ္တန္တာ

ဇိနစက္ကဿ၊ ဘုရားရှင်၏ ကြည်ရှင်မိန့်မြွက် ဓမ္မစကြာဉ် တော် မီးတောက်ခပ်သိမ်း ဒုက္ခငြိမ်း၍ အေးကိန်းပွင့်ပေါ် သာသနာတော်မြတ်ကြီး၏။ ဝုဋ္ဌိယာစ၊ တဆင့်တဆင့် မြင့်ထက်

မြင့်၍ များလင့်ကျိုးအား ကြီးပွားတိုးတက်စေရာ အလှိုင်ငွေ့ပြည့်၍ ဂေါင်း။ ဝိရုဠ္ဍယာစ၊ တိုင်းကားပြည်ရွာ နေရာမဆန့် အန္တံစည်ကား ပြန့်ပွား နှင်နှင် စည်ပင်စေရာ အလှိုင်ဂေါင်း။ တေနေ၀၊ ကျေးဇူးရှင်ဖြစ် တော်မူသော ထိုမဟာစည် ဆရာတော်ဘုရားကြီးသည်ပင်လျှင်။ ဂမ္ဘီရာ၊ ကျင့်နည်းကြံနည်း သိပ်သည်းနက်နဲ ခက်ခဲလှကုန်သော။ ဂန္ထာဝ၊ ယောဂီတို့ ကျင့်ထုံး လက်ကိုင်သုံးလျက် သက်ဆုံးပိုင်ပိုင် ရှုမှတ်နိုင်စေရာ ဝိပဿနာနှင့်စပ် ကျမ်းဂန် အရပ်ရပ်တို့ကိုလည်း။ အာရဒ္ဓါ၊ ကရုဏာမြတ် ရင်မှာကပ်၍ နှံ့စပ်ဖွေရှာ အဋ္ဌကထာ ပါဠိကျမ်းလာညှိလျက် ပညာရှိတို့ ကြည့်ရှုလေအား သုံးသပ် ငြားလည်း ပြစ်ကားမမြင် ကျိုးသာထင်အောင် စီစဉ် ရေးရှု ပြုစုကြိုးကုတ် အားထုတ်တော် မူအပ်ပါကုန်ပြီ။ စ၊ သည်မျှသာ မကသေး။ ဗဟုသုတ္တန္တာ၊ မဟာသတိပဋ္ဌာန စရှိများစွာ ဝိပဿနာနှင့်စပ် အရပ်ရပ်သော သုတ္တန်တရားတော်တို့ကို။ ကထိတာ၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကာဖြန့်ကာ ဝတ္ထုပါညှပ် စပ်သမျှ သွယ်သွယ် အဓိပ္ပါယ်နှင့် ထက်ဝယ်စိတ်ဝေး မရှုပ် ထွေးဘဲ နက်လေး ခန့်ခိုင် ပိုင်နိုင်ခန့်ငြား ဟောလည်း ဟော ကြားတော်မူအပ်ပါပေကုန်၏။ ဧတေန သစ္စ [illegible] ပ် နှုတ်သန် ဖေါ်ထုတ်ပြန်၍ ဟုတ်မှန်စွာဆိုရတဲ့ [illegible] စကား ကြောင့်။ မေ၊ အကျွန်ုပ်အား။ တေ-တုမှာကံ၊ စ[illegible]းဝေးညီညာ ရောက်လာကြကုန်သော သင် တရားနာ [illegible] ဟ်အပေါင်း သူတော်ကောင်းတို့အား။ ဇယမင်္ဂလံ၊ အောင်မြင်ခြင်း မင်္ဂလာ သည်။ ဟောတု၊ မုချမသွေ ဖြစ်ကြပါစေသတ[illegible]း။

သာဓု....သာဓု....သာဓု....။

အနှစ်တရား၊ ဟောသူများ၊ ပေါ်များကြပါစေ။

အနှစ်တရား၊ နာသူများ၊ ပေါ်များကြပါစေ။

# ဝိပဿနာအလုပ် အားမထုတ်ခဲ့ပါလျှင်

---

- ဒိဋ္ဌိသက္ကာ မဂ္ဂါသမျှ လူတွင်စကြာ နတ်မှာသိကြား မိုးဖျားဗြဟ္မာ ဖြစ်တုံပါလည်း ခန္ဓာပျိုကွဲ ကုသိုလ်စံက ဖေါက်လွဲပါယ်ရွာ ရောက်မြဲသာတည့်။

- ရုပ် နာမ်နှစ်ဖြာ မမြင်ပါဘဲ တရာအသက် ရှည်သည် ထက်လည်း ဖြစ်ပျက်နေဟန် ရုပ်နှင့်နာမ်ကို အမှန် မြင်လျက် ဉာဏ်စဉ်တက်၍ တရက်တာမျှ သက်ရှင် ရလည်း လောကလူ့ရွာ မြတ်ကြောင်းသာသည် မြတ်စွာ ဗုဒ္ဓ မိန့်ခွန်းတည်း။

- ဖြစ်ချုပ်လျှင်မြန် ရုပ်နှင့်နာမ်တို့ အမှန်မမြဲ ဆင်းရဲဒုက္ခ စိုးမရဘူး သုံးဝလက္ခဏာ သိမြင်လာသော် သူငါမထင် အတ္တစင်လျက် မဝင်တဏှာ ကိလေသာကို ပယ်ခွါသည့် ဉာဏ် ဘုံသုံးတန်၌ အမှန်အစစ် ပြန်မဖြစ်သည် ဝဋ်မြစ် သံသရာ ပြတ်ကြောင်းတည်း။

- ဝိပဿနာအလုပ် အားမထုတ်ပါခဲ့လျှင် နာမ်နှင့်ရုပ်ကို မမြင် အမှားဒိဋ္ဌိမစင် အန္ဓပုထုဇဉ် အပါယ်ခွင် မလွတ် သေး နိဗ္ဗာန်ချမ်းသာနှင့် ဝေး။